# မြောက်ဦးမြို့တော်

## ထွန်းရွှေခိုင်

# မာတိကာ

**မြောက်ဦးမိတ်ဆက်** ၉–၁၃
**ပထဝီအနေအထား** ၁၄–၁၆
**တည်နေရာ၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ သက်ရှိများ၊ ခရီးသွားလမ်းညွှန်**
**အမျိုး၊ ဘာသာ၊ သာသနာ** ၁၇–၂၀
သမိုင်း၊ စဉ်လာ၊ ခေါ်တွင်ခြင်း၊ ဂဏ္ဍပနဒီ
**ရခိုင်ရှေးဟောင်းမြို့တော်များ** ၂၁–၃၀
ဓညဝတီ၊ ဝေသာလီ၊ ကန်သုံးဆင့်၊ နီလာပန်းတောင်း၊ ကျောက်ပန်းတောင်း၊
သပိတ်တောင်၊ စမ္ဗဝက်၊ ပဉ္စာ၊ လောင်းကြက်၊ ပုရိန်၊ ခြိတ်၊ နေရဉ္စရာတောင်ငူ
**မြောက်ဦးရွှေမြို့တော်** ၃၁–၃၄
နန်းတော်ရာရှာပုံတော်၊ မြို့တည်၊ နန်းတည်၊ လက်ာအဖွဲ့အနွဲ့များ၊ ၃၅-၃၇၊
**နန်းတော်ရာကုန်း** ၃၅–၃၇
အကျယ်အဝန်း၊ အတိုင်းအတာ၊ တံတိုင်းများ၊ နန်းတော်ရာ၊ နန်းဓလေ့ထုံးစံများ၊
အတိတ်မှအရိပ်များ ၃၈-၄၃
**ရွှေနန်းတော်ကြီး** ၄၄–၅၀
ခမ်းနားထယ်ဝါလှသည့် ရွှေနန်းတော်၊ နန်းဦးဆောင်၊ ရွှေစင်ရွှေသား ခန်းလုံးပြည့်
"ရွှေခန်းမဆောင်ကြီး" ၊ ပဲခူးမင်းသမီးသျှင်ထွေးနှောင်းဖွဲ့နွဲ့ထားသည့် မြောက်ဦး
ရွှေနန်းတော်ပိုဒ်စုံရတု၊
**မြို့ရိုး၊ ကျုံး၊ ခံတပ်များ** ၅၁–၅၅
နည်းဗျူဟာမြောက်ရေတံခါးအရှင်များ၊ ကျုံးဒို၊ ကျုံးခြောက်၊ ကျုံးပင်လယ်၊ နွံကျုံးများ
ခေတ်မီအမြောက်ကြီးများ တပ်ဆင်ထားသည့် ခံတပ်ကြီးများ၊ ကျောက်သားမြို့ရိုးများ။
**ကျမ်းဂန်လာမြို့တည်စန်း** ၅၆–၆၀
ဟူးရားပညာရှိတို့၏ လျှို့ဝှက်ဆန်းကျယ်သော မြို့တည်ခန်း။
**မင်းအဆက်ဆက်တို့၏ ကာကွယ်ရေး အစီအမံများ** ၆၁–၆၃
နယ်ချဲ့ရန်ကို အကြိမ်ကြိမ်တွေ့ရပြီးနောက်တွင် ကာကွယ်ရင်း တည်ဆောက်၍၊
တည်ဆောက်ရေး ရန်ကာကွယ်ခဲ့ရပုံများ၊
**မြောက်ဦးအမည် ခေါ်တွင်ခြင်း။** ၆၄
**စီးပွားရေး** ၇၄–၈၃
ဆန်ရေစပါး ပေါကြွယ်ဝခြင်း၊ လူကျေးကျွန်မှအစ ဆင်တစ်ကောင်လုံးထိ ဝယ်ယူရရှိသော
မြောက်ဦးရွှေမြို့တော်သို့ အိန္ဒိယ၊ အာရပ်၊ သီရိလင်္ကာ၊ ပေါ်တူကီ၊ ဒတ်ချ်၊ အရှေ့တောင်အာရှ
ယူအေစီယင်နိုင်ငံများ ကုန်သွယ်ရန် လာရောက်ကြခြင်း။ ဒင်္ဂါးသွန်းလုပ်ပူဇော်ခြင်း၊ ငွေကြေး
လဲလှယ်သော ဈေးကွက်၊ လွတ်လပ်၍ မျှတသော စီးပွားရေးစနစ်၊ အခွန်အကောက်စနစ်ကျခြင်း
ကင်းလွတ်ခြင်း။
**အုပ်ချုပ်ရေး** ၈၄–၁၀၁
နယ်ပယ်ခွဲ၍ အုပ်ချုပ်ခြင်း၊ ရာထူး၊ ဂုဏ်ထူးများ၊ ရာထူးအလိုက်အဆောင်အယောင်များ၊
ဓမ္မသဘင်၊ ဖြတ်ထုံးများ၊ ကျင့်ဝတ်များ၊ တရားရုံးများ၊ မျှတသော အုပ်ချုပ်ရေးစနစ်

**ဘာသာရေး** ၁၀၂–၁၂၅

ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားရေးအတွက် ဆောင်ရွက်ချက် သာသနာဒါယကာမင်းမြတ်အဖြစ် ခံယူခြင်း။ ဗုဒ္ဓယဉ်ကျေးမှုနှင့် ဘိသိက်တော်မင်္ဂလာ၊ ဗုဒ္ဓယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးစံများ၊ သာသနာဘဏ္ဍာတော် နှင့် အခြားသော ဘာသာများအား ကူညီပေးခြင်း။

**နိုင်ငံရေး** ၁၂၆–၁၄၈

ခေတ်ပြိုင်အခြေအနေများ၊ ပေါ်တူဂီနယ်ချဲ့များနှင့် ရင်ဆိုင်ခြင်း၊ ဒတ်ချ်နယ်ချဲ့တို့၏ ပရိယာယ်များ၊ ခေတ်မီအမြောက်လက်နက်များ တပ်ဆင်ထားသည့် ရခိုင်ရေတပ်မတော် ဘင်္ဂလားပင်လယ်အော်ကြီးအား စိုးမိုးထားသည့် ရေကြောင်းဆိုင်ရာ နည်းဗျူဟာများ၊ ဆင်တပ်မ၊ မြင်းတပ်မ၊ ခြေလျင်တပ်မများဖြင့် ဖွဲ့စည်းထားသည့် ရခိုင်ကြည်းတပ်မတော်၊ နယ်ချဲ့တို့အား အောင်နိုင်ခြင်း၊ မင်းရာဇာကြီး (၁၅၉၃-၁၆၁၂)၊ မင်းခမောင်း(၁၆၁၂-၁၆၂၂)၊ သီရိသုဓမ္မရာဇာ(၁၆၂၂-၁၆၃၈)၊ စန္ဒသုဓမ္မရာဇာ (၁၆၅၂-၇၄)၊ မဂိုမင်းသားပြဿနာနှင့် နယ်ချဲ့တို့၏ ဝင်ရောက်စွက်ဖက်မှုများ။

**သမိုင်းဝင်ထင်ရှားသော ဘုရားများ** ၁၉၄

**(က)** မြောက်ဦးမြို့ မြောက်ဘက်မျက်နှာမှ ဘုရားများ

ရှစ်သောင်းဘုရားကျောက်စာတိုင်-၂၀၅၊ ရှစ်သောင်းပုထိုးတော်ကြီး ၂၁၃၊ အံတော်သိမ်ပုထိုးတော်ကြီး ၂၂၄၊ ထုက္ကန်သိမ်ပုထိုးတော်ကြီး ၂၂၈၊ လေးမျက်နှာပုထိုးတော်ကြီး ၂၃၂၊ မြတန်ဆောင် ၂၃၄၊ မုဆိတ်တော်စာတင် ၂၃၄၊ လင်ပန်းပြောက် ၂၃၆၊ ထူပါရုံ ၂၃၇၊ သာရပဗ္ဗတခေတ် ၂၄၁၊ ပဋိကတ်တိုက် ၂၄၂၊ ပြည်စိုးကြီးစေတီ ၂၄၃၊ အနော်မာ ၂၄၄၊ မင်းပေါင်းစေတီ ၂၄၅၊ မဟာဗောဓိရွှေဂူ စာ ၂၄၆၊ ရတနာခံရွေး ၂၄၇၊ ရတနာမှန်ကင်း ၂၄၇၊ ရတနာသိယံ ၂၄၈၊ ရတနာမာန်အောင် ၂၄၉၊ မင်္ဂလာမာန်အောင် ၂၅၀၊ နန်းဦးဘုရား ၂၅၁၊ တပင်တိုင်နန်းရာကုန်း ၂၅၁။

**(ခ) မြောက်ဦးမြို့ အရှေ့ခြမ်း ဘုရားများ** ၂၅၀

သက္ကျမာန်အောင်စေတီ၊ ၂၅၂၊ ဝန်းတီးနတ်တောင် ၂၅၅၊ ဝင်းမနာကိုတော်၊ ၂၅၇၊ နိဗ္ဗုဇာစေတီ ၂၅၇၊ ဘုရားအုပ်စေတီ၊ ၂၅၈၊ မင်းခေါင်း ရွှေဂူ ၂၅၉၊ ပေစိတောင်စေတီ ၂၅၉၊ ကိုးသောင်းဘုရား ၂၆၀၊ ဦးတော်ဆေးကန် ၂၆၂၊ မြောက်မြင်းမိုရ်နန်း ၂၆၂၊ ကြောင်လည်ဒုံခံတပ် ၂၆၃၊ တောင်မြင်းမိုရ်နန်း ၂၆၄၊ ရှိုင်းစရာစစ်စခန်း၊ ဆန်တီကန်ဗလီ၊ မင်းတရားပြင်-၂၆၆၊ သိမ်ကြီးရွှေဂူ ၂၆၇၊ ညီမတော်ဘုရား ၂၆၇-၂၆၈။

**(ဂ) မြောက်ဦးမြို့တောင်ဘက်ရှိ ဘုရားများ**

ရွှေတောင် ၂၆၉၊ ဝသဲ့ဘုရားကြီး ၂၇၁၊ ဇိနမာန်အောင် ၂၇၂။

**(ဃ) မြောက်ဦးမြို့ အနောက်ဘက်ခြမ်းရှိ ဘုရားများ**

ရွှေကြာသိမ် ၂၇၃၊ လောကမာန်အောင် ၂၇၄၊ ဘုရားပေါ် ၂၇၅၊

**(င) မြောက်ဦးမြို့ အနောက်တောင်ဘက်ရှိ ဘုရားများ**

လေးတံခါး ၂၈၀၊ မင်္ဂလာရွှေဂူ ၂၈၀၊ ကိုးနဝင်းစေတီ ၂၈၁၊ နရက်စားစေတီ ၂၈၁၊ မဟာဝိဇယရံသီ ၂၈၂၊ သုံးကျိပ်တစ်ဆူ ၂၈၂၊ မဟာထီး ၂၈၃။

# နိဒါန်း

သာယာလှပသော ရှုမျှော်ခင်းများနှင့် မှတ်သားစရာ၊ လေ့လာစရာ၊ သမိုင်းဝင်အဆောက်အဦးများ ပြည့်လျှမ်းနေသော မြောက်ဦးမြို့တော်ကား ရခိုင်တိုင်းရင်းသားတို့၏ အထင်ကရ သမိုင်းဝင်ရှေးဟောင်းနန်းမြို့ တစ်မြို့ပင်ဖြစ်ပေသည်။ မြောက်ဦးမြို့တခွင်တပြင် မည်သည့်နေရာမျှမလပ်၊ ရှုမျှော်တိုင်းစေတီ၊ ပုထိုး၊ သိမ်၊ ကျောင်း၊ ဇရပ်၊ သာသနိကအဆောက်အဦးများကို စီရရီ၊ သာမောဘွယ် ရှုမြင်နိုင်ပေသည်။

မြောက်ဦးမြို့တော်သို့ ရောက်ဖူးကြသော ဥရောပတိုက်သားများအဖို့ မြောက်ဦးမြို့တော်အား **"ရွှေမြို့တော်"** (The Golden City) ဟူ၍လည်းကောင်း၊ **"စေတီပုထိုးမြို့တော်"**(Land of Pagodas) ဟူ၍လည်းကောင်း ခေါ်ဆိုကင်းပွန်းတပ်ကြသည်။ ဂုဏ်ပြုကြသည်။ စာပေမှတ်တမ်းလည်း တင်ကြသည်။ မြောက်ဦးမြို့တော်သို့ ရောက်ဖူးသောသူများအဖို့ ဤအချက်ကို အံ့သြမိကြမည်မဟုတ်ပါချေ။ ထိုခေတ် ထိုအခါက မြောက်ဦးမြို့တော်သူ မြို့တော်သားများအဖို့၊ အမှန်ပင် ဂုဏ်ဝင့်နိုင်ခဲ့ကြပေသည်။ မြောက်ဦးမြို့တော်သား ဖြစ်ရသည်ကို ဂုဏ်ယူလို့မဆုံး အကျေနပ်ကြီးကျေနပ်ခဲ့ကြပေသည်။ မြောက်ဦးမြို့တော်၏ အတိတ်သမိုင်းကြောင်း နောက်ခံသည် ဤအချက်ကို မီးမောင်းထိုးပြသည့်အလား မြင်သာထင်သာရှိသည်။ အေဒီ ၁၄၃၀-တွင် မြောက်ဦးမြို့တော်ကို မင်းစောမွန် တည်ထောင်ခဲ့သည်။ မြောက်ဦးဟူသောအမည်ဖြင့် မြောက်ဦးနန်းဆက်သမိုင်းသစ်ကို ဖွင့်လှစ်ခဲ့သည်။ အေဒီ ၁၇၈၅-ခုနှစ်ထိ နှစ်ပေါင်း ၃၅၅နှစ်တာမျှ ကြွယ်ဝချမ်းသာစွာဖြင့် အခြေတည်တံ့ခဲ့သည်။ မြောက်ဦးမတိုင်မီ ထွန်းကားခဲ့သော ဓညဝတီ၊ ဝေသာလီ၊ စမ္ပဝက်၊ ပဥ္စာ၊ ပုရိန်၊ လောင်းကြက်၊ ခြိတ်၊ နေရဉ္စရာတောင်၊ တောင်ငူ၊ စသည်ဖြင့် မင်းနေမြို့တော်ကြီးများအဖြစ်ထွန်းကားခဲ့သည်။ မြောက်ဦးသည် ထိုမည်သော ဘိုးဘွားဘီဘင်တို့ထံမှ သမိုင်းအမွေကို ဆက်ခံခဲ့ခြင်းဖြစ်သည်။ ဤအကြောင်းကို အခန်း(၂)တွင် အကျယ်ဖော်ပြထားသည်။

ပထဝီဝင်အရ မြောက်ဦးမြို့သည် ပင်လယ်ဝမှ ၄၅ မိုင်ခန့် ကွာဝေး၍ ကုလားတန်မြစ် လက်တက်တစ်ခုဖြစ်သော ဟင်းခယော်ချောင်း၏ မြစ်ညာပိုင်းတွင် တည်ရှိသည်။ သို့သော် မြို့တော်ကို ဝိုင်းရံထားသော နက်စောက်သော ချောင်းငယ်များမှတဆင့် ပင်လယ်ကူးသင်္ဘောများပင် ဝင်ထွက်သွားလာနိုင်ခဲ့သည်။ မြေပုံပေါ်တွင်ကြည့်လျှင်၊ မြောက်ဦးမြို့တော်၏ တည်နေရာမှာ ဘင်္ဂလားပင်လယ်အော်တွင် အချက်အချာကျသော မြို့တစ်မြို့ဖြစ်ကြောင်း သိသာထင်ရှားလှသည်။ ကုန်းကြောင်း၊ ရေကြောင်း ကြိုက်နှစ်သက်ရာဖြင့် အိမ်နီးချင်း မြို့ပြနိုင်ငံများသို့ ဆက်သွယ်နိုင်သည်။ သွားလာနိုင်သည်။ ဤသို့အချက်အချာကျသော လမ်းပန်းဆက်သွယ်ရေးကြောင့် မြောက်ဦးမြို့တော်သည် ကြီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရှိသလို၊ အခြားတဘက်တွင်လည်း စာပေယဉ်ကျေးမှု၊ အနုပညာအဆင့် မြင့်မားခဲ့ခြင်းဖြစ်ပေသည်။ ၎င်းအပြင် ဘင်္ဂလားပင်လယ်အော်သို့ မျက်နှာမူ၍တည်ရှိခြင်းနှင့် အိန္ဒိယကျွန်းဆွယ်ကြီးနှင့် နယ်နမိတ်ဆက်စပ်တည်ရှိမှုသည် ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားမှုနှင့် စာပေယဉ်ကျေးမှုအဆင့် မြင့်မားမှုအတွက် များစွာပင် အထောက်အကူပြုခဲ့ကြောင်း တွေ့ရသည်။

မြောက်ဦးမြို့တော်သို့ ရောက်ဖူးခဲ့သော အနောက်နိုင်ငံသား ချီတင် (Schouten) ဆိုသူ၏မှတ်တမ်းတွင် **"မြောက်ဦးမြို့တော်၏ ကြွယ်ဝချမ်းသာမှုနှင့် မြို့ကွက်မြို့တွင်းမှာ လန်ဒန်၊ အမ်စတာဒန် စသောအနောက်တိုင်းမြို့ပြကြီးများနှင့် ယှဉ်နိုင်ကြောင်း"** တွေ့ရသည်။ သူကဆက်လက်၍၊ မြောက်ဦးမြို့တော်မှာ အာရှတွင် အချမ်းသာဆုံး၊ အကြွယ်ဝဆုံးသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ကြောင်း၊ ဖော်ပြထားပါသည်။ သို့ကြောင့်ပင် ရွှေမြို့တော် (Golden City)ဟု တင်စားခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်ပေမည်။ အမှန်မှာလည်း ဤနာမည်နှင့် ဤမြို့တော် လိုက်ဖက်လှသည်။ မြောက်ဦးမြို့ အခွင်အပြင်တွင် လယ်ကွင်းကြီးများကို မျော်တည်၍မဆုံးနိုင်လောက်အောင် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရသည်။ နှစ်စဉ်မိုးရေချိန်လက်မ (၂၀၀)ကျော် ရွာသွန်းတတ်၍၊ မိုးနည်းသော အချို့နှစ်များတွင်ပင် သီးနှံများအထွက်ကောင်းစွာ လုံလောက်မှုတမြဲဖြစ်သည်။ နယ်စပ်ခြင်း ထိစပ်နေသော အနောက်ဘက် အိန္ဒိယ၊ ဘင်္ဂလားဒေသတွင်၊ ဆန်ရေစပါး ရှားပါးတတ်ပေရာ၊ မြောက်ဦးအတွက် ဆန်စပါးတင်ပို့မှုမှာ တနေ့တခြား တိုးတက် ဖွံ့ဖြိုးလာခဲ့လေသည်။ ၎င်းအပြင် ကုန်သည်များအား ဆွဲဆောင်ရန်အလို့ငှာ နိုင်ငံအတွင်း ဝင်ရောက်လာသော ကုန်ပစ္စည်း များအပေါ် အခွန်ကင်းလွတ်ခွင့်ပြုထားပေသည်။ ဤနည်းဖြင့် မြောက်ဦးမြို့တော်တွင် နိုင်ငံခြား ကုန်သည် များ၊ သင်္ဘောများဖြင့် ပြည့်ကြပ်စည်ကားလျက် ရှိပေသည်။ နိုင်ငံခြားသားများထဲတွင် အိမ်နီးချင်း အာရှနိုင်ငံများအပြင် နယ်သာလန်၊

စပိန်၊ ပေါ်တူဂီစသော အနောက်နိုင်ငံသား ကုန်သည်များလည်း ပါဝင်ပေသည်။ ဤသို့ အနယ်နယ်အရပ်ရပ်မှ ကုန်သည်များ မျိုးစုံပါဝင် ရောက်ရှိကြပေရာ သွင်းကုန်ပို့ကုန်များမှာလည်း စုံလင်ဆန်းပြားလှပေသည်။

မြောက်ဦးမြို့တော်မှ နိုင်ငံခြားသို့ ထုတ်ကုန်များအနက် **"ဆင်"**တင်ပို့မှုမှာ ထိုစဉ်က ခေတ်အစားဆုံး စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်သည်။ ထိုစဉ်က ဆင်တကောင်၏ ပို့ကုန်တန်ဘိုးမှာ ငွေသား ၁၃၀၀ိ/-ဈေးရှိသည်။ မြောက်ဦးမြို့တော်၏ နိုင်ငံခြားကူးသန်းရောင်းဝယ်ရာ အချက်အချာနေရာဖြစ်သော အောင်တပ်ဆိပ်ကမ်းတွင် ဒတ်ချ်နှင့် ပေါ်တူကီတို့အား ကုန်တိုက်များ ဖွင့်လှစ်ခွင့်ပြုထားသည်။ ဘင်္ဂလား၊ အိန္ဒိယဒေသနှင့် အရှေ့အိန္ဒိယကျွန်းစု ဆိပ်ကမ်းတစ်ခုခုသို့ သင်္ဘောများဖြင့် သွားလာရာ ကုန်သွယ်ကြရာတွင် ထိုခေတ် ပင်လယ်ကူးသင်္ဘောများအနေဖြင့် ရိက္ခာဖြည့်တင်းရန်လည်းကောင်း၊ ကုန်သွယ်ရန် အလို့ငှာလည်းကောင်း။ မြောက်ဦးဆိပ်ကမ်းသို့ မဖြစ်မနေ ဆိုက်ကပ်ကြရသည်။ ထို့အပြင် အနောက်တိုင်း ကုန်သည်များအား အခြားဆွဲဆောင်မှုတစ်ရပ်မှာ အရှေ့အိန္ဒိယကျွန်းစုတွင် တွင်ကျယ်စွာ စိုက်ပျိုးနေသော ရော်ဘာခြံများအတွက် လိုအပ်သော အလုပ်ကြမ်းသမားများကို ဤမြောက်ဦးဆိပ်ကမ်းမှ ရရှိခြင်းပင်ဖြစ်သည်။

ဤနည်းဖြင့် မြောက်ဦးမြို့တော်သည် ဘင်္ဂလားပင်လယ်အော်၏ အရှေ့ကမ်းခြေတစ်လျှောက် ကုန်သွယ်ရေး ဗဟိုအချက်အချာဌာန ဖြစ်လာခဲ့ပေသည်။ အကြွယ်ဝဆုံး ဖြစ်လာခဲ့သည်။ အေဒီ ၁၅၁၇ ခုနှစ်တွင် ခေတ်မီအမြောက်လက်နက်တပ်ဆင်ထားသော ပေါ်တူဂီသင်္ဘောများ ရောက်ရှိခဲ့သည်။ မူလကပင် ပင်လယ်တွင် ကြီးပြင်း၍ ရေကြောင်းဆိုင်ရာဘက်တွင် ကျွမ်းကျင်ပြီးဖြစ်နှင့်ကြသော ပင်လယ်ပျော် ရခိုင်သားတို့အဖို့ အနောက်တိုင်း အတတ်ပညာရှင်တို့အား တပည့်အဖြစ် ကောင်းစွာမွေးမြူနိုင်ခဲ့သည်။ အသုံးချနိုင်ခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တလွှားတွင် ရခိုင်ရေတပ်မတော်သည် ခေတ်မီအမြောက်လက်နက်များ တပ်ဆင်ထားသော သင်္ဘောများဖြင့် ကင်းလှည့်စောင့်ကြပ်နိုင်ခဲ့ပေသည်။ ဘင်္ဂလီစာရေးဆရာတစ်ဦး ရေးသားသော **"ဘင်္ဂလားပင်လယ်အော်မှ ရခိုင်ရေသူရဲများ"** (Mog raider in Bergal) စာအုပ်တွင် သင်္ဘောတစ်သောင်းခန့်နှင့် မရေတွက်နိုင်သော အမြောက်လက်နက်များ တပ်ဆင်ထားကြောင်း၊ ပစ်ခတ်လိုက်သောအရှိန်ကြောင့် ပင်လယ်ပြင်လှိုင်း ဖွေးဖွေးထစေကြောင်း ရေးသားထားပေသည်။ ယခုအခါ မြောက်ဦးခေတ် အမြောက်လက်နက်အချို့ကို မြောက်ဦးပြတိုက်နှင့် စစ်တွေမြို့ ပွိုင့်ကမ်းခြေတွင် တွေ့နိုင်ပေသည်။

မြို့တော်ကာကွယ်ရေး အစီအမံတို့ကိုလည်း မြောက်ဦးတွင် စိုးစံခဲ့ကြသည့် ဘုရင်အဆက်ဆက်သည် ဂရုတစိုက်စီမံဆောင်ရွက်ခဲ့ကြရာ ခံတပ်မြို့အဖြစ်သို့ ရောက်ရှိခဲ့သည်။ တည်နေရာအားဖြင့် တောင်ကြောတောင်စွယ်များ အလယ်တွင်တည်ရှိရာ ထိုသို့သော သဘာဝတောင်ကုန်းတို့ကို အခြေပြု၍ ဆည်သင့်ကဆည်၍ ဖို့တန်ဖို့၊ ဆက်တန်ဆက်ဖြင့် မြေသားနှင့် ကျောက်သားရောနှောကာ မြို့ရိုးတန်တိုင်းများ တည်ဆောက်ခဲ့သည်။ မြို့ရိုး၏အတွင်းဘက်တွင် သူရဲပြေး၊ သူရဲခိုးများကို လျှို့ဝှက်ဆန်းကြယ်စွာ ဖောက်လုပ်ထားသည်။ မြို့ရိုးနှစ်ခုဆုံရာ တောင်ကုန်းထိပ်များတွင် အခိုင်အမာခံတပ်များကို ကျောက်တုံးကြီးများဖြင့် ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်ထားသည်။ ခေတ်မီသောအမြောက်ကြီးများကို အဆိုပါခံတပ်ကြီးများတွင်လည်းကောင်း၊ အချက်အချာကျသော နေရာတိုင်းတွင်လည်းကောင်း၊ တပ်ဆင်ထားသည်။ အနေအထားအရ တောင်ကုန်းတောင်စွယ်များအကြားတွင် သဘာဝရေအိုင်ကြီးများနှင့် နည်းဗျူဟာမြောက်ပြုပြင်ထားသော ကျုံးများကို တွေ့ရသည်။ ကျုံးစို (wet moat) ကို ကျုံးမြောက် (dry moat) ဖြစ်စေရန်အတွက်လည်း ကောင်း၊ တဖန်ကျုံးခြောက်ကို ကျုံးစိုအဖြစ်လည်းကောင်း၊ ပြောင်းလဲနိုင်ရန် ရေတံခါးအရှင်များ တပ်ဆင်ထားသည်။ ရေကျုံးများမှာကဲ့သို့ ကာကွယ်ရေးအတွက် သက်သက်ပြုလုပ်ထားခြင်းမဟုတ်ပေ။ သောက်သုံးရေအတွက်လည်းကောင်း၊ ခြောက်သွေ့သောရာသီတွင် စိုက်ပျိုးရန်အတွက်လည်းကောင်း၊ ကျွမ်းကျင်စွာ တိုင်းတာပြုလုပ်ထားခြင်းဖြစ်သည်။ ယနေ့တိုင် မြောက်ဦးမြို့နေ လူထုအတွက် ရေချိုရေသန့်ကို အဆိုပါကျုံးဟောင်းများမှ ရေပေးဝေလျှက်ရှိသည်။

ယနေ့မြောက်ဦးမြို့တော်သို့ လာရောက်ကြသော ဧည့်သည်များအတွက် အဆူဆူသောဘုရားများအပြင် မြောက်ဦးခေတ် ထွန်းကားခဲ့စဉ်က စီမံပြုပြင်ခဲ့သော ကျုံး၊ မြို့တံခါး၊ တံတိုင်း၊ ပြအိုး၊ ပစ္စင်၊ သူရဲပေးများကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယနေ့တိုင် တွေ့မြင်နိုင်ပေသည်။ ကျောက်သားပကတိဖြင့် သေသပ်တိကျစွာ ဆောက်လုပ်ထား၍လည်း ရာသီဥတုဒါဏ်ကို ကြန့်ကြန့်ခံနိုင်ခြင်း ဖြစ်ဟန်တူသည်။

မြောက်ဦးခေတ်တွင် နိုင်ငံအသီးသီးမှ ကုန်သွယ်မှုကိစ္စဖြင့် ကုန်သည်များ လာရောက်ကြသည့်အပြင် ဘုရင်မင်းမြတ်ထံ သက်စွန့်ဆံဖြား မင်းမှုထမ်းကြသူများလည်း တွေ့ရသည်။ ပေါ်တူဂီကြေးစားစစ်သားများနှင့် ဂျပန်စာမူရိုင်းဓားသမားတို့မှာ ထင်ရှားကြသည်။

မြောက်ဦးနန်းသက်တလျှောက် နှစ်ပေါင်းရာနှင့်ချီ၍ ပြည်ပအန္တရာယ်များ ကင်းဝေးစေပြီး အေးဆေးသာယာစွာ မင်းဆက်မပြတ် အုပ်ချုပ်နိုင်ခဲ့သည်။ မပြောပလောက်သော စစ်ပွဲလေးများ ပေါ်ပေါက်ခဲ့သော်လည်း ရက်တိုတိုနှင့်ပင် အောင်ပွဲဆင်နိုင်ခဲ့သည်။ ပြည်သူလူထု မကျေနပ်၍ ဆူပူတော်လှန်သည်ဟူ၍လည်း မရှိခဲ့။ ဤသို့ဖြစ်ရသည်တိုင်ပြည်ချမ်းသာကြွယ်ဝ၍ ပြည်သူများ ချောင်လည်ကြသည့်ပြင် ခန္တီတရားနှင့် ပြည့်စုံသော ဗုဒ္ဓ၏အဆုံးအမရှိခြင်းနှင့် စနစ်ကျသောအုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ ရှိခြင်းကြောင့်လည်း ဖြစ်ပေသည်။

ရခိုင်ပြည်ကြီးကို မြောက်ဦးခေတ်အချိန်က တိုင်းကြီး ၁၂ တိုင်းခွဲ၍ ဘုရင်ခံများ ခန့်အပ်ကာ အုပ်ချုပ်စေသည်။ ဘုရင်ခံများ သို့မဟုတ် ဘုရင်ငယ်များသည် ဆွေတော်မျိုးတော်များ ဖြစ်ကြ၍ မြောက်ဦးမြို့သို့ နှစ်စဉ်အခွန်ဘဏ္ဍာများ ဆက်သရသည့်ပြင် ဘုရင်မင်းမြတ်၏ သစ္စာခံပွဲ အခမ်းအနား မပျက်မကွက် တက်ရောက်ရမြဲ ဖြစ်သည်။ ဤအကြောင်းကို ဤစာအုပ်တစ်နေရာတွင် ဖော်ပြထားပါသည်။ ၎င်းပြင် ဘုရင်ခံများနှင့် နယ်စား၊ ပယ်စားများသည် မြောက်ဦးမြို့တော်တွင် ကာကွယ်ရေးအတွက် ခံတပ်ဆောက်လုပ်ခြင်း၊ မွမ်းမံခြင်းနှင့် အခြားသော တည်ဆောက်ရေးလုပ်ငန်းအတွက် ခွဲတမ်းချသည်ကို တာဝန်ယူဆောင်ရွက် ပေးရလေ့ ရှိသည်။

ဗုဒ္ဓသာသနာတော်ထွန်းကားသော ခေတ်ဖြစ်၍၊ ထိုနယ်စား ပယ်စားများသည် စေတီပုထိုး ကျောင်းကန်ဇရပ်များကို မြောက်ဦးမြို့တော်အတွင်း တည်ထားကိုးကွယ်ခွင့် ရရှိကြပေသည်။ ယခုတိုင် မြို့စားများအမည်ဖြင့် စေတီပုထိုးများ တွေ့ရသေးသည်။ မြောက်ဦးခေတ် ဘုရင်တို့သည် သာသနာရေးအတွက် ဆောင်ရွက်ရာတွင် လူတန်းစား ရွေးလေ့မရှိကြ။ အယုတ်အလတ် အမြတ်မရွေး သဒ္ဓါပွားသလောက် ရက်ရက်ရောရော လှူဒါန်းကိုးကွယ်ခွင့်ပြုထားသည်။ ရှစ်သောင်းဘုရား၏အရှေ့ဘက် ကိုက် ၄၀၀ အကွာရှိ မိသမ(င/ပိသည်မ)စေတီသည် သာမန် င/ပိရောင်းသောဈေးသည်တစ်ဦး၏ အလှူဒါနဖြစ်ကြောင်း သိရပေသည်။ ရခိုင်ပြည်သူပြည်သားများကား အလှူဒါနရက်ရောကြပေစွ။

မြောက်ဦးမြေပြင် အနှံ့ လက်ညှိုးထိုးမလွဲ တည်ထားကိုးကွယ်ထားကြသော စေတီပုထိုးများအပြင် ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် ကျုံး၊ မြို့ရိုး၊ တံတိုင်း၊ ပြအိုးပစ္စွင်၊ နန်းမြို့တို့ကိုပါ ထူးထူးခြားခြားတွေ့မြင်ရသူများအဖို့ တမျိုးတဘာသာ ခံစားမိပေလိမ့်မည်။ ဤမျှများပြားလှသော ယဉ်ကျေးမှုလက်ရာများက တချိန်က မြောက်ဦးခေတ်ကောင်းစားစဉ်က အတိတ်သမိုင်းကို ပြန်ပြောင်းမြင်ယောင်လာစေသည်။ မြောက်ဦးမြို့၏ ကြီးကျယ်ခမ်းနားမှုကို ထောက်ပြနေသယောင်။

**ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)**

# ထွေထွေသိမှတ်စရာအချက်

## (က) ပထဝီဝင်

မြောက်ဦးမြို့သည် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၅မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၁၁မိနစ်တို့ ဆုံရာတွင် တည်ရှိသည်။ ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့မှ ရေမိုင်(၄၅)မိုင်ခန့် ကွာဝေးသည်။ စစ်တွေမြို့မှ ကုလားတန်မြစ်အတိုင်း ဆန်တက်လာပါက၊ ပုဏ္ဏားကျွန်းမြို့အလွန် ကုလားတန်မြစ်၏လက်ယာဘက် လက်တက်ဖြစ်သော ဟင်းခရော်ချောင်းသို့ ဝင်ရသည်။ မြောက်ဦးမြို့သည် ထိုချောင်း၏ မြစ်ညာပိုင်း၊ အဖြားပိုင်း ဒတ်ချောင်းတွင် တည်ရှိသည်။ ကုလားတန်မြစ်ဝှမ်းနှင့် လေးမြို့မြစ်ဝှမ်း နှစ်ခုစလုံးကို လွှမ်းမိုးချုပ်ကိုင်နိုင်သော တောင်တန်းတောင်စွယ်တွင် တည်ရှိ၍ မဟာဗျူဟာ အချက်အချာကျသည်။ အရေးကြီးမြစ်ဝမ်းနှစ်ခု စလုံးသို့ ကုန်းကြောင်းမှလည်းကောင်း၊ ရေကြောင်းမှလည်းကောင်း ဆက်သွယ်သွားလာနိုင်သည်။ မြောက်ဦးမြို့တော်ကို တောင်မြောက်တန်းနေသော ပေ ၁၀၀ မှ ပေ ၃၀၀ ထိမြင့်သည့် တောင်စွယ်တောင်တန်းများဖြင့် ဝိုင်းပတ်ကာရံထားသည်။ တောင်စွယ်တောင်တန်းများကြားမှ စီးဆင်းလာသော ချောင်းငယ်မြောင်းငယ်များသည် မြောက်ဦးမြို့တော်အတွင်း ယှက်ဖြာစီးဆင်းနေသည်။ ထိုချောင်းများမှာ သဘာဝချောင်းများရှိသလိုပင် နည်းဗျူဟာအရ တူးဖော်ဖောက်လုပ်ထားသော မြောင်းများလည်း ရှိသည်။ ရေစီးသန်၍ နွေအခါ ခြောက်သွေ့သည့် အဖျားပိုင်းတွင် မိုးအခါ တောင်ကျရေကြောင်းသည် အောက်ပိုင်းမှာ ဒီရေအတက်အကျရှိသည်။

## (ခ) ရာသီဥတု

မြောက်ဦးဒေသတွင် နွေမိုးဆောင်းရာသီ (၃)မျိုးရှိသည်။ နွေရာသီမှာ ခြောက်သွေ့ပူပြင်း၍၊ မတ်လမှ စတင်ကာ မေလတွင် ဆုံးသည်။ မိုးရာသီမှာ စွတ်စိုထိုင်းမှိုင်း၍ ဇွန်လမှ အောက်တိုဘာလအထိ ဖြစ်သည်။ ဆောင်းရာသီမှာ အေးမြ၍ နိုဝင်ဘာလမှ ဖေဖော်ဝါရီလထိဖြစ်သည်။ တစ်နှစ်လုံးပျမ်းမျှအပူချိန်မှာ ၇၈ဒီဂရီ ဖာရင်ဟိုက်ရှိ၍ ယေဘူယျအားဖြင့် မပူလွန်း မအေးလွန်းဟု ဆိုရမည်ဖြစ်သည်။ အပူဆုံးလများဖြစ်သော မတ်လမှ မေလထိ ကာလများ ပင်လျှင် အေးမြသော ပင်လယ်လေကြောင့် အပူပြင်းထန်ခြင်းမရှိချေ။ စိမ်းလမ်းစိုပြေနေသော မြောက်ဦးမြို့ဝန်းကျင်မှ သစ်တောများသည်လည်း အပူချိန်ပြင်းပြမှုကို သက်သာစေလေသည်။ နွေကာလအတွင်း တခါတရံတွင် အပူချိန် ၁၀၀ ဒီဂရီ ဖာရင်ဟိုက်ထိ တက်လေ့ရှိသည်။ တနှစ်လုံး မိုးရေချိန် ပျမ်းမျှ ၁၆၀ လက်မမှ ၂၀၀ ထိ ရွာသွန်းတတ်သည်။ မိုးရာသီတွင် အပင်များ၊ ချုံဖုတ်များ လျှင်မြန်စွာ ကြီးထွားသန်စွမ်းတတ်၍၊ ခရီးသွားဧည့်သည်များအတွက် ထိုရာသီတွင် မသင့်လျော်ပေ၊ ခရီးမတွင်တတ်၊ ငှက်ဖျားရောဂါနှင့် တခါတရံ ကျရောက်တတ်သည်။ စိုင်ကလုံးမှန်တိုင်းသည် လည်း အနှောင့်အယှက် ဖြစ်တတ်သည်။ ဆောင်းရာသီမှာ အေးမြခြောက်သွေ့၍ ခရီးသွားဧည့်သည်များအတွက် အသင့်လျော်ဆုံး ရာသီဖြစ်သည်။ အစားအသောက်လည်း ဤရာသီတွင် ပို၍ပေါသည်။ ပတ်ဝန်းကျင်လည်း သာသာယာယာရှိသည်။ စေတီ ပုထိုး ကျောင်းကန် ဘုရားများတွင်လည်း သီတင်းဝါလကျွတ်ပြီး၍ ထုံးဖြူဖြူဖြင့် ကြည်ညိုဘွယ်နေပေပြီ။ မြောက်ဦးမြို့၏ အလှဆုံးသော အချိန်ပင်။

## (ဂ) အပင်များ

မိုးရေချိန် လုံလောက်စွာ ရရှိသော ဒေသဖြစ်၍ စိုက်ပျိုးပင် အမျိုးမျိုး ကောင်းစွာဖြစ်ထွန်း၍ သဘာဝပေါက် ပင်များလည်း အမျိုးအစား စုံလင်စွာ ပေါက်ရောက်သည်။ သဘာဝပေါက်ပင်များအနက် ဝါးတောကို တောင်တန်းများ တွင် လှိုင်လှိုင်တွေ့ရသည်။ မိုးရာသီတွင် ချုံနွယ်ပိတ်ပေါင်းများ ထူထူထပ်ထပ်ပေါက်ရောက်သည်။ ဒီဇင်ဘာလကျော် ပြီးမှ ခြောက်သွေ့စပြုသည်။ အုန်း၊ ငှက်ပျော၊ သရက်၊ ကွမ်းသီး၊ ရှောက်အမျိုးမျိုး၊ လိမ္မော်၊ လိုင်ချီး စသော နှစ်ရှည် ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးသည်။ ရာသီအလိုက် စိုက်ပျိုးသော ဟင်းသီးဟင်းရွက်နှင့် သီးနှံများမှာ၊ စပါး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ မုန်လာ၊ မုန်ညင်း၊ ကော်ဖီ၊ ပန်းကော်ဖီ၊ ပဲအမျိုးမျိုး၊ ငရုပ်သီး၊ စိမ်းစားဥများစိုက်သည်။

## (ဃ) တိရိစ္ဆာန်များ

အမျိုးပေါင်း တစ်ရာကျော်မျှသော နို့တိုက်သတ္တဝါများကို တွေ့ရသည်။ ဆင်နှင့် ကျားကို ယခင်က တွေ့ရှိခဲ့ရပြီး ယခုအခါ မယူတောင်တန်းသို့ ပြောင်းရွှေ့သွားပြီးဖြစ်သည်။ အခြားထူးခြားသော တိရိစ္ဆာန်များမှာ တောဝက်၊ ဆတ်၊ ချေ(ဂျီ)၊ ခွေးအ၊ တောကြောင်၊ ကျားသစ်၊ မျောက်အမျိုးမျိုး။ ဝက်ဝံတို့ဖြစ်သည်။ ငှက်အမျိုးပေါင်း ၃၀၀ ကျော်မျှ ရှိသည်။ တောကြက်၊ အိမ်စာ၊ တောစာ၊ သိန်းစွန်၊ ဇီးကွက်၊ ငှက်တောင်၊ သစ်တောက်ငှက်၊ ကျီးကန်း၊ ခို၊ ချိုး၊ တောဘဲ၊ ငန်း၊ ဇရက်၊ သာလိကာ၊ ကြက်တူရွေး၊ စသည်ဖြင့် အမျိုးအစားစုံရှိသည်။ ဆောင်းရာသီတွင် တွေ့ရသော ဘဲငန်းကြီးမှာ ဆိုက်ဘေးရီးရား ဘဲငန်းများဖြစ်သည်။ မြွေများကို မြောက်ဦးအနှံ့ တောတောင်များတွင် တွေ့ရသည်။ ဒီရေရောက်သော မြောက်ဦးမြို့ တောင်ဘက်အဝင်ဝ မြစ်ချောင်းများတွင် မီချောင်းများကို တွေ့ရသည်။

## (င) အဝတ်အစား အနေအထိုင်

မြောက်ဦးမြို့သည် ပူအိုက်စွတ်စိုသော ရာသီဥတုမျိုးရှိသော ဒေသဖြစ်၍ ခြောက်သွေ့လွယ်သော အဝတ်အစား မှာ အသင့်တော်ဆုံးဖြစ်သည်။ ဆောင်းရာသီ ဖြစ်ပါက စောင်၊ ခြင်ထောင်နှင့် အဝတ်ထူများ ဝတ်ဆင်ရန် လိုအပ်သည်။ နွေရာသီတွင် ပူအိုက်သော ရာသီဥတုဒဏ်မှ ကာကွယ်ရန် နေကာမျက်မှန်၊ ဦးထုပ်ထီးတို့ ဆောင်ရန်အထူးလိုအပ်သည်။ မြောက်ဦးဘုရားဖူးသူများအဖို့ ချွတ်ရလွယ်ကူသော ကြားညှပ်ဖိနပ်သည် အသင့်လျော်ဆုံးဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် နေရာတိုင်းသည် ဘုရားများ သာသနိက အဆောက်အဦးများဖြင့် ပြည့်နှက်နေ၍ဖြစ်သည်။ အထူးသတိပြုရန် ခရီးဆောင်သေတ္တာထဲတွင် ဆေးဝါးများအပြည့်အစုံ ထည့်ယူခဲ့ရန် ဖြစ်သည်။

၉

# ရခိုင်

အစဉ်အလာမှတ်တမ်းများအရ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ် နောက်ပါရဟန်း ငါးရာနှင့် ရခိုင်ပြည်သို့ ကြွရောက်ကာ သာသနာပြုခဲ့ကြောင်း တွေ့ရသည်။ ဓညဝတီ ရခိုင်ပြည်ရှင်မင်းနှင့်တကွ ပြည်သူပြည်သားများ လျှောက်ထားတောင်းပန်ချက်အရ ရခိုင်သို့ ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူလာရာ၊ ဂစ္ဆာဘနဒီမြစ်အနီး သေလာဂီရိကျောက်တောင်ထိပ်တွင် သက်ဆင်းရပ်နားတော်မူသည်။ ထိုတောင်ထိပ်မှ ဓညဝတီ ရခိုင်ပြည်တဝှမ်း မျှော်ကြည့်ရင်း မိမိ၏ နုစဉ်ဘဝများစွာက ဖြစ်ပျက်ကျင်လည်ခဲ့သည့် ဒေသများကို နောက်ပါရဟန်းများအား လက်ညိုးညွှန် ဗျာဒိတ်တော်ထားတော်မူသည်။ နောင်အခါ ရခိုင်ဘုရင် အဆက်ဆက်တို့သည် မြတ်စွာဘုရားသခင်၏ ဗျာဒိတ်တော်အတိုင်း ဘုရားရှင်၏ခြေတော်မွေတော်များကို ဌာပနာပြု၍ စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြရာ၊ ဂစ္ဆပနဒီမြစ်ဝှမ်း တစ်လျှောက် တောင်ကုန်းတောင်ထိပ် အသီးသီးတွင် အဆူဆူသော စေတီပုထိုးများကို ယနေ့တိုင် ဖူးတွေ့ရခြင်းဖြစ်သည်။ မြတ်စွာဘုရားသခင် ကြွရောက်တော်ကာလမှာ ဘီစီ (၆)ရာစုအတွင်းဖြစ်၍ ဓညဝတီပြည်ကြီးကို စန္ဒသူရိယ ဘုရင် စိုးစံသောကာလဖြစ်သည်။ ရှေးဟောင်းပေမူတစ်ခု ဖြစ်သော (သဗ္ဗဒါနပတာရနကျမ်း)တွင် မဟာမုနိသွန်းလုပ်သည်ထိ ပြည့်စုံစွာ ဖတ်ရှုနိုင်ပေသည်။ ဘုရားရှင်လည်း မဟာမုနိ ရုပ်ရှင်တော်ကို ကိုယ်စားအဖြစ် သွန်းလုပ်ပြီးနောက် ချစ်သားရဟန်းတို့၏ ရက္ခပူရတိုင်း ဓညဝတီပြည်ကြီးသည် မဋ္ဌမတိုက်သော ဒုသနဂိုရ်ရိတို့ထက် အလွန်ပြည့်ဖြိုးသော ကောက်သလေးတို့ဖြင့် ကောင်းမွန်မြိန်မြတ် နှစ်သက်ဖွယ်သော ဆွမ်းအဟာရကို ဘုန်းပေးကြရပေသည်။ ရှေးလွန်လေပြီး ဘုရားသုံးဆူတို့လည်း ဤပြည်ကြီးကို **"ဓညဝတီ"**ပြည်ဟု ဗျာဒိတ်ပေးတော်မူလေသည်။ ယခုတုံလည်း ဤပြည်သူလူခပ်သိမ်းတို့သည် စိုးစဉ်းမျှ ငတ်မွတ်ခြင်းမရှိစဖူး လေသောကြောင့်။ ဤပြည်ကို ဓညဝတီပြည်ဟုပင် ထင်ရှားခေါ်ဝေါ်စေကြသတည်းဟု ဗျာဒိတ်ထားတော်မူသည်။ ဗျာဒိတ်တော်အတိုင်းပင် ရခိုင်ပြည်တွင် နှစ်ပေါင်းများစွာကပင် ဆန်ရေစပါးပေါ်ကြွယ်ခဲ့လေသည်။ ပိုလျှံသည်များကို အိမ်နီးချင်းတိုင်းပြည်များသို့ ရေကြောင်းမှ တင်ပို့သည်။ အစဉ်အဆက်အေးချမ်းသာယာခဲ့သည်။ ဓညဝတီဟူသောအမည်မှာ ရှေးကျသောမည်ရင်းဖြစ်ပြီး တိုင်းပြည်တစ်ခုလုံးကို ဆိုလိုသည်။ နှောင်းပိုင်းတွင် ရက္ခပူရ၊ ရက္ခိုင်ပြည်၊ ရခိုင်တိုင်း ယခုအခါ ရခိုင်ပြည်နယ်ဟူ၍ အဆင့်ဆင့်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ဤသို့ပြောင်းလဲခဲ့သည်မှာ ရက္ခိုင်များနေထိုင်ရာ ဒေသဖြစ်သည်ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်ပါသည်၊ ရက္ခိုင်ဟူသောအမည်ကား အဘယ်နည်း။ နိုင်ငံခြားသားများက မည်သို့ခေါ်ဝေါ်ကြပါသနည်း။ ရခိုင်တိုင်းရင်းသားတို့က မိမိကိုယ်ကို **"ရက္ခိုင်"**ဟု ခေါ်ဝေါ်သုံးစွဲကြသည်။ ကြိုက်နှစ်သက်ကြသည်။ ရက္ခိုင်ဟူသောအမည်မှာ ရှေးကျလွန်းလှသည်။ ရခိုင်သမိုင်းများတွင် ဘီလူးများ(နီဂရတ်တို)များ စတင်နေထိုင်ခဲ့ရာ ဒေသဖြစ်၍ ပါဠိ၊ သက္ကတ၊ ဘာသာစကား **"ရက္ခပူရ"** ဟု ခေါ်၍ နေထိုင်သောသူများကို ရက္ခိုင်ခေါ်ကြောင်း ဆိုပေသည်။ ၎င်းမှ **"ရခိုင်"**ဖြစ်လာသည်ဟူ၏။

ရခိုင်တိုင်းရင်းသားများအား နိုင်ငံခြားသား အထူးသဖြင့် အိန္ဒိယ၊ ဘင်္ဂလီများက မော့ဂ် (Magh) ဟု ခေါ်ဝေါ် ရေးသားကြသည်။ ပညာရှင်များက ဤသို့ခေါ်ဝေါ်မှုနှင့်ပတ်သက်၍ အမျိုးမျိုးယူဆကြသည်။ ပညာရှင်အချို့က **"မီးကို ကိုးကွယ်သောသူများ"** ဟူ၍ အဓိပ္ပါယ်ရသော ပါရှန်စကား ဖြစ်သည်ဟုဆိုသည်။ရခိုင် တို့ အတိတ်သမိုင်းနှင့် လက်ရှိအခြေအနေအရ မီးကို ကိုးကွယ်မှုမရှိကြ၍ ဤအယူအဆမှာ၊ ဖြစ်တန်ရာမရှိချေ။

အချို့ပညာရှင်များက (Magh) မော့ဂ်ဟူသော ဝေါဟာရမှာ **"မော့ဒူး"** (Magdu) ဟူသော သတ္တတဝေါဟာရမှ ဆင်းသက်လာကြောင်း ဆိုသည်။ မော့ဒူး၏အဓိပ္ပါယ်မှာ ပင်လယ်ငှက်၊ ပင်လယ်ပျော်လူသား၊ ပင်လယ်ကို ကြိုက်နှစ်သက်ကြသူများဟူ၍ အဓိပ္ပါယ်ရပေသည်။ ဤအချက်မှာ အတော်ပင်နီးစပ်ကြောင်း တွေ့ရသည်။ အဘယ်ကြောင့် ရခိုင်တိုင်းရင်းသားတို့မှာ ဘင်္ဂလားပင်လယ်အော်နှင့် ဖက်၍ မွေးဖွားကြီးပြင်းလာကြသူများ ဖြစ်ကြ၍ **"ပင်လယ်ပျော်"** များဖြစ်ခြင်းကြောင့်ပင်၊

စာရေးဆရာကြီး ဆာအာသာဖေယာကမူ မော့ဂ်(Magh) သည် ဝေါဟာရသည် အိန္ဒိယနိုင်ငံ မာဂဓ (Magada)တိုင်းမှ ဆင်းသက်လာကြသူများဖြစ်၍ မော့ဂီဟု ခေါ်ဆိုကြခြင်းဖြစ်သည်ဟု မိန့်သည်။ အိန္ဒိယနိုင်ငံ မာဂဓတိုင်း ကမ်းခြေနှင့် ရခိုင်ဒေသသည် ရှေးနှစ်ပေါင်းများစွာကပင် ရေကြောင်းမှ ကူးလူးဆက်ဆံခြင်း ရှိခဲ့သည်။

အနောက်တိုင်းသားတို့ကမူ ရခိုင်တိုင်းရင်းသားတို့ကို **"အာရကန်" (Arakan)**ဟု ခေါ်ဆိုကြပြန်သည်။ အဘယ်

ကြောင့် (Rakhine)ကို Arakan ဟု ခေါ်ကြပါသနည်း။

ကပ္ပတိန်ယူလီ၏ ရှေးလည်းကျ၊ စိတ်ဝင်စားဘွယ်လည်းဖြစ်သော၊ အနောက်အာရှမှ တရုပ်ပြည်သို့ ပင်လယ်ခရီးလမ်းဟူသော စာအုပ်တွင် ရခိုင်ဒေသကို အာရကန်ဟူ၍ တိုလီမီ၏ အာဂျာလ် (Argyre) ကို ကိုးကား၍ သုံးနှုံးခေါ်ဝေါ်ထားကြောင်း တွေ့ရသည်။

တိုလမီသည် ခရစ်သက္ကရာဇ် (၂)ရာစုလောက်တွင် ငွေထွက်သောတိုင်းပြည်အဖြစ် စစ်တကောင်း၊ နတ်မြစ်ဝ အလွန်တွင် ရခိုင်ဒေသကို **"အာဂျာန်"**ဟု ဦးစွာဖော်ပြခဲ့သည်။ ၎င်းနောက် ၁၆ရာစုအရောက်တွင် မဟာမေဒင်၊ သမိုင်းဆရာတစ်ဦးဖြစ်သော ရှဟာဘူဒင် (Shahabudin) က ရခိုင်ပြည်တွင် ငွေတွင်းများရှိကြောင်း ဖော်ပြသည်။ (၁၇)ရာစုသို့ ရောက်သောအခါ အနောက်တိုင်းရင်းသားများ လာရောက်ကုန်သွယ်ကြရာ အထူးသဖြင့် ဒတ်ချ်တို့၏ မှတ်တမ်းတွင် ရခိုင်ပြည်မြောက်ဦးမြို့တော်မှ ငွေသားများ လာရောက်ဝယ်ယူရရှိကြောင်း ဖော်ပြထားသည်။ အဆိုပါ ငွေနိုင်ငံဟူ၍ တိုလပီခေါ်ခဲ့သော **"(Argyre)"** မှ **"Arakan"**ဖြစ်လာဟန်ရှိကြောင်း အချို့က ယူဆကြသည်။

ရခိုင်၏မူလအမည်ဖြစ်သော ရက္ခိုင် (**Rakhine)**ကို အာရပ်များနှင့် အိန္ဒိယနွယ်ဘွားများက ၎င်းတို့၏ အသံ လေယူလေသိမ်းအတိုင်း ရှေ့မှ**"အာရ်"**ကို ထည့်၍ **"အာရ်ရက္ခိုင်"**ဟု ခေါ်ဝေါ်ပြောဆိုကြသည်။ အနောက်တိုင်းသား နှင့် အာရပ်တို့ကတဖန် တဆင့်တက်၍ အသံဖလှယ်ကြရာ **"အာရကန်"** (Arakan) ဖြစ်လာဟန် ရှိပါသည်။ အတော်ပင် အသံထွက် နီးစပ်ပါသည်။ ယုတ္တိရှိပေသည်။

မူလအမည်ဖြစ်သော ရက္ခိုင်ကို ရှစ်သောင်းဘုရားအနီးရှိ အနန္ဒစန္ဒြားကျောက်စာ (၁၁)ရာစုတွင် ဦးစွာတွေ့ရသည်။**"အာရကွဲဒေ့ချ်" (Arakadesa)** ဟု ဖော်ပြထားရာ ရက္ခိုင်တို့မြေဟု အဓိပ္ပါယ်ရရှိပါသည်။ အဦးဆုံးသော အထောက်အထားဖြစ်သည်ဟု ယူဆရပေသည်။ ပါမောက္ခလူစ်အ အဆိုအရ အေဒီ ၁၂၉၉ ခု ထိုးသော ပုဂံကျောက်စာ တစ်ချပ်တွင် **"ရက္ခိုင်"**ဟူ၍တွေ့ရသည်။

နီကိုလာလွန်တီ **(Nicola Canti)** ၁၄၂၀-၁၄၃၀ဆိုသူက ရက္ခိုင်ပြည်ကို **"ရချန်နီ" "Rachani"**ဟု ရေးသားခဲ့သည်။ ၁၆ရာစု အလယ်ခန့်တွင် တူရကီသင်္ဘော ကပ္ပတိန်တစ်ဦးကမူ **"ရကန်" (Rakai)**ဟု ရေးသားခဲ့ပြန်သည်။ အားလုံးပင် မူလအခေါ်နှင့် နီးစပ်မှု ရှိကြပါသည်။

အေဒီ ၁၅၁၆ ခုနှစ်တွင် ဘာဘိုဆာ **(Barbosa)**ဆိုသူက အာရကန် **(Aracan)**ဟူ၍ ယခုခေတ် နိုင်ငံခြားသားအခေါ်နှင့် အနီးစပ်ဆုံး အသုံးပြုရေးသားခဲ့သည်။ နောက်ပိုင်းတွင် ဥရောပတိုက်သားများ၊ အထူးသဖြင့် ပေါ်တူဂီ အိန္ဒိယအနွယ်များက ထိုစာလုံးနှင့်အနီးစပ်ဆုံး စာလုံးများဖြင့် သုံးစွဲလာကြသည်။ ၎င်းတို့မှာ **Reeon, Rakan , Arraeam, Araeao, Orrakan** နှင့် **Arrakan** ဟူ၍ အမျိုးမျိုးအဖုံဖုံ ခေါ်ဝေါ်ရေးသားကြပေသည်။

နိုင်ငံခြားသားများအနေနှင့် မည်သို့ပင် ခေါ်ဆိုကြစေကာမူ ရခိုင်တိုင်းရင်းသားများအဖို့ ရက္ခိုင်ဟူ၍ လေးလေးနက်နက် အသံထွက်ဆိုသော ရခိုင်ဟူ၍ ခေါ်သည်ကို အကြိုက်နှိုက်ဆုံးဖြစ်ကြသည်။ အမျိုးနှင့်သီလကို စောင့်ထိန်းကြသောသူများဖြစ်ကြ၍ စောင့်ရှောက်ခြင်း အဓိပ္ပါယ်ရသည်။ **"ရက္ခိုင်"**ကို ပို၍နှစ်သက်ကြခြင်းဖြစ်သည်။ ဤအကြောင်းကို-

အသျှင်နာဂိန္ဒမော်ကွန်းတွင်
အမျိုးသီလ၊ဘ နှစ်ဌာနကို
ပြည့်ဝမက္ခိုင်၊ စောင့်စွမ်းနိုင်၍
ရက္ခိုင်နာမ၊ ဘွဲ့မည်လှဖြင့်
အန္ဓတ္တသညာ၊ ခေါ်အပ်ရာတည်း ဟူ၍လည်း
ဗုဒ္ဓဝင်လင်္ကာတွင်
ကျွန်းတွင်ဇမ္ဗူ
လူတွင်ရက္ခိုင်
ကြိုင်ဘိသတင်း
တင်းသည့်အဖြစ်
ချစ်သည့်အမျိုး

ကြိုးသည့်လုံးလ
မြတ်စာဂနှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။ ဟူ၍ တွေ့ရပေသည်။

# ကုလားတန်မြစ်

ရခိုင်ယဉ်ကျေးမှု ထွန်းကားခဲ့ရာ ရှေးဟောင်းမြို့တော်ကြီးများသည် ကုလားတန်မြစ်ခေါ် ဂစ္ဆပနဒီမြစ်ဝှမ်းကို အမှီပြု၍ ပေါ်ပေါက်ခဲ့ကြခြင်းဖြစ်သည်။ ရခိုင်တို့၏ နောက်ဆုံးမြို့တော်ဖြစ်သော မြောက်ဦးမြို့တော်သို့ စစ်တွေမြို့မှ သွားလာပါက ဤမြစ်ကြောင်းလမ်းကိုပင် အသုံးပြုရသည်။ ဤမြစ်သည် ရခိုင်တို့၏အသက်သွေးကြောပင်။ သမိုင်းမှတ်တမ်းများတွင် ဂစ္ဆပနဒီဟူ၍တွေ့ရသည်။ ကုလားတန်မြစ်ဟူ၍အမည်တွင်လာပုံနှင့် ဂစ္ဆပနဒီမြစ်ဟူ၍ခေါ်ဝေါ်ကြပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ တခါက ကပ္ပလဝတ်ပြည့်ရှင် မင်သားတစ်ပါးသည် ကုလားတန်မြစ်ညာပိုင်းတွင် ရသေ့ရဟန်းပြုနေရာမှ ထိုဒေသမှ တိုင်းရင်းသားအကြီးအကဲတစ်ဦး၏ သမီးနှင့် လက်ဆက်သည်။ တစ်နေ့တွင် ရေကြီးလေရာ မြစ်အတွင်းသို့ နှစ်ဦးလုံး မျောပါသွားခဲ့လေသည်။ ကျောက်တော်မြို့အနီး သေလာဂီရိတောင်နားအရောက်တွင် ကူးလာပြီး ရပ်တန့်မိကြသည်။ ထိုဖြစ်စဉ်ကို အမှီပြု၍**“ကုလားတန်”**ဟု ခေါ်ကြရာ နောင်တွင်ကာလရွေ့လျောပြီး ကုလားတန်ဟု ဖြစ်လာသည်။ ဂစ္ဆပနဒီမှာမူ ပါဠိဝေါဟာရဖြစ်၍ လိပ်ကျောကုံးခွံသဏ္ဍာန် ရှိသော မြစ်ဟု အဓိပ္ပါယ်ရသည်။ ဤမြစ်၏မြစ်ညာပိုင်း ရေခမ်းသောရာသီတွင် ရေတိုက်စား၍ ချောမွေ့ပြောင်လက်နေ သော ကျောက်တုံးကျောက်ခဲများမှာ စီရရီတွေ့မြင်ရသည်ကို အစွဲပြု၍ ဂစ္ဆဘနဒီမြစ်ဟု ခေါ်သည်ဟုဆိုသည်။

# ရခိုင်ရှေးဟောင်းမြို့တော်များ

## ပထမဓညဝတီ

ရခိုင်တိုင်းရင်းသားတို့၏ သမိုင်းကြောင်းကား ရှည်လျားကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ၎င်း၏တည်နေရာအထားမှာ တောင်တန်းကြီးများ ပင်လယ်ကြီးများဖြင့် ဝိုင်းရံတည်ရှိခဲ့၍ ပတ်ဝန်းကျင်အနှောင့်အယှက်ကင်းစွာဖြင့် သီးခြားရှိနေခဲ့သည်။ သမိုင်းကြောင်းတလျှောက် အုပ်ချုပ်ရာနယ်ပယ်အတွင်း စုစည်းစွာ စီမံကွပ်ကဲနိုင်သည်။ ပြဌာန်းနိုင်သည်။ ရှေးကျသော ရခိုင်သမိုင်းမှတ်တမ်းအရ ဗုဒ္ဓမပွင့်မီ နှစ်ပေါင်းများစွာက သာကီဝင်မင်းသားတစ်စုသည် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာခဲ့သည်။ ထိုသာကီဝင်မင်းသား ညီအစ်ကိုတစ်စုအား အစ်ကိုကြီး ဝါသုဒေဝနှင့် ဗလဒေဝတို့က ဦးဆောင်ကြသည်။ ၎င်းတို့သည် ဒွါရာဝတီမြို့ကို တည်ထောင်အုပ်ချုပ်ကြသည်။

၎င်းနောက် သာကီဝင် **ဖတ်မရုပါ** ဦးဆောင်သော အုပ်စုတစ်စုသည် ကုလားတန်မြစ်ညာမှ ဝင်ရောက်ခဲ့ပြန်သည်။ အဆိုပါအုပ်စု၏ခေါင်းဆောင်သည် အမြော်အမြင်ကြီးစွာဖြင့် ရှိနှင့်ပြီးသော ဒေသခံတိုင်းရင်းသား မျိုးနွယ်စုနှင့် ဆက်ဆံပေါင်းသင်းပြီး ခေါင်းဆောင်၏သမီးနှင့် လက်ဆက်ခဲ့လေသည်။ ၎င်းတို့မှ မွေးဖွားလာသော မာရယုမင်းသားကား စွမ်းရည်သတ္တိနှင့် ပြည့်စုံသည်။ ဉာဏ်အမြော်အမြင် ကြီးမားသည်။ မိခင်ဘက်မှ လူမျိုးစုများနှင့် ဖခင်ဘက်မှ ဆွေမျိုးများအား ပေါင်းစပ်စည်းရုံးကာ ယခင်ပထမ ဝင်ရောက်ခဲ့သော သာကီဝင်မင်းမျိုးများ တည်ထောင်ခဲ့သည်။ ဝေသာလီအား တိုက်ခိုက်သိမ်းယူသည့် လူရိုင်းများကြောင့် ပျက်စီးပြီးဖြစ်သော ဝေသာလီကို မနှစ်သက်၍ သရီချောင်းဖြားအရှေ့ဘက်ကမ်းနီးတွင် ဓညဝတီမြို့ကို တည်ထောင်သည်။ မာရယုမင်းမှ မင်း ၅၅ဆက် အုပ်ချုပ်မင်းလုပ်ကြသည်။ မာရယုမင်းနန်းစံသက္ကရာဇ် ကာလကို ဘီစီသုံးထောင်ခန့်ကဟု ဖော်ပြကြသည်။

### ကန်သုံးဆင့်မြို့ (ဘီစီ ၁၆ ရာစု)

ဓညဝတီမြို့တွင် မင်းဆက် (၅၅)ဆက်မြောက် မင်းငယ်ပျော်လုစည်သူသည် ဓညဝတီကို မနှစ်သက်၍ တောင်ဘက်အရပ်သို့ စုန်ဆင်းလာပြီး သီရိမာနဒီသရီချောင်း လက်ယာဘက်ကမ်းတွင် မြို့သစ်တည်သည်။ မြို့တော်ရာနှင့်ပတ်သက်၍ အစအနပင် ရှာမတွေ့တော့ချေ။ ဤသို့ဖြစ်ရခြင်း မြို့တည်နှစ်မလည်မီပင် နန်းတွင်းပုန်ကန်မှုဖြစ်၍၊ မြို့ကို စွန့်ခွာခဲ့ကြခြင်းကြောင့် ဖြစ်ဟန်ရှိသည်။

### နီလာပန်းတောင်း (ဘီစီ–၁၆ ရာစု)

ကန်သုံးဆင့်မြို့တည် မင်းငယ်ပျော်လုစည်သူမှာ အမတ်(၃)ဦး ပုန်ကန်၍ လွန်ခဲ့ရာ မိဖုရားစောစစ်သည် သမီးတော်နှစ်ဦးနှင့် နောက်ပါတို့နှင့်အတူ ကန်သုံးဆင့်မြို့မှ စွန့်ခွာခဲ့သည်။ ၎င်းနောက် နီလာပန်းတောင်းကို တည်သည်။

ယာယီမြို့တော်မျှသာ ဖြစ်ဟန်တူသည်။

## ကျောက်ပန်းတောင်းမြို့ (ဘီစီ ၁၆ ရာစု)

ရခိုင်ပြည်တွင် နန်းလုပ္ပဲ ဖြစ်နေချိန်တွင် တကောင်းသင်းတွဲပြည်တွင်လည်း နန်းလုပွဲဖြစ်နေရာ အရေးရှုံးနိမ့်ခဲ့သော ကံရာဇာကြီးမှာ အနောက်ရိုးမတလျှောက် ရေကြည်ရာမြက်နုရာ ရှာဖွေခဲ့ရာ ရခိုင်ပြည်မြောက်ပိုင်း ဂစ္ဆပနဒီမြစ်ဖျားတွင် ကျောက်ပန်းတောင်းမြို့ကို တည်သည်။ ကံရာဇာကြီးလည်း နီလာပန်းတောင်းရှိ ယခင်ရှိနှင့်ပြီးသော သာကီဝင်မျိုး မိဖုရား စောစစ်နှင့်သမီးတော်တို့အား ခေါ်ယူပြီး သမိုင်းကို ဆက်ခံကြသည်။ ဤမြို့တော်မှာ အလျား ၈မိုင်၊ အနံ ၅မိုင် ကျယ်ဝန်း၍အမြင့် ၄၅၀၀ပေမြင့်သော တောင်ကုန်းမြင့်ပေါ်တွင် တည်ရှိသည်။ ပလက်ဝမြို့မှ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ ဆမီးချောင်းဖျားတွင် တည်ရှိသည်။ ယခုတိုင် မြို့တည်ထောင်ဘူးသော အရိပ်လက္ခဏာများ တွေ့ရကြောင်း **ဖတ်မရပါ။**

## ဒုတိယ ဓညဝတီ (ဘီစီ ၁၄၈၃–၅၈၀)

ကျောက်ပန်းတောင်းတွင် ၂၄နှစ်တာမျှ နန်းစံပြီး နောက်မိဖုရား၏တိုက်တွန်းချက်အရ ကုန်းမြင့်တောင်ပေါ်မြို့မှ တောင်ဘက်မြေဆီသြဇာကောင်းသော ကုလားတန်မြစ်ဝှမ်းသို့ စုန်ဆင်းလာခဲ့သည်။ ပထမဓညဝတီမြို့တော်ရာတွင် ဒုတိယဓညဝတီကို တည်သည်။ ကံရာဇာကြီးမှ သီရိရာဇာထိ (၂၈)ဆက်အုပ်စိုးကြသည်။

## တတိယဓညဝတီ (ဘီစီ ၅၈၀ မှ ၃၂၆ ထိ)

ဒုတိယဓညဝတီမြို့တော်တွင် မင်းပေါင်း (၂၈)ဆက် နန်းစံပြီးနောက် သူရိယမင်းဆက် စသည်၊ သူရိယမင်းဆက်၏ ပထမဆုံးသောမင်းမှာ စန္ဒာသူရိယဖြစ်သည်။ ဤမင်းသည် မြို့တော်ကို အသစ်တဖန် မွမ်းမံပြင်ဆင်ပြီး သူရိယမင်းဆက်အဖြစ် ဆက်လက်အုပ်ချုပ်ခြင်းဖြစ်သည်။ ဤရက္ခပူရ တတိယဓညဝတီကို တည်ထောင်ချိန်သည် အိန္ဒိယပြည်တွင် ဘုရင်ဗိမ္ဗိသာရမင်းနှင့် ခေတ်ပြိုင်ဖြစ်သည်။ စန္ဒာသူရိယဘုရင်၏ လျှောက်ထားတောင်းပန်ချက်အရ ဗုဒ္ဓဘုရားရှင်သည် ရခိုင်ပြည် ဓညဝတီမြို့တော်သို့ ကြွရောက်ကာ မဟာမုနိ ရုပ်ရှင်တော်မြတ်အား သွန်းလုပ်စေခဲ့သည်။ ဤမြို့တော်တွင် သူရိယမင်းဆက် ၂၅ဆက်နှစ် ၉၀၀ခန့် အုပ်ချုပ်မင်းလုပ်ကြသည်။

## ဝေသာလီ (အေဒီ ၃၂၇–၇၇၆)

အေဒီ ၃၂၇ တွင် ဒွင်စန္ဒြခေါ် မဟာတိုင်း စန္ဒြားမင်းကြီး နန်းတက်သည်။ ထိုနှစ်တွင်ပင် မိဖုရားနှစ်ပါး ကွယ်လွန်ပြီး တိုင်းရေးပြည်ရေး ရှုပ်ထွေးခဲ့သည်။ အမတ်ပညာရှိများက ဓညဝတီမြို့မှာ မြို့သက်ကုန်ပြီး၍ ပြောင်းရွှေ့သင့်ကြောင်း လျှောက်ထားကြ၍ ဓညဝတီမြို့မှ စွန့်ခွာခဲ့သည်။ လမ်းတွင် ကန်သုံးဆင့်မြို့ဟောင်းရာတွင် မြို့သစ်တည်သည်။ ထိုမြို့မှာ ဓညဝတီမြို့၏ တောင်ဘက် ၃မိုင်ကွာ သီရိမာနဒီသရီချောင်းကမ်းအနီးတွင် တည်ရှိသည်။ ယာယီမြို့ဖြစ်၍ ဧက ၁၂၀ ခန့်သာကျယ်ဝန်း၍ မြို့ရိုးတစ်ထပ် ကာရံထားသည်ကို ကောင်းကင်မြေတိုင်း မြေပုံတွင် ပါမောက္ခ ဒေါ်သင်းကြည် ရှာဖွေတွေ့ရှိခဲ့သည်။ ခုနှစ်လအတွင်း လူများသေကြေပျက်စီးကြ၍ ထိုမြို့ကို စွန့်ခွာပြီး တောင်ဘက်သို့ စုန်ဆင်းခဲ့ရာ ရန္တနဒီရန်းချောင်းအနီး ယခင်ဝေသာလီ မြို့ဟောင်းရာတွင် ဝေသာလီမြို့ကို တည်သည်။ ဤမြို့တော်တွင် စန္ဒြားမင်း (၉)ဆက် အုပ်စိုးကြသည်။ ရှေးအခါက ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်ရာ ကျောက်လှေကားကြီးကို အစွဲပြု၍ ဝေသာလီကျောက်လှေကားဟု ရခိုင်သမိုင်းတွင် ရေးသားဖော်ပြကြသည်။ စီးပွားရေး တောင့်တင်းခိုင်မာသည့်အပြင် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ပိသုကာပညာဘက်တွင်ပါ မကျန် အစစ အဆင့်အတန်းမြင့်မားခဲ့သည်။ ရှားပါးလှသော ကြေးနီပြားစာ၊ ခေါင်းလောင်းစာ၊ ဆီမီးခွက်အမျိုးမျိုး ဒင်္ဂါးအမျိုးမျိုးတို့ကို တွေ့ရှိပြီးဖြစ်သည်။ ယခုအခါ ရှေးဟောင်းသုတေသနဌာနမှ တူးဖော်သုတေသနပြုလုပ်ပြီးဖြစ်ရာ ဝေသာလီမြို့ မြို့သက်တမ်းနှင့်ပတ်သက်၍ ရခိုင်သမိုင်းပါ အချက်အလက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရပါသည်။ သရေခေတ္တရာ ပျူမြို့တော်နှင့် ခေတ်ပြိုင်ဖြစ်သည်။

ဝေသာလီခေတ်သည် ရခိုင်သမိုင်း၏အလှည့်အပြောင်းတွင် အရေးပါကြောင်း တွေ့ရသည်။ စန္ဒြားမင်းမဆက် မတိုင်မီ ဓညဝတီရက္ခိုင်ပြည်တွင် မဟာမုနိရုပ်ပွားတော်ကို မဏ္ဍိုင်ပြုကိုးကွယ်ကြရာ ဗုဒ္ဓသာသနာ သန့်စင်ခဲ့သည်။ ဝေသာလီတွင် တူးဖော်တွေ့ရှိပြီး အထောက်အထားများအရ ထိုစဉ်က အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာဆိုင်ရာ ဂိုဏ်းသစ်များ

ရောက်ရှိကိုးကွယ်မှု အထောက်အထားအချို့ကို တွေ့ရသည်။ ဝေသာလီစန္ဒြားဘုရင်များသည် အခြားသော သာကီဝင်များကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခဲ့ကြောင်း တွေ့ရသည်။ ဗုဒ္ဓရုပ်ပွားဆင်းတုများတွင်လည်း အလွန်မှ လှပတင့်တယ်သော အဆင်တန်ဆာများ ဆင်ယင်ကိုးကွယ်လာသည်ကို တွေ့ရသည်။

## မြောက်ဦးမြို့ (အေဒီ ၇၇၆–၇၉၂)

ဝေသာလီမင်းဆက် နောက်ဆုံးမင်းဆက်ဖြစ်သော စူဠစန္ဒြားမင်းကြီးသည် ပင်လယ်တွင် ရေနစ်နတ်ရွာစံပြီး နောက် ဝေသာလီမြို့ကို ဆက်ခံမည့်သူ မရှိဖြစ်ရာ ကျန်ရစ်သော မိဖုရားခေါင်ကြီး စန္ဒာဒေဝီ၏အစီအမံဖြင့် မျိုးခြားမြို တိုင်းရင်းသားအကြီးအကဲဖြစ်သော အမြတူကို နန်းတင်သည်။ ၎င်းကွယ်လွန်ပြီးနောက်တွင် သားပဲဖြူက ဆက်လက် အုပ်ချုပ်သည်။ ပဲဖြူမင်းလက်ထက် အေဒီ ၇၇၆ ခုနှစ်တွင် ဝေသာလီကို မနှစ်သက်၍ ၎င်း၏ဇာတိနေရပ်ဖြစ်သော မြောက်ဦးအရပ်တွင် မြို့တည်သည်။ မြောက်များ ကြီးကျယ် အဦးအဖျားနေခဲ့သော အရပ်ဖြစ်၍ မြောက်ဦးဟု အမည် ပေးသည်။ ဝေသာလီမြို့တော်က မင်းနေမြို့ မဟုတ်တော့သော်လည်း ဆက်လက်၍စည်ကားဖွံ့ဖြိုးနေဆဲပင်ဖြစ်သည်။ မကြာမီမြောက်ဘက်မှ မွန်ဂိုလီယံများသည် အဠနနဒီလေးမြို့အတိုင်း စုန်ဆင်းလာပြီး တိုက်ခိုက်သိမ်းယူလေသည်။ တရုပ်မှတ်တမ်းများအရ အေဒီ ၇၄၉ မှ ၇၇၉ နှစ်များအတွင်း ကိုလိုဖန် (Ko Lo Fend) သည် ဧရာဝတီမြစ်ညာပိုင်းကို အကြီးအကျယ်ထိုးစစ်ဆင်ကြောင်း သိရသည်။ ၎င်းအဖြစ်အပျက်များသည် သမိုင်းကြောင်း ဆက်နွယ်မှု ရှိကြပေလိမ့် မည်။ ရခိုင်သမိုင်းတွင် ဤကာလသည် သမိုင်းကြောင်း အလှည့်အပြောင်းကာလပင် ဖြစ်သည်။ အိန္ဒိယ အာရိယန် ယဉ်ကျေးမှု လွှမ်းမိုးသောခေတ်မှ အင်ဒိုမွန်ဂိုလွိုက် (Indo-mongoloid) ရောနှောသောခေတ်သို့ ဤအချိန်မှစတင်၍ ပြောင်းလဲခဲ့လေသည်။ ဝေသာလီခေတ် ကုန်ဆုံးချိန်ဟု ဆိုရပေမည်။

## သပိတ်တောင်မြို့

မြောက်ဦးမြို့ ဝင်ရောက်တိုက်ခိုက် ခံရသောအခါ ပဲဖြူမင်းသည် မိဖုရားမောင်းမမိသံ မှူးမတ်ပြည်သူတို့ကို ခေါ်၍ ရိုးမချောင်းဖျားတွင် သပိတ်တောင်မြို့ကို တည်ခဲ့သည်။ ဤမြို့မှာ ယာယီမြို့သာဖြစ်၍ ခိုင်ခန့်စွာ တည်ထောင် သော မြို့တော်မဟုတ်ချေ။

## ပထမ စမ္ဘဝက်မြို့ (အေဒီ ၇၉၂–၈၁၈)

ဝေသာလီ၏ နောက်ဆုံးမင်းဖြစ်သော စူဠစန္ဒြားမင်း နတ်ရွာစံချိန်တွင် စန္ဒာဒေဝီမိဖုရားတွင် ကိုယ်ဝန်အရင့် အမာနှင့် ကျန်ရစ်လေသည်။ ၎င်းမင်းသား ဖွားမြင်သောအချိန်တွင် မျိုးခြားမင်းများ အုပ်ချုပ်နေသော ကာလဖြစ်၍ နန်းရိုးမင်းမျိုးကို ဖြတ်ပစ်မည်စိုး၍ ချစ်ခင်သူများက တောတောင်ထူထပ်သော ယခုစိုင်းတင် ရေတခွန်ဒေသဖြစ်သော **ဖတ်မရပါ** အရပ်တွင် သိုဝှက်ထားလေသည်။ ထိုဒေသမှာ သက်လူမျိုးတို့ နေထိုင်သော အရပ်ဖြစ်၍ သက်တို့က ရခိုင်နန်းရိုးမင်းသားအဖြစ် ရှိသေလေးစားကြကာ **"ငါတို့မင်း"**ဟု ခေါ်သည်။ ၎င်းမှ ငတုန်မင်းဟုတွင်သည်။ ငတုန် မင်းသားအား မွေးမြူစောင့်ရှောက်ခဲ့ကြသော တောင်ပေါ်တိုင်းရင်းသား လူမျိုးစုတပ်နှင့် ရခိုင်မှူးမတ်ပြည်သူတို့ ညီညာ၍ အေဒီ ၇၉၄ တွင် နန်းတင်ကြသည်။ ထိုမင်းသည် ဝေသာလီမြို့တော်ဟောင်းမှ အရှေ့တောင်ဘက် (၆)မိုင် အကွာ အဠလီနဒီမြစ်ကမ်းတွင် စမ္ဘဝက်မြို့တော်ကို တည်သည်။

## ပဥ္စာမြို့ (အေဒီ ၈၁၈–၁၁၀၃)

ထိုမင်းလွန်ပြီးနောက် တိုင်းပြည် မငြိမ်မသက်ဖြစ်ခဲ့ရလေသည်။ ထိုအချိန်တွင် စူဠစန္ဒြားမင်း၏တူ စန္ဒကူးမင်းသားနှင့် တရီးတော်စန္ဒာဒေဝီတို့မှ ဖွားမြင်သော ခေတ္တသင်မင်းသား ထိုခြိတ်ချောင်းဖျားတွင် ပုန်းအောင်း နေရာမှ ခေါ်ယူပြီး မင်းမြှောက်ကြသည်။ ရန်အပေါင်းကို နှိမ်နင်းပြီးနောက် စမ္ဘဝတီမြို့ကို မနှစ်သက်၍ တောင်ဘက် မနီးမဝေးတွင် ပဥ္စာမြို့ကို တည်သည်။ မင်း ၁၅ ဆက် ၂၈၅ နှစ်အထိ နန်းစံကြသည်။ သမိုင်းဆရာအချို့က စမရာဝတီနှင့် ပဥ္စာကို မကွဲမပြားပဲ အတူတူရောစ၍ ဖော်ပြလေ့ရှိသည်။ ဤသို့ဖြစ်ရသည်မှာ မြို့များသည် ဓညဝတီ၊ ဝေသာလီကဲ့သို့ ကြီးမားခိုင်ခန့်မှု မရှိခြင်း၊ နီးနီးကပ်ကပ် တည်ရှိခြင်း၊ မြစ်ကြောင်းပြောင်းမှုများသော လေးမြို့မြစ်ကမ်း

နဖူးတွင် တည်ရှိ၍ တိုက်စားမှုဒါဏ်ကို ပြင်းထန်စွာ ခံစားရခြင်းတို့ကြောင့် ဖြစ်နိုင်သည်။

## ပထမလောင်းကြက်မြို့ (အေဒီ ၁၁၀၃)

ပဥ္စမြို့မင်းဆက် မင်းဘီလူးလက်ထက်တွင် အမတ်တစ်ဦး ပုန်ကန်မှုကြောင့် မင်းဘီလူး၏သား မင်းရဲဘယနှင့် မိသားစုသည် ပုဂံမြို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရလေသည်။ ပုဂံတွင် (၃၅)နှစ်တာ ကြာမြင့်ခဲ့ရာ လက်ရာမင်းနန် ဟူသော သားတစ်ယောက်နှင့် ပေါက်ညိုမြဟူသော သမီးတစ်ယောက်ထွန်းကားခဲ့သည်။ မင်းရဲဘယ မလွန်မီ သားနှင့် သမီးကို မောင်နှမရင်းလက်ဆက်စေ၍ ရခိုင်ထီးနန်းကို ပြန်ရအောင် ကြံဆောင်ရန် မှာကြားခဲ့သည်။ လက်ယာမင်းနန် သည် ပုဂံမင်း၏အကူအညီဖြင့် အေဒီ ၁၁၀၃ ခုနှစ်တွင် ရခိုင်ထီးနန်းကို ပြန်လည်ရရှိခဲ့လေသည်။ ရခိုင်တိုင်းရင်းသား အပေါင်းတို့ကလည်း မိမိတို့၏ နန်းရိုးမင်းသားနှင့် မင်းသမီးတို့အား လှိုက်လှဲစွာ ကြိုဆိုခဲ့ကြလေသည်။ လက်ယာမင်းနန် ကို ပုဂံမင်းက ကူညီရာတွင် ပျူစစ်သည် တစ်သိန်းပါဝင်သည်ကို အကြောင်းပြု၍ ပျူတစ်သိန်းမင်းဟု လည်းခေါ်သည်။ ထိုမင်းနန်းတက်ပြီးနောက် မှူးမတ်ပညာရှိတို့ လျှောက်တင်ချက်အရ ပဥ္စာမြို့သည် ကိန်းခန်းကုန်ပြီ ဟုဆိုကာ မြို့ကို စွန့်ခွာခဲ့လေသည်။ လေးမြို့မြစ်ကို ကူး၍ မြို့ရာရှာဖွေလေရာ စည်မျက်နှာကဲ့သို့ ညီညာသောမြေပြင် ကို တွေ့၍ လောင်းကြက်မြို့ကို တည်သည်။ ပုရိန် (အေဒီ ၁၁၀၃-၁၁၂၃)လောင်းကြက်မြို့တွင် နှစ်မလည်ခင် မင်းသမီးတစ်ပါး အပါအဝင် လူသူဆင်မြင်းအများအပြား သေဆုံးခဲ့၍ မြို့၏မြောက်ဘက် ပေါင်းတုတ်ချောင်းကို ဖြတ်ကာ မြို့ရာရှာဖွေခဲ့သည်။ ညီညာသောမြေပြင်တွင် ပညောင်ပင်ကြီးတစ်ပင်မှ လူတစ်ဦးက **"ပီးရိန်" "ပါးရိန်"**ဟု အော်ဟစ်ကာ မြောက်အရပ်သို့ ပြေးသည်။ ထိုနိမိတ်ယူ၍ ပုရိန်ဟု အမည်ပေးကာ ထိုနေရာတွင် မြို့သစ်တည်သည်။ ပုရိန်မြို့သည် လောင်းကြက်နှင့် ပေါင်းတုတ်ချောင်းငယ်တစ်ခုသာလျှင် ခြားသည်။ တောင်ဘက်နယ်နိမိတ်သည် ပေါင်းတုတ်ချောင်း ဖြစ်သည်။ ယခုအခါ တိမ်ကောနေပေပြီ။ လေးမြို့မြစ်ကမ်းကို မျက်နှာပြု၍ တောင်တန်းငယ်တစ်ခုကို ကျောထောက်နောက်ခံပြုထားသည်။ ကုလားတန်မြစ်နှင့် လေးမြို့မြစ်အကြား မဟာဗျူဟာ အချက်အချာကျသည်။ နှောင်းပိုင်း မြောက်ဦးခေတ် ဘုရင်များ ရွှေ့တန်းစစ်မြေပြင် နေရာဖြစ်သည်။ အေဒီ ၁၁၂၃ တွင် ကောလိယမင်း၏သား ဒသရာဇာသည် ပုရိန်ကို အသစ်တဖန် တည်ဆောက်သည်။ ဒုတိယပုရိန်ဟု အချို့က ခေါ်ကြသည်။

## ခြိတ်မြို့ (အေဒီ ၁၁၄၂–၁၁၅၄)

ပုရိန်မြို့တွင် အနန္တသိရိနတ်ရွာစံပြီးနောက် အေဒီ ၁၁၄၂ ခုနှစ်တွင် ၎င်း၏ညီ မင်းဘုန်းစား နန်းတက်သည်။ ၎င်းသည် ပုရိန်ကို မနှစ်သက်၍ မြောက်ဘက်ကို ဆန်တက်ပြီး လေးမြို့မြစ်၏ချောင်းလက်ထက်ဖြစ်သော ခြိတ်ချောင်း ဖျားတွင် ခြိတ်မြို့ကို တည်သည်။ မြောက်ဦးမြို့မှ မြောက်ဘက် (၉)မိုင်ခန့်အကွာတွင် တည်ရှိသည်။ လူသူ အရောက်အပေါက်နည်း၍ ချောင်ကျသည်။ လုံခြုံရေးရ ရွေးခဲ့ရဟန်တူသည်။ ကောင်းကင်ဓာတ်ပုံအရ ဧက(၃၀)ခန့် ကျယ်ဝန်း၍ တစ်ဘက်လျှင် ၁၂၀၀ ပေခန့်ရှိသော စတုရန်းပုံ နန်းမြို့ရှိသည်။ နန်းမြို့၏အပြင်ဘက်တွင် ကျဉ်းမြောင်း သော ကျုံးငယ်ဖြင့် ဝန်းရံထားသည်။ ဓညဝတီ၊ ဝေသာလီကဲ့သို့ နန်းမြို့အပြင်ဘက်တွင် ပတ်လည်ဝန်းရံထားသော မြို့တံတိုင်း မတွေ့ရဘဲ တောင်ဘက်နန်းမြို့ရိုးနှင့် ပြိုင်၍တံတိုင်းတစ်ထပ် တွေ့ရသည်။ ပေ ၃၅၀၀ ခန့်ရှည်သည်။ ရန်သူများ တောင်ဘက်အရပ် လေးမြို့ကမ်းမှတဆင့် လာရောက်တတ်သောကြောင့် ဖြစ်နိုင်သည်။ ထိုမြို့တွင် မင်း (၃)ဆက် ၁၂ နှစ်ခန့်သာ နန်းစံကြ၍ **ဖတ်မရ** များ မကျန်ရစ်ခဲ့ရခြင်း ဖြစ်နိုင်သည်။

## ဒုတိယစမ္ဗဝက် (အေဒီ ၁၁၅၄–၁၁၆၃)

ခနုရှုပေါမင်းသည် ခြိတ်မြို့တွင် ၃ နှစ်ခန့် နန်းစံပြီးနောက် ၁၁၅၄ ခုနှစ်တွင် စမ္ဗဝက်မြို့တော်ရာ၌ ဒုတိယ စမ္ဗဝက်မြို့ကို တည်သည်။ ၎င်းဘုရင် ထိုအမတ် စလက်ာဗိုလ်က လုပ်ကြံပြီး (၁)နှစ်နန်းစံသည်။ ၎င်းနောက် ခနုရှုပေါ ၏သား ပဥ္စူသင်က ဤမြို့တွင် (၂)နှစ် နန်းစံသည်။

## မြို့ဟောင်းတောင်ငူ (အေဒီ ၁၁၆၃–၁၂၅၀)

ဒုတိယစမ္ဗဝက်မြို့တွင် ပဥ္စူသင်မင်းသည် (၂)နှစ်ခန့် နန်းစံပြီးနောက် စွန့်ခွာခဲ့ပြီး အေဒီ ၁၁၆၃ ခုနှစ်တွင် မြို့ဟောင်းတောင်ငူကို တည်ထောင်သည်။ ဤမြို့သည် လေးမြို့မြစ်၏ အရှေ့ဘက်ကမ်းနဖူးတွင် တည်ရှိသည်။ နေရဥ္စရာဟူလည်း ရခိုင်သမိုင်းတွင် ဖော်ပြကြသည်။ လောင်းကြက်မြို့၏အရှေ့ဘက်တည့်တည့် လေးမြို့မြစ်ကြီးခြား လျှက် တည်ရှိသည်။ မြစ်ရေတိုက်စားမှုကြောင့် မြို့ရာပျောက်လုမတတ် ဖြစ်နေပေပြီ။ ရခိုင်မင်းသမီးဧချင်း အပိုဒ် ၂၂ တွင် **"ဧပိမ့်တခြင်း၊ ထိုမြို့တွင်းဝယ် သုံးမင်းတွင်လှာ၊ ကြမ္မာကန်လတ်၊ မက်စလင်ဗိုလ်၊ ပြိုးသိုရန်ခင်း၊ ပုန်ကန်လျှဦး၍၊ တင်းခဲ့တချက်၊ စမ္ဗဝက်၌၊ အသက်သုံးနှစ်၊ ခန္ဓာပစ်မှ၊ တိုင်းချစ်တွင်မည်၊ စိုးမင်းသည်ကို၊ ပြည့်၌ဗိုလ်လူ၊ ကြိုက်မူသနား၊ ရှင်ရိုးသားဟု၊ မြောက်စားစီရင်၊ ဘိသိက်တင်မှ၊ ထိုတွင်မထောင်၊ တောင်၏ထုရှူ၊ မြို့တောင်ငူ၌၊ တည်မူစဉ်လျှက်"** ဟူ၍ တွေ့ရသည်။ စမ္ဗဝက်၏ တောင်တည့်တည့်တွင်ဟု ဆိုသည်ကို သတိမူရမည် ဖြစ်သည်။ ဤမြို့တွင် မဥ္စူသင်မှ အလောမာဖြူမင်းထိ ၁၇ ဆက်နှစ်ပေါင်း(၈၈)နှစ်ကြာမျှ အုပ်ချုပ် မင်းလုပ်ကြသည်။

## ဒုတိယလောင်းကြက်မြို့ ( အေဒီ ၁၂၅၁–၁၄၀၆)

မြို့ဟောင်းတောင်ငူမင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော အလောမာဖြူသည် ယင်းမြို့တွင် တစ်နှစ်နန်းစံပြီး နောက် ပညာရှိများ၏ ဗေဒင်ကိန်းခန်းအရ မြို့သက်ကုန်ပြီးဖြစ်ကြောင်း လျှောက်ထားကြ၍ လေးမြို့ကို ကူးကာမြို့ရာ ရှာဖွေလေသည်။ မူးမတ်ပညာရှိများ၏ ရွေးချယ်အကြံပြုချက်အရ အေဒီ ၁၂၅၁ ခုနှစ်တွင် ပထမလောင်းကြက်မြို့ရာ ဟောင်းတွင်ပင် ဒုတိယလောင်းကြက်မြို့တော်ကို တည်လေသည်။ မြို့တော်မြို့ကို တည်လေသည်။ မြို့တော်ရှာဖွေရန် အတွက် မင်းခမ်းမင်းနားဖြင့် လေးမြို့မြစ်ကို ကူးလာခဲ့ရာ လောင်းကြက်မြို့ရာအနီး ကမ်းနဖူးကို ဦးတိုက်ခါနီးတွင် ရှင်ဘုရင်စီးလာသည့် လှေလောင်းတော်ဦးပိုင်ကို တောကြက်ဖတစ်ကောင် ဖြတ်သန်းပြန်သန်းခဲ့သည်။ ၎င်းကို အတိတ်နိမိတ်ယူ၍ **"လောင်းကြက်"**ဟုတွင်သည်။ ပညာရှိဟူးရားတို့က မြို့သက်ရှည်အံ့၊ တိုင်းပြည်ဧချမ်း သာယာအံ့ ဟူ၍ နမိတ်ဖတ် လျှောက်တင်ကြလေသည်။ ယခုအခါ လောင်းကြက်မြို့၏ တည်နေရာမှာ မြစ်လယ်က ကျွန်းတစ်ကျွန်း ပေါ်တွင် ကျရောက်နေပေပြီ။ ဘုရားများကို ရေတိုက်စားမှု ရွာသားများက ရွှေ့ပြောင်းကာကွယ်ထားပြီးဖြစ်သော်လည်း နန်းမြို့နန်းတော်ကုန်းမှာ မြစ်ရေက ဝါးမြိုခဲ့ပေပြီ၊ ယဉ်ကျေးမှုလက်ရာများ မည်၍မည်မျှ ပျောက်ကွယ်ဆုံးရှုံးခဲ့သည်ကို မခန့်မှန်းနိုင်ချေ။

ဤမြို့တော်တွင် မင်းပေါင်း ၁၈ ဆက်၊ နှစ်ပေါင်း ၁၅၅ နှစ်ကြာ အုပ်ချုပ်မင်းလုပ်ကြသည်။

# "မြောက်ဦး ရွှေမြို့တော်"

## သမိုင်းနောက်ခံ

လောင်းကြက်မြို့တွင် ၁၈ ဆက်မြောက်မင်းဖြစ်သော မင်းစောမွန်သည် မိဖုရားစောစစ်နှင့် အေဒီ ၁၄၀၄ ခုတွင် နန်းတက်သည်။ ထိုအချိန်တွင် လောင်းကြက်၏ နိုင်ငံရေးအခြေအနေမှာ မငြိမ်သက်လှချေ။ နန်းလုမင်းများ မကြာခဏဆိုသလို ပေါ်ပေါက်တတ်ပြီး နယ်စားနယ်ပယ်စားများကလည်း သူတလူ ငါတမင်းနှင့် ဗဟိုဖြစ်သော မြို့တော်၏ အုပ်ချုပ်ရေးသြဇာအာဏာ ထိရောက်မှု မရှိလှချေ။ ဤသို့နှင့် နှစ်ပေါင်းများစွာ ကြာခဲ့ပြီးဖြစ်သည်။ တစ်တိုင်းပြည်လုံးကို အုပ်ချုပ်ရန် မဆိုထားဘိ လောင်းကြက်မြို့တော်၏ အုပ်ချုပ်ရေးမှာပင် ခပ်ယိုင်ယိုင်ဖြစ်နေပေပြီး၊ နောက်ဆုံးတွင် ဘုရင့်အတွက် အားကိုးရဆုံးသော ကိုယ်ရံတော်တပ်ကိုပင် ချုပ်ကိုင်နိုင်စွမ်း မရှိတော့ပေ။ ဤအခြေအနေတွင် အင်းဝ မင်းခေါင်သည် သားတော်မင်းရဲကျော်စွာကို လောင်းကြက်မြို့ ချီတက်တိုက်ခိုက်စေသည်။ အေဒီ ၁၄၀၆ ခုနှစ်တွင် လောင်းကြက်မြို့ကျ၍ မင်းစောမွန်သည် ဘင်္ဂလားကို တိမ်းရှောင်သွားလေသည်။

လောင်းကြက်မြို့ကျဆုံး၍ တစ်နှစ်အကြာတွင် မင်းစောမွန်၏ညီ သံတွဲစားမင်း ခရီသည် ဟံသာဝတီ ရာဇာဓိရာဇ်၏အကူအညီ စစ်သားငါးထောင်နှင့် ပူးပေါင်းကာ လောင်းကြက်မြို့ကို တိုက်ခိုက်သည်။ အေဒီ ၁၄၀၇ တွင် ရရှိသည်။ ၎င်းနောက်တွင် အင်းဝမှတဖန် စစ်ချီလာပြန်သည်။ ဤနည်းဖြင့် လောင်းကြက်မြို့အပါအဝင် ရခိုင်ဒေသ တစ်ခုလုံးသည် ၂၄ နှစ်တာမျှ အင်းဝနှင့် ဟံသာဝတီတို့၏ အချင်းချင်းစစ်ပြိုင်ကြရာ စစ်တလင်း ဖြစ်ခဲ့ရလေသည်။

ဤကာလအတွင်းတွင် မင်းစောမွန်သည် အနောက်သူရတန်မင်းထံ ခိုလှုံနေရာသူရတန်မင်းတွင်လည်း စစ်မက်နှင့်ရင်ဆိုင်နေရ၍ မင်းစောမွန်အား မည်သို့မည်မျှ အကူအညီ မပေးနိုင်ခဲ့ချေ။ ထိုအချိန်တွင် ဒေလီမင်းသည် သူရတန်မင်းအား စစ်ခင်းလာခဲ့ရာ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များအပြင် အထူးလေ့ကျင့်ထားသည့် နွားပေါက်မအရွယ်ခန့်ရှိ စစ်ခွေးကြီးများပါ၊ ပါဝင်တိုက်ခိုက်ကြလေသည်။ မင်းစောမွန်လည်း သူရတန်ဘုရင်အား ကူညီရန် အခွင့်အရေးနှင့်ကြုံ၍ ၎င်းက ဦးစီးကာ တိုက်ခိုက်ပေးသည်။ ခွေးကြီးများအား သံမျှားတွင် တပ်ထားသော အမဲသားများဖြင့် စားသောက်စေကာ သတ်ဖြတ်စေသည်။ ဆင်မြင်းတို့အား ကျင်းတူးစေကာ ကျင်းအောက်တွင် သံစူးများထောင်၍ ဖမ်းဆီးသတ်ဖြတ်ပစ်လေသည်။ ဤနည်းဖြင့် အင်အားကြီးမားသော ဒေလီစစ်တပ်ကြီး အောင်မြင်ခဲ့လေသည်။ ၎င်းအပြင် မင်းစောမွန်သည် သူရတန်၏စစ်တပ်အား တောရိုင်းဆင်ဖမ်းနည်းနှင့် လေ့ကျင့်နည်းကိုပါ သင်ကြားပို့ချပေးသည်။ သူရတန်ဘုရင်လည်း ဤကျေးဇူးကို ထောက်ထား၍ မင်းစောမွန်အား ရခိုင်ထီးနန်းကို ပြန်လည်ရရှိရေးအတွက် စစ်တပ်ကြီးတစ်တပ်ဖြင့် ကူညီလေသည်။ မင်းစောမွန်သည် အေဒီ ၁၄၂၉တွင် မြန်မာသက္ကရာဇ် (၇၉၁)ခု ကဆုန်လဆန်း(၁)ရက် ကြာသပတေးနေ့တွင် လောင်းကြက်ထီးနန်းကို ပြန်လည်ရရှိခဲ့လေသည်။ မင်းစောမွန်သည် လောင်းကြက်တွင် (၂)နှစ်ခန့် နန်းစံပြီးနောက် နန်းတော်ကို မိုးကြိုးခခြင်း၊ ငန်းမြွေတက်ခြင်း၊ ငှက်ဆိုးနားခြင်း၊ စသည့်မကောင်းသော အတိတ်နမိတ်များနှင့် ကြုံတွေ့ရသည်။ ၎င်းကိုယ်တိုင်ကလည်း အင်းဝ၊ ဟံသာဝတီသားတို့ မကြာခဏ စိုးစံခဲ့ခြင်း၊ သွေးထွက်သံယိုဖြစ်ခဲ့ခြင်းတို့ကြောင့်၊ နှလုံးမသန့် ဖြစ်နေခဲ့သည်။ မင်းစောမွန်အဖို့ ဘင်္ဂလားတွင် စစ်ပြေးဘဝခိုလှုံနေရစဉ်က စစ်ရေးနိုင်ငံရေးအတွေ့အကြုံများ ရင့်ကျက်ပြီးဖြစ်ရကား တိုင်းပြည်ကောင်းစားရေး အခိုင်အမာတောင့်တင်းရေးအတွက်ဆိုလျှင် အရာရာကို စွန့်လွှတ်စွန့်စား အသင့်ရှိနေခဲ့ပြီဖြစ်သည်။

၎င်းနောက် မင်းစောမွန်သည် ကာကွယ်ရေးစနစ်များ ပြည့်စုံသော မြို့တော်သစ်ရရှိရေးအတွက် ရှာဖွေရန် ရွှေလှေ၊ ငွေလောင်းများစီမံ၍ လေးမြို့မြစ်အတိုင်း ဆန်တက်လာခဲ့လေသည်။ ဤအဖွဲ့တွင် မျိုးမတ်ပညာရှိ ဟူးရားတတ်၊ စစ်သည်များကို ဘုရင်ကိုယ်တိုင် ကွပ်ကဲအုပ်ချုပ် လိုက်ပါလာသည်။ အနောက်ဘက်ချောင်း လက်တက်သို့ဝင်၍ မြို့ရာရှာလေသော် ရွှေတောင်ထက်မှ ဦးပေါင်းအကျီနှင့် အလွန်တင့်တယ်သော လူကြီးတစ်ယောက်သည် တံပိုးပုလွေကို မှုတ်၍ စောင့်ကြိုလင့်သည်။ ၎င်းက ခေါ်လတ်၍ ရွှေတောင်အနီးသို့ ချဉ်းကပ်လေလျှင် ရွှေတောင်၏အနောက်ဘက် ခါးပန်း၊ ဂဠုန်တောင်ထက်မှ ယခင်နည်းတူ ခေါ်ပြန်သည်။ ထိုဂဠုန်တောင်၏အရှေ့ ပါးချောင်းဖျားတစ်ခုအဝသို့ ချဉ်းကပ်မိလေလျှင် ဘုရင်နှင့်အဖွဲ့သည် ထူးဆန်းအံ့သြဖွယ်ရာ အချင်းအရာများကို ဤသို့မြင်တွေ့ရသည်။ ဘုမ္မစိုးနတ်တို့သည် ယက်သဲ့ ပုလိုင်းကို ပွေ့ချီလျှက် မိန်းမယောင်ဆောင်ပြီးသော် ထိုချောင်း၏တောင်ဘက်၊ မြောက်ဘက်

အသီးသီးနေရာယူကြလျှက်၊ တောင်ဘက်က မိန်းမက မြောက်ဖက်က မိန်းမကို **"ဟယ်ယောက္ခမြောက်ဦး"**ငါးရ၏လော ဟု မေးသည်။ ထိုအခါ ရပါ၏ဟု မြောက်ဘက်က မိန်းမကပြန်ပြောလေသည်။ တဖန်မြောက်ဖက်က မိန်းမသည် တောင်ဘက်က မိန်းမကို **"ဟယ်ယောက္ခဝသဲး "ငါးရ၏လော**ဟု မေးမြန်းပြန်သည်။ **"ရပါ၏"**ဟု တောင်ဘက်မှ ဖြေပြန်သည်။ ဤသို့ အပြန်အလှန်ပြောဆိုသော စကားကို မင်းနှင့်တကွ မှူးမတ်ပညာရှိတို့ ကြားလေသော် မြောက်အရပ်သည်ကား **"မြောက်ဦး"**၊ တောင်အရပ်သည်ကား **"ဝသဲ"**ဟု သိရှိကြလေသည်၊ ၎င်းနောက် မြောက်ဦးတွင် ဂဋ္ဌုန်တောင်ခြေရင်းမှ မြောက်ဦးချောင်းဖျားကို ဆက်လက်ရှာဖွေကြလေရာ လက်ယာရစ်ပေါက်သော သင်နွယ်တောတွင်းသို့ အရောက်တွင် ထူးဆန်းအံ့ဩဖွယ်အဖြစ်အပျက်များကို တွေ့ရသည်။ ကြောင်သည် ကြွက်ကိုလိုက်ရာ သင်နွယ်တော အရောက်တွင် ကြွက်က ကြောင်ကို ပြန်၍လိုက်သည်။ တဖန်ငယ် ချေ(ဂျီ)တစ်ကောင်ကို ကျားကလိုက်၍ သင်နွယ်တောသို့ ရောက်သော် ချေငယ်က တဖန် ကျားကို လိုက်ပြန်၏။ နောက်တဖန် မြွေကဖားကို လိုက်ပြန်ရာ ရှေးနည်းတူ သင်နွယ်တောရောက်လျှင် ဖားက မြွေကို လိုက်၍ မြွေက ပြေးပြန်လေသည်။ မြွေကိုဖားက ဖမ်းမိ၍ မြိုလေရာ မမြိုနိုင်ပဲ ကျန်ရစ်သောအပိုင်းကို မင်းစောမွန်က အံ့ဩစွာဖြင့် တွေ့မြင်ရလေသည်။ အခြင်းအရာကို ပညာရှိပုဏ္ဏားတတ်တို့အား တိုင်ပင်ရာ ဘူမိနက်သန်မြေကျန် လက္ခဏာပြည့်စုံကြောင်း လျှောက်ထား၍ နန်းတော်ရာအဖြစ် ရွေးချယ်လေသည်။ မြေကို ရှင်းလင်းရာ ခမောင်းပင်ကြီးတစ်ပင်ကို တွေ့၍ ခုတ်လှဲရာ ခမောင်းပင်ကြီး၏ ခေါင်းတွင် တောက်တဲ့ အဖြူငါးကောင်ကို တွေ့ရသည်။ ပုဏ္ဏားပညာရှိတို့က သဘော်ဖပြုတ်ရောက်၍ တိုင်းပြည်ချမ်းသာကြွယ်ဝအံ့။ မြို့တော်တွင် စိုးစံခဲ့ကြသော မင်းတို့လည်း ငါးပါးသီလမြဲကြအံ့ဟု နမိတ်ဖတ်ကြသည်။ ၎င်းပြင် နန်းတော်ဆောက်အံ့ဟု မြေရှင်းလင်းစဉ် သက်ကြီးအို တစ်ဦးသည် လာရောက်၍နေရာကောင်းကို ညွှန်ပြသည်။ ထိုနေရာကို တူးဖော်ရှင်းလင်းရာ တောင်ဘက်နားက မြေဖြူ တစ်စဥ့်အိုး ရရှိ၍ မြောက်ဖက်နားက မြေနီတစ်စဥ်းအိုး ရရှိပြန်သည်။ မြေဖြူရရှိသော အတိတ်နမိတ်အတိုမှာ စိုးစံသောမင်းတို့မှာ ထီးဖြူဆောင်းမင်းတို့ကြီး ဖြစ်ကြ၍ ဆင်ဖြူရတနာပိုင်ဆိုင်ကြမည်။ မြေနီရသောအလိုမှာကား စိုးစံသောမင်းတို့မှာ ထီးဖြူဆောင်းမင်းတို့ကြီး ဖြစ်ကြ၍ ဆင်ဖြူရတနာပိုင်ဆိုင်ကြမည်။ မြေနီရသောအလိုမှာကား စိုးစံသောမင်းများမှာ သတ္တိကောင်းကြ၍ နန်းသက်ရှည်ကြမည်။ ကုန်စည်ပေါများမည်ဟူ၍ဖြစ်သည်။

ဤသို့ နိမိတ် အတိတ်တရင်းကို တွေ့မြင်ရ၍ မင်းနှင့်တကွ မှူးမတ်ပုဏ္ဏားတတ်ပညာရှိတို့သည် ဤအရပ်ကား ဤအရပ်ကား ဘူမိနက်သန် အောင်မြေမှန်ပြီး မြို့တည်အံ့ဟု အခါကို ကြည့်လေသော် မြို့တည်မင်းသည် ကြာသပတေးသားဖြစ်၍၊ **"မိန်လက်ကန်ဝန်း"**နှင့် မြို့တည်မူ မင်းကား အသက်ရှည်၍ မြို့သက်တိုမည်။ သုံးနှစ်တွင် ပျက်လတ္တံ့။ **"ကန်လက်တင့်စန်း"** နှင့် မြို့တည်မူ မင်းကား သုံးနှစ်သာရှည်၍ မြို့သက်တမ်းမှာ ရာကျော်ကိန်းရအံ့ဟူ၍ ပုဏ္ဏားတပ်တို့က လျှောက်ထားကြလေသည်။ ထိုအခါ မင်းစောမွန်လည်း ငါကား အသက်တိုပါစေ၊ မြို့သက်ကိုသာ ရှည်စေအံ့။ နောင်လာမည့် ငါ့သား၊ ငါ့မြေး၊ စဉ်ဆက်ကြီးပွားထွန်းလင်း ရှည်လျှားပါစေဟူ၍ **"ကန်လက်ကန်စန်း"** ကိန်း၌ မြို့နှင့်နန်းကို တစ်ပြိုင်နက် တည်လေသည်။ မြို့တည်သောကိန်းနှင့် ခုနှစ်မှာ အေဒီ ၁၄၃၀၊ မြန်မာသက္ကရာဇ် (၇၉၂)ခု၊ တော်သလင်းလဆန်း(၁)ရက် တနင်္ဂနွေဖြစ်သည်။ အေဒီ ၁၄၃၀ ခုနှစ်ဖြစ်သည်။ မြို့၏အရပ်ရှစ်မျက်နှာတွင် နတ်ကြီးရှစ်ရပ် တည်သည်။ နံစန်းသင့်အောင် ထိုထိုသောအရပ်တို့၌ အကာကြီး အကာငယ်တစ်တောင် စီရင်သည်။

နန်းရာကုန်းရပ်သူ　=　ဂမုန်းဖြူ
ဝသဲ၊ ရပ်သူ　=　စံကြွဖြူ
ဘားဘူတောင်ရပ်သူ　=　စံကားဖြူ
လက်ကောက်ဈေးရပ်သူ　=　ညာစိမ်းဖြူ
ဆင်ချဆိပ်ရပ်သူ　=　ဝါဂွမ်းဖြူ
ကျောက်ရစ်ကေရပ်သူ　=　ဆောင်းရင်းဖြူ
ပြင်ဈေးရပ်သူ　=　ချရားဖြူ
ဘုရားပေါ်ရပ်သူ　=　ကြာပန်းဖြူ
ဘောင်းဒွတ်ရပ်သူ　=　ဒေါနဖြူ

မြောက်ဦးမြို့သူရုပ်သားများသည် ရှေးဘုရင်များလက်ထက်ကပင် အစဉ်အလာရှိခဲ့သည့်အတိုင်း နယုန်လရောက်တိုင်း မြောက်ဦးမြို့စောင့်နတ်များကို ပူဇော်ပသမြဲ ဖြစ်ပါသည်။

## မြောက်ဦးမြို့စောင့် နတ်ပတ်သံသာခြင်း

ရက္ခမဏ္ဍိုင်၊ ရခိုင်မှန်ဖူး၊ မင်းဗာပြင်ပြု စောမွန်တည် ရွှေမြောက်ဦးလေ------ရွှေမြောက်ဦး------
မြောက်ဦးဝသဲ၊ တစ်ပေါင်းတည်း လေတပ်တစ်ပေါင်းတည်း။
(နန်းရပ်ကုန်းသူ ဂမုန်းဖြူလေ ဂမုန်းဖြူ) ချစ်ခင်ယုယ
မြို့ပိုင်မလေ----မြို့ပိုင်မ
ကာယဝဇီ---မနောချီလေ----မနောချီ-------
သုံးလီရိုကျိုး----လက်စုံမိုးလေ -----လက်စုံမိုး -----
ဖျားဆီးရောဂါ----ဝေဒနာလေ -----ဝီးစွာလည်သျှင်း
အောင်ဆုနင်းလေ----အောင်ဆုနင်း
စီးမျိုးကင်းလေ--------စီးမျိုးကင်း------
စီးပွားလာတ်လာ ------ရတနာလေ ------ဥစ္စာကြွယ်ဝ----ချမ်းသာရလေ---
ချမ်းသာရ -----စပါးနှင့်ဆန် ----ဒူးပိုင်ကျွန်းဆန်-----ဆန်ခုံရီစွတ်--------
ဖြိုးဖြိုးတက်လေ----ဖြိုးဖြိုးတက်----တစ်ခါရသာ -----နတ်ဩဇာလေ-----
များစွာကြိုင်မွှီး---နှချေသီးလေ -----နှပြောသီး------
နတ်မျိုးနတ်ဆွိ၊ သောင်းတပ်၊ အညီထောင်သောင်း မြို့တော်ပေါင်းလေ မြို့တော်ပေါင်း-----
အောင်ပါစီ သပြေပန်းနဲ့----ရီချမ်းကိုလောင်း----(ဂမုန်းဖြူ)
မာစီကြောင်း စွဲရီချမ်းလောင်း ----------

**မှတ်ချက်၊ ။ လက်သဲကွင်းထဲနတ်အမည်ကို ပြောင်းလဲ၍ ဆိုရသည်၊**

**မြောက်ဦးမြို့တည်ခြင်းနှင့်ပတ်သက်၍ ရခိုင်စာပေသမိုင်းတွင် အထင်ကရ တခမ်းတနား ဖော်ပြကြပေသည်၊**

### ရခိုင်မင်းသမီးချောင်း

ရေတွက်သက္ကရာဇ်၊ ခုနှစ်ကိုးဆယ်၊
ခွန်ဝယ်နှစ်သော်၊ လတော်သလင်း
လျှံဝင်းထွန်းညီ၊ ရဝီနေထွက်
ဆန်းတစ်ရက်ဝယ်၊ ကန်လက်ကန်စန်း
မြို့နှင့်နန်းကို၊ ကျိန်းခန်းစင်စစ်
တည်သိုလစ်၍[၁]-------

---

၁။ အဒူမင်းညို-ရခိုင်မင်းသမီးအပိုဒ်-၃၁(ဟံသာဝတီ)

**ရာဇဝင်လင်္ကာ**

ခန္ဓာကိုယ်သက်၊ မငဲ့တွက်တည်း၊ အုပ်ကျက်များစွာ
ဝေနေယျာကို၊ ဂရုဏာရွှေဉာဏ်၊ ကျင့်ဖူးတန်ကို
ဖန်ဖန်စိတ်သွင်၊ မင်းမင်းတကာ၊ ပို့ခဲ့စွာသား၊
အခါစန်းလပ်၊ သိလျက်နှင့်သာ၊ နှစ်ကောဇာမူ၊
ခုနှစ်ရာကိုးဆယ်၊ စွန်းဝယ်နှစ်ခု၊ ရတုဝသန်
ကံတော်သီလင်း၊ လမင်းဆန်းလက်၊ တရက်မှန်လှ၊
သုရစ္စဒီဝါ၊ လျံဖြာလင်းထိန်၊ တနင်္ဂနွေနေ့
မရွှေကီလင်္ဂ၊ နံက်အခါ၊ ရတနာလျံလန်း၊
ရွှေနန်းကျုံးမြို့၊ အစို့စို့ကို၊ မင်းလိုဖွယ်ရာ၊
ကျယ်စွာ ခင်းကျင်း၊ တည်ထုံလျင်းသည်၊ နန်းခင်းမြို့ရာစသတည်း၁၊

**ရခိုင်ရာဇဝင်လင်္ကာ**

ဘုန်းကြွယ်ညွန့်သန်၊ မင်းစောမွန်သည်၊ အမှန်မပျက်
မြို့လောင်းကြက်ကို၊ တနက်စိုက်ဆောက်၊
စိုးအုပ်မြောက်သော်၊ ထွန်းတောက်နန်းမ
ဥက္ကာသံ၌၊ စိုးထတစ်နှစ်၊ နေသည်ပြစ်မှ၊
တလှစ်ယင်းက၊ သိကြားပြသား၊ မိုးဝရောင်ရှူး၊
သော်တာမြူးသို့၊ မြောက်ဦးမည်သာ၊ မြို့အောင်ချာကို
တည်လှာပြုလှစ်။ သက္ကရာဇ်ကား၊ ဒွေးဖြစ်နဝါ
သတ္တသာတည်း၊၂

၁။ ရာဇဝင်လင်္ကာ ဦးစံတင် (ရမ်းဗြဲ)ပေမူ **“ဂီ”ချပ်**
၂။ ရခိုင်ရာဇဝင်လင်္ကာ ယဉ်ကျေးမှု စာ-၄၀

## ရခိုင်မြို့တည် ဗိသုကာကျမ်း

ခုနှစ်ရာကိုးဆယ်၊ စွန်းဝယ်နှစ်ဖော်၊ လတော်သီလင်း။
လျံဝင်းထွန်းညီး၊ ထွက်ပြီးနေတတ်၊ ဆန်းတရက်၌
မြောက်ဦးမြို့သာ၊ တည်ခြင်းရာကား၊ တောင်ညိုကုက္ကား၊
နှစ်ပါးတူညီ၊ ဘုမ္မိနက်သန်၊ မြေကြန်သင့်ရာ
ယင်းသည်မှာလည်း။ အကာအင်သီး၊ ထားထုံပြီးမှ
တည်ထွေမြို့နန်း၊ ကန်စန်းကန်လင်
တစ်ထောင်သက်ကို၊ မပျက်ထိုရော်
ဆက်တက်သော်ကား၊ အရာထောင်သောင်း
ကျိန်းခန်းအောင်း၏[၁]-----------

## ဝါးကျောင်းဆရာလင်္ကာ

ညေပြည်တွင်၊ ရေကြည်မြမြ၊ ချမ်းအေးလှသား၊
ဂစ္ဆပနဒီ၊ မှိုင်းရီရီလွင်၊ မြစ်ဆီလင်္ကျာ
ရွှေမျက်နှာဝယ်၊ ပြည်သမဏ္ဍိုင်၊ ချက်ခရိုင်ဟု
ရခိုင်ညွှန့်ဖူး၊ မြို့မြောက်ဦးတွင်၊ မည်ထူးသမုတ်
တည်ခုတ်တွင်လျက်၊ တည်လုပ်သည်နှစ်၊ သက္ကရာဇ်မူ
ရာခုနှစ်ခု၊ ကိုးဆယ်ပြုသား၊ နှစ်ခုစွန်းတွင်
ထီးနန်းကစ၊ ပြဋ္ဌာန်းချလျက်၊ မင်းလှစောမွန်
အုပ်စိုးစံ၏[၂]--------------

## ရခိုင်သာစွလေ လင်္ကာ

ပွင့်သည်ထီးဖြူ ဆက်ကာထူလျက်၊ နေမူနှစ်နှစ်၊
တိုးမမြင်သော်၊ ကလှစ်သင်းက၊ သိကြားပြသား
မိုးဝရောင်မြူး၊ ကြယ်သောက်ရှူးသို့၊ မြောက်ဦးမည်သာ
မြို့အောင်ချာကို၊ တည်ကာစင်စစ်၊ သေမည်ဖြစ်လည်း
မြေးမြစ်စင်ဆက်၊ ဘုန်းညွှန့်တက်လျှက်၊ မပျက်ပွားစည်၊
ရှည်လက်မည်ကို၊ မြင်သည်အမှန်၊ အထုံးစီသည်၊
သောင်းခွင်မဏ္ဍိုင်၊ ရခိုင်သာဆောင်၊ သာစွလေ ------
ရခိုင်သားလေ----သာစွလေ------

---

၁။　ရခိုင်မြို့တည် ဗိသုကာကျမ်းနှင့် ယတြာကျမ်း (ယဉ်ကျေးမှု) စာ ၄၈
၂။　ဝါးကျောင်းဆရာပဏ္ဍိုတ် (ရမ်းဗြဲ) ရာဇဝင်လင်္ကာ စာ ၄၉

# နန်းတော်ရာကုန်း

မင်းစောမွန်သည် မြို့တော်သစ်တည်ရန်ဆန္ဒဖြင့် သင့်တော်သော မြေနေရာကို ကြိုးစားရှာဖွေခဲ့ရာ တောင်ကုန်း တောင်စွယ်များ ဝိုင်းပတ်ရန်ကာ သဘာဝရေအိုင်များဖြင့် ရှုချင်စဖွယ်ဖြစ်သော မြောက်ဦးနေရာကို မဟာဗျူဟာ ကာကွယ်ရေးရှုဒေါင့်မှ ရွေးချယ်ခဲ့လေသည်။ မူးမတ်ပညာရှိများ၏ အကြံပေးချက်အရ နန်းတော်ရာအဖြစ် တောင်ညိုတောင်၊ ကုက္ကားတောင်နှင့် မွန်လေးတောင်တို့ကို ဖြိုချ၍ မြေညှိလေသည်။ လုံခြုံရေးအတွက် မြေဖို့ကာ တံတိုင်းကာရံသည်။ နန်းမြို့အဖြစ် မင်းနှင့်မိဖုရားတို့သာ စံစားနေထိုင်သည်။ နန်းတော်ကုန်းသည် မြို့တော်၏အလယ် ဗဟိုချက်တွင် ခမ်းနားထည်ဝါစွာ တည်ရှိသည်။

နန်းတော်ကုန်းကို အဆင့်သုံးဆင့် တံတိုင်းသုံးထပ်ဖြင့် မြင့်တင်ကာရံ ပြုလုပ်ထားသည်။ နောက်ဆုံးအဆင့်မှာ အရှေ့အနောက် ၁၇၄၀ ပေ၊ တောင်မြောက် ၁၆၀၆ပေ ရှိသည်။ ဤအဆင့်၏အစိတ်အပိုင်း အတော်များများမှာ ယခုအခါ မရှိတော့ပြီ။ အင်္ဂလိပ်တို့က ၁၈၂၆ ခုတွင် စစ်တွေမြို့သစ် တည်ဆောက်ရေးစီမံကိန်း မင်းကြီးကျောက်တန်း ပြုလုပ်ရန်အတွက် ပြောင်းခဲ့၍လည်းကောင်း၊ ဒေသခံအိမ်များ ဆောက်လုပ်ရာတွင် အသုံးပြုကြ၍လည်းကောင်း၊ လမ်းခင်းကျောက်အဖြစ်လည်းကောင်း၊ အသုံးပြုခဲ့ကြသည်။ အထူးသဖြင့် ကျူးကျော်အိမ်များ ဆောက်လုပ်ထားသဖြင့် ယခုအခါ ဤအစိတ်အပိုင်းမှာ မထင်ရှားတော့ချေ။ သိသာသောမြေတွင် ပေါ်ထွက်ပိုင်းအဖြစ် အနိမ့်ဆုံးအဆင့်၏ အရှေ့တောင်ဘက်ခြမ်း၊ ဝရစ်တောရပ်ကွက်တွင် မြင်တွေ့နိုင်ပါသည်။ တံတိုင်းနံရံ၏အမြင့်မှာ ၂၅ ပေခန့်ထိ ရှိသည်။

ဤနန်းတော်ကုန်းအား ရခိုင်ဘုရင်အဆက်ဆက်တို့သည် မကြာခဏ ပြင်ဆင်မွမ်းမံခဲ့ကြသည်။ အဓိကကျသော ပြင်ဆင်မှုကို မြန်မာသက္ကရာဇ် ၈၉၃ ခုနှစ် သီတင်းကျွတ်လဆန်း (၂)ရက် စနေနေ့တွင် မင်းပါကြီး ခေါ် မင်းဘင်က ပြုပြင်ခဲ့သည်။

ဒုတိယအဆင့်မှာ အရှေ့အနောက် ပေ ၁၀၀၀နှင့် တောင်မြောက် ၈၀၀ပေ ရှိသည်။ ပေ ၅၀ မြင့်သော အမြင့်ဆုံးအထပ်မှာ စတုရန်ပိုရှိ၍ တစ်ဘက်စီပေ ၆၀၀ခန့်ရှိသည်။ နန်းရာကုန်းတစ်ခုလုံး ဧရိယာစတုရန်း ၁. ၂မိုင် ကျယ်ဝန်းသည်။ နန်းရာကုန်း၏ တည်ဆောက်မှုစနစ်စုံမှာ မဟာမုနိကုန်းတော် ဆင်တူပေသည်။ ရခိုင်တိုင်းရင်းသား တို့သည် ဗုဒ္ဓယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အဆင့်ဆင့် အမွေဆက်ခံခဲ့ကြကြောင်း သိရှိနိုင်ပါသည်။

နန်းတော်ရာကုန်းမြေမှာ ကာလကြာမြင့်သည်နှင့်အမျှ သဘာဝဘေးဒဏ်နှင့် အခြားသော အနှောင့်အယှက် များကြောင့် တစ်စတစ်စ ပျက်စီးယိုယွင်းလာမည် ပြောင်းလဲလာမည်သာ ဖြစ်ပါသည်။ သို့ဖြစ်ရာ ၁၈၇၀ ခုနှစ်က ဂျာမန်လူမျိုး ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာဖော်ချီမာ၏ လက်တွေ့တိုင်းတာချက်ကို နောင်လိုအပ်ပါက ပြန်လည်ပြုပြင်နိုင်ရန် ဖော်ပြအပ်ပါသည်။

ပထမထပ်၏ အတိုင်းအတာမှာ တောင်မြောက်တန်းနေသော အနောက်ခြမ်းသည် ၁၆၀၆ပေရှိ၍ အရှေ့ဘက် ခြမ်းမှာ ၁၂၀၀၀ပေရှည်သည်။ အရှေ့မှအနောက် ၁၇၄၀ ပေရှိသည်။ အနောက်ဘက် ဂိတ်မှ ဝင်ရောက်ခဲ့လျှင် ပထမတံတိုင်းနံရံမှ ဒုတိယတံတိုင်းအထိ ၁၄၀ ပေကွာ၍ ဒုတိယတံတိုင်းမှတဖန် တတိယတံတိုင်းသို့ ပေ ၂၃၇ ကွာဝေးလေသည်။ တဖန် အပေါ်ဆုံးထပ် ဂိတ်နယ်ထိ ၆၅၆ ပေရှိသည်။ ၎င်းဂိတ်မှ ဒုတိယထပ်ဂိတ်ထိ ၂၆၇ ပေ၊ ၎င်းမှတဖန် အောက်ဆုံးထပ် အရှေ့ဂိတ်ထိ ၄၄၀ ပေ ကွာဝေးလေသည်။

၎င်းနောက် အရှေ့အနောက်တန်းနေသော မြောက်ဘက်ခြမ်း အနိမ့်ဆုံး တံတိုင်းဂိတ်မှဝင်ရောက်ပါက ဒုတိယ တံတိုင်းသို့ ၂၃၃ပေ ကွာဝေးသည်။ ဒုတိယတံတိုင်းနံရံမှ အပေါ်ဆုံးထပ်နံရံထိ ၁၆၆ ပေဝေးသည်။ အပေါ်ဆုံးထပ် မြောက်ဘက်ဂိတ်မှ ရင်ပြင်ကို ဖြတ်၍ တောင်ဘက်အပေါ်ဆုံးဂိတ်ထိ ၈၇၉ ပေ၊ ၎င်းဂိတ်အမြင့်ဆုံး နံရံမှ တောင်ဘက် ဒုတိယထပ်ဂိတ်ထိ ၁၃၀ ပေ၊ ၎င်းမှ အောက်ဆုံးထပ် နံရံထိ ၄၅၀ပေရှိသည်။

နန်းတော်ကုန်း အဆင့်ဆင့်နံရံများတွင် ညီညာသေသပ်စွာ ဆစ်ထုထားသော ကျောက်သားအုတ်ကို အသုံးပြု ထားသည်။ အရွယ်အစားမှာ အမျိုးမျိုးလိုသလို ဖြတ်တောက်ထားရာ ၃ပေမှ ၆ပေထိ ရှည်လျားကြသည့် ကျောက်တစ်တုံး နှင့်တစ်တုံး သပ်ရိုက်ထားသည့်အပြင် ရခိုင်ရိုးရာဒေသဖြစ် အင်္ဂတေသရွတ်ဖြင့်လည်း ဆက်စပ်ပြုလုပ်ထားသည်။ ရိုးရာအင်္ဂတေပြုလုပ်နည်းမှာ ကျွဲနွားများ၏သားရေ၊ အမြီးနှင့်ခွာတို့ကို၊ နူးညံ့ပျော့ပြောင်းအောင် အရည်ကျိုချက်ပြီး၊

သဲ၊ ရွှံ့တို့ဖြင့် ရောနှောပြုလုပ်ထားခြင်း ဖြစ်သည်။ နှစ်ပေါင်းရာနှင့်ချီ၍ခံသည်။ နန်းရာကုန်းမှာ ဘုရင်များအတွက် အခိုင်အမာပြုလုပ်ထားသော ခံတပ်လည်းဖြစ်ရာ အမြောက်သေနတ်ရန်မှ ကာကွယ်နိုင်ရန်လည်းကောင်း၊ ကျောက်သား အုတ်ရိုးပေါ်တွင် ရဲမက်များ လှည့်လည်နိုင်ရန် လုံလောက်သော အတိုင်းထိ ထုထည်ကြီးမားလှသည်။ အောက်ခြေမှာ ၇ ပေထူ၍ အပေါ်တွင် ၇ပေထူသည်။

အပေါ်ဆုံးအဆင့်၏ အရှေ့ဘက်မျက်နှာရှိ အရှေ့တောင်ထောင့်တံခါးမှအပ အားလုံးသောတံခါးများ ပျက်စီးခဲ့ချေပြီ။ အဆိုပါတံခါးဝင်ပေါက်မှာ (၁၀)ပေခန့်ကျယ်၍ တံခါးတစ်ဘက်စီ၏ တံခါးဘောင်မှာ (၈)ပေခန့်စီ ရှေ့သို့ ထိုးထွက်နေသည်။ နံရံ၏အထူမှာ ရပေခွဲရှိ၍ ၁၂ ပေမြင့်သည်။ တံခါး၏အတွင်းဘက် နံရံ၌ မြေကြီးမှ တစ်ပေခန့် အမြင့်နှင့် ၈ ပေအမြင့် ကျောက်နံရံတွင် ၅လက်မအချင်းရှိသော အပေါက်များ တွေ့ရသည်။ ဤအပေါက်များသည် တံခါးတပ်ဆင်ရန်အတွက် ဖြစ်နိုင်သည်။ ၎င်းလှေကား၏ တောင်ဘက်နားတွင် ယွန်းတောင်ရှိသည်။ ထိုတောင်တွင် မြောက်ဦးခေတ်အခါက နာရီအဖြစ် အသုံးပြုသော ဗဟိုရ်စည်တော်ကို ချိတ်ဆွဲ၍ သွမ်းခဲ့ရာတောင်ဟု ဆိုသည်။

နန်းမြို့၏မြောက်ဘက်တံခါးကို မသာတံခါးဟု ခေါ်သည်။ ဘုရင့်တော်ဝင်မိသားစုများ၏ အသုဘအခမ်းအနား ကို ဤတံခါးပေါက်မှ ထုတ်ယူရသည်။ နန်းမြို့၏ အနောက်ဘက်အောက်ဆုံးအထပ်နှင့် အလယ်ထပ်ကြားတွင် မင်းညီ မင်းသားနှင့် သမီးတော်များအတွက် သီးသန့်ပြုလုပ်ထားသော ရေကန်သာတစ်ခု ရှိခဲ့သည်။ မြောက်ဦးခေတ် ကောင်းစား ခဲ့စဉ်က မင်းညီမင်းသား သမီးတော်များသည် ကြည်လင်သန့်ရှင်းသော ရေလွှာပေါ်တွင် လှေစီးရင်း၊ ရေကူးရင်း တပျော်တပါး အပန်းဖြေခဲ့ကြပေလိမ့်မည်။ အင်္ဂလိပ်ကိုလိုနီခေတ်က **၁၉၁၆-၁၉၁၇** ခုနှစ်လောက်တွင် တစ်စုံတစ်ခု သော ဌာနဆိုင်ရာ ကိစ္စကြောင့် မြေဖို့ခြင်း ခံခဲ့ရသည်။

သို့သော် ထီးနန်းသုံးဆိုင်ရာ တော်ဝင်ရေကန်တစ်ခုကို နန်းမြို့၏အရှေ့မြောက်ထောင့် ဒုတိယထပ်တွင် ယနေ့တိုင် တွေ့မြင်နိုင်ပေသည်။ ကျောက်သားအုတ်၊ မြေအုတ်များဖြင့် ရောနှောပြုလုပ်ထားသော ကန်ဘောင်ရှိသည်။ ယခုအခါ အချို့အဝက်သာ ကျန်တော့သည်။ ကန်ဘောင်ဘေးဘက်တွင် တစ်ဘက်စီ၌ ဂိတ်တစ်ခုစီရှိပြီး လှေကားများကို ထိုဂိတ်ကို ဗဟိုပြု၍ အတွင်းအပြင် လှေကားများရှိသည်။ တနည်းအားဖြင့် အရပ်လေးမျက်နှာမှ ရေခပ်သူများအပြင် လှေကားဖြင့်တက်၍ အတွင်းလှေကားဖြင့် ရေစပ်ထိ အလွယ်တကူ ရေခပ်နိုင်ရန် ပြုလုပ်ထားသည်။ မူလရေကန်၏ ကုသိုလ်ရှင်မှာ ရခိုင်ဘုရင် မင်းဖလောင်း (အေဒီ ၁၅၇၁-၁၅၉၃)ဖြစ်သည်။ နှောင်းပိုင်းတွင် မြန်မာမြို့ဝန်က ပြန်လည် ပြုပြင်ခဲ့သည်။ မြောက်ဦးမြို့တွင် တာဝန်ထမ်းဆောင်နေသော ထိုမြို့ဝန်ရေးထိုးထားခဲ့သော ကန်အလှူ ကျောက်မော်ကွန်း တစ်ချပ်ကို တောင်ဘက်ခြမ်းတွင် တွေ့ရသည်။ ကျောက်သားကောင်းဖြင့် ပြုလုပ်ထားပြီး ၂ပေ ရလက်မကျယ်၍ ၆လက်မထူကာ၊ ၄ပေ ၇လက်မမြင့်သည်။ မြန်မာဘာသာဖြင့် ရေးထိုးထားသည်။

ကျောက်စာအရ မြန်မာဘုရင်က ဓညဝတီမြို့ဝန်အဖြစ် ခန့်အပ်ခြင်းခံရသော မဟာမင်းကြီးကျော်စွာက ကန်ကို မြန်မာသက္ကရာဇ် ၁၁၈၃ ခုနှစ် ပြာသိုလဆန်း(၉)ရက် ဗုဒ္ဓဟူးနေ့တွင် ပြုပြင်ကြောင်း ပါရှိသည်။ ၎င်းအပြင် ကျောက်စာအရ အကျယ်တစ်ဘက်စီ ၁၃၅ပေ၊ ရေအနက် ၂၄ ပေ၊ အဝန်း ၅၄၀ရှိကြောင်း **"နံ့သာကန်"**ဟု ခေါ်ဆို ကြောင်း သိရှိရပေသည်။ ရခိုင်ရှေးထုံးပြောစမှတ်ပြုကြသော ဤကန်၏အမည်မှာ **"နန်းသားကန်"**ဖြစ်သည်။ နန်းတွင်း သူ နန်းတွင်းသားများအတွက် ပြုလုပ်ထားသောဟု အဓိပ္ပါယ်ရသည်။ ၎င်းအပြင် ဤကန်မှရေကို ရခိုင်ဘုရင်များ ဘိသိက်သွန်းရာတွင် အသုံးပြုသည်ဟု သိရှိရပေသည်။ ဘုန်းတန်ခိုးကြီးမားသော ရခိုင်ဘုရင်များလက်ထက်က ဘင်္ဂါ ၁၂ မြို့ထိ ပိုင်ဆိုင်ခဲ့ရာ ဘိသေက မင်္လာပါ ဂင်္ဂါမြစ်ရေကို လက်အောက်ခံနယ်စားမှတဆင့် ဆက်သရရှိခဲ့ပေသည်။ နှောင်းပိုင်း ဘင်္ဂါဒေသကို လက်လွှတ်ရသောအခါ ဂင်္ဂါမြစ်ရေထည့်သွင်းထားသော အဆိုပါကန်မှရေကို အစားထိုးအသုံး ပြုခဲ့ရကြောင်း ဆိုပေသည်။

အဆိုပါကျောက်စာမှာ ယခုအခါ ပျက်စီးပျောက်ကွယ်ခဲ့ပြီ ဖြစ်သည်။ ၎င်းအပြင် မင်းဖလောင်း၏ ကောင်းမှု ပြုစဉ်က ဤကန်တော်၏ ထောင့်လေးထောင့်တွင် တစ်မျက်နှာလျှင် တစ်ပေခွဲခန့်ကျယ်၍ လေးပေစီမြင့်သော ကျောက်တိုင်များ စိုက်ထားခဲ့လေသည်။ ကန်ဘက်သို့ လှည့်ထားသောဘက်၌ လက်ထဲတွင် တင်းပုတ်ကိုယ်စီဖြင့် ထုလုပ်ထားသော ဘီလူးရုပ်လေးရုပ် စိုက်ထူထားခဲ့လေသည်။ အစောင့်သဘော ဖြစ်ဟန်တူသည်။

မင်းဖလောင်းဘုရင်သည် ဤနန်းရာကုန်း၏ မြောက်ဘက်မျက်နှာတွင် အဝန်း ၇၆ ပေ ရှိသော ကျောက်ရေ တွင်းကြီးတစ်ခုကိုလည်း တူးဖော်ခဲ့လေသည်။ နန်းတွင်းမှာ ဘုရင်သောက်တော်ရေအတွက် သီးသန့်တွင်းဖြစ်သည်။

ဎင်းအပြင် နန်းရာကုန်း ဒုတိယအထပ် အရှေ့ဘက်မျက်နှာ တံတိုင်းတွင် ရှေးဟောင်းတံခါးပေါက် တစ်ခုရှိသည်။ ထိုတံခါးမှာ ဂူသဏ္ဍာန် နန်းတော်တံတိုင်းအတွင်း ငုံ၍ ဖောက်လုပ်ထားခြင်းဖြစ်သည်။ အမှန်မှာ ဘုရင်နှင့် ဎင်း၏မိသားစုအတွက် အရေးပေါ်ထွက်ပေါက် တစ်ခုသာဖြစ်သည်။ လျှို့ဝှက်အရေးပေါ် တံခါးပေါက် ဆိုသော်လည်း စစ်ပစ္စည်းအစုံအလင်တပ်ဆင်ထားသော စစ်ဆင်တစ်ကောင်ပင် အလွယ်တကူ ဝင်ထွက်နိုင်ရန် စီစဉ်ထားခြင်းဖြစ်လေသည်။

နန်းမြို့၏တောင်ဘက် အောက်ဆုံးထပ်တွင် ဘုရင်အနားယူရန် ဥယျာဉ်တော်ထားရှိခဲ့သည်။ ယခုအခါ အားကစားကွင်းနှင့် ကျောင်းဆောက်လုပ်ထားသည်။ နန်းတော်ကုန်း (သို့) နန်းမြို့တွင် အဆင့်သုံးဆင့်ရှိရာ အပေါ်ဆုံးအဆင့်သည် ဘုရင်နှင့်မိဖုရားများအတွက် ဖြစ်ရာ ဒုတိယအဆင့်သည် မင်းညီမင်းသားတို့အတွက် ဖြစ်သည်။ သို့သော် သီရိသုဓမ္မရာဇာ (၁၆၂၂-၁၆၃၀)လက်ထက်တွင် အေဒီ၁၆၃၀ခုနှစ်တွင် ပေါ်တူဂီ သံတမန်ဘုန်းတော်ကြီး မန်နရစ်ကို နန်းမြို့၏အရှေ့ဘက်ခြမ်း ဒုတိယထပ်ရှိ အဆောင်တွင် မင်းသားလေးများနှင့်အတူ ထားရှိခဲ့သည်။

နန်းမြို့ရိုးတံတိုင်းများမှာ ရန်သူများ အလွယ်တကူ မတိုက်ခိုက်နိုင်ရန် ကာရံပြုလုပ်ထားခြင်း ဖြစ်သော်လည်း မြေပြင်အနိမ့်အမြင့်ကို လိုက်၍ ပြင်ညီညီထားခြင်းဖြစ်ရာ တစ်နေရာနှင့် တစ်နေရာ အမြင့်ခြင်း မတူကြသည့်အပြင် အကွာအဝေးချင်းလည်း မတူညီကြချေ။ အရှေ့ဘက်နှင့် မြောက်ဘက်တံတိုင်းများမှာ အမြင့်ဆုံးအထပ်သည် ဒုတိယထပ်ထက် ၃၀ ပေမြင့်၍ ဒုတိယထပ်သည် အနိမ့်ဆုံးထပ်ထက် ၂၀ ပေမှ ၃၀ ပေထိ မြင့်တတ်သည်။ အနောက်ဘက်နှင့် တောင်ဘက်တံတိုင်းများမှာ ပို၍နိမ့်သည့်အပြင် တံတိုင်းတစ်ခုနှင့် တစ်ခုလည်း နီးကပ်လေသည်။

အပေါ်ဆုံးထပ်တွင် ဘုရင်နှင့်မိဖုရားများ နေထိုင်သော နန်းတော်ဆောင်များကို ဆောက်လုပ်ခဲ့သည်။ ကျွန်းသစ်များဖြင့် ဆောက်လုပ်ပြီး ရွှေပိန်းပိန်းချထားသော်လည်း ယခုအခါ လုံးဝပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ မြေအောက်မှရသော နန်းတိုင်အချို့ကိုသာ မြောက်ဦးပြတိုက်တွင် တွေ့ရသည်။ အပေါ်ဆုံးထပ် လုံခြုံရေးကို တင်းကြပ်စွာ ပြုလုပ်ထားသည်။ ဎင်းအပြင် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များအဖြစ် ဂျပန်ခေးသမား ဆာမူရိုင်းများကိုလည်း အနီးကပ်လုံခြုံရေး အိပ်ဖန်စောင့်အဖြစ် ခန့်အပ်ခဲ့သည်။ အပေါ်ဆုံးထပ်အနေနှင့် ယခုအခါ လေ့လာစရာဟူ၍ မရှိတော့ပြီ။ စိတ်ဝင်စားဖွယ်ကောင်းသော အရာတစ်ခုမှာ နန်းရာကုန်း၏အလယ် အရှေ့တောင်ဘက် ခပ်ယွန်းယွန်းနေရာလောက်တွင် သဘာဝတွင်းမဟုတ်သော တွင်းတစ်တွင်း ရှိလေသည်။ စဉ်လာစကားအရမူ နန်းရာကုန်းကို ရန်သူများ ဝိုင်းရံခံထားရပါက ဘုရင်နှင့် သူ့မိသားစုအတွက် အရေးပေါ် လျှို့ဝှက်ထွက်ပေါက်ဟုဆိုသည်။ ဤအပေါက်မှာ ဥမင်လိုဏ်ခေါင်းဝဖြစ်ပြီး မြောက်ဘက်တစ်မိုင်ခန့်အကွာရှိ သျှစ်သောင်းဘုရားဂူနှင့် တဆက်တည်းဟု သိရသည်။ အမှန်မှာ နန်းတော်အောက်ရှိ မြေအောက်လျှို့ဝှက်အစည်းအဝေး ကျင်းပရာခန်းမသို့ဝင်ရာ အပေါက်တစ်ခုသာလျှင် ဖြစ်နိုင်ပေသည်။ ဎင်းအပေါက်၏ ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်နံရံများရှိရာ တစ်ဘက်စီတွင် ၅ လက်မအချင်းရှိသော တွင်းများပါရှိသည်။ တံခါးတပ်ဆင်ရန်အတွက် အသုံးပြုခဲ့ကြောင်း သိသာလှပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်စစ်တပ်မှ ကုလားစစ်သားနှစ်ဦးသည် တွင်းထဲသို့ ဆင်းပြီး လေ့လာရေးစွန့်စားခန်း လုပ်ခဲ့ရာ ပြန်ထွက်လာနိုင်ခြင်း မရှိတော့၊ ယနေ့ထွက်တိုင် သတင်းအစအန မရရှိတော့ဟုဆိုသည်။

## ရွှေနန်းတော်

၁၇ ရာစုနှစ်ကား ရခိုင်တို့၏ ရွှေခေတ်၊ ငွေခေတ်ပင် ဖြစ်သည်။ အေဒီ-၁၅၉၉ ခုနှစ်တွင် မင်းရာဇာကြီးသည် ဟံသာဝတီအား အောင်နိုင်ခဲ့ပြီး ရန်တန်ခိုးအာဏာကျယ်ပြန့်လာသည်နှင့်အမျှ ချမ်းသာကြွယ်ဝမှုလည်း အထွဋ်အထိပ်သို့ ရောက်ရှိခဲ့လေသည်။ အထူးသဖြင့် ဟံသာဝတီမှ ဆင်ဖြူတော်ကိုပါ သိမ်းယူနိုင်ခဲ့ရာ မင်းရာဇာကြီးအဖို့ **"ဆင်ဖြူရှင်"** ဟူသော ဘွဲ့ဂုဏ်ထူးကို ရရှိပြီးဖြစ်၍ အကျေနပ်ကြီး ကျေနပ်ခဲ့ပေသည်။ အရှေ့တိုင်းယဉ်ကျေးမှု လွှမ်းမိုးသောနိုင်ငံတိုင်းတွင် သာမန်လူသား ဘုရင်တစ်ဦးအဖို့ စကြာဝတေးမင်းကို တောင့်တကြမြဲ လိုချင်ကြမြဲဖြစ်သည်။ စကြာဝတေးမင်း၏ အဆောင်အယောင်ထဲတွင် ဆင်ဖြူတော်လည်းပါဝင်ရာ မိမိ၏အထင်ကြီးမှုကို တနည်းတဖုံ အထောက်အကူဖြစ်စေလေသည်။ ရာသီဥတုကောင်းမွန်မှုကြောင့် ဆန်ရေစပါးလည်း ပိုလျှံနေလေသည်။ မြောက်ဦးမြို့တော်တွင် အခွန်အကောက်လည်းမရှိ၊ အရှေ့တိုင်းထွက်ပစ္စည်း၊ အနောက်တိုင်းထွက်ပစ္စည်း၊ ဒေသထွက်ပစ္စည်း အထူးသဖြင့် ကျေးကျွန်အလုပ်သမားထိ ကြိုက်သလို လွတ်လပ်စွာ ရောင်းဝယ်နိုင်ပေရာ အိမ်နီးချင်းနိုင်ငံများမှ ကုန်သည်ကြီးများအဖို့ သည်းခြေကြိုက်ပင်ဖြစ်သည်။ မြောက်ဦးမြို့တော်သို့ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော ကုန်သည်များ၊ သင်္ဘောများဖြင့် ပြည့်လျှမ်းနေလေသည်။ ထိုစဉ်က ကုန်သွယ်မှုကို ဘန်းပြပြီး နယ်ချဲ့ရန်အကြံဖြင့် ရောက်လာကြသော အနောက်တိုင်းသားများအဖို့လည်း ဘင်္ဂလားမှ စစ်တောင်းမြစ်ဝအထိ ထိန်းချုပ်ထားသော ရခိုင်ရေတပ်မတော်အား စိုးရွံ့ကြသည်။ သွေးတိုးစမ်း၍ မရမှန်းသိသောအခါ ဝင်ရောက်အမှုထမ်းကြသည်။ ဤနည်းဖြင့် ဥစ္စာဘဏ္ဍာကြွယ်ဝချမ်းသာမှု ရှိသည့်အပြင် တဘက်မှလည်း နှောက်ယှက်ဖျက်ဆီးမည့် အဖျက်အန္တရာယ်လည်း ကင်းဝေးခဲ့လေသည်။ ဤသို့မြောက်ဦးခေတ်၏ သမိုင်းဖြစ်ရပ် အခြေအနေများကို တင်ပြခြင်းမှာ ယခုအခါ ကျောက်တံတိုင်းကြီးမှအပ ပျောက်ကွယ်ပြီးဖြစ်သော မြောက်ဦးနန်းတော်၏ ခမ်းနားထယ်ဝါမှုကို ပြန်လည်ထင်ဟပ်လာစေရန် ဖြစ်သည်။ ၎င်းပြင် ထိုစဉ်က မြောက်ဦးနန်းတော်ကြီးအား မျက်ဝါးထင်ထင်တွေ့မြင်ရပြီး မှတ်တမ်းတင်လာခဲ့ကြသော စာပေ အထောက်အထားများကိုလည်း သံသယမဝင်စေရန် ဖြစ်သည်။ ယခုအခါ မြောက်ဦးမြို့သို့ လာရောက်လည်ပတ်ကြသူများအဖို့ ကျောက်သားပကတိတံတိုင်း သုံးထပ်ကာရံ၍ အဆင့်သုံးဆင့်ပြုလုပ်ထားသော မြောက်ဦးနန်းတော်ရာကိုသာ မြင်တွေ့နိုင်ပေသည်။

ဆောင်နန်းပြသာဒ်တို့မှာ သစ်သားဖြင့် ပြုလုပ်ထား၍တကြောင်း၊ ကာလကြာမြင့်ခဲ့ပြီးဖြစ်၍တကြောင်း၊ ယခုအခါ မတွေ့ရှိနိုင်တော့ချေ။ မြောက်ဦးနန်းတော်နှင့်ပတ်သက်၍ ဒီဂျီအီးဟောလ်က ယခုအခါ ကျောက်သားဖြင့် ဆောက်လုပ်ထားသော နန်းရာကုန်းမျှသာ ကျန်ရှိတော့သည်။ ကျွန်းသစ်သားဖြင့် ပြုလုပ်ထားသော နန်းတော်အဆောက်အဦးမှာ မတွေ့ရှိရတော့။ သို့သော် အခြားသော အရှေ့တိုင်းမြို့များကဲ့သို့လည်းကောင်း၊ ပုဂံ၊ အင်းဝ၊ မန္တလေး စသော မြန်မာမြို့များကဲ့သို့ ကျုံး၊ တံတိုင်း၊ ပစ္စင်၊ ရင်တား၊ ပြသာဒ်၊ မျှော်စင်၊ စည်တော် စသည်ဖြင့် ဘုရင်နေပြည်တော် လက္ခဏာအင်္ဂါရပ်များဖြင့် ရှိခဲ့ပေလိမ့်မည်ဟု ကောက်ချက်ချထားပေသည်။

ရခိုင်ရာဇဝင်အလိုအရ သီရိသုဓမ္မရာဇာသည် အေဒီ ၁၆၂၂ တွင် ဘေးလောင်းတော် မင်းဗာကြီး ပြုလုပ်တော်မူခဲ့သော မြို့၊ ကျုံး၊ ရင်တား၊ တံခါး၊ ပြအိုး၊ ပစ္စင်၊ တန်ဆောင်း၊ ပြသာဒ်၊ ဇရပ်၊ တံတား၊ ရေတွင်း၊ ရေကန်၊ ဘုရား စသည်တို့ ပျက်စီးကြလေရာ ထပ်မံပြုပြင်တော်မူသည်ဟု တွေ့ရသည်။ ဤအချက်သည် အရှေ့တိုင်း နေပြည်တော် အင်္ဂါရပ်များနှင့် တူညီကြောင်း သိသာနိုင်ပေသည်။

အေဒီ ၁၆၃၀ ခုနှစ်တွင် ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်သည် မြောက်ဦးမြို့တော်သို့ စွန့်လွှတ်စွန့်စား ရောက်ရှိခဲ့လေသည်။ ထိုအချိန်မှာ မြောက်ဦးရွှေနန်းမှာ သီရိသုဓမ္မရာဇာ စိုးစံနေသောကာလဖြစ်သည်။ သီရိသုဓမ္မရာဇာမှာ ဟံသာဝတီနိုင်ငံ မင်းရာဇာကြီး၏ မြေးဖြစ်၍ မန်နရစ်ရောက်သောအချိန်မှာ မြောက်ဦးခေတ်၏ ဘုန်းတန်ခိုးအာဏာစက် အပြန့်နှံ့ဆုံး၊ အကြွယ်ဝဆုံး၊ အေးချမ်းသာယာဆုံးသောအချိန်နှင့် တိုက်ဆိုင်နေပေသည်။ မန်နရစ်သည် သူမြင်ရသော တွေ့ရသော မြောက်ဦးမြို့တော်အကြောင်းကို မှတ်တမ်းတင်ခဲ့ရာ နန်းတော်အကြောင်းလည်း ပါရှိပေသည်။ ထိုအချိန်က မန်နရစ်အပါအဝင် နိုင်ငံခြားသားများအား မြို့ပြင်ဘက် အနောက်အရပ်ရှိ ဒိုင်းဂျီဘက်တွင်

ထားခဲ့သည်။ ၎င်းအရပ်မှ နန်းတော်ကြီးကို မြင်တွေ့ရပုံကို ပန်းချီဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း မှတ်တမ်းတင်ခဲ့သည်။

မန်နရစ်က အခန်း(၁၇)တွင် ဒိုင်းကျီဘက်မှကြည့်လျှင် ရွှေနန်းတော်ကြီးကို အထင်းသား မြင်တွေ့နိုင်ပေသည်။ မိုင်ဝက်ခန့်သာ ဝေးခြင်းကြောင့်တစ်ကြောင်း၊ နန်းတော်ကြီးမှာ တောင်ကုန်းပေါ်တွင် တည်ရှိ၍တကြောင်း၊ တို့ကြောင့်ဖြစ်သည်။ နန်းတော်၏တည်ဆောက်ဟန်မှာ ကျွန်ုပ်ရောက်ဘူးခဲ့သော မဟာမုနိဘုရားကြီး ပရဝုဏ်နှင့် များစွာပင်ဆင်တူလေသည်။ နန်းမြို့ရိုးသုံးထပ်ဖြင့် ကာရံထားရာ အားလုံးကျောက်သားပကတိ ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်ထားသည်။ အပြင်ဘက်တံတိုင်း၏ အဝန်းမှာ ကိုက် ၂၀၀၀ ခန့်ရှိ၍ တစ်ဘက်စီ၏အလျားမှာ တစ်မိုင်၏လေးပုံတစ်ပုံခန့်ရှိသည်။ ညီလာခံသဘင် ကျင်းပရာအဆောင်နှင့် သီးသန့်ဆောင်များသည် နန်းမြို့အပေါ်ဆုံးထပ် ဗဟိုတွင်တည်ရှိ၍ အရှေ့အနောက်ကိုက် ၂၁၈ ကိုက်၊ တောင်မြောက် ၂၉၃ ကိုက်ရှိသော မြေကွက်ပေါ်တွင် တည်ရှိသည်။ ဆောင်နန်းပြသာဒ်များကို ကျွန်းသစ်ဖြင့် ပြုလုပ်ထားရာ၊ သစ်စေးသရိုးကိုင်ပြီး ရွှေပိန်းပိန်းချထားသည်။ အတွန့်အလိမ်၊ အညွန့်အတက်တို့ဖြင့် တန်ဆာဆင်ထားသော ဘုံနန်းပြသာဒ်အဆင့်ဆင့်တို့မှာ လွန်စွာတင့်တယ်လှပ ကျက်သရေရှိလှပေသည်ဟု ရေးသားထားပေသည်။

အခန်း(၁၈)တွင်လည်း နန်းတော်သို့ သွားရောက်သောအခါ ကျွန်ုပ်အား တင်ဆောင်လာသောလှေသည် နန်းမြို့အနောက်ဘက် တံခါးဝကို ဦးတည်နေသော ကမ်းထိပ်ရှိ ဆိပ်ကမ်းလှေကားထစ်များ အနီးတွင် ကပ်ပေးသဖြင့် ထိုနေရာမှ တက်ခဲ့ရသည်။ ကျွန်ုပ်သည် နန်းတော်သို့ ဝင်ခွင့်ရှိသူများနှင့်အတူ တံခါးကို ဖြတ်သန်းဝင်ရောက်ခဲ့ပြီး၊ ပထမ၊ ဒုတိယ၊ တန်တိုင်းများကို အသီးသီးဖြတ်သန်းခဲ့သည်။ ၎င်းနောက် ရွှေနန်းတော်ကြီး၏ တံခါးဝသို့ရောက်ရှိခဲ့လေသည်။ ထိုနေရာမှကြည့်လျှင် ပကတိ နန်းတော်ကြီးကို ကျွန်ုပ်၏ရှေ့တွင် မားမားမတ် မြင်နေရသည်။ အချိုးအစားကျညီညာဖြောင့်တန်းလျက် ရှည်လျားမြင့်မားသော နန်းတော်တိုင်လုံးကြီးများမှာ "အံ့သြကုန်နိုင်ဘွယ်ဖြစ်တော့သည်" ဟူ၍ ညီလာခံခန်းမကြီး၏ အတွင်းဘက်အမြင်ကို တစိတ်တဒေသ ဖော်ပြခဲ့ပေသည်။

အခန်း(၁၉) ဆင်ဖြူတော်ခန်းတွင်လည်း သူ့အား ဘုရင်မင်းမြတ်က နန်းတော်သို့ ဝင်ခွင့်ပြုပေပြီ၊ ဘုရင်မင်းမြတ်ထံခစားပြီးနောက် နန်းတော်အတွင်းသို့ လှည့်လည်လေ့လာခွင့် ပေးသနားတော်မူပါသည်။ ရွှေရောင်တဝင်းဝင်းနှင့် အဆန်းတကြယ် မွမ်းမံဆောက်လုပ်ထားသော မြောက်ဦးရွှေနန်းတော်အတွင်း မြင်တွေ့ရသမျှသည် သူ့အတွက် အံ့မခန်းဖြစ်ရတော့သည်။ နန်းတော်အတွင်း တာဝန်ရှိ မင်းမှုထမ်းများသည် သူ့အား အဆောင်တစ်ခုထဲသို့ ခေါ်သွားကြသည်။ ထိုအဆောင်မှ အခန်းများကို နံ့သာဖြူ နံ့သာနီ၊ သနပ်ခါး၊ စန္ဒကူး စသည့်မွှေးကြိုင်သည့် သစ်သားများ၊ ပျဉ်ပြားများဖြင့် ကာရံခင်းကျင်းထားပေသည်။ ထိုအခန်းများကို ဖြတ်သန်းခဲ့ပြီးနောက် **"ရွှေဆောင်"**ဟု ခေါ်သော အခန်းကျယ်ကြီးတစ်ခုသို့ ရောက်ရှိသွားလေသည်။ ထိုအခန်း၏ ပတ်ပတ်လည် နံရံတို့တွင် ရွှေကို အပြားခတ်၍ တပ်ထားသည်။ မျက်နှာကြက်တစ်ပြင်လုံးတွင် ရွှေပြားတွန့်များဖြင့်လည်းကောင်း၊ ပုံသွန်း၍လည်းကောင်း၊ အဆန်းတကြယ် ပြုလုပ်ထားသော ဗူး၊ ဖရုံ၊ အရွက်အနွယ်တို့ဖြင့် အံ့မခန်းပြင်ဆင်ထားလေသည်။"ဟူ၍ နန်းတော်တွင်းရှိ အခန်းများ အနေအထားကို ဖော်ပြထားပေသည်။

အထက်တွင် ဖော်ပြခဲ့သော မန်နရစ်၏ ရေးသားချက်များမှာ မြောက်ဦးနန်းတော်နှင့်ပတ်သက်သော ၁၆၃၀-ခုနှစ်က အခြေအနေပင်ဖြစ်သည်။

ယခုအချိန်ကား ၁၆၃၅ ခုနှစ် ဇန်နဝါရီလအချိန် ဖြစ်သည်။ မြောက်ဦးမြို့၏ အချမ်းဆုံး အအေးဆုံးအချိန်ဖြစ်၍ မြူနှင်းများ အုတ်ဆိုင်းနေလေသည်။ မြောက်ဦးမြို့တော်သို့ ရောက်ရှိခဲ့သည် (၅)နှစ်ပြည့်မြောက်ခဲ့လေပြီ။ တိုက်တိုက်ဆိုင်ဆိုင် ကြုံရခဲသော သီရိသုဓမ္မရာဇာဘုရင်၏ ရာဇဘိသေက မင်္ဂလာအခမ်းအနားနှင့် ကြုံကြိုက်နေပေသည်။ မန်နရစ်သည် ဘုရင်မင်းမြတ်၏ အထူးဖိတ်ကြားချက်အရ သံတမန်တစ်ဦးအနေဖြင့် တက်ခွင့်ရရှိခဲ့လေသည်။ မြောက်ဦးမြို့တော်ကား အထူးပင် လှပသစ်လွင်နေလေသည်။ ဘုရင်မင်းမြတ်၏ ရာဇဘိသေက မင်္ဂလာအခမ်းအနားဖြစ်၍လည်း နန်းတော်တစ်ခုလုံး အစွမ်းကုန် ပြင်ဆင်ထားသည်။ ထိုနေ့နံနက် မန်နရစ်သည် အခမ်းအနားတက်ရောက်ရန်အတွက် နန်းတော်သို့အလာ ဆောင်းရာသီ၏ မြူနှင်းအကြား၊ ထိုးဖောက်ဝင်ရောက်လာသော နေခြည်ပြပြအောက်တွင် ပြိုးပြိုးပြက်ပြက် အရောင်ထွက်၍ လှချင်တိုင်းလှနေသော ရွှေနန်းတော်ကြီးကို မြင်တွေ့ရလေသည်။ **"နန်းတော်ကြီး၏ ပြင်ပန်းသဏ္ဌာန်**အဖြစ် ယခုကဲ့သို့ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပေသည်။

မြို့ရိုးသုံးထပ်ကာရံထားသော နန်းမြို့တွင်းသို့ ဝင်မိသောအခါ နေထွက်စပြုလေပြီ၊ နေရောင်ခြည်တို့လည်း

ရွှေချထားသော နန်းတော်ကြီး၏ အမိုးပေါ်သို့ လင်းနီဖြာလျက်ရှိသောကြောင့် နန်းတော်တစ်ခုလုံးကို ပကတိရွှေသားဖြင့် ဆောက်လုပ်ထားသကဲ့သို့ ရွှေရောင်တဝင်းဝင်းနှင့် ရှိနေပေတော့သည်။ ထို့ကြောင့်ပင် မြောက်ဦးမြို့တော်သို့ ရောက်ဖူးခဲ့ကြသော နိုင်ငံခြားသားတို့က ရွှေနန်းတော်ကို ရွှေသားအစစ်ဖြင့် မိုးထားသည်ဟု ဆိုကြခြင်း ဖြစ်ဟန်တူပေသည်။ ညီလာခံသဘင်ကျင်းပရာ ရွှေနန်းဆောင်စ အုတ်အမိုးတွင်ကား ပန်းပု ရုပ်လုံးများဖြင့် ထွင်းထုထားပြီး ရွှေရောင် နောက်ခံနှင့် ဟသ်ာပြဒါးနံသုတ်လိမ်းထားသော တိုင်လုံးများပေါ်တွင် တည်ရှိပေသည်။ ဤမျှဆိုလျှင် မြောက်ဦး၏ ရွှေနန်းတော်နှင့် ပတ်သက်၍ ရုပ်လုံးပေါ်လောက်ပြီဖြစ်ရာ မန်နရစ်၏ အခြားဖော်ပြချက်များကို ဖော်ပြရန် မလိုတော့ပါ။

## ရှင်ထွေးနှောင်းနှင့် မြောက်ဦးရွှေနန်းတော်

ရှင်ထွေးနှောင်းကား ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်၏ သမီးတော်ရင်းဖြစ်သည်။ အေဒီ ၁၅၉၃-၁၆၁၂ ခုနှစ်အတွင်း မြောက်ဦးတွင် နန်းစံခဲ့သော မင်းရာဇာကြီးအား တောင်ငူဘုရင်က ဆက်သလိုက်သော ပဲခူးမင်းသမီးပင် ဖြစ်သည်။ မြောက်ဦးသို့ ရောက်ပြီးနောက် မင်းရာဇာကြီး၏ တန်ဆောင်မိဖုရားကြီးအဖြစ် ချီးမြှောက်ခြင်း ခံရသည်။ နောက်ဆက်ခံသော ဘုရင်အဆက်ဆက် မယ်တော်ကြီးအဖြစ် အရေးပေးခြင်း ခံရသည်။ ရှင်ထွေးနှောင်း မြောက်ဦးသို့ ရောက်သောအချိန်ကား မြောက်ဦးမြို့တော်နှင့် နန်းတော်မှ လိုလေသေးမရှိ ပြင်ဆင်ထားပြီး ဖြစ်နေပြီ။

တောင်တန်း တောင်နွယ် အသွယ်သွယ်မှာ မည်သည့်နေရာမျှ လစ်လပ်သည်မရှိ စေတီ၊ ပုထိုး၊ ဆောင်နန်း၊ ပြဿဒ်တို့ဖြင့် တင့်တင့်တယ်တယ်ရှိသည်။ မိမိမွေးရပ်မြေနှင့်မတူ တမူခြားပြီး စိမ်းလန်းနေသော ရေမြေတောတောင် သဘာဝကြည်နူးဘွယ်ရာ မြစ်ချောင်းအသွယ်သွယ်က ရစ်သွယ်ခွေပတ်ပြီး စီးဆင်းနေပုံတို့ကိုလည်းကောင်း၊ တောင်ခိုး ဝေဝေ၊ မြူခြေဆိုင်းဆိုင်း၊ ညို့မှိုင်းရီဝေနေသော တောင်တန်းတောင်စွယ်များအလယ်၊ မိုးတိမ်ယံသို့ ပျံ့ဝဲဘနန်း အံ့မခန်း အဆန်းတကြယ် ဆောက်လုပ်ထားသော မြောက်ဦးရွှေနန်းတော်အား တဖိတ်ဖိတ်တောက်ပလျှက် ငွါးငွါးစွင့်စွင့်ထိုးထွက် နေသည့် ဟန်ကိုလည်းကောင်း တွေ့ထိခံစားမိပေလိမ့်မည်။ ထိုအခါ ရတုစာဆို နတ်သျှင်နောင်၏ နှမရင်းပီပီ မြောက်ဦး ရွှေနန်းတော်အား ပိုက်စုံရတုဖွဲ့ကာ ချီးကြူးဂုဏ်ပြုခဲ့လေသည်။ စာဆို၏ စေ့စပ်သေချာစွာ သီကုံးနိုင်မှုကြောင့် အတိတ်ကာလမှ မြောက်ဦးရွှေနန်းကို တပြောင်ပြောင် တလက်လက်နှင့် မြင်ယောင်လာစေလေသည်။

(၁) တက်ထွန်းလတ်နေ
(၂) စက်ဝန်းပတ်ခွေ — အပြည့်အစုံကို ရှေးဟောင်းမြို့တော် စာ-၅၉ တွင်ကြည့်ရန်
(၃) သက်ကျွန်းလတ်ဆွေ

(၁) တက်ထွန်းလတ်နေ၊ လက်ယာခွေ၍၊ ဥဒေတောင်ထွင့်၊ သောင်းကျွန်းပတ်၍၊ ထွန်းတတ်သောင်းသောင်း၊ မောင်းလည်းပြန်ခေါက်၊ သောက်ခြည်ရောက်က၊ ထွန်းတောက်ပြောင်သူ၊ နေနှစ်ဆူလျှင်၊ ထွက်ပြူသည်လော၊ တွေးထင် မောစွ၊ ပေါပေါတောင်ညို၊ လယ်ထိပ်ပိုထက်၊ ဗဟိုရွှေနန်း၊ ခေါင်စွန်းငါးဆင့်၊ ခြသေ့်သင့်လျက်၊ ယပ်နှင့်စမြင့်၊ မိုးပြင်ကြွား ကြွား၊ သိကြားလျှပ်စွဲး၊ ပျံ့ဝဲဘနန်း၊ မကင်းကွက်စုံ၊ ပွင့်ငုံချပ်ကြာ၊ ကိန္နရာသွင်၊ ထောင့်တွင်ယွန်းမို့၊ ရို့ရို့ရွှားရွှား၊ စောင့်နတ်သားနှင့်၊ ယပ်မားဆင့်တန်း၊ ဒေါင်းလျှင်ပန်းရုံ၊ ပဒုံကြာလျှောက်၊ ကြက်မောက်ကြက်တိုက်၊ ထီးစိုက် ထောင်တန်၊ ရွှေဒေါင်းယွန်သို့၊ လုံ့ချွန်မှန်ဖူး၊ လင်းရောင်မြူးသည်။ စည်ရှူးထွန်းချက်၊ မှန်တကား။

(၂) စက်ဝန်းပတ်ခွေ၊ ကျွန်းလုံးမွှေမျှ၊ ဥဒေခေါ်မှန်း၊ ဗွေထွန်းများမြောင်၊ ကုဋေထောင်ထိ၊ မြင့်တောင်ထိပ်မှာ၊ ဝေယန္တာနှင့်၊ ပမာတမျှ၊ တူမောလှချင့်၊ ပါဒနက်သန်၊ ဗီတာန်ညောင်ရွက်၊ ကွမ်းချက်တောင်တဲ၊ အောင်ဆွဲလူလူ၊ ချလည်းသွင်သွင်၊ ကြယ်လပြင်ထိ၊ ပုံ့ဝင်ကိုးပါး၊ မျက်စုံနားလျက်၊ ချူးသားပြောက်နွယ်၊ ဆန်းကြယ်ဖော်ထုတ်၊ ဖွေနှုတ် ညွှတ်ညောင်း၊ စုံပေါင်းများဖျင်၊ လည်တွန်ရင်ဘတ်၊ စိန်ရွက်ငုံချွန်း၊ ပန်းလည်းချိန်သင့်၊ ဆိုင်၍ပွင့်သို့၊ ဝတ်ရင့်ချိုပျား၊ ယူစားကျေးငှက်၊ တောင်ရှက်စာပြန်၊ ခွံဝယ်ဟန်လည်း၊ သဏ္ဍာန်မခြား၊ ထွေထွေများကို၊ သိကြားဘုံမှာ၊ သာကြပါလိမ့်၊ ဘယ်မှာခွဲခြမ်း၊ ရေနိုင်စွမ်းချိမ့်၊ မှောင်ထွန်းညဥ့်တွင်း၊ မီးသို့သွင်းသည်။ လျှံလင်းမချွတ်ဟန်တကား။

(၃) ဘက်ကျွန်းလတ်ထွေ၊ ဇမ္ဗူမြေ၌၊ မင်းနေဘုံသာ၊ လောကနာ၏၊ ရတနာစုံ၊ ရောင်တုံလျှံမြေ့၊ ကွေ့ကွေ့ လက်လိမ့်၊ မွန်းတိမ်လက်ဟန်၊ ငုံဟန်စိန်ကြောင် မျက်ဖြတ်၊ နဝရတ်၏စကား၊ ဆတ်သွားရိုးခိုင်၊ မြင့်ဆိုင်ပလ္လင်၊ ဉက္ကသံလုံး၊

ကုံးသို့အတန်၊ မျက်ပြန်ခြယ်ပြီး၊ စံထီးရောင်ရွှန်း၊ ကြင့်နန်းဥရူ၊ နှစ်ဆိုင်ပြိုင်တောက် ထီးဖြူအောက်ဝယ်၊ ပြီးပြောက်ပျံ့ထွား၊ ဝေပူဖျားဝယ်၊ အုန်းတားလက်တင်၊ မျက်ရှင်မြနှစ်၊ နားရစ်ခြည်သန်း၊ ခါးပန်းပဍ္ဍုန်၊ စမ့်ုကြာပြန်၊ ရွှေသလွန်ထက်၊ မိုယ်းစွန်တိမ်သွင်၊ ဇာဘုရင်ကို၊ ပုံပြင်လွမ်းထား၊ အုန်းသားရွှေပြောက်၊ ဓနုဖောက်လျှက်၊ ရိုက်ခေါက်သံတောင်း၊ အနီမောင်းသည်။ ။ ညောင်စောင်းနတ် စက်ဟန်တကား။ ။

နန်းရာကုန်းနှင့် ဆက်နွယ်လျက် စေတီတစ်ဆူ ရှိလေသည်။ ရွှေဂူတောင်ဘုရား ဟုခေါ်သည်။ နန်းမြို့၏အရှေ့မြောက်ဘက် တောင်ကုန်းငယ်တစ်ခုပေါ်တွင် တည်ထားသည်။ နန်းမြို့အပေါ်ဆုံးအထပ်မှ ဖူးတွေ့နိုင်သည်။ ရှေးအခါက နန်းတော်မှ နေ့စဉ်အာရုံခံနိုင်ရန် တည်ထားခဲ့ခြင်းမျိုး ဖြစ်နိုင်လေသည်။ ဤစေတီနှင့် နန်းမြို့မှာ ရိုးရာယဉ်ကျေးမှု ရှု့ထောင့်အရလည်းကောင်း၊ သမိုင်းရေးရှုထောင့်အရလည်းကောင်း၊ ဆက်နွယ်မှုရှိကြောင်း တွေ့ရသည်။ နန်းရာကုန်း၏ စနစ်ပုံမှာ ဓညဝတီ မြို့ဟောင်းရှိ မဟာမုနိဘုရားကုန်းတော်၏ စနစ်ပုံနှင့် တူညီကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ တဖန် ရွှေဂူတောင်ဘုရားနှင့် မြောက်ဦးနန်းရာကုန်း၏ တည်ရာအနေအထားသည် ဓညဝတီနှင့် မဟာမုနိဘုရားတို့၏ တည်နေ ရာအနေအထားနှင့် တူညီကြသည်။ ဤသို့ ဘုရားများသည် မြို့၏အရှေ့မြောက်ထောင့်တွင် တည်ထားကိုးကွယ်ခြင်းသည် ရှေးကျသော ဗုဒ္ဓယဉ်ကျေးမှု အရိပ်လက္ခဏာတစ်ခုပင် ဖြစ်ပေသည်။ သီရိလင်္ကာ၊ ယိုးဒယား၊ ဖုနန်ရှိ ရှေးဟောင်း မြို့တော်များတွင်လည်းကောင်း၊ မြန်မာနိုင်ငံမှ ပျူမြို့တော်ဟောင်းများတွင်လည်းကောင်း၊ ဤလက္ခဏာများကို တွေ့ရလေ့ရှိသည်။[၁] သို့ဖြစ်ရာ မြောက်ဦးခေတ် ဘုရင်များသည် ရှေးဘေးဘိုးစဉ်ဆက် အစဉ်အလာကို ဆက်ခံထိမ်းသိမ်းကြသူများအဖြစ် မှတ်ယူနိုင်ပေသည်။

ဤမျှလျှင် မြောက်ဦးရွှေနန်းတော်ကြီးအကြောင်းကို ရုပ်လုံးပေါ်ပြီဟု ယူဆရပေသည်။ ဤသို့ ဆန်းကြယ်ခမ်းနားစွာ တည်ဆောက်ခဲ့သော ရွှေနန်းတော်မှာ အများအားဖြင့် အရှေ့တိုင်းသားတို့၏ ဓလေ့ထုံးစံအတိုင်း ဒေသထွက် သစ်များဖြင့်သာ တည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်။ သစ်နှင့်ပတ်သက် ဖော်ပြလိုသည်မှာ ဘုရင့်နန်းတော်အတွက် ပြည်သူအများက မည်သို့အထွဋ်အမြတ်ထားကာ ပါဝင်ဆောင်ရွက်ရပုံကို ရခိုင်သမိုင်းတွင် တွေ့ရပါသည်။

"တရံရောအခါ ဘုရင်မင်းဖလောင်းသည် ရွှေနန်းတော်ဆောက်အံ့ဟု အကြံဖြစ်၍ နိုင်ငံတော်အတွင်း ဇနပုဒ်တိုင်းအား ရွာကြီးရွာငယ်တို့ကို အုပ်စိုးနေကြကုန်သော မှူးတော် မတ်တော်တို့အား တံဆိပ်အမှတ် ရွှေစာနှင့် စေလွှတ်တော်မူလေသော် ထိုထိုသော ဇနပုဒ်၊ ခရိုင် မြို့ရွာကြီးငယ်တို့ကို အုပ်စိုးနေကြကုန်သော မှူးတော်မတ်တော်တို့သည် အမိန့်တော်ရွှေစာကို ဦးထိပ်ထက် တင်ရွက်၍ တောတောင်အနှံ့ရှာဖွေလျှက် ဗိသုကာကျမ်းနှင့်အညီ ထူးဖျားသစ်၊ ချောင်းကူးသစ်၊ အူတောင်တင်သစ် စသော တစ်ဆယ့်ခြောက်ပါးသော အပြစ်ကင်းစင်သော သစ်တို့ကို ဆောင်ယူခဲ့၍ ဘုရင်အားဆက်သတော်မူကုန်၏။"[၂] တွေ့ရသည်။ ဤသစ်များဖြင့် ဆောက်လုပ်ထားသော ရွှေနန်းတော်မှာ မန်နရိတ် ဖော်ပြထားသော"အချိုးအစားကျ ညီညာဖြောင့်တန်းလျှက်ရှိသော မြင့်မားလှသည့် နန်းတော်တိုင်လုံးကြီးများ"ဟု အံ့မခန်း ဖော်ပြထားသော နန်းတော်တိုင်လုံးကြီးများပင် ဖြစ်ပေမည်။ မန်နရိတ်ရောက်ရှိသွားသောအချိန်မှာ ၁၆၃၀ ဖြစ်ရာ နှစ်ပေါင်း ၅၀ မျှသာ ကွာခြားသောကြောင့် ဖြစ်သည်။

## မြို့ရိုး၊ ကျုံး၊ ခံတပ်များ

မြောက်ဦးရွှေမြို့တော်၏ စိတ်ဝင်စားဘွယ်ကောင်းလှသော ကာကွယ်ရေးအစီအမံများ ဖြစ်သည့်မြို့ရိုး၊ တန်တိုင်း၊ ကျုံး၊ ခံတပ်များအကြောင်း မလေ့လာမီ မြောက်ဦးမြို့တော်အရင်က လောင်းကြက်ခေတ်၏ ဖြစ်ပျက်ခဲ့သော သမိုင်းအခြေအနေများကို တစေ့တစောင်း လေ့လာသင့်ပေသည်။ လောင်းကြက်မြို့၏ နိုင်ငံရေးအခြေအနေနှင့် ပထဝီဝင်အနေအထားများသည် မြောက်ဦးအား အရည်အချင်းပြည့်မှီသော ခံတပ်မြို့အဖြစ် ပြောင်းလဲခဲ့ပေသည်။ ပြီးခဲ့သော အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း အေဒီ ၁၅ ရာစု အစပိုင်းကာလများတွင် ရခိုင်တို့၏မြို့တော် လောင်းကြက်မြို့သည် အထက်မြန်မာနိုင်ငံ အင်းဝနှင့် အောက်မြန်မာနိုင်ငံ ပဲခူးတို့၏ အားပြိုင်ကြရာ စစ်တလင်းဖြစ်ခဲ့လေသည်။

---

၁။ A guide to Mrauk U- P- 104

၂။ ရခိုင်ရာဇဝင်သစ် စာ-၈၆

လောင်းကြက်ဘုရင် နရမိတ်လှခေါ် မင်းစောမွန်သည် ဘင်္ဂလားဘုရင် ဆူလတန်ထံ ခိုလှုံခဲ့ရသည်။ မင်းစောမွန်သည် မိမိထီးနန်းကို ပြန်လည်ရရှိသောအခါ မိမိဆုံးရှုံးခဲ့ရသော အခြေအရပ်ရပ်တို့ကို လေ့လာသုံးသပ်ကြည့်ခဲ့ရာ လောင်းကြက်မြို့၏တည်နေရာ ပထဝီဝင်အနေအထားသည် ကာကွယ်ရေးဘက်တွင် အားနည်းစေခဲ့ကြောင်း လေ့လာဆန်းစစ်မိသည်။ မင်းစောမွန်တို့မရှိခိုက် လောင်းကြက်မြို့ကို အုပ်ချုပ်ခဲ့သော အင်းဝဘုရင်ခံနှင့် ပဲခူးဘုရင်ခံတို့သည်လည်း ကြာရှည်မခံနိုင်ကြ။ မင်းစောမွန်နည်းတူ ကောင်းစွာ မကာကွယ်နိုင်ခဲ့ကြ။ မြို့ကိုတိုက်၍မကြာမြင့်မီပင် ထိုးဖောက်ဝင်ရောက်သိမ်းပိုက်ခြင်းကို ခံရသည်။ ဤသို့ဖြစ်ရခြင်းမှာ လောင်းကြက်မြို့သည် မြေပြန့်လွင်ပြင်တွင် တည်ရှိ၍ဖြစ်သည်။ ကျုံးအထပ်ထပ် တံတိုင်းအထပ်ထပ် ကာရံရန်မဆိုထားဘိ ကျုံးတစ်ထပ် မြို့ရိုးတစ်ထပ်ကိုပင် ပြည်သူအားကို မည်၍ မည်မျှရင်းနှီးခဲ့ရမည်ကို သိရှိနိုင်ပေသည်။

အခြေအနေအရပ်ရပ်ကို လေ့လာဆန်းစစ် သုံးသပ်မိသော မင်းစောမွန်သည် မဟာဗျူဟာအရ ကာကွယ်ရေးအစီအမံကောင်းမွန်စေရန်အတွက် သဘာဝအကာအကွယ်များ ပြည့်ဝ၍ တိုးချဲ့ပြင်ဆင်ရန်လည်း အခြေအနေများပေးသော မြောက်ဦးအား မြို့တော်သစ်အဖြစ် ရွေးချယ်ခဲ့ရခြင်း ဖြစ်ပေသည်။

မြောက်ဦးမြို့တော်သည် သုံးမိုင်ခန့် ကျယ်ဝန်းသော လောင်းကြက်လွင်ပြင်တွင် တည်ရှိသည်။ ကျောက်ဆောင်များ ပေါ်များသည့်တောင်ကုန်း တောင်စွယ်များ ဝိုင်းရံ၍ တည်ရှိနေခြင်းက မြို့တော်အတွက် သဘာဝအတားအဆီးများ ဖြစ်စေသည် အတွင်းဘက်ကျသော တောင်စွယ်များကို ဖြတ်တောက်၍ အထက်အောက်လမ်းများ ဖောက်လုပ်ထားသည်။

အချက်အချာကျသော တောင်ကုန်းတောင်ထိပ်များတွင် ခံတပ်များ ဆောက်လုပ်ထားပြီး ခေတ်မီအမြောက်ကြီးများကို တပ်ဆင်ထားလေသည်။ မြို့ရိုးတံတိုင်းများကို ကြည့်ပါက တဆက်တည်းမရှိချေ။ တချို့နေရာတွင် တောင်တန်းများကို သဘာဝမြို့ရိုးအဖြစ် သုံးထားပြီး တောင်ကြားနှစ်ခုကို ကျောက်မြို့ရိုးဖြင့် ဆက်သွယ်ထားသည်။ တခါတရံ ချောင်းငယ်များက ဖြတ်တောက်ထားပြန်လေသည်။ ချောင်းငယ်များတွင်လည်း ရေတံခါးရှင်များ တပ်ဆင်ထားရာ လိုသလို ထိန်းကျောင်းနိုင်သည်။ ရခိုင်တို့၏ ရှေးဟောင်းမြို့တော်များဖြစ်သော ဓညဝတီ၊ ဝေသာလီမြို့များနှင့်လည်း ကောင်း၊ အခြားအရှေ့တိုင်း အာရှရှေးဟောင်းမြို့များလည်းကောင်း မတူညီချေ။ ၎င်းတို့၏ မြို့ရိုးပုံစံမှာ လေးထောင့်မကျတကျဖြစ် စက်ဝိုင်းမဖြစ်တဖြစ်ဖြစ်သည်။ အရှေ့အနောက်တောင်မြောက် ခွဲခြား၍ရသည်။ မြောက်ဦးမြို့တော်မြို့ရိုးတံတိုင်း ပုံစံမှာ သမရိုးကျပုံစံ မဟုတ်ပါချေ၊ သဘာဝမြေပြင်သဏ္ဌာန် တောင်ကုန်းတောင်စွယ်တို့ကို လိုက်၍ နည်းဗျူဟာမြောက် ပြုပြင်ထားရာ တစ်မျိုးတစ်ဘာသာ ဆန်းသစ်နေလေသည်။ စာရေးသူနှင့်အတူ လေ့လာခဲ့သော အနောက်တိုင်းပညာရှင်များ ဒေါက်တာပင်မလာဂတ်မင်း၊ ပါမောက္ခဘာနေ့ဘ်တ် နှစ်ဦး၏အဆိုအရ အခြားသောနေရာများတွင် မတွေ့ရသော အံ့သြဘွယ် ကာကွယ်ရေးအစီအမံများ ဖြစ်သည်ဟု ဆိုပေသည်။ အချို့နေရာများတွင် လမ်းလိမ်လမ်းကောက်များ ပြုလုပ်ထားသည်။ ရန်သူသည် အဆိုပါလမ်းလိမ်အတိုင်း မြို့ဝင်ပေါက်အထင်နှင့် လိုက်ပါချီတက်သွားရာ လမ်းအဆုံး၌ ခံတပ်နှင့် ပက်ပင်းတိုးမိပြီး အပြီးအပိုင် ခြေမှုန်းခြင်းခံရအောင် စီမံထားလေသည်။

မြောက်ဦးမြို့တော်၏ မြောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ ပိုမိုမြင့်မားပြီး ၎င်းတောင်များ ကြားတွင် သဘာဝရေအိုင်များကို ကျုံးအဖြစ် မွမ်းမံပြုလုပ်ထားရာ ရန်သူများ ဖြတ်သန်းဝင်ရောက်ရန် မလွယ်ကူချေ။ အနောက်ဘက်တွင်လည်း သဘာဝရေကန် ဒီရောက်ချောင်းများ လိမ်ကောက်ရှုပ်ထွေးလျက် စီးဆင်းနေသော သဘာဝအဆီးအတားပင်ဖြစ်သည်။ တောင်ဘက်တွင် မတ်စောက်သော ကျောက်တောင်များ ချောက်နက်များနှင့် ရေကာတာကြီး ကျုံးကြီးများရှိသည်။ အရှေ့ဘက်သည်ကား တောင်မြောက်တန်းနေသော တောင်တန်းအနည်းငယ်မျှနှင့် ၎င်းအကြားတွင် လေးမြို့မြစ်ထိ ကျယ်ပြန့်နေသော မြစ်ဝှမ်းလွင်ပြင်ကြီးရှိသည်။ ရခိုင်သမိုင်းတစ်လျှောက်တွင် ကျူးကျော်ဝင်ရောက်ကြသော ရန်သူများသည် ဤလမ်းကြောင်းမှပင် ဖြစ်လေသည်။ မြို့တော်သို့ ရခိုင်ရိုးမပေါ်မှ တိုက်ရိုက်ပေါက်သော လမ်းဟောင်းများလည်း ရှိသေးသည်။ သို့ဖြစ်ရာ မြောက်ဦးမြို့တော်၏ လုံခြုံရေးအတွက် အရှေ့ခြမ်းကို တံတိုင်းများ၊ ကျုံးများ၊ ခံတပ်များ ထူထပ်စွာ ပြုလုပ်ထားလေသည်။

တောင်နှင့်မြောက် ပြိုင်တန်းနေသော မိုးကြိုးတောင်တန်းနှင့် လေသာတောင်တန်း**ဖတ်မရပါ** မြောင်းတို့ကြားတွင် ကျုံးစို၊ ကျုံးခြောက်၊ အထပ်ထပ်ပြုလုပ်ထားသည်။ ကျုံးခြောက်မှာ ရန်သူများ ထိုးဖောက်ဝင်ရောက်လာပါက ရေလွှမ်းမိုးစေရန် ရေတံခါးများ အဆင်သင့်တပ်ဆင်ထားသည်။ ဤကျုံးများ တံတိုင်းများမှာ တစ်မိုင်ခန့်ရှည်လျား၍

လူလုပ်အားဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အောက်ခြေကို မြေသားဖြင့် ထုထည်ကြီးမားစွာ ခိုင်ခိုင်ခန့်ခန့် အခြေခံပြုလုပ်၍ အပေါ်တွင် ကျောက်သားအုပ်များဖြင့် သူရဲခို၊ သူရဲပြေး၊ ပစ္စင်၊ ရင်တားများ ပြုလုပ်ထားသည်။ ထိုကျုံးများ မြို့ရိုးတံတိုင်းများကို ယခုတိုင် မြင်တွေ့နိုင်သည်။ ပုဆိုးဖွတ်ကျုံး၊ ကြာခလောင်းကျုံး၊ ကျားကိုက်သမကျုံးတို့မှာ ကျုံးကြီးများဖြစ်သည်။ မြေပြန့်လွင်ပြင်အတွင်း ချင်းနင်းဝင်ရောက်လာသော ရန်သူအား တားဆီးပိတ်ဆို့ထားစဉ် ဘေးတဖက်တချက်ရှိ တောင်တန်းများပေါ်မှ ဝိုင်းရံတိုက်ခိုက်နိုင်ရန် ခံတပ်ကြီးများကို စနစ်တကျ တည်ဆောက်ထားသည်။ ထိုခံတပ်ကြီးများတွင် အဝေးသို့ လှမ်းပစ်နိုင်သော အမြောက်လက်နက်များ တပ်ဆင်ထားသည်။ ရန်သူများအတွက် ဂဏန်းလက်မ ဂွင်ထဲသို့ ဝင်ရောက်သည့်အလား အလူးအလိမ့်ခံကြရအောင် စစ်ပရိယာယ် ကြွယ်ဝစွာဖြင့် စီမံပြုလုပ်ထားခြင်း ဖြစ်သည်။ (မြေပုံကို ရှုပါ)၊ ခံတပ်များအနက် လေသာတောင်ခံတပ်၊ မြတောင်ခံတပ်နှင့် မည့ုင်းတောခံတပ်တို့မှာ အမြောက်ကြီးများ တပ်ဆင်ထားသော ခံတပ်ကြီးများဖြစ်သည်။

အထက်ဖော်ပြပါ ကာကွယ်ရေးအစီအမံများအပြင် မြောက်ဦးခေတ် ဘုရင်များသည် ရန်သူများဝင်ရောက်လေ့ရှိသော မြို့တော်၏အရှေ့ဘက် မျက်နှာစာတစ်လျှောက်တွင် ရေအိုင်များ၊ ကျုံးများကိုလည်း စီတန်းကာ တူးဖော်ဖောက်လုပ်ခဲ့သေးသည်။ တောင်ကုန်းတောင်တန်းများပေါ်မှ စီးဆင်းလာသော ချောင်းငယ်မြောင်းငယ်များမှ ရေကို ရေကာတာပြုလုပ်ကာ သိုလှောင်ထားခြင်းမျိုးဖြစ်သည်။ တောင်မြောက်တန်းနေသော တောင်တန်းများ၏ ဆင်ခြေလျှောတစ်လျှောက် ဤသို့ရေကာတာငယ်များကို အစီအရီတွေ့ရသည်။ ထိုရေကာတာများ ရေအိုင်များမှာ တနည်းအားဖြင့် ကျုံးများပင် ဖြစ်သည်၊ ရေတံခါးများကိုလည်း လိုသလို အသုံးပြုနိုင်ရန် တပ်ဆင်ထားလေသည်။ ထိုရေကာတာများကို မိုး၍ တောင်ခါးပန်းတစ်လျှောက် မြို့ရိုးများ၊ သူရဲပြေး၊ သူရဲခို၊ ခံတပ်များ၊ ဆောက်လုပ်ထားရာ၊ မြို့တော်သို့ ချဉ်းကပ်လာသော ရန်သူအား လိုသလို ထိန်းချုပ်စစ်ဆင်နိုင်ရန် ဖြစ်သည်။ မြို့တော်၏တောင်ဘက်တွင် တည်ဆောက်ထားသော လက်ဆည်ကန်နှင့် အနော်မာကန် ရေအိုင်တို့မှာလည်း တောင်ကျချောင်းများကိုပင် ဆည်ဖို့ပြုပြင်ထားကြသည်။ သို့သော် စနစ်တူညီကြသော်လည်း အတိုင်းအတာပမာဏ များကြသည်။ လက်ဆည်ကန် ရေအိုင်မှာ (၃)မိုင်ခန့်ထိ ရှည်လျား၍ မိုင်ဝက်ခန့် ကျယ်ဝန်းလေသည်။ နွေရောမိုးပါ ရေများ အလျှံပယ်ရှိနေတတ်သည်။

ဤကန်မှရေကို မြို့တော်နေ ပြည်သူအတွက် တစ်နှစ်လုံး ရေပေးစေမှုပြုလုပ်သည်။ ခြောက်သွေ့သော ရာသီတွင်မူ စိုက်ခင်းအတွက် ရေပေးသွင်းပေးသည်။ စစ်မက်ဖြစ်ပွားလာပါကလည်း ရန်သူများ မြေနိမ့်ရာသို့ စစ်မြူဆွဲဆောင်ခေါ်ယူခဲ့ပြီး ရေလွှမ်းမိုးစေခြင်းကို ပြုလုပ်ပေးနိုင်သည်။ ရေတံခါးများကို ယနေ့တိုင် မြင်တွေ့နိုင်သည်။

ဤသို့ရေလွှမ်းမိုးသောအချိန်တွင် မြို့တော်နေပြည်သူများက မြို့တော်အတွင်းရှိ တောင်ကုန်းများပေါ်သို့လည်းကောင်း၊ ဘုရင်၊ မှူးမတ်၊ ဆွေတော်၊ မျိုးတော် စသော ဂုဏ်သရေရှိလူကြီးက နန်းတော်**ဖတ်မရ** ကုန်းပေါ်သို့လည်းကောင်း၊ ရဟန်းသံဃာတော်များက ရှစ်သောင်း၊ ဒုက္ကံသိမ်၊ စသောဘုရားကုန်းပေါ်သို့လည်းကောင်း၊ ဘေးကင်းစွာ တက်ရောက်ခိုလှုံနေနိုင်ကြသည်။ ဤသို့သော အစီအမံများမှာ စိတ်ကူးယဉ်မဟုတ်ပေ။ ဗိသုကာပါမောက္ခ ဦးမျိုးမြင့်စိန်က တိုင်းထွာတွက်ချက်ပြီး မှန်ကန်ကြောင်း ပြုလုပ်ထားကြောင်း မှတ်ချက်ချသည်။ အေဒီ ၁၅၄၃ ခုနှစ်၊ မင်းဗာကြီးခေါ် မင်းဘင် (၁၅၃၁-၅၃-ဗီ)လက်ထက်တွင် တပင်ရွှေထီး၏ လာရောက်တိုက်ခိုက်မှုကို ဤနည်းဖြင့် တွန်းလှန်ခဲ့ကြောင်း၊ **ဖတ်မရပါ။**

ရခိုင်သမိုင်းများအဆိုအရ မြောက်ဦးခေတ် တန်ခိုးအကြီးမားဆုံးသော ဘုရင်မင်းဘင်သည် မြောက်ဦးမြို့တော်အား ကာကွယ်ရေး အစီအမံများ ပြုလုပ်ရာတွင် ပေါ်တူဂီကြေးစားများအား တပည့်အဖြစ် မွေးမြူအသုံးချခဲ့ကြောင်း သိရပေသည်။ မင်းဘင်သည် မြောက်ဦးမြို့ရိုးအား ကျောက်သားပကတိဖြင့် အခိုင်အမာပြုလုပ်ခြင်း၊ ခံတပ်ဆောက်လုပ်ခြင်း၊ ကျုံး၊ မြောင်းများကို နက်အောင်တူးဖော်ခြင်း၊ ဒီရေကို ဖြည့်သွင်းစေခြင်း၊ ရေတံခါးများ ပြုလုပ်စေခြင်းတို့ကို ပြုလုပ်လေသည်။ အရှေ့ဘက်တွင် တပင်ရွှေထီး၏ဩဇာ ကြီးထွားလာခြင်း၊ အနောက်ဘက် ဘင်္ဂလားပင်လယ်အော်တွင် ပေါ်တူဂီနယ်ချဲ့များ အလစ်ချောင်းနေခြင်း၊ အနောက်မြောက်ဘက်နယ်စပ်တွင် မဂိုရန်ကိုလည်း စိတ်မချရခြင်း၊ စသည်တို့သည် မင်းဘင်အတွက် မြောက်ဦးမြို့တော်အား ကာကွယ်ရေးအစီအမံများ တိုးချဲ့ရန်အကြောင်း ဖန်လာခဲ့ခြင်းပင်ဖြစ်လေသည်။

မြောက်ဦးမြို့တော်၏ အနောက်ဘက်ခြမ်းတွင် တောင်တန်းများမရှိ။ မြေပြန့်လွင်ပြင်ဖြစ်သော်လည်း သဘာဝဒီရောက်ချောင်းများ၊ ရွံ့နွံအိုင်များ၊ ထူထပ်ပေါများ၍၊ ရန်သူများအဖို့ အလွယ်တကူ မဝင်ရောက်နိုင်အောင် ကြီးမားသော ရခိုင်ရေတပ်မတော်ကလည်း မြစ်ပြင် ပင်လယ်တစ်လျှောက် အမြဲတမ်း ကင်းလှည့်လျှက် ရှိနေပေသည်။

မြောက်ဦးမြို့၏ အနောက်ဘက်အပိုင်းတွင် ဟိုဝင် သည်ထွက် ရှုပ်ထွေးကွေ့ကောက်စွာ စီးဆင်းနေသည့် ရေနက်ဒီရောက်ချောင်းများသည်လည်းကောင်း၊ ရွှံ့နွံများ၊ ဒီရောက်ဆူးချုံများ၊ မိချောင်း၊ မြွေဆိုး စသည်တို့သည်လည်းကောင်း၊ ရေမြေမကျွမ်းသော၊ ကျူးကျော်သူအဖို့ သဘာဝအတားအဆီးများပင် ဖြစ်ပေသည်။ ထိုအချိန်က ရခိုင်ရေတပ်စွမ်းအားကို ရန်သူအားလုံးက အသိအမှတ်ပြု ထိတ်လန့်ကြသည်ဖြစ်ရာ အနောက်ဘက်ခြမ်းသည် လုံခြုံရေးအတွက် စိတ်ချရသည်။ တစ်ခုတည်းသော အလယ်စျေးချောင်းသည် မြောက်ဦးမြို့၏ အရှေ့ဘက် တောင်တန်းများက မြစ်ဖျားခံ၍တောင်ဘက်သို့ စီးဝင်ရာ ၎င်းတဖန် အနောက်ဘက်သို့လှည့်၍ မြို့လယ်ခေါင်မှဖြတ်ကာ အောင်တပ်ချောင်းထဲသို့ ပူးပေါင်းစီးဝင်သည်။ မြောက်ဦးသားတို့သည် လိမ္မာပါးနပ်စွာဖြင့် ထိုချောင်း၏ ရေဖမ်းနယ် မြစ်ဖျားပိုင်းကို တိုးချဲ့တူးဖော်၍ အခြားတစ်ဖက်ရှိ လေးမြို့မြစ်လက်တက်တစ်ခုနှင့် မဟာဗျူဟာအရ ဆက်သွယ်ဖောက်လုပ်ခဲ့သည်။ ဤနည်းဖြင့် ရခိုင်တို့၏ အသက်သွေးကြော ကုလားတန်မြစ်နှင့် လေးမြို့မြစ်တို့ကို ဆက်သွယ်နိုင်ခဲ့သည့်အပြင် အဆိုပါမြစ်ဝှမ်းနှစ်ခုကိုလည်း မဟာဗျူဟာအရ ထိန်းချုပ်ကွပ်ကဲခွင့် ရရှိလာခဲ့လေသည်။ ဤသို့ ဖောက်လုပ်ပြီးသောအခါ မြောက်ဦးမြို့၏ အနောက်ဘက်ရှိ ကုလားတန်မြစ်ကိုသာ ထွက်ပေါက်အဖြစ် အသုံးပြုခဲ့သော အောင်ဒက်သင်္ဘောဆိပ်သည် လေးမြို့မြစ်မှလည်း ဝင်ထွက်လာနိုင်ခဲ့သည်။ အုပ်ချုပ်ရေးအားဖြင့်လည်း ရခိုင်တောင်ပိုင်းရှိ ဒွါရာဝတီ၊ သံတွဲ၊ ရမ္မာဝတီ၊ ရမ်းဗြဲ၊ မေဃဝတီ၊ မာန်အောင်တို့နှင့် ကောင်းစွာဆက်သွယ်အုပ်ချုပ်လာနိုင်ခဲ့သည်။ အရှေ့ဘက်အင်းဝ၊ အမရပူရ၊ မန္တလေးမြို့များနှင့်လည်း သံတမန်နည်းအရ ဆက်သွယ်ရေး လွယ်ကူလာခဲ့သည်။ ကုလားတန်မြစ်ဝကို ပိတ်၍တိုက်ခိုက်ခဲ့သော ပေါ်တူဂီတို့၏ နည်းဗျူဟာဟောင်းကိုလည်း အတုယူစရာ မလိုတော့။ အခြားတဘက်မှ ထွက်ပေါက်ရှိနေပေပြီ။

ဤကား မြောက်ဦးမြို့တော်၏ ကာကွယ်ရေးအစီအမံများနှင့် ပတ်သက်၍ သမိုင်းအချက်အလက်များကို အခြေခံကာ ၊ မြေပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ ကွင်းဆင်းသုတေသနပြုလုပ်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး ရေးသားဖော်ပြခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် လက်ရှိမြောက်ဦးအခြေအနေနှင့် နီးစပ်သည်ဟု ဆိုရပေမည်။ ယခုအခါ ခြေရာကောက်ဖော်ထုတ်ရန် အလှမ်းကွာဝေးလွန်းသော်လည်း ဖျောက်ပစ်ရန် မသင့်သည့် ရခိုင်ပေစာ၊ ပရပိုဒ်စာ၊ ကျောက်စာများတွင် ဖော်ပြထားသော အချို့အချက်အလက်များကို ဆက်လက်ဖော်ပြပါမည်။

## မြောက်ဦးမြို့

မင်းစောမွန်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘေးအန္တရာယ်အသွယ်သွယ် ဒုက္ခအဖုံဖုံကို ရင်ဆိုင်ခဲ့ရပြီးသူလည်းဖြစ်၊ စစ်ရေးရာ အတွေ့အကြုံလည်းများပြီးသူဖြစ်၍၊ မြောက်ဦးမြို့တော်တည်ရာတွင် ပြည်သူ့အကြံများ၏ အကြံပြုတင်ပြချက် မင်းဆရာ ဟူးရားတတ်များ၏ အစီအမံ၊ ဆရာတော် သံဃာတော်များ၏ ဩဝါဒများနှင့်ယှဉ်၍ ကောင်းစွာ စီမံဆောင်ရွက်ခဲ့ကြောင်း ရှေးဟောင်းပေမူများတွင် ဖော်ပြထားပါသည်။ အချို့မှာ လောကီအတတ်ပညာ အစီအမံများဖြစ်ကြ၍ တင်ပြရှင်းလင်းရန် မဖြစ်နိုင်ပါ။ သို့ဖြစ်ရာ ထိုပေမူ ထိုကျမ်းများအနက်မှ မြောက်ဦးမြို့မှ မြို့တံဆိပ်ခပ်ကျမ်းမှ သင့်လျော်သော အချက်အလက်အချို့ကို ထုတ်နုတ်တင်ပြသွားပါမည်။ ဤကျမ်းမှာ နန်းတွင်းသုံး လက်စွဲကျမ်းဟု သိရပါသည်။ သက္ကရာဇ် (၁၂၀၀)တွင် ပြန်လည်ကူးထားသောပေမူ ဖြစ်သည့်'က'မှ'စီ'ထိ အချက်များ ပါရှိသည်။ သက္ကရာဇ် ၇၉၂ ခုတွင် မင်းစောမွန်သည် မြောက်ဦးမြို့ (ပေမူတွင် 'မြောက်ဉ'ဟု ပေါင်းပါသည်)။ ကို ပြည်သူတို့၏ ယုံကြည်အားထားရသော အတတ်ပညာတွင် နရိန္ဒသူနှင့် ဟူးရားတတ် မင်းဆရာ မဟာရာဇသူတို့ကို ဆရာတင်၍ ပညာရှိတို့နှင့် ပူးပေါင်းညှိနှိုင်း၊ ဆောင်ရွက်စေသည်။ ပြည်သူတို့၏ အကြံဉာဏ်ကိုလည်း ရယူစေသည်။ ဘေးရန်အပေါင်းမှ ကင်းဝေးစေရန် မြို့၏တိုင်းခွင် လေးမျက်နှာ အညွန့်အမြစ်တို့ကို နံပြု၍ သေချာစွာ စီမံလေသည်။ မြို့စောင့်အဖြစ် တနင်္ဂနွေသားကို ဦးသျှောင်ထုံး ဦးထုပ်ဆောင်းစေသည်။ နန်းတော်စောင့်ကို ကြာသပတေးသားကို မြဲစေသည်။

မြို့ရံ(၂၃)မြို့၊ မြို့တံခါး (၅၄)ခု၊ ကျုံး (၁၁)ခု၊ စင်ခါ (၅၄)ခု၊ ကန်(၄)ကန်၊ နတ်(၈)ရပ်၊ ဘုရား(၅)ရပ်၊ မြို့ချောင်း(၂၅)ချောင်း၊ လှံ(၃)လှံ၊ လင်ဗဲ(၉)လင်ဗဲ၊ ကျက်သရေအိုင်နှင့် ကျက်သရေတိုင်တို့ကို စီမံလေသည်။ အားလုံးမပြီးမီ နတ်ရွာစံ၍ နောက်ဆက်ခံသောမင်းများက ဆက်လုပ်ကြသည်။ သက္ကရာဇ် ၈၈၃ ခုနှစ်တွင် မင်းခေါင်ဘုရင်သည် ဟူးရားတတ်ပိန္နဲသူကြီးနှင့် သိုက်၊ အင်း၊ အိုင်၊ မန္တာန်တို့နှင့်အညီ ပြုလုပ်ပြန်သည်။ ပြင်မြို့(၄)မြို့၊ မြို့ဟောင်း(၄)မြို့၊ မြို့ငယ်(၆၅)မြို့၊ ဘုရား(၅)ရပ်၊ နတ်(၁၂)ရပ်၊ လှံ(၃)လှံ၊ ကန်(၉)ကန်၊ ကျက်သရေအိုင်၊ မြို့တံခါး ၅၄၊ ကျုံးကြီး (၄)၊

ကျုံးငယ်(၈)၊ ပြင်မြို့တံခါး(၁၆)တံခါး၊ မြို့တံခါး(၈)တံခါး၊ တံခါးရံ(၁၆)၊ တံခါးငယ်(၁၄)၊ ပေါင်း (၅၄)တံခါး၊ စင်ခါကြီး (၆)စင်ခါ၊ စင်ခါရံ(၁၂)စင်ခါ၊ စင်ခါငယ်(၅)၊ အကောက်အယောက်(၁)တစ်ခါ၊ စင်ခါငယ် (၂၄)စင်ခါ၊ စင်ခါပေါင်း (၅၇)စင်ခါ၊ လင်ပဲကြီး (၉)လင်ပဲ၊ ရံ(၁၈)၊ လင်ပဲငယ်(၇၂)၊ လုံ့(၃)လုံ၊ ကန်ကြီး(၂)ကန်၊ ကန်ရံ(၇)ကန်၊ မြို့ခြေရင်းချောင်း ၂၁၂)ချောင်း ပြုလုပ်စီမံသည်။ အရပ်ရှစ်မျက်နှာကိုလည်း အရပ်သင့် နံသင့်ပြုလုပ်သည်။

ဤသို့ပြုလုပ်ရာတွင် ကျုံးများကို အစောက်အနက်တူအောင် တူးစေသည်။ ကျောက်များကို ညီညာအောင် စီစေသည်။ အထက်အောက် ညီညာအောင် ညှိသည်။ စင်ခါ (၅၄)စင်ခါကိုလည်း အစောက်အနံအားလုံး အတူတို့ကို အမျိုးအစားအလိုက် အတိုင်းအတာ တူညီစေသည်။ လင်ပဲ (၉၉)လင်ပဲကိုလည်း အစောက်အနံ အတောင်အတိုင်း ရေတပေါက်မျှ မလွတ်ရအောင် ပြုလုပ်စေသည်။ (ဤတွင် လင်ပဲမှာ ရေတံခါးဖြစ်ကြောင်း သိသာပါသည်။)အိုင်ဝန်းကန်၊ မိုးကြိုးကန်၊ ဆင်သောက်ကန်၊ သပေါက်ကန်၊ ဇင်ကန်၊ ကြာကန်၊ ကန်စည်းစိမ်၊ ကန်သပြေ၊ ကန်မင်းများ သျှင်တန်၊ သည်ကန်တို့ကို အမြင့်၊ အစောက်၊ အယောင်အဝန်း၊ အလံအတောင်၊ ညီအောင်ဆယ်သည်။ ရေမယိုစေရ။

သာသနာတော်အတွက်လည်း ဘိုးခေါင်တောင် (နောင်တွင် မင်းဗာဘုရင် သျှစ်သောင်းဘုရားတည်သော တောင်)နှင့် မဟာမုနိတွင် ဆီမီးမဖြိုက်ရွှေတောင်၊ စံကားတောင်၊ ခြသေ့်တောင်တို့တွင်လည်း သာယာစေသည်။ ထွန်းညှိစေသည်။ ဘုရား(၁၅)ရပ်၊ နတ်(၁၂)ရပ်တို့ကိုလည်း သန့်ရှင်းညီညွတ်စွာ ပြုပြင်သည်။ မြို့ကြီးအမြင့်(မြို့ရိုးကို ဆိုလိုဟန်တူသည်) သံတောင်ခုနှစ်တောင်တစ်မုတ်၊ ကျုံးကြီးလည်း ခုနှစ်တောင်တမုတ်၊ တံခါးကြီးလည်း ကိုးတောင်၊ အနံခုနှစ်တောင်၊ စင်ခါကြီးအမြင့် ခုနှစ်တောင်တစ်မုတ်၊ အနံခုနှစ်တောင်၊ မြို့တံခါးငယ် အစောင့်ခြောက်တောင် တမုတ် ရှိသည်။ ဘုရင့်အမိန့်ဖြင့် နတ်ကြီးဘဏ္ဍာ မပြတ်လတ်စေရ ကန်ရေ မခန်းခြောက်စေရ။ လယ်ကို ကြွက် မဖျက်စေရဟု ပြန်တန်းထုတ်ပြန်သည်။

၎င်းအပြင် စင်ခါတို့ကိုလည်း အောက်ပါအတိုင်း အတိအကျ ညွှန်းပြ၍ ပြန်တန်းထုတ် ဆောက်လုပ်စေသည်။

စံကားတောင်မှ ပြိုင်းတောင်တိုင်အောင် ၎င်းမှ မျက်မြင်အတိုင်း မြောက်မြေခံ အမြင်တလွှား ၎င်းမှတစ်ဝက်မျှ မှစ၍ရှမ်းဆည်သို့ အဖြောင့်၊ ရှမ်းဆည်မှ ဒုချာသို့အဖြောင့်၊ ၎င်းတို့ကို အစောက်သံတောင် ခုနှစ်တောင် တစ်တိုင်း အနံသံတောင် ခုနှစ်တောင်ဖြင့် ပြုလုပ်သည်။

ရှမ်းဆည်မှ တောင်ပြိုင်သို့ အဖြောင့်၊ တင်ခြတ်တောင်မှ ထုံမြင်အဖြောင့် ခြသေ့်တောင်မှ ကုလာမယာအလည်၊ အမရန်တောင်မှ ကင်ခရာတောင်၊ ကင်ခရာမှ တုမရာတောင်အနီး၊ ၎င်းမှ ဒုချာအမြင့်သို့ ဒုချာက တင်ခရာသို့အမြင်၊ တင်ခရာမှ ဗားရပါသို့အဖြောင့်၊ ပြိုင်းတောင်က သင်ဗုံသို့အဖြောင့်၊ ကျီးဖြူပြင်မှ နန္ဒာသို့အဖြောင့်၊ တို့ကို စောက် (၁၀)တောင် အနံခြောက်တောင် တမိုက်ပြုလုပ်သည်။ ဤအပိုင်းသည် စောက်(၁၀)တောင်ရှိသည်ဆို၍ ယခင်အပိုင်း ထက်ပိုမြင့်သည်။ ၁၈ပေခန့်မြင့်သောတံတိုင်း(သို့မဟုတ်) ကံပိုင်၊ တာရိုးဖြစ်နိုင်သည်။ တောင်တစ်တောင်နှင့်တစ်တောင် ကြားကို တစ်စင်ခါဟု ခေါ်သည်။ စင်ခါအရေအတွက်နှင့် တံခါးအရေအတွက် တူညီသောကြောင့် စင်ခါတစ်ခုစီတွင် တံခါးတစ်ခုစီ တပ်ဆင်ထားဟန်တူသည်။ ယခုခေတ် တွေ့ရသော ကျောက်မြို့ရိုးကို ထိုမြေမြို့ရိုးပေါ်တွင် သက္ကရာဇ် ၉၉၃ အေဒီ ၁၅၃၁ ကျမှ ဘုရင်မင်းဘာက တိုးမြှင့်ပြင်ဆင်ကြောင်း ဆိုသည်။ အမြောက်လက်နက် တပ်ဆင်ရန်နှင့် ခံတပ်ဆောက်ရန် လိုသလိုပုံဖော်နိုင်ရန်အတွက် ကျောက်ဆစ်အုပ်များကို အသုံးပြုလာဟန်တူသည်။

ဆင်ကဲင/စံပက ဦးစီးတည်ဆောက်ခဲ့သည့် တံခါးကြီး ရှစ်ခုမှာ ရံလေးခုတို့မှာ အစောက်(၉)တောင်၊ အနံ(၇)တောင်စီ ရှိကြသည်။ (၁) မောက်တော်တံခါး၊ (၂) ဈေးကြီးတံခါး၊ (၃) နန္ဒာတံခါး (၄)ချချားတံခါး (၅) တောင်နောတံခါး၊ (၆) အဝပ်တံခါး၊ (၇) စံကားပုတံခါး၊ (၈) နှုန်ဘဲသံလျင်တံခါး၊ (၉) စကားငုံတံခါး၊ (၁၀) တက်ခတ် တံခါး၊ (၁၁) ကျားခုပ်တောင်တံခါး၊ (၁၂) ရန်ပုတံခါးတို့ ဖြစ်ကြသည်။ တံခါးငယ် (၁၄)ခုတို့ကိုလည်း အစောက် (၆)

---

* လွဲမှားလမ်း အရှည်ကို ခေါ်သည်။ သူရဲပြေးဖြစ်နိုင်သည်။
* ဇင်ခါမှာ တံခါးနှင့်ပူးတွဲ၍ အရေအတွက်ပါတူပါသည်။ မြို့ရိုး၊ တံတိုင်း၊ ရေကာတာ၊ တာရိုးကိုသုံးသော အသုံးအနှုန်းဖြစ်ဟန်တူသည်။
* လင်ပဲမှာ ရေတံခါး(သို့မဟုတ်) ရေထွက်မြောင်း၊ ချောင်း၊ တံခါးဖြစ်ဟန်တူပါသည်။ မြောက်ဦးမြို့တည်ကျမ်းတွင် လင်ဂဲ"ရေလွှတ်"ဟူ၍ပါရှိသည်။
* သံတောင်မှာ ရိုးရိုးအတောင်ထက် အနည်းငယ်ကြီးသည်။

တောင်တစ်မိုက်၊ အနံ(၆)တောင်စီထားပြုလုပ်သည်။

လင်ပဲကြီးတို့မှာကား၊ ပန်းပဲ၊ စံကားတောင်၊ ပျဉ်ဖြူ ကျောက်လှေကား။ ကျီးဖြူ င/ရွှေ အင်ကြင်း၊ ကင်ခရာ၊ **"(ကင်းခြေရာ"**ဖြစ်နိုင်)၊ သက္ကဝါးကျပ်ကင်၊ ရေပုတို့ဖြစ်ပြီး အနံ(၈)တောင်မှ (၉)တောင်ထိ ရှိသည်။ ရေလှောင်ကန်များမှာ အရှေ့တောင်ထောင့်တွင် အစောက် ၁၁ တောင်တစ်ထွာရှိသော မင်းသျှားသျှင်ကန် အနောက်မြောက်ထောင့် မိုးကြိုးကန်၊ အနောက်တောင်ထောင့် ဆင်သောက်ရေကန်၊ အရှေ့ သပေါက်ကန်၊ အရှေ့မြောက်ထောင့် ကြာကန်၊ အရှေ့တောင်ထောင့် စည်စေကန်၊ အနောက်တောင်ထောင့်တွင် တောင်သပြေကန်တို့ကို ရေလွှတ်စနစ်ဖြင့် တူးဖော်သည်။ အားလုံးသော မြို့တည်ဆောက်ရေးအလုပ်များ ပြီးစီးလျှင် ဘုရားတို့ကို ပူဇော်သည်မှာ ပရိက္ခရာ ရှစ်ပါးနှင့်၊ ပဥ္စသီ၊ အဌသီမြဲသော အရိယာ(၈)ပါး၊ ပဥ္စသီ အဌသီမြဲသော ပုဏ္ဏားရှစ်ယောက်၊ ပဥ္စသီအမြဲစွဲသော ဟူးယားရှစ်ယောက်၊ သမားရှစ်ယောက်တို့သည် ဘုရားတိုင်းကို ပူဇော်ကြသည်။ ဟူးရား (၉)ယောက်က ကမ္မဝါရွတ်ဖတ်ကြသည်။ ဗျည်း (၃၃)လုံးတွင် **"ဋ"(လကြီး)**ကို ချန်လှပ်၍၊ ၃၂လုံးသော ဗျည်းတို့ဖြင့် ဂါထာမန္တန်တစ်ရာ စုတ်သည်၊ ပုဏ္ဏား၊ ဟူရား၊ အရိယာတို့လည်း ကမ္မဝါရွတ်ဖတ်ကြသည်။ တည်ဆောက်ပြီးစီးခဲ့သော မြို့ရိုး၊ တံတိုင်း၊ တံခါး၊ ရေတံခါး၊ ကန်၊ ဝင်ခါ၊ လင်ပဲတို့အား ကျမ်းဂန်နှင့်ညီမညီ တစ်ခုခြင်း စီစစ်မှုပြုကြသည်။

မြောက်ဦးမြို့တော်အား တည်ဆောက်ရာတွင် စာပေကျမ်းဂန်နှင့်အညီ တည်ဆောက်သည်ဟု ဆိုရာ ပေမူတွင် ဖော်ပြထားချက်အရ၊ သိုက်ကျမ်း ကျိန်းခန်း ပါရာကျမ်း၊ စနဲ၊ အတိတ်၊ နမိတ်၊ ဓာတ်ကျမ်း၊ သူရော်တယျကျမ်း၊ အစသာခါကျမ်း၊ နမန္တာကျမ်း၊ စူဠာမဏိကျမ်းတို့ကို ညှိနှိုင်းတွက်ချက် ဆောင်ရွက်သည်ဟု ဖော်ပြထားသည်။

သက္ကရာဇ် ၉၃၄ ခု၊ အေဒီ ၁၅၇၂ ဘုရင်မင်းဖလောင်းသည် တပင်ရွှေထီးနှင့် စစ်ခင်းပျက်ပြိုပျက်ခဲ့သည်များ ပြင်ဆင်ရန် လိုအပ်သည်များ ချွတ်ယွင်းအားနည်းချက်များကို သင်ခန်းစာယူ၍ ဘုန်းကြီးများ၊ ဟူးရားများ၊ မှူးမတ်ပညာရှိများနှင့် တိုင်ပင်ပြု၍ အင်း၊ ကျိန်း၊ နမန္တာ၊ သိုက်နိဒါန်းအညီ ဆောင်ရွက်ပြုပြင်လေသည်။ ဤသို့ပြုပြင်ရာတွင် အကောက်အယောင် ဆယ်စင်ခါဟု အသစ်တွေ့ရသည်။ ကျုံးမြို့ရိုးကို နည်းဗျူဟာမြောက် ပြုလုပ်ထားခြင်း ဖြစ်ဟန်တူသည်။ ပြင်ဆင်သော ချောင်းအမည်များ ပါရှိသည်။ တုနတချောင်း၊ ရတုချောင်း၊ ရလတ်ချောင်း၊ င/စေဖြူချောင်း၊ င/ယက်ဖြူချောင်း၊ င/ရှဉ့်ဖြူချောင်း၊ မြောက်သေချောင်း၊ င/ဟောက်ဖြူချောင်း၊ င/ယက်နီချောင်း၊ သူသျှာချောင်း၊ တူချာချောင်း၊ စေနီတာချောင်း၊ ကင်းခြေရာချောင်း၊ ပရိဘာချောင်း၊ မက္ကပါချောင်း၊ ဗောရဗာချောင်း၊ တုတ်ပါချောင်း၊ နမများချောင်း၊ ပေါစိပါချောင်း၊ မောက္ကရချောင်း၊ စသည်တို့ကို တစ်သွင်သွင် စီးဆင်းစေသည်။ သို့မှသာ ချောင်းရှင်ဟု မည်သည်ဖြစ်၍ ဂရုပြုစီမံစေသည်။

"ကြက်သူငယ်၏ခြေ၌ ဆံခြည်ထွေးရစ်နေသကဲ့သို့"

**"ရေမရသော ဝါခင်းကဲ့သို့" "ဝါဂွမ်းကို မီးရှို့ရာတွင် အကြွင်းမကျန် သကဲ့သို့" "ဆီမီးသေသကဲ့သို့"၊ "အိုးကွဲရေပမာ"**ဟူသော စစ်ဗျူဟာ အခင်းအကျင်း အဆုံးအမ စကားရပ်များကိုလည်း မင်းဖလောင်း ထပ်မံညွှန်ကြားလေသည်။

ချောင်းများအစီမံများအနက် တစ်ခုမှာ **"ချောင်းတို့ကိုလည်း ပတ်ပတ်လည်အလုံ လေးမျက်နှာကာလသည့် ရန်သူမင်း၏စစ်သူကြီးလည်း ရောက်လာလျှင် ထိုချောင်းတို့ကို တစ်ပေါက်မျှ တစ်ဘက်သို့ ရေမစီးစေနှင့်၊ ထိုချောင်းတို့ကို အရင်းတမြဲအောင်ဆည်၍ ရေတစ်ပေါက်မျှ မဝင်စေနဲ့ အရင်းမြဲအောင်၊ ဆည်၍အဖျားသို့ စီးပါစေ၊ အဖျားတွင် ခြုံနွယ်ထူထပ်ပေါက်ရောက်စေ"**ဟု ပြန်တမ်းထုတ် ညွှန်ကြားလေသည်။

## မြောက်ဦးမြို့တည်ကျမ်း

ရမ်းပြဲမြို့နယ်၊ လေးတောင်နဂါး ရွာဘုန်းကြီးကျောင်းမှ တူးယူရရှိသည်။ မြောက်ဦးမြို့တည်ကျမ်းဟု ဆရာတော်ကြီးက ပြောသည်။ ရှစ်ကြောင်းရေးပေမူဖြစ်၍ **"ဋ"**နှင့် **"ရ"** နှစ်ချပ်သာ တွေ့ရတော့သည်။ ပျက်စီးပျောက်ကွယ်သွားသော အပိုင်းများအတွက် စိတ်မချမ်းမြေ့ ဖြစ်ရသည်။

# မြောက်ဦးမြို့ မင်းအဆက်ဆက် တည်ဆောက်ပြုပြင်ခြင်းများ

မင်းစောမွန်သည် မြောက်ဦးမြို့တော်ကို စာပေကျမ်းဂန်များနှင့်အညီ စနစ်တကျ စီမံကိန်းချမှတ် တည်ဆောက်ခဲ့သော်လည်း ပြီးစီးအောင် မဆောင်ရွက်နိုင်ခဲ့ချေ။ ဟူးရားပညာရှိတို့ လျှောက်ထားခဲ့သည့်အတိုင်း မြို့နန်းမပြီးမီ ယာယီနန်းစံနေစဉ် နတ်ရွာစံခဲ့လေသည်။

အေဒီ ၁၄၃၃ ခု ကောဇာသက္ကရာဇ် ၇၉၅တွင် မင်းခရီ ခေါ် နရနုမင်း နန်းတက်သည်။ ထိုမင်းသည် မြို့တော်ကို တောင်ဘက် သင်္ကနဒီချောင်း တစ်ဘက်ခြားရှိ **ဖတ်မရပါ** မြို့တော်ကို ချဲ့ထွင်ခဲ့သည်။

အေဒီ ၁၄၆၃-ခု၊ ကောဇာသက္ကရာဇ် ၈၁၅-ခုတွင် စောဖြူမင်းသည် အောင်ဒတ်ချောင်း တစ်ဘက်ကမ်းရှိ ဒိုင်းကျီးမြို့တော်ကို တိုးချဲ့ခဲ့လေသည်။ ပျဉ်စီပျဉ်ထောင်မြို့ကိုလည်း ပျဉ်ထောင်မြို့ဟူ၍ မြို့သစ်ပြုလုပ်သည်။

အေဒီ ၁၅၂၁ ခု၊ ကောဇာသက္ကရာဇ် (၈၈၃)ခုနှစ် ဘုရင်မင်းခေါင်ရာဇာသည် မြို့တော်၏ကျုံး/တံတိုင်း၊ ပြအိုး၊ ပစ္စင်၊ မြို့တံခါး၊ ရေတံခါးများကို တိုးချဲ့ဆောက်လုပ်ခဲ့သည်။

အေဒီ ၁၅၃၁ ခုနှစ်၊ ကောဇာ (၈၉၃)ခုနှစ်တွင် နန်းတက်သော မင်းဗာကြီး(မင်းဘင်)သည် မြောက်ဦးမြို့တော်အား၊ ခေတ်အမီဆုံးသော စနစ်ဖြင့် မြို့တော်ကို တည်ဆောက်ခဲ့လေသည်။ ယခုတိုင် တွေ့နေရသော မြောက်ဦးမြို့တော်၏ ကာကွယ်ရေးအစီအမံများမှာ မင်းဗာကြီး ပြုပြင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ မြို့တော်နှင့် ဂဘဲမြို့ကို အသစ်ထပ်ဆက်နေသည်။

မြို့တော်ကို ပတ်၍ အရံမြို့ငယ်များကို**ဖတ်မရ** မှစ၍(၁)ရန်အောင်(ရန်နောင်မြို့)(၂) သံလွင်မြို့၊ (၃)မြတောင်မြို့၊ (၄) ကုလားမြို့ (၅) သာယာမြို့ (၆) ကလက်တောင်မြို့ (၇) ပိန္နဲတောင်မြိုက (၈) နတ်တောင်မြို့ (၉) ရှမ်းတောင်မြိုက (၁၀) အင်ကြင်းတောင်မြို့ (၁၁) ကျားခုတ်တောင်မြို့ စသောမြို့များကို တာပေါင်းခုနှစ်ရာခံကျုံးပတ်ပတ်လည် ရံပြီးတည်သည်။ ထိုမြို့ရံတို့၌လည်း ရေလှောင်မြောင်း၊ တံဆောင်း၊ ပြအိုး၊ ပစ္စင်၊ ရင်တား၊ တံခါးကောက်၊ တံခါးကွေ့၊ ရေကျုံး၊ နွံကျုံး၊ ကျုံးခြောက် ကျုံးပတ်လည်တို့ဖြင့် အသီးသီးရံစေသည်။

အေဒီ ၁၅၅၅-ခု၊ မင်းစောလှဘုရင်လက်ထက်တွင် မြောက်ပြင်၌ ငွေတောင်မြို့၊ တောင်ဖြူမြို့၊ မြို့လှမြို့ဟူ၍၊ မြို့ရံအသစ် သုံးမြို့ထပ်မံတည်ခဲ့လေသည်။

အေဒီ ၁၅၇၂၊ ကောဇာသက္ကရာဇ် ၉၃၄ တွင် မင်းဖလောင်းသည် ဖခင် မင်းဗာကြီး တည်ဆောက်ခဲ့သော မြောက်ဦးမြို့တော်အား နှစ်ကြိမ်တိုင်တိုင် ပြုပြင်မွမ်းမံခဲ့လေသည်။

အေဒီ ၁၆၂၂-ခု နန်းတက်သော မင်းဟရီ ခေါ် သီရိသုဓမ္မရာဇာသည် ဘေးလောင်းတော်မင်းဗာကြီး ပြုလုပ်တော်မူခဲ့သော မြို့တော်၊ ကျုံး၊ ရင်တား၊ တံခါး၊ ပြအိုး၊ တန်ဆောင်း၊ ပြဿဒ်၊ ဇရပ်၊ တံတား၊ ရေတွင်း၊ ရေကန်၊ ဘုရားစသည်တို့ ဟောင်းနွမ်းပျက်စီးသည်များကို ထပ်မံပြုပြင်တော်မူသည်။

သီရိသုဓမ္မရာဇာ လက်ထက်တွင် ပေါ်တူကီ သံ မန်နရစ်ရောက်ရှိခဲ့လေရာ သူတွေ့ရသော မြောက်ဦးမြို့တော်အကြောင်း အံ့မခန်းဘွယ်မှတ်တမ်းတင်ခဲ့လေသည်။ ကျုံးမြောင်းနှင့် ပတ်သက်၍ မြို့ဝင်မြို့ထွက် ဖေါက်လုပ်ထားကြသော ရေကာတာကျုံးမြောင်းထဲတွင် ဥဒဟိုး ဝင်ထွက်သွားလာနေကြသော လှေကြီး၊ လှေငယ်အရွယ်မျိုးတို့ ပြည့်နှက်လျက် ရှိကြောင်း ဥရောပမှ ဗင်းနစ်မြို့နှင့် ယခုမြောက်ဦး အခြေအနေသည် မန်နရစ်၏ ဖော်ပြချက်ကို သံသယဝင်စရာရှိနေပေသည်။ တာကျုံး၊ ကျုံးရေများ ခမ်းခြောက်ပျောက်ကွယ်ပြီးဖြစ်လေရာ အဘယ်မှာ ယုံနိုင်အံ့ပါနည်း။ ယခုဖော်ပြအံ့သော မြောက်ဦးမြို့ကောင်းစားစဉ်က မြို့တော်ပတ်ရေကျုံး၏ အဝင်းအကျင်းသည် အဆိုပါ သံသယကို အနည်းငယ်မျှ ပြေပျောက်စေနိုင်ပါလိမ့်မည်။

အရှေ့အနောင် တောင်မြောက် ပတ်ပတ်လည်တွင် ကြီးမားသော (ကမ်းပိုင် ရေကာတာ၊ ကျုံး)တို့သည် အထပ်ထပ် ရံကုန်လျှက် မြို့တွင်းမြို့ပြင် ပြိုင်းပြိုင်းဝင်ထွက်စေ၏။ ထိုသို့ စီးဝင်လာအောင် စီရင်တော်မူသော ရေဝင်းတို့မှာ အရှေ့မှ လက်ယာရစ်စီး၍ အစဉ်အတိုင်း ဤသို့ စီစဉ်ထားသည်။

(၁) ကြာကန်ချောင်းတို့သည် ဤရန်နောင်မြို့အတွင်းမှလည်း ကန်ပိုင်ကြီးတစ်ထပ်ဆည်ကာ ပတ်ပတ်လည် လှည့်၍ ရေဖြည့်စေသည်။

(၂) ရန်အောင်မြို့မှလည်း ချရှားချောင်းကိုဆည်၍ မြောင်းလေးခသွယ်လျှက် ဆင်ကျုံးပြင်သို့ စီးစေ၍ အင်ကြင်းတောင်မြို့တိုင်အောင် ရေပြည့်စေ၏။

(၃) အင်ကြင်းတောင်မြို့ကလည်း ကြာကန်ချောင်းကိုဆည်၍ အလျားရှည်သော ကမ်းပိုင်ကြီးကို ဖြတ်စေသည်။

(၄) သံလွင်မြို့၊ မြတောင်မြို့၊ နှစ်မြို့အတွင်းတွင် ဝမ်းထီး**(ဖတ်မရ)**တဘက်လျှင် ငယ်တက်ချောင်းကို ဆည်၍ ကမ်းပိုင်ကြီးကျုံးကြီးဖြစ်စေ၍ ရေဖြည့်စေသည်။

(၅) မြောက်ပြင်မှလည်း လက်စွဲမတွဲချောင်းကိုဆည်၍ သုံးမြောင်းသွယ်ပြီးလျှင် ကျားခုတ်တောင်တိုင်အောင် ဖြိုးဖြိုးရေပြည့်စေသည်။

(၆) ကျားခုတ်တောင်ပြင်ကလည်း ပေါင်းတုတ်ချောင်းကိုဆည်၍ ကျုံးကြီးတစ်ထပ်ဖြစ်စေသည်။

(၇) တောင်ဘက်မှာလည်း ကုလားမြို့၊ သာယာမြို့တို့တွင် အတွင်းက ဝသဲချောင်းကို ဆည်၍ ကျုံးကြီးတစ်ထပ်ဖြစ်စေသည်။

(၈) အနောက်တောင်ထောင့်အရပ်မှလည်း ဝန်တောင်၊ စံကားတောင်တို့အတွင်း ပုဂံချောင်းကို ဆည်၍ ကမ်းပိုင်ကြီးဖြစ်စေသည်။

(၉) မြို့ပြင်ဘက်မှလည်း မြေပြင်ကို အင်းကြီးဖြစ်အောင် တူးစေ၍ ဆည်ဖို့လျက် မြင့်စေ၍ ပြိုင်တိုင်တောင်ကို ကျော်ပြီး ညောင်ကြပ်ချောင်းကို ဆည်သောကြောင့် အပြောကျယ်သောရေသည် ပတ်ပတ်လည်၍ အစဉ်အတိုင်း စီးနေစေ၏။

(၁၀) အနောက်မှလည်း တလက်တောင် ပိန္နဲတောင်မြို့အတွင်းတွင် ကျောက်ရစ်ချောင်းဖျားကို တဖန်မြှင့်၍ ဆည်လျက် ကမ်းပိုင်တစ်ထပ် ဖြစ်စေ၏။ မြို့ပြင်မှလည်း ကျောက်ရစ်ချောင်းရင်းကို အမြင့်ဆည်၍ ကမ်းပိုင်ကြီး တစ်ထပ် ဖြစ်စေသည်။

(၁၁) ချောင်းကြီးချောင်းငယ်အထပ်ထပ်ထား၍ ရှိချားမြစ်ကြီး ပင်စည်မြစ်ကြီးတို့ကို ဆည်၍ကမ်းပိုင်တစ်ထပ်ဖြစ်စေသည်။

(၁၂) အရှေ့မြောက်ထောင့်တွင် နတ်တောင်မြို့၏အတွင်းမှ ဆည်မြောင်းကို အတန်တန်မြှင့်သည်။ မြို့တွင်းမြို့ပြင် ပတ်ပတ်လည် ပြည့်စေသော ထိုရေသည် မြို့မြောက်မျက်နှာကို ပြင်ကြီးကဲ့သို့ခြားလျက် အနောက်မြောက်ထောင့်တွင် ရှိသော ရှမ်းတောင်မြို့အနီးတိုင်အောင် စီးလေသည်။

(၁၃) ရှမ်းတောင်မြို့ကို ရံသောရေသည် ကျောက်ရစ်ချောင်းတိုင်အောင် ပတ်ပတ်လှည့်၍ ရေဖြင့်ပြည့်စေသည်။

(၁၄) အင်ကြင်းတောင်ခြေရင်းမှသည် တစ်ပဟိုအရှိန်မျှသော အတွင်းပြင်ကြီးကို ကျော်လွန်၍ မိုးကြိုးကန်တိုင်အောင် ကြီးမြင့်စွာဆည်ရာ အလွန်ရှည်သော ပန်းလုံးချောင်းရေကို သိုလှောင်ထားသည်။
ကမ်းပိုင်တလျှောက် လှည့်လည်ကြည့်ရှုမည်ဆိုပါက ရက်(၂၀)ကြာသည့်တိုင် စုံစေ့မည်မဟုတ်ဟု ပြောစမှတ်ပြုကြလေသည်။

# မြောက်ဦးအမည် ခေါ်တွင်ခြင်း

မြောက်ဦးမြို့တော်အား အင်္ဂလိပ်သိမ်းယူပြီးနောက် ကိုလိုနီခေတ်တလျှောက်လုံးနှင့် လွတ်လပ်ရေးခေတ်ဦးပိုင်းကာလများအထိ **"မြို့ဟောင်း"**ဟု ခေါ်တွင်ခဲ့သည်။ ယခုအခါ**"မြောက်ဦး" (Mrauk -U)**ဟု တရားဝင်ခေါ်သည်။ Mrauk-U, Mrauk-Oo, Myauk-Oo, Myauk-U,, ဟူ၍လည်း အချို့စာအုပ်များတွင် ပေါင်းကြသည်။ မြောက်ဦးဟူသော အမည်ခေါ်တွင်ရခြင်းနှင့် ပတ်သက်၍ ရခိုင်သမိုင်းတို့တွင် အမျိုးမျိုးတင်ပြထားကြသည်။

ထိုမြို့တည်သောအခါ တောင်ညိုတောင်၊ ကုတ်ကားတောင်တို့ကို တူးဖော်မြေညှိသည့်ကာလ ရွှေဥဒေါင်း၏ဥကို မျောက်ကစောင့်နေသည်ကို တွေ့ရသောကြောင့် မြို့အမည်ကို **"မျောက်ဥ"**ဟု သမုတ်ရာမှ နောင်တွင် **"မြောက်ဦး"** ဖြစ်လာသည်ဟု ရခိုင်ရာဇဝင်သစ်ကျမ်းတွင် ဖော်ပြထားပေသည်။

မင်းစောမွန်သည် မြောက်ဦးမြို့တည်ရန် ရှာဖွေစဉ်ကာလ ငါးသဲ့ကြသူ အမျိုးသမီးနှစ်ဦးတို့က **"မယ်မြောက်ဦး"** **"မယ်ဝသဲး"**ဟူ၍ အချီအချ တစ်ဦးနှင့်တစ်ဦး ခေါ်ကြသည့် အတိတ်နမိတ်ကို အကြောင်းပြု၍ မယ်မြောက်ဦးနေသော ဘက်ကမ်းကို **"မြောက်ဦး"**ဟူ၍လည်းကောင်း၊ မယ်ဝသဲနေသော အခြားတဘက်ကမ်းကို **"ဝသဲ"**ဟူ၍လည်းကောင်း၊ ခေါ်ဆိုကြောင်း၊ ရခိုင်မင်းသမီးဧချင်းနှင့် ရှေးကျသောအဖွဲ့အနွဲ့များ ရာဇဝင်ဟောင်းမူတို့က ဆိုသည်။

ဝေသာလီပြည်တွင် စူဠစန္ဒြားမင်းကြီး နာဂရေအင်ငူတွင် ရေနစ်သေဆုံးပြီးနောက် ဆက်ခံမည့်သူ မရှိဖြစ်ရာ၊ ပြည်သူတို့က မျိုးခြား အမြကူ၊ အမြကူနှင့်သား ပဲဖြူတို့အား ထီးနန်းအပ်ကြသည်။ သားပဲဖြူမှာ မြို့စားအဖြစ် မြောက်ဦးဒေသကို အပိုင်စားရသည်။ ၎င်းနောက် ဝေသာလီတွင် မင်းဖြစ်လာသောအခါ သူ့အိမ်နိမ့်စံဘဝက နေခဲ့သောမြောက်ဦးသို့ အေဒီ ၇၇၆ တွင် ပြောင်းရွှေ့စံသည်။ မြောက်မြားကြီးကျယ်ခဲ့ရာ ပျော်မွေ့ခဲ့ရာဒေသဖြစ်ခြင်း၊ သူ့အတွက် ဦးဦးဖြားဖြား နေထိုင်ခဲ့ရာဖြစ်ခြင်းကြောင့် **"မြောက်ဦး"**ဟု ခေါ်သည်။ ဤအကြောင်းကို ဓညဝတီရာဇဝင်သစ်၊ ရခိုင်ယဉ်ကျေးမှုစာအုပ်၊ ရခိုင်ရှေးဟောင်းမြို့တော်များ၊ ရခိုင်ရာဇဝင်သစ်ကျမ်းနှင့် အချို့သောပေမူများတွင် တွေ့ရသည်။ ဤအကြောင်းကို ရခိုင်ရာဇဝင်လင်္ကာပေမူ "ခေါ်ချပ်တွင် **"ဝေသာလီပြည်၊ ကိန်းခန်းသိုက်ဓာတ်၊ ကုန်လတ်သော်အား၊ စွန့်သွားပြည်ရွာ၊ ပြောင်းလဲခွာ၍၊ ဦးစွာကြဲမြောက်၊ နမိတ်ထောက်လျှက်၊ မြောက်ဦးမြို့တည်၊ စံမြန်းသည်နှင့်"**--------ဟူ၍ တွေ့ရသည်။

ဤသို့မူကား မင်းစောမွန်သည် ယခင်မြောက်ဦးမြို့ ရွာဟောင်းတွင် မြို့တော်သစ်တည်ခဲ့ကြောင်း ဖြစ်တန်ရာသည်။ မင်းစောမွန် မြို့ရာရှာဖွေစဉ်ကလည်း **"မယ်မြောက်ဦး"**ဟု ဆိုသော အမျိုးသမီးရပ်နေသည့်ကမ်းတွင် တည်ကြောင်း ပါရှိရာ မြောက်ဦးအမည်သည် အေဒီ ၁၄၃၀ ခု မင်းစောမွန် မတည်မီကပင် ရှိနှင့်ပြီးဖြစ်သည်ဟု ယုံကြည်ရပေမည်။ အခြားရှေးကျသော အဆိုအမိန့်များလည်း ရှိနေပါသေးသည်။ ရခိုင်ရာဇဝင်ပုံကျမ်းပေမူ **"ဂေါ"** နှင့် **"ဂံ"**ချပ်တို့တွင် အောက်ပါအတိုင်း တွေ့ရပါသည်။

"ပါးဘူတောင်မြောက်ဘက်က သီရိဝရတောင်၌ အရံတစ်ထောင်ရှိသော ဥဒေါင်းမင်းနှင့် အရံငါးရာရှိသော မျောက်မင်းတို့နေရာဝယ် ဥဒေါင်းမင်း သေခဲ့သည်။ မျောက်မင်းမှာလည်း မယားသေခဲ့သည်ဖြစ်၍ မျောက်ဖိုနှင့် ဒေါင်းမ အိမ်ထောင်ဖက်၍ နေကြသည်။ ဥဒေါင်းမ၌ အဥ(သုံး)ခု၊ ဥလတ်၏ ထိုအဥကို မျောက်မင်းသည် အကျွန့်မယား၏အဥကို ယူပါဟု မွှေသောကမင်းကို ဆက်သည်။ မွှေသောကမင်းကြီးလည်း မျောက်နှင့်ဥဒေါင်း အိမ်ထောင်ဘက်နေကြသည်ကို အံ့သြ၍ မောဂ္ဂလိပုတ္တမထေရ်ကို မေးလျှင်၊ ဟုတ်၏မျောက်နေသောအရပ် ၌၊ နှောင်းသောအခါ သာသနာတည်လတ်မည်ဖြစ်သောကြောင့် မြို့တည်၍ မင်းတို့နေလတ်မည်။ မျောက်ကအဥကို ဆက်လှာသောကြောင့် **"မျောက်ဥ"**ဟု တွင်လတ်မည်၊ နောင်တွင် **"မြောက်ဥ"**ဟု ခေါ်ရာမှ ရွေ့လျောကာ **"မြောက်ဦး"** ဖြစ်လာသည်။

**"ဝသဲ"**ဟူသောအရာကား ဘီလူး င/ရက္ခနှင့် နှမရက္ခနီသည် ရက္ခိုင်တောင်တွင် နေကြပြီးသော် အလှဲ့ပြု၍ အစာရှာဖွေ စားသောက်ကြသည်။ တစ်နေ့တွင် မောင်ဖြစ်သောဘီလူး င/ရက္ခသည် ဝက်နှစ်ခုကို ရ၍ တစ်ခုကို စား၏။ တစ်ခုကိုကား နှမဖို့ထား၏။ နှမလည်း စမ္ပဝတီမြစ်ကို ကူး၍ရှာလေသော် မြစ်ယဉ်၌ တွေ့လေ၏။ မောင်လည်း ငါအစာရှာချေသည်။ ဝက်တစ်ခုသာ ရခဲ့သည်။ မစားပြီကို သည်းခံ၍နှမအား ပေးဟုဆို၍ ဘီလူးဆိုသော စကားအကြောင်းကြောင့် **"ဝက်သေ"**ဟု တွင်လေသည်။ နောက်စကားရွှေ့ခဲ့သောကြောင့် **"ဝသေး"**ဟု ခေါ်ကြကုန်၏။ နောက်မှ **"ဝသဲ"**ဟု ဖြစ်လာ၏။

အထက်ဖော်ပြပါ စကားရပ်အား ပြန်လည်ဆန်းစစ်ကြည့်သောအခါ အေဒီ ၁၂၄၆ ကောဇာသက္ကရာဇ် ၆၀၈ ခုနှစ် လေးမြို့ခေတ်၊ နေရဥ္စရာတောင်ငူနန်းစံ ၈/နှလုံးမင်းလက်ထက်၊ မဟာမုနိသိမ်တော်ကို ဆောက်ရန် ဓညဝတီမြို့ဟောင်းသို့ မင်းခမ်းမင်းနားဖြင့် လာခဲ့ရာ မြောက်ဦးသို့အရောက်၊ ဘုရင်မင်းကြီးက မေး၏။ ဟူးရားပညာရှိတို့က လျှောက်ထားသော စကားရပ်ဖြစ်ကြောင်း တွေ့ရပါသည်။ သို့ဖြစ်ရာ **"မြောက်ဦး"**ဟူသောအမည်နှင့် ၎င်းခေါ်တွင် ရကြောင်းအဆိုအမိန့်များမှာ လေးမြို့ခေတ်ကာလကပင် ကဝိပညာရှိလောကတွင် ရှိနေပြီးဖြစ်ကြောင်း သိသာပါ သည်။

ရမ်းပြဲမြို့၊ သရက်ချောင်းရွာ ဘုန်းတော်ကြီးကျောင်း၊ ရခိုင်ရာဇဝင်ချုပ်၊ သံပိုင်ရာဇဝင်၊ ပေမူဟောင်းတွင် ဤအကြောင်းနှင့် ပတ်သက်၍ စိတ်ဝင်စားဘွယ် တွေ့ရပြန်ပါသည်။ **"ကု"** နှင့် **"ကျွ"** ပေချပ်မျက်နှာတွင် . . . **"ရက္ခိုတ်ဘီလူး စိုးလေသောကြောင့်" "ရက္ခပူရ"**တွင်၏။ ဂေါတမဘုရားလက်ထက် မြောက်ဥ ဟုတွင်သော စကားရပ်ရှိလေသေး၏။ ကဿဖမြတ်ဘုရားဒေသစာရီကြွချီတော်မူသောအခါ ထိုအရပ်သို့ ရောက်တော်မူ၏။ ယင်းကာလဝယ် ဘီလူးတို့ နှိပ်စက်လေ၏။ လူမရှိရကား ဤအရပ်ဝယ် နောင်သောအခါ မျောက်မလင်သေနှင့် ဥဒေါင်းဖို မယားသေသင့်နေ၍ မျောက်မဝယ် အဥနှစ်လုံး ဥလေ၏။ ငါတို့မျောက်မျိုးဝယ် မဖြစ်ဘူးမြဲ တကားဟု သိသာရအောင် ဘုရားရှင်ကို လျှောက်၏။ အမိန့်တော်ကို ခံသော် သင်တို့နှစ်ဦး သင့်နေကြရာ ဥဒေါင်းဖိုလည်း မေဃဝတီမြစ် တဘက်ချောင်းငယ်အစ၌ အသိုက်တင်လျှက် ဝတ်လေ၏။ ပေါက်လေသောအခါ နတ်သမီးနှစ်ယောက်ဖြစ်ရကား ချောင်းတဘက်တစ်ချက်နေသော မိန်းမနှစ်ဦးက ခေါ်ယူမွေးစားသည်။ ကြီးမြင့်လေလျှင် ဝပ်သည့်အရပ်၌ ကြီးသူကို **"မယ်ဝသဲ"**ဟု ခေါ်၍၊ မျောက်တဥကို ဆက်သောအရပ်၌ ကြီးမြင့်သူကို **"မယ်မျောက်ဥ"**ဟု ခေါ်လေသည်။ ၎င်းတို့မှာ ရွာစောင့်နတ် မြို့စောင့်နတ်ဖြစ်ကြသည်။ နောင်မြို့တည်ပြီးသော် မျောက်ဥဆက်သောအရပ်၌ တည်သောမြို့ကို မြောက်ဦးမြို့ဟူ၍လည်းကောင်း အဥများကို ဝပ်သောအရပ်၌ တည်သောမြို့ကို**"ဝပ်သဲ"** "ဟုလည်းကောင်း ခေါ်သည်" ဟူ၍ တွေ့ရပါသည်။

အထက်ပါအချက်များကို ကြည့်ပါက မျောက်နှင့်ဒေါင်းသည် မူလဇာတ်ကောင် ဖြစ်ကြောင်း တွေ့ရသည်။ အခြားသော ရခိုင်ရာဇဝင်များ၌လည်း အကြောင်းအရာ အနည်းငယ်ကွဲလွဲသည်မှအပ မျောက်နှင့်ဒေါင်းကို အခြေခံကြကြောင်း တွေ့ရလေသည်။

ယခုတဖန် ယခင်တင်ပြချက်များနှင့်မတူ တမူထူးခြားသောအချက်ကို မကြာမီက ရရှိခဲ့ပြန်သည်။ အဆိုပါပေမူမှာ မြန်မာစာပေလောကတွင် **"ဟိတောပဒေသ"**မြန်မာပြန်ထားသော "**ရခိုင်ထီးတော် ပဒေသာကျမ်း"** ပေမူပင်ဖြစ်ပါသည်။ မူယင်းကျမ်းမှာ ဟိန္ဒူကျမ်းဖြစ်၍ ရခိုင်ဘာသာသို့ မြောက်ဦးခေတ်တွင် မိဖုရား၏တောင်းပန်လျှောက်ထားချက်အရ ရဟန်းတော်တစ်ပါးက ပြန်ဆိုခဲ့ခြင်းဖြစ်ပေသည်။ ထိုပေမူ **"ကု"**အချပ်တွင်**"ရက္ခဥတ္တရနာမတော"**ဟူ၍တွေ့ရပါသည်။ ရခိုင်တို့၏ မြောက်ဘက်ပြည်ဟု အဓိပ္ပါယ်ရပါသည်။ မြောက်ဦးမြို့ရာရှာဖွေရန် လောင်းကြက်မြို့မှ ထွက်ခဲ့ရာ မြောက်ဘက်စူးစူးသို့ ထွက်ခဲ့ခြင်းကိုပင် ညွှန်းသလော၊ လောင်းကြက်မြို့၏ မြောက်ဘက်အဦးအဖျားတွင် တည်ရှိ **"မြောက်ဦး"**ခေါ်တွင်လေသလော စဉ်းစားစရာပါ၊ သို့သော် ခိုင်လုံမှု၊ သေချာမှုမရှိလှပါ။

# နိုင်ငံခြားသားတစ်ဦး၏ပြောပြသည့် မြောက်ဦးမြို့တော်အကြောင်း

ကျွန်ုပ်တို့သည် ရခိုင်ဘုရင် နေပြည်တော်၏အကြောင်းနှင့် မြို့တော်၏အမည် မည်သို့မည်ပုံ ရရှိလာသည်ကိုဖော်ပြပါမည်။ လက်အောက်ခံဘုရင့်နိုင်ငံများ၏ သရဖူအထွဋ်အထိပ် အားထားရာ နေပြည်တော်ကြီးပင် ဖြစ်ပေသည်။ ဤနေပြည်တော်ကြီးသည် သာယာလှပသော တောင်ကြားတွင် တည်ရှိသည်။ နေပြည်တော်တည်ရှိရာ တောင်ကြားပမာဏမှာ (၄၅)မိုင်ခန့်ရှိ၍ တောင်တန်းတောင်စွယ်များသည် သဘာဝခံတပ်သဖွယ် ဝိုင်းရံလျှက်ရှိပေသည်။ အတွင်းဘက်ကျသော တောင်ကြောများကို ပြင်ဆင်၍ တောင်ထိပ်မှ တောင်ခြေရင်းထိ ဝင်နိုင်ထွက်နိုင်သော တံခါးလိမ်၊ တံခါးကောက်များ ပြုလုပ်ထားသည်။ တောင်ထိပ်များပေါ်တွင် အမြောက်ကြီးများကို အစီအရီတပ်ဆင်ထားသေးသည်။ စစ်မက်လိုလားသော အခြားနိုင်ငံများ၏ ရန်မှကာကွယ်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ သဘာဝအတားအဆီးများဖြင့် ပြည့်သောခံတပ်မြို့အား လွယ်လွယ်ကူကူနှင့် တိုက်ခိုက်နိုင်လိမ့်မည် မဟုတ်ပါချေ။ မြို့တော်၏အလယ်ခေါင်လောက်ကို မြစ်တစ်စင်းဖြတ်သွားရာ သဘာဝမြစ်လက်တက်များဖြင့် ခက်ဖြာစီးဆင်းလျှက် ရှိပါသည်။ ဤသို့မြစ်ချောင်းများပေါ်တွင် လှေကြီးလှေငယ်များဖြင့် သွားနေကြရာ မြောက်ဦးမြို့ ပြည်သူပြည်သားများ၏ အဓိကသွားလာရေးမှာ ရေကြောင်းကိုပင် အသုံးပြုလျှက်ရှိကြောင်း သိသာနိုင်ပါသည်။ ထိုသမ္ဗာန်များမှာ ဘုရင့်လှေများ ပါသလိုပင် ပုဂ္ဂလိကလှေများလည်း ပါရှိသည်။ လှေများပေါ်တွင် အမျိုးမျိုးသော စားသောက်ကုန်ပစ္စည်းများ၊ ဆန်၊ အရက်၊ အသား၊ ငါးစို၊ ငါးခြောက်၊ ထောပတ်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတင်ဆောင်ပြီး မြစ်ကြောင်းတလျှောက်တစ်မြို့လုံးရောင်းဝယ်ဖောက်ကား ကြပေသည်။ ဈေးနှုန်းလည်း အလွန်ချိုသာသည်။ ထိုပစ္စည်းများကို ဈေးဟုခေါ်သောနေရာများ၌လည်း လွယ်လွယ်ကူကူ ဝယ်ယူနိုင်ကြသည်။

ဤမြစ်ကြောင်းမှ ပင်လယ်သို့ထွက်ရန် လမ်းနှစ်ခု ရှိပေသည်။ ပထမလမ်းမှာ သင်္ဘောဆိပ်မှ လမ်းဖြစ်၍၊ ဒုတိယလမ်းမှာ နိုင်ငံခြားသားများ အများအပြားနေထိုင်ကြသော ဒိုးဘက်ဇီး( Dobazi)၏ ဘေးနားလမ်း ဖြစ်သည်။

ဒီရေတက်သောအခါတွင် ရေတံခါးခုနှစ်ပေါက်မှ အရှိန်ပြင်းစွာ မြည်ဟီးဝင်ရောက်လာတတ်ပြီး ကျသောအခါလည်း အရှိန်နှင့်ပင် ကျသွားတတ်သည်။ ဒီရေထ ရက်များဖြစ်သော လပြည့်လကွယ်ရက်များတွင် ဤဖြစ်စဉ်ကိုပို၍တွေ့ရသည်။ ဤအချိန်တွင် လှေငယ်များ ဝင်ထွက်သွားလာနေကြသည်ကို ကြည့်ရှုရသည်မှာ စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ ပြင်းထန်သောရေစီးကြောင့် လှေငယ်များမှာ[၃] လူးလိမ့်နေပေရာ ကျွမ်းကျင်သော တက်မကိုင်ပါမှသာ သက်သာရာရပေသည်။ အခါတရံ လှေများမှောက်၍ ပစ္စည်းများ ဆုံးရှုံးရသော်လည်း အသက်အန္တရာယ်မထိခိုက်ချေ။

မြို့တော်ရှိ အိမ်များမှာ အလွန်မာသော ကြိမ်နှင့်ဝါးများကို အသုံးပြု၍ဆောက်လုပ်ထားကြသည်။ အမိုးမှာဒေသအခေါ် အုန်းလက်(ဓနိ)ဖြင့် မိုးထားသည်။ အိမ်များကို ရာထူးဌာနန္တရ အဆင့်လိုက်သော်လည်းကောင်း၊ ငွေကြေးချမ်းသာမှုအရသော်လည်းကောင်း၊ ကွဲပြားသိရှိနိုင်အောင် ဆောက်လုပ်ထားကြသည်။ ကြိမ်ဝါးများဖြင့် စိတ်ကူးစိတ်သန်းကောင်းစွာဖြင့် ရောင်စုံအကွက်များ ဖော်ထားသည်မှာ သေသပ်လှပ ရှုမငြီးဖွယ်ဖြစ်ပေသည်။ အဆိုပါအိမ်များမှာသံမှိုကို လုံးဝမသုံးဘဲ အလွန်ခိုင်ခံ့သော ဘင်္ဂလားကြိမ်ဖြင့်[၂] ချည်နှောင်ထားသည်။ ဘင်္ဂလားကြိမ်များကို ဓါးဖြင့်အလွန်ပါးလွှာသော ချည်နှောင်ကြိုးအထိ ပြုလုပ်၍ ရရှိလေသည်။ ဤကြိမ်များဖြင့် ချည်နှောင်သော အိမ်တိုင်သစ်သားတိုင်ဖြစ်ပါက ၁၂နှစ်မှ ၁၅နှစ်ထိ တာရှည်ခံလေသည်။ အချို့သောမင်းညီမင်းသားနှင့် ရာထူးဌာနန္တရရှိသူများ၏ အိမ်များအခန်းများမှာ သစ်သားဖြင့် ဆောက်လုပ်ထားပြီး ပန်းပုလက်ရာများဖြင့်လည်းကောင်း၊ ရွှေချ၍လည်းကောင်း၊ အရောင်အသွေးကောင်းသောကြွေရည်သုတ်၍လည်းကောင်း၊ အလှပြင်ဆင်ထားကြပေသည်။

၁။ Great City of Metropolis ဟူ၍ မန်နရစ်မူရင်းစာအုပ်တွင် သုံးထားသည်။

၂။ ထိုသို့ ဒီရေအတက်အဆင်းကြမ်းအောင် ရေတံခါးများဖြင့် စစ်ရေးအရတမင်ပြုလုပ်ထားကြောင်း ပါမောက္ခဦးမျိုးမြင့်စိန် ပြောပြခဲ့ဖူးပါသည်။

၃။ မန်နရစ်က Balons (Balones) ဟုခေါ်ဆိုရာ ရခိုင်အခေါ် ချေင်းလောင်းဟု ခေါ်သော ချောင်းတွင်းဟိုမှသည်မှ သွားလာ၍ ငါးဖမ်းရာတွင် အသုံးပြုသော တွင်းလှေတစ်မျိုးကို ဆိုဟန်တူပါသည်။

၄။ မန်နရစ်ပေါ်တူဂီတွင် ဘင်္ဂလားကြိမ်ဟု ခေါ်ဆိုသော ကြိမ်ဖြစ်ကြောင်း ရေးသားထားသည်။ ဘင်္ဂလားမှလာသည့်ကြိမ်ဟု ဖော်ပြထားခြင်းမရှိပါ။ ရခိုင်တွင်လည်း ထွက်ရှိနိုင်ပါသည်။

ရွှေနန်းတော်ကြီးတွင်လည်း၊ အထက်ဖော်ပြခဲ့သောပစ္စည်းများနှင့် ပြုလုပ်ထားသည်ကိုလည်း တွေ့ရသည်။ သို့သော် ရွှေနန်းတော်ကြီးတွင် ဆောက်လုပ်ထားသော နန်းတော်တိုင်ကြီးများမှာ ညီညာဖြောင့်တန်းပြီး အချိုးအစား ကျနပေသည်။ ဤမျှရှည်လျားဖြောင့်တန်းသော သစ်လုံးများ ရရှိသည်မှာ အံ့ဖွယ်ပင်ဖြစ်တော့သည်။ အတွင်းဘက်ရှိ နန်းတော်တိုင်ကြီးများမှာ လုံးလုံးလျားလျား ဖြောင့်တန်းကျပါသည်။ ရွှေနန်းတော်အတွင်းရှိ အခန်းများတွင် နံ့သာဖြူ နံ့သာနီ၊ ကရမက်စသော အမွှေးရနံ့များရှိသည့် သစ်သားများဖြင့် ပြုလုပ်ထားသည်။ ဤသို့သော သဘာဝသစ်များ၏ ရနံ့များမှာ ဝင်ရောက်လာသောသူများအဖို့ နှစ်သက်မွေ့လျော်ဖွယ်ရာ ဖြစ်ပေသည်။

ဤရွှေနန်းတော်ကြီးအတွင်းတွင်ပင် ရွှေအိမ်တော်ဟု ခေါ်ကြသော ရတနာအခန်းတစ်ခုလည်း ရှိသည်။ အဘယ်ကြောင့် **"ရွှေအိမ်တော်"**ဟု ခေါ်ရသနည်းဟူမူကား ခမ်းမကြီး၏မျက်နှာကျက်တစ်ခုလုံးတွင် အသန့်စင်ဆုံးသော ရွှေဖြင့်ပြုလုပ်ထားသော ဗူးနွယ်ပင်တစ်ပင်ကို ခန်းလုံးပြည့် ပြုလုပ်ထားခြင်းဖြစ်သည်။ အဆိုပါ ဗူးပင်တွင် ရတနာရွှေစင်အတိဖြင့် ပြုလုပ်ထားသော ဗူးသီးတစ်ရာကျော်မျှသီးလျှက် တန်ဆာဆင်ထားလေသည်။ ထိုရွှေသီးများသည် ရွှေဖရုံသီးတမျှ ကြီးမားပြီး အသီးတစ်လုံးစီသည် (၁၀)ပိဿာ သို့မဟုတ် စပိန်ပေါင် (၄၀)ခန့်ရှိသည်ဟု ပြောစမှတ် ပြုကြသည်။ ၎င်းပြင် ဤရတနာခန်းတွင် ပကတိလူအရွယ်တမျှ ကြီးမားသော ရွှေရုပ်ထုကြီး ခုနှစ်ခုလည်း ရှိတုံသေးသည်။ ဤရုပ်ထုများမှာ အခေါင်းဖြစ်သော်လည်း ရွှေသားမှာ နှစ်လက်မခန့်ထူသည်ဟု သိရသည်။ သို့သော် ဤရုပ်ထုများနှင့်ပတ်သက်၍ ကျွန်ုပ်မေးမြန်းစုံစမ်းခဲ့ရာ အမျိုးမျိုး အကွဲကွဲ အပြားပြား ဖြေကြားကြ၍ အလေးချိန်မှန်ကို မသိရှိခဲ့ပါ။ ဤရုပ်ထုများ၏ နဖူး၊ ရင်ဘတ်၊ လက်မောင်းနှင့် ခါးတို့တွင် အဖိုးတန်ကျောက်မျက်ရတနာများ ဖြစ်သော ပတ္တမြား၊ မြ၊ နီလာနှင့် တောက်ပသော စိန်ကောင်းများ ဆင်ယင်ထားပေသည်။

၎င်းရတနာများမှာ သာမန်ရတနာများထက် အရွယ်အစား ကြီးမားကြပါသည်။ ဤရတနာခန်းမအတွင်းတွင်ပင် ရွှေအိုးကြီး ရှစ်လုံးရှိပါ သေးသည်။ တစ်ခုစီသည် လက်လေးဝါးခန့်မြင့်၍ အဝန်းမှာ ခုနှစ်လက်ဝါးရှိကာ အထူမှာ တလက်မခန့်ထူပေသည်။ ၎င်းပြင် တလက်မခန့်ထူပြီး လက်သုံးဝါးခန့်မြင့်၍ အဝန်းတဆယ့်သုံးလက်ဝါးရှိသော ရွှေခွက်ကြီး ကိုးခွက်လည်း တွေ့ရသည်။ ခန့်ညားထယ်ဝါ၍ အလွန်ကြွယ်ဝသော ရတနာခန်းမအတွင်းတွင် အလွန် ရှေးကျပြီး တန်ဖိုးမဖြတ်နိုင်သော တောင်ငူမှု မူလဘူတ ပတ္တမြားနားဋောင်းတစ်ရံလည်း တွေ့ရသည်။ ဤရတနာ ကြောင့်ပင် ယိုးဒယား၊ ပဲခူး၊ တောင်ငူ၊ ဗမာ၊ အင်းဝ၊ ရှမ်း၊ ရခိုင်နှင့်၊ မဂိုတို့သည် ရှေးကလည်းကောင်း၊ လက်ရှိအချိန်တွင်လည်းကောင်း၊ စစ်ခင်းခဲ့ကြလေသည်။ ဤသို့ အံ့ဖွယ်ထူးဆန်းသော ရတနာကို လက်နှစ်ဝါးခန့် စတုရန်းပုံ ရွှေကြုပ်ထဲတွင် သိမ်းဆည်းထားကြလေသည်။ ယင်းရွှေကြုပ်ထဲတွင် အလွန်အနုပညာလက်ရာမြောက်လှသော အမျိုးမျိုးသော သစ်ခက်များ၊ ပန်းများ ငှက်များကို ထွင်းထုထားပေသည်။ စိန်၊ ပုလဲ၊ ပတ္တမြားစသော လှပသောရတနာများကိုလည်း ကြားလုပ်၍ဆင်ယင်ထားရာ ပို၍ပဏာရစေလေသည်။ ဤကြုပ်ငယ်ကို ရတနာခန်းမ၏အလယ်ခေါင်တွင်ရှိသော စတုရန်းပုံ ရွှေစားငယ်ပေါ်တွင် တင်ထားသည်။ ဤရွှေစားငယ်မှာ လက်ဝါးသုံးခုစာမျှ ရှည်၍ အဖိုးတန်ရတနာများ စီခြယ်ထားပါသည်။ လူများ တက်မက်လောက်အောင် သာမာန်ရွှေနှင့် ပုလဲလုံးများဖြင့် အလှဆင်ထားသော ဖြူဖွေးသည့် ဖဲထည်ဖြင့် ဖုံးအုပ်ထား သည်။ အမှန်ဝန်ခံရသော် ကျွန်ုပ်သည် အလားတူ တန်ဖိုးရှိသော အလားတူ ရတနာမျိုးကို အခြားသော အရှေ့တိုင်းနိုင်ငံ အတော်များများတွင် မြင်တွေ့ဖူးသော်လည်း သူတို့က ရွှေကြုတ်ကို ဖွင့်ပြ၍ ပတ္တမြားနားဋောင်းကို ကျွန်ုပ်တို့ မြင်တွေ့ ရသည့် တခဏတွင် အံ့သြမှုဖြင့် အတန်ကြာ ငေးငိုင်နေမိသည်။ နားကပ်၏ထူးခြားသော တောက်ပြောင်မှုသည် ကျွန်ုပ်၏ဤမျက်စေ့ကို ကျိန်းစပ်စေလေသည်။

---

၅။ မောရစ်ကောလစ်ကပင် ရွှေထီးဟူ၍ The Land of the Great Image စာအုပ် ဆင်ဖြူတော်အခန်း စာ-၂၉၅ တွင် ဖော်ပြထားသည်။ သို့ဆိုလျှင် တပင်ရွှေထီးအား လုပ်ကြံသူမှာ ဦးကုလားရာဇဝင်ကြီး စာ-၂၄၃အရ သမိန်စောထွတ်ဆိုသူဖြစ်ရာ သမန်ဒီကာတန်မှာ သမိန်စောထွတ်ပင်ဖြစ်မည်။

ဤနားငှောင်းကို ပတ္တမြားနှစ်လုံးဖြင့် တရံပြုလုပ်ထားလေသည်။ ပစ်ရမစ်ပုံသဏ္ဍာန်ရှိ၍ လက်သန်းခန့် ရှည်ပေသည်။ အဝန်းမှာ ကြက်ဥလုံးငယ်မျှ ကြီးမားသည် ဤမျှအဖိုးတန် နားငှောင်းကို ရခိုင်ဘုရင်မင်းမြတ်သည် ဘိသေက မင်္ဂလာအခမ်းအနားနှင့် အရေးကြီးသော မင်းခန်းမင်းနားမှတပါး အမြဲတမ်း ဝတ်ဆင်လေ့မရှိချေ။ နားငှောင်း ဟူသော ဝေါဟာရမှာ နားတွင်တွဲ နားဆွဲဟူသော ဝေါဟာရနှင့် အတူတူပင်ဖြစ်သည်။ နားကွင်းဟုလည်း ခေါ်ဆိုကြသည်။ ရခိုင်၊ ပဲခူးနှင့် မြန်မာလူမျိုးတို့ ဝတ်ဆင်လေ့ရှိကြသည်။ သို့ကြောင့်ပင် ၎င်းတို့၏နားရွက်မှာ ပုခုံးနားထိလုနီးတိုင် တွဲရွဲလာသည်။

နန်းတော်အတွင်းဘက် တစ်နေရာတွင် ပဲခူးကို အုပ်ချုပ်ခဲ့သော ဘုရင်တစ်ပါး၏ ရုပ်ထုကို တွေ့ရသည်။ ၎င်းဘုရင်က သတ်ရန်အမိန့်ပေးပြီးသော သမိန်ဒီကတန်(Thmi Decatam)ဆိုသော ပဲခူးမင်းသားတစ်ပါးကပင် အဆိုပါဘုရင်အား လုပ်ကြံသတ်ဖြတ်ခဲ့လေသည်။

ထိုဘုရင်သည် (Varela) တစ်ဦးပိုင်ဆိုင်သော ဆင်ခြေဖုံးရပ်ကွက်ရှိ အိမ်ငယ်တစ်ခုတွင် စစ်သည်လေးထောင်နှင့်အတူ စခန်းချနေခဲ့သည်။ ၎င်းသည် (Martavan) မုတ္တမတွင် ပုန်ကန်သော မြို့စားကို ချီတက်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် စစ်သားများစုဆောင်းရန် အမိန့်ပေးထားသည်ကို စောင့်နေခဲ့ခြင်းဖြစ်သည်။ တစ်ညတွင် သမိန်ဒီကာတန်သည် ပဲခူးစစ်သားခြောက်ရာနှင့်အတူ ထိုအိမ်ငယ်အတွင်းသို့ မမျှော်လင့်ဘဲ ရုတ်တရက်ဝင်ရောက် တိုက်ခိုက်လေသည်၊ ကံအားလျော်စွာပင် မင်းအား ဝမ်းသွားနေသောရောဂါကြောင့် အိမ်သာထဲတွင် အခိုက်အတန့်အားဖြင့် အလုပ်များနေစဉ်ပင် တွေ့ရှိရ၍ အံ့သြမှုဖြင့် ကြက်သေသေနေစဉ် ကွပ်မျက်လိုက်လေသည်၊ မြန်မာတို့အဖို့ကား သူရဲကောင်း သူတော်ကောင်း၊ (Saint) တစ်ဦးဖြစ်ပေရာ သူ့အတွက် ရည်ရွယ်၍ ဘုရားတစ်ဆူ ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ အကြောင်းမှာ ၎င်းဘုရင်သည် သူ့နိုင်ငံ အရှိန်အဝါတိုးတက်ရေးအတွက် များစွာ စွမ်းဆောင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။ သူ့ကို ထာဝရသတိရစေရန် ရည်ရွယ်၍ သူ၏ပုံတူ ရုပ်ထုတစ်ခုကို သွန်းလုပ်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ထို့ကြောင့် ပဲခူးသားတို့၏လက်ချက်ဖြင့် သေလုဆဲဆဲတွင် လက်ဆောင်အဖြစ် ကြေးသွန်းရုပ်ထုတစ်ခုကို ကသောကမြော သွန်းလုပ်ခဲ့ကြလေသည်။ ဤရုပ်ထုသည် အလွန်ပင် သဘာဝကျပေရာ ကြောက်စိတ်ဖြင့် ဖြူဖတ်ဖြူရော်ဖြစ်နေသော ကိုယ်ခန္ဓာသဏ္ဍာန်တို့မှာ မည်သူမျှ မအံ့သြဘဲ မနေနိုင်အောင်ပင် ဖြစ်ရပေသည်။ ၎င်းရုပ်တုကို သတ္တုဖြင့် ပြုလုပ်ထားသော စားပွဲပေါ်တွင် ထိုင်ခိုင်းထားပြီး သူ့ပတ်လည်တွင် ကြေးဖြင့်ပြုလုပ်ထားသော သဝါဆန်းများကို အံ့မခန်း အရွယ်အစားဖြင့် ထုလုပ်ထားလေ့ရှိသည်။ လက်တွင်တင်းပုတ်ကို ကိုင်ဆောင်ထားသော တဆယ့်ခြောက်လက်ဝါး (ခုနှစ်ပေခန့်)မြင့်သော ဘီလူးအထီးအမလေးကောင်၏ ရုပ်ထုများမှာလည်း ကြောက်ခမန်းလိလိပင်ဖြစ်သည်။ ဤရုပ်ထုများနှင့်အတူ နောက်ထပ်ကြောက်ခမန်းလိလိ တိရိစ္ဆာန်တစ်ကောင်မှာ ကြေးဖြင့်ပြုလုပ်ထားသော ဆင်တစ်ပိုင်း နွားတစ်ပိုင်း ကြေးရုပ်ပင်ဖြစ်သည်။ ၎င်း၏အမြင့်မှာ တစ်ဆယ့်တစ်လက်ဝါး(ငါးပေကျော်ခန့်) ရှိသည်။ ကြေးသွန်းပညာဖြင့် လက်ရာမြောက်သွန်းလုပ်ထားသော ကြေးတိရစ္ဆာန်ရုပ်များလည်း အစီအရီပင် ရှိသေးသည်။ သို့သော် သာမန်အရွယ်အစားမျှသာဖြစ်၍ ကျွန်ုပ်မဖော်ပြလိုပေ။

သူတို့ပြောပြချက်အရ အဆိုပါဘီလူးကြီးလေးကောင်၏ ရုပ်ထုများမှာ အဖိုးတန်ကျောက်မျက်ရတနာများဖြင့် ဆင်ယင်ထားခဲ့ကြောင်း ထားရာအခန်းတွင်လည်း ၎င်းတို့(ကျောက်မျက်ရတနာများ) ရှိခဲ့ကြောင်း အရိပ်လက္ခဏာများ တွေ့ရသည်။ မြန်မာရာဇဝင်စာအုပ်များ မှတ်တမ်းများတွင်လည်း ဘုရင်အခေါင်းရုပ်ထု အခေါင်းထဲတွင် တန်ဖိုးကြီးမားသော အဖိုးတန်ကျောက်မျက်ရတနာများရှိခဲ့ကြောင်း ယခုထက်တိုင် ဝမ်းပိုက်၏လက်ယာဘက်တွင် ကျောက်မျက်ရတနာတိုက်ယူသွားရာ အပေါက်ကို တွေ့မြင်ရပေသည်။ ရုပ်ထုကို ကြည့်ရှုရန် လာရောက်ကြသူများသည် ကြည်ညိုလေးစားကြ၍ အမွှေးနံ့သာဆီများဖြင့် သုတ်လိမ်းကြသည်။ ဝမ်းပျက်ရောဂါဖြစ်နေသောအခါ သူတို့ထံ ရေအပြည့်ပါသော ပုံများဖြင့် လာရောက်ပြီး ရေချိုးကြသည်။ သူ့ကိုယ်မှ စီးကျသောရေများကို စုဆောင်းပြီး ဝေဒနာရှင်အား ရောဂါပျောက်ကင်းအောင် တိုက်ကျွေးကြသည်။

ရွှေနန်းတော်နှင့် အတန်ငယ်လှမ်းသောနေရာတွင် လူတို့ဆည်ဖို့ထားသော ရေအိုင်တစ်အိုင်ရှိလေသည်။ သူတို့ပြောသောစကားအရ သုံးဆတ်လိဂ် (Leagues) ရှည်သည်ဟု သိရသည်။ ဤရေအိုင်အတွင်းတွင် အတက်အလက်များ ဖြာထွက်၍ အရိပ်အာဝါသကောင်းသော ကျွန်းငယ်များ အလယ်ခေါင်တွင် တွေ့ရသည်။* သစ်သီးဝလံများဖြင့် သာသာယာယာရှိသော ကျွန်းငယ်များ ဖြစ်ကြသည်။ ယင်းကျွန်းများတွင် ရောကီရဟန်းများ သီတင်းသုံးနေထိုင်လျှက် ရှိကြပါသည်။ ထိုရဟန်းများနှင့်အချို့မှာ သိမ်များတွင် သီတင်းသုံး၍ ဘာသာရေးအဖွဲ့အစည်းတစ်ခုအဖြစ် နေထိုင်ကြ

သည်။ ကျွန်ုပ်သည် နိုင်ငံ၏ဘာသာရေးဆိုင်ရာအကြောင်း ဖော်ပြသောအခါ ၎င်းတို့အကြောင်း ဖော်ပြပါဦးမည်။ ကြီးမားသော ရေအိုင်အတွင်း လှေငယ်အများအပြား တွေ့ရသည်။ သို့သော် မြို့တော်နှင့်ကား ဆက်သွယ်၍မရချေ။ အကြောင်းမူကား ဆယ်ဖို့ထားသော ကမ်းပိတ်အိုင်ဖြစ်၍ဖြစ်သည်။

ဤနိုင်ငံ၏ရှေးကျသော သမိုင်းမှတ်တမ်းများ အဆိုအရ ဤကုန်းပိတ်အိုင်ကြီးကို ပဲခူးရန်မှ ကာကွယ်ရန် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။ ဤသို့လုပ်ရခြင်း၏ရည်ရွယ်ချက်မှာ အကယ်၍ရန်သူတို့ မြို့ကို အဝိုင်းခံရပါက အနီးတဝိုက်တွင် ရှိသောမြို့အစွန်ဒေသများသို့ ဆုတ်ခွာနိုင်ရန် ဖြစ်သည်။ နောက်ဆုံးကြိုးစားမှုအနေဖြင့် ရေကန်ရှိရေများကို ဖောက်ထုတ်ပစ်ရန်ဖြစ်သည်။ ဒလဟောစီးဆင်းလာသောရေ၏ အရှိန်သည် မြို့တော်တစ်ခုလုံးကို ရေလွှမ်းမိုးစေမည်ဖြစ်ပြီး တချိန်တည်းတွင် ရန်သူအင်အားကိုလည်း ဖျက်စီးပစ်မည် ဖြစ်ပေသည်။ သို့သော်လည်း ပေါ်တူဂီတို့သည် သူတို့ယခင်တိုင်းပြည်များကို သိမ်းပိုက်ခဲ့စဉ်ကကဲ့သို့ စိတ်ဓာတ်မျိုး၊ လျှင်မြန်ဖြတ်လတ်မှုတို့ဖြင့် စတင်တိုက်ခိုက်လာမည်ဆိုပါက ယခုလောက်လုပ်ဆောင်မှုမျိုးသည် သူတို့အတွက်မူ နေစရာမဟုတ်ချေ။

ရခိုင်မြို့တော်ဖြစ်သော မြောက်ဦးမြို့တော်တွင် နိုင်ငံခြားကုန်သည်များမပါဘဲ မြို့နေလူထု တစ်သိန်းခြောက်သောင်း(၁၆၀၀၀၀)ရှိသည်ဟု လူအများ ခန့်မှန်းကြပါသည်။ မြို့တော်တွင် ကုန်စည်ကူးသန်းရောင်းဝယ်မှုအတွက် ဘင်္ဂလား မူဆယ်ပါတန်၊ တနသ်ာရီ၊ မုတ္တမ၊ အာရှန်ဂျာကာတာတို့မှ လာရောက်ကြသော နိုင်ငံခြားသားအများအပြား တွေ့ရသည်။ စစ်မှုထမ်းရန်၊ ၎င်းအပြင် ကြေးစားစစ်သားအဖြစ်လည်းကောင်း၊ ကုန်သည်အဖြစ်လည်ကောင်း၊ လာရောက်ကြသော ပေါ်တူဂီ၊ ပဲခူး၊ မြန်မာ၊ မဂိုတို့ကိုလည်း တွေ့ရသည်။ ခရစ်ယာန်ဘာသာဝင်များ၊ ဂျပန်များ၊ ဘင်္ဂလီများနှင့် အခြားနိုင်ငံသားများကိုလည်းကောင်း အများအပြား တွေ့ရသေးသည်။

ရခိုင်နေပြည်တော်ကို တောင်ဘက်ပဲခူးနေပြည်တော်နှင့် မြင့်မားသော ပြည်တောင်တန်းနှင့် ပိုင်းခြားထားပါသည်။ အခြားတဘက်တွင် ဘင်္ဂလားနှင့် နယ်နိမိတ်စပ်လျှက်ရှိသည်။ စစ်တကောင်းမှ မာန်အောင်ကျွန်းအပါအဝင် နဂရေဂူအထိ ဒေသအားလုံးပါဝင်သည်။ ကမ်းခြေဒေသဖြစ်၍ တစ်နှစ်ပတ်လုံး လေကြမ်းတိုက်ခိုက်လျှက်ရှိသည့် ကျွန်းများ၊ သဘော်ဆိပ်များ ကမ်းခြေတစ်လျှောက် တွေ့ရသော်လည်း စိတ်မချရချေ။ ပင်လယ်ကူးသဘော်အချို့အတွက် အန္တရာယ်များလှပေသည်။*

ဤကား အေဒီ(၁၆၂၉) မှ(၁၆၃၅)ထိ မြောက်ဦးရွှေမြို့တော်၏ အခြေအနေပင်ဖြစ်သည်။ ပေါ်တူကီဘုန်းတော်ကြီး မန်နရိတ်မျက်မြင်ကိုယ်တွေ့ကို စပိန်ဘာသာဖြင့် ရေးသားမှတ်တမ်းတင်ခဲ့ရာ အင်္ဂလိပ်ဘာသာသို့ အိတ်ချ်ဟော့တင်က ဘာသာပြန်ဆိုခဲ့ရာ စာရေးသူက မြန်မာမှုပြု ပြန်ဆိုထားခြင်း ဖြစ်ပါကြောင်း။

---

၆။ ယခုမန္တလေး မဟာမုနိဘုရားဝင်းအတွင်းရှိ ကြေးရုပ်ကြီးများ ဖြစ်နိုင်ပါသည်။

၇။ လက်ဆည်ကန်နှင့် အနော်မာကန်များ ဖြစ်နိုင်သည်။

၈။ PADRS MAEMERO FREY HEB MANRIQUE IN ARAKAN(1629-1635) CHAP XXI Translated from the Spanish by Rev. . Hosten.

## ၄၂
## မြောက်ဦးခေတ် စီးပွားရေး

ရခိုင်ယဉ်ကျေးမှု ဖြစ်ထွန်းခဲ့ရာ ကုလားတန် မြစ်ဝှမ်းလွင်ပြင်ဒေသကား မြေဆီဩဇာ ထက်သန်လှပေသည်။ မယူမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်တို့သည် ရခိုင်တို့၏ အသက်သွေးကြောများပင် ဖြစ်သည်။ နှစ်ပရိစ္ဆေဒအရှည် ကြာမြင့်စွာ နုံးနစ်၊ နုံးနုများ ပို့ချခဲ့ရင်း မြစ်ဝကျွန်းပေါ်ကြီးကို တည်ဆောက်ခဲ့ကြခြင်း ဖြစ်ပေသည်။ ရှေးအတိတေက ပင် ဆန်ရေစပါး ပေါကြွယ်ဝ၍ **"ဓညဝတီ"**ဟူ၍ အမည်ခေါ်တွင်ကြောင်း အဆိုရှိပေသည်။[၁] မြေဩဇာထက်သန်၍ မိုးခေါင်ခြင်း ကင်းဝေးသောကြောင့် ရခိုင်ပြည်မှာရှိသော လူဦးရေထက် ထွက်ရှိသော ဆန်စပါးက များစွာပင် ပိုလျှံနေ တတ်ပေသည်။ ဓညဝတီ၊ ဝေသာလီ၊[၂] လေးမြို့ခေတ်များကဲ့သို့ပင် မြောက်ဦးခေတ် စီးပွားရေးသည်လည်း လယ်ယာ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးပင် ဖြစ်သော်လည်း ခေတ်ပြိုင်နိုင်ငံရေးအခြေအနေများ၊ စီးပွားရေးစနစ်များ ကြောင့် သမရိုးကျစီးပွားရေးမှ ထူးခြားသောလက္ခဏာများ တွေ့လာရသည်။ မန်နရစ်သည် မြောက်ဦးမြို့တော်သို့ အဝင် ဦးရစ်တောင်အနီးတွင် အလျား(၈)မိုင်၊ အနံ(၆)မိုင်ခန့်ထိ ကျယ်ဝန်းသော စပါးတွင်းကြီးများကို တွေ့ရှိရကြောင်း ကမ္ဘာ့အရှေ့ခြမ်းဒေသတို့တွင် ဆန်စပါးသည် လူတို့၏ပဓာန အာဟာရဓာတ်အစားအစာဖြစ်ပြီး လူတို့၏ စည်းစိမ်ဥစ္စာ ကို ပေါကြွယ်စေသော သီးနှံမျိုးဖြစ်သောကြောင့် ထိုတိုင်းပြည်မျိုးသည် အိန္ဒိယနိုင်ငံထက်သာလွန်ကြောင်း၊ ငတ်မွတ်ခေါင်း ပါးမှုမရှိကြောင်း၊ အလုပ်ကြမ်းလုပ်ရန်အတွက် အိန္ဒိယမှ လူခေါ်ယူရကြောင်း ဖော်ပြခဲ့ပေသည်။[၃]

ဆန်စပါးမှာ အဓိက စိုက်ပျိုးရေးသီးနှံဖြစ်သော်လည်း ကွမ်းသီး၊ ဆေးရွက်ကြီး၊ အုန်း၊ ဓနိ၊ ဝါဂွမ်းနှင့် ဟင်းသီး ဟင်းရွက်များကိုလည်း စိုက်ပျိုးကြောင်း တွေ့ရသည်။ စိုက်ပျိုးရေးနှင့် ယှဉ်တွဲ၍ မွေးမြူရေးကိုလည်း တွဲဘက်လုပ်ကိုင် ကြသည်။ မွေးမြူရေးအဖြစ် နွား၊ ကျွဲ၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲ များကို အဓိကမွေးမြူကြသည်။[၄] မန်နရစ် မြောက်ဦးမြို့ တော်သို့ လာသောအချိန် အေဒီ(၁၆၃၀)ခုနှစ်လောက်က မြောက်ဦးမြို့လမ်းအနီးရှိ ဆိပ်ကမ်းများတွင် ကြက်၊ ချိုး၊ ခို၊ ကြက်ဥ၊ ဘဲဥ၊ ထောပတ်နှင့် နို့ထွက်ပစ္စည်းအစားအစာများ အများအပြားအလုအယက် လာရောက်ရောင်းချကြ ကြောင်း၊ ဈေးလည်း အံ့ဩဖွယ်ဖြစ်လောက်အောင် ချိုသာကြောင်း၊ ဒင်္ဂါးတပြားလျှင် ကြက်ဖလှလှ အကောင်းဆုံး သုံးဆယ်ရကြောင်း၊ ပိုက်ဆံနှစ်ပြားပေးလျှင် ကြက်ဥတစ်ရာရကြောင်း၊ ဖော်ပြခဲ့ပေသည်။[၅] ဤသို့ဈေးပေါပေါနှင့် ရောင်းချ နိုင်ရန် ထိုစဉ်က ပြည်သူများသည် စိုက်ပျိုးရေး မွေးမြူရေးကို တွင်တွင်ကျယ်ကျယ် လုပ်ခဲ့ကြမည်ဖြစ်သည်။

ရခိုင်ပြည်သည် ဝေသာလီခေတ်ကပင် ပင်လယ်ကူးသင်္ဘောများဖြင့် ရေကြောင်းကုန်သွယ်မှု တိုးတက်နေဖြစ်ရာ ယင်းခေတ်က အိန္ဒိယ၊ အာရပ်၊ သီဟိုဠ်၊ မုတ္တမစသော ဘင်္ဂလားပင်လယ်တစ်ဝိုက်နိုင်ငံများနှင့် သမရိုးကျကုန်သွယ်ခဲ့ ခြင်းဖြစ်သည်။ ၁၆-ရာစု အစောပိုင်းမှစတင်၍ အိန္ဒိယသမုဒ္ဒရာသို့ စီးပွားရေး အခြေချလာခဲ့ကြသော အနောက်နိုင်ငံ များနှင့် အဆက်အသွယ်ရရှိ၍ ရခိုင်ပြည်၏ကုန်သွယ်မှုမှာ မြောက်ဦးခေတ်တွင် ပိုမိုကျယ်ပြန့်လာခဲ့လေသည်။ မြောက်ဦး ခေတ် ပြည်ပကုန်သွယ်မှုတွင် ပေါ်တူဂီနှင့် ဒတ်ချ် နှစ်မျိုးစလုံးနှင့် ဆက်သွယ်မှုရှိသော်လည်း နောက်ပိုင်းမှ ရောက်ရှိ လာသော ဒတ်ချ်တို့နှင့် ကုန်သွယ်မှုမှာ ပိုမိုတွင်ကျယ်လာကြောင်း တွေ့ရှိရသည်။

မြောက်ဦးမြို့သည် ဒတ်ချ်တို့ ဗဟိုဌာနချုပ်ရှိ ကာဘာတေးဘီးယားနှင့် အိန္ဒိယကမ်းခြေတို့အကြား တထောက် နားရာကမ်းခြေဖြစ်ကြောင်း တည်နေရာအနေအထားအရ ဘင်္ဂလားအော်၏အချက်အချာတွင် တည်ရှိခြင်း၊ ထိုခေတ်က ရွက်သင်္ဘောခေတ်ဖြစ်၍၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ စားနပ်ရိက္ခာကြောင့်လည်းကောင်း၊ ပင်လယ် အော်ကို ဖြတ်၍သွားခြင်း၊ သက်ကမ်းခြေတစ်လျှောက် ပတ်၍သွားခြင်းက ပို၍စိတ်ချရခြင်း၊ အခွန်အကောက်မရှိခြင်း စသည်တို့ကြောင့် ထိုအချိန်က ရေကြောင်းကုန်သွယ်မှုဆိပ်ကမ်းအဖြစ် ထင်ရှားစည်ကားလျှက် ရှိပေသည်။ ၎င်းအပြင်

---

၁။ ဓညဝတီ=(ဓည=စပါး၊ ဝတီ=ရှိသည်)=ဆန်စပါးပေါများရာ ဒေသဟု အဓိပ္ပါယ်ရသည်။(ဖြစ်စဉ်သမိုင်းစာ-၆၁)

၂။ ဝေသာလီ=(ဝေ=အထူးထူးအပြားပြားသော၊ သာလီ=ကောက်ပဲသလဲ ပေါများခြင်း၊ ကောက်ပဲသလဲ ပေါများသော တိုင်းပြည်ဟု အဓိပ္ပါယ်ရသည်။

၃။ ရတနာရွှေမြေ၊ ဦးလှဒင် စာ-၂၀၂

၄။ F. Cotta. Pader Maestro fray Seb-Manrique in Arakan. Chapteer-P. 22

၅။ F. Cotta. Pader Maestro fray Seb-Manrique in Arakan. Chapteer-P. 113

မြောက်ဦးမြို့တော်တွင် ဒတ်ချ်တို့၏ အဓိကလိုအပ်ချက်ဖြစ်သော ဆန်စပါးနှင့် ကျွန်များကိုလည်း အလုံအလောက် ဝယ်ယူရရှိနိုင်ရာ ကုန်သည်တို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

မြောက်ဦးခေတ် ဘုရင်များလည်း နိုင်ငံခြားသားများနှင့် ကုန်သွယ်မှုကို စိတ်ဝင်စားကြသည်။ ကုန်သွယ်မှု အတွက် ခေတ်မီအတွေးအခေါ်ရှိကြသည်။ နိုင်ငံခြားသားများ လာရောက်ရောင်းဝယ်ကြရန်အတွက် ကုန်တိုက်များ ဆောက်လုပ် ပေးခြင်း[၆]၊ အခါအားလျော်စွာ အကောက်အခွန်မဲ့ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခြင်း[၇]၊ စသည်တို့ဖြင့် ဆွဲဆောင်မှုများ ပြုလုပ်ပေသည်။ မင်းရာဇာကြီး၏ အမိန့်ပြန်တမ်းတစ်ရပ်တွင် **"ကြည်းရေသွားလာသည့် ကုန်သည်တို့ကို မည်သည့် ဆိပ်ကမ်းမဆို ရောင်းဝယ်ဖောက်ကားစေ၊ အကောက်အစား အခေါ်အမေး မရှိစေနှင့်"**[၈]ဟူ၍ တွေ့ရသည်။ ဤကား စီးပွားရေးနည်းဗျူဟာတစ်ရပ်ပင် ဖြစ်သည်။

ရခိုင်သို့ ဒတ်ချ်တို့ တင်သွင်းသော သွင်းကုန်များမှာ ဟင်းခတ်အမွှေးအကြိုင်နှင့် ဂျပန်သံသည် အဓိကဖြစ် သည်။ ၎င်းပြင် အိန္ဒိယပြည်ဖြစ် အထည်အလိပ် ဆေးရွက်ကြီးများ ကြွေစေ့များနှင့် နိုင်ငံခြားသုံးငွေများ တင်သွင်းသည်။ ကြွေစေ့[၉]ကို ရခိုင်ပြည်တွင် ငွေလဲလှယ်ရာတွင် ငွေကြေးအဖြစ် အသုံးပြုသည်။ ဂျပန်သံမှာ တမောင်း[၁၀]လျှင်၄၃ ကျပ် ဈေးရှိသည်။[၁၁]

ရခိုင်ပြည်မှ အဓိက ပို့ကုန်များမှာ ဆန်စပါး၊ ကျွန်း၊ မဲနယ်၊ ခြိတ်၊ ဆင်၊ အထည်ကြမ်း၊ အနက်စ၊ ပျားဖယောင်း တို့ဖြစ်သည်။ ဆန်စပါး၊ ခြိတ်နှင့် မဲနယ်ရောင်းဝယ်ခြင်းကို ဘုရင်က ကြိုးကိုင်ထားသည်။ မဲနယ်မှာ တမောင်းလျှင် ရခိုင်ဒင်္ဂါး (၄)ကျပ်ခန့်ဈေးရှိသည်။ ခြိတ်တမောင်းလျှင် မူလတွင် ၃$\frac{၁}{၄}$ ကျပ်ဈေးရှိသော်လည်း (၁၆၄၁)ခုနှစ်မှစ၍ ၈၃ ကျပ် ဈေးထိ ရှိလာရာ နောင်တွင် ၁၁ ကျပ်ထိ တက်သွားသည်။ တိပူရနယ်[၁၂] (Tippera) ထွက် အဝတ်နက် စဒုံဂရီ ပိုင်းမှာ ၁၂ ကျပ်ဈေးရှိသည်။ ဒတ်ချ်တို့သည် သူတို့၏ ကိုလိုနီစိုက်ခင်းများရှိ ကျွန်းများအတွက် အဆိုပါအဝတ်နက်စ ကို အများအပြား ဝယ်ယူကြသည်။[၁၃]

ရခိုင်ပြည်နယ်မှ ထွက်ကုန်များအနက် ဆင်မှာ တွက်ချေအကိုက်ဆုံးဖြစ်သည်။ အိန္ဒိယပြည် ကိုရိုမန်ဒယ်ကမ်း ခြေသို့ တင်ပို့သည်။ မြောက်ဦးတွင် ဆင်တကောင်လျှင် ရခိုင်ဒင်္ဂါး ၁၃၀၀ မှ ၁၄၀၀ကျော်ထိ ရှိသော်လည်း ပုလိကတ် (Pulicat) နှင့် အခြားကမ်းခြေရှိ အလုပ်ရုံများတွင် လေးဆမျှ ဈေးရရှိကြသည်။[၁၄] ရှေးရခိုင်တို့သည် ဆင်ကိုတွင်ကျယ် စွာ အသုံးပြုခဲ့ကြသည်။ ဘုရင်ကိုယ်တိုင် ဆင်ဖမ်းလေ့ရှိသည်။ ဆင်ဝန်ကြီး၊ ဆင်ကဲကြီး၊ ဆင်အောင်မဝန်၊ ဆင်ထိန်း စသည်တို့မှာ ဆင်တပ်မတော်၏ ရာထူးများပင် ဖြစ်သည်။ မင်းရာဇာကြီးလက်ထက် ဘင်္ဂါသို့ ချီတက်ရာတွင် ဆင်(၇၁၀) ပါသည်ဟုဆိုသည်။ မန်နရိတ်၏မှတ်တမ်းအရ သီရိသုဓမ္မရာဇာ ဘိသိက်ပွဲတွင် ဆင်(၄၀၀)စီတန်းလှည့်လည်ပုံကို မြင်ခဲ့ရကြောင်း ဆိုသည်။ ဆင်များကို လေ့ကျင့်ရာတွင် ဆင်ကျောင်းကို ငစင်ရိုင်းကျွန်းတွင် ဖွင့်လှစ်ထားသည်။ နတ်တော်လတွင် ဆင်ပြိုင်ပွဲများ ကျင်းပပြုလုပ်သည်။

ထိုစဉ်က မြောက်ဦးမြို့သည် ကုန်ရောင်းဝယ်ရာတွင် ဈေးကွက်ကြီးတစ်ခု ဖြစ်ခဲ့သည်။ မဂိုရန်ကို ကာကွယ်ရန် အတွက် ရခိုင်ဘုရင်က တပည့်မွေးထားသော ပေါ်တူဂီတို့သည် ဒီရင်းကားမြို့ကို အခြေပြု၍ ဘင်္ဂလားကမ်းခြေတစ်ဝိုက် ရှိလူများကို ဖမ်းဆီးပြီး မြောက်ဦးမြို့တော်တွင် ကျေးကျွန်အဖြစ် ရောင်းချကြသည်။ နှစ်စဉ်ဖမ်းဆီးယူလာသော ကျွန်ဦးရေမှာပျမ်းမျှ (၃၄၀၀)ဦး[၁၅] ခန့်ရှိသည်ဟု မန်နရိတ်၏မှတ်တမ်းတွင် တွေ့ရသည်။ ဒတ်ချ်တို့၏ အရှေ့အိန္ဒိယ

---

၆။ Hall-Dutch-Relation P. 71

၇။ M.S Collis. The Land of the Creat Image. P. 211

၈။ မင်းရာဇာကြီးစာတမ်း(ပေမူ)၊ ယိဝမ်း-ဂ၊ အမျိုးသားတိုက်ပိုင်-၁၆၃၂

၉။ ရခိုင်ဒင်္ဂါးတကျပ်လျှင် ကြွေစေ့ ၂၆၆၀ ရှိသည်ဟုဆိုသည်။ (ရခိုင်ညွန့်ဖူး စာ-၂၂၁) ဒတ်ချ်တို့ထံမှ ဒင်္ဂါးတကျပ် ဖိုးကို (၄၈)ပိဿာနှုန်းနှင့် ဝယ်ယူရသည်။

၁၀။ တမောင်း=ရခိုင်ပြည်တွင် ယခုထက်တိုင် အသုံးပြုကြသေးသည့် အင်္ဂလိပ်ပေါင်ချိန် ၄၆ ခန့်ရှိသည်။

၁၁။ Hall . Dutch. Relation P. 83

၁၂။ တိပူရနယ်-ရခိုင်ပြည်မြောက်ပိုင်း ယခုအာသံနယ်တွင် ရှိသည်။

၁၃။ Hall . Dutch. Relation P. 82-83

၁၄။ Dutch-Trade with Arakan Page-82

၁၅။ Dutch-Trade with Arakan Page-82

ကျွန်းစု ရှိ စိုက်ပျိုးရေးခြံကြီးများတွင် အလုပ်လုပ်ကိုင်ရန်အတွက် ကျွန်အမြောက်အများလိုအပ်လျက်ရှိရာ မြောက်ဦးရှိ ပေါ်တူဂီတို့၏ ကျွန်ဈေးကွက်မှ ဝယ်ယူကြရသည်။[၁၆] ကျွန်ရောင်းဝယ်ရေးကို ပေါ်တူဂီတို့က အဓိကပြုလုပ် ကြသော်လည်း ရခိုင်ဘုရင်သည် လိုအပ်သလို ချုပ်ကိုင်ထားသည်။ အတတ်ပညာရှင် ကျွန်များကို ပြင်ပသို့ ရောင်းချခွင့် မပြုချေ။ (၁၆၆၅) ခု ဒတ်ချ်တို့၏ ကုန်သွယ်ရေးအစီရင်ခံစာတွင် ရခိုင်တို့သည် လိမ္မာရေးခြားရှိသော အတတ်ပညာရှင်ကျွန်ကို ၄၅ မှ ၄၈ အထိ ဈေးကောင်းပေး၍ ဝယ်ယူကြောင်း၊ ၎င်းမှာ ဒတ်ချ်တို့ဝယ်ယူသောဈေးထက် များစွာပိုကြောင်း၊ ဒတ်ချ်တို့ဝယ်ယူပြီးသော ကျွန်များကိုလည်း ရခိုင်ဘုရင်၏ဝန်ထမ်းများက သေချာစွာစစ်ဆေး၍ ကျွမ်းကျင်သောလက်မှုပညာသည်များကို သာမန်ကျွန်များဖြင့် လဲယူထားကြောင်း ဖော်ပြပါရှိသည်။

ကျွန်များမှာ အသက်အရွယ်အလိုက် (၁၀)ဖလော်ရင့်မှ (၃၀)ဖလော်ရင့်အထိ ဈေးအမျိုးမျိုးရှိသည်။ ၁၆၄၁ ခုနှစ်မှ စတင်၍ ကျွန်တစ်ဦးပြင်ပသို့ ထွက်ခွာရန်အတွက် အခွန်တော်အပြင် ၁½ဒင်္ဂါး ကောက်ခံသည်။[၁၇]ဒတ်ချ်တို့သည် ကာဘေးဘီးယားသို့ ထွက်ခွာသော သင်္ဘောတစ်စီးတိုင်းတွင် ကျွန်ပေါင်း ၁၅၀ မှ ၃၅၀ထိ တင်ဆောင်သွားကြသည်။ ဤသို့ ကျွန်များကို အမြောက်အများ နှစ်စဉ်တင်သွင်းခဲ့ရာ ၎င်းတို့စားသောက်ရေးအတွက် ဆန်သည် အရေးတကြီး လိုအပ်လာခဲ့သည်။ အင်ဒိုနီးရှားတွင် ဆန်မလုံမလောက်ဖြစ်ရာ ဆန်အပိုအလျှံရှိသော ရခိုင်ပြည်မြောက်ဦးမှာ ဒတ်ချ်တို့သည် ဆန်ကိုတင်သွင်းရာ ဖောက်သည်များ ဖြစ်လာခဲ့သည်။

ရခိုင်တို့သည် ဆန်စပါးရောင်းဝယ်ရေးတွင် ဒတ်ချ်တို့က လက်ဝါးကြီးမအုပ်မိစေရန် အထူးဂရုပြုခဲ့သည်။ သံတမန်များ စီးပွားရေးသူလျှိုများ စေလွှတ်၍ ပြင်ပနိုင်ငံများ၏ ဆန်ပေါက်ဈေးကို သိရှိအောင် ကြိုးစားသည်။ ဆန်စပါးရောင်းဝယ်မှုကို (ပြည်သူပိုင်) ဘုရင်ပိုင် အဖြစ် သတ်မှတ်ထားသည်။ ပြည်တွင်းရောင်းဝယ်ရေးကိုလည်း ဘုရင်က တိုက်ရိုက်ကိုင်တွယ်သဖြင့် ဒတ်ချ်တို့မှာ ထင်သလိုလုပ်၍ မရနိုင်ခဲ့ပေ။ ဆန်စပါးဈေးကို ဘုရင့်ကိုယ်စားလှယ်က သတ်မှတ်သည်။ အထူးသဖြင့် ဆန်စပါးဈေးနှုန်းသတ်မှတ်ရာတွင် ဒေသဖူလုံမှု၊ ပြည်ပသို့ ရောင်းချနိုင်မှု၊ ဒတ်ချ်တို့ ဝယ်လိုအား စသည်တို့အပေါ် အဘက်ဘက်မှချိန်ဆ၍သာ သတ်မှတ်လေ့ရှိသည်။ ရိက္ခာရှားပါးသော အေဒီ (၁၆၃၁)-မှ (၁၆၃၅)အတွင်း ဆန်တကာရ[၁၉] (Carra)လျှင် ဒင်္ဂါး ၁၀ အထိ ဈေးတက်ခဲ့ပြီး ဘုရင်က ချုပ်ကိုင်ရောင်းဝယ်ခဲ့သည်။ (၁၆၆၁ )ခုနှစ် နောက်ပိုင်းတွင် ဆန်ကိုလွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုကြောင်း မြောက်ဦး ဒတ်ချ်အဝယ်တော်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။[၂၀]

ပြည်တွင်းဈေးကွက်တွင် ဆန်တကာရလျှင် ၂ ကျပ်မှ ၃ကျပ်ထိသာ ရှိသည်။ ဒတ်ချ်တို့က သက်သာသော ပြည်တွင်းဈေးအတိုင်း ဝယ်ယူလိုသော်လည်း ဘုရင်က အားလုံးသိမ်းကျုံးဝယ်ယူထားပြီးဖြစ်၍ သတ်မှတ်ဈေးအတိုင်း ဝယ်ယူကြရသည်။ သို့သော် မတန်တဆဈေး သတ်မှတ်လေ့မရှိချေ။ အေဒီ(၁၆၃၆)ခုနှစ်တွင် ဒတ်ချ်ကုန်သည် မန်ဒရေးသည် ဘုရင်ထံမှ ဈေးကြီးမမိစေရန်အတွက် ၎င်း၏လက်အောက် ပီတာကော့ဘူး (Pieter Cocau)ဆိုသူကို စစ်တကောင်း သို့ ကိုယ်စားလှယ်အဖြစ် စေလွှတ်ကာ စရန်ငွေ အမြောက်အများပေး၍ ဝယ်ယူစေသည်။ ရခိုင်ဘုရင်က အဝယ်တော်များကလည်း တကာရကို ၂ ၇/၉ ဈေးပေး၍ ဝယ်ယူထားပြီးဖြစ်သည်။ နောက်ဆုံး၌ ဒတ်ချ်တို့မှာ ဘုရင်ထံမှပင် တကာရလျှင် ၄ ကျပ်ခွဲဈေးနှုန်းနှင့် ဝယ်ရတော့သည်။ ၎င်းတို့က အမျိုးမျိုးအကြောင်းပြကာ အရှေ့အိန္ဒိယကျွန်းစုနှင့် ဘာကေးဘီးယားတွင် တဖန်တကာရလျှင် ၁၀/-ဈေးဖြင့် ပြန်လည်ရောင်းချကြသည်။

ဤသို့ နိုင်ငံခြားကုန်သည်များကို ဆန်စပါးရောင်းရာတွင် နစ်နာမှုမရှိပဲ အောင်မြင်ခဲ့ခြင်းမှာ မြောက်ဦးခေတ်ဘုရင်များ၏ ဆန်စပါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုဆိုင်ရာ နည်းစနစ်ကျ၍ဖြစ်သည်။[၂၂] ရခိုင်ထီးနန်းသုံး ရွှေမျဉ်းခမွ

---

၁၆။ Among the Slavers of Dianga. P. 91

၁၇။ Hall-Dutch-Relation P-82

၁၈။ (က) ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ၊ စာ-၈၆
(ခ) ဒေါက်တာခင်မောင်ညွန့်၊ ရခိုင်ပြည်ပရောင်းဝယ်ရေး၊ စာ-၉၄။
(ဂ) Hall Dutch-Trade with Arakan Page-81

၁၉။ တကာရလျှင် ဒတ်ချ်ပေါင်ချိန် (၄၂၀)ရှိသည်။

၂၀။ Hall, Dutch-Trade with Arakan Page-81

၂၁။ ရခိုင်ညွန့်ဖူး၊ စာ-၂၂၄-စောသိန်းတန်။

၂၂။ (က) တက်ထွန်းနီ (မြောက်ဦး) မြောက်ဦးခေတ် ဆန်စပါးရောင်းဝယ်ရေး ရခိုင်တန်ဆောင်-၁၅/စာ ၅၃
(ခ) ဦးဘစံ၊ မြောက်ဦးခေတ် စီးပွားရေးရာ၊ ရခိုင့်တန်ဆောင်

သတ် ကျမ်းလာအတိုင်း ဆောင်ရွက်သည်ဟု သိရသည်။

ဘုရင်သည် ဆန်စပါးထုတ်လုပ်ရောင်းဝယ်မှုကို တာဝန်ယူထားရာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်လိုသူများ အတွက် ကြွေးမြီချ[၂၃](ငွေချေးခြင်း)ကို ဘုရင့်ဘဏ္ဍာတော်မှ စိုက်ထုတ်ပေးသည်။ ကျေးရွာအုပ်ချုပ်သူ၊ သူကြီးတို့က မိမိတို့ကျေးရွာရှိ လယ်သမားစာရင်း၊ စိုက်ပျိုးဧရိယာ၊ (ဝါးတာဖြင့်တိုင်းသည်) လယ်စရိတ်အထွေထွေ မည်မျှကုန်ကျ မည်ကို စာရင်းပြုစုပြီး အချုပ်လူကြီးထံ ပို့ရသည်။ အချုပ်လူကြီးက စစ်ဆေးကာ မှန်ကန်ပါကြောင်း၊ မည်မျှထွက်နိုင် ကြောင်း၊ ဘုရင့်ဘဏ္ဍာတော်အတွက် မည်မျှအကျိုးရှိနိုင်ကြောင်း ပြည်စိုးကြီး[၂၄]ထံ တင်ပြရသည်။ ပြည်စိုးကြီးက လိုအပ် သည်များကို စစ်ဆေးညွှန်ကြားပြီး တောင်သူလယ်သမားများအား ဘုရင့်ဘဏ္ဍာတော်မှ ကြွေးမြီးချသည်။ တနည်းအား ဖြင့် ငွေထုတ်ချေးခြင်းဖြစ်သည်။ သို့သော် အတိုးလုံးဝ မပေးရချေ။

စပါးပေါ်ချိန်ရောက်သောအခါ ဘုရင့်ကိုယ်စားလှယ်တော်များသည် တောင်သူလယ်သမားများထံမှ စာရင်းနှင့် ကောက်ယူသည်။ ထွက်ရှိသော စပါးများကို ဒေသန္တရ စပါးကျီများဖြင့် ယာယီသိုလှောင်ထားပြီးနောက် အခိုင်အမာ သိုလှောင်နိုင်ရန်အတွက် မြောက်ဦးမြို့တော်သို့ တင်ပို့ရသည်။ မြောက်ဦးမြို့တော်တွင် ဆန်ထားရာ စပါးကျီပေါင်း (၄၁)ကျီရှိသည်။ ယခုရှေးဟောင်းသုတေသနမှ (၁၄)ကျီကို ထိန်းသိမ်းထားရှိသည်။ အဆိုပါကျီများမှာ အောက်ခြေမှ ကြွက်မဖောက်နိုင်အောင် အောက်ခြေနှင့်ပတ်လည်တွင် ကျောက်သားပကတိဖြင့် သေသေသပ်သပ် ဆောက်လုပ်ထား သည်။ ရေစိမ့်မဝင်နိုင်ဟု ဆိုသည်။ စိုထိုင်းခြင်းမရှိအောင် ရေထွက်ခြေခင်းများ ဖောက်လုပ်ထားသည်။ အများအား ဖြင့် ရေမဝင်သော ကုန်းမြေနေရာများတွင် ဆောက်လုပ်ထားခဲ့ကြသည်။ ခေတ်မီ၍ စနစ်တကျဆောက်လုပ်ထားခြင်း ဖြစ်သည်။ ယခုတိုင် လေ့လာတွေ့ရှိနိုင်သည်။

| | | |
|---|---|---|
| ၁။ | လေသာကျီတော်ကြီး | (မြို့တောင်ဘက် လေသာတောင်တလျောက်) |
| ၂။ | ပုဏ္ဏားမြောင်းကျီတော် | (မြို့အရှေ့ဘက်ပုဏ္ဏားမြောင်းဘေး) |
| ၃။ | မျှော်တော်မူကျီငယ် | (မြို့အရှေ့ဘက် မျှော်တော်မူတောင်ထိပ်) |
| ၄။ | ဝင်မနားကျီတော်ကြီး။ | |
| ၅။ | တဘက်ဆည်ကျီတော်ကြီး | (မြို့မြောက်ဘက် သျှစ်သောင်းအရှေ့ပြင်ထိပ်) |
| ၆။ | တဘက်ဆည်ကျီတော်ငယ် | (သျှစ်သောင်းဘုရားအနီး) |
| ၇။ | ရဲလှကျီတော်ကြီး | (မြို့မြောက်ဘက် ရဲလှတံခါးအနီး) |
| ၈။ | ရဲပျော့ကျီတော်ကြီး | (မြို့အနောက်မြောက် ကာကုစာရကုန်း) |
| ၉။ | ရီတံခါးကျီတော်ကြီး | (မြို့အနောက်မြောက်ယွန်းတခွက် ဆရာတောင်အနီး)။ |
| ၁၀။ | ရီတံခါးကျီတော်ငယ် | (မြို့အနောက်မြောက်ယွန်းတခွက် ဆရာတောင်အနီး)။ |
| ၁၁။ | မောက်တော်ကျီတော်ကြီး | (မောက်တော်တံခါးအနီး) |
| ၁၂။ | ကြောင်လည်ဒီကျီတော်ကြီး | (ပီပင်ကုန်းရွာအနောက်ဘက်ကြောင်လည်ဒံခံတပ်အနီး) |
| ၁၃။ | ကျတ်ပိတ်ကျီတော်ကြီး | (မြို့တောင်ဘက် မောလိပ်ကန်အနီး) |

ထို့ကို အစိုးရထိန်းသိမ်းထားရှိသည်။ ပြည်စိုးကြီးသည် ဤသို့ အစိုးရစပါးကျီများသို့ ရောက်ရှိလာသော စပါးများကို စာရင်းချုပ်ပြုလုပ်ပြီး တစ်နှစ်အတွက် စပါးလိုအပ်ချက်ကို တွက်ချက်သည်။ ရောင်းနိုင်သည့်စပါးများကို ရောင်းနိုင်ရန် အတွက် ရခိုင်ပြည်တဝန်းလုံးမှ အဝယ်တော်ကိုယ်စားလှယ်များကို ခေါ်၍အစည်းအဝေး ပြုလုပ်သည်။ နိုင်ငံခြားတိုင်း ပြည်များသို့ စေလွှတ်ထားသော စီးပွားရေးသူလျှိုများထံမှ ရရှိသည့် နိုင်ငံတကာ ဆန်စပါးဈေးနှုန်းတို့ကို ထည့်တွက် ညှိနှိုင်းဆွေးနွေးကြသည်။ ၎င်းနောက်တစ်နှစ်အတွက် ပေါက်ဈေးကို ပြည်စိုးကြီးက နိုင်ငံတဝန်းလုံးသို့ ကြေငြာရသည်။ နိုင်ငံခြားဈေးကို အတက်အကျလိုသလို ပြုလုပ်သော်လည်း ပြည်တွင်းဈေးကို ပုံသေသတ်မှတ်ထား သည်။ အတိုးအမြင့် မပြုလုပ်ချေ။ ရာသီဥတုဖောက်ပြန်၍ စပါးအထွက်မကောင်းသောနှစ်တွင် ဘုရင့်ဘဏ္ဍာတော်မှ

---

၂၃။ (ဂ) ထွန်းယဉ်(စစ်တွေ)၊ မြောက်ဦးခေတ် သမဝါယမ ရခိုင်တွဲ၃၊ စာ-၁၈။

၂၄။ ယခုခေတ် အမတော်ချေးခြင်းမျိုး ၊ စိုက်ပျိုးရေးစရိတ်ထုတ်ချေးခြင်း၏ရှေ့ပြေးပုံစံဖြစ်သည်။

၂၅။ ဘုရင့်ကိုယ်စားတိုင်းပြည်ကို အုပ်ချုပ်ရသူအမတ်ကြီး၊ အိမ်ရှေ့မင်းပြီးပါက ဩဇာအာဏာအရှိဆုံးပုဂ္ဂိုလ်၊ နိုင်ငံတော်၏တတိယလူ၊

စိုက်ထုတ်ကုန်ကျသည်။

စပါးဝယ်ယူလိုသော နိုင်ငံခြားကုန်သည်ကြီးများသည် ကြေငြာထားသော စပါးဈေးနှုန်းများအတိုင်း မည်မျှဝယ်ယူလိုသည်ကို ပြည်စိုးကြီးထံ လျှောက်လွှာတင်သွင်းရသည်။ ပြည်စိုးကြီးက ပြည်၏အကျိုးတော်ဆောင် ဒိုင်းကျီ၊ အစို့၊ ကူတို့သူကြီးတို့အား အမိန့်စာနှင့် ဆင့်ခေါ်ပြီး စပါးကျီများမှ စပါးများကို စပါးအရောင်းဌာနများသို့ ပို့စေသည်။ သက်ဆိုင်ရာရပ်ကွက်စာတိုင်တို့က တောင်း၊ မောင်းတို့ဖြင့် ချိန်တွယ်ပြီး နိုင်ငံခြားကုန်သည်ကြီးများလက်သို့ အပ်ရသည်။ နိုင်ငံခြားကုန်သည်များက အပြည့်အဝရရှိကြောင်း လက်မှတ်ရေးထိုးရသည်။ တဖန် ရပ်ကွက်စာတိုင်တို့က ၎င်းလက်မှတ်ကို သင်္ဘောစာတိုင်ထံတွင် တင်သွင်းရသည်။ သင်္ဘောစာတိုင်တို့က ရောင်းချသောစပါးကို သတ်မှတ်ဈေးဖြင့် တွက်ချက်၍လည်းကောင်း၊ နိုင်ငံခြားကုန်သည်ကြီးများထံမှ ဘဏ္ဍာတော်အဖြစ် စပါးတောင်းတစ်ရာလျှင် နှစ်ဂါကျစီ ကောက်ယူရသော အခွန်တော်အတွက် တွက်ချက်၍လည်းကောင်း၊ စပါးများကို သယ်ယူပြောင်းရွှေ့ပေးသော ဒိုင်းကျီအစို့နှင့် ကူတို့သူကြီး အစို့တို့အတွက်လည်းကောင်း၊ စာရင်းပြုလုပ်ကာ သက်ဆိုင်ရာ ပြည်စိုးကြီးသို့တစ်စောင်၊ ကုန်သည်ကြီးသို့ မိတ္တူပေးသည်။ ထိုအခါ စပါးဝယ်သော နိုင်ငံခြားကုန်သည်များသည် ကျသင့်ငွေအားလုံးကို ပြည်စိုးကြီးထံ ပေးသွင်းရသည်။ ပြည်စိုးကြီးက ကျသင့်ငွေအားလုံး ရရှိပြီးသောအခါ ငွေရပြေစာရေးပြီး ဆက်တံဆိပ်(ဆတ်မော်ကွန်း) ရိုက်နှိပ်ကာ လက်မှတ်ရေးထိုးပေးသည်။ ပြည်စိုးကြီး၏လက်မှတ်ကို ကုန်သည်ကြီးများက စပါးသယ်ဆောင်သွားသောအခါ လမ်းတွင်ရှိသော ရေတံခါးမင်းထံ တင်ပြရသည်။ လက်မှတ်စာတွင် ငွေအပြေအလည်ချေပြီးကြောင်း တွေ့မှသာလျှင် ဆန်စပါးကို စစ်ဆေးပြီးမှ ရေတံခါးမှ ထွက်ခွာခွင့်ပြုသည်။

စပါးရောင်းဝယ်ရာဌာနများမှာ ကစ္ဆပနဒီမြစ်၏မြို့တော်(ကျောက်တော်)၌တစ်ခု၊ **ဖတ်မရ** လက်ဝဲကမ်းယုံ (တန်ခိုးကျွန်း)၌တစ်ခု၊ စပါးထား၌တစ်ခု၊ ဝါဘို၌တစ်ခု၊ ယခုပေါက်တောမြို့နယ်တပ်မော်မင်းဗား၌တစ်ခု၊ မင်းဂံ၌တစ်ခု၊ ဈေးကြီးတံခါး ဝါဈေးစပါးဆိပ်၌တစ်ခု၊ ဒိုင်းကျီ၌တစ်ခု တွေ့ရသည်။

စိတ်ဝင်စားဖွယ်ကောင်းသော ကုန်လုပ်ဆက်ဆံရေးတစ်ခုမှာ နိုင်ငံခြားငွေကြေးများကို လဲလှယ်ရောင်းဝယ်ခြင်း ပင်ဖြစ်သည်။ မြောက်ဦးသွင်းကုန်များတွင် ဒေါ်လာ သို့မဟုတ် ငွေကြေးများ ပါရှိကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ငွေကြေးလဲလှယ်နှုန်း အတက်အကျကိုလိုက်ကာ အမြတ်အစွန်းရရှိကြ၍ နိုင်ငံခြားသုံးငွေကို ဝယ်ယူစုဆောင်းကြသည်။ မဂိုဒင်္ဂါး၊ ရခိုင်ဒင်္ဂါး၊ ဟိန္ဒူဒင်္ဂါး၊ ဒတ်ချ်တို့၏ ဖလော်ရင့်ဒင်္ဂါးနှင့် အရှေ့တိုင်းသို့ လာရောက်ကုန်သွယ်ကြသော ဥရောပ ကုမ္ပဏီကြီးငယ်တို့၏ဒင်္ဂါးများ ပါဝင်သည်။ အဆိုပါ ပိုက်ဆံများအားလုံးမှာ ရောင်းဝယ်ရေးဆိပ်ကမ်းမြို့ အားလုံး၌သုံးစွဲရသောကြောင့် နိုင်ငံခြားငွေကြေးရောင်းဝယ်ရေးသည် မြောက်ဦးခေတ်စီးပွားရေးလုပ်ငန်း တစ်ရပ်ပင်ဖြစ်သည်။[၂၆] မြောက်ဦးခေတ် စီးပွားရေးနှင့် ပတ်သက်၍ဖော်ပြရာတွင် ဒတ်ချ်တို့ အနှစ်ချုပ်အစီရင်ခံစာများ၊ မှတ်တမ်းများကို အကိုးအကားအထောက်အထားပြု၍ ဒတ်ချ်နှင့် ကုန်သွယ်ရေးကိုသာ အဓိကဖော်ပြနိုင်သော်လည်း မြောက်ဦးခေတ် ပြည်ပကုန်သွယ်မှုမှာ ထိုထက်မက ပိုမိုကျယ်ဝန်းခဲ့ပေလိမ့်မည်။ ယုံကြည်ကိုးကားနိုင်လောက်သော အထောက်အထား မှတ်တမ်းများ ရှာဖွေကာ သုတေသန ပြုရပေဦးမည်။ အေဒီ ၁၆၃၄ ခုနှစ်တွင် မြောက်ဦးမြို့တော်အတွင်း ရှိနေခဲ့သော မန်နရစ်က ထိုစဉ်မြောက်ဦးမြို့တော်တွင်း ပျားပန်းခတ်မျှ စည်ကားနေပုံကို မျက်မြင်ကိုယ်တွေ့အရ မှတ်တမ်းတင်ထားခဲ့သည်။

ရွှေမြို့တော်အတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဧည့်သည်တော်များ ပြည့်နှက်လျက် ရှိလေသည်။ ကုန်များပေါ်တွင် အခွန်အကောက် ကင်းလွတ်ကြ၍ ကုန်သည်များသည် အမျိုးမျိုးအစားစားသော ကုန်များကို သင်္ဘောဖြင့် တင်ဆောင်ခဲ့ကြသည်။ ကုန်သည်များတွင် အိမ်နီးချင်းတိုင်းပြည်များဖြစ်သော ဘင်္ဂလား၊ ပဲခူး၊ မုတ္တမများ သာမက ယိုးဒယား၊ ဗီယက်နမ်၊ ကမ္ဘောဒီယား[၂၇]တို့မှ ကုန်သည်များလည်း ပါရှိသည်။ အိန္ဒိယပြည် နေရာအနှံ့အပြားမှလည်း သင်္ဘောများဖြင့်လာရောက်ကြရာ ဆိုလာပါတန် (Musulapatan) နာဂပါတန် (Nagapatan)နှင့် မော်လဒီဗီးယား ဘုရင်နိုင်ငံများမှ ခရီးသည်များကို တွေ့ရသည်။ ယင်းခေတ် ယင်းအချိန်က တန်ခိုးအာဏာဘက်တွင်လည်းကောင်း ကြွယ်ဝချမ်းသာမှု၌လည်းကောင်း၊ စံထားရသည်။ စူမတြာကျွန်း၊ ဂျာဘာကျွန်းကြီး၊ ကျွန်းကလေး၊

---

၂၆။ ဒေါက်တာခင်မောင်ညွန့်၊ ရခိုင်ပြည်ပရောင်းဝယ်ရေး၊ စာ-၉၇။

၂၇။ ယိုးဒယားကို Sian, ဗီယက်နမ်ကို Champa ကမ္ဘောဒီယားကို Cambja ဖော်ပြထားသည်။

အာချန် (Achan) မကာဆာ (Macassar)နှင့် မြန်မာ (Bima)တို့လည်း သင်္ဘောများဖြင့် လာရောက်ကြသည်။ ဤသို့ အတိုင်းတိုင်း အပြည်ပြည်မှ လူအမျိုးမျိုး၊ အယူဝါဒအမျိုးမျိုး၊ ဝတ်စားဆင်ယင်ပုံအမျိုးမျိုး၊ အသွားအရောင် အမျိုးမျိုးဖြင့် မျက်စိရှုပ်လောက်အောင်ပင် ရှိတော့သည်။ နိုင်ငံခြားကုန်သည်များသည် စိန်၊ ပတ္တမြား၊ နီလာ၊ ဥဿဖရား၊ ရွှေငွေစသည့် ရတနာများအပြင် သံ၊သွပ်၊ ကြေးနီ၊ ရေနံစသည့် သတ္တုပစ္စည်းများ၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အမွှေးအထုံ၊ ကော်ဇော၊ သတ္တုအိုးများ၊ ငါးကြီးအံဖတ်၊ ခြိတ်၊ ဘိန်း၊ ပြဒါးစသည့် လူအသုံးအဆောင်များကို ယူဆောင်လာခဲ့ပြီး မြောက်ဦးမြို့ဈေးအတွင်း ဆိုင်ခင်းလျှက် ရောင်းချကြသည်။[၂၈]

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြောက်ဦးခေတ်၏ ပြည်ပကုန်သွယ်ရေး စည်ပင်ဝပြောခဲ့ခြင်းမှာ တိုင်းပြည် အခြေအနေ အေးချမ်းသာယာခဲ့သည့်အပြင် နိုင်ငံခြားကုန်သည်များ ယုံကြည်အားကိုးလောက်အောင် ခိုင်မာသောငွေ ကြေး စံရှိခဲ့၍လည်း ဖြစ်ပေသည်။ ရခိုင်ပြည်တွင် အေဒီ ၄ ရာစု၊ ဝေသာလီခေတ်ကပင် ဒင်္ဂါးသွန်းလုပ်၍[၂၉]ကုန်သွယ်မှု အတတ်ရှိခဲ့ပြီး ဖြစ်ရာ မြောက်ဦးခေတ် ဆက်ခံသောမင်းများလည်း သူတို့၏ဘိုးဘွားဘီဘင်တို့၏ သမိုင်းအမွေကို ဆက်ခံခဲ့ကြပေမည်။

မြောက်ဦးခေတ်တွင် ရက်ပိုင်းမျှသာ စိုးစံခဲ့သော မင်းများမှအပ ကျန်မင်းအားလုံး ဒင်္ဂါးသွန်းလုပ်ခဲ့ကြမည်ဟု ယုံကြည်ရပေမည်။[၃၀] အဘယ်ကြောင့်ဆိုသော် ဒင်္ဂါးပေါ်တွင် မိမိ၏အမည် ဘွဲ့တံဆိပ်ခတ်၍ မိမိသြဇာပျံ့နှံ့ရာ နယ်ပယ် အတွင်း အသုံးပြုခြင်းသည် တစ်နည်းနည်းနှင့် အာဏာစက် သက်ရောက်မှုကို ဖော်ပြနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။ ယနေ့ထိ မြောက်ဦးမင်းပေါင်း (၂၇)ဦး ဒင်္ဂါးကို တွေ့ရှိပြီးဖြစ်သည်။ မင်းအမည် နန်းစံနှစ်များ ပါရှိ၍ သုတေသီများ အတွက် များစွာအထောက်အကူ ပြုလေသည်။

---

၂၈။　(က) Manrique, Padre Maestro frey Seb. Manrique in Arakan (1629-1635)P- 29
　　(ခ) Manrique: Travels-P. 379

၂၉။　မြောက်ဦးမြို့ပြတိုက်ရှိ ဒင်္ဂါးသွန်းလုပ်ရာတွင် အသုံးပြုသောကိရိယာတစ်ခု ရှိသည်။ ဖမ်းယူခဲ့သော သံ့ပန်းများကို ဒင်္ဂါးအစို့တွင် ဖြည့်သည်ဟု ရခိုင်ရာဇဝင်တွင် တွေ့ရသည်။

၃၀။　ဦးစံသာအောင်၊ ရခိုင်ဒင်္ဂါး စာ-၂၉

# အုပ်ချုပ်ရေး

အုပ်ချုပ်ရေးတွင် အမြင့်ဆုံးအာဏာပိုင်မှာ ဘုရင်ဖြစ်သည်။ ထိုထူးခြားချက်မှာ ဘုရင်သည် ဗုဒ္ဓအဆုံးအမကို အခြေခံသော ဗုဒ္ဓယဉ်ကျေးမှုစဉ်လာ ဓမ္မထုံး၊ တရားထုံး၊ ဓမ္မသတ်များနှင့်အညီ အုပ်ချုပ်သည်။ ရွှေမျဉ်း၊ ဓမ္မသတ်ကျမ်းနှင့် မနုဓမ္မသတ်ကျမ်းတို့သည် ရခိုင်အုပ်ချုပ်ရေးတွင် အဓိကအကျဆုံးဟု ဆိုနိုင်ပေသည်။ သို့သော် မြောက်ဦးခေတ် အုပ်ချုပ်ရေးကို ကြည့်ပါက အချို့နေရာများတွင် ခေတ်မီသောအုပ်ချုပ်ရေးစနစ်တို့ကိုပါ ပြုပြင်ပြောင်းလဲအစားထိုးထားကြောင်း တွေ့ရပေသည်။ မြောက်ဦးခေတ် ညီလာခံမှာ ဝန်ကြီးအလိုက် အစီရင်ခံတင်ပြရသော စနစ်ပါဝင်ပြီး ၎င်းကို ဘုရင်မင်းမြတ်က လိုအပ်သလို ညွှန်ကြားဆုံးဖြတ်သည်။ မြောက်ဦးမင်းဆက် နောက်ဆုံးမင်းသည် မိမိကိုယ်တိုင် သမတအဖြစ် ခံယူခဲ့သည်ကို အံ့သြဖွယ် တွေ့ရှိရသည်။ မြောက်ဦးကို နေပြည်တော်အဖြစ် သတ်မှတ်ပြီး တိုင်းခရိုင်စီရင်စုများခွဲ၍အုပ်ချုပ်သည်။ ဘာဘောဆာ(Barbosa) ၏ ခရီးသွားမှတ်တမ်း (AD-၁၅၀၁-၁၆)အရ၊ ရခိုင်ပြည်၏ အုပ်ချုပ်ရေးစနစ်မှာ အဆင့်မြင့်မားကြောင်း နယ်(၁၂)ခရိုင်ခွဲ၍ အုပ်ချုပ်ကြောင်း ပါရှိသည်။[၁] အင်္ဂလိပ်ခေတ်တွင် သုံးခဲ့သော ဒီစရိတ်ဟူသော ဒေသန္တရအုပ်ချုပ်ရေး အသုံးအနှုန်းကို ခရိုင်ဟူ၍ ရခိုင်တွင် ထိုစဉ်ကပင် သုံးနှုန်းနေပြီဖြစ်သည်။ နယ်အနှံ့သွားလာရသော သင်္ဘောများကိုပင် **"ခရိုင်"**ဟု ရှေးအခါကပင် ခေါ်ဝေါ်သုံးစွဲခဲ့ကြကြောင်း ဆိုပေသည်။ သို့ဤသို့ တိုင်းခရိုင်ခွဲ၍အုပ်ချုပ်သလိုပင် အချို့မှာ **"ထောင်နယ်"**ဟူ၍ခွဲ၍လည်း အုပ်ချုပ်သည်ကို တွေ့ရ သည်။ သက်ထောင်၊ ဖလံထောင်၊ ရေကြည်ထောင်၊ ကံသာထောင်၊ ချောင်းသာထောင်၊ဟူ၍လည်း ထောင်တည် မော်ကွန်း ပေမူများတွင် တွေ့ရသည်။[၂]

အချို့ပေမူများတွင် ရှေးကျသော ခေတ်ဦးကာလတွင် နာဂသန္တရတိုင်း၊ မဟိံသကတိုင်း၊ ကမ္ဗုရူပတိုင်း၊ ဖလံတိုင်း၊ သက်တိုင်း၊ ဗိုလ်မင်းတိုင်း၊ သုညာကြီးတိုင်း၊ နသာလင်းတိုင်း၊ ရက္ခပူရတိုင်း၊ ရမ္မပူရတိုင်း၊ မေဃဝတီတိုင်း၊ ဒွါရာဝတီတိုင်းဟူ၍ (၁၂)တိုင်းခွဲ အုပ်ချုပ်ကြောင်း ပါရှိသည်။

ဤသို့နယ်ပယ်ခွဲအုပ်ချုပ်ရာတွင် အများအားဖြင့် ဘုရင်သားတော်နှင့် ဆွေမျိုးတော်တို့ကို ခန့်ထားလေ့ရှိသည်။ တစ်ခါတစ်ရံ စစ်သုံးပန်း တိုင်းရင်းသား မင်းညီမင်းသားများကိုလည်း ချီးမြှင့်မြောက်စားသည်လည်း ရှိသည်။ အထူးသဖြင့် စစ်တကောင်းကဲ့သို့သော အရေးကြီးသည့် နယ်ပယ်ကို အိမ်ရှေ့အရာမခံစားရသည့် ဒုတိယသားတော်အား **"အနောက်ဘုရင်"** ဟုခေါ်ဆိုချီးမြှင့်ကာ ခန့်အပ်အုပ်ချုပ်စေသည်။

အဆိုပါလက်အောက်ခံ ခရိုင်နယ်ပယ်များကို အုပ်ချုပ်ရသော ဘုရင်ခံသည် ဘုရင့်အပေါ် သစ္စာခံရန် တစ်နှစ်တစ်ကြိမ် လူကိုယ်တိုင် လာရောက်အခွန်ဘဏ္ဍာဆက်သရသည်။ တိုင်းရေးပြည်ရေး တင်ပြရသည်။ အထူးသဖြင့် သစ္စာခံရသည့်ပွဲကို တက်ရောက်ရသည်။ သစ္စာတော်ခံပွဲကို မြောက်ဦးရွှေမြို့တော်၏ အရှေ့ဘက် တောင်မြင့်မိုရ်နန်းတွင် ကျင်းပသည်။ ကျင်းပပုံကို ထိုအခန်းတွင် ဖော်ပြထားပါသည်။ ၎င်းအခမ်းအနားအပြင် ဘုရင်သစ်တစ်ဦး နန်းတက်လာပါက အဆိုပါဘုရင်၏ ဘိသိက်ပွဲ အခမ်းအနားတွင်လည်း သစ္စာရေသောက်ရကြောင်း ကျိန်စာဆိုရကြောင်း။ ဘုရင့်ခြေတော်ကို ထိလျှက် ဦးခိုက်ရကြောင်း မန်နရစ်မှတ်တမ်းတွင် ပြည့်စုံစွာ ဖော်ပြထားပေသည်။[၃] ဤအခမ်းအနားကျင်းပရခြင်းမှာ မြောက်ဦးနေပြည်တော်ကို အုပ်ချုပ်သော ဘုရင်သည် မင်းတကာတို့၏ **"ဘုရင်ကေရာဇ်"**အဖြစ် ကြေငြာလို၍ ဖြစ်ဟန်တူသည်။ တနည်းအားဖြင့် သူ့အာဏာသက်ရောက်စေရေးအတွက် သူ၏လက်အောက်ခံဘုရင်များအား ဦးနှိမ်ရိုးကျိုးအောင် နည်းပရိယာယ်ဖြင့် တမင်စီမံပြုလုပ်ခြင်း ဖြစ်နိုင်ပေသည်။

အဆိုပါဘုရင်များနှင့် ဘုရင်မင်းမြတ်၏အကြားတွင် အိမ်ရှေ့မင်း ရှိသည်။ အိမ်ရှေ့မင်းသည် ဘုရင်ပြီးနောက် အရေးကြီးဆုံးသော အာဏာပိုင်ဖြစ်ပြီး၊ နန်းလျာဥပရာဇာဖြစ်ရာ ထီးရိုး၊ နန်းရိုး၊ စဉ်လာအရ သားတော်ကြီးသာ ဖြစ်လေ့ရှိသည်။ မြောက်ဦးခေတ်ဘုရင်များသည် ၎င်းတို့ကိုယ်တိုင် သာကီနွယ်ဖွားဟု ယူဆပြီး ဆက်ခံမည့် နန်းလျာကို

---

၁။ FURNIVALL, J.S, Europeans in Burma -B.R.S. F.A.P Vol II. P. 62

၂။ မင်းဖလောင်းထောင်တည် မော်ကွန်းပေမူ

၃။ လမ်းစဉ်ပါတီထုတ်၊ ရခိုင်-စာ-၁၃၈-၁၃၉

၄။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ ၈၉-၉၀

လည်း သာကီဝင်မင်းအနွယ်မှ ဆင်းသက်လာသော မိဖုရားခေါင်ကြီးမှ မွေးဖွားလာသော သားတော်ကြီးကိုသာ ခန့်ထားကြသည်မှာ တင်းကြပ်သော နန်းဓလေ့ အစဉ်အလာပင် ဖြစ်သည်။ မိဖုရားငယ်နှင့် ကိုယ်လုပ်တော်များမှ မွေးဖွားလာသူကို မျိုးနွယ်အဆင့်အတန်းအလိုက် ဘုရင်ခံ၊ နယ်စား၊ ရွာစား စသည်ဖြင့် ခန့်အပ်တာဝန်ပေးလေ့ရှိသည်။

မင်းမျိုးမင်းနွယ် မဟုတ် အကြီးအကဲ မဟုတ်သော အုပ်ချုပ်ရေးဆိုင်ရာ ရာထူးများကို ဘုရင်ကိုယ်တိုင် ရွေးချယ်ခန့်ထားပြီး၊ လိုက်နာရမည့်စည်းကမ်း၊ ဥပဒေ၊ ချီးမြှင့်သည့် အဆောင်အယောင်များကို ဥပဒေစည်းမျဉ်းဖြင့် သတ်မှတ်ထားရှိသည်။

ဘုရင်၊ အိမ်ရှေ့ ဥပရာဇာပြီးလျှင် ကိုယ်ရံကြီး၊ ပြည်စိုးကြီး၊ ဆင်ကဲကြီး၊ ဒါးပိုင်ကြီးဟူ၍ အမတ်ကြီးလေးပါး ရှိသည်။ ၎င်းတို့အနက် ကိုယ်ရံကြီးမှာ ဘုရင်၏ကိုယ်စား တိုင်းပြည်ကို အုပ်ချုပ်ကွပ်ကဲရသူ ဖြစ်သည်။ ဥပရာဇာပြီးလျှင် တတိယမြောက် ဩဇာအရှိဆုံးဖြစ်သည်။ **“ထုံးဟောင်းသက်သေ၊ ဥပဒေဝတ္ထု၊ ရာဇဝင်စကားရပ်တို့ဖြင့် မင်းအပါးနေလျှက် ကောင်းစွာပြောဆိုရပြီး ပြည်ထဲရေးကို စီမံရသဖြင့် ကိုယ်ရံကြီးဟု ဘွဲ့အမည်ရသည်**[၆]ဟုဆိုသည်။ နိုင်ငံတော်၏ အရေးပါဆုံးသော လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရသူဖြစ်၍ နန်းရင်းဝန်ကြီးဖြစ်ကြောင်း[၇] မန်နရစ်က သူ၏မှတ်တမ်းတွင် ဖော်ပြထားသည်။

တစ်ခါတစ်ရံ ဘုရင်၏စေလွှတ်ချက်အရ စစ်သေနာပတိချုပ်အဖြစ် တာဝန်ယူရသည်လည်း ရှိသည်။ မင်းခမောင်း(အေဒီ ၁၆၁၂-၂၂)လက်ထက်တွင် မဂိုရန်ကို ကာကွယ်ရန်အတွက် ကြီးမားသော ကြည်းတပ်၊ ရေတပ်၊ ဆင်တပ်၊ မြင်းတပ်ကို ကွပ်ကဲ စေလွှတ်တိုက်ခိုက်စေသည်။[၈] ဟူ၍ ခေတ်ပြိုင်မှတ်တမ်းတစ်ခုက ဆိုသည်။

ပြည်စိုးကြီးအမတ်သည် ဘုရင်ခရီးသွားခိုက် တိုင်းပြည်ကို အပ်နှင်းအုပ်ချုပ် ကွပ်ကဲရသူဖြစ်သည်။ သာမန်အချိန် တရားသူကြီးအဖြစ် တရားစီရင်ရသည်။ ဆင်ကဲကြီးအမတ်မှာ ဘုရင်မင်းမြတ် ပိုင်ဆိုင်သော ဆင်ဖြူတော်နှင့် ဆင်တပ်ကို အုပ်ချုပ်စီမံ ကွပ်ကဲရသူဖြစ်သည်။ ဆင်အောက်မသင်းအစို့[၁၀] ဆင်ထိန်းစသည်ဖြင့် ဖွဲ့စည်းထားသည်။ မင်းရာဇာ၏ စာတမ်းတွင် ယိုးဒယားနှင့်ပဲခူးမှ ယူခဲ့သည့် ဆင်ဖြူ ဆင်ပေါက်၊ ဆင်မ (၂၄၈)စီးကို ယိုးကျွန်း၊ ရဲကျွန်းတို့တွင် ထားရန် ဆင်ကဲကြီးသို့ အပ်ပြီး ဝလင်အောင် အစာကျွေးစေ[၉]ဟု ပါရှိသည်။ ထိုစဉ်က ဆင်ကဲကြီးအဖြစ် ကြီးမားသော အမတ်ကြီး တာစွန်ပေးထားသည်မှာ ထိုခေတ်ထိုအခါက မြောက်ဦးခေတ် အခြေအနေနှင့် ကိုက်ညီကြောင်း တွေ့ရသည်။

မန်နရစ်၏ မှတ်တမ်းအရ မြောက်ဦးနေပြည်တော်မြို့အတွင်း သီရိသုဓမ္မရာဇာ၏ ရာဇဘိသေက မင်္ဂလာအခမ်းအနား တိုင်းခန်းလှည့်လည်ခန်းတွင် လိမ္မာယဉ်ကျေးလှပစွာ ဆင်ယင်ထားသော ဆင်ကောင်ရေ (၃၀၀)ကျော်က သေသပ်လှပစွာ စီတန်းအလှပြ ပါဝင်ကြကြောင်း ဖော်ပြထားပေသည်။[၁၁]

မင်းခမောင်းဘုရင်လက်ထက် အေဒီ(၁၆၁၉)ခုနှစ်၊ မဂိုနှင့်တိုက်ရသော မဂိုတပ်မတော်တွင် လေ့ကျင့်ပြီး စစ်ဆင် (၄၀၀)ပါရှိကြောင်း တွေ့ရပေသည်။[၁၂] ၎င်းအပြင် မြောက်ဦးခေတ် ဘုရင်များသည် ဆင်ကို ဝါသနာထုံ စိတ်ဝင်စားကြသည်။ နရနုအလီခင်သည် ကိုယ်တိုင်ဆင်ဖမ်းထွက်လေ့ ရှိသည်။ မြန်မာအပါအဝင် ဗုဒ္ဓယဉ်ကျေးမှု လွှမ်းမိုးသော အရှေ့တိုင်းသားတို့တွင် ဆင်ကို ရတနာတစ်ပါးအဖြစ် သတ်မှတ်လေ့ရှိပြီး ဆင်ဖြူကို ပိုင်ဆိုင်သော မင်းမှသာလျှင် စကြာဝတေးမင်းကဲ့သို့ ဧကရာဇ်အဖြစ် ခံယူထိုက်ကြောင်း ဂုဏ်ယူစွဲလန်းသောဓလေ့ ရှိကြသည်။ လက်အောက်ခံနယ်ပယ်အချို့မှ ဆင်ဖြူတော်ဆက်သလာပါကလည်း ကောင်းစွာချီးမြှင့်မြှောက်စားလေ့ ရှိသည်။ မြောက်ဦးခေတ်သွန်း ဒင်္ဂါးများတွင် **“ဆင်ဖြူသခင် ဆင်နီသခင်”**ဟူ၍ အထွဋ်အမြတ် ဖော်ပြပါရှိပါသည်။[၁၃]

---

၅။ ရခိုင်ရှေးဟောင်းမြို့တော်များ စာ-၁၂၀-၁၃၀

၆။ ဇာတိဝံသမော်ကွန်းစာပေမူ “ဆဲ”ကြော-ချပ်

၇။ Mnaique, Travels, P. 147

၈။ " A History of Ghittayoung " P. 258

၉။ မင်းရာဇာကြီးစာတန်း ဂါဝမ်းချပ်ပေမူ

၁၀။ ဆင်သင်တန်းကျောင်း၊ လေ့ကျင့်ရာနေရာ

၁၁။ ရခိုင်ရှေးဟောင်းမြို့တော်များ၊ စာ-၁၃၅ The city of Eoiden Mrauk U

၁၂။ A History of Chittagong . P. 258

၁၃။ ရခိုင်ဒင်္ဂါးများ၊ စာ-၂၃-၈၀ ထိ

ပေါ်တူကီဘုန်းတော်ကြီး မန်နရစ်၏ မှတ်တမ်းတွင်လည်း ဘုရင်သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၂-၁၆၃၈) သည် အသစ်ရရှိလာသော ဆင်ဖြူတော်အား မင်းခမ်းမင်းနားဖြင့် သွားရောက်ကြည့်ရှုကြောင်း သူ၏မျက်နှာတွင် ဝမ်းမြောက်ဂုဏ်ယူသည့် အရိပ်အယောင်များ တွေ့ရကြောင်း၊ ဆင်ဖြူတော်အခန်းတွင် အကျယ်တဝင့်ဖော်ပြထားပါသည်။[၁၄]

ဆင်အောက်မသင်းဆိုသည်မှာ ဆင်များကို လေ့ကျင့်သင်ကြားပေးရာ ဆင်ကျောင်းဖြစ်၍ မယူမြစ်ကမ်း အရှေ့ခြမ်းတွင် ရှိသည်။ ၎င်းတို့အားလုံးကို ဆင်ကဲကြီးအမတ်က တာဝန်ယူ ကြီးကြပ်ရခြင်းကြောင့် အမတ်ကြီးအဆင့်ထိ ရာထူးပေးထားခြင်းဖြစ်သည်။ ဒါးပိုင်ကြီးအမတ်သည် တရားသူကြီးတာဝန်ကို အဓိက ထမ်းဆောင်ရသည်။ တရားစီရင်ရာတွင် သေဒဏ်အထိ ချမှတ်ဆုံးဖြတ်နိုင်သည်။ သို့သော် ဘုရင်မင်းမြတ်ထံ အယူခံဝင်ရောက်ပြီး အတည်ပြုချက်ရယူပြီးမှ အတည်ဖြစ်ကြောင်း တွေ့ရသည်။ တရားရေးရာတွင် မင်းတိုင်ပင်အမတ် သုခမိန်ဖြစ်သည်။ ဓားရေး၊ လှံရေး၊ ကာရေး၊ ဓားသိုင်းအတတ်ပညာများကို ပိုင်နိုင်ကျွမ်းကျင်တတ်မြောက်သောကြောင့် ဓားပိုင်ကြီးဟု ခေါ်ကြောင်း သိရသည်။ ဘုရင့်ကိုယ်စား အုပ်ချုပ်ခွင့်ရရှိသော အထက်ဖော်ပြပါ အမတ်ကြီးလေးဦးသည် သီးသန့်တာဝန်များ ပေးထားသော်လည်း ဘုရင်မင်းမြတ်သည် တစ်ဦးချင်း အခွင့်အာဏာ ပေးထားခြင်းမရှိဘဲ လေးဦးတိုင်ပင်၍ ခုံသမာဓိသဘောမျိုးနှင့် ဆုံးဖြတ်ရသော အမှုများလည်း ခွဲခြားသတ်မှတ်ပေးထားသည်။ အထူးသဖြင့် ပြည်သူများဘက်မှ ကာကွယ်ပေးထားသော ဥပဒေစည်းကမ်းချက်များ သတ်မှတ်ပေးထားသည်။ ထိန်းချုပ်ပေးထားကြောင်း တွေ့ရသည်။

အမိန့်စာတမ်းတစ်ခုတွင်-

**"တရားသူကြီး ပြည်စိုးတို့ ရှေးထုံးအတိုင်း စီရင်စေ၊ ဆိုရန်ရှိသမျှကို အကောက်လာလျှင်လည်း အကောက်ဥာဏ်နှင့် ရှာ၍ဖြောင့်၊ အဖြောင့်ရောက်လာလျှင်လည်း ဖြောင့်မတ်စွာဆို၊ တံစိုးလက်ဆောင်ဘဏ္ဍာ၊ မျက်နှာကြီးငယ်မလိုက်နှင့်၊ ဘုရားသခင် သာသနာတော်အရေး၊ ငါအသျှင်ကျေးဇူးသစ္စာ၊ ပြည်သူတို့မျက်နှာကို သာထောက် အမတ်ကြီးတို့ ပေါ့လျော့လစ်ဟင်း၍ ရှေးထုံးမမှန်ပျက်သည်ကြားရလျှင် ကိုယ်ရံကြီး၊ ပြည်စိုးကြီး၊ ဆင်ကဲကြီး၊ ဒါးပိုင်ကြီးတို့လေးယောက်နားကို ဖောက်၍သီတံလျှင် လျှိုမည်"**[၁၅] ဟူ၍ မင်းအာဏာထားတော်မူသည်။

၎င်းအမိန့်တော်အရ ဘုရင်မင်းမြတ်သည် ပြည်သူတို့၏ဘက်မှ အကာအကွယ်ပေးထားကြောင်း မတရားမလုပ်နိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း တွေ့ရသည်။ အမတ်ကြီးများကလည်း ဘုရင်မင်းမြတ်၏ ကျေးဇူးသစ္စာကို စောင့်သိကြသည့်အပြင် ပြည်သူများအား ဗုဒ္ဓသာသနာတော်၏အဆုံးအမ၊ ရှေးထုံးဓမ္မသတ်နှင့်အညီ အုပ်ချုပ်ကြကြောင်း အောက်ပါအချက်က သက်သေထူနေပါသည်။

**"အမတ်လေးပါးတို့လည်း လက်ဝဲမြန်၊ လက်ယာမြန်၊ အတွင်းအမတ်နှစ်ပါး၊ မြို့စား၊ ချောင်းစား၊ မှူးတော်မတ်တော်တို့ တစ်ခွန်တစ်သံတည်း ညီညွတ်ကြသဖြင့် စီရင်ခွင့်ရှိသမျှကို ပြတ်သားအောင် စီရင် အုပ်ထိန်းကြ၍ တိုင်းပြည်သာယာငြိမ်းချမ်းလျှက် သာသနာတော်ကြီး ထွန်းလင်းလေသည်"**ဟု ရခိုင်သမိုင်း မှတ်တမ်းတွင် တွေ့ရသည်။

ဘုရင်သည် မိမိ၏မင်းမှုထမ်းများအား တစ်ဘက်မှ ကြပ်မတ်ထိန်းသိမ်းပေးသလို ချီးမြှင့်မြောက်စားခြင်းကိုလည်း ရာထူးအလိုက် သတ်မှတ်ပေးထားသည်။

ပေါ်တူကီဘုန်းတော်ကြီး မန်နရစ်၏ မှတ်တမ်းတွင် မြောက်ဦးရွှေမြို့တော်ရှိ အိမ်များမှာ သပ်ရပ်လှပပြီး ရာထူးအနန္တရအဆင့်အလိုက် ကွဲပြားစွာသိနိုင်ရန် ဆောက်လုပ်ထားသည်ဟု ပါရှိသည်။[၁၆]

အဆောင်အယောင်နှင့် ပတ်သက်၍လည်း

**"ကိုယ်ရံကြီးအမတ် သွားလာလျှင် အရှေ့ဆောင် ရွှေဆိုင်း၊ လက်ဝဲလက်ယာနှစ်စင်း၊ သင်းမှူး ရှစ်ယောက်၊ ပေါင်းနီနှင့် ယပ်ကိုင်၍ ရှေ့ကလိုက်စေ၊ မင်းခရာတီးမှုတ်စေ၊**

**ပြည်စိုးကြီးအမတ်မှာ လက်ဝဲလက်ယာဆိုင်းနှစ်စင်း၊ စာချီရှစ်ယောက်၊ ပေါင်းစိမ်းနှင့် ရွှေယပ်ကိုင်**

---

၁၄။ The Land of Great Image.

၁၅။ မင်းရာဇာကြီးစာတန်း "ဂါ" ကျောချပ် (ပေမူ)

၁၆။ မင်းရာဇာကြီးစာတန်း "ယါ" ကျောချပ် (ပေမူ)

**လိုက်စေ၊**

**ဆင်ကဲကြီးအမတ်မှာ လက်ဝဲလက်ယာ ဒိုင်းနှစ်စင်းဆောင်စေ၊**

**ဒါးပိုင်အမတ်မှာ လက်ဝဲလက်ယာ ဆိုင်းနှစ်စင်းဆောင်စေ၊ သံတွဲစား၊ သီလတ်(ဘင်္ဂလား)စား၊ ဒါကာ (ဘင်္ဂလား)စား၊ မောက်သူဇာစား(ဘင်္ဂလား)မင်းတို့မှာ၊ လက်ဝဲလက်ယာဆိုင်းနှစ်စင်းနှင့် မောင်းခရာ ဆောင်စေ၊ ရေကြောင်းသွားလျှင် အလံဖြူ ၄ စင်း၊ စိုက်ထောင်၍ စည်တီးစေ၊ အတွင်းတော်မှူး လက်ဝဲမြန်၊ လက်ယာမြန်တို့နှစ်ယောက်မှာ လက်ဝဲလက်ယာဆိုင်းနှစ်စင်းနှင့်၊ မောင်ခရာဆောင်စေ၊ ထို့ပြင်မြို့စား၊ ချောင်းစားတို့မှာ ကြိမ်ခွေတစ်စင်းနှင့် မောင်းခရာရှေးထုံးစံ ရှိသည့်အတိုင်း မယုတ်လွန် စေရ**[၁၇]----

ဟူ၍ တိကျစွာ သတ်မှတ်ပေးထားကြောင်း တွေ့ရပေသည်။

မှူးမတ်မြို့စားတို့မှာလည်း ရှေးမင်းပေးသနားတော်မူခဲ့သည့်အတိုင်း စားကျေးမြို့ရွာ အဆောင်အရွက်များကို အဘမရှိလျှင် သားမြေးစဉ်ဆက် ဆောင်ရွက်စားသုံးကြစေ၊ မြို့ရွာသူကြီး ကျွန်းအုပ်၊ ချောင်းအုပ် တပ်အုပ်တို့မှာလည်း၊ မိဘမရှိလျှင် သားမြေးစဉ်ဆက် ဆက်ခံစားစေ[၁၈]ဟု ဘုရင့်အမိန့်ဖြင့် ထုတ်ပြန်ထားရာ ရာဇဝတ်မသင့်သရွေ့ သားစဉ်မျိုးဆက်ခံစားခွင့် ရှိကြကြောင်း တွေ့ရသည်။

မြောက်ဦးနေပြည်တော်အပြင်၊ ရခိုင်ပြည်တဝှမ်း အုပ်ချုပ်ရေးအတွက် အဆိုပါအမိန့်ဩဇာ သက်ရောက်မှု ရှိစေသည်။ နေပြည်တော်အတွင်း အုပ်ချုပ်ရေးအတွက်လည်းကောင်း၊ အခြားနိုင်ငံတကာ ဆက်ဆံရေးအတွက် လည်းကောင်း၊ မိဖုရားကိုယ်လုပ်တော်၊ အပျိုတော် ဘုရင်အသုံးအဆောင်ကိစ္စများအတွက်လည်း ခန့်အပ်ထားသော ရာထူးများလည်း အမျိုးမျိုး ရခိုင်သမိုင်း တွေ့ရသည်။ အချို့ရာထူးများမှာ ၎င်း၏လုပ်ငန်းတာဝန်ကို ဖော်ပြထားခြင်း မရှိ၍ ရှင်းလင်းစွာ မသိရသောရာထူးများလည်း တချို့ရှိသည်။

ကျောက်စာများတွင် တွေ့ရသော **"ဖုံဒတ်လက်ယာပုံချီ"**ရာထူးမှာ စစ်ဘက်ဆိုင်ရာ အဆင့်မြင့်ရာထူးဖြစ်သည်။ စစ်သူကြီး ဖြစ်သည်။[၁၉] ၎င်းပြင် စစ်တပ်ကို အုပ်ချုပ်ရသော **"စစ်ကဲကြီး"** ရာထူးလည်း ရှိသည်။ အမတ် လက်ဝဲမြန်၊ လက်ယာမြန်တို့သည် ဘုရင်မင်းမြတ်၏ အထောက်တော် လုံခြုံရေးအရာရှိကြီးများ ဖြစ်ကြသည်။ အရေးပါ အရာရောက်ကြောင်း သမိုင်းတွင်ဆိုသည်။ ဘုရင်သည် မိဖုရားအများအပြား ယူထားရာ မိဖုရားကြီးစဉ်ငယ်လိုက် နေရာထိုင်ခင်း အဆောင်အယောင်မှအစ မတူညီကြချေ။ တိကျသော လုံခြုံရေးစည်းကမ်းလည်း ရှိသည်။ ဤကိစ္စများကို ထိန်းချုပ်ရန်အတွက် **"မိန်းမစိုးမောလိပ်"**ရာထူးကို တည်ထွင်ခန့်အပ်ထားသည်။ မိန်းမစိုးတို့မှာ ယောကျ်ားမပီသ အောင် ပြုပြင်ထားသော ကျားတန်ဆာနှုတ်ထားသော ယောကျ်ားများ ဖြစ်ကြ၍ ၎င်းအောက်တွင် သန်မာထွားကြိုင်း သော မိန်းမကြီးငယ်များ၊ မွေးထားကာ လိုအပ်သလို ခိုင်းစေသည်။ **"အနောက်ဝန်မိန်းမစိုး"**[၂၀] ဟု ရခိုင်ရာဇဝင်တွင် ပါရှိရာ အရှေ့ဝန် အနောက်ဝန် စသည်ဖြင့် ရာထူးတာဝန်ခွဲခြားချက် ရှိသည်ဟု ယူဆရသည်။ **"မောလိပ်"**ရာထူးနှင့် နာမည်ဆင်တူသော ရာထူးများလည်း ရှိသည်။**"မော်လိပ်"**ဟူသော ရာထူးမှာ လွှတ်တော်ပိုင်သော တရားသူကြီး ဖြစ်သည်။ မော်လိပ်လွှတ်တော်ပိုင်သည် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေကို ကျူးလွန်ဖောက်ဖျက်သူတို့အား ခုံရုံးဖွဲ့ကာ ကြားနာစစ်ဆေးရသည်။

နောက်ရာထူးတစ်ခုမှာ **"မော်လိပ်"**ဟူသော မီးသတ်အရာရှိ ရာထူးပင်ဖြစ်သည်။ မြောက်ဦးခေတ်တွင် မီးသတ်ရာအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းထားကြောင်း မန်နရစ်၏မှတ်တမ်းနှင့် ရာဇဝင်သစ်ကျောင်းတွင် ဖော်ပြပါရှိ သည်။ အေဒီ ၁၆၁၄ ခု တစ်နေ့တွင် နံနက် ၉နာရီတွင် မီးလောင်ရာ မကြာမီအတွင်း မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဝိုင်းဝန်းနင်းချေ ဖျက်ဆီးငြိမ်းသတ်ခဲ့ကြောင်း[၂၁]မန်နရစ်က ဖော်ပြခဲ့သည်။ ၎င်းအပြင် ထိုစဉ်က

---

၁၇။ ယင်း "ကော်"ချပ် "ကျော"

၁၈။ Manrique in Araken...ehapter xx
ရခိုင်ရှေးဟောင်းမြို့တော်များ၊ စာ-၈၇.

၁၉။ ဖုံဒတ်လက်ယာပုံချီကျောက်စာ -ပြတိုက်

၂၀။ ရခိုင်ရာဇဝင်သစ်ကျမ်း "နတ်ရှင်မယ်" ရှု

၂၁။ ရခိုင်ရှေးဟောင်းမြို့တော်များ၊ စာ-၁၁၉
The City of Golden Mrauk.U.

မြောက်ဦးမြို့တော် မီးသတ်တပ်ဖွဲ့ဝင်များ လိုက်နာရသော အထူးစည်းကမ်းချက်တစ်ခု ရှိသည်။ မီးစတင်လောင်ကျွမ်းသော ပေါ့ဆသူ အိမ်ရှင်ကို ဖမ်းဆီးပြီး မီးထဲပစ်ချသည့် စည်းကမ်းပင် ဖြစ်သည်။ နရပတိမင်း (အေဒီ ၁၆၃၈-၁၆၄၅)လက်ထက်တွင် ထိုမီးလောင်မှုတစ်ခုဖြစ်ရာ စတင်လောင်ကျွမ်းသော အိမ်ရှင်မှာ အဖွားကြီးတစ်ဦး ဖြစ်နေလေသည်။ ဘုရင်ကိုယ်တော်တိုင် တွေ့ရှိရကား ဂရုဏာသက်၍ အသက်ဘေးမှ လွှတ်စေပြီးလျှင် ထိုစနစ်ကို နောက်ထပ်မကျင့်သုံး မပြုလုပ်ရန် အမိန့်ထုတ်ခဲ့သည်။[၂၂] အမှန်မှာ မြောက်ဦးရွှေမြို့တော်မှာ လူနေအိမ်ခြေထူထပ်ပြီး သစ်၊ ဝါး၊ အိမ်များဖြစ်ရန် ဤသို့ပြင်းထန်၍ တိကျသော စည်းကမ်းများ ချမှတ်ထားခဲ့ခြင်းဖြစ်သည်။

**"အဇိခံ"**ဟူသော ရာထူးမှာ မင်းထံအသက်ပေး ခစားရသော အထူးဝန်ထမ်းဖြစ်သည်။ မင်းစေခိုင်းလျှင် အသက်ကို ပဓာန မထားပဲ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရသည်။ အသေခံရသည်။ ဘုရင်ခိုင်း၍ လုပ်ရသည်ဟူ၍ ဖွင့်မပြောပဲ အသက်နှင့်လဲကာ နှုတ်ပိတ်စောင့်စည်းသူအဖြစ် ရခိုင်သမိုင်းတွင် ထင်ရှားသည်။ **"အဇိခံစစ်ကဲ"**မှာ စစ်ကိုအသေခံ ကြီးကြပ်သူဖြစ်ပြီး **"အဇိခံမြကွတုံး"**မှာ ဆင်တပ် မြင်းတပ်အတွက်လည်းကောင်း၊ စစ်တပ်အတွက်လည်းကောင်း၊ အစာရေစာလုံလောက်အောင် ရှာဖွေစုဆောင်းရသူ ရိက္ခာမှူးကြီးရာထူးဖြစ်သည်။

**"ဒိုးဝန်၊ ဒိုးဝန်ကြီး"**ရာထူးတို့မှာ ပြစ်မှုကျူးလွန်သော ရာဇဝတ်သားများကို ဖမ်းဆီးရသော ပုဂ္ဂိုလ်ဖြစ်သည်။ ယခုခေတ် ပြည်သူ့ရဲတပ်ဖွဲ့နှင့်တူသည်။

**"လောသကွပ်ဦးစီး"**ရာထူးမှာ စစ်ဘက်ရာထူးများ ခန့်အပ်နိုင်သော ရာထူးတိုးမြှင့်နိုင်သော ဦးစီးမှူးရာထူးဖြစ်သည်။[၂၃]

ဘုရင်သည် နိုင်ငံခြားသားများနှင့် တွေ့ဆုံသောအခါ လိုအပ်သော စကားပြန်ထားရှိရာ **"ရာမလူး" (Ramlu)** ခေါ် စကားပြန်ကို ခန့်အပ်ထားသည်။ သံတမန်များကို ကြီးကြပ်ရသော **"သံထားရာ"**ယခု မြောက်ဦး စစ်တွေသင်္ဘောလမ်းရှိ **"သံတရာ"**နေရာတွင် နေထိုင်ရသည့် **"စစ်သံမှူး"**လည်း ရှိသည်။ **"ရွှေစာဖတ်"**ရာထူးမှာ ညီလာခံတွင်လည်းကောင်း၊ နိုင်ငံခြင်းဆက်သွယ်ရာတွင်လည်းကောင်း၊ အသုံးပြုရသော ရာထူးဖြစ်သည်။ စာပေကျမ်းဂန်များကို ထူးချွန်စွာတတ်မြောက်ပြီး ဘုရင်အား ရွှေနားတော် သွင်းဆက်ရသည့် **"စာဖတ်တတ်"**ဟူသောအခေါ်လည်း တွေ့ရသည်။ စာဖတ်တတ်ဒိုးဝေမှာ ရခိုင်သမိုင်း၊ စာပေနှံ့စပ်၍ ထင်ရှားသော စာပေပညာရှင်တစ်ဦး ဖြစ်သည်။ ဤရာထူးကို ခန့်အပ်သောအမိန့်စာတွင် **"ပိဋကတ်၊ ဗေဒင်၊ အင်္ဂါရသ အတတ်ပညာတို့ကို တတ်သိလိမ္မာသောကြောင့် စာဖတ်တတ်အရာကို ပေးတော်မူပြီးလျှင်"**[၂၄]ဟု တွေ့ရသည်။

ထူးခြား၍ နှစ်သက်ဖွယ်သော ရာထူးတစ်ခုမှာ အကသုခုမအနုပညာကို တာဝန်ယူရသော အမတ်ရာထူးတစ်ခုပင်ဖြစ်သည်။ ၎င်းမှာ **"သူငယ်တော်"** ဟုခေါ်သည်။ မင်းရာဇာကြီး၏ ပြန်တမ်းတွင် **"ယိုးဒယားသသင် အကလေးစို့သားတို့ကို" "အမတ်သူငယ်တော်"**အား အပ်တော်မူကြောင်း တွေ့ရသည်။[၂၅]

၎င်းအပြင် လူမှုရေးနှင့်ဆိုင်သော သုံးနှုန်းခေါ်ဆိုသောအမည်များလည်း ရှိသည်။ ဘာသာရေးနှင့် ပတ်သက်၍ **"သံဃရာဇာ""ဝိနည်းထိုရ်"** လောကီရေးနှင့် ပတ်သက်၍ ဘုရင့်အား အကြံဉာဏ်ပေးရသည့် ဟူးရားတတ်၊ သိုက်တတ်၊ ရှေ့တော်ဆက်၊ ဟူးရားကြီး၊ ဟူးရားဆွေ စသည့် လောကီပညာဆိုင်ရာ ရာထူးများလည်း ရှိသည်။

မြောက်ဦးခေတ်တွင် အထက်ပါရာထူး အနန္တရများကို ကြည့်ပါက သာသနာရေးတွင် အလှူပေးခြင်း၊ လှူဒါန်းဒါနပြုခြင်းရှိသလို၊ အချို့ရာထူးများမှာ ရွာစား နယ်စားအပိုင်ပေး၍ အခွန်အထုပ်စားခြင်းဖြင့် ဘုရင့်အမှုတော်ထမ်းဆောင်ရသည်။ အချို့မှာ မေနဒါ (Mainder)[၂၆] ခေါ်မင်လခအသပြာစားရသော အမှုထမ်းစစ်စစ်များ ဖြစ်ကြသည်။ အဆိုပါလခစား ဝန်ထမ်းများကို ရာထူးအနန္တရအလိုက် ရခိုင်ငွေဒင်္ဂါး အသပြာများ ချီးမြှင့်သည်။ ဒင်္ဂါးသွန်းလုပ်ပြီး ကုန်သွယ်မှုစနစ်မှာ ရခိုင်မြောက်ဦးရွှေမြို့တော်၌ တွင်တွင်ကျယ်ကျယ် အသုံးပြုနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ရာ၊ လခစားဝန်ထမ်းပေါ်ပေါက်ခဲ့ခြင်းမှာ သဘာဝကျလှပေသည်။ ဤသည်မှာ ထိုခေတ်ထိုအခါကာလ၏ ထူးခြားသော

---

၂၂။ ရခိုင်ရာဇဝင်သစ်ကျမ်း -၁၁-

၂၃။ ရခိုင်ဘွဲ့ထူး ဂုဏ်ထူးများ- တက်ထွန်းနီ(မြောက်ဦး)၏ မှတ်တမ်း

၂၄။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၂၇၁

၂၅။ မင်းရာဇာကြီးစာတန်း "ခေါ" ကျောချပ်

၂၆။ Mainder(A persian wood) a person in receipt of monthly

တိုးတက်မှုတစ်ရပ်ဟု မှတ်ယူကောက်ချက်ချနိုင်ပေသည်။ မည်သည့်ရာထူး မည်မျှရသည်ကို တိကျစွာမသိရှိရသော်လည်း မန်နရစ်၏မှတ်တမ်းအရ ရခိုင်ဒင်္ဂါး(၁)ပြားပေးပါက ကြက်ဖလှုလှုအကောင်သုံးဆယ်ရကြောင်း[၂၇] သိရှိပေရာ ထိုခေတ်၏ ဝန်ထမ်းလစာမှာ ရခိုင်ဒင်္ဂါး(၁၀)ကျပ်မှ ၁၀၀ ကျပ်ထိ ရှိနိုင်ကြောင်း ခန့်မှန်းရပေသည်။

မြောက်ဦးအုပ်ချုပ်ရေးတွင် နိုင်ငံခြားသား အမှုထမ်းများပါရှိသည်လည်း ထူးဆန်းအံ့ဩဖွယ် ဖြစ်ပေသည်။ အထူးသဖြင့် တပ်မတော်တွင် မင်းမှုထမ်းကြရသည်။ နိုင်ငံခြားသားနယ်ချဲ့များဖြစ်သော ပေါ်တူကီတို့အား ရေကြောင်းအတတ်ပညာနှင့် အမြောက်သေနတ်၊ နည်းပညာတို့အတွက် အသုံးချရန် ရည်ရွယ်၍ ဖွဲ့စည်းမြောက်စားထားရှိခဲ့သော်လည်း သတိလက်လွှတ်မပေးကြောင်း ပေါ်တူကီဘုန်းတော်ကြီး၏ မှတ်တမ်းတွင် တွေ့ရသည်။ သူ၏အဆိုအရ **ပေါ်တူကီတို့အား ရာထူးအနန္တရပေးကာ မွေးစားခဲ့သော်လည်း ယုံကြည်စိတ်ချရမှု မရှိပဲ အမြဲစောင့်ကြည့်နေခဲ့သည်။ ပေါ်တူကီ စစ်ဗိုလ်များကလည်း မိမိတို့ကို ဘုရင်မင်းမြတ်က မပြတ်အလွတ်မပေး စောင့်ကြည့်နေကြောင်း ကောင်းကောင်းသိကြသည်ဟု** ဖော်ပြခဲ့သည်။

အေဒီ ၁၆၀၉ တွင် ရေးထိုးသော ကျောက်စာတစ်ချပ်တွင် မင်းရာဇာကြီး (နရာဓိပတိ)သည် ပေါ်တူကီလူမျိုးတစ်ဦးအား အမတ်အဆင့်ထိ ခန့်အပ်ခဲ့ကြောင်း တွေ့ရသည်။ ကျောက်စာတွင် **“ဘဝရှင်နရာဓိပတိမိန့်တော်မူသော အမတ်တော် စောင်စာမရင်ကပ်”**ဟူ၍ တွေ့ရသည်။[၂၉]

ပေါ်တူကီများအပြင် အခြားထင်ရှားသော နိုင်ငံခြားသော မင်းမှုထမ်းများမှာ ဂျပန်ဆမူရိုင်း၊ ဓားသမားများပင် ဖြစ်သည်။ မန်နရစ်က

> **“နောက်တစ်နေ့တွင် စိတ်ဝင်စားဖွယ်ကောင်းသော လူအချို့ ကျွန်ုပ်တို့ထံ ရောက်ရှိလာခဲ့ကြသည်။ ရခိုင်ဘုရင်၏ ကိုယ်ရံတော်တပ်တွင် ဆမူရိုင်းခေါ် ဂျပန်သူရဲကောင်းများကို ကိုယ်ရံတော်တပ်တစ်တပ် အဖြစ် တွေ့ရခြင်းပင် ဖြစ်သည်ဟု[၃၀] သူအံ့ဩထိတ်လန့်မိကြောင်း ဝန်ခံရေးသားထားပေသည်။**

နိုင်ငံခြားသားများအပြင် မြန်မာတိုင်းရင်းသား စစ်မှုထမ်းများနှင့် မဂိုစစ်မှုထမ်းများလည်း တွေ့ရသည်။

> **“ဘုရင်ကိုယ်ရံတော်တပ်မှူးသည် အာရပ်မြင်းလှလှတစ်စီးကို စီး၍ ရှေးဆုံးမှ ဦးဆောင်လာသည်။ သူသည် မဟာမေဒင် ဘာသာဝင်တစ်ဦးဖြစ်ပြီး ငွေကွပ်ထားသော အစိမ်းရောင်ကတ္တီပါကို ဝတ်ဆင်ထားသည်။ ၎င်းနောက်တွင် မြင်းသည်တော် ခြောက်ရာသုံးစုခွဲ၍ ချီတက်လာရာ၊ ရှေ့ဆုံးတပ်မှာ အစိမ်းရောင်ပိုးဝတ်ရုံများ ဆင်မြန်းထားသည့် ရခိုင်စစ်သည်များဖြစ်ပြီး၊ ဒုတိယတပ်စုမှာ ခရမ်းရောင်ပိုးထည်များ ဝတ်ဆင်ထားသော ဟံသာဝတီ ပဲခူးစစ်သည်များဖြစ်ကာ နောက်ဆုံးတစ်စုမှာ ရွှေရောင်ချပ်ဝတ်တန်ဆာများ ဆင်မြန်းထားသော လှံတန်ကိုင် အင်းဝသားမြန်မာများဖြစ်ကြောင်း ညီညီညာညာ ချီတက်လာနေကြကြောင်း[၃၁]၊ ၎င်းမှာ မြောက်ဦး ဘုရင် သီရိသုဓမ္မရာဇာ (အေဒီ ၁၆၃၄)၏ ရာဇဘိသေက မင်္ဂလာအခမ်းအနား ကျင်းပနေပုံ၏ ရှုခင်းတကွက်ကို ပေါ်တူကီဘုန်းတော်ကြီး မန်နရစ်က ရုပ်ဖော်တင်ပြထားခြင်းပင် ဖြစ်ပါသည်။**

မြောက်ဦးအုပ်ချုပ်ရေးတွင် မြို့ပြအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတွင် ရခိုင်တိုင်းရင်းသား ဒေသခံများကို ခန့်အပ်တာဝန်ပေးလေ့ရှိသည်။ တိကျသော ဥပဒေ ဓမ္မသတ်တို့ဖြင့် အုပ်ချုပ်ရသဖြင့် စည်းကမ်းဘောင်မှ မကျော်အထူးသတိထားရသည်။ မကျေနပ်၍ ကာယကံရှင်မှ တိုင်တမ်းလိုပါကလည်း ဘုရင့်လွှတ်တော်ထိ တိုင်တန်းတင်ပြခွင့်ရှိသည်။ တရားစီရင်ရေးနှင့်ပတ်သက်၍ မင်းမိဖုရားမှသည် သာမန်ပြည်သူအတန်းစားထိ အဂတိမလိုက်စားရအောင် တရားမျှတအောင် အမိန့်ပြန်တမ်းစည်းကမ်းများ ထားရှိသည်။ မင်းရာဇာကြီးပြန်တမ်းတွင်. . . .

---

၂၇။ Pay (Hobson Jobson, P-564

၂၈။ ရတနာရွှေမြေ (ဦးလှုဒင်)၃၅၉

၂၉။ ချတွင်းကျိုင်ကျောက်စာ- သက္ကရာဇ် ၉၇၁-စာ-၅-၇

၃၀။ The Land of Great image- စာ-၁၂၁-၁၃၆

၃၁။ The city of golden Mrauk-U....JBRS
ရခိုင်ရှေးဟောင်းမြို့တော်များ စာ-၁၃၄ Travels, PP 373-375

မင်း၊ မိဖုရား၊ မင်းသား၊ မင်းမျိုး မင်းဆွေတို့ထုံးမှာ ရှေးမင်းအသီးသီး ပေးဖွဲ့ခဲ့သည့်လူရှိသည်။ နောက်ကို အသည်သား အမှုထမ်းတို့က တပ်ခို၍မထမ်းစေနှင့်[၃၂]. .

ပြည်သူတို့တွင် တရားတဘောင်ရှိသည်များကိုလည်း တရားသူကြီး(၂)ယောက်၊ ပြင်စိုး(၂)ယောက်၊ မြို့ ၄မျက်နှာက တရား၊ မဏ္ဍပ်နှင့် စီရင်မြဲစီရင်စေ၊ အမှုကြီးငယ်ကို လိုက်၍(၅)သပြာတန်သည်။(၂)သပြာတန်သည်ကို စားကြစေ။ တိုးပွားမယူစေနှင့်၊ တရားသူကြီး ပြည်စိုးတို့ ဆုံးဖြတ်၍ မပြီးလျှင် အမတ်ကြီး (၄)ယောက်စုံညီ ဆုံးဖြတ်စေ၊ ပြီးသည့်အမှု မှာ ဖျင်(၄)ဘက်၊ ငှက်ပျော(၄)ခိုင်၊ ၊ အုန်း(၄)ခိုင်၊ ပန်း(၄)ခိုင်၊ ကွမ်း(၄)ထုပ်၊ သာယူစေ-ကြေးငွေမစား မယူစေနှင့်၊ အမတ်ကြီးတို့ ဆုံးဖြတ်၍မပြီးပြတ်လျှင် အမှုသည်နှစ်ဦးကို နန်းတွင်းသို့ သွင်းစေ။

သူခိုး၊ မုဒိန်း၊ ဒန္ဒလျှင်စား၊ ပေါစား၊ ဆိုးသွမ်းသူတို့မှန်းသိသာအောင် ပညာဖြင့် စစ်၊ မှန်လျှင် မုဒိန်း၊ ဒန္ဒ မှန်လျှင် နဖူးတွင် စာထိုး သူသတ်ဗရဝါအစို့မှာဖြည့်၊ သူခိုးမှန်လျှင်ရင်မှာစာထိုး၍ ဟရီအစို့မှာဖြည့်၊ လူသွမ်းတို့ကို မောင်းလည်ပြီးလျှင် လက်မောင်းတွင် စာထိုး မျက်ရိပ်အစို့[၃၃]မှာ ဖြည့်၊ မူးမတ်မယားကြီးဖြစ်လျက် အကျင့်ဆိုးသွမ်းလျှင် ယောကျ်ားကို ခေါင်း(၄)မြွာရိတ် မျက်နှာမှာ ဆေးရေး၍ မောင်းလှည့် ဟရီအစို့[၃၄]မှာ ဖြည့်၊ မိန်းမကို ပြည့်တန်ဆာဖြစ်စေ၊ မူးမတ်တို့ ပြောင်းကိုမှားလျှင်၊ မိန်းမ ယောကျ်ားနှစ်ယောက်စလုံးကို မောင်းလည်၍ မျက်ရိတ်အစို့မှာ ဖြည့်။

ဘိသိက်မင်္ဂလာပုဏ္ဏားနှင့် ပန်းတင်၊ စေတီးတီးဟူးရား စန္ဒီ၊ တုန်းနတ်၊ ပုဏ္ဏားတို့ မရောစေနှင့်၊ ဘိသိတ်တော် ဆက်ပုဏ္ဏားမှာလည်း မန္တရားဆေးဝါး ယတြာ၊ ဗေဒင်မသင်မလေ့စေနှင့်၊ အိမ်ယာထောင်ဘက်သား၊ မယားကိုလည်း၊ အခြားမိန်းမနှင့် မရှုပ်မစပ်သင့်၊ ဘိသိတ်ပုဏ္ဏားဖြစ်လျက် အခြားပုဏ္ဏားအမျိုးတို့နှင့် ရောနှောဆက်စပ်လျှင် တူရသိန်လည်ဆွဲကိုဖြတ်၊ စလွယ်ကိုသိမ်း၊ ဦးစွန်းကိုရိတ် ပန်းတင်ပုဏ္ဏားအစို့မှာ ထမ်းစေ၊

မင်းသား၊ မင်းဆွေ၊ မူးမတ်၊ မြို့စား၊ တို့မှာလည်း လူ့အသက်ကို မပိုင်၊ ဆင်းရဲသားတို့ကို အသက်ဆုံးအောင် မသတ်မညှစ်စေနှင့် ပြည်သူ့အသက်ကို သတ်လျှင် အဆောင်အရွက် အရာအထူး စားကျေးမြို့ရွာ သိမ်း၊ မင်းသားမင်းဆွေ ဖြစ်လျှင် မရိတ်ချောင်းဖျားမြို့တို့အရပ်ကိုပို့၊ မြို့စားမူးမတ်လွန်လျှင် မာန်အောင်ကျွန်းသို့ ပို့။

သံတွဲစား၊ မင်းတုန်းစား၊ မောက်သူဇာစား၊ ဘိလပ်စား၊ ဒါဂါစား၊ ငါးယောက်မှာ ရှေးမင်းတို့လက်ထက်ကပင် လူ့အသက်ကို အပ်ရိုးထုံးစံရှိသည့်အတိုင်း သေဒဏ်ကျရောက်သင့်သူဖြစ်က တွက်ချက်၊ မေးချက်ကို တင်ပြလျှောက်ထား ၍ စီရင်စေ၊ မင်းသားမင်းဆွေဖြစ်လျှက် မင်းသားတို့ ကျင်လည်ရာသော အဌာရသမသင့်ပေ့ါလေလျှင် စားကျေးမြို့ ရွာကို နှုတ်၊ မြို့လေးမျက်နှာတရား မဏ္ဍပ်မှာ စောင့်နေစေ၊

မူးမတ်သားမြေးဖြစ်လျှက် မိရိုးဖလာမကျင့် ဆိုးသွမ်းပျော်ရွှင်သဘင် လေ့လာသောက်စား ရစ်ဝလေလွင့်ရှိခဲ့ လျှင်၊ မိဘအမွေကို မခံစေနှင့်၊ မျက်ရိတ်အစို့မှာဖြည့်၊ လိမ္မာရှိသူ မူးမတ်သားမြေးရွေးစစ်၍ အရာခံစေ၊ မြို့ရွာခေါင်သူကြီး တို့ မှာလည်း၊ ဘိုးဘတို့နည်းတူ ကျေးရွာကို မအုပ်ထိန်းပေ့ါဖျင်းမိုက်မဲကျင်ဘိုးဘအရာကို မခံစေနှင့်၊ ကျေးရွာရှိ လူကြီးသားမြေးလိမ္မာသူကို ရွေး၍ဆက်ခံကြီးစိုးစေ၊

ပြည်သူ့အမှုအခင်းကို စီရင်သည့် မှူးမတ်၊ တရားသူကြီး၊ ပြည်စိုးတို့ မဖြောင့်မမှန် တံစိုးပဏ္ဏာ၊ မျက်နှာကြီးငယ် ကိုလိုက်၍ စီရင်ဆုံးဖြတ်လျှင် ခေါင်းကိုလေးမွှာရိတ်အရာကိုနှုတ်၊ မဟာမုနိသိမ်တော် ၄-မျက်နှာတံခါးမုတ်ဝတွင် ရှိသည့်အိုးတို့မှာ ရေခပ်ထည့်၍နေစေ၊

အပြစ်ထိုက်ရာစီရင်ရန် ရောက်သူတို့ကို စရင်ရမည်မှာ ယမမင်းနှင့် တူစေနိုင်ငံတော်အတွင်း ဆင်းရဲသားတို့ ကို အုပ်ထိန်းစီရင်သည့် မူးမတ်မြို့စား ခေါင်းသူကြီးတို့ မဖြောင့်မသား ကြီးနိုင်ငယ်နှိမ် ပြုကျင့်၍ ဆင်းရဲသားကို ပင်ပန်းနွမ်းရိရှိခဲ့လျှင်လည်း မြင့်မိုရ်စောင့်နတ်မှူး၊ ၄ ယောက်ကဲ့သို့ ကျင့်၊ မျက်နှာကြီးငယ်မထောက်နှင့်၊ ငါအသျှင်သိ တော်မူအောင်လျှောက်၊ အမတ်ကြီးတို့ မဖြောင့်မတည့်မေ့လျော့လစ်ဟင်း၍ ရှေးထုံးစံမပျက်သည် ကြားသိတော်မူရလျှင် "ကိုယ်ရံဆင်ကဲကြီး ပြည်စိုးကြီး၊ ဒါးပိုင်ကြီးတို့ လေးယောက်ကို သံတန်လျှင်လျှိုတော်မူမည်။

မြောက်ဦးခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာကြည့်ပါက ဘုရင်၊ မိဖုရား၊ မှူးကြီး၊ မတ်ရာ၊ သေနာပတိ၊ အရာရှိ အရာခံ၊ တရားသူကြီး၊ ချောင်းစား၊ ရွာစား၊ မကျန် အဂတိမလိုက်စားရအောင် ကာကွယ်ထားသည့်အပြင်၊

---

၃၂။ အရာရှိများက အမှုထမ်းများကို ခေါ်၍ ကိုယ်ရေးကိုယ်တာတွင် မခိုင်းရန် ၎င်းတို့တွင် အစဉ်အလာအရ ဘုရင်ချီးမြှင့်ထားသော အစေအပါး အိမ်တော်ပါးများ ရှိခြင်းကြောင့်ဖြစ်သည်။

၃၃။ အဖွဲ့အသင်း၊ အစု

၃၄။ သန့်ရှင်းရေး အစိုသမား၊

တိကျ၍၊ မျှတသောအုပ်ချုပ်ရေး စနစ်ထားရှိကြောင်း တွေ့ရသည်။ အထူးသဖြင့် ဘုရင်မင်းမြတ်သည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်နိုင်ရေးအတွက် မိမိကိုယ်ကို ဂရုစိုက်ရသည်။ ကိုယ်တိုင်အတွက် ဤသို့ပြဋ္ဌာန်းထားရှိသည်။

"တပြည်တမြို့ အစိုးရသော ပြည်ရှင်မင်းဟူသည်၊ သာသနာ၊ ဒါယကာ

မဟာဓမ္မရာဇာမင်းတို့ဓလေ့ ပြည်သူတို့ကို အပါယ်လေးပါး၊ မလားမသွားစေရ၊ ပြသဆုမ္မတော်မူမြဲ ဖြစ်ရမည်။ ပြည်သူတို့ကလည်းကောင်း၊ တောဓလေ့အကျင့်ကိုသာ ကြိုက်သည်။ ကာယကံသုံးပါ၊ ဝဇီကံ ၄ ပါး၊ မနောကံသုံးပါး သီလမြဲသော ပညာရှိအလေ့မှန်သည်။

"ရှေးမင်းလက်ထက် အရိုးမှန် အမျိုးမှန်ကို ဘုရင်သည် ရွေးစစ်၍ ပညာရည်အလိုက် မြှောက်စား ရာ၏၊ မင်းအမတ်၊ ပြည်သူအကျင့်တူလေသော် ပြည်သူလည်း ကိုယ်ကျင့်တရား ထိန်းကြ၍ သာသနာတော် ပွင့်လင်းသာယာသည်။"

ဟူ၍ ဘုရင်မင်းမြတ်ကိုယ်တိုင် ကိုယ်ကျင့်တရား။ သီလမြဲမှ တိုင်းပြည်သာယာမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ဇင်းအပြင် ဘုရင်သည် တစ်တိုင်းတစ်ပြည်လုံးကို စီမံအုပ်ချုပ်လမ်းညွှန်ပေးသကဲ့သို့ မိမိနန်းစံရာ ရွှေနန်းတော်ကြီးအတွက်လည်း နန်းဓလေ့၊ နန်းထုံးစံများကိုလည်း ထိန်းသိမ်းရင်း လုံခြုံရေးအတွက် လိုအပ်သော ပြင်ဆင်မှုများကို တိုးချဲ့ပြုပြင်ကာ နန်းတော်ကြီးကို စနစ်တကျ အုပ်ချုပ်စီမံ ထားရှိပေသည်။

"နန်းမြို့ အရှေ့မျက်နှာမင်းထွက် တံခါးက သားစိမ်း၊ ငါးစိမ်းသွင်းရိုးထုံးစံ မရှိ၊ မသွင်းမထုတ်စေနှင့်။

ညဥ့်နာရီ နှစ်ဗဟိုရ်တွင် နန်းဦးက သာယာသော တူရိယာတီးပြီးအတိုင်း တီးစေ၊ သုံးဗဟိုရ်တိုင်သော် ကြက်သရေဆောင်စောင့် နန်းဦးက ပရိတ်ရွတ်ပုဏ္ဏား ရှစ်ယောက်က ပရိတ်ရွတ်မြဲကို အလှည့်နှင့် နေ့စဉ်မပြတ် ရွတ်ကြစေ၊ ဟူးရားတတ်ပုဏ္ဏားတို့ကလည်း ဂြိုဟ်ရှစ်လုံး နက္ခတ်(၂၇)လုံး၊ တာရာကြီး (၉)လုံးတို့သည် အစဉ်သွားမြဲ လမ်းမှန်မမှန်၊ ဆုတ်တတ်ရပ်နေရှိခိုက်အကြောင်း၊ ထင်မြင်သမျှကို ညဥ့်အစောင့်အလှည့် ပုဏ္ဏား၊ တို့လျှောက်မြဲ ထုံးအတိုင်း လျှောက်စေ၊ အရှေ့နန်းဦး၊ တောင်နန်းဦး၊ မြောက်နန်းဦး၊ အနောက်နန်းဦးများတွင် ထားမြဲ ဆင်ရှစ်စီးကို လည်း၊ အမတ်တော်ဆင်ကဲကြီး ကြည့်ကြပ်မတ်စေ၊ အနောက်တံခါးက မင်းညီမင်းသားမှစ၍ ဝင်ထွက်ရိုးထုံးမရှိ၊ မဝင်ထွက်စေနှင့်. . .၊ စားတော်ကွမ်း၊ စားတော်ရေ၊ မင်းဆောင်များကို ကြက်သရေနန်းတံခါးပြင်အရောက် မင်းကိုယ် လုပ်တို့ကို မြဲဖြစ်သည်ထုပ်ပေးစေ၊ တံခါးပြင်တွင် အဆောင်တော်တိုင်တိုးနှင့် ရွှေစာဘတ်နှစ်ယောက်နေ၍ မှတ်သား စွဲကိုင်မြဲသို့ အပ်စေ၊ အတွင်းမှုနှင့် ဆိုင်သမျှကို အတွင်းလက်ဝဲမြန်၊ လက်ယာမြန်တို့ မလစ်ဟင်းစေရ စီရင်စေ. . . ဟူ၍ တိကျစွာ ဖော်ပြထားရှိပေသည်။

မြောက်ဦးခေတ် နန်းတော်အတွင်း ကျင့်သုံးရသည့် နန်းဓလေ့ထုံးစံများ၊ ဖြတ်ထုံးများ၊ ဓမ္မသတ်များ၊ လွှတ်တော်ကျင်းပပုံများ၊ ဘိသိတ်မင်္ဂလာကျင်းပပုံ၊ ဘာသာရေး ကိုးကွယ်မှုအတွက် လောကီလောကုတ္တရာ အစီအမံများကား များလှစွာ၏။ သီးသန့်စာအုပ်ထုတ်ဝေ ဖော်ပြသွားပါမည်။

မြောက်ဦးမြို့တော်ဘုရင်များသည် ဗုဒ္ဓ၏အဆုံးအမကို အခြေခံထားသည်ကိုလည်း တွေ့ရသည်။ ကာယကံ (၃)ပါး၊ ဝဇီကံ(၄)ပါး၊ မနော်ကံ(၃)ပါး၊ ဤဆယ်ပါးကို အုပ်ချုပ်ရသူ မြို့စား၊ ရွာစား၊ ချောင်းစား၊ ထိလိုက်နာနိုင်အောင် တစ်ပြည်လုံးအဝှမ်းတစ်နေ့တစ်ကြိမ် မောင်းခတ်တီးစေသည်။ မြို့တော်အတွင်းလည်း တစ်နေ့တစ်ကြိမ် ဖက်ပြောနာစေ၍ မောင်းခတ်တီးစေဟု မိန့်တော်မူသည်။

ကာမေသုမစ္ဆာ စရကံအတွက်လည်း "လူရည်တူ ပြည်သူအချင်းချင်း တစ်ဦးမယား တစ်ဦးကျူးလွန်ပြစ်မှား ကြလျှင် နှစ်ဦးစလုံး နဖူးတွင် စာထိုး၍ "(လမိုင်း)အစု" တွင် ဖြည့်ဟု မိန့်တော်မူသည်။

ဇင်းအပြင် စစ်သုံးပန့်များအားလည်း ဘေးမဲ့ပေးသော ဓလေ့မှာ ဗုဒ္ဓဘာသာဝင်အပေါင်း သူတော်စင်အပေါင်း သာဓုခေါ်ဆိုကြဘွယ် ဖြစ်ပေသည်။

> **"ပြည်ထောင်အချင်းချင်း ရန်စစ်ပွားများကြ၍ လက်နက်ထူထောင် စစ်ဆင်ကြလေရာ၊ တစ်ဦး ညိုးငယ်ပျက်စီး၍ ဘမ်းခေါ်ယူခဲ့သည့် လူတို့ကို ကြေးကျွန်ပြုလုပ်၍ ကိုယ်ဘိုးငွေ မစားမယူစေနှင့်၊ အခွန်အကောက်လွတ်ကင်းစေ၊ မပျော်ပိုက်ရာ နေထိုင်စေ"**[၃၅] ဟူ၍အခွင့်အရေး အထူး

၃၅။ မင်းရာဇာကြီးစာတန်း "ယိ"ချပ်ဝမ်းဘက်(၆)

ပေးသနားတော်မူသည်။

သဘင်ပညာသည်များကိုလည်း အစို့အငမ်း (အဖွဲ့အစည်း)ဖြင့် သီးသန့်ချီးမြှင့်မြောက်စားလေ့ရှိသည်။

**"ကချေသည် သဘင်တို့မှာလည်း ရှေးစဉ်က တီးရိုးကိုသာ တီးမှုတ်စေ၊ သဘင်ပြုရာနှိုက် အမင်္ဂလာ၊ သရော်ကြမ်းတမ်း အထူးအဆန်းသောစကား၊ အပြောအဆို အကအခုံ၊ အတီးအမှုတ် မပြုကျင့်စေနှင့်၊ ကြည်းရေသွားလာကုန်သည်တို့ကို မည်သည့်ဆိပ်ကမ်းမဆို ရောင်းဝယ်ဖောက်ကားစေ၊ အကောက်အစား အခေါ်အမေး မရှိစေနှင့်"**[၃၆]ဟူ၍ ချီးမြှင့်မြောက်စားတော်၊ အခွင့်အရေးပေးတော်မူသည်။

စိတ်ဝင်စားဘွယ်ကောင်း၍ ခေတ်မီသောအုပ်ချုပ်ရေးစနစ် တစ်ခုမှာ ယခုခေတ်(မြူနီစီပယ်)**"စည်ပင်သာယာရေးကော်မတီကဲ့သို့ အစို့အငန်း(အဖွဲ့အစည်း) ဖွဲ့စည်းလေ့ရှိခြင်းပင် ဖြစ်သည်။**

**"မြို့တွင်း မြို့ပြင်များမှာ မသိုးမသန့် အနံ့အစော် မရှိသင့်၊ နေ့စဉ် ဟရိ[၃၇] တို့က ကုန်စင်အောင် ရှေးထုံးအတိုင်း သုတ်သင်ရှင်းလင်းစေ[၃၈]ဟူ၍ ဘိုးတော်၊ ဘီတော်၊ ဘေးတော်တို့နည်းအတိုင်း၊ အမိန့်အာဏာ ထုတ်တော်မူသည်။**

ပြည်သူတို့ဘက်က အထူးကာကွယ်ပေးသော ထူးခြားသောစနစ်တစ်ခုမှာ ယခုခေတ် ငွေတိုးချေးစားသကဲ့သို့ ယင်းခေတ်ကာလလည်း အတိုးယူခေါင်းပုံဖြတ်သော ရှုပ်ထွေးသော ပြဿနာရှိခဲ့ကောင်း ရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ

**"ပြည်သူတို့ချင်း ရောင်းဝယ်မြဲချရှိကြသည်မှာ အသပြာ ၁၀၀ လျှင် တစ်လကို ၂-သပြာခွဲ အတိုးအစီးယူစေ"** ဟူ၍ တိကျသော ဥပဒေပြဋ္ဌာန်းထားရှိသည်။ ပြဿနာကို အေးချမ်းစေသည်။

ဤသို့ စနစ်ကျလှသော အုပ်ချုပ်ရေးစနစ်ဖြင့် ကျယ်ဝန်းလှသော ရခိုင်ပြည်အဝန်းကို အတိမ်းအစောင်းမရှိ ဖြောင့်မတ်အောင် အုပ်ချုပ်နိုင်ရေးအတွက် ရခိုင်ဘုရင်သည် ရေကြောင်းဆက်သွယ်ရေးကို အထူးဂရုပြုဆက်သွယ်ခဲ့သည်။ ရခိုင်ပြည်တောင်ပိုင်း ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းနှင့် ဒွါရာဝတီ၊ သံတွဲမြို့သို့ ဆတ်သားများ စေလွှတ်ရာတွင် တစ်ပတ်အတွင်း ရောက်နိုင်သည်။ အကောက်အကွေ့များလှသော မြစ်ချောင်း၊ ကျွန်းကြို ကျွန်းကြား၊ ချောင်းပေါက်များကြားသို့ သွားလာရန် ခရီးသွားလမ်းညွှန်ကို လက်ာဖြင့်လည်းကောင်း၊ ပုရိပိုက်မြေပုံဖြင့်လည်းကောင်း မှတ်တမ်းတင်ထားရှိသည်။ ကုန်းလမ်းခရီးဖြင့် ခြေမြန်တော်လည်း ထားရှိသည်။ အထူးသဖြင့် ဘင်္ဂလားအုပ်ချုပ်ရေး(၁၂)နယ်သို့ ဆတ်သားစေလွှတ်ရာတွင် ပို၍လျင်မြန်ရေးအတွက် ဘုရင်မင်းမြတ်၏ အထူးဆတ်သားများကို စေလွှတ်ကြောင်း၊ အထူးပင်လျှင်မြန်စွာ တာဝန်ထမ်းဆောင်ကြကြောင်း မန်နရစ်က ဆိုပေသည်။ မန်နရစ်၏မှတ်တမ်းတွင် ရခိုင်ပြည်မြောက်ပိုင်း ဘင်္ဂလားနယ် အနောက်ဘက်အစွန်ဆုံး ဒီရဂါးမှ ရခိုင်နယ်စပ် ရာမူးပန်းဝါအထိ ဘုရင့်အမိန့်တော်ဖြင့် လမ်းမကြီးဖောက်လုပ်ထားကြောင်း ၎င်းသည် ရခိုင်မြို့တော်သို့ အသွားအပြန် ဤလမ်းကိုပင် အသုံးပြုခဲ့ကြောင်း ဆိုပေသည်။ အေဒီ ၁၆၃၉ ခု ဤလမ်းခရီးမှပင် ခရီးသွားဘူးသူ၊ အေဖရင်ဟာ (A. Farimha) က-

"ဘုရင်အမိန့်တော်ဖြင့် ဖောက်လုပ်ထားသော ဤလမ်းသည် ကူးသန်းသွားလာသူများဖြင့် အမြဲမပြတ် စည်ကားနေလေသည်။ သွားရလာရသည်မှာ လုံခြုံချောမွေ့လှသည် လမ်းတစ်လျှောက်တွင် အကွာအဝေးပြ မှတ်တိုင်များအများအပြားကို စိုက်ထူထားသည်။ မှတ်တိုင်တစ်ခုမြင်ကွင်းမှ မပျောက်သွားခင် နောက်တစ်ခု မှတ်တိုင်ကို မြင်ရလေအောင် အထူးဂရုစိုက် ဆောင်ရွက်ထားလေသည်။ လူနေအရပ်နှင့် ဝေးကွာသောအရပ်တို့၌လည်း နိုင်ငံတော်ပိုင်တည်းခိုဆောင်များကို စနစ်တကျ ဆောက်လုပ်ထားသည်။ ဘုရင့်အမိန့်အရဟု ဆိုသည်။ ရေကြောင်းခရီးတွင်လည်း ကျောက်ထူထပ်သောနေရာများအတွက် အန္တရာယ်ရှိကြောင်း အသိပေးအချက်ပြများရှိသည်။[၃၉]ဟူ၍ စနစ်ကျသော လမ်းပန်းဆက်သွယ်ရေးကို မှတ်တမ်းတင်ထားခဲ့ပေသည်။

ဤသို့ ရခိုင်ပိုင် ဘင်္ဂလားနှင့် ရခိုင်နယ်စပ်ကို ဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ထားသော်လည်း တံခါးမရှိ ဒါးမရှိ ကူးသန်း၍မရချေ။ ပေါ်တူကီဘုန်းတော်ကြီး မန်နူရစ်သည် နိုင်ငံခြားသားတစ်ဦးဖြစ်၍ ဘုရင့်တံဆိပ်

---

၃၆။ ယင်း (၇-၈)

၃၇။ သန့်ရှင်းရေးသမား (အစို) ရခိုင်တွင် ယခုတိုင် ရှိသေးသည်။

၃၈။ ယင်းသံချပ်-ကျောဘက်(၁-၂-၃)

၃၉။ Travels-00. 172-173

၄၀။ ယင်း စာ-၁၇၆

နှိပ်ထားသော နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခဲ့ရကြောင်း ဆိုပေသည်။[၄၀]

အရှေ့ဘက်နယ်နမိတ် ရခိုင်ရိုးမကြီးမှ အင်းဝ၊ ပဲခူး၊ ပုဂံစသည့် ခေတ်ပြိုင်နိုင်ငံများသို့ သွားရောက်နိုင်ရန် အတွက်လည်း တောင်ကြားလမ်း၊ တောင်ပေါ်လမ်းများကို စနစ်တကျ ဖောက်လုပ်ထားသည်။ မြောက်ဦးမင်းကုန်းနယ် သို့သွားရန် ဖောက်လုပ်ထားသော တောင်ပေါ်လမ်းများအနက် **"ဘူးရွက်မညိုး"**ဟုခေါ်သော လမ်းမှာ နာမည်ကြီးဆုံး လမ်းကြီးဖြစ်သည်။ ဤခရီးကို စတင်ရာ ရိုးမတစ်ဘက်မှ တစ်ဘက်သို့ ခရီးသွားလမ်းကောင်းလွန်း၍ **"ဘူးရွက်ပင်မညိုး"** ဟု ပြောစမှတ်ပြုရာမှ ဘူးရွက်မညိုးလမ်းဟု ခေါ်ကြောင်း အဆိုရှိပေသည်။

အချုပ်ဆိုရသော မြောက်ဦးခေတ် အုပ်ချုပ်ရေးမှာ မင်းစဉ်မင်းဆက်အသုံးပြုခဲ့သော ဗုဒ္ဓယဉ်ကျေးမှု အစဉ်အလာကို အခြေခံသော ခန္တီးတရားနှင့် ပြည့်စုံသော အုပ်ချုပ်ရေးစနစ်ကို အခြေခံသော်လည်း ခေတ်မီသော အုပ်ချုပ်ရေးစနစ်ဖြင့် ပေါင်းစပ်ဖြည့်စွက်ထားသည်။ အထူးသဖြင့် လူတစ်ဦးစီ၏ အခွင့်အရေး မနစ်နာရအောင်နှင့် မျှတမှုရှိအောင် ကာကွယ်ထားသည်။ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးတို့ပါ အဘက်ဘက်မှ ပြည့်စုံလေရာ မြောက်ဦးခေတ်မှာ ရွှေခေတ်အဖြစ် တိုင်းပြည်သာယာအေးချမ်းခဲ့လေသည်။

# မြောက်ဦးခေတ် ဗုဒ္ဓသာသနာ

## (က) ထေရဝါဒသာသနာတော်ကြီး ထွန်းကားရေးအတွက် ဆောင်ရွက်ခြင်းများ

မြောက်ဦးခေတ် အေဒီ (၁၄၃၀) မတိုင်မီက ရခိုင်လူနေမှုအဖွဲ့အစည်းတွင် လေးမြို့ခေတ် (အေဒီ-၈၁၈-၁၄၀၆) ဝေသာလီခေတ် (အေဒီ ၃၂၇-၈၁၈) ဓညဝတီခေတ် (အေဒီ ၄ရာစုမတိုင်မီ)ဟူ၍ ခေတ်သုံးခေတ်ရှိခဲ့ရာ ထိုခေတ်များတွင်လည်း ခေတ်အလိုက် စာပေ၊ အနုပညာ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ အဘက်ဘက်မှ အဆင့်မြင့်မားခဲ့ပေသည်။ စောစီးစွာ လက်ခံရရှိခဲ့သည်။ ဗုဒ္ဓသာသနာတော်ကြီးနှင့်အတူ ဗုဒ္ဓအနုပညာလက်ရာများမှာ လည်း အဆင့်ဆင့်တိုးတက်ထွန်းကားခဲ့သည်။ သန့်စင်သော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးအကြောင်းကို စာရေးသူ၏ **"ဝေသာလီခေတ် ဗုဒ္ဓအနုပညာ"**စာအုပ်နှင့် **"မဟာမုနိ ဘုရားကြီးသမိုင်း"**စာအုပ်ကို လေ့လာနိုင်ကြပါသည်။ ဤသို့ ခေတ်အဆက်ဆက် တည်တံ့ခိုင်မြဲစွာ ထွန်းကားခဲ့သော ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်ကို မြောက်ဦးခေတ်သည် သမိုင်းပေးအမွေအဖြစ် ထိုက်တန်စွာ လက်ခံရယူခဲ့ပေသည်။ မြောက်ဦးခေတ် ဘုရင်များသည် ဘာသာရေးကိုင်းရှိုင်း ရိုသေကြသည်။ မည်မျှပင် ပြည်ထဲရေး ရှုပ်ထွေးနေစေကာမူ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို မမေ့လျော့ကြ၊ ဘိသိတ်ခံသူ နန်းတက်သည်မှ နတ်ရွာစံနန်းစွန့်ရသည်အထိ၊ အလှူပေးကြသည်။ စေတီပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ် တည်ဆောက်လှူဒါန်းကြသည်။ နောင်တွင် ဘုရားတည် ကျောင်းဆောက် အလှူဒါနရက်ရောသည့် အစဉ်အလာတစ်ရပ် အဖြစ် ခိုင်မြဲလာခဲ့ရာ သဇင်ပန်းခိုင် တစ်မြိုင်မြိုင် (၆၃၅၂၇၅၅) ရခိုင်ဘုရားပေါင်းဟူ၍ စေတီပုထိုး ၆သန်းကျော် ရှိကြောင်း စာဖွဲ့ခဲ့ကြခြင်းဖြစ်သည်။ မြောက်ဦးခေတ် လူနေမှုဘဝတွင် ဗုဒ္ဓဘာသာသာသနာသည် အသဲနှလုံးပမာ လွှမ်းမိုးနေလေသည်။

ဘုရင်ကိုယ်တိုင် သာသနာ့ဒါယကာအဖြစ် တက်တက်ကြွကြွ ဦးဆောင်ဦးရွက်ပြုလျက်ရှိရာ မှူးမတ်ပြည်သူ အပေါင်းတို့မှာလည်း တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။ ဗုဒ္ဓသာသနာတော်ကြီး နေရောင်လရောင် ပမာ ထွန်းကားတောက်ပခဲ့ပေသည်။ သီဟိုဠ်ကျွန်း၏ အခန်းကဏ္ဍသည် အရေးကြီးလှပေသည်။ ယခု သီရိလင်္ကာဟု ခေါ်တွင်နေသော သီဟိုဠ်ကျွန်းကား ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားလာရာ ဗဟိုအချက်အချာ ဒေသဖြစ်သည်။ သီဟိုဠ်မှ အရှေ့တောင်အာရှသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ဝင်ရောက်ပျံ့နှံ့ခဲ့ရာ အဆိုပါသမိုင်းကြောင်းတွင် ရခိုင်သည် အဓိကနေရာက ပါဝင်ခဲ့သည်။ သီဟိုဠ်ကျွန်းခေါ် လင်္ကာဒီပနှင့် ဓညဝတီခေါ် ရခိုင်ပြည်ဒေသတို့သည် တည်နေရာအနေအထား ရေစီးကြောင်း၊ လေတိုက်ခတ်ရာလမ်းကြောင်း စသည့် ပထဝီဝင်အချက်အလက်တို့က ဤအချက်ကို သဘာဝကျစွာပင် အထောက်အကူပေးနေပေသည်။

ရခိုင်ဝေသာလီခေတ်(အေဒီ ၃၂၇-၈၁၈)အာနန္ဒစန္ဒြမင်း၏ ကျောက်စာအပိုဒ် ၅၁ တွင်. . . .

**"သူတော်ကောင်းဖြစ်သော အာနန္ဒစန္ဒြမင်းကြီးသည် သီဟိုဠ်၌ သံဃာယနာတင် ပိဋကတ်မူအတိုင်း စာပေကျမ်းဂန်များကို အရေအတွက် မြောက်များစွာ ကူးယူလာခဲ့သည်"**ဟူ၍လည်းကောင်း-

အပိုဒ် ၆၁ တွင်-

မင်းကြီးသည် မေဃမည်သော သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူထသော အရိယာသံဃာတော်များအား တရားပလ္လင်နှင့် ဆင်မယဉ်သာတစ်စီး တောက်ပြောင်သည့် ပိုးသက်န်းများကို ပို့လွှတ်လှူဒါန်းခဲ့သည် ဟူ၍လည်းကောင်း ပါရှိပေသည်။

ဤအထောက်အထားများအရ ရခိုင်ဒေသနှင့် သီဟိုဠ်ကျွန်းတို့သည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး တိုးတက် စည်ပင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် အချိန်ကြာမြင့်စွာပင် ကူးလူးဆက်ဆံမှုများ ရှိခဲ့ကြောင်း သိရှိနိုင် ပေသည်။

ဤသို့ စောစီးစွာကပင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းကားရေးအတွက် ဆောင်ရွက်ခဲ့ကြရာ နှောင်းပိုင်း ရခိုင်ပြည်ကို ဆက်ခံအုပ်စိုးခဲ့ကြသော မင်းအဆက်ဆက်တို့သည် ရှေးစဉ်လာအတိုင်း လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မင်းများ ရဟန်းသံဃာများ အချင်းချင်းလည်း အဆက်အသွယ်မပြတ် ကူညီပံ့ပိုးကြသည်။ ဆက်သွယ်ကြ သည်။ ရခိုင်ရာဇဝင်များတွင် ဤကြောင်းကို တခမ်းတနား အဆက်မပြတ် ဂုဏ်ယူဖော်ပြလေ့ရှိပါသည်။

အေဒီ ၁၅၅၆ ခုနှစ် ရေးထိုးသော ကျောက်စာတစ်ချပ်တွင် သီဟိုဠ်မှ ဆရာတော်ကြီးတစ်ပါးသည် မြောက်ဦး ဘုရင် မင်းစောလှ (၁၅၁၅-၆၄)၏အလှူအခမ်းအနားတွင် ပါဝင်ခဲ့ကြောင်း ပါရှိပေသည်။[၁]

ပေစာ၊ ကျောက်စာ၊ ပရပိုဒ်စသော ရခိုင်သမိုင်းအထောက်အထားများနှင့် သာသနိက အထောက်အထားများ ကလည်း ရခိုင်ပြည်တွင် ထွန်းကားခဲ့သော ဗုဒ္ဓသာသနာတော်မှာ သီဟိုဠ်ကျွန်းတွင် ထွန်းကားခဲ့သော ဗုဒ္ဓသာသနာတော် နှင့် အတူတူပင်ဖြစ်ကြောင်း ဖော်ပြထားပေသည်။ အေဒီ (၄ ရာစုမှ ၈ရာစု)ထိ ထွန်းကားခဲ့သော ရခိုင်ဝေသာလီခေတ် ၏ အနုပညာလက်ရာအထောက်အထားများတွင် ရခိုင်မြောက်ပိုင်းမှ ဝင်ရောက်လာသော **ဖတ်မရပါ** အနုပညာ လက်ရာအချို့နှင့် ရောနှောကြောင်း တွေ့ရသည်။ ဤသည်မှာလည်း ပထဝီဝင်အနေအထားအရ ဖြစ်သင့်ဖြစ်ထိုက်၍ ရောက်ရှိလာခဲ့လင့်ကစား စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးမှာ ရခိုင်ဒေသတွင် နေရောင်လရောင်ပမာ ထွန်းကားခဲ့ကြောင်း အထောက်အထားများစွာ ရှိပေသည်။ ဤအကြောင်းကို စာရေးသူ၏ ရခိုင်ဝေသာလီခေတ် **ဖတ်မရ** စာအုပ်တွင် အကျယ်တဝင့် ဖော်ပြထားပေသည်။

ရခိုင်ဒေသ၏ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ထွန်းကားခဲ့သည့် သမိုင်းကြောင်းကာ ခန့်ငြားထယ်ဝါလွန်းလှ သည်။ ပြည့်စုံလွန်းလှသည်။ သန့်ရှင်းလွန်းလှသည်။ သမိုင်းကြောင်း ရှည်လျားသည်နှင့်အမျှ တွေ့ရှိရသည့် ဗုဒ္ဓယဉ်ကျေးမှု အထောက်အထားများကလည်း ပြည့်စုံသည် လေ့လာ၍ပင်မကုန်-

သို့သော်. . . ယခုစာအုပ်မှာ မြောက်ဦးခေတ် **ဖတ်မရပါ** မြောက်ဦးခေတ်နှင့် ပတ်သက်သော အထောက် အထားအချို့ တင်ပြပါမည်။

မြောက်ဦးရွှေမြို့တော်နှင့် သီဟိုဠ်ကျွန်းတို့မှာ ကုန်စည်ကူးသန်းမှု တိုးတက်ခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာတော် ကို ကိုးကွယ်ခြင်းတူညီကြရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ချေ။ သံဃာတော်များ၊ ပြည်သူများတို့မှာ နှစ်ပြည်တစ်ပြည်အဖြစ် ဘုရားဖူးအလည်အပတ် သွားရောက်ခဲ့ကြသည်။ ကုန်စည်ချင်း ဖလှယ်ကြ သည်။ ဖောက်ကားရောင်းဝယ်ကြသည်။ တခါတရံ ဘုရင်မင်းမြတ်တို့၏ အစီအမံဖြင့် ဂိုဏ်းအုပ် ထေရ်ကြီး ဝါကြီး သံဃာတော်များကိုပင် အဖွဲ့လိုက် အပြန်အလှန် စေလွှတ်ကြသည်။ တိုင်းပြည်တစ်ပြည်၏ အခါအားလျော်စွာ ပေါ်ပေါက် တတ်သော သာသနာတော် ညှိုးနွမ်းမည့်အရေးနှင့် ကြုံရသည့်အခါ၌လည်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကူအညီတောင်းခံ ခြင်း၊ ပေးကမ်းခြင်းမျိုးလည်းရှိသည်။

မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၂)လက်ထက်တွင် “ဂါမဝါသီ၊ အရညဝါသီ၊ ရဟန်းတော်အရှင်မြတ်တို့ အား ပစ္စည်းလေးပါးဖြင့် မပြတ် လှူဒါန်းသည်ဖြစ်၍ ရဟန်းသံဃာတော်များ ပရိယတ္တိ ပဋိပတ်တရားကို ကြိုးစားအား ထုတ် ကျင့်တော်မူရသဖြင့် သာသနာတော် ထွန်းလင်းတောက်ပကြောင်း သတင်းအရ လင်္ကာဒီပ သီဟိုဠ်ကျွန်းကို အစိုးရသော ဝိမလဓမ္မသူရိယမင်းသည် များစွာသော လက်ဆောင်ပဏ္ဏာတို့ကို စီရင်၍ သာမဏေကြီးတစ်ပါး နောက်ပါ အခြံအရံတို့ကို သဝဏ်လွှာတစ်စောင်နှင့် စေလွှတ်တော်မူခဲ့ပေသည်။ သဝဏ်စာတွင် သီဟိုဠ်ကျွန်း၌ သာသနာတော် ညစ်နွမ်း ပျက်စီး၍သာ မထေကြီးတို့သာ ပေါများနေ၍ အဆွေတော်ဘုရင်မင်းမြတ် **ဖတ်မရ များကို** လျှောက်ထားတောင်းပန် လာ၍ သာသနာပြု စေလွှတ်ပေးပို့ကြောင်း ပါရှိသည်။[၂]

မင်းရာဇာကြီးလည်း မူးမတ်အပေါင်းနှင့် တိုင်ပင်၍ မြောက်တန်ဆောင်းဆရာတော် စန္ဒဝိလာသအား လျှောက်ထားတောင်းပန်၍ ကမ္မဝါစာ သံဃာ(၂၀)နှင့်တကွ သက္ကရာဇ် ၉၆၈ တန်ဆောင်မုန်းလတွင် သင်္ဘောဖြင့် ကြွတော်မူသည်။ သီဟိုဠ်ကျွန်းသို့ ရောက်တော်မူလျှင် မောင်ရှင်သာမဏေ စသောသူတို့အား ပဥ္စင်းခံစေ၍ ဗုဒ္ဓသာသနာ တော်ကို တည်စေသည်။[၃]

ၿငင်းပြင် မာရုမ္ဗိယမင်း(အေဒီ ၁၆၉၆-၉၇)လက်ထက်တွင် လင်္ကာဒီပ သီဟိုဠ်ကျွန်း၌ ဘုရားသာသနာတော် ညှိုးနွမ်းပျက်စီးနေသည်ဖြစ်၍ စည်ပင်ပြန့်ပွားထွန်းကားစေခြင်းငှာ သာသနာပြုရဟန်းတော်တို့အား လျှောက်ထားစေ လွှတ်ပါမည့်အကြောင်း သဝဏ်လွှာနှစ်စောင်ဖြင့် ဆိုက်ရောက်လာခဲ့သည်။ မာရုမ္ဗိယမင်းသည် သက္ကဌာနဆရာတော် ဣန္ဒမဥ္ဇူ နှင့် လောင်းကြက်ဆရာတော်နှစ်ဂိုဏ်းကို သံဃာတော် လေးကျိပ်အား သီဟိုဠ်ကျွန်းသို့ ၁၀၅၅-ခု ပြာသိုလဆန်း ၆-

၁။ ဆင်ဝန်ကြီးဘုရားအတွက် ကျောက်စာ (သက္ကရာဇ် ၉၁၈)စာကြောင်း ၇-၈
၂။ ရခိုင်ရာဇဝင်သစ်ကျမ်း စာ-၁၅၀
၃။ ရခိုင်ရာဇဝင်သစ်ကျမ်း စာ-၁၅၀
၄။ င/မည် ရာဇဝင် ပုံ(ဝမ်း)ချပ်
၅။ ရခိုင်ရာဇဝင်သစ်-၂၃၁

ရက် တနင်္ဂနွေနေ့တွင် လျှောက်ထားစေခဲ့ကြောင်း တွေ့ရသည်။[၆]

သီဟိုဠ်ကျွန်းမှာကဲ့သို့ပင် ရခိုင်ပြည်မြောက်ဦးမြို့တော်တွင် အချိန်ကာလကိုလိုက်၍ ဗုဒ္ဓသာသနာတော်ကြီး ညစ်နွမ်းနိုင်သည့်အန္တရာယ်နှင့် မကြာခဏ ကြုံတွေ့နိုင်လေရာ သံဃာတော်ကြီးများတွင် သာမဏေ၊ ဘုရင်မင်းမြတ် ကိုယ်တိုင် သံဃာတော်ကြီးများ၏ မေတ္တာရပ်ခံ လမ်းညွှန်ချက်အရ ဘုရင်အာဏာစက်ဖြင့် ထိန်းကျောင်းပေးရသည် လည်း ရှိပေသည်။ မြောက်ဦးခေတ်တွင် တန်ခိုးအကြီးဆုံးဖြစ်သော မင်းဗာကြီး (အေဒီ ၁၅၃၁-၁၅၅၃)သည်လည်း စေတီပုထိုးများ တည်ထားခဲ့သလိုပင် သာသနာတော် သန့်ရှင်းရေးအတွက်လည်း ရဟန်းတု၊ ရဟန်းယောင်များကို သန့်စင်ခဲ့ပေသည်။ "ဒီလီမင်းနှင့် စစ်ပြိုင်၍ အောင်မြင်ပြီး ကုလား ၁၂ မြို့ကို အပ်သည် ပြန်တော်မူခဲ့၍ ပြည်တော် သို့ ရောက်လေသော် သာသနာတော်ရေကို စစ်ဆေးရှင်းလင်းတော်မူသည်။ ဂါမဝါသီ အလဇ္ဇီရဟန်း (၁၂၀၀၀)ရသည်။ ရှင်ယောင်တို့ကို ဆင်ထိန်း၊ မြင်းထိန်း၊ ဝင်း ၄ မျက်နှာ၊ လယ်တော်လုပ်အစုများမှာ ဖြည့်တော်မူသည်"ဟူ၍တွေ့ရသည်။ မြေးတော်မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၂)လက်ထက် နယ်မြေကျယ်ဝန်းပိုမို ပိုင်ဆိုင်ခဲ့ရာ နယ်မြေစုံမှ လူပုဂ္ဂိုလ်၊ ရဟန်း၊ ကုန်သည်၊ လယ်လုပ်စသည်ဖြင့် ကူးလူးဆက်သွယ်မှု ပိုမိုစုံလင်လာခဲ့သည်။ ပညာရှိစကားကို ပညာရှိသည်သာ နားလည်သဘောပေါက်၍၊ လူမိုက်စကားကို လူမိုက်အချင်းချင်းသာ သဘောတွေ့ရှိသည်ဖြစ်ရာ. . . ရဟန်းတု၊ ရဟန်း ယောင်များ၏ ကျမ်းလာစကားယောင်များ လွှမ်းမိုးကူးစက်လာခဲ့ရာ ရှေးထုံးဥပဒေပျက်သည်နှင့် အမိန့်တော်အာဏာ ထုတ်၍ စီးကြပ်ခဲ့ရသည်ဟု ဖော်ပြထားပေသည်။

အမိန့်တော်ပြန်တမ်းပေမူ 'သ' ဝမ်းချပ်တွင်

"ဂါမဝါသီပွဲကျောင်း ရဟန်းတို့က မင်းအချီးအမြှောက်ကို ခံလိုကြောင်း တစ်ဦးနှင့်တစ်ဦး ပြိုင်ကြောင်း၊ လှူ၍ရသောပစ္စည်းကို ရောင်း၍ဥစ္စာဆည်းဆူ (စုဆောင်း)ကြောင်း ရွာသူတို့နှင့် ရောနှောဟင်းခွက်ကမ်းလှမ်းကြောင်း ရွာသူပစ္စည်းကို အအပ်အနှံလက်ခံကြောင်း ကြားသိတော်မူပြန်သည်။ နိုင်ငံတော်အတွင်း ဂါမဝါသီရွာသူတို့နှင့် ရောနှော နေသည့် အလိဇ္ဇီရှင်ယောင်တို့ကို ကိုယ်ရံကြီး မဟာဇေယျသိမ်က သိမ်း၍ လက်ဝဲနံ၊ လက်ယာနံတွင် ခြသေ့ရုပ်ထိုး၊ သင်းကိုယ်ရံတွင်ဖြစ်စေ၊ အရညဝါသီသံဃာတော်မြတ်တို့မှာ တိစိဝရိတ်ဆောက်တည်တော်မူမြဲ အေးချမ်းစွာ သီတင်းသုံး တော်မူကြစေ. . . ဟူ၍ ဖော်ပြထားပေသည်။

မင်းရာဇာကြီး အမိန့်ပြန်တမ်းတစ်ခုတွင်

"သာကီဝင်မင်းအရိုး မှန်သော်လည်း အသိပညာနည်းသော ရာဇာသုညမင်းများ လက်ထက်၌ ဂါမဝါသီရဟန်း တို့ စည်ကားမြဲဖြစ်၍၊ အရညဝါသီသံဃာတော်မြတ်တို့ တိမ်စမြဲ ဘုရားသခင်ရှိတော်မူစဉ်ကပင် ဘုရား၏အဆုံးအမကို မခံ အာဏာဆန်သည့် ဆပဆီအချိုး ဂါဝါသီဂိုဏ်းဖွဲ့ကျောင်းရဟန်းတို့ ရှိခဲ့သည်။ ပြည်သူတို့က ပဥ္စင်းသာမဏေ ထို ဂါမဝါသီရဟန်းတို့ထံ မပြုစေနှင့် ပါဠိပါဒ်နှင့် ကျမ်းဂန်အသစ် မပြုလုပ်စေနှင့် ရုပ်ပွားဆင်းထု၊ ဇာတီ(စေတီ)၊ ပုထိုးများ မှာ အစောင့်အနေ ပေါင်းမြက်သုတ်သင်စေ. . . .၊

> အရညဝါသီ ဆရာတော်တို့မှာ ဆိတ်ငြိမ်ရာ တီစီဝရိတ် ဆောက်တည်တော်မူကြစေ. . . ဧကစာရ ဆရာမြတ်တို့ကို ပြည်သူတို့က ပစ္စည်းလေးပါး လှူဒါန်းကြစေ။ ချက်ပြုတ်၍ မစား၊ မသုံးသင့်၊ ခံ၍ရသော မျှတသောဆွမ်းကို သုံးတော်မူသင့်သည်။ ဂါမဝါသီရွာသူတို့နှင့် မရာမနှာနေသော ပွဲကျောင်းရဟန်းတို့နှင့် လည်း မရောမနှောသင့်၊ ပွဲကြောင်းရဟန်းတို့မှာ အဆောက်အအုံကို သူတို့အလေ့အတိုင်းရှိရာ လုပ်ဆောင် ၍ လျှောက်နေစေ။ စည်တီး၊ စီးနှတ်၊ ပွဲသဘင်၊ မသာ အသုဘကိုလည်း လိုက်ကြပေ. . .[၇]ဟူ၍တွေ့ရ သည်။

၎င်းမင်းရာဇာကြီးသည် ဗုဒ္ဓကျမ်းဂန်များနှင့်ပတ်သက်၍ ဂါမဝါသီတို့၏ ပြုပြင်ရေးသားမှု၊ တိုးချဲ့ ဋီကာ ချဲ့ထွင် ဖော်ပြမှုတို့ရှိကြောင်းကို ကြားသိရက်"မြတ်စွာဘုရားဆုံးမတော်မူယင်း စကားကို ကြာရှည်ထွန်းလင်းအောင် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏီမင်းလက်ထက်တော်"သီဟလဘာသာ"ဘုရားသခင်၏ စကားရင်းအတိုင်း အက္ခရာတင်ခဲ့သည်

---

၆။ မင်းရာဇာကြီးစာတန်းပေမူ "ဂ"ကျောနှင့် ကော်"ဝမ်း"ချပ်

၇။ မင်းရာဇာကြီးစာတန်းပေမူ "ကော်"ဝမ်းချပ်

ကို ကူးယူခဲ့သည်။[၇] ဤနည်းဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကို သန့်ရှင်းအောင် စီစဉ်တော်မူခဲ့သည်။

မင်းရာဇာကြီးကဲ့သို့ ဗုဒ္ဓသာသနာတော် သန့်စင်ရေးအတွက် ဆောင်ရွက်ခဲ့သော အခြားမင်းများလည်း အများအပြားရှိသည်။ ဒသရာဇာမင်းလက်ထက် (အေဒီ ၁၁၂၃-၁၁၃၉)လက်ထက်တွင် ရှေးဘုရင် အဆက်ဆက်ထားရှိခဲ့သော ဗုဒ္ဓကျမ်းဂန်များအား ညီမည်သိရှိတော်မူလို၍ အရညဝါသီဆရာတော် ဇိနမာန်အောင် ဆရာတော်တို့ကို ဦးဆောင်စေ၍သိဃ်လ်(သီဟိုဠ်)သို့ လျှောက်ထားလွှတ်တော်မူသည်။ ဆရာတော် သံဃာတော်များက ကူးယူကာ ဘုရား၏စကားတော် မူရင်းကို ယူဆောင်ခဲ့သည်။ ဆရာတော်ကြီးများ၏ ဆောင်ယူခဲ့သော ကျမ်းဂန်နှင့် ရှိယင်းကျမ်းဂန်များညီသည်ဖြစ်ရာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ သံဃာတော်ကြီးအား အပ်နှင်းတော်မူသည်။ ဂါဝါသီရွာသူတို့နှင့် ရောနှောနေလေ့ရှိသော ပွဲကျောင်းရဟန်းတို့အား မဟာမုနိဘုရားသို့ ပို့ကာ သာသနာတော်ဝန်ထမ်းရွက်စေလေသည်။[၈]

အေဒီ ၁၂၄၆ ခုနှစ် ၎/နုလုံးမင်းလက်ထက်တွင် တစ်ကြိမ်၊ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ဓမ္မဝိရတရားတော်ကို တဖန် ပိဋကတ်တော်များ ကူးယူရန် ပန်ကြားစေလွှတ်ခဲ့ကြောင်း တွေ့ရသည်။ ဘေးတော်မင်းကြီး (အေဒီ ၁၂၈၁ ) လက်ထက်တွင် တစ်ကြိမ်တွင်လည်း ဂါမဝါသီရဟန်းတို့က မင်းနားသင့်စွာ ပြောဆိုဆက်ဆံလျှောက်ထားလေရာ သီဟိုဠ်ကျွန်းသို့ သကျမဗ္ဗုဆရာတော်ကြီးအား ကျမ်းဂန်ပါဠိများ ကူးယူခဲ့ပါရန် လျှောက်ထားစေလွှတ်ခဲ့ပြန်သည်။ ဆရာတော်ဘုရားကြီးကြိုးပမ်းမှုဖြင့် ကူးယူခဲ့သော သီဟိုဠ်ကျမ်းမူရင်းနှင့် ရခိုင်ရှိ ဗုဒ္ဓဝင်ကျမ်းများ ကိုက်ညီကြောင်း တွေ့ရ၍ ဘုရင့်အာဏာစက်ဖြင့် ရဟန်းတုများအား ထိန်းသိမ်းကာ သာသနာတော်သန့်ရှင်းရေးအတွက် သံဃာတော်ကြီးများ ကူညီပေးခဲ့ကြောင်း တွေ့ရပေသည်။[၉]

စရနုအလီခင်မင်းလက် (အေဒီ ၁၄၃၃-၁၄၅၉) လက်ထက်တွင်လည်း သာသနာတော်ထွန်းလင်းတောက်ပရေးအတွက် ထေရဝါဒသာသနာတော် စတင်ထွန်းကားရာ သီဟိုဠ် (သီရိလင်္ကာ)မင်းတို့နှင့် မေတ္တာမျှခင်ပွန်းဖွဲ့ကြလျှက်များမြောင်လှစွာသော ပိဋကတ်တို့ကို မြောက်ဦးသို့ရောက်အောင် ဆောင်ယူတော်မူ၍လေကုန်၏။ အရိယာသူတော်ကောင်းတို့သည်လည်း ပစ္စည်းလေးပါးဖြင့် ငြိမ်းချမ်းပြန့်ပွားအောင် လုပ်ကျွေးစေသည်။ ပရိယတ္တိ၊ ပဋိပတ္တိ . . . စသည်ဖြင့် သာသနာ့ဝန်ကို အပူအပင်မရှိ လမ်းဆောင်ကြစေသည်။ သို့ဖြစ်ရာ သာသနာတော် သကဲ့သို့ ထွန်းကားတောက်ပစွာ၏။[၁၀]ဟူ၍ တွေ့ရသည်။

ဇင်းပြင် ဆင်ဖြူသျှင် ဘစောဖြူ (ဆလမသျှပ)လက်ထက် အေဒီ၁၄၅၉-၁၄၈၂ သက္ကရာဇ် ၈၃၇ ခုတိုင် သိဃရ်ကျွန်း(သီဟိုဠ်)မှ ပိဋကတ်သုံးပုံရောက်သည်။[၁၁] ဖော်ပြထားပေသည်။

ဗုဒ္ဓသာသနာရေးအတွက် အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာများကို ခြုံ၍လေ့လာကြည့်ပါက ရခိုင်ဒေသသို့ ဘုရားရှင်လက်ထက်တော်အခါက မဟာမုနိရုပ်ပွားတော်ကြီးနှင့်အတူ စတင်ရောက်ရှိခဲ့သည်မှာ ရခိုင်မင်းအဆက်ဆက်တို့သည် ဗုဒ္ဓသာသနာတော်ကြီး တိုးတက်စည်ပင်အောင် ကြိုးပမ်းခဲ့ကြသည်။ ဗုဒ္ဓကျမ်းဂန်များအား **ဖတ်မရပါ** ကြိုးပမ်းကြသည်။ ခိုင်ခန့်အောင် ပိဋိကတ်တိုက်များ ဆောက်လုပ်လှူဒါန်းကြသည်။ အခါအားလျော်စွာ ဖြစ်ပေါ်လာတတ်သည့် သာသနာညှိုးနွမ်းမည့် အရိပ်အယောင် တပါးလည်း သံဃာတော်ကြီးဂိုဏ်းအုပ်များမှ **ဖတ်မရကြောင်းပေးသည်။** လိုအပ်ပါက သံဃာတော်ကြီးများ ခွင့်ပြုချက်အရ **ဖတ်မရ** စက်ဖြင့် ဝိနည်းတော်နှင့်အညီ သာသနာတော် သန့်ရှင်းရေးကို ဆောင်ရွက်ကြောင်း တွေ့ရသည်။

---

၈။ ယင်း-ပေမူ "ဂ"ဝမ်း

၉။ မင်းရာဇာကြီးစာတမ်းပေမူ "ဂ"ကျော

၁၀။ ရခိုင်မဟာရာဇဝင်တော်ကြီး ဗြိတိသျှသိုက်စာ ၂၆၂ (ဆာအာသာဖေယာ)လက်ရေး

၁၁။ ယင်း-စာ ၂၆၉

## (ခ) သာသနာ့ဒါယကာ မင်းမြတ်အဖြစ် ခံယူခြင်း

မြောက်ဦးခေတ် ဘုရင်များသည် မိမိကိုယ်ကို "ရေမြေအရှင်. . . ဘုန်းတော်ကြီးမားလှသော ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ. . . တို့၏အရှင် ပိုင်စိုးတော်မူသော ဇကရာဇ် စသည့် ဘုန်းတော်ဘွဲ့ထက်. . . . ဘုရားတရားမြဲသော ဗုဒ္ဓဘာသာဝင်အဖြစ် ချီးမြှောက်ခြင်းကို ပို၍ဂုဏ်ယူလေ့ရှိကြသည်။ ထို့ကြောင့် မြောက်ဦးခေတ် ဘုရင်တို့၏ ရာဇသံနှင့် ပြန်တမ်းတို့တွင် ဗုဒ္ဓသာသနာဆိုင်ရာ ဒါယကာမင်းကောင်းမင်းမြတ်အဖြစ် အမြဲဖော်ပြလေ့ရှိကြသည်။ ဗုဒ္ဓဘာသာ လွှမ်းမိုးသော အသုံးအနှုန်းများ တွေ့ရသည်။ အေဒီ ၁၆၃၈ ခုတွင် နန်းတက်သော နရပတိကြီးလက်ထက်တွင် သာသနာပိုင် ဝိနည်းဓိုရ်အဖြစ် သံဃာတော် ၁၂-ပါးရှိရာ၊ ဆရာတော်ကြီးများအား တိုင်းရေးပြည်ရေး၊ သာသနာရေး ကိစ္စကို မကြာခဏ လျှောက်ထားတိုင်ပင်ခဲ့ပေသည်။ ဆရာတော်ကြီးက ဘုရင်၏လျှောက်ထားချက်အား ဖြေရှင်းပေးရာ တွင် "သာသနာဒါယကာဖြစ်တော်မူသော ဒါယကာတော်မင်းမြတ်. . . ဟူ၍ ခေါ်ဝေါ်သုံးစွဲကြောင်း တွေ့ရသည်။[၁]

မင်းရာဇာကြီးလက်ထက် (အေဒီ ၁၅၉၃-၁၆၁၂)တွင် မင်းဆရာတော် ဓမ္မာသာမိက၏ ဩဝါဒတွင်လည်း "သာသနာ့ဒါယကာခံထိုက်သော တရားမင်းမြတ်"ဟု မိန့်ဆိုထားပါသည်။[၂]

ကောဇာသက္ကရာဇ် ၈၁၆ ခု တန်ခူးလဆန်း (၆)ရက် တနင်္လာနေ့တွင် မြောက်ဦးဘုရင် နရနုအလီခင်နှင့် အင်းဝဘုရင် နရပတိကြီးတို့သည် ရခိုင်ရိုးမဘိုးခေါင်တောင်ထိပ်တွင် တွေ့ဆုံ၍ မဟာမိတ်ပြုခဲ့ကြလေသည်။ ဤသို့ မင်းနှစ်ပါးတွေ့ဆုံနိုင်ရေးအတွက် အပြန်အလှန်သံတမန်ခန့်အပ်၍ ရာဇသံများ ပေးပို့ခဲ့ပေသည်။ မြောက်ဦးဘုရင်၏ ရာဇသံတွင်. . .

ဣတိပိသောဘဂဝါ၊ သက္ကတော်၊ သုပ္ပဋိပန္နော၊ စသောဂုဏ်တော် တရားသုံးပါးနှင့်အညီ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ. . . သာသနာတော် မညိုးနွမ်းစေရ၊ မူလသိက္ခာ၊ မင်းသစ္စာတို့ ခံရာသောဘိသိက်တရား၊ ဆယ်ပါးသောမင်းကျင့်။ ဆယ့်နှစ်ဆင့်သော အင်္ဂါ၊ ကြိယာဒသ၊ သတ္တကြက်သရေ၊ လေးထွေသင်္ဂဟ၊ နိစ္စမြဲစွာ၊ အဝိဇ္ဇာနှင့် တဏှာပိတ်ပေါင်း၊ ကင်းကြောင်းလုလ္လကိုသာ၊ ပညာဗလပြုလျှက်၊ မင်းတို့၏ အားငါးပါး၌ စရိမာ။ ဆုတ်ယုတ်တတ်သောလက်ရုံး မာနအားကို ပယ်၍ အနီးအဝေးမရွေး ပကတိတရားခုနှစ်ပါးနှင့် သတ္တဝါတို့ကို စောင့်ထိန်းလျက်၊ အုပ်ကွပ်စီရင်လေ့ရှိသော မြောက်ဦးရွှေမြို့တော်ကြီးအရှင်ကြားရောက်လိုက်သည်။ အင်းဝမြို့ရှင် အကြည်တော်[၄]. . . ဟူ၍ မိမိ၏ဘုန်းသမ္ဘာကို ချီးမွမ်းဖွဲ့ဆိုသည်ထက် ဗုဒ္ဓ၏အဆုံးအမကို ခံယူသောမင်းအဖြစ်သာ ဂုဏ်ယူဖော်ပြထားကြောင်း တွေ့ရပေသည်။

၎င်းအပြင် ရခိုင်ဘုရင်၏ နောက်ပါခြွေရံများသည် ဗုဒ္ဓဘာသာဝင် သူတော်စင်အဖြစ် ဝတ်ဖြူစင်ကြယ်မျာကို ဝတ်ဆင်၍ အခမ်းအနားတက်ကြကြောင်း ရခိုင်သမိုင်း မှတ်တမ်းများတွင် မှတ်တမ်းတင်ထားကြသည်။[၅] ကောဇာ သက္ကရာဇ် ၁၁၃၆ ခု တော်သလင်းလတွင် အင်းဝဘုရင် ဆင်ဖြူရှင်ထံ ပေးပို့သည် မြောက်ဦးဘုရင် စန္ဒသုမနရာဇာ၏ ရာဇသံတွင်လည်း ဗုဒ္ဓဘာသာဆိုင်ရာ အသုံးအနှုန်းများ သုံးထားကြောင်း တွေ့ရသည်။

ရခိုင်ပြည်သို့ ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူကြောင်း သာသနာတော်ကြီး ထွန်းတောက်ရာမြေ၏အရှင် ဖြစ်ကြောင်း[၆]. . . ဖွဲ့ဆိုထားလေသည်။

မင်းဖလောင်းလက်ထက် (အေဒီ ၁၅၇၁-၁၅၉၃)တွင် ကုလားတစ်ဦးက မိဖုရားကြီးအား လာဒ်ထိုး၍ သူကြီး ရာထူးကို ရလိုကြောင်း ပူပေါင်းကြံစည်ရာ မဟာပညာကျော် အမတ်ကြီးက မပေးသင့်ကြောင်း လျှောက်ထုံးတွင်. . .

> "မြတ်စွာဘုရား ယူကိုပြည်သူတို့အား ညွှန်ပြဆုံးမတတ်မှသာ မင်းကောင်းမင်းမြတ်ဟူ၍" မှတ်ယူရန် ကျမ်းကိုးဖြင့် လျှောက်ထားခဲ့ကြောင်း တွေ့ရပါသည်။ မျိုးမတူ အယူခြားအား အာဏာပေးမိပါက တိုင်းပြည်ပျက်တတ်ကြောင်း ရဲရဲဝံ့ဝံ့လျှောက်ထားခဲ့သည်။

---

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း စာ-၂၀၉

၂။ ရခိုင်မင်းရာဇာကြီး စာတမ်းပေမူ ဂ ဝမ်းချပ်

၃။ ရခိုင်ရာဇဝင်သစ်ကျမ်း စာ-၂၄

၄။ ဓညဝတီရာဇဝင်သစ်ကျမ်း စာ-၁၄၁-၁၄၂
ရခိုင်ရာဇဝင်သစ်ကျမ်း စာ-၂၇
ဓညဝတီအရေးတော်ပုံ

၅။ ရခိုင်ရာဇဝင်သစ်ကျမ်း စာ-၂၄

၆။ မဟာမုနိဘုရားကြီးသမိုင်း-စာ-၄၉

ဤသည်ကို ထောက်ရှု၍ မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင် မင်းများအဖို့ ပြည်သူများအား ဗုဒ္ဓ၏အဆုံးအမကို တည့်မတ်စွာ လမ်းညွှန်ပေးရန် ဆိုသည့်အချက်မှာ မလွဲမရှောင်သာသော မင်းကျင့်ဝတ်တစ်ရပ်ဖြစ်ကြောင်း သိသာလှပေသည်။

မြောက်ဦးခေတ်ဘုရင်များသည် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တန့်ထွန်းကားရေးအတွက် မိမိနန်းတက်စကပင် ဦးဦးဖျားဖျား အရေးပေးစဉ်းစားတတ်ကြောင်းကို တွေ့ရသည်။ ဘုရင်မင်းဖလောင်းလက်ထက် ပြန်တမ်းတစ်ခုတွင်. .

"အလိုတော်ပြည့်စပင် အနောက်မစ္ဆိမဒေသတရိုးဝယ် သမ္ဗုဒ္ဓုရှင်တော်ဘုရား၏ သာသနာထွန်းလင်းတောက်ပအောင် သုတ်သင်တော်ပြုမည်ဟု မျှော်တင်းတော်ပြုလတ်သော် ဤအနောက်တရိုးသည်ကား တပါးသောမျိုးတော်ဆွေတော်တို့ကို ခန့်တော်မူသည်ရှိသော် ကြံတိုင်းသောအလိုတော်နှင့် မပြည့်စုံလေရာဟု သာသနာ၏အစီးအပွားကို အကြောင်းပြု၍ သားတော်အလတ်ဖြစ်သော သတိုးမင်းစောကို များစွာသောအလုံးအရင်း ဆင်မြင်းရဲမက်ဗိုလ်ပါနှင့်တကွ အနောက်တရိုးကို ဆောင်နှင်းတော်မူသော အနောက်ဘုရင်အမည်ကို ပေးတော်မူ၏။"[၇]

ဟုဖော်ပြပါရှိသည်။ ဤမှတ်တမ်းအရ နေပြည်တော်မြောက်ဦးရွှေမြို့တော်နှင့် အလှမ်းဝေးသော စစ်တကောင်း၊ ရာမူး၊ ပန်းဝါစသော ဘင်္ဂါ ၁၂မြို့အတွက် ဘုရင့်သားတော်ရင်းကိုပင် သာသနာပြုရေးကို အကြောင်းပြု၍ စေလွှတ်ခဲ့ကြောင်း တွေ့ရသည်။ ၎င်းအပြင် ဘုရင်နှင့် ပြည်သူအပေါင်းတို့သည် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားရေးအတွက် စေတီ၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ်များ လှူဒါန်းကြရာတွင် ဘုရားဝေယျာဝစ္စအတွက် လိုလေသေးမရှိ ဘက်စုံလှူဒါန်းကြကြောင်းလည်း တွေ့ရသည်။

မင်းရာဇာကြီးလက်ထက် အလှူမှတ်တမ်းတစ်ခုတွင် "ကိုးသောင်းသော ဓာတ်တော်မွေတော်၊ စေတီ၊ ဆင်းတုတော်၊ ရုပ်တုတော် အစရှိသော အပေါင်းတို့ကို ဆန့်ကြင်စွာ သိန်ကုံ၊ တံတိုင်း၊ ပိတ္တားလုပ်ပြီးသော် အရိယာပုဂ္ဂိုလ်တို့၏ ကျိန့်အောင်းနေရာဖြစ်သော ကုဋ္ဌိတိုက်နှင့်တကွ ရွှေငွေရတနာတို့ဖြင့် ဆန်းကြယ်စွာ စီရင်အပ်သော ကျောင်းတော်စေတဝန်ကို လုပ်ပြီးသော်၊ များစွာသချီ၊ ဥယျာဉ်၊ လယ်တာ၊ ဝတ်ချ၊ ဆွမ်းတင်၊ ပန်းတင်၊ ဆီမီးဝတ်၊ တံမြက်ဝတ်၊ ခပ်မကြွင်း လှူတော်ပြု၍ များစွာသော သံဃာ၊ ကျောင်းစည်ပရိပိုဒ်နှင့်တကွ၊ ဖန်စီရင်တော်ပြုလျှက်၊ ပရိက္ခရာသျှစ်ပါးနှင့်တကွ၊ ကြီးစွာသောအလှူကို ပေးတော်မူ၏"[၈]ဟု တွေ့ရပေသည်။

ဤမှတ်တမ်းတွင် ဘုရားကျောင်းကန်များအပြင် ဘုရားဝေယျာဝစ္စပြုလုပ်ရန် ဘုရားကျွန်များကို တွေ့ရသည်။ ထိုလူများသည် ပန်းတင်ခြင်း၊ ဆီမီးထွန်းခြင်း၊ တံမြက်စည်းလှဲခြင်း စသောနေ့စဉ်လုပ်ရသည့် နေ့ဝက်များအပြင် ဘုရားအတွက် လှူဒါန်းထားသော ဥယျာဉ်ခြံကို ပြုစုပျိုးထောင်ခြင်း၊ လယ်ယာများကို ထွန်ယက်စိုက်ပျိုးပေးခြင်း စသောအမှုကိစ္စများကိုပါ ပြုလုပ်ကြရသည်။ လယ်ယာဥယျာဉ်တို့မှ ထွက်ရှိသမျှ အကျိုးရလာဒ်ကို လှူထားသောကျောင်း၊ ကန်၊ ဘုရား ဝေယျာဝစ္စအတွက် အသုံးပြုသည်။ ဗုဒ္ဓသာသနာတော်ကြီးအတွက် ရေရှည်အထောက်အပံ့ ရရှိစေလေသည်။

မြောက်ဦးခေတ် ဘုရင်များသည် နိုင်ငံရေးအရ နယ်စပ်ဒေသများသို့ ခရီးထွက်သည့်အခါတိုင်း ဘုရားတရားကို ကိုးကွယ်ဆည်းကပ်ကြသည့်အပြင် ရောက်လေရာအရပ်တွင် အထိမ်းအမှတ်အဖြစ် စေတီများ တည်ထားလေ့ရှိသည်။ အထူးသဖြင့် ဘင်္ဂါ ၁၂-မြို့၊ သက်ပြည်၊ မြုံပြည်(ယခု အိန္ဒိယတြိပူရ၊ မဏိပူရအာသံ)တို့တွင် ရခိုင်ဘုရင်များ တည်ထားခဲ့သော စေတီပုထိုးများကို ယနေ့တိုင် ဖူးတွေ့ရသည်။ စေတီပုထိုးနှင့် ဗုဒ္ဓသာသနိက အဆောက်အဦးများတွင် လှူဒါန်းခဲ့သော ရခိုင်ဒင်္ဂါးများ ဆင်းထုတော်များနှင့် ကျောက်စာမော်ကွန်းစာများကို သမိုင်းအထောက်အထားများအဖြစ် ယနေ့တိုင် ရှာဖွေတွေ့ရဆဲဖြစ်သည်။ စစ်တကောင်းမြို့အနီး စေတီပျက်တစ်ဆူမှ ငွေပေလွှာ (Silver incription) တစ်ချပ် ရှာဖွေတွေ့ရှိခဲ့လေသည်။ ၎င်းငွေပေလွှာတွင် စစ်တကောင်းမြို့ဝန်က အေဒီ ၁၅၄၂ ခုနှစ်တွင် တည်ထားခဲ့သော သာသနိက အဆောက်အဦးဖြစ်ကြောင်းနှင့် ၎င်းမြို့ဝန်အမည်မှာ စန္ဒီလရာဇာဖြစ်ကြောင်း ပါရှိပေသည်။[၉] ဤအချက်သည် စစ်တကောင်းကို အောင်မြင်ခဲ့သော ရခိုင်ဘုရင် "မင်းဘင်"ခေါ် "မင်းဘာကြီး"၏ အကြောင်း

---

၇။ သချီမှာ ဘုရားဝေယျာဝစ္စများပြုလုပ်ရန် အလှူပစ္စည်းများနှင့်အတူ သံယိတအဖြစ် လှူဒါန်းခံရသော သက်ရှိလူများဖြစ်သည်။ အများအားဖြင့် ပြစ်မှုပြစ်ဒဏ်ကျခံရသူကို အသက်ဘေးမှ ဘေးမဲ့ပေးခြင်းပင်ဖြစ်သည်။

၈။ ဆရာငမည် ရာဇဝင်ပေမူ ဋ္ဌ-ကျောဖက်။

၉။ J.A.S.B, 11, p-383

ရခိုင်သမိုင်းများတွင် ဖော်ပြထားချက်များနှင့် ကိုက်ညီနေကြောင်း တွေ့ရသည်။ မင်းဘာကြီးဘုရင်သည် ဘင်္ဂလားကို စစ်အောင်ပြီး မကြာမြင့်မီပင် ပေါ်တူကီနယ်ချဲ့တို့၏ ကျူးကျော်ဝင်ရောက်မှုနှင့် ရင်ဆိုင်ရသည်။ ပေါ်တူကီရေတပ်ကို အောင်မြင်စွာ တိုက်ထုတ်ခဲ့ရာ နိုင်သည့်အထိမ်းအမှတ်အဖြစ် ကောဇာသက္ကရာဇ် ၈၉၇ ခု(အေဒီ ၁၅၃၅)ခုနှစ်တွင် "ရန်အောင်ဇေယျ"ခေါ် ရှစ်သောင်းပုထိုးတော်ကြီးကို တည်ထားကိုးကွယ်ခဲ့လေသည်။[၁၀]

လက်ရှိမြောက်ဦးရွှေမြို့တော်တွင် မြင်မြင်သမျှ နေရာမလပ်အောင် များပြားလှသော စေတီပုထိုးတို့မှာ ဘုရင်များကချည်း တည်ထားခဲ့သည်မဟုတ်ချေ။ မြို့စားရွာစားများသည်လည်းကောင်း၊ သူဌေးသူကြွယ်များသည် လည်းကောင်း၊ တည်ထားခွင့်ရရှိကြသည်။ နောက်ဆုံးအဆင့် ဈေးသည်ဖြစ်သော ငပိရောင်းစားသူပင်လျှင် ဘုရား တည်ခဲ့ရာ "င/ပိသမဘုရား"ဟူ၍ ယခုတိုင် ခေါ်ဝေါ်ခဲ့သော ဘုရားများရှိလေသည်။ သို့သော် ထုထည်ကြီးမား၍ ရခိုင်သမိုင်းတွင် ထင်ရှားသော စေတီပုထိုးတော်ကြီးများမှာ မင်းမိဖုရားများ၏ ကောင်းမှုတော်များသာ ဖြစ်ကြပါသည်။

---

၁၀။ ရခိုင်ရာဇဝင်သစ်ကျမ်း စာ-၄၉

## (ဂ) ဗုဒ္ဓယဉ်ကျေးမှုနှင့် ဘိသိတ်တော်မင်္ဂလာ

"ရဟန်းမှာသိက္ခာ၊ ဘုရင်မှာ ဘိသိတ်"ဟု ဆိုရိုးရှိပေသည်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရသော ဘုရင်မင်းများအဖို့ မိမိအား မင်းအဖြစ်သို့ ချီးမြှောက်သည့်အခမ်းအနားဖြစ်သည့် "ရာဇဘိသေက မင်္ဂလာ"သည် လွန်စွာပင်အရေးကြီးလေသည်။ ကမ္ဘာအစ မဟာသမ္မတမှ အစပြု၍ဆင်းသက်လာသည်ဟု ယုံကြည်ကြသော ရခိုင်မင်းဧကရာဇ်တို့အဘို့ ရှေးထုံးရှေးမူကိုလည်း မဖျက်လိုကြ၊ ဗုဒ္ဓဘာသာဝင်ဖြစ်လာကြသောအခါ မိမိတို့ယုံကြည်ဆည်းကပ်ရာ ဘာသာတရားကို အခြေခံ၍လည်း ပြုလုပ်လိုရကား ရှေးမူဖြစ်သော ဗြဟ္မဏရိုးရာကို ဗုဒ္ဓယဉ်ကျေးမှုအဆုံးအမနှင့် မွမ်းမံ၍ ဘိသေကမင်္ဂလာပွဲ ပြုလုပ်ကြောင်း တွေ့ရပေသည်။ ရခိုင်မင်းများသည် ဗုဒ္ဓဘာသာဝင်ဖြစ်လာကြသော စန္ဒသုရိယမင်းလက်ထက်မှစ၍ ဗုဒ္ဓကိုးကွယ်မှု၊ ယုံကြည်မှုတို့ကို ထည့်သွင်းလာသည်ဟု ယူဆရပေသည်။

ရခိုင်ဘုရင်များ ဘိသိတ်ပွဲတော်အခမ်းအနား ကျင်းပပုံနှင့်ပတ်သက်၍ လောင်းကြက်ခေတ် မင်းထီးဘုရား (အေဒီ ၁၂၈၃)၏ ကျင်းပပုံကို၊ ဓညဝတီအရေးတော်ပုံကျမ်းတွင်လည်းကောင်း၊ မြောက်ဦးခေတ် မင်းဗာကြီးဘုရင်၏ (အေဒီ ၁၅၃၁)ကျင်းပပုံကို ရခိုင်မဟာရာဇဝင်တော်ကြီးတွင်လည်းကောင်း၊ သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၂)။ ကျင်းပပုံကို ထိုစဉ်က ကိုယ်တွေ့ကြုံခဲ့ရ၍ မှတ်တမ်းတင်ထားသော ပေါ်တူကီဘုန်းတော်ကြီး မန်နရစ်၏မှတ်တမ်းတွင်လည်းကောင်း၊ ဖော်ပြထားကြပေသည်။ ရခိုင်မင်းများ၏ ဘိသေက မင်္ဂလာအခမ်းအနားများကို လေ့လာကြည့်ရာ (က) ရှေးရိုးစဉ်လာ ဗြဟ္မဏထုံးစံများ (ခ) ဗုဒ္ဓယဉ်ကျေးမှုအဆုံးအမများ (ဂ) မိမိဒေသဆိုင်ရာ ရိုးရာဓလေ့ထုံးစံများဟူ၍ ယှေဘူယျတွေ့ရသည်။ ၎င်းတို့အနက် ဗုဒ္ဓယဉ်ကျေးမှုအစဉ်အလာများကို ရခိုင်မဟာရာဇဝင်တော်ကြီးတွင် မင်းဗာကြီးဘုရင်၏ ဘိသေကအခမ်းအနားကို ပြည့်စုံစွာ ဖော်ပြထားပါသည်။

ဘိသေကမဏ္ဍာပ်ဆောက်လုပ်ရန် လိုအပ်သောအစီအမံများကို ဓလေ့ထုံးစံနှင့်အညီ ခင်းကျင်းပြုလုပ်ပြီးသော မြေကွက်အား သံဃာတော်ကြီးတစ်ဆယ့်နှစ်ပါး၊ အခြားသံဃာတော်မြတ်တို့က ဘူမိဇာလသုတ် စသောအောင်ခြင်း ရှစ်ပါးအစုံ၊ မင်္ဂလာသုတ်ပရိတ်တော်၊ ရတနာသုတ်ပရိတ်တော်တို့ကို ရွတ်ရလေသည်။ ကမ္မဝါစာကိုလည်း ဖတ်ရသည်။ ၎င်းနောက် နတ်ပူဇော် ပုဏ္ဏားတို့က <u>သရဏာသရိရိန္ဒဘုမ္မိဇလ</u> ဂါထာကို ရွတ်လျှက်၊ ခရုသင်းမှုတ်သည်။ အသင့်ထားရှိသော သစ်ဝါးကြိမ်တို့အားလည်း ပရိတ်တော်ရေ၊ ခရုသင်းရေတို့ဖြင့် ပက်ဖြန်းရလေသည်။

၎င်းနောက် အစီအစဉ်အတိုင်း မဏ္ဍာပ်ဆောက်လုပ်ခြင်း၊ ရေသဘင် ကုန်းသဘင်အခမ်းအနားများကို စဉ်လာမပျက် ဆက်ကျင်းပလေသည်။ ပွဲစဉ်တလျှောက် ပရိတ်ရွတ်ပုဏ္ဏားတို့က ဗုဒ္ဓပရိတ်တရားတော်များအား မပြတ်ရွတ်ဖတ် သရဇ္ဈာယ်ရသည်။ အားလုံးသောအစီအမံများပြီးစီး၍ ဘိသိတ်တော်နေ့တွင် မင်္ဂလာမဏ္ဍာပ်သို့ ဘုရင်နှင့် ဘိသိတ်ခံမိဖုရားတို့သည် ရတနာရွှေထမ်းစင်ဖြင့် ကြွလာသည်။ ထိုအခါ သာသနာပိုင် ဝိနည်းထိုရ်ရပ် သံဃာတော်မြတ်တို့နှင့် ပရောဟိတ်တစ်ဆယ့်နှစ်ပါးတို့က မြတ်စွာဘုရားသခင် ဟောကြားတော်မူအပ်သော ပိဋကတ်တော်တို့ကို ဆောင်ယူလာခဲ့၍ သီဟာသနမဏ္ဍာပ်၌ အသင့်ထားရှိခဲ့ပြီး၊ နန်းတော်သို့ ဝင်၍၊ နန်းတော်၏ထောင့်အသီးသီးတွင် သံဃာတော် (၁၀၈)ပါးတို့က ပရိတ်တော်များကို ရွတ်ဖတ်ရလေသည်။ နန်းတော်ကို နန်းရင်းဝန်ချုပ်ဖြစ်သော ပြည်စိုးကြီးအမတ်က ဆေးကြောရသည်။ သန့်စင်ရသည်။ ဘုရင်မင်းမြတ်လည်း အထက်တွင်ဖော်ပြခဲ့သော မောရသနမဏ္ဍာပ်တော်၌ ရေချိုးတော်မူပြီး၊ ဇောသနမဏ္ဍာပ်တွင် ဦးခေါင်းတော်ဆေးခြင်း မင်္ဂလာပြုရသည်။ ခေါင်းဆေးပြီးသောအခါ <u>ဗုဒ္ဓဋ္ဌ၊ ဓမ္မဋ္ဌ၊ သံဃဋ္ဌ၊ သရဏံဂတော၊ ပါသကတ္တံ ဒေသတိ</u> <u>သကျပုတ္တသာသနာသနောသဒ္ဓါရဏမုံပေဟိတိ</u> ဂါထာတော်ကို ရွတ်ဆိုရသည်။ မင်းကျင့်တရားဆိုင်ရာ သစ္စာစကားများ ဆိုရသည်။ သံဃာတော်များက တိုင်တည်ပေးသည်။ ထိုသို့သစ္စာဆိုရာတွင် <u>**ဣတိပိသောသုက္ခာတော၊ သုပ္ပဋိပနော**</u> စသော ဂုဏ်တော်သာသနာတော် ပွင့်လင်းသာယာအောင်စောင့်ရှောက်ပါမည်ဟု ကတိသစ္စာပြုရလေသည်။ အများအားဖြင့် သာသနာစောင့်မင်း၊ သာသနာပြုမင်းအဖြစ် ခံယူနိုင်အောင် တိုက်တွန်းချက်များ ပါရှိလေသည်။ သာသနာပိုင်၏ရှေ့မှောက်တွင် ဘုရားဆင်းထုတော်ကို ခေါင်းမှာရွက်၍ ကတိသစ္စာကျိန်ဆိုပွဲဖြစ်ရာ ဤဘုရားကို မဟာကျိန်ဘုရားဟု ခေါ်သည်။ ဤအကြောင်းကို ဝေသာလီခေတ် ဗုဒ္ဓအနုပညာစာအုပ်တွင် အပြည့်အစုံ ဖတ်ရှုနိုင်ပါသည်။

ပေါ်တူကီဘုန်းတော်ကြီး မြင်တွေ့ရသော သီရိသုဓမ္မရာဇာ၏ ဘိသေကပွဲတော်မှာလည်း ဗုဒ္ဓယဉ်ကျေးမှုဓလေ့ထုံးစံကို အခြေခံ၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ရာ ဘုရင်ဂျီဘာသာဝင် အနောက်တိုင်းသားတစ်ဦးအဖို့ အမြင်ဆန်းနေလေသည်။

ထိုစဉ်က မြောက်ဦးဘုရင် သီရိသုဓမ္မရာဇာသည် စစ်တကောင်းမှ မုတ္တမအထိ ရှည်လျားသော ကမ်းခြေ တစ်လျှောက်လုံး၏ ဧကရာဇ်ဖြစ်နေလေရာ သူ၏အခမ်းအနားကို လက်အောက်ခံဘုရင် (၁၂)ဦး၏ သစ္စာခံဘိသိတ်ပွဲ နှင့် ပူးတွဲကျင်းပခဲ့သည်။ မန်နရစ်သည် ဥရာဇ်တော်မင်းသားလေး၏ ဘိသေကမင်္ဂလာကို ဤသို့မျက်မြင်ကိုယ်တွေ့ ဖော်ပြထားလေသည်။

ဘုရင်ငယ်သည် သီရိသုဓမ္မရာဇာဘုရင်အား မြင်တွေ့လိုက်သည်နှင့် ရိုသေစွာ ရှိခိုးလိုက်သည်။ ၎င်းနောက် သိက္ခာရ သံဃာတော်များက သူ့အား၊ ရာဇပလ္လင်သို့သွားရာလမ်းအတိုင်း တွဲခေါ်ယူဆောင်လာသည်။ ပလ္လင်ရှေ့ အရောက်တွင် ထပ်မံ၍ ဝပ်သွားရှိခိုးပြန်သည်။ ဘုရင်လည်း ပလ္လင်ထက်မှဆင်းပေးရာ သံဃာတော်တစ်ပါးက အသင့်ယူ ဆောင်လာ ဗုဒ္ဓဆင်းတုတော်ကို ပိုက်ကာ ပလ္လင်ပေါ်တွင် အိန္ဒြေဖြင့် ထိုင်နေလေသည်။ ထို့နောက် လက်အောက်ခံ ဘုရင်ငယ်လောင်းလျာအား ဗုဒ္ဓဆင်းတုတော်နှင့် ခုနှစ်ကြိမ်ဦးတိုက်ပြုလုပ်ပြီးလျှင်၊ ယင်းဆင်းတုတော်အား ဦးထိပ် ရွက်ကာ ဘုရင်ကြီးအား သစ္စာတိုင်တည်၍ မျက်လွှာချကာ နေလေတော့သည်။ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ရုပ်ပွားတော်နှင့်အတူ နောက်ဆုတ်ကာ နားလေသည်။ ၎င်းနောက် သံဃာတော်က ရာဇဘိသေက မင်္ဂလာအထမြောက် အောင်မြင်ကြောင်း ကြေငြာလိုက်လေသည်။ ၎င်းနောက်တွင် ဘုန်းကြီးက ကျိုင်းတော်နှင့် ခေါင်းတွင် သရဖူဆောင်းပေး လိုက်လေသည်။[၁]

ဤအခမ်းအနားမှာ ဘုရင်ငယ်၏ ဘိသေက အခမ်းအနားမျှသာ ဖြစ်သည်။ အခမ်းအနားအား သံဃာတော် များက ဗုဒ္ဓအဆုံးအမ၊ ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ ကျင်းပသွားကြောင်းကို မြင်သာသိသာနိုင်ပေသည်။ ဤသို့ဘုရင်ငယ် (၁၂)ဦးက (၈)ရက်စီ (၉၆)ရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် ဘိသေကမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြောင်း ဆက်လက်ဖော်ပြခဲ့သည်။

ဤသို့သော အစီအစဉ်များအားလုံး ပြီးဆုံးသွားသောအခါ၌ကား ဘုရင်ကြီး၏ ရာဇဘိသေက အခမ်းအနားကို ကျင်းပမည့်အချိန် ရောက်လာလေတော့သည်။ ယင်းအချိန်ကား ၁၆၃၄ ခု နွေဦးပေါက်ရာသီပင် ဖြစ်လေသည်။ မြောက်ဦးရွှေမြို့တော်ကြီးကား အစွမ်းကုန်ပြင်ဆင်မှုများဖြင့် သာယာလှပနေလေသည်။ နံနက်အာရုဏ်ကျင်း၍ အလင်း ရောက်သည်နှင့် ရွှေနန်းတော်ကြီးအတွင်းမှ အမြောက်သံများ ကြားကြရသည်။ ရွှေပိန်းပိန်းချထားသော မြင့်မားထယ်ဝါ လှသည့် ရွှေနန်းတော်ခန်းမဆောင်တစ်ခုလုံး မှူးမတ်၊ သူဌေး၊ သူကြွယ်၊ ပုဏ္ဏား၊ ရဟန်းစသော ဧည့်သည်တော်များ၊ ရွှေတော်မျိုးတော် မင်းညီမင်းသားဖြင့် ပြည့်ညှပ်နေပေပြီ၊ ၎င်းနောက် မကြာမီစည်တော်ယွန်းလိုက်လေသည်နှင့် ကန့်လန့်ကာ ဆွဲတင်လိုက်ပြီးသည့်နောက်တွင် ဘုရင်ငယ်များ ပုဆစ်တုပ်ခစားလျှက် ဘုရင်ကြီးကို ဖူးတွေ့ရတော့သည်။ ဘုရင်ကြီးသည် ယခင်ရက်များနှင့်မတူပဲ အပြာရောင်ကတ္တီပါ ဝတ်ရုံကို ဆင်မြန်းလျက် အာရှတစ်ခွင် ထင်ရှားကျော် ကြားလှသော ပတ္တမြားနားဋ္ဌောင်းကြီးကို ပန်ဆင်ထားလေသည်။ ထို့နောက်ဘုန်းတော်ကြီး တစ်ပါးက စုရုံးရောက်ရှိ လာကြသော မှူးမတ်၊ သူဌေး၊ သူကြွယ်တို့အား တရားချီးမြှင့်လေသည်။ သာသနာပိုင် ဘုန်းတော်ကြီးသည် ဘုရင်ကြီးအား နာရီဝက်ကျော်မျှ ဆုတောင်းထောပနာပြုကာ သာဓုအနုမောဒနာ ခေါ်တော်မူသည်။ ဘုရင်ကြီးသည် ဆရာတော်ကြီး၏ ဆုတောင်းထောပနာပြုခြင်းကို ကြေနပ်ခြင်းများစွာဖြင့် မျက်တောင်မခတ် ကြည်ညိုနေလေကြောင်း မန်နရစ်က ထူးခြားစွာ ဖော်ပြခဲ့သည်။ ဤသည်မှာ သာသနာပိုင်ဆရာတော်ကြီးအား ကြည်ညိုလေးစားလေ့ ရှိရသည့် ဗုဒ္ဓဘာသာဝင် ဘုရင်တစ်ပါးအဖို့ အထူးအဆန်းမဟုတ်သည်ကို အနောက်တိုင်း ဘုန်းကြီးတစ်ပါး မသိခဲ့ပါချေ။

မကြာမီအချိန်တွင်ပင် အစိမ်းရောင် တူညီဝတ်စုံများ ဝတ်ဆင်ထားသည့် မင်းချင်းရှစ်ယောက် ထမ်းရွက်လာ သည့် ဝေါပေါ်တွင် ထိုင်လျှက် ဘုရင်ကြီးသည် ရှစ်သောင်းဘုရားပေါ်သို့ သွားရန် စီစဉ်လေသည်။ ရှစ်သောင်းဘုရား ၏ အဝင်ဝရင်ပြင်တွင် သံဃာတော်အပါး နှစ်ထောင်ခန့်က စောင့်ကြိုနေလေသည်ဟု မန်နရစ်က တိကျစွာ ဖော်ပြထား ပေသည်။ သံဃာတော်များက ဘုရင်အား ခြံရံကာ ရှစ်သောင်းဘုရားပေါ်သို့ ခေါ်ဆောင်သွားကြသည်။ မန်နရစ်အပါအဝင် ကုလားစသော လူမျိုးခြား၊ ဘာသာခြားတို့မှာ လိုက်ပါခွင့်မရကြချေ။ သို့ဖြစ်ရာ ဘိသိတ်ခံပုံ၊ သစ္စာပြုပုံကို ဖော်ပြနိုင်ခြင်းမရှိချေ။ (၂)နာရီတာမျှ ခေါင်းဆိုင်ပြီးမှ ကြေးစည်သံထွက်ပေါ်လာပြီးနောက် ဘုရင်ကြီးကို ရတနာများစီချယ်ထားသည့် သရဖူဆောင်းလျှက် တွေ့မြင်ကြရသည်။ မန်နရစ် ဖော်ပြနိုင်ခြင်း မရှိသော်လည်း

၁။　Maunice Collis; The City of Golden Mrauk U, JBRS.

ဘုရင်ကြီးအား ဗုဒ္ဓယဉ်ကျေးမှုစဉ်လာ ဗုဒ္ဓအဆုံးအမနှင့်အညီ အန္တရာယ်ကင်း ပရိတ်တော်များ၊ ရွတ်ဖတ်သရဇ္ဈယ်ခြင်း၊ ဘုရားရုပ်ပွားတော်ကို ထိပ်ပေါ်တင်ထားကာ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပါမည်အကြောင်း ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းအောင် ကြံဆောင်ပါမည့်အကြောင်း သစ္စာဆိုခဲ့ရမည်သာ ဖြစ်ပါသည်။[၂] ဗုဒ္ဓယဉ်ကျေးမှု လွှမ်းမိုးသော 'မြောက်ဦးရွှေပြည်တော်ကြီးပင် ဖြစ်ပါသတည်း။

---

၂။ Maurice Collis;
The Coronation; The Land of Great Image P. 220-221

## (ဃ) ဗုဒ္ဓယဉ်ကျေးမှု အစဉ်အလာ ဓလေ့ထုံးစံများ

ရခိုင်သမိုင်းများ အဆိုအရ ဘီစီ(၆)ရာစု မြတ်စွာဘုရား၊ သက်တော်ထင်ရှားရှိစဉ်ကပင် ဓညဝတီပြည့်ရှင် စန္ဒသူရိယဘုရင် ပင့်ဖိတ်လျှောက်ထားချက်အရ မြတ်စွာဘုရားရှင်သည် ဓညဝတီ ရခိုင်ပြည်သို့ ကြွရောက်တော်မူခဲ့ရာ ထိုစဉ်ကပင် အစပြု၍ မင်းနှင့်ပြည်သူအပေါင်းသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာခဲ့ကြကြောင်း သမိုင်းတွင် တွေ့ရှိရသည်။

ဗုဒ္ဓဘာသာဝင်များဖြစ်လာသောအခါ ဗုဒ္ဓ၏ဟောပြောဆုံးမသော တရားတော်များကို နာယူရ၍ ယဉ်ကျေးလာသည်။ သိမ်မွေ့လာသည်။ သက်ဦးဆံပိုင် အာဏာရှင်ဘုရင်ဖြစ်လင့်ကစား တရားဓမ္မများဖြင့် ထိန်းကွပ်၍ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်တတ်လာသည်။ ကုန်သည်၊ လယ်လုပ်၊ မူးကြီး၊ မတ်ရာ၊ သူဌေးသူကြွယ်များသည်လည်း ဗုဒ္ဓ၏ ဟောပြောဆုံးမမှုကြောင့် လောဘ ဒေါသ၊ မောဟ နည်းပါး၍ ဆင်ခြင်လိုက်နာလာကြသည်။

ဗုဒ္ဓသာသနာလွှမ်းမိုးသောဒေသဖြစ်၍ အရာရာတွင် ဗုဒ္ဓဘာသာအဆုံးအမကို အခြေခံသော ယဉ်ကျေးမှုများကို တွေ့ရသည်။ ရခိုင်ရာဇဝင်များတွင် ဖော်ပြပါရှိသည့် မင်းနှင့်ဆိုင်သော ဗုဒ္ဓသာသနာယဉ်ကျေးမှုလွှမ်းမိုးသည့် ကျင့်ထုံးအချို့ကို တင်ပြသွားပါမည်။

## "ဘုရင်ကိုးကွယ်သော နန်းစဉ်ဘုရားကြီး"

ရခိုင်ပြည်သို့ ဗုဒ္ဓဘုရားတွင် ကြွရောက်တော်မူလာပြီး၊ မဟာမုနိကို သွန်းလုပ်ပြီးမှစ၍ ရခိုင်ဘုရင်အဆက်ဆက်သည် မဟာမုနိဘုရားကြီးအား "ဘုရင်ကိုးကွယ်သော ဘုရား"အဖြစ် ရိုသေစွာ ကိုးကွယ်ခဲ့လေသည်။ ဘိသိက်မသွန်းခင်နှင့် သွန်းပြီးတွင် မင်းခမ်းမင်းနားဖြင့် ပူဇော်လေ့ရှိသည်။ ဓညဝတီခေတ်တွင် မြို့တော်နန်းဦး၏ အရှေ့မြောက်တွင်ကပ်လျက် တည်ရှိ၍ မည်သို့ ဆောင်ရွက်ခဲ့သည်ကို တိကျစွာ မသိရှိရသော်လည်း၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်၊ ဘုရင်များသည် ဘုရားအနီးတွင် ယာယီစံနန်းဆောက်လုပ်၍ ဥပုသ်ရက်ရှည် စောင့်ရသည်။ (၇)ရက်၊ (၉)ရက်နှင့် (၄၉)ရက် စသည်ဖြင့် စောင့်ကြရသည်။ ဤသို့ ဥပုသ်ရက်ရှည်စောင့်ခြင်းမှာ နန်းတက်ဘိသိက်တော်နှင့် ဆက်စပ်လေ့ရှိသော်လည်း တခါတရံ၊ ဘုရင်မင်းမြတ်၏ ပုရောဟိတ်၏အကြံပေးချက်အရ ကံဇာတော်နှင့်အညီ ပြုလုပ်ရသည်လည်း ရှိသည်။ အေဒီ ၁၆၃၀ ခု၊ ဇူလိုင်လအတွင်း မြောက်ဦးမြို့တော်သို့ ရောက်ရှိခဲ့သော အချိန်တွင် ဘုရင်သီရိသုဓမ္မရာဇာမှာ ဥပုဒ်ရက်ရှည်စောင့် နေသောအခါနှင့် ကြုံကြိုက်၍ အပြည့်အစုံ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၎င်း၏မှတ်တမ်းတွင် ''၁၆၃၀ ခုနှစ် ဇူလိုင်လ (၃၁)ရက်နေ့ညတွင် မြောက်ဦးမြို့ ရွှေနန်းရှင် သီရိသုဓမ္မရာဇာဘုရင်မင်းမြတ်သည် ဥပုဒ်ထွက်တော်မူသည်။ နောက်တစ်နေ့ နံနက်တွင် ဖမ်းထားသော ငှက်အရှင် ကိုးကောင်ကို ဘေးမဲ့လွှတ်ပြီးလျှင်၊ ထင်ရှားကျော်ဇောသော ရုပ်ပွားတော်ကြီးကို မင်းခမ်းမင်းနားဖြင့် တက်ရောက်ဖူးမျှော်လေသည်။ ဘုရားရှိခိုးပြီး ပရိတ်တော်များ ရွတ်ဖတ်သရ ဖျှယ်ကာ ရေစက်ချ အမျှပေးဝေပြီး ကုန်းပေါ်မှ ဆင်းကာ ယာယီတဲနန်းပေါ်တွင် နံနက်စာ သုံးဆောင်လေသည်။"ဟု ဖော်ပြခဲ့ပေသည်။

ဘုရင်များသည် တိုင်းရေးပြည်ရေးကိစ္စများ ရှုပ်ထွေးနေသည့် ကြားတွင်လည်း မဟာမုနိဘုရား မမေ့မလျော့ကြ၊ မိမိ၏ကိုးကွယ်ရာ ဆည်းကပ်ရာအဖြစ် ပူဇော်ပသ ဆုတောင်းကြသည်လည်း ရှိသည်။ "သက္ကရာဇ် ၈၉၄ ခု၊ တန်ဆောင်မုန်းလဆန်း(၂)ရက်နေ့တွင် မြောက်ဦးဘုရင် မင်းဗာကြီးသည် အနောက်ဘင်္ဂါ ၁၂ မြို့ကိစ္စဖြင့် စစ်ချီတက်ရန် အသင့်ဖြစ်လေသည်။ မင်းဗာဘုရင်သည် တပ်များကို ခေတ္တရပ်တန့်စေပြီး အမတ်ကြီး မဟာပညာကျော်နှင့် အတူ မဟာမုနိကုန်းပေါ်သို့ တက်ရောက်ခဲ့သည်။ ဘုရားကြီး၏ခြေတော်ရင်းတွင် ၁ပုဒ်(၇)ရက်ဝင်ပြီး ဤသို့ သစ္စာပြုလေသည်။"

"ယခု ဘုရားတပည့်တော်သည် ရန်သူပြိုပျက်ပိပြားစေရန် လည်းကောင်း၊ စစ်အင်္ဂါလေးပါးနှင့်တကွ ချီတက်တော်မူရာတွင် သတ္တဝါအပေါင်းတို့သည် ကပ်သုံးပါးမှ ကျွတ်လွတ်လျက် ဇချမ်းသာယာစွာဖြင့် အောင်မြင်ခြင်းသို့ ရောက်စိမ့်ခြင်းငှာလည်းကောင်း၊ တည်ကြည်ပါလျှက် စောင့်လျှောက်တော်မူပါဘုရား။"

ဤသို့ မဟာမုနိခြေရင်းတော်တွင် အဓိဋ္ဌာန်သစ္စာပါရမီဖြင့် ဆုတောင်းပြီးသောအခါ မဟာမုနိသိမ်တော်

---

၁။ ရခိုင်မဟာရာဇဝင်တော်ကြီး - ၈၁-၈၁

ပုရပုဏ်အတွင်း၌ ရှိရှိသမျှသော နတ်အပေါင်းတို့ ကုန်သတည်း။[၃] ဟူ၍ သမိုင်းတွင် ဖော်ပြထားသည်။

ဤသို့ စစ်ချီတက်ရာတွင်မက စစ်ပွဲအောင်မြင်ပြီးသော အခါတွင်လည်း မဟာမုနိဘုရားကြီးအား လာရောက်ခယပူဇော်ကြမြဲဖြစ်သည်။ ဘမ်းမိလာသော စစ်သုံ့ပန်းများအားလည်း မသတ်ဖြတ် မညှင်းဆဲပဲ တရားတော်နှင့်အညီ အသက်ဘေးမဲ့ပေးကာ ဘုရားကြီးဝေယျာဝစ္စအတွက် လှူတော်မူလေ့ရှိသည်။ မဟာမုနိဝန်းကျင်တွင် ဘုရားကြီးအား လှူထားသော လယ်မြေများ စိုက်ခင်းများကို ထွန်ယက်စေခြင်း၊ ဘုရားကြီးအတွက် ဆွမ်းတင်၊ အမှိုက်လှဲ၊ စာခြောက်စသည့် အလုပ်များကို လုပ်စေသည်။ အသက်ဘေးမှလွတ်မြောက်သော စစ်သုံ့ပန်းများအဖို့ ဝမ်းမြောက်ကျေနပ်စွာပင် သစ္စာမပျက် ဆွေစဉ်မျိုးဆက် ဘုရားဝတ်ကို ဆောင်ရွက်ကြလေသည်။ အမျိုးဘာသာမတူသော သုံ့ပန်းပင်လျှင် နောက်ဆုံး၌ ဘုရားကြီးအား စောင့်ရှောက်ကုသိုလ်ပြုယင်း ကြည်ညိုသဒ္ဒါပွားလာကာ နောက်ဆုံး၌ ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းလဲခံယူကာ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများအဖြစ် ပြောင်းလဲခံယူခဲ့ကြသည်။

မင်းညီမင်းသား ဘုရင်ဆွေတော်မျိုးတော်များ ဖြစ်ပါက မဟာမုနိဘုရားကြီးရှေ့တွင် သစ္စာရေတိုက်ပြီး၊ နယ်စားပယ်စားအဖြစ် ချီးမြှောက်သည်။ ပမာအားဖြင့် လောင်းကြက်ခေတ် မင်းထီးလက်ထက် မိစ္ဆာဂီရိဘုရင်မင်းသျှင်စောအား **အမ်း၊ ဒလက်**ကို အပိုင်စားပေးခြင်း၊ မြောက်ဦးခေတ် မင်းရာဇာကြီးလက်ထက် ဟံသာဝတီ နန္ဒဘုရင်၏သားတော်အား ဗိုလ်မင်းထောင် စစ်တကောင်းတောင်တန်းနယ်ကို စားစေခြင်းတို့ကို တွေ့ရသည်။ ဘုရင်များသည် ဤသို့သုံ့ပန်းများကိုသာမက မိမိအနီးတွင် အမြဲခစားကြရသော လုံခြုံရေးကို ထိခိုက်နိုင်သည့် ပြည်စိုးကြီး၊ ဒါးပိုင်ကြီး၊ လက်ဝဲမြန်၊ လက်ယာမြန်၊ စသည့်အမတ်ကြီးများကိုလည်း မဟာမုနိဘုရားရှေ့မှောက်တွင် သစ္စာရေတိုက်ခြင်းကို ဘိသိတ်သွန်းပြီးနောက် ဆက်တွဲဓလေ့ ထုံးစံအဖြစ် ပြုလုပ်မြဲဖြစ်သည်။ ဘုရင်ကိုယ်တိုင်လည်း တိုင်းသူပြည်သားများအား မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပါမည့်အကြောင်း ဘုရားကြီးရှေ့မှောက်တွင် သစ္စာဆိုတိုင်တည်ရလေသည်။

၎င်းအပြင် ဘုရားကြီးအား ပူဇော်ကန်တော့အပြီးတွင် မိမိ၏ဘိသိက်မင်္ဂလာ အထိမ်းအမှတ်သွန်းဒင်္ဂါး(၁၀၀)ကို ဘုရားကြီးရှေ့ခြေရင်းရှိ ဝသုန္ဒရေတွင်းသို့ ချကာ ရေစက်ချရသည်။ ဤကား ရခိုင်ဘုရင်အဆက်ဆက် လိုက်နာကျင့်သုံးခဲ့သည့် ထုံးတမ်းစဉ်လာများပင် ဖြစ်သည်။[၂]

ရခိုင်ဘုရင်အဆက်ဆက်တို့တွင် မဟာမုနိဘုရားကြီးနှင့် ပတ်သက်၍ ယုံကြည်သောဘာသာရေး အယူအဆတစ်ရပ်လည်း ရှိသေးသည်။ ဗုဒ္ဓဘုရားရှင်သည် သတ္တဝါများအား သနားတော်မူသည်ဆိုသည့်အချက်ကို အခြေခံ၍ တိုင်းပြည်ပျက်အံ့၊ ဘေးဆိုး၊ ကပ်ဆိုး၊ ကြရောက်အံ့၊ အတိတ်နိမိတ်ကို တန်ခိုးတော်ဖြင့်ပြသည်၊ အစောင့်အရှောက်များက နှိုးဆော်လေ့ရှိသည်ဟူသော အယူအဆပင်ဖြစ်သည်။ ထို့ကြောင့် ဤအတိတ်နိမိတ်များကို အမြဲမပြတ် ကြည့်ရှုစောင့်ရှောက်ရန် အခြားဗုဒ္ဓသာသနာဆိုင်ရာ ဝေယျာဝစ္စများကို ဆောင်ရွက်နိုင်ရန် တိုင်းပြည်အဝန်း ကိုယ်စားပြုဘုန်းတော်ကြီးတစ်ပါးပါးကို ဘုရားကြီးအနီး ကျောင်းဆောက်လုပ်လှူဒါန်း၍ ပစ္စည်းလေးပါး ခံယူကြမြဲဖြစ်သည်။ ဘုန်းတော်ကြီးမှာ ရှေ့မှီနောက်မှီ၊ စာပေကျမ်းဂန် ရာဇဝင်သမိုင်း၊ လောကီ၊ လောကုတ္တရာ၊ နှံ့စပ်သော သိက္ခာသမာဓိနှင့် ပြည့်စုံသော တိုင်းပြည်ကိုယ်စားပြု ရဟန်းထေရ်ကြီးပင်ဖြစ်သည်။ ဤတိုင်းပြည်၏ ကံကြမ္မာကို ဗြိုဟ်နက္ခတ်၊ အသွားအလာအတိတ်၊ တဘောင်၊ စနည်းတို့ဖြင့် အမြဲမပြတ် လေ့လာမြဲဖြစ်သတည်း။[၃]

**မှတ်ချက်။ အကျယ်ကို မဟာမုနိသမိုင်းတွင် ဖတ်ရှုနိုင်ပါသည်။**

---

၂။ ဆရာ၎/မည် ရာဇဝင်ပေမူ (ဒါ) ဝမ်းဖက်

၃။ မဟာမုနိဘုရားသမိုင်း - စာ-၅၀-၅၁
ရခိုင်ရာဇဝင်သစ်ကျမ်း-စာ-၃၀၁-၃၀၂

## (င) သာသနာ့ဘဏ္ဍာတော်

ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည်တည်တံ့ရေး၊ သာသနာတော်ကြီး စည်ပင်ပြန့်ပွားရေး၊ သန့်ရှင်းဘာသာရေးတို့အတွက် သာသနဝန်ကို ထမ်းရွက်ကြရသော သံဃာတော်များ၊ ဗုဒ္ဓ၏အဆုံးအမကို နာယူလက်ခံပြီး သံသရာမှ လွတ်မြောက်ရန် ကျင့်ကြံအားထုတ်နေကြသော အရညဝါသီတောရဟန်းများ၊ ပစ္စည်းလေးပါးအတွက် မကြောင့်မကျဘဲနှင့် အခြားသာသနာရေးကိစ္စများတွင် လိုအပ်သလို သုံးစွဲရန်ဟူသော မြင့်မြတ်သော စေတနာအတွက် ရှေးခေတ်ရခိုင်ဘုရင်များသည် ဥပဒေပြု၍ အမိန့်ပြန်တမ်းထုတ်ကာ သာသနဘဏ္ဍာတော်ဟူ၍ သတ်မှတ်ဖွဲ့စည်းထားခဲ့လေသည်။ မည်သည့်အချိန်ကပင် ဤစည်းမျဉ်းဥပဒေကို သတ်မှတ်လိုက်နာခဲ့ကြသည်ကို မသိရှိရသော်လည်း သာသနာတော်ရောက်ရှိ၍ သံဃာဝေယျာဝစ္စာမှာ လိုအပ်လာသည်ဖြစ်ရာ ထိုခေတ်ထိုအခါမှစ၍ မရှေးမနှောင်း မလွဲမသွေ ပေါ်ပေါက်လာခဲ့မည်သာ ဖြစ်ပေသည်။ အလှူဒါနဆိုသည်မှာ တစ်ဦးချင်း တစ်ယောက်ချင်းနှင့် စိတ်စေတနာ သဒ္ဒါတရားပေါ်မှာ မူတည်သော်လည်း ဘုရင်မင်းကိုယ်တိုင် အာဏာစက်ဖြင့် သတ်မှတ်ခဲ့ခြင်းမှာ ဘုရင်များ၏ စေတနာအရင်းခံသော အမြော်အမြင်ကြီးမှုကြောင့်ဖြစ်သည်။

ဗုဒ္ဓသာသနာတွင် သူဌေးသူကြွယ်၊ ကုန်သည်လယ်လုပ် ပြည်သူများ အနေနှင့်၊ သာသနာတော်အကျိုးကို မိမိကိုယ်တိုင် ဝါယမစိုက်ထုတ်ရန် မလိုဘဲ အလိုအလျောက် အလှူရှင်ဒါယကာ ဖြစ်နေလေသည်။ ဆင်းရဲချမ်းသာမရွေး အလှူရှင် အလှူဒါယကာဖြစ်ရမည်ဟူသော မင်းကွန်းဆရာတော်ကြီး ဝိစိတ္တသာရဘိဝံသ၏အဆုံးအမအတိုင်းပင်ဖြစ်သည်။

ရှေးမင်းများလက်ထက်တွင် (၁) မင်းဘဏ္ဍာတော်၊ (၂) ပြည်သူ့ဘဏ္ဍာတော် (၃) သာသနာဘဏ္ဍာတော်ဟူ၍ သုံးမျိုးရှိသည်။ ဘဏ္ဍာတော်တစ်ရပ်မှ ငွေကို နောက်တစ်မျိုးသို့ လွှဲပြောင်းသုံးစွဲခွင့်မရှိ။ ဘုရင်ကိုယ်တိုင် ဤစည်းကမ်းကို တိကျစွာလိုက်နာရသည်။ အေဒီ ၅၇၆-၅၇၈နှစ်အတွင်းက ရေးထိုးမည်ဟု ခန့်မှန်းရသော ရခိုင်ဝေသာလီပြည့်ရှင်ဝီရစန္ဒြမင်းကျောက်စာ၌ "သူတပါးအကျိုးကို သယ်ပိုးဆောင်ရွက်ရန် ရည်သန်လျက်ရှိသော သီရိဝီရစန္ဒြမင်းကြီးသည် မိမိပိုင်ကြေးငွေတို့ကို အကုန်အကျခံ၍ သစ္စာတရားကို ယုံကြည်သက်ဝင်သည့်အလျောက် ကမ္ဘာ၏အဆင်တန်ဆာဖြစ်တော်မူသော စေတီအဆူတစ်ရာကို တည်ဆောက်သည်။[၁]"ဟု ပါရှိလေသည်။ ဤကျောက်စာတွင် မိမိပိုင်ကြေးငွေဆိုသည်မှာ မင်းဘဏ္ဍာကို ဆိုလိုဟန်တူပါသည်။ ၎င်းအပြင် ထိုခေတ်အခါကပင် ဘဏ္ဍာသုံးရပ်စနစ် ရှိခဲ့နိုင်သည်ဟု ခန့်မှန်းရသည်။

ရှေးက ရခိုင်ဘုရင်ကျင့်သုံးခဲ့သော ဘဏ္ဍာသုံးရပ်ဆိုသည်မှာ ရွှေမျဉ်းဓမ္မသတ်နှင့်ညီ ရေးဆွဲပြဌာန်းထားကြောင်း ရခိုင်မဟာရာဇဝင်တော်ကြီးတွင် ဖော်ပြပါရှိလေသည်။

ဘုရင်မင်းမြတ် ပိုင်ဆိုင်သော ဘဏ္ဍာတော်သည်ကား ရေခွန်၊ မြေခွန်တို့၌ ဆယ်ခိုင်တစ်ခိုင်နှုန်းအားဖြင့် နိုင်ငံတော်သားတို့နှင့် တိုင်းတပါးကုန်သွယ်များတို့က ပို့ဆောင်ဆက်သွင်းရသော ပစ္စည်းများဖြစ်သည်။ ပြည်သူတို့၌ အကျိုးစီးပွားဆောင်ရွက်ရန်အတွက် ပြည်သူ့ဘဏ္ဍာကို သူဌေး၊ သူကြွယ်၊ ကုန်သည်လယ်လုပ်တို့၌ မိမိတို့နှစ်စဉ်မပြတ် လုပ်ကိုင်လျက်ရရှိသော ပစ္စည်းရပ်တို့တွင် အသပြာငွေ (၁၀၀)လျှင် ငါးသပြာကျနှုန်းဖြင့် ပြည်သူ့ဘဏ္ဍာတိုက်သို့ ပေးသွင်းဖွဲ့စည်းထားလေသည်။ ထို့ပြင် တိုင်းတပါးသားတို့၌ ကုန်သွယ်ရာမှာ ဗာထူလွှတ်တော်က သတ်မှတ်ငွေကိုလည်း ရရှိသည်။

နိုင်ငံတော် သာသနာရေးရာများတွင် ထောက်ပံ့နိုင်ရန် မြင့်မြတ်သော စေတနာဖြင့် သာသနာ့ဘဏ္ဍာငွေကို စုစည်းဖွဲ့စည်းထားလေသည်။

ဘုရင်မင်းမြတ်က ပြည်သူတို့၏နှစ်စဉ်မပြတ် ဆက်သွင်းရသော ငွေခွန်တော်အနက် သပြာ(၁၀၀)လျှင် (၅)သပြာနှုန်းအားဖြင့် နှစ်စဉ်မပြတ် လှူဒါန်းလျက် သာသနာဘဏ်တိုက်သို့ ပေးသွင်းတော်မူသည်။ နိုင်ငံသား၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်တို့ထံမှလည်း ဗားဘူစာရစာရေးမှတဆင့် ထိုနှုန်းအတိုင်း ကောက်ခံထည့်ဝင်လေသည်။

---

၁။ ဒေါက်တာသန်းထွန်း-ခေတ်ဟောင်းမြန်မာရာဇဝင် စာ-၆၇

ၚင်းပြင်  သူဌေးသူကြွယ် လယ်လုပ်တို့စားသောက်လျက်ရှိကုန်သော လယ်မြေတို့အနက် မိမိသဒ္ဓါရှိသည့်အတိုင်း လယ်မြေတို့ကို နယ်နမိတ်သတ်မှတ်ပြီး မြေချိန်ပိုင်းခြားလျက် လှူဒါန်းပူဇော်မူကြသည်။ ဤအလှူတော်မြေများကို ရေမြေကို ပိုင်သော ဘုရင်မင်းကလည်း အမိန့်ပြန်တမ်းထုတ်ပြန်၍ သာသနာမြေအဖြစ် ခုနှစ်သက္ကရာဇ်နှင့်တကွ နောင်မရွေ့မပြောင်းနိုင်အောင် ပြုလုပ်သည်။ ထိုမှတပါး နောက်မင်းအဆက်ဆက် သိစိမ့်သောငှာ မင်းနှင့်တကွ အလှူဒါယကာ၊ ဖော်ထုတ်၍ ကျောက်စာမော်ကွန်း ထိုးတော်မူသည်။ ထိုမြေမှ ရသမျှသော အကျိုး စီးပွားကို သာသနာဘဏ္ဍာတိုက်သို့ ပေးသွင်းရသည်။

ဤသို့ သာသနာမြေအဖြစ် ပေးလှူခြင်းမှာ သာသနာဆိုင်ရာအကျိုးအတွက် ပေးလှူခြင်းဖြစ်၍ သံသိက"ဒါန အဖြစ်လှူဒါန်းခြင်းမျိုးဖြစ်သည်။ သာသနာတော်အတွက် မည်သည့်နေရာ၊ မည်သည့်ပစ္စည်း၊ မည်သည့်အကြောင်းမဆို သုံးစွဲနိုင်ခြင်းဖြစ်သည်။ ဤနည်းမဟုတ်ပဲ စေတီလှူသောပုဂ္ဂိုလ်၊ ကျောင်းသင်္ခန်းလှူသော ပုဂ္ဂိုလ်က ထိုကျောင်းဝေယျာ ဝစ္စအတွက် ထိုအလှူ၏အနီးအနားတွင် ပေးလှူသောလယ်မြေများလည်းရှိကြောင်း ကျောင်းစာများလည်း တွေ့ရှိရပေ သည်။

အစောဆုံးတွေ့ရှိရသော အထောက်အထားတစ်ခုမှာ ဝေသာလီမြို့တော်နေရာမှ တွေ့ရှိရသော အေဒီ ၆-ရာစုခန့်က ရေးထိုးခဲ့သည့် မြေလှူအမိန့်ပြန်တမ်း ကြေးပြားစာပင်ဖြစ်သည်။ စာကြောင်းရေ ၁၀ တွင် "ဓဂ္ဂဂ်တ္တ" မည်သောရွာကို ကျောင်းသင်္ခန်းဝေယျာဝစ္စအတွက် ပေးလှူကြောင်း မြေနယ်နမိတ်နှင့်တကွ ပါရှိလေသည်။ လေးမြို့ ခေတ် မြောက်ဦးခေတ်တို့တွင်လည်း နေရာအနှံ့တွေ့ရှိရသည်။

မဟာထီးကျောက်စာမှာ မြေလှူဒါန်းသော အမိန့်ပြန်တမ်းပင်ဖြစ်ရာ ရခိုင်ယဉ်ကျေးမှု အစဉ်အလာတစ်ရပ် အဖြစ် ခိုင်မြဲလျက်ရှိကြောင်း တွေ့ရသည်။ စိတ်ဝင်စားဖွယ်ကောင်းသော မြေလှူဒါန်းခြင်းနှင့်ပတ်သက်၍ ဆက်နွယ်နေ သော လူမှုရေးကိစ္စတရပ်မှာ "သချီ"ဟုခေါ်သော လူတန်းစားတစ်ရပ်၊ လူမျိုးတစ်မျိုး၊ ပေါ်ထွန်းလာခြင်းပင် ဖြစ်သည်။ သချီတို့မှာ ဘုရားတွင် မြေနှင့်အတူ တစ်ပါတည်း အလှူခံရသော လူပုဂ္ဂိုလ်များဖြစ်ကြသည်။

အလှူရှင်က မိမိလှူဒါန်းသော စေတီ၊ ကျောင်း၊ ဇရပ်၊ သာသနိကလယ်မြေ တို့အတွက်လိုအပ်သော ကိစ္စ အဝဝကို ဆောင်ရွက်နိုင်ရန် လူများကိုလည်း ပူးတွဲလှူဒါန်းလေ့ရှိသည်။ ဤသို့ လှူဒါန်းခြင်းကို "သချီတည်သည်" ဟူ၍ ကျောက်စာများတွင် တွေ့ရသည်။[၂] သံယိတဒါန လှူဒါန်းရာမှ"သယိ"မှတစ်ဆင့် ကူးပြောင်းလာခြင်း ဖြစ်သည်ဟု အချို့က ယူဆကြသည်။ ဂဏန်းချပ်တောင်ဘုရားကျောက်စာ သက္ကရာဇ် ၉၁၃-အကြောင်းရေ (၁၀)တွင် "သယ်ချီ" ဟု ဖော်ပြထားရာ နီးစပ်မှုရှိကြောင်း တွေ့ရသည်။ ယခုတိုင် ရခိုင်ပြည်နယ်မြောက်ပိုင်း"သချီ"ခေါ် ရခိုင်တိုင်းရင်းသား ဝင်မျိုးနွယ်များ မထင်မရှား တွေ့နိုင်ပါသေးသည်။

**အကိုးအကား**

(၁) ထွန်းရွှေခိုင်-ဝေသာလီ၏ ဗုဒ္ဓအနုပညာစာ ၅၃-၅၇

(၂) Dr. Parchemer, Arakan

(၃) ရခိုင်မဟာရာဇဝင်တော်ကြီး

---

၂။ အရိယံသကျောက်စာ (သက္ကရာဇ် ၉၁၇) စာ-၄-
ဇန္ဒတ်လက်ယာပုံချီ (သက္ကရာဇ် ၉၈၄) စာ-၂-

## (ခ) အခြားသော ဘာသာများအား အကူအညီပေးခြင်း

မြောက်ဦးခေတ်ဘုရင်များသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ဘာသာသာသနာတော်အတွက် အထူးကြိုးပမ်းကြကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်အဖြစ် မိမိယုံကြည်ရာ အားပေးခဲ့ကြသော်လည်း အခြားသောဘာသာများအားလည်း အမြော်အမြင်ကြီးမားစွာဖြင့် အားပေးကူညီထောက်ပံ့ခဲ့ကြောင်း တွေ့ရပေသည်။ နှိပ်ကွပ်ခြင်း လုံးဝမရှိချေ။ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုသည်သာမက အားပေးကူညီခဲ့သည်ကိုပင် တွေ့ရသည်။

အေဒီ ၁၄၂၉ ခုနှစ်တွင် မင်းစောမွန်ဘုရင်အား လာရောက်ကူညီခဲ့ကြသော မဟာမေဒင် ဘာသာဝင်များအတွက် ဗလီဝတ်ကျောင်းတော်တစ်ခု ဆောက်လုပ်ပေးခဲ့သည်။ ဆန်တီကန် Santikan Mosque ဟုခေါ်၍ မြောက်ဦးရွှေမြို့တော်၏ အရှေ့တောင်ဘက်၊ လောင်းကြက်သွား ကားလမ်းဘေးတွင် တည်ရှိသည်။ အစောဆုံးသော ဗလီတစ်ခုဖြစ်ဘွယ်ရှိပေသည်။ ဤဗလီ၏ပေါင်းထုတ်ချောင်း လောင်းကြက်တစ်ဝိုက်တွင် မဟာမေဒင်တို့၏ ရပ်ကွက်အဖြစ်သတ်မှတ်ပေးထားပြီး ရှေးဟောင်းဗလီများနှင့် မဟာမေဒင်အဆက်အနွယ်များကို ယနေ့တိုင် တွေ့ရသေးသည်။

အေဒီ ၁၆၃၁-ခုနှစ်တွင် ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်၏ လျှောက်ထားပန်ကြားချက်အရ သီရိသုဓမ္မရာဇာ ဘုရင်မင်းမြတ်သည် ဘုရင့်ဘဏ္ဍာမှပင် ကုန်ကျခံ၍ ခရစ်ယာန်ဘုရားရှစ်ခိုးကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးခဲ့ပေသည်။ မန်နရစ်ဘုန်းကြီး မတိုင်မီကပင် ခရစ်ယာန်ဘာသာဝင် ဂျပန်လူမျိုးများအတွက် ခရစ်ယာန်ဘာသာဆိုင်ရာ အကူအညီများ ပေးခဲ့သည်။ သို့သော် ခရစ်ယာန်ဘုန်းကြီး မရှိ၍ သာသနာရေးလုပ်ငန်းများ ကောင်းစွာမဆောင်ရွက်နိုင်ခဲ့ဟု ဆိုပေသည်။ ဘုရင်မင်းမြတ်သည် အစောဆုံးရောက်ရှိသော ခရစ်ယာန်ဂျပန်လူမျိုးများနှင့် နောက်ပိုင်းရောက်ရှိလာသော ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်တို့အား ဆက်သွယ်ပေါင်းကူးပေးခဲ့ပြီး ခရစ်ယာန်သာသနာတော်အတွက် လိုအပ်သောအကူအညီများ ကူညီသည်ထိ သဘောထားကြီးခဲ့ကြောင်း သိရပေသည်။

# ၇၃
# နိုင်ငံရေး

## ခေတ်ပြိုင်အခြေအနေ

မင်းစောမွန်သည် ဘင်္ဂလားမဟာရာဇာနဇာဥဒင်ရှာထံတွင် အခိုက်အတန့် စစ်ဘေးစစ်ဒဏ် ခိုလှုံခဲ့သည်ကို အကြောင်းပြု၍ ဘင်္ဂလား၏ဩဇာခံ သဘောမျိုးဖြစ်ခဲ့ရသည်။ မင်းစောမွန်ကို နောက်ဆက်ခံသော မင်းအချို့မှာ မူဆလင်အဘွဲ့အမည်များ ခံယူထားသည်။ အမှန်မှာ ရခိုင်ဘုရင်များသည် ဗုဒ္ဓဘာသာဘုရင်များဖြစ်၍ မိမိပိုင်နက်အတွင်း အထူးသဖြင့် အစ္စလာမ်ဘာသာဝင်များကို အထူးသဖြင့် စည်းရုံးထားနိုင်စေရန် မဂိုစစ်သည်နှင့် တန်းတူရည်တူ ဘွဲ့မည်ခံယူနိုင်ကြောင်းကို ပြသရန်ဖြစ်ပေသည်။[၁] မဂိုဘုရင်များ လက်အောက်ခံသဘောမျိုး မနေထိုင်ခဲ့ကြချေ။ မင်းစောမွန်လွန်ပြီး ချက်ချင်းပင် နန်းဆက်ခံသော မင်းခရီ( ၁၄၃၄-၁၄၅၉)က ပန်းဝါကို သိမ်းယူသည်။ ထို့နောက် ဘစောဖြူ (အေဒီ၁၄၅၉-၁၄၈၂)သည်လည်း စစ်တကောင်းကို အေဒီ ၁၄၅၉ခုနှစ်တွင် သိမ်းသွင်းပြန်သည်။ စစ်တကောင်း (Dianga)ဒင်္ဂါ စသည်တို့သည် မန်နရစ် မြောက်ဦးရောက်သောအချိန်တွင် ရခိုင်ဘုရင်၏ လက်အောက်ခံဖြစ်ကြောင်း ဖော်ပြခဲ့ပေသည်။ စစ်တကောင်းနယ်သည် အေဒီ-၁၆၆၆ထိ ရခိုင်တို့၏လက်အောက်ခံ ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ မင်းစောမွန်လွန်သည်နှင့် တပြိုင်နက် ရခိုင်ဘင်္ဂလားဆက်ဆံရေးမှာ လုံးဝပြောင်းလဲသွားသည်ဟု ဆိုနိုင်ပေသည်။

ရခိုင်ပြည်၏ အရှေ့ဘက်တွင် ရိုးမတောင်တန်းကြီး ခြားနေပေရာ ကာလအပိုင်းအခြားလိုက် အရှေ့ဘက် ပဒေသရာဇ်နိုင်ငံများနှင့် ကင်းလွတ်ခဲ့သည်က များလေသည်။ မြောက်ဦး၏နိဒါန်းပိုင်း လောင်းကြက်ခေတ်နှောင်းပိုင်းတွင်ကား အင်းဝနှင့် ဟံသာဝတီ ပဒေသရာဇ်တို့ အားပြိုင်မှုတွင် နှစ်၄၀ မျှ ပါဝင်ပတ်သက်နေခဲ့ပေသည်။ မင်းစောမွန်နောက်ဆက်ခံသော မင်းခရီ ခေါ် နရနု အလီခင်လက်ထက်တွင်ကား အနောက်ဘက်မှ ဆူလတန်ဘုရင်၏အန္တရာယ်ကြောင့် အင်းဝဘုရင်နရပတိနှင့် ရခိုင်ရိုးမ ဖိုးခေါင်တောင်ထိပ်တွင် တွေ့ဆုံပြီး မဟာမိတ်ပြုခဲ့သည်။[၂] ရေမြေနိုင်ငံအပိုင်းအခြားကိုလည်း "ဖိုးခေါင်တောင်ရိုးအရှေ့ကလည်း ရေကျကို ရတနာပူရအင်းဝနိုင်ငံဖြစ်စေ၊ ဖိုးခေါင်တောင်ရိုးအနောက်ကလည်း ရေကျကို ဓညဝတီ ရခိုင်ပြည်နိုင်ငံဖြစ်စေဟု ပိုင်းခြားသတ်မှတ်၍ မင်းနှစ်ပါးတို့လည်း ဖီးဖြူမှုစ၍ အဆောင်အယောင်မင်းခမ်းမင်းနားတို့ပါ တပါးကိုတပါး လဲလှယ်တော်မူပြီး သက္ကရာဇ် ၈၁၆ ခု၊ တန်ခူးလဆန်း ၆ရက် တနင်္လာနေ့တွင် တပ်စဉ်အတိုင်း ဆုတ်၍ နေပြည်တော်သို့ ပြန်ကြသည်။[၃] ဤသို့ ပြည်ပအန္တရာယ်ရှိချိန်တွင် သွေးရင်းသားရင်း ပဒေသရာဇ် အချင်းချင်းလည်း မဟာမိတ်ပြု၍ သွေးစည်းခဲ့ကြသည်။

အေဒီ(၁၄၄၃)ခုနှစ်တွင် ရေးထိုးသည့် စကိုင်းထူပါရုံကျောက်စာတွင် အဝဘုရင်နရပတိ၏ ဘိသိက်အခမ်းအနားသို့ သက်၊ မြို၊ ချင်း၊ လူမျိုးတို့ကို အစိုးရသော ရခိုင်မင်းလည်း တက်ရောက်ပါရှိလေသည်။[၅]

မင်းခရီ (နရနု) နောက်ပိုင်းတွင်ကား အရှေ့ဘက် ပဒေသရာဇ်များနှင့် ဆက်ဆံရေးမှာ ပြောပလောက်သည့် အဖြစ်အပျက်မရှိချေ။ ရာစုနှစ်တစ်ခုနီးပါးကြာထိ တည်ငြိမ်ခဲ့သည်။ ၎င်းနောက်တွင်ကား အင်းဝပဒေသရာဇ်များနှင့် ဟံသာဝတီပဒေသရာဇ်များသည် တဖြည်းဖြည်းအင်အားလျော့ပါးစ ပြုလာသည်နှင့်အမျှ ရခိုင်ပြည်မြောက်ဦးနှင့် တောင်ငူပဒေသရာဇ်မင်းများသည်လည်း တစ်စတစ်စ အင်အားကောင်းလာခဲ့သည်။ အထူးသဖြင့် တောင်ငူဘုရင် တပင်ရွှေထီး (၁၅၃၀-၁၅၅၀)နှင့်မြောက်ဦးဘုရင် မင်းဘင်ခေါ် မင်းဘာကြီး (၁၅၃၁-၁၅၅၃)တိုကား ခေတ်ပြိုင်အင်အား အတောင့်တင်းဆုံးသော ဘုရင်များဖြစ်လာကြသည်။ ထိုအချိန်တွင် တပင်ရွှေထီးအဖို့ မြန်မာနိုင်ငံတဝန်းလုံး

---

၁။ လမ်းစဉ်ပါတီအခြေပြ မြန်မာနိုင်ငံရေးသမိုင်း စာ-၃၈၇

၂။ U San Shwe Bu and Maurice Collis. Arakan palace in the civillitgation of the bay. J.B.R. p. 494

၃။ ရမ်းပြဲတောင်ကျောင်း ဆရာတော် ရခိုင်ရာဇဝင်သစ်၊ စာ-၂၄

၄။ ရခိုင်ရာဇဝင်သစ်၊ စာ-၂၅

၅။ စစ်ကိုင်း ထူပါရုံကျောက်စာ (က)ကြောင်းရေ-၄

အား တိုက်ခိုက်သိမ်းသွင်းပြီးဖြစ်ရာ မိမိသြဇာအာဏာကို မခံပဲ ပြိုင်ဘက်ဟူ၍ ရခိုင်ပြည်မြောက်ဦးတွင် စိုးစံနေသော မင်းဗင်ခေါ် မင်းဘာကြီးတစ်ဦးတည်းသာ ရှိတော့သည်။ သို့နှင့် တပင်ရွှေထီးသည် မြောက်ဦးမြို့တော်ကို ချီတက်တိုက်ခိုက်တော့သည်။ ရခိုင်ရာဇဝင်အဆိုအရ မြောက်ဦးသိမ်းပိုက်ရေးအတွက် (၃)ကြိမ်တိုင် ကြိုးစားသည်ဟုဆိုသည်[၆]။

မြန်မာရာဇဝင်၌မူ ကြည်းအားရေအား တက်စေသည်။ မရချေ။ ရခိုင်မြို့သည် တောင်ထိပ်မှာလည်း ဖြစ်သည်။ မြို့လည်း ခိုင်ခံ့သည်။ ကျုံးမြောင်းလည်း ကျယ်သည်။ လက်နက်ကိရိယာလည်း ထူထပ်လှသည်။ ယင်းသို့ဖြစ်သောကြောင့် ကြိမ်ဖန်များစွာ လုပ်ကြံသော်လည်း မြို့ကို မရချေ။[၇]ဟု တွေ့ရသည်။ နောက်ဆုံး၌ စစ်သူကြီး ဘုရင့်နောင်ကိုယ်တိုင် လာရောက်၍ စစ်ပြေငြိမ်းရေး သဘောတူကြသည်။ မင်းနှစ်ပါး အပြန်အလှန် လက်ဆောင်များ ပေးကြသည်။ တပင်ရွှေထီး က မင်းဗာကြီးအား စောရန်နိုင်ဟူသော ဆင်နှင့်မြင်း နှစ်စီး လက်ဆောင်ပေး၍ မင်းဗာကြီးက စပါးတစ်သိန်းငါးသောင်း လက်ဆောင်အဖြစ် ပြန်တုံ့ပြန်ခဲ့သည်ဟု[၈]ဆိုသည်။ ရခိုင်ရာဇဝင်တွင်ကား "ဝိုင်းရံပိတ်မိသော တပင်ရွှေထီးသည် မဟာမိတ်အဖြစ် ကတိသစ္စာပြုလျက် ပြန်လိုပါကြောင်းနှင့် တောင်းပန်လာလျှင် မင်းဗာကြီးသည် မင်းတရားရွှေထီးအား  ကတိသစ္စာတည်းဟူသောကြိုးဖြင့် ချီဖွဲ့လျှက် ခွင့်ပြုတော်မူသည်။ မင်းတရားရွှေထီးလည်း သေဘေးမှလွတ်ကင်းသော ကြောင့် အလွန်ဝမ်းမြောက်သည်ဖြစ်၍ တိုင်းမင်း သုရှင်တကာရွတ်ပိ၏မယားဖြစ်သော ပြည်ဘုရင်နရပတိ နှမတော်ကို မင်းဆောင်မင်းယောင်နှင့်တကွ ဆက်သတော်မူခဲ့၍ သက္ကရာဇ် ၉၀၈ ခု တပေါင်းလဆန်း ၉ ရက်နေ့ ပြန်တော်မူလေ သည်။[၉] ဟု တွေ့ရသည်။

ဤအကြောင်းနှင့် ပတ်သက်၍ မြန်မာရာဇဝင်တွင် မင်းတရားရွှေထီးလက်ထက် ရခိုင်သို့ချီသောအခါ ဘုရင့်နောင်ကျော်ထင်နော်ရထာကို သူကဝန်းမိလေရာတွင် ရခိုင်ကိုသည်ဖြင့် မချီပြီဟူသော ကတိရှိသောကြောင့် အထွတ်အမြတ်သို့ ရောက်တော်မူလျှင် ရခိုင်ကို မလုပ်ကြံနေတော်မူသည်။"ဟု တွေ့ရသည်။ သို့ဖြစ်ရာ မင်းတရားရွှေထီးနှင့် ဘုရင့်နောင်တို့သည် လျှို့ဝှက်ဆန်းကြယ်စွာ ကြိုတင်စီမံထားခဲ့သော မြောက်ဦးရွှေမြို့တော်၏ အရံအတားများတွင် အကျပ်အတည်း တွေ့ခဲ့ရပုံ ရပေသည်။ နောက်ဆုံး စစ်ပြေငြိမ်းခဲ့သည်။

မင်းဗာကြီးနောက် ဆက်ခံသော မင်းတိက္ခာ၊ မင်းစောလှ၊ စကြဝဒေး မင်းဖလောင်းလက်ထက် နှစ်(၄၀)ခန့်တွင်ကား ခေတ်ပြိုင်ပဒေသရာဇ်များနှင့် ပြဿနာမရှိခဲ့ချေ။ ဘုရင့်နောင်နှင့် နန္ဒဘုရင်တို့မှာ ယိုးဒယားဘက်သို့ ခြေဦးလှည့်နေရသောကြောင့် ဖြစ်မည်။ အထူးသဖြင့် နန္ဒဘုရင်(၁၅၈၁-၁၅၉၉) လက်ထက်တွင် စစ်မက်ထူပြော၍ စစ်ရိုးညီညွတ်မှု ယိုင်ပျက်လာခဲ့သည်။ ထိုအချိန်တွင် ရခိုင်ပြည် မြောက်ဦး[၁၀]တွင် မင်းရာဇာကြီးခေါ် နရပတိ(၁၅၉၃-၁၆၁၂)သည် ဒက္ကာမြို့ထိ တိုက်ခိုက်သိမ်းယူပြီး၍ အင်္ဂါမြစ်ဝကျွန်းပေါ်ရှိ ပေါ်တူဂီတပ်များအား ကြေးစားတပ်အဖြစ် ခေတ်မီသေနတ်များဖြင့် တပ်ဆင်ဖွဲ့စည်းထားလျက် ရှိလေသည်။ သက္ကရာဇ် ၉၅၉ ခု(အေဒီ ၁၅၉၇)ခုတွင် တောင်ငူဘုရင် မင်းရဲသီဟသူက ကြည်းတောင်စား၊ ကသာစားနှစ်ယောက်ကို ဟံသာဝတီကို ပူပေါင်းတိုက်ခိုက်ရန် လက်ဆောင်ဘဏ္ဍာများနှင့်အတူ ရွှေပေလွှာပါးလာခဲ့သည်။ ပဲခူးမြို့ကို ကူညီတိုက်ခိုက်ယူ၍ ပေးတော်မူပါ။ ပဲခူးမြို့ရလျှင် သမီးကညာဆင်ဖြူရတနာကို ဆက်ပါမည်ဟုဆိုသည်။[၁၁] မြန်မာရာဇဝင်အဆိုအရ တောင်ငူဘုရင် ဟံသာဝတီကို ချီ၍လုပ်ကြံပါ၊ အရေးပြီးလျှင် ဆင်ကြီး၊ မြင်းကြီး သမီးကညာပေးပါမည်ဟူ၍ စေလာသည်။[၁၂]ဟုဆိုသည်။ အေဒီ ၁၅၉၉ ခုတွင် မြောက်ဦးနှင့် တောင်ငူ ပူးပေါင်း၍ ဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက်လိုက်ကြသည်။ တောင်ငူဘုရင် မင်းရဲသီဟလည်း မင်းရာဇာကြီး

---

၆။ ရမ်းပြဲတောင်ကျောင်းဆရာတော် စာ-၄၉-၅၀

၇။ (က) မှန်နန်းရာဇဝင်တော်ကြီး (ဒု) စာ-၂၃၀ ပိုဒ်(၂)
(ခ) ဦးကုလား-ရာဇဝင်ကြီး (ဒု) စာ-၂၁၄

၈။ ငမည်ရာဇဝင်၊ ပေမူ ဘီကြော-၅
ဓညဝတီအရေးတော်ပုံ၊ စာ-၅၀

၉။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၅၂

၁၀။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၄၃

၁၁။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၄၄

၁၂။ ဦးကုလား၊ ရာဇဝင်ကြီး၊ စာ-၉၆

သို့ အထူးထူးသော ပုထိုးခါသာ၊ အပြားပြားသော မှိုင်းလုံး၊ ရွှေဖျင်၊ အထွေထွေသောမုန့် ယု၊ သနပ်များစွာနှင့် ဆင်ဖြူတော်တစီး ငါးဆူဒါယကာ နန္ဒဘုရင်၏သမီးတော်ခင်နှောင်းကို မိဖုရားကြီး အဆောင်အယောင်နှင့်တကွ လည်းကောင်း[၁၃] ရွှေငွေ ရတနာလက်နက်များ၊ ဘုရင့်နောင် ယိုးဒယားမှ သိမ်းယူလာသော ကြေးရုပ်များ[၁၄]နှင့် ယိုးဒယား အိမ်ထောင်စု သုံးဆောင်၊ အဖိုးမဖြတ်နိုင်သော ပတ္တမြားနားဋ္ဌောင်းတစ်ရံ၊ တပင်ရွှေထီး၏ ပုံတူရွှေရုပ်တို့ လက်ဆောင် ပေးသည်[၁၅]ဟု ဆိုလေသည်။ ဤတွင် ရခိုင်မင်းရာဇာကြီး၏ ဩဇာအာဏာပြန့်နှံ့ရာဒေသသည် ရခိုင်ကမ်းရိုးတန်းအပါ အဝင် သံလွင်၊ မော်လမြိုင်ထိ ကျယ်ပြန့်လာခဲ့သည်။ ခြုံကြည့်လျှင် မင်းရာဇာကြီးလက်ထက် ရခိုင်သည် ယခု ဘင်္ဂလားပြည်တွင်း ဒက္ကားနှင့် ဆန်ဒါတန်းစီတို့မှ မော်လမြိုင်ပင်လယ်ကမ်းရိုးတန်းထိ ဖြစ်လေသည်။[၁၆]

ဝင်းနောက် ဆက်ခံသော မြောက်ဦးဘုရင် သီရိသုဓမ္မရာဇာနှင့် သာလွန်မင်းတြားတို့ ချစ်ခင်ရင်းနှီးစွာ မဟာမိတ်ပြုခဲ့ကြောင်း တွေ့ရသည်၊ သာလွန်မင်းနန်းတက်သည့် အေဒီ (၁၆၂၉)ခုနှစ်တွင် ရခိုင်ဘုရင် သီရိသုဓမ္မရာဇာ ထံမှ သံအဖွဲ့များ စေလွှတ်ခဲ့သည်။ နောက်ထပ် (၁၆၃၂)တွင် တစ်ကြိမ် (၁၆၃၄)တွင် တစ်ကြိမ် သံအဖွဲ့များ စေလွှတ်ခဲ့ သည်ကို ကောင်းစွာလက်ခံပြီး အပြန်အလှန် သံစေလွှတ်ပေးခဲ့သည်။[၁၇]

နိုင်ငံခြားကုန်သွယ်မှုအတွက်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ရပုံ ရသည်။ ဒတ်ချ်တို့၏ ကုန်သွယ်မှုအစီရင်ခံစာ တွင် ရခိုင်နှင့် မြန်မာဘုရင်တို့ ဆန်စျေးနှုန်းကန့်သတ်ရာတွင် နိုင်ငံခြားစျေးကွက်၌ ဆန်ပေါက်စျေးကို ကြိုတင်သိထား သဖြင့် စျေးမြှင့်ခြင်း၊ စျေးချခြင်းကို ပိုမိုပိုင်ပိုင်နိုင်နိုင် ပြုလုပ်နိုင်ကြ၏။ သူတို့ထံ ပြည်ပအခြေအနေများ နိုင်ငံရေးစျေး ကွက်အခြေအနေများကို အပြည့်အစုံ သတင်းပို့နေသော ထောက်လှမ်းရေးကိုယ်စားလှယ်များရှိသည်။ ရခိုင်ဘုရင် သီရိသုဓမ္မရာဇာနှင့် အဝသာလွန်မင်းတို့ အလွန်အကင်းပါးသော ကုန်သည်ကြီးများ ဖြစ်ကြသည်။[၁၈] ဟုဖော်ပြထားသည်။ အေဒီ-(၁၆၆၆)ခုနှစ်ကား ရခိုင်တို့အဖို့ သမိုင်းအလှည့်အပြောင်းဖြစ်သော နှစ်ဖြစ်သည်။ ထိုနှစ်တွင် မဂိုဧကရာဇ် ဩရန်ဇစ်၏ ဦးရီးတော်သူ ဘင်္ဂလားဘုရင်ခံ ရှာပစ္စကာခန့် (Shayista Kan)သည် စစ်တကောင်းနှင့် ဂင်္ဂါမှ ပေါ်တူဂီ ကြေးစားစစ်သားများ အကူအညီနှင့် ရခိုင်ဘုရင်ပိုင် စစ်တကောင်းနှင့် ပန်းဝါကို သိမ်းယူခဲ့သည်။[၁၉] ဤသို့ဖြင့် ရခိုင်တို့သည် အရှေ့ဘင်္ဂလားနယ်ကို လုံးဝလက်လွှတ်ရတော့သည်။ နှောင်းပိုင်းဆက်ခံသော မင်းများလက်ထက် အကြိမ်ကြိမ် တိုက်ခိုက်သော်လည်း မအောင်မြင်ကြ။ နန်းတွင်းအရေးလည်း ပိုမိုရှုပ်ထွေးလာခဲ့သည်။ အရည်အချင်း တဖြည်းဖြည်း ညှိုးဖျင်းခဲ့သည်မှာ အေဒီ(၁၇၀၄)ခု၊ မြောက်ဦးမြို့တော်ကျဆုံးချိန် ဖြစ်သတည်း။

---

၁၃။　ဦးကုလား၊ မဟာရာဇဝင်ကြီး၊ (တ)စာ-၉၈-၁၀၀
ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၄၇-၁၄၀

၁၄။　ကြေးရုပ်များမှာ မူယင်းခမာကြေးရုပ်များဖြစ်သည်။ အင်ကာဝယ် (Angkor Wat) ကျောင်းရှေ့တွင် အစောင့်သဘောမျိုးထားခဲ့သော ကျေးရုပ်များဖြစ်သည်။ အေဒီ-၁၄၃၁ ခုနှစ်တွင် ထိုင်းက သိမ်းယူသွားခဲ့သည်။ အေဒီ ၁၅၆၄ ခုနှစ်တွင် ဘုရင့်နောင်သည် အယုဒ္ဓယမြို့မှ ဟံသာဝတီပဲခူးသို့လည်းကောင်း နောက်ထပ် ၃၆နှစ်ခန့် ကြာညောင်းပြီးသော် အေဒီ ၁၆၀၀ ခုတွင် ရခိုင်ဘုရင်မင်းရာဇာကြီးသည် ပဲခူးမှ သူစိုးစံရာ မြောက်ဦးမြို့တော်သို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကြသည်။ နောက်ဆုံး အေဒီ ၁၇၀၄ ခုနှစ်တွင် ဘိုးတော်ဘုရား သည် ရခိုင်မှ ရတနာပုံ နေပြည်တော်သို့ သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၁၈၈၅ ခုတွင် အင်္ဂလိပ်တို့ အချို့အဝက် ထိ သိမ်းယူမယူ မသိရချေ။ မူယင်း (၃၀) ဖြစ်ရာ အချို့မှာ ပျောက်ဆုံးနေသည်။
Wilhelm Klein. Insight Guides Burma. P. 184

၁၅။　ကထိသာရ၊ ရခိုင်အရေးတော်ပုံ၊ စာ-
ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၄၈
G.E. Harvey: Hist ory of Burma. P. 183
M. Collis. The land of the Great Image.

၁၆။　လမ်းစဉ်ပါတီ၊ အခြေပြမြန်မာနိုင်ငံရေးသမိုင်း၊ စာ-၃၉၁

၁၇။　မှန်နန်း(က) စာ-၂၀၃၊ ၂၁၆၊ ၁၉၉
ဦးကုလားရာဇဝင်ကြီး ၊ ( ) စာ-၂၀၈

၁၈။　ဦးခင်မောင်ညွန့်၊ ရခိုင်ပြည်ပရောင်းဝယ်ရေး၊ တက္ကသိုလ်ပညာပဒေသာစာစောင်တွဲ-၉၊ အပိုင်း-၂၊ စာ-၉၄

၁၉။　D.G.E. Hall. Burma. P. 60-62.

# မြောက်ဦးခေတ် ပြည်ပဆက်သွယ်ရေး

## ပေါ်တူဂီနယ်ချဲ့နှင့် ရင်ဆိုင်ခြင်း

ဥရောပတိုက်တွင် မြေရှင်ပဒေသရာဇ်ခေတ် ကုန်ဆုံးပြီးနောက် ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှု တိုးတက်လာခဲ့ရာ နယ်သစ်ရှာဖွေသောဘက်သို့ စိတ်ဝင်စားလာကြသည်။ အစဦးတွင် ရွှေငွေ ဟင်းခတ်အမွှေးအကြိုင် စသည်ဖြင့် စီးပွားရေးအရလည်းကောင်း၊ သာသနာပြုကိစ္စအတွက်လည်းကောင်း ရှေ့တန်းတင်ခဲ့ကြသော်လည်း နောင်တွင်ပို၍ တွက်ခြေကိုက်သော ကိုလိုနီတည်ထောင်ခြင်း၊ အတင်းအဓမ္မသိမ်းပိုက်ခြင်းမျိုးထိ တိုးချဲ့လုပ်ကိုင်လာကြသည်။ မြောက်ဦးမြို့တော်မှာ ဘင်္ဂလားပင်လယ်အော်အား မျက်နှာမူလျက် ပေါ်တူဂီကျက်စားရာ ရေပြင်တွင် အချက်အချာကျလျက် တည်ရှိသည်။ ၎င်းအပြင် ဘင်္ဂလား ၁၂ နယ်သည် ရခိုင်ဘုရင်များ၏ လက်အောက်ခံနယ်မြေများဖြစ်ကြရာ ကျယ်ပြန့်သော ဘင်္ဂလားပင်လယ်အော်တစ်ဝိုက် ကျက်စားခဲ့ကြသော ဥရောပနယ်ချဲ့များနှင့် အများဆုံးရင်ဆိုင်တွေ့ရ ဆက်ဆံခဲ့ရပေသည်။ နယ်ချဲ့တို့၏ စရိုက်လက္ခဏာ၊ အမူအကျင့်တို့ကို မြောက်ဦးခေတ်တွင် အထင်အရှားတွေ့ရသည်။

အေဒီ(၁၄၃၃)ခုနှစ်တွင် အီတလီလူမျိုး နီကိုလိုဒီကန်တီ (Nicolo decanti)သည် မြောက်ဦးမြို့တော်သို့ ရောက်ရှိလာခဲ့သည်။[၁] အေဒီ (၁၄၉၈)ခုနှစ်တွင် ပေါ်တူဂီလူမျိုး ဗစကိုတဂါးမား (Vasco da gama) သည် ဂွတ်ဟုတ်အငူကို ပတ်၍ အိန္ဒိယပြည် ကလိကတ်( Calicut)သို့ ရောက်လာသည်။[၂] အေဒီ (၁၅၀၁)ခုနှစ်တွင် ပေါ်တူဂီလူမျိုး ဂျူရိဘာပိုဆာ (Duarte Barbosa) သည် အိန္ဒိယသို့ ရောက်ရှိလာပြီး (၁၅၁၆)ခုနှစ်လောက်တွင် ပေါ်တူဂီနိုင်ငံသို့ ပြန်သွားခဲ့သည်။ ရခိုင်ဒေသသို့လည်း ရောက်ရှိခဲ့ရာ သူ့မှတ်တမ်းတွင် ရခိုင်ကြီး၊ အာရကန်ကြီး (Aracangil-Arakangy) ဟု ဖော်ပြခဲ့သည်။

၎င်းနောက်ပိုင်းတွင် အိန္ဒိယအကြောင်းကု သိရှိပြီးဖြစ်သော ပေါ်တူဂီတို့သည် အေဒီ(၁၅၁၀)ခုနှစ်တွင် အိန္ဒိယအနောက်ဘက်ကမ်းခြေရှိ ပိုအာဆိပ်ကမ်းမြို့ကို သိမ်းယူလိုက်ကြသည်။[၃] ဘုရင်ခံချုပ် အဲလ်ဘူကာကေ (Albuquerque) ဆိုသူဖြစ်သည်။ ၎င်းသည် အေဒီ(၁၅၁၇)ခုနှစ်တွင် ဘင်္ဂလား စူလတန်ထံ သံအဖွဲ့စေလွှတ်၍ ကူးသန်းရောင်းဝယ်ခွင့်ကို ကမ်းလှမ်းခဲ့သည်။ ၎င်းနောက် အေဒီ(၁၅၁၉)ခုနှစ်တွင် ပေါ်တူဂီတို့သည် မုတ္တမစားနှင့် စာချုပ်ချုပ်၍ ကုန်စည်ကူးသန်းရောင်းဝယ်ရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိလာခဲ့သည်။[၄] သို့ဖြစ်ရာ ဘင်္ဂလားနှင့် မုတ္တမကြားရှိ ရခိုင်ပြည်မြောက်ဦးနှင့်လည်း ဆက်သွယ်မိပြီးဖြစ်ပေလိမ့်မည်။ မှတ်တမ်းများအရလည်း ရခိုင်ပြည်မြောက်ဦးမြို့တော်သို့ မင်းဘင်(၁၅၃၁-၁၅၅၃)နန်းမရမှီ ၁၄နှစ်၊ အေဒီ-၁၅၁၈ကပင် စစ်တကောင်းသို့ ရောက်ရှိခဲ့သော ပေါ်တူဂီလူမျိုး ဒွန်ဂျာအိုဒီဆီဗေးယီးယား(Don Jao De Silveira)သည် ရောက်ရှိခဲ့သည်ဟု ဆိုပေသည်။ မင်းဘင်ခေါ် မင်းဗာကြီး လက်ထက်တွင် မြောက်ဦးမြို့တော် တည်ဆောက်ရေးတွင် ပါဝင်ကူညီခြင်း၊ စစ်ဘက်အရာရှိများ ခန့်အပ်ကာ တိုင်းရင်းသားများအား လေ့ကျင့်ပေးခြင်း၊ စစ်တပ်များ ဖွဲ့စည်းပေးခြင်းများကို တွေ့ရသည်။[၅] မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၂)လက်ထက် ပဲခူးအား တိုက်ခိုက်အပြီးတွင် ဒီဗရစ်တိုကဲ့သို့သော ပေါ်တူဂီလူမျိုးကို သန်လျင်ဘုရင်ခံမြို့ဝန်အဆင့်ထိ ရာထူးဌာနန္တရပေးခဲ့ခြင်းသည် ပေါ်တူဂီတို့နှင့် ဆက်ဆံရေးတွင် မည်မျှခရီးရောက်နေပြီဖြစ်သည်ဟု ခန့်မှန်းသိရှိနိုင်ပေသည်။ အချို့ရာဇဝင်တွင် ဒီဗရစ်တိုအား မင်းဗာကြီးသား ငအင်္ဂါဟု ဖော်ပြပါသည်။ ခေတ်ပြိုင်အထောက်အထားများအရ ပေါ်တူဂီလူမျိုးဖြစ်ကြောင်း ထင်ရှားလေရာ ဒီဗရစ်တိုခေါ် ငအင်္ဂါမှာ မင်းဗာကြီးလက်ထက်ကပင် အမှုတော်ထမ်းခဲ့၍ သားကဲ့သို့ ချီးမြှင့်မြောက်စားခဲ့ပေလိမ့်မည်ဟု ယူဆရပေသည်။ မန်နရစ်၏မှတ်တမ်းအရ သူသည် မြောက်ဦးရွှေမြို့တော်သို့ အေဒီ(၁၆၃၀)တွင် ရောက်ရှိခဲ့ရာ သူ မရောက်မီ နှစ်(၅၀)ခန့်ကစ၍ ရခိုင်တို့နှင့်

---

၁။ Carmignani, Renzo-Birmania Storia-Arte Civilta P 87 လမ်းစဉ်ပါတီ အခြေပြနိုင်ငံရေးသမိုင်း၊ စာ-၃၉၉(မြန်မာပြည်)သို့ ရောက်ရှိခဲ့သည်ဟုသာ ဖော်ပြပြီး မြောက်ဦးသို့ ရောက်ရှိသည်ဟု ဖော်ပြမထားချေ။

၂။ F.C. Danvers. The Portuguese in India Vol-I, P. 42-48

၃။ J.S Furnivall. The early Portuguese. JBRS. FAP. P. 61

၄။ လမ်းစဉ်ပါတီအခြေပြ၊ စာ-၄၀၃

၅။ လမ်းစဉ်ပါတီ အခြေပြ၊ စာ-၃၉၂
M.S Collis; Rarkan's Place..., BRSFAP, Vol II P. 496. 1960.

ရင်းနှီးကျွမ်းဝင်ပြီးဖြစ်ရာ ရခိုင်ဘုရင်၏မြို့တော် မြောက်ဦးတွင် ကိုယ်ရံတော်တပ်တစ်တပ်ဖွဲ့စည်း အမှုထမ်းလျက်ရှိသည်ဟု ဖော်ပြထားပေသည်။[၆]

ရခိုင်ရာဇဝင်အလိုအရ ပေါ်တူဂီတို့သည် ဘင်္ဂလားတွင် အခြေချပြီးနောက်တွင် ရခိုင်ဘုရင်မင်းဘင်အား အေဒီ(၁၅၃၄)တွင် သွေးတိုးစမ်းခဲ့သည်။ "သက္ကရာဇ်(၈၉၆)ခု တပေါင်းလဆန်း ၅ ရက် တနင်းလာနေ့တွင် များစွာသော သင်္ဘောသမ္ဗာန်တို့ဖြင့် ဘုရင်ဂျီ ဖလောင်းလူမျိုးတို့သည် လက်နက်ကိရိယာများစွာ တင်ဆောင်လျက်လာရောက်ပြီးသော် ကြွေတဲကို ဖျက်ဆီးလေသည်။ လဆန်း(၉)ရက် သောကြာနေ့ကား ကံထစတွင် ရောက်လာသည်။ ၁၀ရက် စနေနေ့တွင် ရခိုင်စစ်သားတို့နှင့် တိုက်ကြလေသော် ရခိုင်စစ်သားတို့သည်မခံနိုင် ရွှေဝင်းတော်ရှေ့က ခံလာ၏။ ဂေါယာဘုရင်ဂျီ ဖလောင်းတို့သည် တနင်္ဂနွေနေ့ မြောက်ဦးမြို့သို့ လိုက်လတ်၍ ဉယျာဉ်မှူတွင် နေလာ၏။ ဘုရင်မင်းဗာကြီးလည်း ကိုယ်ရံကြီးကို ဗိုလ်မှူးပြု၍ ဇုန္တတ်စစ်သူကြီးအပေါင်းနှင့် ဆီးခံလေသော် ဘုရင်ဂျီမင်းဖလောင်းတို့သည် ဆုတ်သွားလေ၍ မြဲမြဲလွှင်နေလာသော် ရခိုင်စစ်သားတို့က ဝါးကိုဖောင်ဖွဲ့ပြီး မီးခာတ်သွယ်လျက် တိုက်လေသော် ဂျီဖလောင်းတို့သည် ခုနှစ်ရက်နေ့ပြီးလျှင် ရှုံးပါးပျက်စီး၍ ပင်လယ်ထဲသို့ ထွက်ပြေးလေသည်။"[၇] ဟူ၍ ရခိုင်သမိုင်းတွင် တွေ့ရသည်။

ပေါ်တူဂီရာဇဝင်တွင် ရခိုင်ပြည်သည် သင်္ဘောအဆိုက်အနေသင့်သည်။ ဖယောင်း၊ ဆင်စွယ်၊ ဆန်စပါးပေါများသည်။ အလုံးအရင်းနှင့် နိုင်အောင်သိမ်းရုံးမှ ဖြစ်မည်ဟူ၍ သင်္ဘော(၁၂)စင်းတွင် သေနတ်၊ အမြောက် ဆေး၊ ယမ်းအပြည့်အစုံနှင့် မိုအာမြို့မှ ရခိုင်သို့ ချီတက်လုပ်ကြံစေသည်။ ရခိုင်တို့က ကမ်းဖောင်များဖြင့် တိုက်ဖျက်သည်တွင် သင်္ဘောသုံးစင်းမှာ မီးသင့်ပျက်စီးသည်။ သင်္ဘောတွင် ပါသမျှလူ (၁၀၀၀)လည်း သေဆုံးသည်ဟု[၉] တွေ့သည်။

၎င်းနောက်တွင် ပေါ်တူဂီတို့သည် ထိပ်တိုက်ဆန့်ကျင်ခြင်း မပြုပဲ မဟာမိတ်ပြုရန် လိုလားကြသည်။ ဘင်္ဂလား ပင်လယ်အော်ကမ်းခြေတွင် ကျက်စားနေကြသော ပေါ်တူဂီတို့အား ဒေသခံတိုင်းရင်းသား ဘုရင်များနှင့် အလျဉ်းသင့်သလို နည်းဗျူဟာအမျိုးမျိုးနှင့် ဆက်ဆံလာကြသည်။

ယင်းအချိန်က မဂိုနှင့် ရခိုင်တို့သည် ခေတ်ပြိုင်ဖြစ်သည်။ တဘက်ပြိုင်ဘက်အပေါ်တွင် အသာစီးရရေးအတွက် ပေါ်တူဂီတို့အပေါ် ရာထူးဌာနန္တရ အခွင့်အရေးပေးပြီး မိမိဘက်မှ အလေးတင်းခဲ့ကြလေသည်။ မဂိုတို့သည် ကြီးမားသော ဘုန်းတပ်အင်အားရှိသော်လည်း ရေတပ်အရာတွင်လည်းကောင်း၊ တိုက်ရည်ခိုက်ရည်တွင်လည်းကောင်း၊ သူရသတ္တိအရာတွင်လည်းကောင်း၊ ရခိုင်တို့ကို မယှဉ်နိုင်ချေ။ တိုက်သင်္ဘောလေးငါးစီးမျှနှင့် မဂိုတို့၏တိုက်သင်္ဘော (၁၄)စီးမှ (၁၅)စီး အထိ ပါဝင်သော ရေတပ်ကို တိုက်ခိုက်ဖျက်ဆီးခြင်း၊ လက်ရဖမ်းဆီးခြင်းများ ပြုလုပ်နိုင်ကြသည်။[၁၀]

ဒတ်ချ်တို့၏ မှတ်တမ်းတွင် အေဒီ(၁၆၄၄)ခုနှစ် မိုးရာသီကုန်တွင် ရခိုင်တို့သည် ဘင်္ဂလားသို့ အကြီးအကျယ်ထိုးစစ်ဆင်ကြောင်း တိုက်သင်္ဘော (၆၀) မှ (၇၀)ထိ ပါဝင်သော တိုက်သင်္ဘောများဖြင့် မြစ်ကြောင်းအတိုင်း ဒက္ကာသို့ ချီတက်တိုက်ခိုက်ကြောင်း၊ သင်္ဘောစင်းရေ (၂၆၀)ခန့် ပါဝင်သော မဂိုရေတပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာ ထက်ဝက်ကျော်ကို ဖျက်ဆီးခဲ့ပြီး သံ့ပန်းရာပေါင်းများစွာကို ဖမ်းယူခဲ့ကြောင်း ဖော်ပြခဲ့ပေသည်။[၁၁]

ဤသို့ ရေတပ်အရာတွင် အားနည်းသော မဂိုဘုရင်ဂျီဟန် ဂါလ် (Jehan Gir) သည် ရေကြောင်းအရာတွင် ကျွမ်းကျင်သော ပေါ်တူဂီတို့အား တပည့်မွေးရန် လုံးပန်းလာခဲ့သည်။ အေဒီ (၁၅၇၆)ခုနှစ်တွင် ဘင်္ဂလားကို သိမ်းယူပြီးနောက် ဂင်္ဂါမြစ်ဝှမ်းရှိ ယူဂလီတွင် (Hughli) တွင် ပေါ်တူဂီစစ်သားများအား နေထိုင်ခွင့်ပြုခဲ့သည်။ အေဒီ(၁၅၉၉) ခုနှစ်တွင် ပေါ်တူဂီ သြဂတ်စတင်သာသနာပြုများ ရောက်ရှိလာပြီး ဘုရားရှိခိုးကျောင်းများ ဆောက်လုပ်ကာ အခိုင်အမာစခန်းပြုလုပ်လေသည်။[၁၂]

---

၆။ Maurice Collis. The Land of the Great Image P. 89

၇။ ကြွေတဲမှာ မယူမြစ်ဝတွင် ရှိသည်။ ယခုအခါ ကြွီတဲဟုခေါ်သည်။ ရှေးဝေသာလီခေတ်ကပင် ပင်လယ်ကူးဆိပ်ကမ်း ဖြစ်ခဲ့သည်။ ကြွီတဲမှ ဝေသာလီဒင်္ဂါးအမြောက်အမြား တွေ့ရှိရသည်။

၈။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၄၉

၉။ ပေါ်တူဂီရာဇဝင်၊ ရန်ကုန်သူရိယသတင်းစာတိုက်၊ ၁၉၁၈-စာ ၁၉၀

၁၀။ Bernier. Megul Empire. P. 173

၁၁။ DGE. Hall. Studies in Dutch relation with Arakan JBRS. FAP. P. 92

၁၂။ Mr. Collis. The Land of ....The taking of Hugali P. 180

သို့သော် ပေါ်တူဂီပိုင်နက်ထဲ အသွင်းမခံပဲ ကုန်စည်ရောင်းဝယ်ဖောက်ကားရေးအတွက် ဈေးမြို့အဖြစ်သာ ရည်ရွယ်ခဲ့ပေသည်။ အကောက်အခွန်များကို မဂိုဘုရင်ထံ ဆက်သရသော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးထားသည်။ သို့သော် နောက်ပိုင်း ပေါ်တူဂီတို့၏ ပင်ကိုယ်လုပ်ရိုးလုပ်စဉ်အတိုင်း ခံတပ်ဆောက်လုပ်ခြင်း၊ ကျွန်ကုန်ကူးခြင်း စသည် ထို့ကြောင့် (၁၆၃၂)ခုနှစ်တွင် မဂိုဘုရင်က တိုက်ခိုက်ဖျက်ဆီးခဲ့လေသည်။

ဤသို့တဘက်တွင် မဂိုတို့က ယူဂလီမြို့အား စခန်းချအုပ်ချုပ်ခွင့်ပေးထားချိန်တွင် မဂိုရန်မှ ကာကွယ်ပါမည် ဟူသော ဝန်ခံချက်ဖြင့် ရခိုင်တို့က ပေါ်တူဂီတို့အား ရခိုင်ဘုရင်ခံတစ်ဦး အုပ်ချုပ်ရာ စစ်တကောင်းမြို့အနီးရှိ ဒရင်းကား (Dianga) မြို့ကလေးအား လွှဲအပ်ထားခဲ့သည်။[၁၃] ပေါ်တူဂီတို့သည် မည်သူ့သစ္စာခံဖြစ်စေ သူတို့အချင်းချင်းကား ရန်သူဟုထင်မှတ်ပဲ ကျွန်ကုန်ကူးခြင်းဖြင့် အဆက်အသွယ်ရှိကြသည်။ ရခိုင်သစ္စာခံ ဒီယင်းဂါးမြို့က ပေါ်တူဂီသေနတ် ကိုင်တပ်များသို့ မဂိုသစ္စာခံ ယူဂလီမြို့မှ ယမ်းမှုန့်နှင့်သေနတ်များ ရောင်းချလေ့ရှိသည်။ ဖမ်းဆီးရမိသောကျွန်များကို လည်း မြောက်ဦးမြို့တော်သို့ မပို့ပဲယူဂလီမြို့တွင်ပင် ဈေးကောင်းကောင်းနှင့် မှောင်ခိုရောင်းဝယ်ကြသည်။[၁၄]

ဒီရင်းကားမြို့လည်း ယင်းအချိန်က ကျွန်ကုန်ကူးရာတွင် နာမည်ကြီးလေသည်။[၁၅] ပေါ်တူဂီတို့ ကျွန်ကုန်ကူး သည်ကို ရခိုင်ဘုရင်က လျစ်လျူရှုခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့ဘက်သို့ တရွေ့ရွေ့တိုးချဲ့လာသော မဂိုဘုရင်၏အင်အားကို နေ့စဉ်နှင့်အမျှ စိုးရိမ်နေရသောကြောင့် အတားအဆီးဖြစ်စေတော့ဟူသော သဘောဖြစ်ပင်ဖြစ် သည်။[၁၆] ဒီရင်ကား ပတ်ဝန်းကျင်တွင် ပေါ်တူဂီလူမျိုးစစ်သား (၇၅၀)ခန့် ရှိသည်။ ၎င်းတို့ကို ရခိုင်ဘုရင်က ဖွဲ့စည်းပြီး ဗိုလ်ကြီးတစ်ဦးစီ အုပ်ချုပ်စေသည်။[၁၇]

ရခိုင်ဘုရင်သည် မဂိုရန်ကြောင့် ပေါ်တူဂီတို့အား နယ်ခြားအစောင့်တပ်အဖြစ် ရာထူးဌာနန္တရပေးကာ မွေးစား ခဲ့ရသော်လည်း ယုံကြည်စိတ်ချမှုမရှိပဲ အမြဲစောင့်ကြည့်နေခဲ့သည်။ မန်နရစ်၏မှတ်တမ်းတွင် မိမိအသက်ကို ကာကွယ် စောင့်ရှောက်ရန် ပေါ်တူဂီကိုယ်ရံတော် အမြောက်တပ်များ ထားရှိသော်လည်း သီရိသုဓမ္မရာဇာမင်းကား သတိကြီးစွာ ထားလျက် အမြဲစောင့်ကြည့်နေသူဖြစ်ပေသည်ဟူ၍လည်းကောင်း၊ ပေါ်တူဂီစစ်ဗိုလ်များလည်း မိမိတို့၏ ဘုရင်မင်းမြတ် က မျက်ခြည်မပြတ် အလစ်မပေး စောင့်ကြည့်နေကြောင်း ကောင်းကောင်းသိကြသည်။ ဟူ၍လည်းကောင်း ရေးသား ဖော်ပြခဲ့သည်။

ရခိုင်တို့ အားပေးကူညီမှုကု ရရှိသော ပေါ်တူဂီတို့လည်း ကျွန်ကုန်ကူးခြင်းဖြင့် စီးပွားရှာကြသည်။ ထိုစဉ်က ဘင်္ဂလားမြစ်ဝကျွန်းပေါ်တစ်လျှောက်သည် ကျွန်ဖမ်းရာဒေသကြီးအဖြစ် နာမည်ကြီးသည်။ အေဒီ(၁၆၂၇)ခု၊ ဖေဖော် ဝါရီလတစ်လတည်းတွင် ဘင်္ဂလားမှ ဖမ်းဆီးမိသော ကျွန်ပေါင်းသည် (၁၈၀၀) ခန့်ရှိသည်ဟု ဆိုသည်။[၁၉] မန်နရစ်၏ မှတ်တမ်းအရ ဒီရင်းကားသို့ ဖမ်းယူခဲ့သော လူပေါင်းမှာ တနှစ်လျှင် (၃၄၀၀)ခန့်ရှိသည်ဟု ခန့်မှန်းရသည်။[၂၀]

ကျွန်ရောင်းဝယ်ရေးမှာ ရခိုင်ဘုရင်တို့အတွက် စီးပွားရေးလုပ်ငန်းဖြစ်သည်သာမက နိုင်ငံရေးအတွက်လည်း အထောက်အကူပြုသည်။ တစ်နေ့တွင် မဂိုတို့ စစ်တကောင်းကို သိမ်းယူလိမ့်မည်ဟု တွက်ကိန်းရှိသော ရခိုင်ဘုရင်တို့ သည် ပေါ်တူဂီတို့၏ ကျွန်ဖမ်းခြင်း၊ ကျွန်ကုန်ကူးခြင်းကို အားပေးခြင်းဖြင့် မဂိုတို့၏ နယ်ပယ်မှ လူဦးရေလျော့နည်း လာစေခြင်းဖြင့် မဂိုအင်အားစုများကို တွန်းလှန်ဖယ်ရှားစေခဲ့သည်။[၂၁]

ဤသို့ ကျွန်ကုန်ကူးခြင်း ပြဿနာကြောင့်ပင် ပေါ်တူဂီများ စခန်းချရာ ဟူးဂလီမြို့ကို အေဒီ(၁၆၃၂)ခု၊

---

၁၃။ ဦးလှဒင်-ရတနာရွှေမြေ-စာ-၁၂၄
၁၄။ ယင်း စာ-၁၃၈၊
စာ-၃၆၁
၁၅။ ဦးလှဒင်၊ ရတနာရွှေမြေ၊ စာ-၁၃၈
၁၆။ - ။ စာ-၁၃၉
၁၇။ - ။ စာ-၁၄၁
၁၈။ ဦးလှဒင်၊ ရတနာရွှေမြေ၊ စာ-၃၅၉-၃၄၀
၁၉။ Harvey, Burma, P. 143
၂၀။ Maurice, Collis, The Land of the Great Image-P. 9
၂၁။ ဒေါက်တာခင်မောင်ညွန့်၊ ပေါ်တူဂီ-မြန်မာဆက်ဆံရေး။ စာ-၁၄၉-၁၅၀
၂၂။ Danvers. Portuguese. P. 180

မေလတွင် ဝင်ရောက်တိုက်ခိုက် ဖျက်စီးခဲ့လေသည်။ ဤတွင် ပေါ်တူဂီတို့မှာ ရခိုင်ဘက်သို့ ချဉ်းကပ်ခဲ့လေသည်။ သို့သော်လည်း အခွင့်ကြုံလျှင် ကြုံသည့်အတိုင်း သစ္စာဖောက်ကြလေသည်။

ရခိုင်တိုင်းရင်းသား မြောက်ဦခေတ် ဘုရင်တို့သည် ကောက်ကျစ်စဉ်းလဲမှုတို့ကို အတော်ပင်ခံခဲ့ရာ သတိကြီးစွာနှင့် တွန်းလှန်နိုင်ခဲ့ကြကြောင်း သမိုင်းဖြစ်ရပ်များက သက်သေထူလျှက်ရှိပါသည်။ သောင်းဒွတ်ကျွန်း ဓားပြဘုရင် ပုံဆဲလ်သည် ဂိုအာရှိ ပေါ်တူဂီဘုရင်ခံချုပ် အက်ဗီဒို(Aaevedo)အား မြောက်ဦးကို ပူးပေါင်းတိုက်ခိုက်ရန် စကားကမ်းလှမ်းခဲ့သည်။ ဘုရင်ခံချုပ်က အေဒီ(၁၆၁၅)ခုနှစ် အောက်တိုဘာလတွင် ဒေါင်ဖရန်စစ္စကိုဆိုသူ ဦးဆောင်သော စစ်သင်္ဘော(၁၄)စီးကို လွှတ်ပေးခဲ့သည်။ ပုံဆဲလ်မရောက်လာမီ ဒတ်ချ်ပါဝင်သော ရခိုင်ရေတပ်က မြောက်ဦးမှ စုန်ဆင်းလာပြီး တိုက်ခိုက်သည်။ ဖရန်စစ္စကိုလည်း မြစ်ဝမှ စောင့်ဆိုင်းနေခဲ့ပြီး ပုံဆဲလ် ရောက်လာသောအခါ မြောက်ဦးမြို့တော်သို့ တိုက်ခိုက်ရန် ချီတက်သွားကြသည်။[၂၂] ရခိုင်ရာဇဝင်အလိုအရ ကျွန်တော် သောင်းထီးစားဘုရင် ဂိုငယ်သည် ဘုရင်ဂိုစစ်တပ်နှင့်တကွ ဦးရစ်တောင်တိုင်အောင် ရောက်လာသည်။ စစ်အင်္ဂါလေးပါးနှင့် ကိုယ်တော်တိုင် ချီတက်တိုက်ခိုက်လေရာ များစွာသောဘုရင်ဂို စစ်သည်ရဲမက်သည် ပျက်စီးခြင်းသို့ ရောက်ကြလေသည်။ သောင်းထီးတိုင်အောင် လိုက်လံတိုက်ခိုက်သည်။[၂၃] ဟူ၍ တွေ့ရသည်။ သောင်းဒွတ်ကျွန်းအား ရခိုင်ပြည်တို့ ပြန်လည်သိမ်းပိုက်ပြီးနောက်တွင်ကား ပေါ်တူဂီတို့သည် ထောင်ထားခြားနားခြင်း မပြုကြတော့ဘဲ ရခိုင်ဘုရင်၏လက်အောက်ခံအဖြစ် ဆက်လက်နေထိုင်ကြပြန်သည်။ ရခိုင်ဘုရင်ကလည်း ဒီရင်းကားတွင် နေထိုင်ခွင့်ပြုသည်။

(၁၆၃၀)ခုနှစ်တွင်ကား ပေါ်တူဂီဘုန်းကြီး မန်နရစ်သည် မြောက်ဦးမြို့တော်သို့ ရောက်ရှိလာခဲ့ရာ နန်းတော်အတွင်းအပြင် ဝင်ထွက်ခွင့်ရရှိခဲ့ပြီးမှ သာမန်လူတို့ မသိရှိနိုင်သည့် လျှို့ဝှက်ချက်များကိုပင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။ အေဒီ(၁၉၄၂)ခုနှစ်တွင် ဖော်ပြခဲ့ပြီးသော ရခိုင်နန်းရိုးမင်းသား ဒေါင်မာတင်သည် လစ္စဘွန်မြို့ရှိ ပေါ်တူဂီဘုရင်စတုတ္ထမြောက်ဂျွန် (John IV) ထံတွင် ဝင်ရောက်ခစားသည်။ ထိုအချိန်တွင် မြောက်ဦးရွှေနန်းတော်၌ နန်းရိုးမဟုတ်သော မင်းမျိုး ငကုသလနန်းစံလျှက်ရှိရာ ထီးမွေနန်းမွေကို ဆက်ခံခွင့်ရရှိအောင် ပြုလုပ်ပြီး ပေါ်တူဂီတို့ သြဇာလွှမ်းမိုးစေရန် ကြိုးပမ်းခဲ့သေးသည်။ သို့သော် ဒေါင်မာတင်မှာ ဝွတ်ဟုတ်အငူတွင် ကွယ်လွန်သွားခဲ့ရာ ပေါ်တူဂီတို့ အကြံအစည်လည်း ပျက်သွားခဲ့သည်။

(၁၅၉၉)တွင် ဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ရခိုင်ဘုရင် မင်းရာဇာကြီးသည် ပေါ်တူဂီလူမျိုး ဒီပရစ်တိုကို သံလျင်မြို့ဝန်အဖြစ် မြို့စောင့်ထားခဲ့သည်။ သံလျင်ကို ခြေကုတ်ရသည်နှင့် စင်ပြိုင်အဖြစ် ကိုလိုနီတည်ထောင်သည်။ ရခိုင်ဘုရင်အားလည်းကောင်း၊ တောင်ငူဘုရင်အားလည်းကောင်း၊ လက်ဆောင်မဆက်ပဲ မုတ္တမစား ဗညားဒလ၏သား ဗညားနွဲ့နှင့်မိမိ၏သမီးကို ပေးစား၍ မဟာမိတ်ပြုထားလေသည်။[၂၄] အေဒီ(၁၆၀၃)ခုတွင် တောင်ငူဘုရင်က သားတော်အိမ်ရှေ့မင်းကို စစ်သည်သူရဲငါးသောင်း၊ မင်းရာဇာကြီးက သားတော်အိမ်ရှေ့မင်း မင်းခမောင်းကို ကတ္တူလွှမ်းကျင်ထိုက်လှေကြီးတစ်ရာ၊ တံခွက်လှေငယ်တစ်ရာကျော်ခန့် သန်လျင်သို့ ချီတက်စေသည်။[၂၅]

တိုက်ပွဲတွင် မြောက်ဦးအိမ်ရှေ့စံ မင်းခမောင်းအား ဒီပရစ်တိုက ဖမ်းမိ၍ နောင်သံလျင်ကို လုပ်ကြံပြီဟူသော ကတိနှင့် ပြန်လွှတ်ပေးခဲ့သည်။ ဒီဗရစ်တို ဤမျှနှင့် မကျေနပ်သေးပဲ အေဒီ(၁၆၀၇)ခုနှစ်တွင် မိမိ၏သားကို ရခိုင်ဘုရင်ထံ စေလွှတ်၍ ဒီရင်းတားမြို့အား ပေါ်တူဂီပိုင်နက်အဖြစ် လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။ မင်းရာဇာကြီးလည်း ဒီဗရစ်တို၏သားနှင့်အတူ သင်္ဘောသား(၆၀၀)ခန့်ကို သုတ်သင်ပြီး သင်္ဘောများကို သိမ်းပိုက်ခဲ့သည်။[၂၆]

ရခိုင်ဘုရင်အား ဆန့်ကျင်ခဲ့သည့် အခြားပေါ်တူဂီတပ်ဦးမှာ ဒီရင်းကားမြို့သား ပုံဆဲလ်တီဘာ (Gonsalves Tiban) ဆိုသူဖြစ်သည်။ စစ်တကောင်းနှင့် မျက်နှာချင်းဆိုင်ရှိ ဆင်းဒဝစ်ကျွန်း[၂၇] ကို သိမ်းယူပြီး အေဒီ(၁၆၁၅)တွင် မြောက်ဦးမြို့တော်ကို ဝင်ရောက်တိုက်ခိုက်ဖူးလေသည်။[၂၈]

---

၂၃။ သောင်းဒွဒ်ကျွန်းကို ဆိုလိုပါသည်။
ရခိုင်ရာဇဝင်သစ်ကျမ်း-စာ ၁၆၇ စာ ၁၃၉ နောက်သုံ

၂၄။ မှန်နန်းရာဇဝင် စာ-၁၁၂၊ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၅၂

၂၅။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၅၂

၂၆။ Daners. Portguese. P-142

၂၇။ ရခိုင်ရာဇဝင်တွင် သောင်းတီးကျွန်းဟု ပါသည်။

ပုံဆဲလ်သည် ရခိုင်ပြည်တွင် သြဇာအာဏာထူထောင်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် ထိုအချိန်က ရခိုင်ရေတပ်နှင့် ကြည်းတပ်သည် အင်အားအကောင်းဆုံး အချိန်ဖြစ်သည်။ အေဒီ(၁၆၀၁)ခုနှစ်တွင် မင်းရာဇာကြီး၏သား မန်ကြီးက စစ်တကောင်းဘုရင်ခံချုပ် ဖြစ်လာခဲ့သည်။ ၎င်းမှာ ရခိုင်ပြည်ထီးနန်းကို ဆက်ခံနိုင်သူမဟုတ်ပဲ အိမ်ရှေ့ မင်းခမောင်းမင်းသာ ဆက်ခံမည်ဖြစ်ရာ ရခိုင်ပြည်ထီးနန်းရရေးအတွက် ပေါ်တူဂီအကူအညီရယူရန် ချိုဝှက်ကြိုးပမ်းတော့သည်။ မိမိ၏ သမီးကို ပုံဆဲလ်၏သားနှင့် လက်ဆက်စေ၍ ဘုရင်ဂျီဘာသာသို့ ဝင်စေသည်။ ထို့နောက် မြောက်ဦး နန်းတော်အားအာခံလေသည်။ သို့နှင့်အေဒီ(၁၆၁၂)ခုတွင် အိမ်ရှေ့မင်းခမောင်းကို စေလွှတ်ကာ နှိမ်နင်းစေသည်။ စစ်တကောင်းမြို့ကို လေးလကြာဝိုင်းထားပြီးနောက် စစ်တကောင်းမြို့ကျသည်။ မန်ကြီးလည်း ကျဆုံးခဲ့လေသည်။ ပုံဆဲလ်လည်း (၆)နှစ်အရွယ် သားငယ်နှင့်သမီးငယ်တို့ကို ပေါ်တူဂီဘုန်းတော်ကြီး ရာပဲလ် (Rafael)၏အကူအညီနှင့် မဂိုပိုင်နက် ဟူဂလီသို့ ပို့ထားလိုက်သည်။[၂၉]

---

၂၈။ Maurice Collis. Among the slavers of Dianga. P. 88

၂၉။ Maurice Collis. Dom Martin. JBRS. Vol. XVI. Part I. P.15

# ဒတ်ချ်နယ်ချဲ့တို့၏ ပရိယာယ်

ပေါ်တူဂီတို့ တန်ခိုးအာဏာလျော့ပါးလာပြီးနောက် အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော် ကမ်းခြေတစ်ဝိုက်ရှိ စီးပွားရေးအချက်အချာ ဒေသများတွင် ဒတ်ချ်တို့ လွှမ်းမိုးလာခဲ့သည်။ ဒတ်ချ်ကုန်သည်များသည် နေရာအနှံ့အပြားတွင် စက်ရုံအလုပ်ရုံများတည်ဆောက်ကြပြီး အေဒီ(၁၆၀၂)ခုတွင် ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီကို ပူးပေါင်းတည်ထောင်လိုက်ကြသည်။ ဗဟိုဋ္ဌာနအဖြစ် ဘာကေးဘီးယား (ဂျာကာတာ)ကို ပြုလုပ်တည်ထောင်ကြသည်။ ဘင်္ဂလားအော်တိုရိုမန်ဒယ်ကမ်းခြေသို့ (၁၆၁၅)ခုနှစ်လောက်တွင် အခြေချလာကြသည်။[၁] ဘာကေးဘီးယားမှ ဒတ်ချ်တို့သည် ရခိုင်ပြည်နှင့် ဆက်သွယ်ရာတွင် လမ်းနှစ်သွယ်ကို အသုံးပြုသည်။ ပထမတနည်းမှာ ဘာကေးဘီးယားမှ မြို့စောင့်တပ်များအတွက် ဆန်လိုအပ်မှုနှင့် ကျွန်များဝယ်ယူရန်အတွက် တိုက်ရိုက်ဆက်သွယ်သောလမ်းအဖြစ် ဒုတိယလမ်းမှာ ရိုမန်ဒယ်ကမ်းခြေမှ အိန္ဒိယထွက် အထည်အလိပ်တင်ပို့သော လမ်းဖြစ်သည်။ သို့ရာတွင် ရခိုင်နှင့် ဘာကေးဘီးယား တို့အကြား တိုက်ရိုက်ကုန်သွယ်မှုကို ကိုရိုမန်ဒယ်နှင့်ရခိုင်ကြားကုန်သွယ်မှုထက် များစွာတွင်ကျယ်ခဲ့ သည်။ ရခိုင်ပြည်မှ ဒတ်ချ်တို့ ဝယ်ယူသော ကျွန်၊ ဆန်စပါး ခြိတ်တို့က ၎င်းတို့တင်သွင်းသော ဂျပန်ဖြစ် ဟင်းခတ်အမွှေးအကြိုင် စသည့်ကုန်ပစ္စည်းများထက် တန်ဘိုးများစွာပိုနေရာ ဒတ်ချ်တို့က ကုန်ပစ္စည်းအပြင် ငွေဒင်္ဂါးများကိုပါ အများအပြားယူဆောင်လာကြရသည်။[၂]

ရခိုင်ပြည်တွင် ဒတ်ချ်တို့ အခြေချမှုကို နရပတိ(မင်းရာဇာကြီး)လက်ထက် (၁၅၉၃-၁၆၁၂)တွင် ကုန်တိုက်ဖွင့်၍ ရောင်းချခွင့်ပြုကြောင်း တွေ့ရသည်။ အေဒီ (၁၆၁၅)ခုနှစ် မင်းခမောင်းလက်ထက် ပေါ်တူဂီပုံဆဲလ် ပုန်ကန်ခြားနားကုလားတန်မြစ်ဝသို့ လာရောက်သည်တွင် ဒတ်ချ်သင်္ဘောများပါဝင်သော ရခိုင်ရေတပ်သည် မြစ်ညာမှ စုံဆင်းလာပြီး တိုက်ခိုက်သည်။[၃]ဟု ဆိုပေသည်။

ဤသို့ ပါဝင်တိုက်ခိုက်သော်လည်း ဒတ်ချ်တို့မှာ ကုန်သွယ်ရေးကိုသာ အလေးပေး၍ မဂိုနှင့်ရခိုင်တို့ကြားဆက်ဆံရေးတွင်လည်း တတ်နိုင်ပါက ကြားနေရေးဝါဒကိုသာ လက်ကိုင်ထားကြောင်း တွေ့ရသည်။ သို့သော် ကုန်သွယ်မှုအခြေအနေကြောင့် (၁၆၂၄)ခုနှစ်တွင် မြောက်ဦးကုန်တိုက်ကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။ ဤသို့စီးပွားရေးအခြေအနေအရ ခေတ္တပိတ်ထားလင့်ကစား မဂိုတို့က အရေးပေး၍ စီးပွားရေးဆွဲဆောင်ရာဘက်သို့ ပိုမိုယိမ်းသွားမည်ကို စိုးရိမ်၍ သီရိသုဓမ္မရာဇာသည် ဘာကေးဘီးယားသို့ သံတမန်နှစ်ဦးစေလွှတ်ခဲ့သည်။ သံတမန်များ၏တာဝန်မှာ မြောက်ဦးမြို့တွင် ဒတ်ချ်တို့ ကုန်တိုက်ပြန်လည်ဖွင့်လှစ်ရေးအတွက် တနည်းနည်းဖြင့် ဆွဲဆောင်ရန်ဖြစ်သည်။ အကယ်၍ ကုန်တိုက်ဖွင့်လှစ်မည်ဆိုပါလျှင် ဘုရင်မင်းမြတ်က ဒတ်ချ်ကုန်တိုက်[၄] အတွက် ကျောက်သားဖြင့် ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်ချီးမြှင့်မည်ဟုပင် စီးပွားရေးကို မက်လုံးပေးစေခဲ့သည်။[၅]

ယင်းအချိန်က ဒတ်ချ်နှင့်ပေါ်တူဂီ ရင်ဆိုင်နေရသော နယ်လုစစ်ပွဲကြောင့် အလုပ်ရှုပ်လျက်ရှိသော်လည်း ဒတ်ချ်ကိုလိုနီများအတွက် ဆန်နှင့်ကျွန်မှာ အရေးတကြီးလိုအပ်လျက်ရှိရာ အေဒီ(၁၆၃၄)ခုနှစ်တွင် မြောက်ဦးမြို့ ကုန်တိုက်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။[၆] သို့သော် ဒတ်ချ်တို့သည် ကုန်သွယ်မှုတွင် ရခိုင်နှင့် ဆက်သွယ်မှုထက် မဂိုနှင့် ဆက်သွယ်ခြင်းက သူတို့အတွက် စီးပွားရေးတွက်ခြေကိုက်ရသာ မဂိုတို့နှင့် ဆက်ဆံရေး ပြေလည်မှုကို ပိုမိုလိုလားကြောင်း ပြသကြသည်။ ဗင်ဒါစတဲလ် (Van dar Stel)ဆိုသူသည် မြောက်ဦးမြို့သို့ သင်္ဘောဖြင့် ဆိုက်ကပ်လာရာ အဆိုပါ သင်္ဘောပေါ်တွင် မဂိုဘုရင်က ပေါ်တူဂီဘုရင်ခံချုပ်ထံသို့ ပေးပို့သော သံတမန်များ ပါလာခဲ့သည်။[၇] သီရိသုဓမ္မရာဇာ သည် စီးပွားရေးအရ မဟာမိတ်ပြုခြင်းကို လိုလားသော်လည်း နိုင်ငံရေးအရ ထိပါးရိပါးလာမှုကို ပြတ်သားစွာ အရေးယူ

၁။ Hall : Dutch-p 78/68
၂။ Hall; Dutch-p 80
၃။ Danvers; Portuguese. P. 180
၄။ ယခုမြောက်ဦး တောင်ဘက်မဟာထီးသွားလမ်း ဘောင်းဒွတ်တွင် တွေ့ရသော ဒတ်ချ်ကုန်တိုက်ဟောင်းမှာ ကျောက်သားပကတိဖြင့် ဆောက်ထား၍ ယင်းအချိန်က ဆောက်လုပ်သော ကုန်တိုက်ဖြစ်ဟန်တူသည်။
၅။ Hall; Dutch-Relation-P-70-71-79
၆။ HGE-Hall. Burma. P-60
၇။ DGE-Hall. Burma. P-79-72
၈။ DGE-Hall. Burma. P-72

ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ အဆိုပါသံတမန်များအား ခွင့်ပြုချက်မရပဲ နိုင်ငံခြားသံတမန်များကို နိုင်ငံတွင်းခေါ်ဆောင်လာမှုနှင့် ပတ်သက်၍ ဒတ်ချ်ဘုရင်ခံချုပ်ထံ ရာဇသံပေးပို့ခဲ့လေသည်။[၉] ယင်းအပြင် သီရိသုဓမ္မ ရာဇာသည် စီးပွားရေးအမြင်ရှိ၍ ရခိုင်ပြည်၏အဓိက အသက်သွေးကြောဖြစ်သော ဆန်စပါးရောင်းဝယ်ရေးကို ဘုရင်ပိုင်အဖြစ် ချုပ်ကိုင်ခဲ့ရာ စိတ်တိုင်းကျ ချယ်လှယ်ခွင့်မရသော ဒတ်ချ်တို့က မကျေနပ်ခဲ့ချေ။

ဋင်းနောက် မြောက်ဦးထီးနန်းကို ဆက်ခံကြသော နရပတိကြီး ငကုသလ(၁၆၃၈-၁၆၄၅)နှင့် သတိုးမင်းတရား(၁၆၄၅-၁၆၅၂)လက်ထက်တွင် ဆက်ဆံရေးမပြေလည်ခဲ့ချေ။ နောက်ဆုံး ဒတ်ချ်သင်္ဘောတစ်စီးကို သိမ်းယူပြီး သင်္ဘောသားများကိုပါ ဖမ်းဆီးအရေးယူသည့်ကိစ္စကြောင့် အေဒီ(၁၆၄၅)ခုနှစ် ဒတ်ချ်ကုန်တိုက်ကို ပိတ်ပစ်ခဲ့သည်။ အေဒီ(၁၆၅၂)ခုတွင် စန္ဒသုဓမ္မရာဇာ နန်းတက်ပြီးနောက် ဒတ်ချ်တို့သည် ကုန်တိုက်တစ်ခုဖွင့်လှစ်ရန် ကမ်းလှမ်းလာခဲ့သည်။ ထို့နောက် အောက်တိုဘာလတွင် ဂျွန်ဂူးဆင် (Joan Goeasons)ကို ကိုယ်စားလှယ်ခန့်အပ်ကာ ကုန်သွယ်ရေးအတွက် ဘာဘေးဘီးယားမှ သင်္ဘောများ စေလွှတ်ခဲ့သည်။

ဘုရင်မင်းမြတ်က ကောင်းစွာလက်ခံတွေ့ဆုံပြီး ကုန်တိုက်သစ်တစ်ခု ဆောက်လုပ်ခွင့်ပြုခဲ့သည်။ အသစ်ဆောက်လုပ်သော မြောက်ဦးရှိ ဒတ်ချ်ကုန်တိုက်တွင် ဂူဆင်သည် (၁၆၅၆)ခုနှစ်တွင်လည်းကောင်း၊ ဗင်ဒရိတ်ဒီဒိုင်ယူ Bendrike de Dieu သည် သူကွယ်လွန်သည့် (၁၆၅၀)ခုနှစ် ဇူလိုင်လအထိလည်းကောင်း၊ မြူဗတ်(Voar Burg)သည် (၁၆၆၅)ခုနှစ်ထိ လည်းကောင်း၊ ကုန်တိုက်မှူးများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ဤသို့ စက်ရုံများ ကုန်တိုက်များဆောက်ကာ အခိုင်အမာ တည်ဆောက်ခဲ့သော ကုန်သွယ်ရေးကို အခြေခံသော ဒတ်ချ်ရခိုင်ဆက်ဆံရေးမှာ (၁၆၆၀)ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော မဂိုအင်ပါယာအတွင်း နန်းလုပွဲများကြောင့် တခန်းရပ်သွားခဲ့ရလေသည်။

အေဒီ(၁၆၆၀) ခု၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မဂိုစစ်ရှုံးဘုရင် ရှားရှူဂျာသည် မြောက်ဦးဘုရင်ထံ ခိုလှုံရောက်ရှိလာခဲ့သည်။ ထိုအချိန် မြောက်ဦးရွှေနန်းတွင် စန္ဒသုဓမ္မရာဇာ အုပ်စိုးလျှက်ရှိလေသည်။ ဒက္ကားဘုရင်ခံ ရှားဟစ္စတာခန်ကရှားရှူးဂျာအား ဖမ်းဆီးပေးရန် ဒတ်ချ်တို့အား အကူအညီတောင်းခဲ့သည်။ ယူဂလီမှ ဒတ်ချ်ကုန်တိုက်မှူးကလည်း ရှာရှူးဂျာအား ပြန်လည်ပေးအပ်ရန် မေတ္တာရပ်ခံသည့် စာတစ်စောင် ရခိုင်ဘုရင်ထံ ပေးပို့ခဲ့သည်။ သို့သော် စန္ဒသုဓမ္မရာဇာကား လုံးဝအရေးတယူ မဆောင်ရွက်ခဲ့ချေ။ မဂိုတို့အနေနှင့်လည်း ရခိုင်တို့နှင့် မလွဲမသွေစစ်ဖြစ်မည့် အရေးတွင် ရခိုင်ရေတပ်၏ ကျွမ်းကျင်မှုကို မယှဉ်နိုင်ကြောင်း ကောင်းစွာသိသည်။ သူနှင့်ဒတ်ချ်တို့ထံမှ အကူအညီတောင်းခံခဲ့သည်။ ဘင်္ဂလားရှိ ဒတ်ချ်တို့က ငြင်းပယ်လိုက်သောအခါ အေဒီ(၁၆၆၅)ခုနှစ် မတ်လတွင် ဘာတေးဘီးယားသို့ သံအဖွဲ့တဖွဲ့စေလွှတ်၍ ရခိုင်နှင့် မဂိုအရေးအခင်းတွင် ပြတ်ပြတ်သားသား ရွေးချယ်ဆုံးဖြတ်ဖို့လိုကြောင်း၊ အကယ်၍ ရခိုင်တို့နှင့် အဆက်အသွယ်ဆက်လုပ်ပါက ဒတ်ချ်တို့အားလုံးကို ဘင်္ဂလားနယ်မှ အပြီးအပိုင် ထုတ်ပစ်မည်ဖြစ်ကြောင်း ရာဇသံပေးခဲ့သည်။ ဒတ်ချ်တို့အဖို့ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကြောင့် ဘာတေးဘီးယားကောင်စီသည် လက်ရှိအနေအထားနှင့် အနာဂတ်အတွက် မူဝါဒချမှတ်နိုင်ရန်အတွက် အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ရသည်။ ဒတ်ချ်တို့အတွက် လက်ရှိအနေအထားတွင် ရခိုင်နှင့် ဘင်္ဂလားတစ်ခုခုကို ရွေးချယ်ရမည်ဖြစ်သည်။ ထိုအချိန်က ရခိုင်ပြည်နှင့် ကုန်သွယ်ရေးမှာ ဘင်္ဂလားလောက် အကျိုးမဖြစ်ထွန်းချေ။ ဆန်စပါးနှင့် ကျွန်းကို ဘင်္ဂလားမှလည်း အလျှံပယ် ရရှိလိုက်သည်။ ရခိုင်ပြည်နှင့် အနာဂတ်ကုန်သွယ်ရေးမှာ ထိုးခွဲရန်မရေရာ။ မသေချာ။ ထိုအထဲ နန်းတွင်းရေးက ရှုပ်ထွေးလိုက်ချေသေး၏။ ဘင်္ဂလားနှင့်ကုန်သွယ်မှုမှာ အေဒီ(၁၆၂၇)ခုနှစ် ကုန်သွယ်မှု စတင်သည်မှစ၍ ယနေ့(၁၆၆၅)ခုနှစ်အထိ မှန်မှန်ကြီး တိုးတက်နေပေသည်။ ဋင်းပြင် ရခိုင်ပြည်တွင် မြောက်ဦးတစ်မြို့တည်းသာ ကုန်တိုက်ဖွင့်၍ ရှိသော်လည်း ဘင်္ဂလားတွင် ချင်ဆူရာ(Chinaura) ကာဆင်ဘဇာ( Kasin Bazar)နှင့် ပတ္တနာ (Patna)မြို့တွင် ကုန်တိုက် ဖွင့်လှစ်ထားရှိသည်။ ချင်ဆူရာတွင် ခံတပ်ပင် ဆောက်ခွင့်ပြုထားပေသည်။ သို့ဖြစ်ရာ ဘာကေးတီးယားကောင်စီသည် ရခိုင်တို့ကို အဆက်အသွယ်ဖြတ်ရန် ဆုံးဖြတ်ချက်ချမှတ်ရတော့သည်။ ဤနည်းဖြင့် မြောက်ဦးခေတ်ရခိုင်ဒတ်ချ်ဆက်ဆံရေးမှာ နိဂုံးချုပ်သွားခဲ့လေသည်။

---

၉။ Hall; Dutch-Ral-79
၁၀။ Hall; Dutch-Ral-79
၁၁။ Hall-Dutch-Relation-P-89
၁၂။ Dutch-Relation-?-79-92

## မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၂)

မြောက်ဦးခေတ်တွင် တန်ခိုးအကြီးဆုံးနှင့် အာဏာစက်အပြန့်ဆုံးသော မင်းဗာကြီးခေါ် မင်းဘင်(အေဒီ ၁၅၃၁-၁၅၅၃) လက်ထက်မှ ၎င်း၏သားတော် မင်းဖလောင်း(အေဒီ ၁၅၇၁-၁၅၉၃)လက်ထက်ထိ စုစုပေါင်း(၅)ဆက် လက်ထက်တွင် ဘုရင်ဂျီဖလောင်းလူမျိုး ပေါ်တူဂီတို့ စတင်ရောက်ရှိလာသောကာလဖြစ်ပြီး အများအားဖြင့် အရှေ့တိုင်းသားတို့နှင့် ရင်းနှီးစွာ ဆက်ဆံပြီး လေ့လာသောကာလအဖြစ် မှတ်ယူရပေမည်။ ဤကာလအပိုင်းအခြားတွင် ၎င်းတို့သည် အတတ်နိုင်ဆုံး လိုက်လျောပြီး ဒေသခံဘုရင်များအပေါ် အကူအညီပေးကာ အမှုတော်ထမ်းရွက်ကာ အယုံသွင်းကြသည်။

မြောက်ဦးရွှေနန်းတွင် မင်းဖလောင်း နတ်ရွာစံပြီးနောက် ၎င်း၏သားတော် မင်းရာဇာကြီး ဆက်ခံသည်။ ဘင်္ဂလားဒေသမှ အုပ်ချုပ်ခံ တိုင်းရင်းသားများက ဆိုလင်ရှား(Solin Shah I)ဟု ခေါ်သည်။ အေဒီ-၁၅၉၉တွင် ဟံသာဝတီ ပဲခူးအား အောင်မြင်ပြီးနောက် အပြန်လမ်းခရီးတွင် စစ်တကောင်းစား မဟာပညာကျော်အမတ်ကြီးသည် အရွယ်ကြီးရင့်၍ ကွယ်လွန်ခဲ့သည်။ ၎င်းနေရာတွင် ဦးရီးတော် သေနာပတိအား စစ်တကောင်းစားအဖြစ် ခန့်အပ်သည်[1]။

ဟံသာဝတီ ပဲခူးအား တိုက်ခိုက်သိမ်းယူပြီးနောက် ရခိုင်ဘုရင့်တပ်မတော်တွင် အမှုထမ်းခဲ့သည့် ပေါ်တူဂီလူမျိုး စဘေးဒီဘရစ်တို ခေါ် ငဇင်ကာအား မြို့စောင့်အဖြစ် သံလျင်တွင် ထားခဲ့သည်။

ရခိုင်ရာဇဝင်တွင်-

"ထိုအခါဝယ် ကျွန်တော် ဘရင်လုံ ငအင်္ဂါငယ်ကို ကြွင်းကျန်ရစ်သော မွန်မြန်မာတို့နှင့်တကွ၊ သဘော်ဆိပ်ပြု၍ နှစ်တိုင်းမပြတ်လတ် လက်ဆောင်ပဏ္ဏာကာရနှင့် ငါသို့ရောက်လတ်စေဟု စေတော်ပြုခဲ၏။[2] ဟူ၍လည်းကောင်း "မင်းရာဇာလည်း ဘိုးတော်မင်းဗာကြီးသား ကုလားအေဂ်ကို သဘော်သုံးစင်းကျွမ်းကျင်လှေတစ်ရာကျော် လူ ၂၀၀၀ ကျော်ခန့်နှင့် သံလျင်တွင် အခိုင်အလုံနေစေသည်။[3]ဟူ၍ တွေ့ရသည်။

အစပိုင်းတွင် ကျေးဇူးရှင်များအား ယုံကြည်အောင် သံလျင်မှနေ၍ ရခိုင်ဘုရင်နှင့် တောင်ငူဘုရင်တို့ထံ လက်ဆောင်ပဏ္ဏာများ ဆက်သခဲ့သည်။[4]

ပေါ်တူဂီလူမျိုး ဒီဘရစ်တိုခေါ် ငဇင်္ကာသည် သံလျင်ကို ခြေကုတ်ရသည်နှင့် နယ်ချဲ့ရန် ကြံုးပမ်းလာသည်။ မြို့ပြ၊ ကျုံး၊ မြို့ရိုး၊ တို့ကို ခိုင်လုံအောင် ပြုလုပ်ပြီး သဘော်သား၊ ကုန်သည်များနှင့်မသင့်၊ သင့်အောင် ဆွဲဆောင် ဖြားယောင်းသွေးဆောင်ပြီး မဟာမိတ်ပြုလုပ်သည်။ မုတ္တမကို မင်းပြုသော ဗညာဒလ၏သား ဗညားနွယ်နှင့် မိမိ၏သမီး ကို ပေးမြား၍ မဟာမိတ်ပြုလုပ်သည်။[5]

ပေါ်တူဂီ၏မှတ်တမ်းတွင် ဒီဘရစ်တိုသည် ရှေးဦးစွာ သံလျင်မြစ်ဝတွင် အကောက်ရုံးတစ်ရုံး ဆောက်လုပ်ရန် ရခိုင်ဘုရင်အား တိုက်တွန်းသည်။ အခွန်ဘဏ္ဍာပိုမို ရရှိအောင် အကြောင်းပြသော်လည်း အကောက်ရုံးပြီးစီးပါက ခံတပ်အဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်သည်။ သို့ရာတွင် ရခိုင်ဘုရင်သည် ကောင်းစွာရိပ်မိပြီး တိုင်းရင်းသား မွန်အမျိုးသား ဗညားဒလဆိုသူအား အပ်နှံကာ ခံတပ်အဖြစ် ဆောက်လုပ်စေသည်။ ခံတပ်အတွင်းသို့ ဒိုမီနီတန် ဘုန်းတော်ကြီး ဘဲလ်ကွာဒီလာက(ဖ်) (Belchoir die la lus) မှ လွဲ၍ မည်သည့်ပေါ်တူဂီလူမျိုးတို့မှ ခံတပ်အတွင်းသို့ အဝင်မခံချေ။ ထို့ကြောင့် ဒီဘရစ်တို့သည် ခံတပ်မပြီးမီ ရုတ်တရက် ဝင်ရောက်စီးနင်းတိုက်ခိုက်လိုက်သဖြင့် ဗညားဒလသည် အနီးရှိကျွန်းတစ်ကျွန်းသို့ ထွက်ပြေးရကြောင်း ဖော်ပြထားပေသည်။[6]

---

၁။ Campos, opcit, P-69, Sinapadi night be Portuguese Corruption of either Senapati or Simhapati, Campos writes that in 1602 king of Chittagone was the Uncle of the king of Arakan (Rakhine)

၂။ ငမည်ရာဇဝင် 'ပေဘ်' ချပ်စမ်း

၃။ ရခိုင်ရာဇဝင်သစ်ကျမ်း- စာ-၁၅၂

၄။ ကုလားရာဇဝင်တော်ကြီး- (တ)-စာ-၁၀၆

၅။ ရခိုင်ရာဇဝင်သစ်ကျမ်း-စာ-၁၅၂

၆။ Danver, F.e, Partuguese in India, Val. 11, 1894, P. 123

ဒီဘရစ်တိုသည် ဂိုအာဘုရင်ခံထံမှ အကူအညီရရှိမှ အောင်မြင်မည်ကို သိရှိ၍ ကိုယ်တိုင်သွားရောက်ပြီး အရေးဆိုနေစဉ် ရခိုင်ဘုရင်သည် ဗညားဒလအား လူလေးထောင်ပါသော တပ်ဖြင့် သံလျင်ကို လုပ်ကြံစေသည်။ ဒီဘရစ်တို အစောင့်အကြပ်ထားခဲ့သော ဒီဆူဇာက ကြံ့ကြံ့ခံ၍ မအောင်မြင်ချေ။[7]

ဒီဘရစ်တိုသည် အင်အားကောင်းလာရာ ရခိုင်ဘုရင်ကိုလည်း မကျိုးနွံ၊ တောင်ငူဘုရင်ကိုလည်း မကျိုးနွံ၊ လက်ဆောင်ပဏ္ဏာလည်း မပို့တော့၊ ၎င်းအပြင် တောင်ငူ၊ ရခိုင်ဒေသများသို့ အရောင်းအဝယ်ပြုမည့် ကုန်သည်များကို ပါ တဆင့်တိုး၍ ချုပ်ကိုင်လာသည်။ သွားလာဝင်ခွင့် မပြုချေ။ ဤအခြေအနေကို ကြားသိရသော ရခိုင်ဘုရင်နှင့် တောင်ငူဘုရင်တို့သည် မခံမရပ်နိုင်ဖြစ်ကာ ပူးပေါင်းစစ်ဆင်ရန် ဆုံးဖြတ်လိုက်လေသည်။ တောင်ငူဘုရင်က သားတော်အိမ်ရှေ့မင်းအား စစ်သည်သူရဲ ငါးသောင်းဖြင့်လည်းကောင်း၊ ရခိုင်ဘုရင်က အိမ်ရှေ့မင်း၊ မင်းခမောင်း အား ကတ္တူလှော်ကြီးတစ်ရာ တံခွက်လှေငယ်တစ်ရာကျော်ခန့်ဖြင့် ရေကြောင်းမှလည်းကောင်း သံလျင် သို့ ချီစေသည်။[8]

ဒီဘရစ်တိုခေါ် င/ဇင်္ကာလည်း ပြည်ထောင်မင်းနှစ်ပါး ချီလာလျှင် ခံနိုင်မည်မဟုတ် အကြံရှိ၍ ကတ္တူလှော်ကျင် သင်္ဘောတွင် ပြောင်းသေနတ်အပြည့် စီစဉ်၍ စားနပ်ရိက္ခာအပြည့်အစုံဖြင့် သံလျင်မြို့မှထွက်လာရာ ရခိုင် အိမ်ရှေ့မင်းသား မင်းခမောင်း ဦးဆောင်သောရေတပ်နှင့် တွေ့၍ တိုက်ကြသည်။ အိမ်ရှေ့မင်း၏တိုက်လှေမှာ သင်္ဘော တို့ အားမတန်၍ ကွဲပေါက်ပျက်စီးလေရာ အိမ်ရှေ့မင်းကို ဓားစားခံအဖြစ် င/စင်္ကာတို့က ဖမ်းဆီးရမိလေသည်။ ဤသတင်းကို ရခိုင်မင်းရာဇာကြီးကြားလျှင် အလုံးအရင်း အပြင်းနှင်းချီလာပြီး တောင်ငူအိမ်ရှေ့မင်းနှင့်အတူ သံလျင်ကို ဆက်လက်လုပ်ကြံသည်။ သို့သော် ဓားစားခံမင်းသားနှင့်တကွ မြို့တွင်းမှ ခံနေ၍မရနိုင်ပဲရှိရာ နောက်ဆုံး၌ စေ့စပ် ဆွေးနွေးရသည်။ ပေါ်တူဂီ ဒီဘရစ်တိုလည်း သူ့အားမလေးမစား ငါတို့ကျွန်ဟု မဆိုလင့်၊ ပြည်ထောင်ချင်းမင်းဟုဆိုမှ ဥပရာဇာကို ငါပေးမည်ဟု အကြောင်းပြန်သဖြင့် ရေရှည်အကျိုးမျှော်ကိုး၍ "နောင်သံလျင်ကို လုပ်ကြံပြီဟု ဂတိကဝတ် ပြုမှ မင်းခမောင်း အိမ်ရှေ့စံအား လွှတ်ပေးခဲ့သည်။[9]

ဤသို့ဖြင့် မင်းရာဇာကြီးသည် တိုင်းတပါး နိုင်ငံခြားသားတို့အပေါ် ယုံလွယ်မိခဲ့သော အမှားတစ်ရပ်သည် နောင်တွင် မြန်မာတစ်နိုင်ငံလုံးနှင့် ဆိုင်သော တုံလှုပ်ခြောက်ခြားသွားစေသည့် သမိုင်းကွင်းဆက်ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့လာရလေသည်။

ဤသို့ အရှေ့ဘက် ရခိုင်နယ်စပ် သံလွင်မှ င/ဇင်္ကာက ထောင်ထားခြားနားသလိုပင် အနောက်ဘက်နယ်စပ် ဘင်္ဂလားနယ်တွင် ပေါ်တူဂီခေါင်းဆောင်ကာ ဂဲလ်အို (Carvalho) သည် အေဒီ ၁၆၀၂ ခုနှစ်တွင် ရခိုင်ပိုင် ဆင်းဒဝစ်ကျွန်းကို ကျူးကျော်ဝင်ရောက်သိမ်းပိုက်ပြန်သည်။[10]

ဤကျွန်းသည် ရခိုင်ရာဇဝင်တွင် သောင်းထီးကျွန်းအဖြစ် ထင်ရှားခဲ့သော ကျွန်းတစ်ကျွန်းပင် ဖြစ်သည်။

"သားတော် အိမ်ရှေ့မင်း (မင်းဘင်၏သား အေဒီ ၁၅၃၂)၏ ပင်လယ်ကြောင်းလမ်းတွင် ကုလားတို့ သင်္ဘောဖြင့် ဆီးဆို့ခံနှင့်သည်ကို အတွင်းကြောင်းချီသွား၍ သောင်းတီးကျွန်း၊ မဟိတ္တရာကျွန်းတို့ကို ရလေသည်။[11]

"ဘီတော် ဝေသာလီမင်း သီရိစန္ဒရား (အေဒီ ၆ ရာစု) သားတော် အိမ်ရှေ့မင်း သိင်္ဂစန္ဒရား အနောက်ပြည်သို့ ချီသည့်ကာလ၊ ကုလားပဆာမင်းက ဆက်သလိုက်သော ဒံရမာဇလီ၊ ဒုရဘီမင်းသမီးတို့က သောင်းတီးနတ်မှာ လူလေးထောင် လှူလိုကြောင်း လျှောက်ထားရာ"[12]ဟူ၍ တွေ့ရသည်။ ၎င်းနောက် ဆင်းဒဝစ်ကျွန်းအနီး ပင်လယ်ပြင်ကို အမှီပြု၍ လုည့်လည်ကျက်စားနေကြသော ပေါ်တူဂီအများအပြား ခိုဝင်လာခဲ့ကြရာ တဖြေးဖြေးအင်အားကောင်းလာခဲ့ သည်။ ဆင်းဒဝစ်ကျွန်းကို ဘုရင်သသွယ်အုပ်ချုပ်နေသော ကာဝဲလ်ဟိုသည် စစ်တကောင်းအနီးရှိ ရခိုင်ဘုရင်ပိုင်နက်၊ ဒီယင်းဂါးမြို့တွင် ရခိုင်ဘုရင်၏ ခွင့်ပြုချက်ဖြင့် အခြေချနေထိုင်ကြသော ပေါ်တူဂီများအားလည်း စည်းရုံးသိမ်းသွင်း

---

၇။ ယင်း-စာ ၁၂၅
၈။ ရခိုင်ရာဇဝင်သစ်-စာ ၁၅၂
၉။ ကုလား၊ ရာဇဝင်ကြီး (တ) စာ-၁၁၀
၁၀။ Suniti, A History Chittagone-P-240
၁၁။ ရခိုင်ရာဇဝင်သစ်ကျမ်း-စာ-၆၂
င/မည်ရာဇဝင် 'ဆား' ဝမ်း ၁-၃
၁၂။ ရခိုင်ရာဇဝင်သစ်ကျမ်း-စာ-၆၈

နိုင်ခဲ့လေသည်။ ဒိုင်းယင်းဂါး ပေါ်တူဂီ ကပ္ပတိန်မင်နုရဲလ်လီဒီမာတော့ (Manual de Mattos)လည်း ပူးပေါင်းပါဝင်ကာ သူ့လူ(၄၀၀)ကူညီစေလွှတ်ခဲ့သည်။ ၎င်းနောက် ကာဝဲလ်ဟိုနှင့်အတူ ဆင်းဒဝစ်ကျွန်း၏ ဘုရင်ခံအဖြစ် မင်းမူနေကြတော့သည်။[၁၃]

ဆင်းဒဝစ်ကျွန်းအား ပေါ်တူဂီများ သိမ်းပိုက်မှုမှာ ရခိုင်ဘုရင်အဖို့ အံ့ဩသင့်စေခဲ့သည်သာမက အမျက်ဒေါသလည်း ပွားစေခဲ့သည်။ ရခိုင်ပြည် အနှံ့အပြားတွင် ပေါ်တူဂီများအား အခြေချနေထိုင်ခွင့်ပြုထားသည်။ ဘုရင့်ကိုယ်ရံတော်တပ်အနေနှင့်လည်း အနီးကပ်တပ် ဖွဲ့စည်းလျက် ရှိပေရာ အချိန်မရွေးပေါက်ကွဲနိုင်ကြောင်း၊ အန္တရာယ်ရှိနိုင်ကြောင်း မြွေပွေး၊ ခါးပိုက်ထဲ ပိုက်ထားမိကြောင်း ရခိုင်မင်းရာဇာကြီး ကောင်းစွာရိပ်စားမိခဲ့လေသည်။ ရခိုင်ဘုရင်၏ မဟာဗျူဟာ စစ်ရေးအမြင်ကို ဘင်္ဂလားနယ် ဘာလာ (Pakla)ဘုရင်လည်း တသဘောတည်း သတ်မှတ်သည်။[၁၄] နယ်ချဲ့ပေါ်တူဂီတို့မှာ ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်နေသောနိုင်ငံများအဖို့ အန္တရာယ်ပင်ဖြစ်သည်။ ဘုံရန်သူပင်ဖြစ်သည်။

ရခိုင်ဘုရင် မင်းရာဇာကြီးသည် ပေါ်တူဂီပင်လယ်ဓားပြများအား နှိမ်နင်းချေမှုန်းရန်အတွက် အမြောက်လက်နက်အပြည့်အစုံ တပ်ဆင်ထားသော စစ်သင်္ဘော (၁၅၀)ပါဝင်သည့် ရေတပ်ကြီးတစ်တပ်ကို စေလွှတ်ခဲ့သည်။ ရခိုင်ရေတပ်အား ကူညီရန် တြိပူရ် (Tripur) ဘုရင်ကင်ဒါရာ (Kedar Rai) မှလည်း စစ်လှေကြီး (၁၀၀)ကို စေလွှတ်ခဲ့သည်။[၁၅] ရခိုင်ရေတပ်ကြီးသည် အေဒီ ၁၆၀၂ နိုဝင်ဘာ(၈)ရက်နေ့တွင် ပေါ်တူဂီအခြေခံစခန်း ဒီယင်းဂါးမြို့သို့ ဆိုက်ရောက်သောခါ လူအပြည့်၊ ပစ္စည်းအပြည့် တင်ဆောင်ထားသော ပေါ်တူဂီသင်္ဘောများ ဆုတ်ခွာပြီး ဖြစ်လေပြီ ကပ္ပတိန်မာတော့ ဦးစီးသည့် သင်္ဘောတစ်စင်းသာ နောက်ဆုံးကျန်ခဲ့ရာ ဆိုးဆိုးဝါးဝါး၊ ခြေမှုန်းခံလိုက်ရသည်။ ကပ္ပတိန်မာတော့အပါအဝင် သင်္ဘော(၄)စီးအား ဖမ်းဆီးရမိရာ ရခိုင်သားတို့သည် ထိုအောင်ပွဲအတွက် အပျော်ကြီးပျော်ခဲ့ကြပေသည်။[၁၆]

နောက်နှစ်ရက်အကြာ နိုဝင်ဘာ(၁၀)ရက် နံနက်စောစောပိုင်းတွင် ကာဗယ်ဟိုနှင့် မာတော့ဦးစီးသော စစ်သင်္ဘော (၅၀)ကျော် ပါဝင်သော ပေါ်တူဂီရေတပ်သည် ရုတ်တရက် ထိုးစစ်ဆင်လာသည့် ရန်သူကို အထင်သေးကာ အငိုက်မိခံရသော ရခိုင်ရေတပ်၏အဆုံးအရှုံးမှာကား ကြီးမားလှသည်။ ပေါ်တူဂီသမိုင်းတို့ အဆိုအရ ရခိုင်သင်္ဘော (၁၄၉)စီး ဆုံးရှုံးသည့်အပြင် စစ်တကောင်းမြို့ဝန်အပါအဝင် အများအပြားကျဆုံးခဲ့ရလေသည်။[၁၇] ဤဆုံးရှုံးမှုသတင်းမှာ စစ်တကောင်းမြို့သို့ မကြာမီရောက်ခဲ့ရာ မြို့သူမြို့သားများ စိုးရိမ်ကြောင့်ကြရှိခဲ့ကြသည်။ သို့သော် ပေါ်တူဂီတို့အနေနှင့် စစ်တကောင်းမြို့တော်အား တိုက်ရန်ကြည်းတပ်အင်အား မရှိသည်ကတစ်ကြောင်း၊ မဝံ့သည်ကတစ်ကြောင်းတို့ကြောင့် ပေါ်တူဂီရေတပ် ပြန်လှည့်သွားခဲ့သည်။

ရေတပ်၏ဆုံးရှုံးမှုသတင်း မြောက်ဦးမြို့တော်သို့ မကြာမြင့်မီပင် ရောက်ရှိသွားခဲ့လေရာ ရခိုင်ဘုရင်သည် နေပြည်တော်အတွင်း နေထိုင်သော ပေါ်တူဂီများအပေါ် ပြင်းထန်သော လက်စားချေမှုကို ချက်ချင်းစတင်ခဲ့လေသည်။ စစ်တပ်ကြီးကို အရေးပေါ်ဆင့်ခေါ်ပြီး “မိစ္ဆာကောင်နယ်ချဲ့ပေါ်တူဂီများအား ပင်လယ်ထဲသို့ မောင်းထုတ်ကြ” ဟူသော အမိန့်ဖြင့် သွားရောက်နှိမ်နင်းစေသည်။[၁၈] ရခိုင်ဘုရင်သည် ဆင်းဒဝစ်ကျွန်းအား တိုက်ခိုက်သိမ်းပိုက်ရန် ဆန္ဒပြင်းပြနေလေရာ သူသည် ကြီးမားသော ရခိုင်ရေတပ်ကြီးပါ ဖွဲ့စည်းလိုက်လေသည်။ ရွက်တစ်ထောင်ခန့် တပ်ဆင်ထားသော ဖရိဂိတ်သင်္ဘောကြီးများမှ အာရပ်နိုင်ငံလုပ် သာမန်လှော်တက် တိုက်လှေငယ်များ[၁၉] ထိ များပြားလှသော ရေတပ်ကြီးဖြင့် ၁၆၀၃ အေဒီ နှစ်ဦးပိုင်းတွင် ထိုးစစ်ကြီးကို စတင်သည်။[၂၀] ရခိုင်တို့သည် ဆင်းဒဝစ်ကျွန်းအား အေဒီ ၁၆၀၃ ခု

---

၁၃။ S.N.H. RIZVI, Chittagone Dist Qazetieer-P. 71

၁၄။ Campos, op cit, P-69

၁၅။ RIZVI, P-71

၁၆။ Campos, op. cit, P. 69 RIZVI, P-72

၁၇။ Suniti. P-241

၁၈။ Campos, op. cit, P. 70

၁၉။ Sent an enormous fleet of thousand sail consisting mostly of frigate eatres (a light row ing vessel from Arabic kativeh a small cnaft), P-72

၂၀။ Suniti, P. 242; Rizvi, P. 72

မတ်လတွင် သိမ်းပိုက်လိုက်ကြောင်း ဘုန်းတော်ကြီး ဂါးရိယို၊ (Guerreiro)၏မှတ်တမ်း[၂၁] အရ သိရှိရပေရာ နောက်ပိုင်းတွင် ပေါ်တူဂီတို့က ရင်ဆိုင်တိုက်ခဲ့ပုံ မရချေ။ ရခိုင်ရေတပ်ချီတက်လာသည်နှင့် နောက်ထပ်တိုက်ပွဲဝင်နိုင်ရန် အခြေအနေမရှိ၍ ဆင်းဒဝစ်ကျွန်း၏မြောက်ဘက်သို့ တိမ်းရှောင်လာရာ နောက်ဆုံးတြိပူရ ဘုရင်ထံ ခိုလှုံခဲ့ရပေသည်။[၂၂]

၁၆ ရာစုအကုန်ပိုင်းလောက်တွင် မဂိုတို့သည် ဘင်္ဂလားနယ်တစ်ခုလုံးနီးပါး သိမ်းပိုက်ထားပြီးဖြစ်ရာ ရခိုင်နယ်စပ်ရှိ ဘာလူအ (Balua)ပြည်ကို သိမ်းပိုက်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိလေသည်။[၂၃] ဤအရေးတွင် ရေတပ်အင်အားကို အခြေခံ၍ တိုက်ရည်စွမ်းရည် အဘက်ဘက်မှ သာလွန်သော ပေါ်တူဂီတို့အား တပည့်မွေးရန် လုံးပန်းလာသည်။ အေဒီ ၁၅၇၆ ခုနှစ်တွင် ဘင်္ဂလားနယ်ကို သိမ်းယူပြီးနောက် အင်္ဂါမြစ်ဝရှိ ဟူဂလီ (Hughli) တွင် ပေါ်တူဂီတို့အား နေထိုင်ခွင့်၊ အခြေချခွင့် ပြုခဲ့သည်။[၂၄] ဤသို့ တဘက်မှ ပေါ်တူဂီတို့အား ချည်းကပ်နေချိန်တွင် ပေါ်တူဂီတို့နှင့် အမြဲရန်ဘက်ဖြစ်နေရန် မသင့်ဟု ရခိုင်ဘုရင် မင်းရာဇာကြီးသည် ကောင်းစွာသဘောပေါက်ခဲ့ပေသည်။ သို့ဖြစ်ရာ မဂိုရန်မှ ကာကွယ်ရန်အတွက် နယ်စပ်တွင် ပေါ်တူဂီများအား စောင့်ကြည့်သောအဆင့်။ တစ်နည်းအားဖြင့် စည်းကမ်းနှင့် ဘောင်နှင့်နေထိုင်ခွင့်ပြုရန် စီမံရတော့သည်။

ဒိုမီနံကင်မှတ်တမ်းများအရ ပျက်စီးသွားခဲ့သော ခရစ်ယာန်ကျောင်းတော်များကို သူ၏စရိတ်ငွေကြေးထောက်ပံ့ဆောက်လုပ်ခွင့်ပြုကြောင်းနှင့် လူများကို ပြန်လည်၍ ယင်း၏ပိုင်နက်အတွင်း အခြေချနေထိုင်ခွင့်ပြုကြောင်း ဖော်ပြထားပေသည်။[၂၅] သို့သော် နှစ်အနည်းငယ်တာမျှ ရရှိခဲ့သည့် လွတ်လပ်ခွင့်ကို အခွင့်ကောင်းယူ၍ နေရာအနှံ့ စစ်စခန်းများတည်ဆောက်ကာ အင်အားစုဆောင်းကြပြန်သည်။ မရိုးသားသော နိုင်ငံရေးလှုပ်ရှားမှုသတင်းများလည်း ဘုရင်မင်းမြတ်ထံ စခန်းအသီးသီးမှ တဖွဲဖွဲရောက်ရှိခဲ့လေသည်။ အချို့ပေါ်တူဂီ အခြေခံစခန်းများတွင် ပြဿနာများပင် တက်လာခဲ့ချေပြီ။

လတ်တလော အခြေအနေများအနက် ရခိုင်ဘုရင် မင်းရာဇာကြီးက သံလျင်တွင် အစောင့်အနေ သစ္စာဂတိဖြင့် ထားခဲ့သော ဘရက်ကိုဒီနီကိုတံ (Brito-Nicote) ခေါ် ဒီဘရက်တို ဇဇင်ကာသည် သံလျင်ကို အခိုင်အမာပြုယုံနှင့် ကြေနပ်အားရမှု မရှိဘဲ ဘင်္ဂလားသို့ နယ်ချဲ့လာခဲ့ခြင်းပင် ဖြစ်သည်။ (၁၆၀၇)ခုနှစ်တွင် ဒီယင်းဂါးသို့ ၎င်း၏သားဖြစ်သူအား သင်္ဘောတစ်စီးဖြင့် စေလွှတ်ကာ ရခိုင်လက်ထဲမှ ဒီယင်းကားအား လွှဲပြောင်းပေးရန် တောင်းဆိုလိုက်ခြင်းပင်ဖြစ်သည်။ မင်းတရားကြီးသည် ဒီဘရစ်တို၏သားကို နန်းတော်သို့ခေါ်ယူပြီး အဆုံးစီရင်လိုက်သည်။ ၎င်းနှင့်အတူပါလာသော ပေါ်တူဂီသင်္ဘောသား(၆၀၀)ကိုလည်း ဒီယင်းဂါးတွင် သုတ်သင်ခဲ့လေသည်။ ကံကောင်းထောက်မ၍ ပေါ်တူဂီ (၁၀)ဦးခန့် လွတ်မြောက်သွားခဲ့ရာ နောင်တွင် ဘင်္ဂလားပင်လယ်အော်ကမ်းခြေရှိ နိုင်ငံများအားအနှောင့် အယှက်ပေးမည့် ဂွန်ဇလီတီဘာအို (Sebastian Gonalesttioau)ဆိုသူလည်း တစ်ဦးအဖြစ်ပါရှိခဲ့ခြင်းပင်ဖြစ်သည်[၂၆]။ ၎င်းတို့သည် ဂင်္ဂါမြစ်ဝရှိ ကျွန်းငယ်တစ်ခုပေါ်တွင် အခြေချမိပြီး ပင်လယ်ဓားပြလုပ်ငန်းဖြင့် အသက်မွေးကြသည်။

ဤသို့ ပေါ်တူဂီတို့အား နှိမ်နင်းခြင်းမှာ သစ္စာမရှိသည့်ပေါ်တူဂီများအတွက်သာ ကွက်၍နှိမ်နင်းခဲ့ကြောင်း အနောက်တိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ ထိုသို့ ဒီယင်းဂါးတွင် ပေါ်တူဂီတို့အား နှိမ်နင်းနေစဉ် ၎င်း၏တစ်ဘက်ကမ်းရှိ စစ်တကောင်းတွင် ပေါ်တူဂီများ လွတ်လပ်စွာ သွားလာနေကြကြောင်း ဖရိုက်ဒ်လာဝဲလ်(Pyrard do lavel) ဆိုသူက မျက်မြင်မှတ်တမ်းတင်ထားခဲ့သည်။[၂၇] လာဗဲလ်ဆိုသူမှာ ထိုနှစ်အေဒီ(၁၆၀၇)ခုနှစ်အတွင်း စစ်တကောင်းမှ ရခိုင်ရေတပ်စစ်ကြောင်းတစ်ခု မော်လဒိုက်ကျွန်းစု (Maldives, a group of islands in the Indian Ocean)မှ ဖမ်းယူခဲ့ခြင်း ဖြစ်သည်။ မူလက ၎င်းအား ပေါ်တူဂီဟု ထင်မှတ်ခဲ့ကြသော်လည်း နောက်ပိုင်းပြင်သစ်

---

၂၁။ Guerreiro, Pather Fernso-P. 211

၂၂။ Suniti P. 243, Rizvi, P. 72

၂၃။ Danvers, P. 147

၂၄။ ထွန်းရွှေခိုင်၊ ရခိုင်ရှေးဟောင်းမြို့တော်များ စာ-၆၈

၂၅။ Suniti P. 243

၂၆။ Ibid-P. 243, Danver PP. 142-143

၂၇။ Francois Pyrard de Laval, P. 334
"Voyage of Francois Pyrard of Laval" tr-Albert Gray 1, 334

လူမျိုးဖြစ်ကြောင်း သိရသောအခါ နွေးထွေးစွာ ဂုဏ်ပြုဧည့်ခံကြလေသည်။[၂၈]

ဆင်းဒဝစ်ကျွန်းတွင် ပေါ်တူဂီလူမျိုး ကပ္ပတိန်မက်တော့သေဆုံးပြီးနောက် ၎င်း၏သား ပါယိုဂိုမီ(Pero Gomes)က ဘုရင်ခံအဖြစ် ဆက်လက်အုပ်ချုပ်သည်။ ၎င်းနောက်တွင် မာကိတော့၏လက်ထောက်ဖြစ်ခဲ့သူ ဖိတ်ခန်ဒ္ဒီ (Fate Khan)က ပေါ်တူဂီတို့အား သတ်ဖြတ်ပြီး အာဏာရယူခဲ့သည်။ ၎င်းသည် မဂိုနှင့် ပထန်လူမျိုးတို့အား စုစည်းပြီး ပေါ်တူဂီပင်လယ်ဓားပြနယ်ချဲ့အား အပြတ်နှိမ်နင်းတိုက်ခိုက်ရန် ကြိုးပမ်းလေသည်။ ထိုသို့ ကြိုးပမ်းနေစဉ်ပင် ပေါ်တူဂီ လူမျိုးပင်တို (Sabastian Pinto)၏လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရသည်။ ဖိတ်ခန်သေဆုံးပြီးနောက် ညီဖြစ်သူက ဆင်းဒဝစ်ကျွန်းကို ဆက်လက်၍အုပ်ချုပ်သည်။[၂၉] ကျန်ရှိသော ပေါ်တူဂီပင်လယ်ဓားပြများသည် လုပ်ရည်ကိုင်ရည် ရှိသော ဂွန်ဇလီအား ခေါင်းဆောင်တင်မြှောက်ကာ သောင်းဒတ်ကျွန်းပြန်ရရေး ကြိုးပမ်းကြသည်။ အနီးအနားကျွန်းစု များမှ ပေါ်တူဂီများကလည်း ဂွန်ဇလီနှင့် လာရောက်ပူးပေါင်းကြသည်။ သို့သော်လည်း လုံလောက်သော အင်အားမပြည့် သေး၍ အောင်မြင်ပါက ကျွန်းတစ်ဝက်ပေးမည်ဂတိဖြင့် ဘာလာနှင့် မဟာမိတ်စာချုပ်ချုပ် ဆိုသည်။ ဂွန်ဇလီသည် သင်္ဘော (၄၀)စင်းနှင့် လူ(၄၀၀)အင်အားနှင့် ဘာလာဘုရင်၏ကြည်းတပ်၊ ရေတပ်အကူအညီ ကို ရယူကာ အေဒီ (၁၆၀၉)ခု၊ မတ်လတွင် ဆင်းဒဝစ်ကျွန်းအား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့လေသည်။ ဂွန်ဇလီသည် ဤနည်းဖြင့် ဆင်းဒဝစ် ကျွန်း၏ဘုရင်ခံ ဖြစ်လာသည်။[၃၀] ကျွန်းရှိ တိုင်းရင်းသားတစ်ထောင်ကျော်အား ရက်စက်စွာ သုတ်သင်ရှင်းလင်းခဲ့သည့် အပြင် ဘာ့လာ့(Bakla) ဘုရင်နှင့်ချုပ်ဆိုထားသော ဂတိကိုလည်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့လေသည်။ ကောက်ကျစ်စဉ်းလဲ၍ ဂတိသစ္စာမရှိသော ဂွန်ဇလီသည် ခေတ်မီလက်နက်တပ်ဆင်ထားသော ပေါ်တူဂီစစ်သား (၁၀၀၀)၊ တိုင်းရင်းသားစစ်သား(၂၀၀၀)၊ စစ်မြင်း(၂၀၀)၊ စစ်သင်္ဘော(၈၀)ခန့်ထိ စုဆောင်းရရှိခဲ့ သည်။ ၎င်းနောက်တွင် ဒတ်ရှင်ဆဘတ်ပူရ်နှင့် ပါတဲလ်လီဘန်ဂါ့ (Dalshin shahbazpur and Patell Bhanga) ကျွန်းနှစ်ကျွန်းကို ပြောင်ပြောင်တင်းတင်း ကျူးကျော်သိမ်းပိုက်ခဲ့လေသည်။[၃၁] စစ်အင်အားကောင်းလာသော ဂွန်ဇလီသည် ဘင်္ဂလားနယ်တစ်ဝိုက်နှင့် ရခိုင်ပြည်အား သိမ်းပိုက်ရန် အကြံကြီးကာ အခွင့်အခါကို စောင့်ဆိုင်းလျှက် ရှိလေသည်။

ထိုအချိန်တွင် ရခိုင်ပြည်တွင် မမျှော်လင့်သော နန်းတွင်းအရေးအခင်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။ မင်းရာဇာ ကြီး၏အနောက်ဘုရင် ခေါ် ဘင်္ဂ(၁၂)မြို့ကို အုပ်ချုပ်ရသော ဘုရင်ခံသားတော်တစ်ပါးသည် ရခိုင်ထီးနန်းရရှိရေး အတွက် လျှို့ဝှက်စွာ ကြံစည်ခဲ့လေသည်။ ဤအရေးအခင်းတွင် ပေါ်တူဂီလူမျိုး ဂွန်ဇလီသည် အကြံကြီးစွာဖြင့် အနောက်ဘုရင်ငယ် မင်းသားအား မြှောက်ထိုးပင့်ကော်ပြုကာ ပူးပေါင်းပါဝင်ခဲ့သည်။ မြောက်ဦးထီးနန်းကို သိမ်းပိုက်နိုင် ရေးအတွက် မိမိ၏သားနှင့် အနောက်ဘုရင်၏သမီးတော်အား လက်ဆက်စေခဲ့သည်။ အချို့မှတ်တမ်းများတွင် ဂွန်ဇလီ ကိုယ်တိုင်လည်း ထိုအနောက်ဘုရင်ခံ၏ ညီမတော်နှင့် လက်ဆက်ခဲ့သည်ဟု ဆိုသည်။ ထိုသို့ စီစဉ်နေသည့် သတင်းကို မင်းရာဇာကြီး ကြားသိလျှင် ၎င်း၏သားတော် အိမ်ရှေ့ဥပရာဇာ မင်းခမောင်းအား သွားရောက်နှိမ်နင်းစေသည်။ ပေါ်တူဂီများအကူအညီနှင့် အစွမ်းကုန်ခုခံသော်လည်း စစ်တကောင်းကို (၄)လခန့် ဝိုင်းရံပြီး မြို့ကိုရသည်။ အနောက် ဘုရင်လည်း တိုက်ပွဲတွင် ကျဆုံးခဲ့လေသည်။ အချို့မှတ်တမ်းများကမူ ဆင်းဒဝစ်ကျွန်းသို့ ပြေးလာသောအခါ ရတနာ အမြောက်အများ ယူဆောင်လာခဲ့သည်။ ဤမျှ ရွှေငွေ ရတနာပစ္စည်းကို တခါမျှမမြင်ဘူးသည်ဖြစ်၍ လောဘဇောတက်ကာ အဆိပ်ခတ်သတ်လိုက်ကြောင်း ဆိုပေသည်။ ဂွန်ဇလီလို ပင်လယ်ဓားပြအဖို့ ဤသို့ပြုလုပ်ခြင်းမှာ မှန်ကန်နိုင်စရာ ရှိပေသည်။ အနောက်ဘုရင်၏ သားသမီးဖြစ်ကြသော လူမမယ်မောင်နှမအား ဘုရင်ဂျီဘုန်းတော်ကြီး တစ်ပါးလက်သို့ အပ်နှံကာ အနောက်မြောက်ဦးထီးနန်း၏ မျိုးဆက်သစ်အဖြစ် မွေးမြူးလိုက်လေသည်။ ထိုမင်းသားနှင့် မင်းသမီးငယ်တို့မှာ ပေါ်တူဂီတို့၏ ဓလေ့ထုံးစံအောက်တွင် ကြီးပြင်းခဲ့ရသည့်အပြင် ဘာသာခြားသို့ ယုံကြည် သွတ်သွင်း

---

၂၈။ Ibids, P. 314

၂၉။ Suniti, PP 244-245

၃၀။ Danvers, Portuguese, PP. 143-144
''Collis, M-S, Dom Martin (1606-1643). JBRS, Val 16,
Part 1, 1926, P. 12

၃၁။ RIZVI, pp. 16-17, dANVERS, p. 144-145

ခြင်းကို ခံလိုက်ရ၏။ ဤနည်းဖြင့် လူမျိုးခြားနယ်ချဲ့ကို ယုံကြည်၍ ဘုရင်အပေါ်သစ္စာဖောက်ခဲ့သော သားတော်မှာ မိမိဘဝဆုံးသည့်အပြင် ၎င်း၏မျိုးဆက်နွယ် တစ်ခုလုံး ဘဝတုံးခဲ့ရသည့် အဖြစ်ဆိုးသို့ ကျရောက်ခဲ့ရပေသတည်း။[၃၂]

ရခိုင်မင်းရာဇာကြီးလက်ထက်တွင် မဂိုတို့၏ တိုးချဲ့လာသော နယ်ချဲ့မှုနှင့် မပြတ်ရင်ဆိုင်နေရသည်။ မဂိုတို့သည်(၁၆)ရာစု အကုန်တွင် ဘင်္ဂလားနယ်တစ်ခုလုံးကို သိမ်းသွင်းပြီး အိန္ဒိယပြည် အရှေ့တောင်ပိုင် ဟိန္ဒူစော်ဘွားများပိုင် ကမ်းခြေတစ်လျှောက်ကို ဆက်လက်သိမ်းသွင်းလျက်ရှိသည်။ မဂိုတို့သည် အေဒီ(၁၆၀၉)တွင် ဘာလုအ(Balua)ပြည်[၃၃] အား တိုက်ခိုက်ရန် ပြင်ဆင်လေသည်။ ရေတပ်အင်အားအရာတွင် သာလွန်သော ပေါ်တူဂီတို့ကို မိမိအားကူညီရန် ဘာလုအဘုရင်က ကမ်းလှမ်းခဲ့လေသည်။[၃၄] ပြင်သစ်ကုန်သည်ကြီး ပေရိုက် (Pyrard)၏ မှတ်တမ်းတွင် မဂိုတို့သည် ထိုမှတဆင့်တက်၍ ရခိုင်တို့ကိုပါ ချီတက်သိမ်းပိုက်ရန် ပြင်ဆင်နေကြောင်း ဖော်ပြထားပေသည်။ ၎င်းက သူဘင်္ဂလားမှ ထွက်ခွာခဲ့သော အေဒီ(၁၆၀၇)ခုနှစ်လောက်တွင် မဂိုဘုရင်[၃၅] သည် ရခိုင်အား စစ်ကြေငြာခဲ့ကြောင်း ရခိုင်ဘုရင်သည် မဂိုအား ရင်ဆိုင်နိုင်ရေးအတွက် လူ (၂၀၀၀၀၀)ကျော်နှင့် ဆင် (၁၀၀၀၀)ဖြင့် စစ်ပြင်ဆင်ခဲ့ကြောင်း ဖော်ပြထားပေသည်။[၃၆] အေဒီ ၁၆၀၈ ခုတွင် ဘင်္ဂလားဘုရင်ခံ မစ္စလမ်ခန် (Islam Khan)သည် သူ၏မြို့တော်အား Rajmahal မှ Jahangirnagar (Dhaka-ဒက္ကာ)သို့ ပြောင်းရွှေ့ခဲ့ရာ ရခိုင်ဘုရင်၏အချုပ်အချာကို ပို၍ခြိမ်းခြောက်လာခဲ့လေသည်။ ရခိုင်ဘုရင်သည် မဟာဗျူဟာအရ နယ်စပ်ဒေသလုံခြုံရေးအတွက် ကြိုတင်တားဆီးသည့်အနေနှင့် အေဒီ ၁၆၁၀ ခုနှစ်တွင် ဂွန်ဇလီနှင့် စာချုပ်တစ်ရပ် ချုပ်ဆိုကာ ချက်ချင်းအရေးယူဆောင်ရွက်ခဲ့သည်။ ထိုစာချုပ်တွင် မိမိ၏ကြည်းတပ်မတော် မရောက်လာမီ မဂိုတို့အား ဘာလုအပြည်အား မသိမ်းပိုက်နိုင်ရေးအတွက် အတတ်နိုင်ဆုံး ထိန်းချုပ်ထားရန် ဆီးကြိုတိုက်ခိုက်ရန်နှင့် ကြိုတင်လွှတ်လိုက်သော ရခိုင်ရေတပ်အား ဂွန်ဇလီ၏ကြီးကြပ်မှုဖြင့် လိုသလို စစ်ဆင်နိုင်ရန်၊ စစ်အောင်ပြီးပါက ဘာလုအပြည်အား ခွဲဝေယူကြရန်တို့ ပါရှိလေသည်။ ၎င်းနောက် ရေတပ်အင်အား သင်္ဘော (၂၀၀)နှင့် ရေတပ်သား ( ၄၀၀၀)ကို ဂွန်ဇလီရေတပ်၊နှင့် ပူးပေါင်းရန် ဂွန်ဇလီ၏ကြီးကြပ်ကွတ်ကဲမှုအောက်သို့ လက်လွှဲ လိုက်လေသည်။ ရခိုင်ဘုရင်လည်း မူလကပင် နယ်ချဲ့ပေါ်တူဂီများ၏ ကောက်ကျစ်စဉ်းလဲသော အကြံကို သိခဲ့ပြီးဖြစ်ရကား ၎င်း၏တူအရင်းတစ်ယောက်နှင့် အခြားပေါ်တူဂီအချို့ကို ဓားစားခံအဖြစ် ရခိုင်ဘုရင်ထံ အပ်နှံထားစေသည်။[၃၇] ရခိုင်ဘုရင်၏ စစ်တပ်ကြီးသည် စစ်ဦးကာလတွင် မဂိုပိုင်နက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ပြီး ဘာလုအပြည်မှ မောင်းထုတ်နိုင်ခဲ့သည်။ သို့ရာတွင် အကြံပက်စက်လှသော နယ်ချဲ့ပေါ်တူဂီ ဂွန်ဇလီသည် ရခိုင်ဘုရင်နှင့် ချုပ်ဆိုထားသော စာချုပ်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့လေသည်။ မဂိုတို့အား တိုက်ခိုက်ခြင်း မပြုခဲ့ချေ။ သူသည် မဂိုတို့ထံမှ တန်ခိုးလက်ဆောင်ယူကာ ဝင်ရောက်မစွက်ဘက်ရေး လျှို့ဝှက်သဘောတူခဲ့ဟန် တူသည်။ နောက်အကြောင်းတစ်ချက်မှာ ၎င်းကိုယ်တိုင် အသက်လု ထွက်ပြေးခဲ့ရသည့် ဒီယင်းကားမြို့အား ရခိုင်ဘုရင်၏ ထိရောက်သော နှိမ်နင်းခဲ့မှုကို ဂလဲ့စားချေလိုခဲ့ဟန် သတိရနေသေးဟန် တူပေသည်။ သို့ဖြစ်ရာ ရခိုင်ဘုရင်သည် မဂိုတို့အား အစီအစဉ်မရှိဘဲ ရင်ဆိုင်တိုက်ရလေရာ နောက်ပိုင်းတွင် မဂိုတို့၏ ကြီးမားသော ကြည်းတပ်အင်အားကို ရင်ဆိုင်ရပြီး ဘုရင်ကိုယ်တိုင်ပင် ဆင်တစ်စီး၊ ကိုယ်ရံတော်အနည်းငယ်မျှနှင့် တိမ်းရှောင်ခဲ့ရပေသည်။[၃၈]

ဂွန်ဇလီသည် မိမိရေတပ်နှင့် ပူးပေါင်းထားသော ရခိုင်ရေတပ်ကို ကျဉ်းမြောင်းသော ချောင်းငယ်တစ်ခုသို့

---

၃၂။ ဒေါက်တာခင်မောင်ညွန့်၊ ပေါ်တူဂီ မြန်မာ၊ စာ-၁၆၅
Suniti Rhushan Qunuango, Ph D. P. 246

၃၃။ ယခုအိန္ဒိယဩရီဿပြည်နယ်တစ်ဝိုက်ဖြစ်နိုင်သည်။

၃၄။ Danvers - P. 147

၃၅။ The Mughal Emperor Jahangir

၃၆။ Suniti, P 248, Lavalt. P. 327

၃၇။ Danvers-op. cit, 11, P. 46
Suniti, P 249-248

၃၈။ Danvers-pp. 146-147
Sunati, P. 249

ခေါ်ဆောင်သွားပြီးနောက် ကပ္ပတိန်များအား အစည်းအဝေးတစ်ရပ် ခေါ်ယူဟန်ပြပြီး ရက်စက်စွာ လုပ်ကြံသတ်ဖြတ်လိုက်လေသည်။ သင်္ဘောများကို သိမ်းယူကာ သင်္ဘောသားများအား ကျေးကျွန်အဖြစ် ရောင်းစားလိုက်လေသည်။ ၎င်းနောက် ပြိုင်ဘက်ကင်းသော ဂွန်ဇလီသည် ရခိုင်ပိုင် ဘင်္ဂလားကမ်းခြေတစ်လျှောက်ရှိ ဆိပ်ကမ်းမြို့များ အထူးသဖြင့် စစ်တကောင်းအရာမူးခံတပ်များကို တိုက်ခိုက်သိမ်းယူလေသည်။[၃၉]

ဂွန်ဇလီ၏ ဤသို့ ဂတိသစ္စာမဲ့စွာ ပြုကျင့်မှုသည် ရခိုင်ဘုရင်မင်းရာဇာကြီးအပေါ် များစွာပင် ဒေါသဖြစ်စေခဲ့လေသည်။ သို့ဖြစ်ရာ ဓားစားခံထားသော ဂွန်ဇလီ၏တူအရင်းနှင့် အခြားသောပေါ်တူဂီများမှာ တန်ပြန်ဂလဲ့စားခြေခြင်း ခံရလေသည်။ ၎င်းနောက်တွင် ရခိုင်နေပြည်တော်အတွင်း နေထိုင်ကြသော အခြားသောပေါ်တူဂီများ၏ အရေးကို ထောက်၍ ဂွန်ဇလီလည်း ရှေ့မတိုးသာဘဲ တပ်ခေါက်ခဲ့ရလေသည်။

ဤသို့ ဘင်္ဂလားနယ်စပ်အရေးအခင်း ရှုပ်ထွေးနေချိန် ပေါ်တူဂီများအင်အား ခေါင်ထောင်နေဆဲမှာပင် ရခိုင်ဘုရင်မင်းရာဇာကြီးသည် အေဒီ(၁၆၁၂)ခုနှစ်တွင် နတ်ရွာစံခဲ့လေသည်။

---

၃၉။ Campos, op cit, P 87; also Danvers, op, cit 11, p. 147

၄၀။ S.N.H-RIZVI P. 76; also Danvers, op cit 11, P. 147

# မင်းခမောင်း (အေဒီ-၁၆၁၂-၁၆၂၂)

အေဒီ(၁၆၁၂) မင်းရာဇာကြီး နတ်ရွာစံပြီးနောက် မင်းသားတော် အိမ်ရှေ့စံ မင်းခမောင်း နန်းတက်သည်။ ထိုအချိန်တွင် အနောက်ဘုရင်အဖြစ် စစ်တကောင်းတွင် ၎င်း၏ညီဖြစ်သူ[၁] အုပ်စိုးနေချိန်ဖြစ်သည်။ မန်နရစ်က မင်းသားငယ်မှာ အသက်(၂၃)နှစ်အရွယ်မျှသာ ရှိကြောင်း၊ အမျှော်အမြင်ကြီးမားသည့် မင်းမျိုးမင်းလွင် တစ်ဦး ဖြစ်ကြောင်း၊ ပေါ်တူဂီများနှင့် ရင်နှီးမှုရှိကြောင်း စသည်ဖြင့် ဖော်ပြထားပေသည်။ ခမည်းတော် လက်ထက်ကပင် ညီအစ်ကိုနှစ်ဦးသည် သင့်မြတ်မှုမရှိခဲ့ကြောင်း မန်နရစ်က ထင်မြင်ချက်ပေးထားပေသည်။[၂] သားတော်ကြီး မင်းခမောင်းမှာ အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်ထားပြီးဖြစ်ရာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရခိုင် နေပြည်တော်ကြီး ၏ မင်းဧကရာဇ် ဖြစ်လာတော့မည်ဖြစ်ရာ ညီတော်ဖြစ်သော အနောက်ဘုရင်ခံသည် ကြိုတင်၍အင်အား စုဆောင်း ထားခဲ့လေသည်။[၃] ပေါ်တူဂီနှင့်လည်း သင့်မြတ်သည်ဟု ဆိုလေရာ မန်နရစ်၏ဖော်ပြချက်မှာ ထိုအချက်ပေါ် အခြေခံ နေခြင်းပင်ဖြစ်သည်။ မင်းခမောင်းမှာ တချိန်က သံလျင်တွင် ပေါ်တူဂီတို့၏ စစ်သုံးပန်းဘဝဖြင့် နေခဲ့ဘူးလေရာ ခါးသီးသော ထိုအဖြစ်အပျက်ကို မေ့နိုင်ဦးမည် မဟုတ်ချေ။ တစ်ဘက်ကလည်း သူ၏ညီတော်ဖြစ်သော ဘင်္ဂလားကို အုပ်ချုပ်ရသော အနောက်ဘုရင်သည် သူမုန်းတီးလှသော ပေါ်တူဂီနိုင်ငံခြားသားတို့နှင့်မှ သဟဇာတဖြစ်နေသည် ဟူသော သတင်းကို ရရှိခဲ့လေရာ မီးလောင်ရာလေပင့်၊ ပေါက်ကွဲလုနီး ထမ်းအိုးကြီးနှင့် တူနေပေတော့သည်။ ဤကား ရခိုင်ဘုရင် မင်းခမောင်း နန်းတက်စကာလ၏အနောက်ဘက် ဘင်္ဂလားဒေသနှင့် ပတ်သက်သော အခြေအနေမှန်များ ပင်ဖြစ်သည်။

မင်းခမောင်းသည် နန်းတက်၍ မကြာမီပင် ဘင်္ဂလားအရေးအခင်းနှင့် ပတ်သက်၍ သူလျှိုလွှတ်ကာ လျှို့ဝှက် စုံစမ်းထောက်လှမ်းခဲ့လေသည်။ သူ၏ရည်ရွယ်ချက်မှာ ကောက်ကြစ်ယုတ်မာသော ဘုရင်ဂီများအား အပြတ်ချေမှုန်း ရေးပင်ဖြစ်သည်။ ဤသည်မှာ သူ၏အဓိက ရည်မှန်းချက်ပင်[၄]။ အရာရာကို ကြိုတင်တွက်ချက်ပြီးဖြစ်သော အနောက် ဘုရင်ခံညီတော် စကြာ်ဝတေး(Alamanja)စစ်တကောင်းဘုရင်ခံသည်လည်း လက်ဦးမှုကို ရယူကာ ပေါ်တူဂီ ခေါင်းဆောင် ဂွန်ဇလီနှင့် စစ်ရေးမဟာမိတ် စာချုပ်ချုပ်ဆိုသည်။ ဤစာချုပ်အရ ဂွန်ဇလီက အနောက်ဘုရင်ခံအား သူနှင့်သူ၏မြို့တော် စစ်တကောင်းအား ကာကွယ်ရန် စစ်သား(၄၀၀)ပေးပို့ထားသည်။ ရခိုင်ဘုရင်၏တပ်များက အနောက်စစ်တကောင်းမြို့တော်အား ရုတ်တရက်မသိမ်းနိုင်ပဲ (၄)လကြာမျှ ဝိုင်းရံပိတ်ဆို့ထားသည်။ အနောက်ဘုရင် ခံအဖို့ စိတ်ဓာတ်ကျခြင်းမရှိချေ။ နောက်ဆုံးတွင် အောင်မြင်မှုများနှင့် အဆင်ပြေချောမွေ့မှုမှာ အဆုံးသတ်နိုင်လိမ့် မည်ဟုပင် မျှော်လင့်ထားသည်။ သို့ရာတွင် အခြေအနေအရပ်ရပ်သည် သူမျှော်မှန်းတားသလို ဖြစ်မလာခဲ့၊ သူ၏မဟာ မိတ်ဖြစ်သော ပေါ်တူဂီ ဂွန်ဇလီနှင့် အာသံဘုရင်တို့ လျှို့ဝှက်စွာ တွေ့ဆုံကြပြီး စစ်တကောင်းစား မင်းသားအား အကူအညီပေးရန် ပေါ်တူဂီစစ်သား တစ်ရာ့လေးဆယ်နှင့်အတူ ခဲယမ်းမီးကျောက်များ အများအပြား ထောက်ပံ့ပေးပို့ ခဲ့ကြောင်း ဟူသည့်သတင်းကို ရခိုင်ဘုရင်က ကြိုတင်ရရှိသွားခဲ့လေသည်။ သို့ဖြစ်ရာ သူ၏ညီတော် အနောက်ဘုရင်ခံ အား အထီးကျန်ဖြစ်စေရန် သူ၏မဟာမိတ်ဖြစ်သော ပေါ်တူဂီတို့အား နှိမ်နင်းရန် ကြိုးပမ်းအဆက်အသွယ် ဖြတ်တောက်ရန် ကြိုးပမ်းသည်။ ရခိုင်ဘုရင်၏ စစ်တပ်ကြီးက စစ်တကောင်းကို အဓိကထား၍ ဝိုင်းယံပိတ်ဆို့ထားစဉ် မြို့ထဲရှိ ပေါ်တူဂီတို့မှာ စိတ်ဓာတ်ကျဆင်းစပြုလာသည်။ ၎င်းအပြင် ပေါ်တူဂီစစ်သားတို့အနေနှင့် ဆင်နွှဲနေရသော စစ်ပွဲကို ငြီးငွေ့လာကြသည်။ ဤစစ်ပွဲမှာ ရခိုင်မင်းညီမင်းသား ညီနောင်နှစ်ဦး၏ ထီးနန်းလုပွဲ သက်သက်မျှသာ ဖြစ်သည်။ ကြားတွင် အချောင်သက်သက် ဒုက္ခခံနေရကြောင်း ခံစားသိရှိလာကြလေသည်။[၅]

---

၁။ ရခိုင်ရာဇဝင်တွင် စကြာ်ဝတေးဟု တွေ့ရသည်။ ပေါ်တူဂီမှတ်တမ်းများတွင် (Alamanza) ဟု ဖော်ပြသည်။

၂။ Suniti; P. 247, P. 250

၃။ Manrique. P. 302

၄။ A History of Chittagone PP. 250-251.

၅။ Manrique- P. 310, Suniti. P. 251

ဎင်းပြင် ပေါ်တူဂီစစ်သားတို့၏ စိတ်ထဲတွင် ယခုဆင်နွှဲနေသောစစ်ပွဲမှာ ရခိုင်မင်းညီမင်းသား ညီနောင်နှစ်ဦး၏ အာဏာလုပွဲ ထီးနန်းလုပွဲ သက်သက်မျှသာဖြစ်ကြောင်း၊ သူ၏အစ်ကိုတော်ဘုရင်အား ဆန့်ကျင်သည့်စစ်ပွဲဖြစ်ကြောင်း ခံစားတွေးထင်လာခဲ့ကြခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ရခိုင်ဘုရင်ထံ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ကာ သူတို့ ကြုံတွေ့နေရသော အန္တရာယ်အသွယ်သွယ်မှ ကယ်တင်ရန် ပြီးခဲ့သော ကိစ္စအဝဝအတွက် ခွင့်လွှတ်ပါရန် တင်ပြလိုက်လေသည်။ လက်ရှိအနေအထားအရ ပေါ်တူဂီတို့သည် မြို့ထဲမှ ကြံ့ကြံ့ခံနေနိုင်သည့်အနေအထား ရှိသည်ဖြစ်၍ ရခိုင်ဘုရင်အဖို့ အသက်ပေါင်းများစွာ ရင်းပြီး တိုက်ခိုက်ရမည့်အခြေအနေမှ သိက္ခာရှိစွာ ထွက်ပေါက်ရရှိခဲ့လေသည်။ မင်းခမောင်းလည်း အမြော်အမြင်ကြီးစွာဖြင့် စစ်သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ကာ ဂွန်ဇလီအား အနောက်ဘုရင်ခံနှင့် ပေါ်တူဂီ ဂိုအာဘုရင်ခံတို့ ချုပ်ဆိုခဲ့သော စာချုပ်ဟောင်းကို နိဂုံးချုပ်စေသည်။ ဎင်းအပြင် သူသည် ရခိုင်ဧကရာဇ်ဖြစ်၍ ပေါ်တူဂီနိုင်ငံဘုရင်ကြီးနှင့်သာ တန်းတူရည်တူ မိတ်ဆွေဖြစ်အဖြစ်ဆက်ဆံလိုကြောင်း၊ အိန္ဒိယဂိုအာဘုရင်ခံ ဆက်ဆံရေးနှင့် ပတ်သက်၍ ဎင်းအခြေအနေများအရသာ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း ဆင်းဒဝတ်ကျွန်းကို ဂွန်ဇလီအနေနှင့် ဤကိစ္စအဝဝကို လိုက်ပါဆောင်ရွက်လိုပါကလည်း ကျွန်ုပ်ကိုယ်စား ဆောင်ရွက်ပေးနိုင်ကြောင်း၊ သူ၏လက်အောက်ခံ ကျေးကျွန်တစ်ဦးသာဖြစ်သော သူပုန်စစ်တကောင်းစားနှင့် အဆက်အသွယ်မပြုလုပ်သင့်ကြောင်း သို့ဖြစ်ရာ စစ်တကောင်းမှ ပေါ်တူဂီတပ်များ အမြန်ဆုံးဆုတ်ခွာပေးရန် ဖြစ်ကြောင်းဖြင့် ပြတ်သားစွာ ပြန်ကြားလိုက်သည်။[6]

ဖော်ပြပါ ရခိုင်ဘုရင် မင်းခမောင်း၏ နည်းလမ်းမှန်၍မျှတသော သံတမန်ရေးဆောင်ရွက်ချက်မျိုးမှာ ဆင်းဒဝစ်ကျွန်းရှင် ဂွန်ဇလီအပေါ်များစွာပင် စိတ်သောက ပွားစေလေသည်။ ဎင်းအဖို့ ကြေနပ်အားရဖွယ်မရှိသော အနေအထားပင် ဖြစ်သည်။ ဂွန်ဇလီက ပေါ်တူဂီလူမျိုးများသည် လွတ်လပ်စွာ နေထိုင်တတ်ကြသော လူမျိုးများဖြစ်ကြကြောင်း ဎင်းတို့၏လွတ်လပ်ခွင့်ကို သူ့အနေနှင့် ထိန်းနိုင်ကြောင်း ပြန်ကြားခဲ့သည်။ သို့စေကာမူ ဂွန်ဇလီသည် ရခိုင်ဘုရင်က စေလွှတ်ခဲ့သော သံအဖွဲ့အား ကောင်းစွာဧည့်ခံကာ စစ်တကောင်းရှိ မိမိတပ်ဖွဲ့အား တပ်ခေါက်ခဲ့ရန် ညွှန်ကြားပါမည့်အကြောင်းနှင့် အကယ်၍စစ်တကောင်းရှိ ပေါ်တူဂီများက ဎင်း၏အမိန့်ကို နာမခံပါကလည်း ရခိုင်ဧကရာဇ်၏အဆုံးအဖြတ်အတိုင်း ဆောင်ရွက်နိုင်ပါကြောင်း ပြန်ကြားခဲ့လေသည်။

ဂွန်ဇလီ၏ပြန်ကြားချက်သည် ရခိုင်သံကိုယ်စားလှယ်အဖွဲ့အား ကြေနပ်အားရဖြစ်စေသည်။ ဎင်းနောက် စစ်တကောင်းရှိ ပေါ်တူဂီများထံသို့ ဂွန်ဇလီ၏ ညွှန်ကြားစာကို ယူဆောင်၍ပြန်ခဲ့သည်။ ထိုအဖွဲ့သည်ပင် စစ်တကောင်းမြို့ရှိ အဝိုင်းခံနေရသော ပေါ်တူဂီစစ်သားများထံသို့ သွားရောက်ပြီး ဖျောင်းဖြဆွဲဆောင်မှုပြုသည်။ သို့သော် ပေါ်တူဂီတို့က စစ်တကောင်းစား မင်းသားအား စွန့်ခွာထားပစ်ခဲ့ရန် ငြင်းဆန်ခဲ့ရာ၊ နောက်ဆုံး၌ ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ရလေသည်။[7] ဝိုင်းခံနေရသော စစ်တကောင်းစား၏ တပ်သားများအဖို့ တစ်နေ့တစ်ခြား စိတ်ပျက်အားငယ်စ ပြုချေပြီ။ ရန်သူနှင့် မရင်ဆိုင်ချင်တော့သည့်အခြေအနေတွင် စစ်တကောင်းဘုရင်ခံမင်းသားသည် သူ၏ရဲမက်များအား စိတ်ဓာတ်မြှင့်တင်သည့်အနေနှင့် သူကိုယ်တိုင် စစ်မြေပြင်သို့ ရဲဝံ့စွာသွားရောက် ရင်ဆိုင်ပြသည်။ မင်းသား၏ စိတ်ဓာတ်မြှင့်တင်ရေး ရည်မှန်းချက်မှာ အရာမရောက်ခဲ့။ အကြောင်းမှာ မမျှော်လင့်ဘဲ ရန်သူထံမှ ပစ်ခတ်လိုက်သော အမြောက်ဆံသည် ဎင်းအားထိမှန်လေသည်။ ဎင်းဒဏ်ရာ ရခြင်းကား အဝိုင်းခံနေရသော မြို့စောင့်တပ်သားများအဖို့ များစွာတုန်လှုပ်ခြောက်ခြားသွားစေသည်။ ထိန်းမနိုင် သိမ်းမရကွပ်မျက်ကိန်းနှင့် ကြုံရသည်။ မင်းသားသည် သူ၏ မိသားစုနှင့်အတူ နောက်ဆုံးခေါင်းချမြေအဖြစ် ဆင်းဒဝစ်ကျွန်းသို့ ဆုတ်ခွာခဲ့ရလေသည်။

---

၆။ A History of Chittagone P. 252

၇။ A History of Chittagone P. 252

၈။ ပေါ်တူဂီဘုန်းတော်ကြီး၏မှတ်တမ်းတွင် his son and dauther were allowed to drink the purert milk of the catholicfaith

၉။ ရခိုင်မင်းသား-စာ ၁၅၊ ၁၆၊ ၁၇

၁၀။ Dem Martin-JBRG, Vol-XVL, 1.PP. 11..12
Dom Martin JBRS. KVI. 1. P. 11 to 12 Sumiti, Chittagone under the Arakanse regime p. 253.

မိမိအာဏာရရှိရေးအတွက် သွေးသားအရင်းကို ရန်သူမြင်ပြီး ဆွေမတော် မျိုးမစပ်သည့် နိုင်ငံခြားသားကိုမှ အားကိုးမိခဲ့သော ယုံစားမိသော ရခိုင်တော်ဝင် မင်းသားတစ်ပါးမှာ နောက်ဆုံး၌ မထင်မရှားဘဝဖြင့် ဇာတ်သိမ်းမလှ ဖြစ်ခဲ့ရပေသည်။ ပို၍ရင်နာဖွယ်ကောင်းသည်မှာ မိမိ၏ဘိုးဘွားဘီဘင်များမှာ သာကီဝင်မင်းမျိုးဟု မာန်မာနတက်ခဲ့ ငြားလည်း မိမိ၏သစ္စာမဲ့မှုကြောင့် မဟာသွေး မဟာနွယ် မိမိရင်သွေးငယ်များမှာ တိုင်းတပါးယဉ်ကျေးမှုအောက်တွင် ကြီးပြင်းခဲ့ရပြီးနောက်တွင် အမျိုးဘာသာ သာသနာပါ တိုင်းတစ်ပါး၏ ဝါးမြိုခြင်းကို ခံလိုက်ခြင်းပင်ဖြစ်သည်။

ရခိုင်ဘုရင် မင်းခမောင်း စစ်တကောင်းမြို့ကို သိမ်းယူသောအခါ တူတော်၊ တူမတော်၊ ရင်သွေးငယ်များကို အပြင်းအထန် ရှာဖွေခဲ့သည်။ မတွေ့ရချေ။ နောက်ဆုံးတွင် ဘုရင်ဂျီဘုန်းတော်ကြီးတစ်ပါးက ရခိုင်တပ်များ အထပ်ထပ် ဝိုင်းရံနေသည့်တပ်များကြားမှာ ခိုးယူလွတ်မြောက်သွားခဲ့ကြောင်း ကြေကွဲဖွယ်သိရှိရသည်။[၉]

၎င်းနောက် မင်းသားငယ်မှ ဒေါင်မာတင် (Dam Martin)ဟူ၍လည်းကောင်း၊ မင်းသမီးငယ်မှာ ပက်ထရိုနီလာ (Petro Nila)အမည်ဖြင့် ဘုရင်ဂျီဘာသာဝင်တို့၏ လက်ဝယ် ၎င်းတို့၏ယဉ်ကျေးမှု ဓလေ့ထုံးစံအောက်တွင် ကြီးပြင်းခဲ့ ရလေသည်။[၁၀] ၎င်းနောက် အေဒီ ၁၆၂၄-ခုတွင် ပေါ်တူဂီရေတပ်အရာရှိအဖြစ် ပါရှင်ကွေ့ရေတပ်တွင် စတင် ဝင်ရောက် အမှုထမ်းသည်။ ရခိုင်နန်းရိုး ဗီဇရှိသော ရခိုင်မင်းသားလေးသည် ၁၆၂၇ ခုနှစ် မလက္ကာတိုက်ပွဲများတွင် လည်းကောင်း၊ ၁၆၃၀ ခုနှစ် ဒတ်ချ်တို့ တိုက်ရသော စက်ာပူတိုက်ပွဲများတွင်လည်းကောင်း၊ ရခိုင်သွေးဇာတိမာန်ကို ကောင်းစွာပြသနိုင်ရာ နာမည်ကျော်ကြားလာလေသည်။ ၎င်းနောက် အေဒီ ၁၆၄၂ ခုနှစ်တွင် လစ္စဘွန်းမြို့သို့ သွားရောက်ကာ ပေါ်တူဂီဘုရင် စတုတ္ထမြောက်ဂျွန်ထံ ဝင်ရောက်အမှုထမ်းသည်။ ထိုအချိန်တွင် မြောက်ဦးထီးနန်းကို သာကီဝင်နန်းရိုးမဟုတ်သော အမတ်မျိုးမင်းဆက်က ဆက်ခံနေလေရာ နန်းရိုးဗီဇမှန်သော ဒေါင်မာတင်အား အကြောင်းပြု၍ ရခိုင်နန်းတွင်းရေးကို ချုပ်ကိုင်ချယ်လှယ်ရန် ဩဇာလွှမ်းမိုးရန် အကြံကြီးကြံခဲ့ကြလေသည်။ သို့ရာတွင် ရခိုင်တို့လာရောက်ရာ လမ်းခရီး ဂွတ်ဟုတ်အငူအနီးတွင် ရုတ်တရက်ကွယ်လွန်သွားခဲ့ရာ ပေါ်တူဂီတို့၏ကြီးမားသော အကြံမှာ အထမမြောက်ခဲ့တော့ချေ။[၁၁]

မင်းခမောင်းသည် မိမိ၏ညီတော်အား နှိမ်နင်းပြီးနောက် မိမိတို့ ညီအစ်ကိုကြား ပြဿနာပိုမိုပွားအောင် မြှောက်ထိုးပင့်ကော် ပြုလုပ်ခဲ့ကြသည့် ရန်သူဟောင်းဖြစ်သော ပေါ်တူဂီတို့ဘက်သို့ မျှားဦးလှည့်ကာ စစ်ဆင်ရေးများ ပြုလုပ်သည်။ ထိုအချိန်တွင် ပေါ်တူဂီခေါင်းဆောင် ဂွန်ဇလီသည် ဆင်းဒစ်ကျွန်းကို ခြေကုတ်ယူ၍ အခိုင်အမာ စခန်းချထားသည်။ ၎င်းနှင့်အတူ ဒိုမင်ဟိုကာဗယ်ဟို (Dominho Carvalhe)ဆိုသူ ပေါ်တူဂီခေါင်းဆောင်တစ်ဦး လည်း ၎င်းနှင့်အတူ ပူးတွဲအုပ်ချုပ်လျက် ရှိသည်။ ပေါ်တူဂီ ဂိုအာဘုရင်ခံ၏ အုပ်ချုပ်ရေးမှာ သီးခြားကင်းလွတ်ကာ မင်းမူအုပ်စိုးနေကြခြင်းဖြစ်သည်။ သူတို့၏အဓိက စီးပွားရေးလုပ်ငန်းမှာ ပင်လယ်ဓားမြလုပ်ငန်းပင်ဖြစ်သည်။ ရခိုင် ရေတပ်ကြီးသည် ဆင်းဒစ်ကျွန်းအား သိမ်းပိုက်ရန် တာစူလျက် ရှိချေပြီ။ အကြံရက်နေသော ဂွန်ဇလီသည် ဂိုအာ ဘုရင်ခံချုပ်ထံ စစ်ကူပေးပါရန် ကမ်းလှမ်းခဲ့သည်။ ၎င်းသည် ဘုရင်ခံချုပ်အား စစ်ကူအမြန်ဆုံးစေလွှတ်ရေးအတွက် ရန်သူ ရခိုင်ရေတပ်အား အပြီးသတ်ချေမှုန်းရန် ရန်ကြွေးကို လက်တုန့်ပြန်ရန် စသည့်ရင့်သီးသော အသုံးအနှုံးများဖြင့် ဆွဲဆောင်ပြခဲ့လေသည်။ အကယ်၍ဘုရင်ခံချုပ်ထံမှ စစ်ကူသာ ရရှိခဲ့လျှင် ရခိုင်ရေတပ်ရန်မှ ဆင်းဒစ်ကျွန်းအား ကယ်တင်နိုင်မည်ဟု ယုံကြည်ခဲ့သည်။[၁၂] ဂိုအာဘုရင်ခံချုပ်က ဂွန်ဇလီ၏ တင်ပြတောင်းခံချက်ကို လက်ခံပြီး ဖရန်စစ်ဒီမင်ဇီယိုဇို (Francis de Maneses Roxo)ခေါင်းဆောင်သော သင်္ဘော(၁၆)စီးပါဝင်သည့် ရေတပ်ကို စေလွှတ်ခဲ့သည်။ ထိုရေတပ်သည် ဘင်္ဂလားပင်လယ်အော်ထဲသို့ ရောက်ရှိခဲ့ပြီး အေဒီ ၁၆၁၅ ခု အောက်တိုဘာလ(၃) ရက်နေ့တွင် ရခိုင်ရေတပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်သည်။[၁၃] ရခိုင်ရေတပ်ဘက်မှ ဒတ်ချ်ရေတပ်ပါဝင်ကူညီ တိုက်ခိုက်ပေး သည်။ ပေါ်တူဂီရေတပ်သည် တိုက်ပွဲများအပြင်းအထန် ဖြစ်ပွားပြီးနောက် ဂွန်ဇလီအား မြစ်ဝမှ စောင့်နေခဲ့သည်။ နိုဝင်ဘာလတွင် ဂွန်ဇလီသည် သင်္ဘောအစင်း (၅၀)ဖြင့် လာရောက်ပူးပေါင်းပြီး ဂစ္ဆပနဒီမြစ်အား ဆန်၍ ချီတက်သွား ကြသည်။ ရခိုင်ရေတပ်မတော် ဌာနချုပ်ရှိရာ ဦးရစ်တောင်အနီး၌ တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ ဒတ်ချ်ရေတပ်နှင့် ရခိုင်ရေတပ်တို့၏ ပူးပေါင်းစစ်ဆင်မှုဒဏ်ကြောင့် ပေါ်တူဂီရေတပ် ပြိုကွဲသွားသည့်အပြင် ကပ္ပတိန်မင်ဇီယိုဇိုလည်း

---

၁၁။ ယင်း

၁၂။ M.S. Collis; Dom Martin (1606-1643) JBRS Vol XVI. 1, P-17

၁၃။ Suniti, Ph. D. P. 253, Dom Martin; P. 17 RIZVI-P. 76

တိုက်ပွဲတွင် ကျဆုံးသွားသည်။ ဂွန်ဇလီအမြန်ဆုံး ဆုတ်ခွာထွက်ပြေးရာသို့ ရခိုင်ရေတပ်မှ ထက်ချပ်မကွာ တိုက်ခိုက်သဖြင့် အမြောက်အများ ကျဆုံးကာ သင်္ဘောအများအပြားကို ရခိုင်က လက်ရသိမ်းပိုက်နိုင်ခဲ့သည်။[၁၄]

ရခိုင်ရာဇဝင်တွင် "သက္ကရာဇ် ၉၇၇ ခု ဝါကျွတ်လပြည့် အင်္ဂါနေ့တွင် သင်္ဘောကြီး၊ လှေကြီး၊ လှေငယ်တို့နှင့်တကွ၊ ကျွန်တော် သောင်းတီးစား ဘုရင်ဂျီငယ်သည် ဘုရင်ဂျီစစ်နှင့်တကွ ဦးရစ်တောင်တိုင်အောင် ရောက်လာသည်။ ယင်းသို့ရောက်လာသည်ကို ကြားသိတော်မူလျှင် စစ်အင်္ဂါလေးပါးနှင့်တကွ ကိုယ်တော်တိုင် ချီတက်တိုက်ဖျက်လေရာ များစွာသော ဘုရင်ဂျီ စစ်သည်ရဲမက်တို့သည် ပျက်စီးသေကြေခြင်းသို့ ရောက်သဖြင့်၊ ရွံ့ကြောက်ဆုတ်ခွာကြလေသည်။ ဘဝရှင်မင်းခမောင်းလည်း နောက်ထပ်ချီလိုက်တော်မူလျက် သောင်းတီး(ဆင်းဒဝစ်ကျွန်း)တိုင်အောင် တိုက်ခိုက်ဖျက်ဆီးတော်မူလေသည်။"ဟု ဖော်ပြထားသည်။[၁၅]

ဂွန်ဇလီသည် ဂိုအာမှ ပေါ်တူဂီရေတပ်နှင့် မိမိတပ်ပျက်ကို ထိန်းကာ ဆင်းဒဝစ်ကျွန်းသို့ ဆုတ်လာခဲ့သည်။ ဂိုအာမှ ကျွန်ရှိသောရေတပ် ပျက်ပြန်သွားသောအခါ ဂွန်ဇလီအား မကြိုက်မနှစ်သက်တော့သော နောက်လိုက်အများအပြား ၎င်းတို့နှင့်အတူ လိုက်ပါသွားကြသည်။ ထိုနှစ်အတွင်းမှပင် ရခိုင်ဘုရင်သည် ဆင်းဒဝစ်ကျွန်းအား သိမ်းပိုက်လိုက်ပြီး ပေါ်တူဂီအများအပြားကို သုတ်သင်ရှင်းလင်းခဲ့သည်။ ဂွန်ဇလီမှာ ထွက်ပြေးလွတ်မြောက်သွားရာ နောက်ပိုင်းတွင် သတင်းအစအန တစ်စုံတစ်ရာ မကြားရတော့ချေ။[၁၆]

ဆင်းဒဝစ်ကျွန်းအရေးအခင်းပြီး နောက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အတွင်း ပေါ်တူဂီတို့၏ သြဇာအာဏာမှ ရုတ်တရက်ကျဆင်းသွားလေသည်။ ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခဲ့သော ဂွန်ဇလီခေတ်မှာ ဆယ်စုနှစ်တစ်ခုတိုင် ရှည်ကြာခဲ့သည်။ ၎င်းမှာ သူရသတ္တိအရာတွင် ထူးချွန်သော်လည်း သူ၏ပတ်ဝန်းကျင်နှင့် သူလုပ်ဆောင်ခဲ့ရသော ဓလေ့စရိုက်က ပင်လယ်ဓားမြဘက်သို့သာ ဦးတည်ခဲ့သည်။ နောက်ပိုင်းတွင် ပေါ်တူဂီတို့ ထောင်ထားခြားနားခြင်း မပြုရဲတော့ချေ။ သို့သော် ဘင်္ဂလားပင်လယ်အော်အတွင်း၌လည်းကောင်း ရခိုင်မြေ၌လည်းကောင်း၊ ပေါ်တူဂီများရှိနေရခြင်းသည် မြွေပွေးခါးပိုက်ထဲ ပိုက်ထားသကဲ့သို့လည်းကောင်း၊ အိပ်ပျော်နေသော နဂါးကြီးကဲ့သို့လည်းကောင်း၊ ရွာသားများလက်ချက်ဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိ၍ သတိမေ့နေသော ကျားအိုကြီးတစ်ကောင်ကဲ့သို့လည်းကောင်း၊ အချိန်မရွေး အန္တရာယ်ရှိနေကြောင်း နောက်ပိုင်း ၎င်းတို့၏လှုပ်ရှားမှုများက သက်သေထူလျှက်ရှိပေသည်။

အေဒီ(၁၆၀၉)ခုနှစ်တွင် ဘာလုအပြည် အရေးအခင်းတွင် ရခိုင်ဘုရင် ပါဝင်ခဲ့သည့်အချိန်ကစ၍ မဂိုတို့သည် ရခိုင်တို့အား အမြဲစောင့်ကြည့်နေခဲ့သည်။ ဆက်ဆံရေးတင်းမာခဲ့သည်။ ရခိုင်နှင့်မဂိုတို့သည် ပင်လယ်ရေကြောင်းတွင် တိုက်ရည် ခိုက်ရည် စွမ်းရည် ထက်မြက်သော ပေါ်တူဂီတို့အား အပြိုင် တပည့်မွေးမြူလိုကြသည်။ မဂိုတို့က ဟူဂလီမြို့အား အခြေခံစခန်းချခွင့် နေထိုင်ခွင့်ပြုသည်။ လွတ်လပ်ခွင့်ပြုသည်။ ပေါ်တူဂီတို့မှာ ရေကြောင်း ကူးသန်းရောင်းဝယ်ယင်း အခွင့်သာပါက ပင်လယ်ဓားမြအဖြစ် လုယက်တိုက်ခိုက်ကြသည်။ နောင်တွင် ပို၍အချောင်ရလွယ်သော ပင်လယ်ဓားမြလုပ်ငန်းအလုပ်ကို ခုံမင်အသက်မွေးမြူလာကြသည်။ နောင်တွင်ပို၍ အတင့်ရဲလာကာ ပင်လယ်ဓားမြမှ တစ်ဆင့်တက်ကာ ဘင်္ဂလားပင်လယ်အော် ကမ်းခြေရှိ ကျေးရွာများသို့ တက်ရောက်ကာ ပစ္စည်းများလုယက်ခြင်း၊ နောင်တွင် ပစ္စည်းယူတင်မကတော့ပဲ၊ ပစ္စည်းကိုလည်းယူ၊ လူကိုလည်း ကျွန်အဖြစ် ဖမ်းသည့်အထိ တစစအတင့်ရဲ အသွင်ပြောင်းလာခဲ့သည်။ ဂင်္ဂါမြစ်ဝကျွန်းပေါ် ကမ်းခြေတစ်လျှောက် လူနေအိမ်ခြေများ မရှိသလောက် ရှားပါးလာသည်။ တခါတရံ ဘင်္ဂလားအတွင်းပိုင်း ဒက္ကားမြို့အနီးထိ သွားရောက်တိုက်ခိုက်ကြသည်။ ကျွန်ဖမ်းခြင်းမှာ တစ်နေ့တစ်ခြား ကြီးပွားလာခဲ့သည်။ ပေါ်တူဂီများနှင့်အတူ ရခိုင်ပင်လယ်ဓားမြများလည်း တွေ့ရသည်။ ရခိုင်ဘုရင်ကလည်း လျစ်လျူရှုထားခဲ့သည်။ အကြောင်းမူကား ကျွန်ရောင်းဝယ်ရေးမှာ ရခိုင်ဘုရင်တို့အတွက် စီးပွားရေးလုပ်ငန်းမှာ တွက်ခြေကိုက်သလိုပင် နိုင်ငံရေးအတွက်လည်း အထောက်အကူပြုသည်။ နိုင်ငံရေးကျားကွက်တွင် တစ်ကွက်သာစေ

---

၁၄။ Dunvers. p. 180
ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၆၇
JASB,NS. XVIII (1922) P. 47

၁၅။ ရခိုင်ရာဇဝင်သစ်ကျမ်း-စာ-၁၆၇
ငါ/မည်ရာဇဝင်ပေမူ-(ဝမ်း)ချပ်

၁၆။ RAZVI P. 77
Danvers p. 131

သည်။ ရခိုင်မယ်ရိုနှင့် နယ်စပ်ခြင်း ထိစပ်လျှက်ရှိရာ၊ မဂိုမှ လူအင်အား ယုတ်လျော့စေသည့်အချက်ကြောင့် သဘောတူခဲ့ရခြင်းဖြစ်သည်။ တစ်နေ့တွင် မဂိုတို့က စစ်တကောင်းကို သိမ်းယူမည်ဟု တွက်ဆထားသော ရခိုင်တို့သည် ပေါ်တူဂီတို့အား လက်သပ်မွေးထားပြီး ကျွန်ဖမ်းခြင်းနှင့် ကျွန်ရောင်းဝယ်ရေးလုပ်ငန်းများကို အားပေးခြင်းဖြင့် လူဦးရေလျော့နည်းကာ အင်အားလျော့လာစေမည်ဟု တွက်ဆခဲ့သည်။[၁၇]

ရခိုင်ပင်လယ်ဓားမြများပါ ပူးပေါင်းလာ၍ ပေါ်တူဂီဓားမြများမှာ ပိုမိုအင်အားကောင်းလာသည်။ ပေါ်တူဂီပင်လယ်ဓားမြများနှင့်အတူ ရခိုင်ဘက်မှ ပင်လယ်ဓားပြများ ဝင်ရောက်တိုက်ခိုက်ခြင်းကို တားဆီးရန် မဂိုတို့သည် ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ခဲ့သော်လည်း အရာမရောက်ခဲ့၊ မဂိုဧကရာဇ် ရှာဂျီဟန်လက်ထက်တွင် တိုက်သင်္ဘော (၇၆၈)စီးကို လက်နက်အပြည့်အစုံနှင့် ဒက္ကားတွင် စခန်းချနေစေပြီး နှိမ်နင်းစေသည်။ သို့ရာတွင် ဤမျှသော ရေတပ်မှာ ရခိုင်ပင်လယ်ဓားမြတို့ ရန်ကို ကာကွယ်ပေးနိုင်ခြင်း မရှိချေ။ ရခိုင်တို့က တိုက်ရည်ခိုက်ရည်မှာ မဂိုတို့ထက် များစွာသာလွန်သည့်အပြင် သူရသတ္တိအရာတွင်လည်း ရခိုင်ကို မယှဉ်နိုင်ချေ။ မဂိုတိုက်သင်္ဘော ၁၄ စီးမှ ၁၅စီးခန့် ပါဝင်သည့် ရေတပ်ကို ရခိုင်သင်္ဘော ၄စီး ၅စီးမျှဖြင့် လက်ရဖမ်းဆီးပြခေါ်ဆောင်ခြင်း၊ ချေမှုန်းခြင်းများ ပြုလုပ်နိုင်သည်။[၁၈] ထိစွမ်းရည်ရှိကြသည်။ ၁၆၇၂ ခုနှစ် ဖေဖော်ဝါရီလ တစ်လတည်းတွင် ဘင်္ဂလားနယ်မှ ဖမ်းဆီးလာသော ကျေးကျွန်ပေါင်းမှာ (၁၀၀၀)ခန့် ရှိသည်ဟုဆိုသည်။

မဂိုတို့သည် ဂေါ (Gaud) အား သိမ်းပိုက်ပြီးနောက်တွင်ကား ရခိုင်နယ်အရေးနှင့် ပတ်သက်၍ တင်းမာမှုပြသလာသည်။ စစ်တကောင်းအား ရခိုင်တို့ထံမှ သိမ်းပိုက်နိုင်ပါက မဟာဗျူဟာအရ မည်သည့်ခါမှ မလုံခြုံကြောင်းကို ကောင်းစွာသဘောပေါက်ကြသည်။ စစ်တကောင်းမှာ ဘင်္ဂလားနယ်၏ အရှေ့ဘက် ခရိုင်တစ်ခုမျှသာဖြစ်ကြောင်းကိုလည်း ဖော်ပြလာသည်။ ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်၏ မှတ်တမ်းအရ မဂိုဘုရင် ဂျဟန်ဂိ (Jahangir) သည်လည်း ၎င်း၏အစဉ်အဆက် မင်းများကဲ့သို့ပင် ဆင်ဖြူရှင်ဘုရင်တစ်ပါးဖြစ်လိုသော ဆန္ဒရှိကြောင်းဆိုပေသည်[၂၀]။ စစ်တကောင်းသို့ ဝင်ရောက်ရန် ကုန်းကြောင်း၊ ရေကြောင်းနှစ်လမ်းအနက် ရေတပ်အရာတွင် ရခိုင်ကို မယှဉ်နိုင်ချေ။ သို့သော် လျော့တွက်၍ကား မရ၊ ရခိုင်နေပြည်တော် မြောက်ဦးမြို့ကား အလှမ်းဝေးလှသည်။ ဒက္ကာမြို့တော်မှ မဂိုရေတပ်သည် ဂင်္ဂါမြစ်ကြောင်းအတိုင်း စုန်ဆင်းလာပါက ခြောက်ရက်မှ ရှစ်ရက်အထိသာ ကြာတတ်ပေသည်။ မဂိုနှင့် ရခိုင်တို့အဖို့ ဘင်္ဂလားမြစ်ဝကျွန်းပေါ်မှ မြစ်ချောင်းပေါများခြင်း အဟန့်အတားများမှာ ကြည်းတပ်ချင်း ထိပ်တိုက်ရင်ဆိုင်မှုကို နည်းပါးစေသည်။[၂၂]

အေဒီ ၁၆၁၆ ခုနှစ်တွင် ကွပ်ဆင်ခန် (Qasin Khan) သည် ရခိုင်ဘုရင်ပိုင် စစ်တကောင်းအား ချီတက်တိုက်ခိုက်သည်။ ၎င်းကိုယ်တိုင်က ဘာလုအအား သိမ်းယူပြီး နောက်တန်းစခန်းအဖြစ် နေထိုင်သည်။ အပ်ဒွန်နာဗီ d) အား (Abdan Nabi) အား သေနတ်ကိုင်စစ်သည် ငါးထောင်၊ မြင်းသည် ငါးထောင်၊ တိုက်ဆင် နှစ်ရာ၊ စစ်လှေတစ်ထောင်ပါဝင်သော တပ်ဖြင့် စစ်တကောင်းသို့ ချီတက်တိုက်ခိုက်လာသည်။ မဂိုတပ်များ စစ်တကောင်းသို့ ဦးတည်၍ ချီတက်လာသည့်သတင်းမှာ ရခိုင်ဘုရင်မင်းခမောင်းက ချက်ချင်းရောက်ရှိခဲ့သည်။ ၎င်းနောက် စစ်တကောင်း အနောက်မြောက်ဘက် မိုင် ၂၀ အကွာရှိ ကတ်ဂါး(Katgher) ခံတပ်ကို မဟာဗျူဟာရှေ့တန်းခံတပ်အဖြစ် သတ်မှတ်ပြီး ၎င်းသို့ သူ၏ကိုယ်ရံကြီး (ဗိုလ်ချုပ်)အား တိုက်ဆင် လေးရာ၊ ခြေလျင်စစ်သား တစ်သိန်း၊ သင်္ဘော ၁၀၀၀ဖြင့် စေလွှတ်သည်။ ကိုယ်တော်တိုင်ကမူ စစ်သုံးသိန်း၊ မြင်းစစ်သည်တော် တစ်သောင်း၊ ဆင်တပ်၊ ရေတပ်တို့ဖြင့် စစ်တကောင်းတွင် အခိုင်အမာ စခန်းချနေသည်။[၂၂] သို့ရာတွင် ရခိုင်တို့၏ ခံတပ်တည်ဆောက်မှု မပြီးသေးသည်ကို သတင်းရထားသော မဂိုစစ်ဗိုလ်ချုပ်နှစ်ဦး၊ (Sarhad Khan) နှင့် Shaykh Kamal) သည် ရခိုင်ရှေ့တန်းခံတပ်စခန်း

---

၁၇။ ခင်မောင်ညွန့် စာ-၁၄၉-၁၅၀
History of Chittagone. p. 254

၁၈။ Bernier, Mogul Empire, p. 173, 179

၁၉။ Hervey, Burma, P. 143

၂၀။ Manrique p. 283

၂၁။ A History of Chittagone p. 254-257

၂၂။ A History of Chittagone, P. 258-259
Chittagone District Gazettear, p. 77 Bahaustan, 1, 406

ကတ်ဂါးကို စစ်မျက်နှာနှစ်ခုဖွင့်ကာ အာရက်ဦးတွင် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ကြသည်။ ခံတပ်တွင်းရှိ ရခိုင်စစ်သားများထံမှ မမျှော်လင့်ပဲ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်မှုကို ခံရသည်။ ခံတပ်အတွင်းမှ အမြောက်၊ သေနတ်၊ လေးမြား၊ ဗုံးနှင့်ကျောက်ခဲ ကျောက်တုံးများ တပ်ဆင်ပစ်လွှတ်သည်။ လောက်လွဲလက်နက်များဖြင့် ပြင်းပြင်းထန်ထန် ပစ်ခတ်ခုခံကြသည်။ လူသူအင်အားများပြားလှသော မဂိုတို့အဖို့ ဖွဲလုံ့လဖြင့် ဖိတိုက်လျှင် အောင်မြင်နိုင်သော်လည်း ညတိုက်ပွဲကို ရှောင်လွှဲလိုသော အချို့ဗိုလ်ချုပ်တို့၏ အကြံပေးမှုကြောင့် နောက်တစ်နေ့ နံနက်တွင် ဆက်တိုက်ရန် တပ်ဆုတ်ခဲ့လေသည်။ သေနာပတိချုပ်လည်း ထိုအကြံကို လက်ခံသဘောတူသည်။ ၎င်းတို့ အတိုက်အခိုက် ခေတ္တရပ်ဆိုင်းထားမှုသည် ရခိုင်တပ်များအဖို့ ကာကွယ်ရေးအစီအစဉ်ပို၍ ကောင်းမွန်လာစေသည်။ နောက်တစ်နေ့နံနက်တွင် မဂိုတို့လာရောက်တိုက်ခိုက်ကြသည်။ မွန်းတည့်ချိန်ထိ ခံတပ်ကို သိမ်းယူနိုင်ခြင်း မရှိချေ။ နောက်ဆုံးတွင် ခံတပ်တစ်ခုလုံးကို ဝိုင်းရံပိတ်ဆို့ထားရန် ဆုံးဖြတ်ကြသည်။ သို့သော် ၎င်းတို့ ဝိုင်းရံပိတ်ဆို့မှုအကြံမှာ ရခိုင်တို့အတွက် အတားအဆီး ဒုက္ခမရောက်ရှိနိုင်ပေ။ ခံတပ်၏ အရှေ့ဘက်ခြမ်းတွင် မြင့်မားသော (Sitakunda) တောင်တန်းက ခံတပ်အား အကာအကွယ်ပေးထားသလို တည်ရှိနေပေသည်။

ထိုအချိန်တွင် ကိုယ်ရံကြီး (ရခိုင်စစ်သေနာပတိ)၏တပ်များသည် မဂိုတို့၏ ရှေးတန်းကို နောက်တန်းစခန်းများနှင့် ဖြတ်တောက်စေပြီး ၎င်းတို့အား ရိက္ခာအခက်အခဲ ရှိစေသည်။ ထို့ကြောင့် မဂိုဗိုလ်ချုပ်နှစ်ဦး (Sarhad Khan and Shaykh Kamal) တို့ ကြီးကြပ်သော နောက်တန်းတပ်များအား ရခိုင်ခံတပ်ကို ဝိုင်းရံထားသည့် ရှေ့တန်းတပ်များအတွက် ရိက္ခာပို့တာဝန်ကို ယူစေသည်။ ရခိုင်တို့သည် အခွင့်ကောင်းယူကာ စစ်ကြောင်းနှစ်ကြောင်းကြားတွင် သစ်ခံတပ် (Stockade) တစ်ခုကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။ မဂိုဗိုလ်ချုပ်နှစ်ဦးမှာ ရခိုင်တပ်များအား လှုပ်ရှားမှုကို မည်သို့မျှထိန်းချုပ်နိုင်စွမ်း မရှိချေ။ ရခိုင်ခံတပ်၏ ဝိုင်းရံခိုက်ခိုက်ပိတ်ဆို့ထားသော ရိက္ခာအထောက်အပံ့ ဖြတ်တောက်ခံရသည့် အခက်အခဲမျာ ကြုံရတော့သည်။ ဤနည်းဖြင့် ရန်သူကို ဝိုင်းရံပိတ်ဆို့ထားရာမှ ရန်သူက မိမိတို့အား ဝိုင်းယံသည့်အဖြစ်မျိုးကို မဂိုတပ်များ ကြုံတွေ့ရတော့သည်။ မဂိုစစ်သေနာပတိချုပ်လည်း လုံးဝမကျေမနပ်ဖြစ်ကာ ၎င်း၏လက်အောက် ဗိုလ်ချုပ်နှစ်ဦး (Sarhad Khan and Shaykh Kamal) တို့အား ရိက္ခာများကို ဖြတ်တောက်နေသည့် ရခိုင်စစ်တပ်အား မည်သည့်အကြောင်းကြောင့် ယနေ့ထိ မချေမှုန်းနိုင်သနည်းဟု မေးသည်။ ဗိုလ်ချုပ်နှစ်ဦးတို့က သင့်အနေနှင့် ရခိုင်တို့၏ အဓိကခံတပ်(Knathghar)ကို မသိမ်းပိုက်နိုင်သလို ကျွန်ုပ်တို့အနေနှင့်လည်း ဤသစ်ခံတပ်ကို မသိမ်းနိုင်ခြင်း အတူတူပါဘဲဟူ၍ မထိလေးစား ပမာမခန့် ပြန်ကြားလိုက်လေသည်။[၂၃]

တစ်နေ့တစ်ခြား ဆိုးရွားလာသော အခြေအနေများကြောင့် မဂိုတို့၏တပ်များမှာ ထိန်းသိမ်းရခက်လာသည်။ ရိက္ခာမဝ၍ စိတ်ဓာတ်လည်း ကျဆင်းလာသည်။ မိုးရာသီလည်း မကြာမီ ကျရောက်တော့မည်ဖြစ်ရာ မဂိုစစ်သေနာပတိသည် နောက်ဆုံး၌တပ်များအား ဆုတ်ခွာစေခဲ့ရလေသည်။ ဆုတ်ခွာသောမဂိုတပ်များအား ရခိုင်တပ်များက လိုက်လံတိုက်ခိုက်ရာ လေးလံသောအမြောက်ကြီးများနှင့် ပေါက်ကွဲစေတတ်သောယမ်းများအား ရန်သူလက်ထဲ မရောက်ရှိစေရန် မဂိုတို့က မီးရှို့ဖျက်ဆီးကာ ကသောကမျော တပ်ဆုတ်ခဲ့ရသည်။ ဤနည်းဖြင့် ၁၆၁၆ ခု မေလအတွင်း မဂိုတို့၏ ကျူးကျော်စစ် အဆုံးသတ်ခဲ့ရလေသည်။[၂၄]

ဤသို့ ရခိုင်ရှေ့ကာ စစ်စခန်းတစ်ခုကို အောင်မြင်စွာ မသိမ်းပိုက်နိုင်ခြင်းအတွက် မဂိုစစ်ဗိုလ်ချုပ်များအဖို့ များစွာပင် အရှက်ရစေသည်။ ခေတ်ပြိုင်မှတ်တမ်းများက ဤသို့ အရေးနိမ့်ခြင်းသည် အတွေ့အကြုံနည်းပါးသော စစ်ဗိုလ်ချုပ်အား သေနာပတိချုပ်အဖြစ် တာဝန်ပေးမိခြင်း၊ စစ်ဗိုလ်အချင်းချင်း ပူးပေါင်းညှိနှိုင်းမှု မရှိခြင်း၊ အမိန့်နာခံမှုနည်းပါးခြင်း၊ နယ်မြေဒေသ မကျွမ်းကျင်ခြင်း၊ နည်းပရိယာယ် မကြွယ်ဝခြင်း တို့ကြောင့်ဖြစ်သည်ဟု မှတ်တမ်းတင်ဖော်ပြထားသည်။ ၎င်းအပြင် ရခိုင်စစ်သားတို့၏ တောတွင်းတိုက်ပွဲ ကျွမ်းကျင်မှု၊ သတ္တိဗျတ္တိရှိမှု၊ ကြံခိုင်မှုနှင့် စစ်တကောင်းဒေသ၏ရေမြေ၊ ပထဝီအနေအထားသည် ရခိုင်စစ်သားများအဖို့ အကျွမ်းတဝင်ရှိပြီး ဖြစ်နေခြင်းတို့က

---

၂၃။ Baharistion, 1,p-408
A History of Chittagone p. 260
Chittagone District Gasetteer p. 78

၂၄။ A History of Chittagone p. 260
Baharistion, 1,p-407, 408

မဂိုတို့အတွက် အရေးနိမ့်စေသောအချက်များ ဖြစ်လေသည်။[၂၅]

သို့သော်လည်း စစ်တကောင်းကို မသိမ်းပိုက်နိုင်ပါက မဂိုအင်ပါယာအား အချိန်မရွေး ဒုက္ခပေးနိုင်ကြောင်း ကောင်းစွာသဘောပေါက်သော မဂိုတို့သည် အေဒီ ၁၆၂၁-ခုနှစ်၊ မတ်လတွင် အဘာဘာဟင်ခန် (ဘမင့်ဧ ၂ဧ) သည် ထိုးစစ်ကြီးတစ်ရပ် ဆင်နွှဲပြန်လေသည်။[၂၆]

မဂိုခေတ်ပြိုင် သမိုင်းဆရာတို့က ဤစစ်ဆင်ရေးသည် ရခိုင်တို့အား အပြတ်ချေမှုန်းရေးနှင့် စစ်တကောင်းအား သိမ်းပိုက်ရေးအတွက်ဖြစ်ကြောင်း၊ စစ်ဗိုလ်ချုပ်သည် ဤစစ်ဆင်ရေးအတွက် (၂)နှစ်တာမျှ ကြိုတင်စီစဉ်ခဲ့ကြောင်း ဖော်ပြကြသည်။[၂၇] ပေါ်တူဂီခေတ်ပြိုင်မှတ်တမ်းတွင် မဂိုတို့သည် စစ်တကောင်းသိမ်းပိုက်ရေးအတွက် ရခိုင်ပိုင်နက်အတွင်း နေထိုင်ကြသော ပေါ်တူဂီများအား ပူးပေါင်းကြံစည်ကြရန် လျှို့ဝှက်စွာ စည်းရုံးဆက်သွယ်ခဲ့ကြောင်း၊ သူလျှိုများစေလွှတ်ခဲ့ကြောင်း ဆိုပေသည်။[၂၈] သို့သော်လည်း ထိုလျှို့ဝှက်ကြံစည်မှုမှာ လုံးဝမအောင်မြင်ခဲ့ချေ။ ပေါ်တူဂီတို့သည် မဂိုတို့ထက် ရခိုင်တို့ကို ပိုမိုကြောက်ရွံ့ကာ ရခိုင်သစ္စာခံအဖြစ်သာ နေထိုင်လိုကြောင်း ဆိုပေသည်။[၂၉] မည်သို့ပင်ဆိုစေကာမူ မဂိုတို့သည် စစ်တကောင်းကို ရခိုင်တို့ထံမှ သိမ်းပိုက်နိုင်ရေးအတွက် အမြဲတန်းဆန္ဒပြင်းပြနေခဲ့ရာ ယခုစစ်ဆင်ရေးမှာလည်း အဘက်ဘက်မှ အပြည့်အစုံ ကြိုတင်စီစဉ်ခဲ့ပေသည်။ ထူးခြားသည်မှာ ယခုထိုးစစ်ကို ဆိုးရွားလှသော ဘင်္ဂလာဒေသ၏ မုတ်သုန်ရာသီဦးကိုမှ ရွေးခဲ့ခြင်းနှင့် ထိုးစစ်ဆင်ရာ လမ်းကြောင်းကိုလည်း မဂိုတို့၏ သမရိုးကျလမ်းမဟုတ်ပဲ တောတောင်ထူထပ်သော လမ်းသစ်ကို ရွေးချယ်ခဲ့ခြင်းပင်ဖြစ်သည်။ လမ်းမှာ တြိပူရဘုရင်များ အသုံးပြုခဲ့သောလမ်းကြောင်းပင်ဖြစ်သည်။ ရုတ်တရက် အငိုက်မိစေရန် ဖြစ်နိုင်သည်။ ဤစစ်ဆင်ရေးတွင် မြင်းနှင့် ခြေလျင်လေးသောင်း၊ ဆင်တစ်ထောင်နှစ့် စစ်တိုက်လှေ နှစ်သောင်းပါဝင်သည်။[၃၀]

တြိပူရဘာလူအနှင့် စစ်တကောင်းနယ်စပ်ရှိ ဖနီ (Feni) မြစ်နှစ်သွယ်ကို ခက်ခဲစွာ ဖြတ်သန်းပြီးနောက် ပို၍သွားလာရန် ခက်ခဲသော တောတောင်ထူထပ်သည့်နေရာသို့ ရောက်ရှိလာသည်။ လမ်းမရှိ၍ လမ်းကို မိမိဖောက်ကြရသည်။ သေနာပတိချုပ် ဘုရင်ခံကိုယ်တိုင်ပင် လမ်းထွင်ရသည်။ ရေကြောင်းတပ်သားများအဖို့ ရေစီးသန်ခြင်း၊ ကျဉ်းမြောင်းခြင်း၊ အကွေ့အကောက်များလွန်းသော မြစ်ချောင်းများကြောင့်၊ ရှေ့တိုးရန် အခက်အခဲ ကြုံတွေ့ကြရသည်။ မည်သို့ပင်ဖြစ်စေ ဘုရင်ခံ အလာယာဟင်ခန် (Ibrahim Khan) ကား ရည်ရွယ်ချက်မပြောင်း၊ ဇွဲလုံ့လကို အလျှော့မပေး၊ သူကိုယ်တိုင် လှေငယ်တစ်စင်းဖြင့် ခရီးကြမ်းကို နှင်သည်။ မြင်းများအဖို့ ရှေ့တိုးရန် မတိုးနိုင်တော့၊ စစ်ဆင်များအဖို့ မထောင်းတာလှသော်လည်း ကိုယ့်လမ်းကိုယ်ထွင် ကိုယ်တိုင်လမ်းဖောက်နေရ၍ ခရီးဖင့်သည်။ မတွင်လှ။ သည်အခြေအနေတွင် ဘုရင်ခံခန်အား ကြီးမားသော အခက်အခဲတစ်ခုက ခြောက်လှန့်နေချေပြီ။ ၎င်းမှာ ၎င်း၏ခရီးရှည်ကြမ်း နှင်နေရသည့်တပ်များအဖို့ ရိက္ခာအခက်အခဲပင် ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဤလိုနေရာမျိုးတွင် လူအနည်းငယ်မျှအတွက်ပင် ရှာရဖွေရသည်မှာ မလွယ်ကူချေ။ အနီးအနားတွင်လည်း ရွာမရှိ၊ လူမရှိ တမင်တကာ လူမတွေ့ရအောင် တောရိပ်တောင်ရိပ်ခို၍ လာခဲ့ရခြင်းဖြစ်သည်။ သည်လမ်းနှင့် သည်စစ်ဆင်ရေးကို သူကိုယ်တိုင်ပင် ရေးဆွဲ၍ သူကိုယ်တိုင်ပင် ရွေးချယ်ခဲ့သည်။ ခရီးလွန်လာပြီးမှ သူရွေးချယ်ချမှတ်ခဲ့သော စစ်ရေးမဟာဗျူဟာမှာ အကြီးအကျယ်မှားယွင်းနေကြောင်း တွေ့ရှိရလေသည်။ နောက်ဆုံးတွင် စိတ်ဓာတ်အကြီးအကျယ် ပျက်ယွင်းနေသော မဂိုတပ်ကြီးအား တပ်မပျက်ရအောင် ထိန်းယင်း ဆုတ်ခွာခဲ့ရလေသည်။[၃၁]

ဤသို့မဂိုတို့ စစ်တကောင်းသိမ်းရေး စစ်ဆင်မှု မအောင်မမြင်ဖြစ်ခဲ့ရမှုမှာ နိုင်ငံအဖို့ စိတ်ဓာတ်ရေး၊ နိုင်ငံရေး၊ လူမှုရေး အဘက်ဘက်မှ ကျဆင်းယိုယွင်းမှုကို ဖြစ်ပေါ်စေသည်။ ၎င်းနောက်တွင် မဂိုစစ်သားများအဖို ရခိုင်စစ်သားများ

---

၂၅။ A History of Chittagone p. 262

၂၆။ Chittagone Gozettear p. 78
A History of Chittagone p. 262

၂၇။ Fathya p. 183

၂၈။ Manrique p. 147

၂၉။ A History of Chittagone p. 262

၃၀။ ယင်း စာ-၂၆၃

၃၁။ A History of Chittagone p. 262

ကို ကြောက်ရွံ့ခြင်း၊ မယှဉ်ဆိုင်ရဲတော့ခြင်းတို့မှာ အစဉ်အလာတစ်ရပ် ဖြစ်လာလေတော့သည်။ စစ်တကောင်းကို ရခိုင်အုပ်ချုပ်သော ကာလတစ်လျှောက်လုံး ရခိုင်တို့သည် ပေါ်တူဂီပင်လယ်ဓားမြများအား တပည့်မွေးကာ မဂိုပိုင်နက် အတွင်းသို့ အတားအဆီးမဲ့စွာ ချင်းနင်းဝင်ရောက်ပြီး လုယက်ဖျက်ဆီးဗိုလ်ကျ စိုးမိုးခဲ့ကြလေသည်။ ဤနည်းဖြင့် မဂိုတို့အဖို့ ရခိုင်ပြည်ကို တိုက်ခိုက်၍ ဘယ်တော့မှ မရနိုင်မည်မဟုတ်သော တိုင်းပြည်အဖြစ် အထင်ကြီးကာ အကြောက် ကြီး ကြောက်နေပေသည်။ ရခိုင်တို့သည် ရန်သူတို့ လုံးဝမယှဉ်နိုင်သော ရေတပ်ကြီးနှင့် ကြည်းတပ်ကြီး ရှိသည်ကိုလည်း ၎င်းတို့လက်တွေ့မြင်ကြ ကြားကြရပေသည်။

မဂိုရာဇဝင် စာရေးဆရာ ဆရာတာလစ်(Talish) က၊ ရခိုင်တို့၏ စွမ်းအားမှာ အမှန်ပင်အံ့သြလောက်အောင် အင်အားတောင့်တင်းသည်မှာ မှန်သော်လည်း မဂိုတို့ ကြောက်စိတ်က ပိုလွန်ကဲနေပေသည်။ ဟု ဖော်ပြထားပေသည်။ ၎င်းက ရခိုင်ရေတပ်အင်အားနှင့်ပတ်သက်၍ "ရခိုင်ရေတပ်တွင် စစ်သင်္ဘော ၁၀၀၀၀ရှိကြောင်း၊ သင်္ဘောများတွင် တပ်ဆင်ထားသော အမြောက်လက်နက်များမှာ မရေတွက်နိုင်လောက်အောင် များပြားလှကြောင်း၊ ရခိုင်ရေတပ် ချီလာပြီးဆိုလျှင် ပင်လယ်ပြင်တစ်ခုလုံးမှာ လှိုင်းယက်ထကာ ဖွေးဖွေးဖြူမျှ ရှိနေကြောင်း" ဖော်ပြထားပေသည်။[၃၂] ရခိုင်တို့ ရေတပ်စွမ်းအားနှင့်ပတ်သက်၍ ခေတ်ပြိုင်မှတ်တမ်းတစ်ခုတွင် "ရခိုင်တို့သည် တိုက်ရည်ခိုက်ရည်တွင်လည်း ကောင်း၊ သူရသတ္တိအရာ၌လည်းကောင်း၊ မဂိုတို့ထက် သာလွန်သည်ဖြစ်ရာ တိုက်သင်္ဘောငယ် လေးငါးစီးခန့်မျှနှင့် မဂိုတို့၏တိုက်သင်္ဘော၁၄ စီးမှ ၁၅ စီးအထိ ပါဝင်သောရေတပ်ကို တိုက်ခိုက်ဖျက်ဆီးခြင်း၊ လက်ရဖမ်းဆီးခြင်းများ ပြုလုပ်နိုင်ကြသည်။[၃၃] ဟုဖော်ပြထားပေသည်။

မဂိုရာဇဝင်ဆရာတစ်ဦးက စစ်တကောင်း ဒက္ကာမြို့အထိ ကမ်းခြေတစ်လျှောက်တွင် ကျေးရွာဆိုမဆိုထားဘိ အိမ်တဆောင်မျှပင် မတွေ့ရတော့ချေ။ ဘင်္ဂလားပင်လယ်ထဲ သွားလာနေသော သင်္ဘောများမှ သင်္ဘောသားတို့သည် မိမိတို့ဘက်မှ လက်နက်ကိုင်အင်အား တစ်ရာခန့် ရှိနေစေဦး၊ ပင်လယ်ဓားပြလေးယောက်ခန့်မြင်လျှင် တော်ပါသေး၏။ လွတ်အောင်ပြေးပေါက်ရှိနိုင်၍ ကံကောင်းသည်ဟု တွေးထင်ကြသည်။[၃၄] ဟု ဖော်ပြထားသည်။

ရခိုင်ပေါ်တူဂီ ကျွန်ရောင်းဝယ်သူများသည် မဂိုပိုင်နက်အတွင်း မြစ်ဝမှမိုင်(၁၂၀)အထိ ဝင်ရောက်ပြီး တိုက်ခိုက်ကြသည်ထိ အတင့်ရဲကြသည်။ အတားအဆီးလည်း မရှိ။ မဂိုအရာရှိတို့ကလည်း ထိပ်တိုက်မရင်ဆိုင်ရဲဘဲ ရှောင်ပြေးကြသည်။ ဤသို့ အတင့်ရဲစွာ စွန့်စားမှုသည် ဒက္ကားမြို့သို့ပင်လျှင် မကြာခဏဝင်ရောက်စီးနင်းမှုဒဏ် ခံခဲ့ကြရာ၊ ဘုရင်ခံတစ်ဦးသည် ဒက္ကားမြို့အား ပင်လယ်ဓားပြရန်မှ မကာကွယ်ပဲ ထွက်ပြေးခဲ့ရသည်။ အရာရှိတစ်ဦးအား ရာထူးမှ ဖယ်ရှားခဲ့ရဘူးပေသည်။[၃၅] ဤအခြေအနေများသည် မဂိုတို့အဖို့ ရခိုင်တပ်မတော်အား ရင်ဆိုင်ရန် ပင်ကိုယ်အားဖြင့် ကြောက်ရွံ့အားငယ်စိတ် ရွံ့မည်မှာ သဘာဝကျလှပေသည်။

မဂိုတို့၏ စစ်တကောင်းသိမ်းပိုက်ရေး စစ်ဆင်မှုများသည် ရခိုင်ဘုရင်၏နယ်ခြားဒေသဆိုင်ရာ မူဝါဒအပေါ် များစွာပင် အကျိုးသက်ရောက်မှု ရှိလေသည်။ ရခိုင်ဘုရင်သည် ထိုအချိန်မှစတင်ကာ နေပြည်တော်၏ မြောက်ပိုင်း လုံခြုံမှုအတွက် သဘာဝအတားအဆီးများကို စတင်အသုံးချသည်။ မြောက်ပိုင်းစစ်တကောင်းနယ် တစ်ဝှမ်းလုံးရှိ ကမ်းရိုးတန်းနှင့် တောင်တန်းကြားတွင် လူနေထိုင်မှုကို စနစ်တကျ စီမံကိန်းပြုလုပ်၍ လျှော့ချလိုက်သည်။ ၎င်းနောက် သစ်တောကို ထူထပ်စွာ စိုက်ပျိုးစေသည်။ မုတ်သုန်မိုးရရှိရာ ဒေသဖြစ်ရာ သဘာဝသစ်တောကြီးအဖြစ် (တစ်)နှစ်၊ (နှစ်)နှစ်အတွင်း ကြီးမားကျယ်ပြန့်ပြောင်းလဲလာခဲ့ရာ မဂိုတို့၏ကုန်းလမ်းမှ ကျူးကျော်မှုတို့ကို ဟန့်တားစေသည့် သဘာဝအတားအဆီးပင် ဖြစ်ပေသည်။ ဒုတိယအနေနှင့် ရေကြောင်းမှ ကျူးကျော်လာမည့် မဂိုရန်အတွက် ရခိုင်ဘုရင် သည် ဒီယင်းဂါးပင်လယ်ကမ်းစပ်မြို့တွင် ပေါ်တူဂီတို့အား မဂိုရန်မှ ကာကွယ်ပါမည်ဟူသော ကတိကဝတ်ဖြင့် အခြေချ

---

၃၂။ A History of Chittagone p. 264
Talish. Fathiya, pp. 179-180
Ghosh, J,M. Magh Raider in Bengal-1960.

၃၃။ Bernier. Mogul Empire, p. 173
ထွန်းရွှေခိုင်၊ ရခိုင်ရှေးဟောင်းမြို့တော်များ စာ-၆၈

၃၄။ ရတနာရွှေမြေ-စာ-၁၄၅၊ Collis, Great Image p. 111.

၃၅။ A History of Chittagone p. 265

နေထိုင်ခွင့်ပြုထားပေသည်။ နောက်ပိုင်းတွင် ပေါ်တူဂီတို့သည် ကျွန်ကုန်ကူးခြင်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာရာ ဘင်္ဂလားပင်လယ်အော်၏ အဓိကကျွန်ရောင်းဝယ်ရာ စခန်းမြို့ ဖြစ်လာခဲ့သည်။ ကျွန်များဖမ်းဆီးရောင်းဝယ်ရေးမှာ ရခိုင်ဘုရင်တို့အတွက် စီးပွားရေးတစ်ခု ဖြစ်သည်သာမက နိုင်ငံရေးအတွက်လည်း အထောက်အကူပြုသည်။ ရခိုင်သည် အိန္ဒိယမဂိုနှင့် နယ်စပ်ထိစပ်လျှက်ရှိရာ မဂိုတို့အင်အားကောင်းလာတိုင်း ရခိုင်ဘက်သို့ လူအင်အားနှင့်ဖိ၍ ကျူးကျော်မည့်အန္တရာယ်ကို စိုးရိမ်ရလေသည်။ ထို့ကြောင့် တဘက်အင်အားယုတ်လျော့စေမည့် လုပ်ငန်းမှန်သမျှ ရခိုင်ဘုရင်တို့က အားပေးရမည်ဖြစ်သည်။ တစ်နေ့တွင် မဂိုတို့သည် စစ်တကောင်းကို သိမ်းပိုက်ယူလိမ့်မည်ဟု တွက်ဆထားသော ရခိုင်ဘုရင်သည် ပေါ်တူဂီတို့အား လက်သပ်မွေးပြီး ကျွန်ဖမ်းခြင်းနှင့် ကျွန်ရောင်းဝယ်ခြင်းလုပ်ငန်းများကို အားပေးခြင်းဖြင့် မဂိုမင်းတို့၏နယ်ပယ်မှ လူဦးရေလျော့နည်းကာ အင်အားလျော့ပါးစေခြင်းဖြင့် မဂိုအင်အားစုများကို တွန်လှန်ဖယ် ရှားစေခဲ့ခြင်းဖြစ်သည်။[၃၆]

မဂိုမှတ်တမ်းတွင် မင်းခမောင်းခေါ် ဟူစိန်ရှားအား ရခိုင်ဘုရင်များထဲတွင် တန်ခိုးအကြီးမားဆုံး၊ အအောင်မြင်မှုအရဆုံးသော ရခိုင်ဧကရာဇ်အဖြစ် ဖော်ပြကြပေသည်။[၃၇] သူသည် သူ၏နိုင်ငံအတွင်း သူပုန်များအား ကောင်းစွာနှိမ်နင်းခဲ့ အေးချမ်းသာယာခဲ့သည်။ ဉာဏ်နီဉာဏ်နက်များလှသော နယ်ချဲ့ပေါ်တူဂီတို့အား မလှုပ်နိုင်အောင် ကောင်းစွာထိန်းချုပ်နိုင်ခဲ့သည်။ ကမ္ဘာတလွှား အောင်မြင်မှုများခဲ့သော နယ်ချဲ့မဂိုတို့ ရန်ကို ကောင်းစွာ ကာကွယ်တွန်းလှန်နိုင်ခဲ့သည်။ ဘိုးဘွားဘီဘင်များ၏ ရခိုင်နယ်ပယ် အကျယ်အဝန်းများကိုလည်း ထိန်းသိမ်းနိုင်ခဲ့သည့်အပြင် နယ်မြေအသစ်များပါ စည်းရုံးသိမ်းသွင်းနိုင်ခဲ့ကြောင်း တွေ့ရသည်။[၃၈]

---

၃၆။ Ibid p-265.

၃၇။ ခင်မောင်ညွန့်၊ ဒေါက်တာ ပေါ်တူဂီမြန်မာ, စာ ၁၄၉-၁၅၀

၃၈။ History of Bengal, vol ii-publ Dacoa University p- 243 (proved to be the greatest and most successful conqueror)

၃၉။ A History of Chittagone p. 265

## သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၂-၁၆၃၈)

မင်းခမောင်း နတ်ရွာစံပြီးနောက် သားတော်ကြီး သီရိသုဓမ္မရာဇာသည် အေဒီ ၁၆၂၂-ခုနှစ်တွင် မြောက်ဦးမြို့ ထီးနန်းကို ဆက်ခံသည်။ မင်းခမောင်း၏ ဒုတိယသားတော် သီရိသုဓမ္မရာဇာ၏ ညီတော်အား စစ်တကောင်းမြို့ဝန် ဘုရင်ခံချုပ်အဖြစ် ခန့်ထားသည်။ စစ်တကောင်းမြို့မှာ ရခိုင်နေပြည်တော် အနောက်ဘက်ခြမ်းအတွက် မဟာဗျူဟာ အရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်း အရေးကြီးပေရာ ရခိုင်ဘုရင်တို့သည် သူတို့၏စိတ်ချရသော သားတော် အထူးသဖြင့် အိမ်ရှေ့ဥပရာဇာပြီးနောက် ဒုတိယသားတော်အား ဘုရင်ခံချုပ်အဖြစ် ခန့်ထားလေ့ရှိသည်။ ထိုမင်းသားမှာ မကြာမီပင် နတ်ရွာစံခဲ့ရာ ၎င်း၏နေရာတွင် အမတ်ကြီးတစ်ဦးကို အစားထိုး ခန့်အပ်ထားခဲ့သည်။ ထိုမြို့ဝန်သစ်မှာ စစ်တကောင်းမြို့ကို အုပ်ချုပ်ရသည်။ အဆိုပါ စစ်တကောင်းမြို့ဝန်သစ်သည် ဘုရင်ခံချုပ်ရာထူးကို လည်း ကြိုးစားပန်းစား ထမ်းဆောင်ကြောင်းနှင့် ပေါ်တူဂီတို့အား မုန်းတီးသူဖြစ်ကြောင်း ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်က ဖော်ပြခဲ့ပေသည်။ မန်နရစ်၏ တွေ့ရှိချက်အရ ၎င်းမြို့ဝန်သည် သံလျင်မြို့တွင် ဒီဘရစ်တို ဇေကာ်၏ အကျဉ်းသားအဖြစ် ပေါ်တူဂီတို့၏ ညှင်းပန်းနှိပ်စက်မှုဒဏ်ကို ခံခဲ့ရသူဖြစ်ကြောင်း သိရှိရပေသည်။ ဤအခြေအနေများ ကြောင့် ပေါ်တူဂီတို့အား လက်စားချေလိုစိတ် ပြင်းပြနေသူပင် ဖြစ်ပေသည်။ အခြားသော သတင်းတစ်ရပ်၏အဆိုအရ မူ မြို့ဝန်သစ်သည် ပေါ်တူဂီတို့အား ဆွေစဉ်မျိုးဆက် မုန်းတီးလာခဲ့သူဖြစ်ကြောင်း ၎င်းမှာ အေဒီ ၁၆၀၃ ခုနှစ်က ဆင်းဒဝစ်ကျွန်းမှ ပေါ်တူဂီတို့၏ ရုတ်တရက် တိုက်ခိုက်မှုကြောင့် ဒီယင်းဂါးတွင် ကျဆုံးသွားခဲ့သော စစ်တကောင်းမြို့ဝန် သေနာပတိ၏သားဖြစ်ကြောင်း ဆိုပေသည်။[၁]

သို့သော် စစ်တကောင်းမြို့ဝန်ကား တာဝန်နှင့် ဝတ္တရားများအရ ရာထူးလက်ခံရန် ရောက်ရှိပြီး မကြာမီပင် (အေဒီ ၁၆၂၈-၂၉)ဧည့်ခံပွဲတစ်ခု ကျင်းပပြုလုပ်ရာ ဒီယင်းဂါးနှင့် စစ်တကောင်းရှိ ပေါ်တူဂီအရာရှိ၊ အရာခံများအား ထိုဧည့်ခံပွဲသို့ တက်ရောက်ရန်အတွက် ရင်းနှီးစွာဖြင့် ဖိတ်ကြားခဲ့လေသည်။ ပေါ်တူဂီစစ်ဗိုလ်များလည်း ကောင်းပေ့ ဆိုသည့် အဝတ်အစားကောင်းများ ဝတ်ဆင်ကာ စစ်တကောင်းမြို့ တံခါးဝသို့ စုရုံးရောက်ရှိလာရာ မြို့ဝန်က စေလွှတ် လိုက်သော ဘင်ခရာအဖွဲ့နှင့် ကိုယ်ရံတော်တပ်ဖွဲ့တို့က ကြိုဆိုပြီး မြို့တော်ဝန်အိမ်သို့ ခေါ်ဆောင်သွားလေသည်။ ညစာစားပွဲအပြီးတွင် မြို့ဝန်မင်းက မိန့်ခွန်းပြောကြားရာ "ဘုရင်မင်းမြတ်၏ ယုံကြည်ရသည့်အတိုင်း နယ်ခြားဒေသကို ကျူးကျော်ဝင်ရောက်လာမည့် မဂိုရန်သူများအား အစွမ်းကုန် ကာကွယ်ကြရန်လိုကြောင်း" စသည်ဖြင့် မိန့်ကြားသွားခဲ့ လေသည်။ ထိုဧည့်ခံပွဲတွင် အရက်သောက်ပွဲများ၊ ကပွဲများပါဝင်ရာ ညဥ့်လုံးပေါက် ပျော်ရွှင်စွာ ကျင်းပလေသည်။[၂]

သို့ငြားသော်လည်း မြို့တော်ဝန်သည် ပေါ်တူဂီတို့အား အလစ်မပေး စောင့်ကြည့်နေခဲ့ပေသည်။ မန်နရစ်၏ အာဏာတော်အတိုင်းဆိုလျှင် ပေါ်တူဂီတို့ကို ရခိုင်ဘုရင်က မယုံမကြည်ဖြစ်ခဲ့ရသည်မှာ ကျန်ခဲ့သည့် နှစ်(၃၀)ခန့် (အေဒီ ၁၆၀၀)ဝန်းကျင်က စတင်သည်ဟု ဆိုပေသည်။ ရခိုင်ဘုရင်တို့သည် အန္တရာယ်ကို ကြိုတင်မြင်ခဲ့ကြသည်ဖြစ်၍ အမြောက်တပ်ကို အခြားလူမျိုးများနှင့် တိုးချဲ့ဖွဲ့စည်းထားခဲ့လေသည်။ ဂျပန်၊ အာဖကန်နှင့် မြန်မာလူမျိုးစုများ ပါဝင်သည်။ ဤအခြေအနေများကြောင့် ပေါ်တူဂီများအား မုန်းတီးသော ရခိုင်မြို့ဝန်ဆိုသည်မှာ အဆန်းမဟုတ်သလို မလိုလားသော ပေါ်တူဂီများအား ချေမှုန်းရေးအတွက် ရခိုင်ဘုရင်အား လျှောက်ထားရန်မှာ အခက်အခဲ မဟုတ်ပါချေ။

ဤသို့သော် အခြေအနေတွင် စစ်တကောင်းပိုင်နက် သတ္တသေလ (Chakrasala) ရှိ ဘင်္ဂလီကုလားများနှင့် ပေါ်တူဂီ ဒတ်ချ်တို့ ပူးပေါင်းကာ ဒက္ကာရှိ ဘုရင်ခံချုပ်ထံ စစ်တကောင်းအား သိမ်းပိုက်ရန် လျှို့ဝှက်စာတစ်စောင် ကမ်းလှမ်းခဲ့သည်။ ဒက္ကာဘုရင်ခံအဖို့ စစ်တကောင်းဒေသများ၏ အကူအညီရရှိပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သြဂုတ်လ (၁၆၃၁-အေဒီ) အတွင်း ရေတပ်အလုံအလောက်ဖြင့် အသင့်ရှိစေမည်ဖြစ်ကြောင်း ဂတိပြုလိုက်သည်။[၃] စစ်တကောင်းမြို့ဝန်လည်း ဤသို့လျှို့ဝှက်ကြံစည်မှု ပေးစာကို ကြိုတင်သိရှိခဲ့လေရာ ရခိုင်ဘုရင်မင်းမြတ်ထံ ချက်ချင်းအစီ ရင်ခံ တင်ပြလိုက်လေသည်။ မြောက်ဦးရွှေမြို့တော်ရှိ ဘုရင်မင်းမြတ်ထံသို့ အေဒီ (၁၆၃၀)မေလကုန်တွင် စစ်တကောင်း

---

၁။ A History of Chittagone P-266

၂။ Collis; Maurice-The Land of great Image

၃။ Manrique-1. P. 90

မြို့ဝန်၏ အစီရင်ခံစာ ရောက်ရှိသွားခဲ့သည်။ ရခိုင်ဘုရင် သီရိသုဓမ္မရာဇာလည်း ကိုယ်ရံကြီး (စစ်ဗိုလ်ချုပ်)အား ချက်ချင်းခေါ်ယူပြီး တိုက်လှေကြီး (၅၀၀)ပါဝင်သော ရခိုင်ရေတပ်ကြီးကို မဂိုတို့မလှုပ်ရှားမီ ဒီယင်းဂါးသို့ ချီတက်စေသည်။ ပေါ်တူဂီများသည် ဤသို့ပင် မကြာခဏ သစ္စာဖောက်နေကျဖြစ်၍ ပြင်းထန်စွာ အရေးယူရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်မည်။ ၎င်းနောက် ဖြစ်နိုင်လျှင် ပေါ်တူဂီများအား အလစ်တွင် အံ့အားသင့်လောက်အောင် တိုက်ခိုက်ပြီး လက်နက်သိမ်းခဲ့ရမည်။ အကယ်၍ အကြောင်းမညီညွတ်ခဲ့သော် ဒီယင်းဂါးမြို့အား ဝိုင်းထားရမည်ဟု အမိန့်တော်မြတ် မှတ်တော်မူသည်။

ရေတပ်ကြီး ပြင်ဆင်နေပြီဟူသောသတင်းမှာ မြောက်ဦးရွှေမြို့တော်တွင် နေရာတကာ ပြန့်နှံ့လျက်ရှိလေသည်။ မိုးဦးကျလာပြီဖြစ်၍ ယခုလို မိုးထဲလေထဲမှာ စစ်ဆင်ရမည့်အရေးမှာ သေးငယ်သောကိစ္စတော့ မဟုတ်တန်ရာဟု အမျိုးမျိုး ထင်ကြေးပေးနေကြသည်။ သည်အထဲ ရေကြောင်း ကျွမ်းကျင်သည့် ပေါ်တူဂီနှင့် သူရေးရှုန်းကပြားတပ်တွေကို ပါဝင်ဖွဲ့စည်းခြင်း မပြုဘူး၊ မခေါ်ဘူးဟူသည့်အချက်မှာ ပို၍စိတ်ဝင်စားစရာ ဖြစ်နေလေသည်။ မြောက်ဦးတွင် ပေါ်တူဂီလူမျိုး တော်တော်များများ ရှိလေရာ ၎င်းတို့လည်း အထက်ပါသတင်းအတွက် စိုးရိမ်မကင်းရှိကြသည်နှင့် အချင်းချင်းတိုင်ပင်ကြကာ နန်းတော်အတွင်းထိ အဆင့်ဆင့် ထောက်လှမ်းစုံစမ်းကြသည်။ အထူးသဖြင့် အတင်းအဖျင်း ပြောတတ်သော အမျိုးသမီး ရံရွေတော်များမှတဆင့်၊ သတင်းအချို့ ရရှိခဲ့လေသည်။ ဘယ်သတင်းက မှန်သည်ဆိုသည့် အချက်ကို ဆုံးဖြတ်ရ ခက်ခဲလှသော်လည်း ရရှိသည့်သတင်းထဲမှ ဒီယင်းဂါးနှင့် ပတ်သက်သည့်သတင်းကို စုဆောင်းကာ စာနှစ်စောင် ရေးသားပို့ခဲ့လေသည်။ တစ်စောင်မှာ ဒီယင်းဂါးရှိ ဘုန်းတော်ကြီးအတွက်ဖြစ်၍ ကျန်တစ်စောင်မှာ စစ်ဗိုလ်များအတွက် ဖြစ်သည်။ ပေါ်တူဂီသတင်းပို့ ဆတ်သားသည် ဇွန် ၁၉ ရက်နေ့တွင် မြောက်ဦးမှ ထွက်ခွာခဲ့သော်လည်း ထိုလ- ၃၀ ရက်တွင် ဒီယင်းဂါးမြို့သို့ ဆိုက်ရောက်ခဲ့လေသည်။ မိမိအမျိုးအတွက် ပြင်းထန်လှသော မုတ်သုန်မိုးဦးရာသီကို တွန်းလှန်ကာ စွန့်စားသွားလာခဲ့သော ဆတ်သားပေါ်တူဂီအား စံထားလောက်ပေသည်။ ဆတ်သားရောက်လာသောအခါ ဘုန်းတော်ကြီး မန်နရစ်သည် အတော်ပင် တုန်လှုပ်ခြောက်ခြားခဲ့လေသည်။ ဘာလုပ်ရမှန်းမသိ၊ ဝေခွဲမရဖြစ်နေသည်။ စစ်ဗိုလ်များနှင့် ပေါ်တူဂီစစ်သားအများစုမှာ ကျွန်ဖမ်းရန် အဝေးသို့ ခရီးထွက်နေကြသည်။ စစ်သားဆို၍ ဖျား၍ကျန်ရစ်ခဲ့သော ဂုံဆယ်တီဘာအို ဆိုသူဗိုလ်ကြီးတစ်ဦးသာ ရှိသည်။ လွန်ခဲ့သောနှစ်(၂၀)ခန့်ဆင်းဒဝစ်ကျွန်းတွင် ဗိုလ်လုပ်ခဲ့သော ဂုံဆယ်တီဘာအို၏တူဖြစ်သည်။ ၎င်းပုဂ္ဂိုလ်မှာ အရေးပါသော ပုဂ္ဂိုလ်ဖြစ်ရာ မန်နရစ်သည် ချက်ချင်းသွားရောက်တွေ့ဆုံလေသည်။ ဗိုလ်ကြီးလည်း စာဖတ်ရလျှင် မိမိအဖျားရောဂါကိုပင် သတိမရနိုင်တော့ဘဲ အခြားအသက်ကြီးရွယ်အို စစ်သားဟောင်း (၃)ဦးကိုပါ ခေါ်ကာ မန်နရစ်နှင့်အတူ တိုင်ပင်ဆွေးနွေးကြလေသည်။

အဘိုးကြီးများ၏ အကြံပေးချက်မှာ အကောင်းဆုံးကတော့ ဘုန်းကြီးကိုယ်တိုင် ဗိုလ်ကြီးနှင့်အတူ ရခိုင်ဘုရင့်နန်းတော်အရောက်သွားပြီး ပေါ်တူဂီတို့ သစ္စာမဖောက်ကြောင်း ယခုလည်း ဘုရင့်အမှုတော်ထမ်းဖို့ နယ်စပ်ဒေသသို့ ခရီးထွက်ခွာ ကင်းလှည့်နေကြကြောင်း ဘုရင်ကြီးရွှေနားတော်ပေါက်အောင် လျှောက်ထားစေလိုကြောင်း ဘုန်းတော်ကြီးကိုယ်တိုင်လျှောက်ထားသည့်အချက်ကို ဘုရင်မင်းမြတ်က စိတ်တော်ပြောင်းပြီး ရခိုင်ရေတပ်ကြီးအား ဆိုင်းငံ့မိန့်ထုတ်ပြန်ပေးနိုင်ကြောင်းပင်ဖြစ်သည်။ သို့နှင့် မန်နရစ်နှင့် တီဘာအိုတို့သည် နောက်တနေ့ အေဒီ(၁၆၃၀)ခု ဇူလိုင်လ (၂)ရက်တွင်ပင် ခရီးထွက်ခွာလာခဲ့ကြလေသည်။

ရခိုင်ဘုရင် သီရိသုဓမ္မရာဇာကား အမျှော်အမြင်ကြီးမား၍ သိမ်မွေ့နူးညံ့သူ ဖြစ်သည်ဟု မန်နရစ်ကဆိုသည်။ သံတမန်ရေးရာ၌လည်း ကျွမ်းကျင်လိမ္မာသည်ဟုဆိုသည်။ သူသည် အဘက်ဘက်မှ စဉ်းစားဆင်ခြင်ပြီး မန်နရစ်အား ကောင်းစွာလက်ခံတွေ့ဆုံခဲ့သည်။ ပေါ်တူဂီတို့အား မမှုလောက်သောကိစ္စဖြင့် အရေးယူဆောင်ရွက်ခြင်း နှိမ်နင်းခြင်းဖြင့် မဂိုတို့ဘက်သို့ ၎င်းတို့ နီးစပ်သွားမည်ကို တွက်ဆခဲ့ဟန်တူပေသည်။ ၎င်းနောက် ဒီယင်းဂါးသို့ ချီတက်မည့် ရခိုင်ရေတပ်မတော်ကြီးအား ရပ်ဆိုင်းအမိန့် ထုတ်ပြန်လိုက်လေသည်။ ဘုရင် သီရိသုဓမ္မရာဇာအား ရာဇပရိယာယ်ကြွယ်ဝလှပေသည်။ မန်နရစ်အား မြောက်ဦးနေပြည်တော်တွင် နေထိုင်ခွင့်ပေးကာ ဘာသာရေးအတွက် ခရစ်ယာန်ဘုရားရှစ်ခိုးကျောင်းတစ်ဆောင် ဆောက်လုပ်ခွင့်ပြုခဲ့သည်။ ၎င်းနောက် မကြာခဏခေါ်ယူ တွေ့ဆုံကာ ဂိုအာရှိ ပေါ်တူဂီဘုရင်ခံချုပ်နှင့် ဆက်သွယ်ရန် ကြားလူအဖြစ် အသုံးချခဲ့ပေသည်။ သီရိသုဓမ္မရာဇာသည် မင်နရစ်အား ဆင့်ခေါ်ပြီး ပေါ်တူဂီလူမျိုးအများကို မဂိုမင်းထံ ဝင်ရောက်အမှုထမ်းခြင်းမှ တားမြစ်သော အမိန့်တစ်ရပ် ထုတ်ပြန်ပေးရန် မေတ္တာရပ်ခံသည့် သဝဏ်လွှာတစ်စောင် ပို့သင့်မပို့သင့် ဆွေးနွေးတိုင်ပင်သည်။ မန်နရစ်က လက်ရှိဘုရင်ခံချုပ်နှင့် ယခင်အဆက်ဆက်

သော ဘုရင်ခံချုပ်တို့ လက်ထက်ကပင် ယင်းသို့ အမိန့်ထုတ်ဘူးကြောင်း မဂိုတို့နှင့် ဆန့်ကျင်သော မည်သည့်တိုင်းပြည်ကို မဆို အကူအညီပေးရန် ညွှန်ကြားပြီးဖြစ်ကြောင်း လျှောက်တင်ခဲ့သည်။[၄]

အေဒီ ၁၆၃၃ ခု အောက်တိုဘာလတွင် ဂိုအာရှိ ပေါ်တူဂီဘုရင်ခံ ချုပ်ဒေါင်မီကယ်ဒီနော်ရွန်ဟာ[၅]၏ တာဝန်ပေးချက်အရ သူ၏အထူးကိုယ်စားလှယ် ဂတ်စပါဒီမက်စတီတာ[၆]သည် သီရိသုဓမ္မရာဇာနှင့် ချစ်ကြည်ရေးစာချုပ်ချုပ်ဆိုရန် မြောက်ဦးသို့ ရောက်ရှိလာသည်။ ၁၆၃၄ ခု မတ်လထိ (၅)လကြာမှ ဆွေးနွေးညှိနှိုင်းကြသော်လည်း ပေါ်တူဂီတို့က မဂိုတို့အား အတိအလင်းဆန့်ကျင်မှု မပြုလိုကြ၍ သဘောတူညီမှု မရရှိပဲ ပြန်ခဲ့ရသည်။[၇]

သီရိသုဓမ္မရာဇာလက်ထက်တွင် မဂိုတို့နှင့် ဆက်ဆံရေး တည်ငြိမ်ခဲ့သည်။ မဂိုသမိုင်းမှတ်တမ်း[၈]အရ စစ်တကောင်းဒေသ၏ နိုင်ငံရေးသမိုင်းကြောင်းနှင့် ထင်ရှားသော အဖြစ်အပျက်တစ်ခု ရှိခဲ့လေသည်။ အေဒီ ၁၆၂၄ ခု မေလ ပထမအပတ်တွင် မဂိုသူပုန်မင်းသား ရှားဂျီဟန်(Shah Jahan)သည် ဒက္ကာမြို့တွင် ခေတ္တခိုလှုံခဲ့လေသည်။ ထိုအတောအတွင်း သူပုန်မင်းသားထံသို့ ရခိုင်ဘုရင်က သံတမန်အဖွဲ့တစ်ဖွဲ့ကို ရွှေငွေ တစ်သိန်းတန် ရှားပါးသောလက်ဆောင်များနှင့်အတူ စေလွှတ်ခဲ့လေသည်။ သူပုန်မင်းသားအား မဟာမိတ်အဖြစ် သံတမန်စေလွှတ်ဆက်သွယ်ခြင်းဖြင့် ခမည်းတော် မဂိုဘုရင်အား ဆန့်ကျင်ရာကျသော်လည်း အနာဂတ် မဂိုရခိုင်ဆက်ဆံရေးအတွက် များစွာပင်အထောက်အကူများ ရရှိခဲ့သည်။ မဂိုမင်းသားသည် အရာရာကို လိုက်လျောပေးခဲ့သည့်အပြင် စစ်တကောင်းအား ရခိုင်ပိုင်နက်အဖြစ် အသိအမှတ်ပြုပေးခဲ့ပေသည်။ မဂိုမင်းသားအတွက် တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဒေလီမြို့တော်ထီးနန်း ဖြစ်ရာ လိုအပ်ပါက ရခိုင်ဘုရင်က ကူညီရန်ဖြစ်သည်။ မဂိုမင်းသားသည် တနေ့နေ့တွင် ဘုရင်ဧကရာဇ်ဖြစ်လာမည်ဖြစ်ရာ အုပ်ချုပ်သောကာလတစ်လျှောက်လုံး စစ်တကောင်းကို ရခိုင်တို့လက်မှ သိမ်းယူခြင်း မပြုဟူသော ဂတိဂဝတ်ပြုသည်။ ရခိုင်ဘုရင်အနေနှင့်လည်း ထိုကာလအတွင်း မဂိုပိုင်နက်အတွင်းသို့ မည်သည့်စစ်ဆင်ရေးမှ မပြုလုပ်ရန်နှင့် ရန်လိုသော မည်သည့်အပြုအမူမျိုးမှ မပြုလုပ်ရန် ဟူသောအချက်များကို သဘောတူစာချုပ်ချုပ်ဆိုကြသည်။[၉]

မည်သို့ပင်ဖြစ်စေကာမူ အေဒီ ၁၆၂၈ ခုတွင် ရှားဂျီဟန်သည် မဂိုထီးနန်းကို ရရှိခဲ့ပြီးနောက်တွင်ကား ရခိုင်နှင့်မဂိုတို့မှာ နှစ်နိုင်ငံနယ်စပ်တွင် လှုပ်ရှားကြသော ပေါ်တူဂီတို့နှင့် ပတ်သက်၍ ဆက်ဆံရေးတင်မာလာခဲ့ပြန်သည်။ ရှားဂျီဟန်သည် ဘာသာရေး ကိုင်းရှိုင်းသူဖြစ်ရာ မိမိပိုင်နက်အတွင်း အထူးသဖြင့် ဂင်္ဂါမြစ်ကမ်းရှိ ဟူဂလီတစ်မြို့လုံးနီးပါး ဘုရင်ဂျီဘာသာဝင် ပေါ်တူဂီတို့ နေထိုင်ကြပြီး လွတ်လပ်သောနယ်မြေပမာ သူတို့ကိုယ်တိုင် အုပ်ချုပ်နေထိုင်ကြသည်ကို မနှစ်မြို့။ မရှုစိမ့်ချေ။ မဂိုဧကရာဇ် ဂျီဟန်ဂီရ် (Jehan Gir)ဘင်္ဂလားနယ်ကို သိမ်းသွင်းပြီးနောက် ရခိုင်တို့၏ရန်မှ ကာကွယ်ရန်အလို့ငှာ အေဒီ ၁၅၇၆ ခု နှစ်နောက်ပိုင်းတွင် ပေါ်တူဂီတို့အား မဟာမိတ်အဖြစ် အခြေချနေထိုင်ခွင့် ပြုခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီနယ်ချဲ့တို့၏ ထုံးစံအတိုင်း ခံတပ်များဆောက်လုပ်သည့်အပြင် ကျွန်ကုန်ကူးခြင်းနှင့် ပင်လယ်ဓားမြလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လာကြရာ မဂိုဘုရင် ရှာဂျီဟန်သည် ၁၆၃၂ ခု ဇူလိုင်လတွင် ဟူဂလီအား တိုက်ခိုက်ချေမှုန်းလိုက်လေသည်။[၁၀]

ပေါ်တူဂီများအား တပည့်အဖြစ် ဒီရင်းကား (Dianga)တွင် နေထိုင်ခွင့်ပြုထားသော ရခိုင်ဘုရင် သီရိသုဓမ္မရာဇာသည် ပေါ်တူဂီတို့ ဟူဂလီတွင် ချေမှုန်းခံရမည်ကို မလိုလားပေ။ ထို့ကြောင့် သတင်းရလျှင်ရချင်း ဒီရင်းကားမြို့မှ ပေါ်တူဂီတို့အား ဟူဂလီမကျဆုံးရေးအတွက် စစ်ကူလွှတ်မိန့်ကို ထုတ်ပြန်ခဲ့သည်။ သို့သော် မုတ်သုန်ရာသီဥတု၏ ဆိုးဝါးမှုဒဏ်ကြောင့် ဟူဂလီမြို့ကျရှုံးပြီးမှ ရောက်ရှိသွားခဲ့သည်။[၁၂]

---

၄။ Manrique, <u>Travels.</u> pp. 169-170

၅။ Don Mrgual de Naronha

၆။ Gasper de Masquita

၇။ Manrique, Travel, PP. 322-323

၈။ Paharistan . 1. PP. 710-711

၉။ Jahangirnagar

၁၀။ Pakaristan-1. 710-711
A History of Chittagone P-271

၁၁။ ထွန်းရွှေခိုင်-ရခိုင်ရှေးဟောင်းမြို့တော်များ-စာ-၆၉

၁၂။ Collis, M. The Land of great Image P- 267

ဟူဂလီ အရေးအခင်းနောက်ပိုင်းတွင် ပေါ်တူဂီနှင့် ရခိုင်တို့မှာ ပို၍နီးစပ်ပေါင်းမိကြကာ ဘင်္ဂလားနယ်သို့ မကြာခဏ ထိုးစစ်များ ဆင်နွှဲကြသည်။ မန်နရစ်၏မှတ်တမ်းအရမူ ရခိုင်ပြည်မြောက်ဦး ရွှေမြို့တော်တွင် ရှိနေစဉ်အတွင်း အေဒီ(၁၆၃၀) မှ (၁၆၃၅)ခုနှစ်အတွင်း ဘင်္ဂလားနယ်မှ ကျေးကျွန်အဖြစ် လူပေါင်း(၁၈၀၀၀)ခန့်ကို ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း သိရှိရပေသည်။[၁၃]

မဂိုဘုရင် ရှာဂျီဟန်သည် ဟူဂလီအရေးအခင်းမျိုး နောက်ထပ်မပေါ်ပေါက်ရအောင် ထိန်းချုပ်ရင်း ရေတပ်အရာတွင် ကျွမ်းကျင်သော ပေါ်တူဂီ၊ ဒတ်ချ်တို့နှင့် သင့်တင့်အောင် သတိထားဆက်ဆံလာသည်။ အခြားဘက်တွင်လည်း စစ်တကောင်းရှိ အစ္စလမ်ဘာသာဝင်များအား သွေးတိုးမြှောက်ပင့်ပေးကာ ပုန်ကန်ထကြွစေသည်။ အေဒီ(၁၆၂၅) ခုနှစ်တွင် စစ်တကောင်းနယ်တွင် ပုန်ကန်မှု ပေါ်ပေါက်ခဲ့ရာ သီရိသုဓမ္မရာဇာသည် ပြင်းပြင်းထန်ထန်နှိမ်နင်းခဲ့သည်။[၁၄]

သီရိသုဓမ္မရာဇာလက်ထက်တွင် အေဒီ(၁၆၃၁)-မှ (၃၅)နှစ်အတွင်း ကြီးမားသော ငတ်မွတ်ခေါင်းပါးမှုကြီးဖြစ်ခဲ့ရာ စစ်တကောင်းဒေသလည်း ပါဝင်ခဲ့သည်။ မိုးခေါင်သီးနှံမဖြစ်ထွန်းသောကြောင့် ဈေးနှုန်းသုံးလေးဆ တက်ခဲ့သည်။[၁၅]

အေဒီ(၁၆၃၂)ခုနှစ်တွင် အိန္ဒိယသို့ရောက်ရှိခဲ့သူ ပီတာမန်ဒီ (Peter Mundy)၏ မှတ်တမ်းတွင် စစ်တကောင်းဒေသမှာ တရားဝင် မဂိုတို့ ပိုင်ဆိုင်သော်လည်း ယခုမူ ရခိုင်ဘုရင်၏လက်အောက်တွင် ရှိသည်ဟုဖော်ပြခဲ့သည်။[၁၆] ဤအချက်သည် သီရိသုဓမ္မရာဇာလက်ထက်တွင် စစ်တကောင်းမှာ ရခိုင်ဘုရင်၏လက်အောက်တွင် ရှိသေး ကြောင်း ထင်ရှားစေလေသည်။

---

၁၃။ Manrique, Travels, P-286

၁၄။ Collis, M. trange Murder of King Thirithudhama, JURS Vol. XIII. I-26

၁၅။ The Dash Register, qt JBRS- 50 th Ann Pual.
No. 2, 1960 P-81

၁၆။ The Pravels of Pete Pundy, Vol II Hakluyt ociety P-152

## မင်းစနေ (အေဒီ ၁၆၃၈)

သီရိသုဓမ္မရာဇာ နတ်ရွာစံပြီးနောက် သားတော်မင်းစနေသည် အေဒီ ၁၆၃၈ ခုတွင် နန်းတက်သည်။ နန်းတက်၍ ၂၈ ရက်အကြာတွင် မိခင်နတ်ရှင်မယ်မိဖုရားနှင့် အမတ်ကြီး ကေုသလတို့ ပူးပေါင်းလုပ်ကြံ၍ နတ်ရွာစံသည်။ ၎င်းနောက် မိဖုရားနတ်ရှင်၏ အကူအညီနှင့် ထီးရိုးနန်းရိုးမဟုတ်သူ အမတ် ကေုသလဘုရင်ဖြစ်လာရာ နရပတိကြီးဘွဲ့ကို ခံယူသည်။ ထိုအချိန်တွင် လုပ်ကြံခံရသူ သီရိသုဓမ္မရာဇာ၏ ဦးလေးဖြစ်သူ မင်းခရီ (Mangat Rai) သည် စစ်တကောင်းမြို့ဝန် လုပ်လျှက်ရှိသည်။ ထိုမြို့ဝန်သည် နန်းရိုး မဟုတ်သော နန်းလုမင်း နရပတိကြီး မြောက်ဦးထီးနန်းကို အုပ်ချုပ်နေသည်ကို မနှစ်မြို့ လက်မခံချေ။ ထို့ကြောင့် စစ်တကောင်းအား လွတ်လပ်သောနယ်မြေအဖြစ် ကြေငြာကာ ဘုရင်အား အတိအလင်း ပုန်ကန်ခြားနားလေသည်။ သို့ရာတွင် အရေးနိမ့်ကာ ဒက္ကာသို့ ခိုလှုံခဲ့သည်။ ၎င်းနောက် စစ်တကောင်းမြို့ဝန်သည် မဂိုဘုရင်၏လက်အောက်ခံအဖြစ် မိမိကိုယ်တိုင်ခံယူကာ စစ်တကောင်းအား ပညတ်သဘောမည်ကာ မတ်တတ်လွှဲအပ်သည်။[၁] ဤသို့ စစ်တကောင်းမြို့ဝန်၏ အညွှံခံသည့်လုပ်ရပ် ကို ခေတ်ပြိုင် မဂို သမိုင်းရေးဆရာ(အဗ္ဗဒူဟာမစ်လတိုရီ)(Abdul Hamid Lahori)က မှတ်တမ်းတင်ဖော်ပြခဲ့သည်[၂]။ ရခိုင်နန်းတွင်း အရေးတော်ပုံများ ပေါ်ပေါက်နေသည်ကို အခွင့်အရေးယူ၍ ပေါ်တူဂီတို့၏ ကျေးကျွန် ဘင်္ဂလီ တစ်သောင်းခန့် မိမိနေရပ်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့လေသည်။[၃] နရပတိကြီးလွန်ပြီးနောက် အေဒီ ၁၆၄၅ ခုနှစ်တွင် သားတော် သတိုးမင်းအား ရခိုင်ထီးနန်းကို ဆက်ခံသည်။ စစ်တကောင်းတွင် ရခိုင်တို့၏ဩဇာ ကျဆင်းစပြု လာသည်။ စစ်တကောင်းလုံခြုံရေးအတွက် ပေါ်တူဂီများကို လုံးလုံးလျားလျား အားကိုးအားထားပြုနေရခြင်းက စစ်တကောင်းမြို့အား ပေါ်တူဂီပင်လယ်ဓားမြများ ကျက်စားရာ ဆိပ်ကမ်းမြို့အဖြစ် ပြောင်းလဲလာခဲ့လေသည်။

---

-၁။ Charles Stewart, History of Bengal. P. 272 Campos, op cit. P-158

၂။ History of India as told by its own Historiansed . H. Elliot and J. Dowson, VTI, P-66

၃။ History of Bengol Vol. II. P. 331

# စန္ဒသုဓမ္မရာဇာ (အေဒီ ၁၆၅၂–၇၄)

သတိုးမင်းသား နတ်ရွာစံပြီးနောက် သားတော်စန္ဒသုဓမ္မရာဇာ နန်းတက်သည်။ ထိုမင်းသည် စစ်တကောင်းအား အုပ်ချုပ်ခဲ့သော ရခိုင်မင်းများအနက် နောက်ဆုံးမင်းပင်ဖြစ်သည်။ ရခိုင်သမိုင်းနှင့် ခေတ်ပြိုင်သမိုင်းဆရာတို့က အမြော်အမြင်ကြီးသော မင်းအဖြစ် ချီးကျူးဖော်ပြကြသည်။[၁] ၎င်းသည် ပြည်ပဆက်ဆံရေးကို မလွဲမသွေ တိုးချဲ့ရမည်ဟု ကောင်းစွာသဘောပေါက်သူဖြစ်သည်။ အေဒီ ၁၆၅၃ ခုနှစ်တွင် ဒတ်ချ်တို့သည် မြောက်ဦးတွင် ကုန်တိုက်ဖွင့်ခွင့် ရရှိသည်။ အကျဉ်းချခံနေရသော ဒတ်ချ်သင်္ဘောသားများကို ရခိုင်သံ့ပန်းများဖြင့် လဲလှယ်ရန် သဘောတူသည်။ ဒတ်ချ်တို့အား ကုန်သွယ်ရေးဆိုင်ရာ အခွင့်အရေးများအပြင် ဘုရင်နှင့်တွေ့ဆုံသည့်အခါ ဒတ်ချ်တို့၏ ထုံးစံအတိုင်းသာ အရိုအသေပေးခွင့်ပြုခဲ့သည်။ ဘုရင်အား ရခိုင်ဝန်ကြီးတစ်ဦးနှင့်သာ ဝင်ရောက်တွေ့ဆုံရသည့်စနစ်ကို ဖျက်သိမ်းပေးပြီး ဒတ်ချ်တို့၏ စကားပြန်ကို ခေါ်ယူအသုံးပြုရန် ဒတ်ချ်ရခိုင် ကပြားကလေးများကို အချိန်မရွေး ပြည်ပသို့ ခေါ်ဆောင်သွားခွင့်ကိုလည်း ရရှိကြသည်။ အစွမ်းကုန် လိုက်လျောခဲ့ခြင်းဖြစ်သည်။[၂]

စန္ဒသုဓမ္မရာဇာလက်ထက်တွင် စစ်တကောင်းမှာ နိုင်ငံနှစ်ခု၏ စစ်ပြေးဒုက္ခသည် မင်းညီမင်းသားနှစ်ပါး၏ ခိုလှုံရာစခန်း ဖြစ်လာခဲ့သည်။ တစ်ပါးမှာ တြိပူရဘုရင် မင်ဒါမဏိကျ (Govinda Minikya) ဖြစ်ပြီး ထီးနန်းလုယူခြင်း ခံရ၍ စစ်တကောင်းသို့ သူ၏ညီတစ်ဦးနှင့်အတူ လာရောက်ခိုလှုံခဲ့သည်။ နောက်ပိုင်းတွင် ရခိုင်ဘုရင့် နေပြည်တော် မြောက်ဦးသို့ ရွှေ့ပြောင်းခိုလှုံနေထိုင်ခဲ့သည်။[၃]

အခြားစစ်ပြေးတစ်ဦးမှာ ရှာရှုဂျာ (Shah Shuja)ဖြစ်သည်။ မဂိုဧကရာဇ် ရှာဂျိဟန်၏ သားဖြစ်ပြီး ဘင်္ဂလားနယ်ကို စားရသည်။ ရှာဂျိဟန်ကွယ်လွန်ပြီးနောက် သူ၏ညီ ဩရန်ဇစ်နှင့် ဖခင်ထီးနန်းကို အပြိုင်လုကြရာ ဩရန်စစ်၏ စစ်တပ်ကြီး၏ တိုက်ခိုက်မှုကြောင့် စစ်တကောင်းသို့ ခိုလှုံလာသူဖြစ်သည်။ စစ်တကောင်းမှတဆင့် ရခိုင်ဘုရင့်နေပြည်တော် မြောက်ဦးသို့ ခရီးဆက်ရန် ဖြစ်သည်။[၄] မဂိုမင်းသားတစ်ပါးဖြစ်သော ရှာရှုဂျာ ရခိုင်သို့ ခိုလှုံလာခြင်းသည် ရခိုင်မဂိုဆက်ဆံရေးကို ထိခိုက်လာစေသည့်အပြင် နောက်ဆုံး၌ အစဉ်အဆက်ပိုင်ဆိုင် အုပ်ချုပ်လာခဲ့သော စစ်တကောင်းနယ်အား မဂိုလက်ထဲသို့ ရောက်ရှိစေသည်ထိ သမိုင်းအလှည့်အပြောင်း ဖြစ်စေခဲ့ပေသည်။

ရှာရှုဂျာသည် မိမိသားကြီး စူလတန်ဘန် (Sultan Bang)အား စေလွှတ်၍ ရခိုင်ဘုရင်ထံ ခေတ္တခိုလှုံရန် ခွင့်ပန်ခဲ့သည်။ မြောက်ဦးမှ မက္ကာမြို့သို့ ဘုရားဖူးရန် သွားရောက်ကာ ၎င်းမှတဆင့် တူရကီ သို့မဟုတ် ပါရှားတွင် အခြေစိုက်ရန် ကြံရွယ်ထားသည်[၅]ဟုဆိုသည်။ ရှာရှုဂျာသည် ဒက္ကာမှ စစ်တကောင်းသို့ ရေကြောင်းဖြင့် ထွက်ခွာကြောင်း ခေတ်ပြိုင်အထောက်အထားများက ဖော်ပြကြသည်။ မဂိုသမိုင်းတို့က ရှာရှုဂျာ ရခိုင်သို့ ထွက်ခွာလာပြီး နောက်တစ်ရက်တွင် လမ်းခရီး၌ ပေါ်တူဂီနှင့် ရခိုင်ရေတပ်ကို တွေ့ရသည်။ ၎င်းရေတပ်မှာ ရခိုင်ဘုရင်အမိန့်အရ စစ်တကောင်းမြို့ဝန်က ရှာရှုဂျာအား လာရောက်ကြိုဆိုခေါ်ယူသော သင်္ဘောများဖြစ်သည်[၆] ဟုဆိုသည်။

ရှာရှုဂျာနှင့်အတူ သင်္ဘောနှစ်စင်းဖြင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား နန်းတော်သုံးပစ္စည်းများနှင့် အခြွေအရံ (၂၀၀)ခန့် ပါရှိလာသည်။[၇] ရှာရှုဂျာရောက်ရှိခြင်းနှင့် ပတ်သက်၍ မြောက်ဦးတွင်ရှိသည့် ဒတ်ချ်ကုန်တိုက်မှူးက မှတ်တမ်းတင်ခဲ့ရာ ရှာရှုဂျာအား ဒက္ကာမှ ဒီယင်းဂါးမြို့သို့ ရခိုင်ရေတပ်က ဦးစီးခေါ်ယူခဲ့ကြောင်း အေဒီ ၁၆၆၀ ခု၊ ဇွန်(၃)ရက်နေ့တွင် စစ်တကောင်းမြို့၏တစ်ဘက်ကမ်း ဒီယင်းဂါးသို့ ဆိုက်ရောက်ခဲ့ကြောင်း ၎င်းမှတဆင့် ၁၆၆၀ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် မြောက်ဦးရွှေမြို့တော်သို့ ဆိုက်ရောက်ကြောင်း ဆိုပေသည်။[၈]

---

၁။ San Shwer Bu, The Report of the super-intendent Archacolo iael Burvey, Burma. 1921. Rangoon. P-37. In opinion of GGE Hall, he was ''one of the best of the Arakanese monarchas'' (op-cit. p-398)

၂။ Hall, Dutch Relation, P-86

၃။ Ragamala, Chhatramanikya Khanda, P- 276

၄။ A History of Chittagone-P- 273

၅။ Harvey, G.E; The Fate of Shah Shuga. JSRS-XII, Pt 11 P-107

၆။ Sarkar, Jadunath; History of Aurengzib. Vol. III PP. 556-562

၇။ Bowrey, Thomas. P. 110 Elliet, H.V. and J. Dawson P. 254

၈။ Hall. DGE; SHAH SHUJA ANO...JBRS P. 89

ရခိုင်ဘုရင်သည် နွေးထွေးစွာ ကြိုဆိုပြီး မြောက်ဦးမြို့တော် ဝသဲချောင်း လက်ယာဘက်ကမ်း၊ ဘားဘူတောင်ခြေရင်းတွင် နေရာထိုင်ခင်းပြုလုပ်ထားပေးခဲ့ပေသည်။ ဤရှာရှုဂျာနှင့် သူ၏မိသားစုတို့အား မြောက်ဦးမြို့တော်တွင် နေထိုင်ခွင့်ပြုခဲ့ရခြင်းမှာ လုံခြုံရေးအကြောင်းများကြောင့် ဖြစ်ပေသည်။ စစ်တကောင်းမှာ မဂိုတို့ အချိန်မရွေး ဒုက္ခပေးနိုင်သော ရခိုင်ရှေးတန်းစခန်းမျှသာ ဖြစ်ခြင်း၊ မဂိုဘုရင် ဩရန်ဇစ်သည် ရှာရှုဂျာနှင့်မိသားစု ရရှိရေးအတွက် စစ်ဗိုလ်ချုပ် အီမာရ်ဂျမာလ် (Emir Jemal)အား အထူးတာဝန်ပေးထားပြီး ၎င်းတို့ကလည်း ဆက်လက်လှုပ်ရှားနေကြခြင်း၊ ၎င်းအပြင် မက္ကာသို့ ထွက်ခွာရန်အတွက် စစ်တကောင်းမှ စီစဉ်မပေးနိုင်ခြင်း၊ ၎င်းတို့ရောက်ရှိချိန်မှာ မုတ်သုန်ရာသီဖြစ်၍ မုန်တိုင်းများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသော ဘင်္ဂလားအော်အား ဖြတ်သန်းရန် မဖြစ်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်။ သို့သော် ရှာရှုဂျာ မြောက်ဦးသို့ ရောက်ရှိခြင်းသည် ရခိုင်ဘုရင်အဖို့ ပြဿနာပေါင်းစုံ အကြပ်အတည်းပေါင်းစုံနှင့် ကြုံတွေ့လာရသည်။ ပြဟ္မာမင်းဦးခေါင်း လက်ခံရသည်နှင့် တူပေသည်။

ရှာရှုဂျာနှင့်အတူ မိဖုရား ပါရီဘာနု (Peri Banu)သားတော် စူလတန်ဘန့် (Sultan Bang)[9] သမီးတော်ကြီး ဂူလ်ရာပ်ဘာနု (Gulrukh Ranu) သမီးလတ် ရော်ချန်အာရ်ဘီဂမ်နု (Raushan Ara Begum) သမီးထွေး အမီနာဘာနု (Amena Banu)တို့ ပါရှိလာသည်။[၁၀] ထိုအချိန် စစ်တကောင်းမှ ရခိုင်မြို့တော် မြောက်ဦးသို့သွားသော ကုန်းလမ်းခရီးမှာ တွင်ကျယ်နေပေပြီ။ ရှာရှုဂျာမိသားစုလည်း ထိုလမ်းကိုပင် အသုံးပြုခဲ့ကြပေသည်။ နှောင်းပိုင်းတွင် ရှာရှုဂျာလမ်းဟုပင် ခေါ်တွင်သည်။ ယခုအခါ စစ်တကောင်း၊ ကော့ဘဇာ (Cox's Bazar)လမ်းမကြီးအတိုင်း ဖြစ်နိုင်သည်။ ရှာရှုဂျာတို့အဖွဲ့သည် ထင်းများ၊ သစ်ကုလားအုပ်များဖြင့် ချောင်းများ၊ တောင်ကုန်းများကို (၁၃)ရက်ခန့် ခက်ခက်ခဲခဲ ကျော်ဖြတ်ပြီးနောက် ပင်လယ်ခရီးကို မစတင်မီ (၃)ရက်နားကြောင်း ဆိုပေသည်။[၁၁] စာရေးဆရာ ဖေယာနှင့် စတီးဝပ်တို့၏ ဖော်ပြချက်အရ နတ်မြစ်ကို ဖြတ်သန်းခဲ့ပြီးနောက် ပင်လယ်ခရီး စတင်သည်ဟု ဆိုလေရာ ယခုမောင်းတောမြို့ဆိပ်ကမ်းမှ မြောက်ဦးသို့ ရခိုင်ရေတပ်သင်္ဘောများဖြင့် ခေါ်ယူခဲ့ဟန် တူပေသည်။ မိုးတွင်းရာသီဖြစ်၍ ကမ်းဦးမှ ရာသီဥတုအခြေအနေစောင့်၍ ခရီးထွက်ခဲ့ကြရပေမည်။ စစ်တကောင်းမှ တိုက်ရိုက်သင်္ဘောဖြင့် မလာခဲ့သည်မှာလည်း ဆိုးဝါးသော မိုးရာသီဥတုကြောင့်ပင် ဖြစ်ပေသည်။

မြောက်ဦးမြို့တော်သို့ ရောက်ရှိလာသော မဂိုမင်းသားအား နွေးထွေးစွာ ကြိုဆိုခဲ့လေသည်။ ဧည့်ဝတ်ကျေပွန်ခဲ့လေသည်။ သို့သော် အမြော်အမြင်ကြီးမားသော ရခိုင်ဘုရင်သည် မဂိုမင်းသားအား မြောက်ဦးရှိ နိုင်ငံခြားသားများနှင့် လုံးဝဆက်သွယ်ခွင့် မပြုချေ။ မဂိုမင်းသားရောက်ရှိပြီး ရက်အနည်းငယ်အကြာတွင် အစဉ်အလာအတိုင်း ဂုဏ်ပြုသည့်အခမ်းအနားတစ်ရပ် ကျင်းပပြုလုပ်သည်။ မြို့ပြင်ရှိ အခမ်းအနားကျင်းပရာ အဆောက်အဦးသို့ သွားရာ စန္ဒသုဓမ္မရာဇာက ရှာရှုဂျာအား စီးတော်ယာဉ်ပေါ်သို့ မိမိနှင့်အတူ စီးရန် ဖိတ်ခေါ်ရာ ၎င်းက ငြင်းပယ်လိုက်ပြီး သူ၏သားတော်ကိုသာ ၎င်းကိုယ်စား စီးစေသည်။ ဤအပြုအမူမှာ ရှာရှုဂျာသည် ပြည်ပြေးဘဝဖြင့် ရခိုင်ဘုရင်ထံ ခိုလှုံနေခဲ့ရသော်လည်း မိမိသည် အမျိုးမြတ်သော မဂိုဧကရာဇ်၏သားတော် ထီးမွေနန်းမွေကို ဆက်ခံနိုင်သည့် မင်းသားဟု အလွန်အမမင်း မာန်မာနတက်ခဲ့ဟန်တူကြောင်း အီတလီခရီးသွားတစ်ဦးက ဖော်ပြခဲ့သည်။[၁၂] ဤအချက်ကား နှောင်းပိုင်းကံကြမ္မာဆိုးများ ဆက်တိုက်ဖြစ်ပေါ်စေသည်။

တဖန် မဂိုဘုရင် ဩရန်ဇစ်ထံတွင် ဆရာဝန်အဖြစ် အမှုထမ်းခဲ့သော ပြင်သစ်လူမျိုး ဖရန်ဆွာဘာယံရညေးကလည်း ရှာရှုဂျာသည် ရခိုင်ဘုရင်အား တိုက်ရိုက်တွေ့ဆုံလေ့မရှိကြောင်း၊ ၎င်း၏ကိုယ်စား သားကြီးဖြစ်သူ စူလတန်ဘန်အား စေလွှတ်လေ့ရှိကြောင်း ဆိုပေသည်။[၁၃]

သူတစ်ပါး၏နယ်မြေတွင် ခိုလှုံနေရသူ စစ်ပြေးဒုက္ခသည် တစ်ဦးအဖို့ မပြုအပ် မလုပ်အပ်သော အပြုအမူမျိုးကို ရှာရှုဂျာပြုလုပ်မိခဲ့လေသည်။ ဤသို့ပြုလုပ်မိခြင်းကြောင့် နောင်တွင် ရခိုင်ဘုရင်နှင့် သူ၏အကြားတွင် ဆက်ဆံရေး အဆင်မပြေ ဖြစ်စေခဲ့သည်။ နောက်ဆုံးတွင် ဆိုးဝါးသည့် အဖြစ်ဆိုးထိ ဖြစ်စေခဲ့ရာ မိမိကြမ္မာကို မိမိပင်ဖန်တီးခဲ့သလို ဖြစ်စေခဲ့လေသည်။

---

၉။ သားတော်သုံးဦးပါရှိသည်ဟုလည်း အချို့ကဖော်ပြသည်။

၁၀။ JACP-XI(1966) P-206

၁၁။ PBG. PT. IV No 2, p-56

၁၂။ Manuci, Nicoolio; Story of Mogul-PI-374-375

၁၃။ Bernier, ogul Bnpire, P- 176

ရှာရှုဂျာ ရခိုင်သို့ရောက်ပြီးနောက်တွင် ဩရန်ဇစ်၏စစ်ဗိုလ်ချုပ်ဖြစ်သူ အီမာလ်ဂျမာလ်သည် ရခိုင်ဘုရင်ထံသို့ ရာဇသံတစ်စောင်ပို့ခဲ့ရာ၊ ထိုရာဇသံတွင် ရှာရှုဂျာအား ပေးအပ်ရန် အကယ်၍မပေးအပ်ပါက ရခိုင်ပိုင်နက်သို့ ဝင်ရောက်တိုက်ခိုက်ပြီး အတင်းဖမ်းဆီးခေါ်ဆောင်ရလိမ့်မည်ဟု ပါရှိသည်။[၁၄] စန္ဒသုဓမ္မရာဇာက အရေးယူဆောင်ရွက်ခြင်း မပြုလုပ်ခဲ့ချေ။

ဟူဂလီဒတ်ချ်ကုန်တိုက်မှူး၏ အစီရင်ခံစာတွင် မဂိုဘုရင် ဩရန်ဇစ်သည် ဘင်္ဂလားဘုရင်ခံသစ်တစ်ဦးကို ရှာရှုဂျာ၏နေရာတွင် အစားခန့်အပ်ခဲ့ကြောင်း ဘုရင်ခံသစ်သည် ကာကွယ်ရေးအကြောင်းပြကာ စက်တင်ဘာ ၅ ရက်နေ့တွင် ဟူဂလီရှိ ဒတ်ချ်သင်္ဘောများအား သိမ်းယူခဲ့ကြောင်း ပါရှိသည်။ ထို့ကြောင့် ဒတ်ချ်ကုန်တိုက် ညွှန်ကြားရေးမှူးသည် ဘင်္ဂလားဘုရင်ခံ၏ကိုယ်စား ရခိုင်ဘုရင်ထံ စစ်ပြေးမင်းသား ရှာရှုဂျာအား လွှဲပြောင်းပေးအပ်ပါရန် မေတ္တာရပ်ခံစာတစ်စောင် ပေးပို့ပေးခဲ့ရလေသည်။ ရခိုင်ဘုရင်သည် ချက်ချင်းငြင်းပယ်ခဲ့သည့်အပြင် ဒက္ကားမြို့သို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်၍ ရှာရှုဂျာ ဘင်္ဂလားဘုရင်ခံချုပ်လုပ်ခဲ့စဉ်က မိမိအား ပိုင်ဆိုင်ခွင့်ပြုထားခဲ့သည့် ဘင်္ဂလားနယ်အချို့အား တောင်းဆိုခဲ့လေသည်။[၁၅]

ရခိုင်ဘုရင် စန္ဒသုဓမ္မရာဇာအဖို့ ဤသို့မဂိုအပြင်ရန်ကို ရင်ဆိုင်နေရစဉ် မြောက်ဦးမြို့တော်အတွင်း ရောက်ရှိနေသော မဂိုစစ်ပြေးမင်းသား ရှာရှုဂျာမိသားစုတို့၏ အနီးကပ်ပုန်ကန်မှုကိုပါ ကြုံခဲ့ရလေသည်။ ရှာရှုဂျာမိသားစု အရေးအခင်းနှင့် ပတ်သက်၍ မှတ်တမ်းများ တစ်ခုနှင့်တစ်ခု မတူညီကြပေ။

ရခိုင်ရာဇဝင်တွင် ရှာရှုဂျာ ခိုဝင်လာကြောင်း နှမတော်၊ သမီးတော်တို့ကို ဆက်သကြောင်း မင်းသမီး၏အလှကို ချီးမွမ်းထားသော အလှဘွဲ့တစ်ခု တွေ့ရသည်။[၁၆] ၎င်းတွင် အပြည့်အစုံ ပါရှိလေသည်။

မြောက်တွင် ဟန္တိမ၊ ဒေသစိုးတောင်၊ မင်းခေါင်ရောင်လွှင်၊ ပြည်တွင်ရှည်လျား၊ အိုလတ်ငြား၍၊ သားဩရသ၊ တလသောကျ၊ မင်းမူသောအခါ၊ ကျင့်ရာမသင့် . . . တူပြံစစမက်၊ ပုန်ကန်ဖျက်၍၊ ပြေးထွက်သွားရာ၊ သက်သူဇာလည်း၊ နောက်ပါတညီ၊ နရောင်စံနှင့်၊ တူပြီမကွာ၊ ရဲဗိုလ်ပါနှင့်၊ မတ်ရာခမ်းနား၊ သားမယားတို့၊ ပြေးသွားဝင်မြောက်၊ ကျွန်ခံရောက်သည်၊ လုံလောက်တော်ငယ်သော်

စက်ရွှေတော်ရောင်၊ ထွန်းလျှံပြောင်သား၊ ပြည်ထောင်နောက်မှာ

ပဆာထိုမင်း၊ ဝင်လာလျင်းသော်၊ ဖြည့်တင်းသိမ်းမြန်း၊ ရာနန်းတည်ဆောက်၊ စမ်းမြောက်ကြည်ဖြူကြင်တော်မူက၊ ရန်သူမမှတ်၊ ပညတ်လေငြား၊ သိမ်းမြန်းထားသည်၊ ဘုရားဟုယူမျှော်ရွှေသောင်၊

ဘုရားဆုယူ၊ မျှော်တော်မူ၍၊ သက်သူဇာသွေး၊ အထွေးအကြီး၊ မင်းသမီးကို၊ ထံနုမကွာ၊ စေပါသော်ကား၊ မိဿံများနှင့်၊ မျက်ဝါးစီမံ။ . . .

ဘုန်းရိပ်တော်သည်၊ လွန်ချမ်းကြည်သား၊ နောက်ပြည်လွန်ကျော်၊ ရာဇာမော်ဓါ၊ ဒါဂါပြည်ထောင်၊ တဘောင်သူရတန်၊ မင်းပခန်းတို့၊ ရွှင်လွန်ကြည်စွာ၊ သိုက်မှာနိဒါန်း၊ ကျိန်းခန်းသို့လျှောက်၊ ကျွန်ခံရောက်သား၊ ဤကြောင်းလျှားကို . . . .

ညဥ့်မှောင်တွင်း၌၊ အပြင်ဆဲ့လေး၊ ဝင်းရောင်ပြေးသား၊ ငယ်သွေးရှိမ်းရှိမ်း၊ ဆင်းမြစိမ်းကို၊ ခပ်သိမ်းရှင်လူနှလုံးမူလိမ့်၊ ပဥ္စုပန်းမြတ်၊ ပွင့်ရောင်လှပ်သို့၊ မိမြတ်ပြားစင်၊ သက်လုံးကြင်မျှ . . . .

မဂိုမင်းသား ခိုဝင်လာကြောင်းနှင့် ပတ်သက်၍ စာအုပ်မဖြစ်သေးသော ရှေးဟောင်းပေမူတစ်စောင်တွင် ပိုမိုပြည့်စုံစွာ ဖော်ပြထားပေသည်။

"ပဆာမင်းသား သက်သူဇာ (ရှာရှုဂျာ)နှင့် ညီနရောင်စီတို့ မင်းအဖြစ် ရင်ဆိုင်၍လုကြသော်၊ အစ်ကို သက်သူဇာမနိုင်သောကြောင့်၊ ရခိုင်ပြည်သို့ သက္ကရာဇ် ၁၀၂၂ခု ဝါခေါင်လတွင်၊ ရောက်လာ၏။ ရခိုင်ဘုရင် စန္ဒသုဓမ္မရာဇာမင်းတရားထံ နှမတော် ဓမ္မေဝီကို၊ ကိုယ်လုပ်တော်ပေး၍ သောင်းတစ်ထောင်မကသော လှေတို့ကို ထည့်တော်မူ၍ စစ်ကူရံပါ၊ ရှေးဘေးလောင်းတော်တို့ ပိုင်စိုးခဲ့သော တစ်ဆယ့်နှစ်ပညာ[၁၉]ယူတော်မူပါဟု လျှောက်လာသော်--

၁၄။ Harilton, Alxandar; A new account of the east Indias PP-15-16

၁၅။ Hall, D.G.E, Shah Shaja. JBRC-50th an p-89

၁၆။ ရခိုင်ရာဇဝင်သစ်ကျမ်း- စာ-၈၉ စာ ၂၄၁

၁၇။ ဆရာင/မည်ရာဇဝင်"တူ"ဝမ်းချပ်

၁၈။ ၁၂-တိုင်းကို ဆိုလို

၁၉။ ကမန်လူမျိုးဟုခေါ်သော မဟာမေဒင် ဘာသာဝင်များ ယနေ့တိုင် ရခိုင်တွင် ရှိသည်။

စန္ဒသုဓမ္မရာဇာမင်းတရားလည်း လက်ဝဲဝင်းမှူးကို ဗိုလ်ချုပ်ခန့်ပြုလျှက် သက်သူဇာထံ စစ်ကူထည့်၍ ဦးသွားစေသော် ရေဖွေသို့ရောက်လျှင် မောင်းဂေါက်(မဂို)တို့က ညဥ့်တိုက်လေသောကြောင့် ရက္ခိုင်စစ်သည်တို့ ပျက်စီးလေ၏။ ဗိုလ်ချုပ်ဝင်းမှူးလည်း သေလေ၏။ ရခိုင်သားတို့လည်း တဆယ့်နှစ်ပညာကို ဖျက်ဆီးသိမ်းရုမ်းပြီး ပြန်ကုန်၏။

ဤအပိုဒ်၏အဆိုအရ ရှာရှုဂျာသည် နှမတော်ကိုဆက်၍ စစ်ကူတောင်းခဲ့ကြောင်း ရခိုင်ဘုရင်က လက်ဝဲမှူးအား ဗိုလ်ချုပ်ခန့်၍ စစ်ကူပေးခဲ့ကြောင်း အရေးနိမ့်ခဲ့ကြောင်း သိရှိရပေသည်။ ဤနည်းဖြင့် ရှာရှုဂျာလည်း စစ်ပြေးဘဝသို့ ရောက်ရှိခဲ့ရဟန် တူပါသည်။

ထိုပေမူ ရာဇဝင်တွင် ဆက်လက်၍ ရှာရှုဂျာနှင့်ပတ်သက်သည့် သမိုင်းကြောင်းကို အထက်တွင်ဖော်ပြ ထားခဲ့သည့်အတိုင်း ဖော်ပြ၍ မဂိုမင်းသမီး၏ အလှကို ဘုရင်မင်းမြတ်ကိုယ်တိုင် ဖွဲ့နွဲ့ထားသော အလှဘွဲ့ကို အခြားသော ရခိုင်သမိုင်းတို့ထက် အပိုဒ်ပို၍ တွေ့ရသည်။

၎င်းအပြင် “တေ”ကြောပေချပ်တွင် သက္ကရာဇ် ၁၀၂၃ ခု တပို့တွဲလတွင် ပဆာမင်းသက်သူဇာ (ရှာရှုဂျာ) သည် စန္ဒသုဓမ္မရာဇာမင်းတရားကို ပုန်ကန်လေသော် မနိုင်သောကြောင့် ကစ္ဆပနဒီမြစ်ညာသို့ ပြေးလေ၏။ သားနှစ်ယောက်နှင့် နောက်ပါသူရဲတို့ ကျန်ရစ်ကုန်၏။ ထိုသူတို့ကိုလည်း သတ်၍ပစ်လေ၏။ ကြွင်းကျန်သူရဲတို့ကို သစ္စာတော်တိုက်၍ ကမန်မြားစူးကိုကိုင်စေလျက်၊ မင်းထံတွင် အဆောင်အုံဟူ၍ အလှည့်စားနှင့် ခံရလေ၏။ ထိုလူတို့ကို “ကမန်သည်တောင်”ဟုတွင်၏။ သက္ကရာဇ် ၁၀၂၅ ခုတွင် သက်သူဇာကျွန်မောင်းဂေါက်(မဂို)တို့သည် ပုံစား၍ ရွှေနန်းတော်ပြဿဒ်ကို မီးတိုက်လေလျှင်၊ မနော်သီရိမြောက်ဦးစား သေလေ၏။ သက္ကရာဇ် ၁၀၂၆ ခု ဝါခေါင်လဆန်း တစ်ဆယ့်တစ်ရက်နေ့ဝယ် ရွှေနန်းတော်ကို ဆောက်လေ၏။ ထိုနှစ်ဝယ်လည်းကောင်း တပို့တွဲလတွင် စစ်တကောင်းကို မောင်းဂေါက်(မဂို)ဖျက်လေလျှင်[၁၉] . . . ဟူ၍ တွေ့ရသည်။

အထက်ပါ ရခိုင်ရာဇဝင်ပေမူတွင် ပါရှိသော အကြောင်းအရာများကို လေ့လာပါက အချုပ်အားဖြင့် သက်သူဇာခေါ် ရှာရှုဂျာသည် ရခိုင်သို့ သက္ကရာဇ် ၁၀၂၂ခု ဝါခေါင်လ (အေဒီ ၁၆၆၀ ဩဂုတ်)တွင် ခိုလှုံရောက်ရှိလာကြောင်း သက္ကရာဇ် ၁၀၂၃ ခု တပို့တွဲလ (အေဒီ ၁၆၆၁ခု ဖေဖော်ဝါရီ)တွင် ရခိုင်ဘုရင်အား ပုန်ကန်ကြောင်း နောက်တစ်ကြိမ် သက္ကရာဇ် ၁၀၂၅ ခုနှစ်(အေဒီ ၁၆၆၃ ခုနှစ်)တွင် ရှာရှုဂျာမင်းသား၏ နောက်လိုက်များက တဖန် နန်းတော်ကို မီးရှို့နိုင်သည်ထိ ကြိုတင်စီစဉ်မှုဖြင့် တိုင်းပြည်သိမ်းပိုက်ရန် ကြံစည်ကြကြောင်း တွေ့ရှိရပေသည်။

ရှာရှုဂျာအရေးအခင်းနှင့် ပတ်သက်၍ အနောက်တိုင်း သုတေသီတို့ကလည်း အရေးပေးဖော်ပြကြသည်။

ဆာအာသာဖယ်ရာ(Sir Arthur Phayre)က ရခိုင်ဘုရင်သည် ရှာရှုဂျာရောက်ရှိပြီးနောက် မျှားမကြာမီ ၎င်း၏သမီးတစ်ဦးအား ဆက်သရန် တောင်းဆိုခဲ့ကြောင်း မဂိုမင်းသားအနေနှင့် ဘာသာမတူသည့်အပြင် အမျိုးမြတ်သောအနွယ်မှ ဆင်းသက်လာသည်ဟု ဘဝင်မြင့်နေသူဖြစ်ရာ ခါးသီးစွာ ငြင်းပယ်ခဲ့ကြောင်း မုတ်သုန်ရာသီကုန်ဆုံးပါက ရခိုင်ပြည်မှ ထွက်ခွာပါမည့်အကြောင်း စသည်ဖြင့် ပြန်ကြားခဲ့သည်။ သို့သော် ချက်ချင်းထွက်ခွာရမည်ဟု ရာဇသံပေးရာ မလိုက်နာ၍ ရှာရှုဂျာ၏နေအိမ်ကို ဝိုင်းဝန်းတိုက်ခိုက်သည်။ ၎င်းနောက် ရှာရှုဂျာနှင့် သားများကို အိမ်အနီးတွင် ရေနှစ်သတ်လိုက်ပြီး သမီးကို မိဖုရားမြှောက်ကြောင်း ဖော်ပြထားသည်။[၂၀]

သမိုင်းပညာရှင် ဟာပေးနှင့် ရခိုင်သမိုင်းပညာရှင် ဦးစံရွှေဘုတို့က ရှာရှုဂျာသည် ရခိုင်သို့ရောက်သောအခါ မိမိ၏သမီးတော် ဘုရင်အား ဆက်သကြောင်း နောင်တွင် အောင်မြင်မှုမရှိသော ရခိုင်ထီးနန်းကို မဂိုတို့၏လုယူရန် ကြိုးစားသည့်ကိစ္စအား ဦးဆောင်ခဲ့သည့်အတွက် ရှာရှုဂျာအား ကွပ်မျက်၍ ဇနီးနှင့် သားတော် သမီးတော်များအား နန်းတော်၌ နေထိုင်ခွင့်ပြုခဲ့ကြောင်း ဒုတိယအကြိမ် မဂိုတို့၏ နန်းတော်ကို တိုက်ခိုက်မီးရှို့သည့် အရေးအခင်း ပေါ်ပေါက်လာသောအခါ၌ကား အဆက်အနွယ်အားလုံးကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ဖော်ပြထားသည်။[၂၂]

ဒီဂျီအီးဟောလ်၏ ဖော်ပြချက်တွင်မူကား ရခိုင်ဘုရင်သည် ရှာရှုဂျာအား မက္ကာသို့ သင်္ဘောဖြင့် ပေးပို့ရန် ဂတိပြုခဲ့ကြောင်း သို့သော်မြောက်ဦးမြို့တော်တွင် ရှစ်လခန့်ကြာခဲ့ပြီးဖြစ်သော်လည်း မပို့သေးကြောင်း ဘုရင်စန္ဒသုဓမ္မရာဇာက ရှာရှုဂျာ၏သမီးတော်တစ်ပါးအား လက်ထပ်ရန် တောင်းဆိုခဲ့ကြောင်း (ဘာဗေးက သမီးကြီးဟုဆို၍ ဦးစံရွှေဘု

---

၂၀။ ဆရာငမည်ရာဇဝင် “တေ”ကြောချပ်

၂၁။ Phayre, in Anthur, History of Burma. PP-178-179

၂၂။ **ဖတ်မရပါ**

က နှင်းဆီပန်းမာလာကဲ့သို့ လှပသော သမီးငယ် (Pearce Barm) ဖြစ်သည်ဟု ဆိုသည်။ ရှာရှုဂျာက ၎င်းဂုဏ်သိက္ခာကို ထိပါးစေသည်ဟု ယူဆကာ ခါးသီးစွာ ငြင်းပယ်ခဲ့ကြောင်း ၎င်းနောက် ရခိုင်ဘုရင်နှင့် ရှာရှုဂျာတို့ကြား အခြေအနေတင်းမာခဲ့ကြောင်း ဆိုပေသည်။ ရှာရှုဂျာလည်း ဒေသခံမိုဒင်များနှင့် ပူးပေါင်းကာ ရခိုင်ထီးနန်းကို လုယူရန် ကြိုးစားကြံစည်ကြောင်း ရခိုင်ဘုရင်၏တပ်များ၏ နှိမ်နင်းခြင်းကို ခံရကြောင်း အစောပိုင်းသတင်းများအရ ရှာရှုဂျာနှင့်မိသားစုအား ၎င်း၏အိမ်အနီးရှိ ချောင်းထဲသို့ပစ်ချရေနှစ် သတ်ဖြတ်လိုက်ကြောင်း အချို့သတင်းများအရ ရှာရှုဂျာလွတ်မြောက်သွားကြောင်း သားတော် သမီးတော်တို့အား နန်းတော်ထဲသို့ ခေါ်၍နေထိုင်ခွင့်ပြုထားကြောင်း နောက်တနှစ်အကြာတွင် နောက်ထပ်မဂိုတို့၏ ပုန်ကန်မှုဖြစ်လာသောအခါမှုကား သားတော်သမီးတော်တို့ အဆက်အနွယ်အားလုံးသုတ်သင်လိုက်ရကြောင်း ဆိုပေသည်။[၂၃]

ရခိုင်ပြည် မြောက်ဦးရွှေမြို့တော်၏ ငြိမ်းချမ်းရေးကို ထိပါးခဲ့သော မဂိုစစ်ပြေးမင်းသား ရှာရှုဂျာနှင့်ပတ်သက်၍ ခေတ်ပြိုင်သမိုင်း အထောက်အထားများလည်း တွေ့ရပေသည်။ ပြင်သစ်လူမျိုး ဘယ်ရညေးက ရှာရှုဂျာသည် မြောက်ဦးရှိ မူဆလင်များကို လျှို့ဝှက်စည်းရုံးကာ အေဒီ(၁၆၆၁)ခုနှစ် ဖေဖော်ဝါရီလတွင် ရခိုင်ဘုရင်၏နန်းတော်ကို ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ပြီး မိမိကိုယ်ကို ရခိုင်ဘုရင်ဟု ကြေငြာရန် ကြိုးပမ်းခဲ့ကြောင်း မျက်မြင်ကိုယ်တွေ့ဖြစ်သော မဂိုလူမျိုးများ ဒတ်ချ်လူမျိုးများနှင့် ပေါ်တူဂီလူမျိုးများထံမှ သတင်းရသည်ဟု သူ၏ခရီးသွားမှတ်တမ်းတွင် ဖော်ပြထားသည်။[၂၄]

အီတလီလူမျိုး မင်းနစ်မြို့သား နီကိုလီယိုမနုချီဆိုသူ၏ ခရီးသွားမှတ်တမ်းတွင်လည်း အထက်ပါအတိုင်း ဖော်ပြထားပေသည်။[၂၆]

ရှာရှုဂျာ၏ ကံကြမ္မာနှင့်ပတ်သက်၍ မျက်မြင်မှတ်တမ်းများအနက် ဒတ်ချ်ကုန်တိုက်မှူးတို့၏ အစီရင်ခံစာများသည် အခိုင်မာဆုံး အတိကျဆုံးဖြစ်သည်။ ဒတ်ချ်တို့သည် ထိုစဉ်က မဂိုပိုင် ဘင်္ဂလားတွင်လည်းကောင်း ရခိုင်ပြည်မြောက်ဦးမြို့တော်တွင်လည်းကောင်း၊ ကုန်တိုက်များ ဖွင့်လှစ်ထားရှိရာ၊ ရန်ဘက်နှစ်ဦး၏အခြေအနေနှင့် ပြဿနာရှင်မိသားစု၏ ကံကြမ္မာကို အတော်ပင်တိကျစွာ ဖော်ပြနိုင်ပေသည်။ သမိုင်းပညာရှင် ဒီဂျီအီဟောလ်က ဒတ်ချ်တို့၏အစီရင်ခံစာများကို အခြေခံ၍ မြန်မာနိုင်ငံ သုတေသနဂျာနယ်တွင် ထိုအကြောင်းများကို ရေးသားခဲ့ပေသည်။

(၁၆၆၀)ခု အောက်တိုဘာ ၁၄ ရက်နေ့စွဲဖြင့် ဆူရက် (Surat)မှ ကုန်တိုက်ကောင်စီ၏ ညွှန်ကြားရေးမှူးက မဂိုအင်ပါယာ မဂိုထီးနန်းကို ဩရန်ဇစ်က အောင်မြင်စွာ သိမ်းပိုက်ပြီးဖြစ်ကြောင်း၊ ၎င်းက ရခိုင်သို့ ပြေးသွားသောဘင်္ဂလားဘုရင်ခံ ရှာရှုဂျာမင်းသားအား ဖမ်းဆီးပေးရေးအတွက် ဒတ်ချ်တို့အား အကူအညီတောင်းခံခဲ့ကြောင်း အစီရင်ခံခဲ့ပေသည်။[၂၇]

(၁၆၆၀)ခု နိုဝင်ဘာ ၂၉ ရက် နေ့စွဲဖြင့် ဟူဂလီ(ဘင်္ဂလားမြစ်ဝကျွန်းပေါ်ရှိ) ကုန်တိုက်မှူးက ဖော်ပြရာတွင် ရှာရှုဂျာ၏နေရာတွင် ဘင်္ဂလားဘုရင်ခံ အသစ်တစ်ဦးကို ခန့်ထားကြောင်း စက်တင်ဘာ ၁၅ ရက်နေ့တွင် ရှာရှုဂျာအား ဖမ်းဆီးရေးအတွက် စစ်ဆင်ရာတွင် အသုံးပြုရန်အတွက်ဟုဆိုကာ ဒတ်ချ်သင်္ဘောများအား သိမ်းယူခဲ့ကြောင်း ၎င်းနောက်ဘင်္ဂလားဘုရင်ခံ၏ကိုယ်စား ရှာရှုဂျာအား ပြန်လည်ပေးအပ်ရန် ရခိုင်ဘုရင်ထံ မေတ္တာရပ်ခံ စာတစ်စောင်ပို့ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပေသည်။ ရခိုင်ဘုရင်သည် ၎င်းစာကို အရေးမထားဂရုမပြုသည့်အပြင် ရှာရှုဂျာလက်ထက်က သူ့အားပိုင်ဆိုင်ခွင့်ပြုထားခဲ့သည့် ဘင်္ဂလားနယ်အချို့ကို ပိုင်ဆိုင်ခွင့်အတွက် အရေးဆိုခဲ့ပေသည်[၂၈]။

ရှာရှုဂျာရောက်ရှိနေသော ရခိုင်ပြည်မြောက်ဦးမြို့ရှိ ဒတ်ချ်ကုန်တိုက်မှူး ဂါရစ်ဗန်ဗူးဗတ် (Garrit Van Voerburg)က ဒတ်ချ်ဌာနချုပ်သို့ ရှာရှုဂျာနှင့်ပတ်သက်၍ စာသုံးစောင်ဖြင့် အသေးစိတ် ရေးသားအစီရင်ခံခဲ့လေသည်။ ရှာရှုဂျာအား ဘင်္ဂလားမှ ရခိုင်ပိုင်နက် ဒီယင်းဂါး (စစ်တကောင်းတစ်ဘက်ကမ်း)မြို့သို့ ရေကြောင်းဖြင့် ခေါ်ဆောင်ခဲ့ရာ (၁၆၆၀)ခု ဇွန်လ(၃)ရက်နေ့တွင် ရောက်ရှိလာကြောင်း၊ ၎င်းမှတဆင့် မြောက်ဦးမြို့တော်သို့ ဩဂုတ်လ

၂၃။ Hall. D.G.E, Shah Shuja. JERS. P-89 vol-xII, PL II. P. 107

၂၄။ Bernier, Mogul Empire, PP-176-177

၂၅။ Harvey, GE. The fafe of Shah Shuja; 1661, JBRS. Vol XII, PL II, P. 107

၂၆။ Manucdi, Mogor, PP-376-378

၂၇။ Hall, D.G.E, Shah Shuja and ..... P- 89

၂၈။ Hall. D.G.E; Shah Shuja and ....P-89

(၂၆)ရက်နေ့တွင် ရောက်ရှိကြောင်း စစ်ပြေးမင်းသားအား မြို့တော်၏အထက်ဘက်တွင် ပါးယိမ်ဖြင့်ထားကြောင်း၊ မဂိုရန်မှ ကာကွယ်ရန် ရခိုင်ရေတပ်ကြီးကို ဒီယင်းဂါးတစ်ဝိုက်တွင် ကင်းလှည့်ကာ စောင့်ကြပ်နေစေကြောင်း၊ ရှာရှုဂျာ ဘင်္ဂလားမှ ဒီယင်းဂါးသို့အလာ လမ်းခရီးတွင် ရခိုင်ရေတပ်တွင် ဖွဲ့စည်းထားသော ပေါ်တူဂီတို့၏လုယက်မှုကြောင့် တန်ချိန် ၂၃ တန်ခန့်မျှသော ရတနာများ ဆုံးရှုံးရကြောင်း ဖော်ပြထားပေသည်။ ၎င်းအပြင် ဒီဇင်ဘာလတွင် အင်အား ၇၀မှ ၈၀ အထိရှိသော မဂိုလူမျိုးတချို့သည် ဘင်္ဂလားမှ ရခိုင်သို့ ကူးဝင်လာပြီး ရှာရှုဂျာနှင့် ပေါင်းကာ သောင်းကျန်းကြ ကြောင်း ရခိုင်အချို့ကို သတ်ဖြတ်ပြီး မြို့တော်ကို မီးရှို့ရန် ကြိုးစားကြကြောင်း၊ ရခိုင်ဘုရင်လည်း ရက်စက်စွာ နှိမ်နင်းပြစ်ရာ မိသားစုဝင်သုံးဦးကိုသာ ချမ်းသာခွင့်ပေးကြောင်း ဖော်ပြထားပေသည်။[၂၉]

မြောက်ဦး ဒတ်ချ်ကုန်တိုက်မှူး၏ အစီရင်ခံစာတွင် ဆက်၍ ရှာရှုဂျာ၏ပုန်ကန်မှုမှာ ဖေဖော်ဝါရီ(၇)ရက် (၁၆၆၁)ခုဖြစ်ကြောင်း ရခိုင်နန်းတော်ကို သိမ်းပိုက်ရေးအတွက် လုပ်ကြံမှုဖြစ်ကြောင်း ပြင်းထန်စွာ အရေးယူခံရကြောင်း သို့သော် ဤအရေးအခင်းနှင့်ပတ်သက်၍ ဘာဖြစ်နေသည်ကို တိတိကျကျသိရှိရန် ခက်ခဲကြောင်း၊ ရခိုင်ဘုရင်သည် သတင်းများမပြန့်ရေး၊ နိုင်ငံခြားသားများ ကြားဝင်မစွက်ဖက်ရေးအတွက် စနစ်တကျ စီစဉ်ကာကွယ်ထားကြောင်း၊ လမ်းများပေါ်တွင် ကင်းလှည့်တပ်ဖွဲ့များ အမြဲတွေ့ရကြောင်း မြစ်ချောင်းများတွင်လည်း ရခိုင်ရေတပ်က နိုင်ငံခြား သင်္ဘောများအား မျက်ခြေပြတ်မခံ စောင့်ကြပ်ကြည့်ရှုနေကြောင်း၊ အိန္ဒိယမဟာမေဒင်များ တင်ဆောင်ထားသော ဒတ်ချ်သင်္ဘောတစ်စင်းအား စစ်ဆေးတွေ့ရှိသွားရာ ဆိပ်ကမ်းမှ ချက်ချင်းနှင်ထုတ်ခံရကြောင်း ကုန်သွယ်မှုပင် ခေတ္တ ရပ်ဆိုင်းထားရကြောင်း သတင်းများ အမှောင်ချထားသော်လည်း ဦးစွာသိရှိရသလောက်မှာ ရှာရှုဂျာအိမ်ကို အတိုက်ခံ ရကြောင်း သူသည်အိမ်ကို မီးတင်ရှို့လိုက်ပြီး သူ၏သားတော်သုံးပါး၊ နောက်လိုက်(၃၀၀)ခန့်နှင့်အတူ ဆုတ်ခွာသွား ကြောင်း ဖော်ပြထားပေသည်။ ရခိုင်ဗိုလ်ချုပ်က လိုက်လံဖမ်းဆီးရာ သားကြီး (Ban Sulthan) နှင့် သားအငယ်ဆုံးကို ဖမ်းမိ၍ အကျဉ်းချထားကြောင်း ရှာရှုဂျာနှင့် ၎င်း၏သားအလတ် (Saan Sulthan)တို့မှာ တြိပူရသို့ လွတ်မြောက်သွား ကြောင်း နောက်ပိုင်းသတင်းများအရ ရှာရှုဂျာအား ဖမ်းမိပြီး အဆုံးစီရင်လိုက်ကြောင်း မြောက်ဦး ကုန်တိုက်မှူး၏ အစီရင်ခံစာတွင် ဖော်ပြထားပေသည်။ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ထွက်ပေါ်လာသောစာတွင် သတင်းအရ ရှာရှုဂျာအား ဝရမ်းပြေးအဖြစ် ကြေငြာထားကြောင်း၊ ၎င်းရှင်သည် သေသည်မှာ မသေချာကြောင်း၊ ဦးစွာဖြစ်ပွားခဲ့သော ပုန်ကန်မှုတွင်ပင် ရှာရှုဂျာမှာ ကျဆုံးခဲ့ပြီးဖြစ်မည်ဟု ယုံကြည်ရကြောင်း၊ သို့သော် တိကျသော အထောက်အထားလည်း မတွေ့ရကြောင်း၊ မိဖုရားကြီးနှင့် သမီးတော်များကို ဘုရင့်နန်းတော်အတွင်း နေထိုင်ခွင့်ပြု ထားပြီး သားတော်များ သီးသန့်အိမ်တွင် အကျယ်ချုပ်ဖြင့်ထားကြောင်း၊ ၎င်းတို့ဆန္ဒအရ တခါတရံ သီးသန့်အိမ်ငယ် လေးတွင် အပန်းဖြေခွင့်ပြု ထားကြောင်း၊ ရွှေငွေရတနာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းပိုက်လိုက်ကြောင်း မြောက်ဦး ကုန်တိုက်မှူး၏ နောက်ဆုံးပေးပို့သည့် အစီရင်ခံစာတွင် ဖော်ပြခဲ့ပေသည်။[၃၀]

ဘင်္ဂလားဘုရင်ခံလည်း ဤအရေးအခင်းကို သတင်းရရှိပြီးနောက် မြောက်ဦးမြို့တော်သို့ ဂဂ်ါဟူသော သင်္ဘော တစ်စီးဖြင့် သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပြီး ရှာရှုဂျာ၏သားတော် သမီးတော်များအား ပေးရန်အပ် တောင်းဆိုခဲ့ပေသည်။ သံအဖွဲ့အား ဒတ်ချ်တို့က ကမကထပြုလုပ်စီစဉ်ပေးခဲ့ရာ ရခိုင်ဘုရင်က ကြေနပ်မှုမရှိချေ။ ဒတ်ချ်တို့သည် ရှာရှုဂျာအရေး နှင့်ပတ်သက်၍ အင်အားကြီးနိုင်ငံနှစ်ခုတို့အကြားတွင် အနေကြပ်နေခဲ့လေသည်။ ဘင်္ဂလားသံအဖွဲ့သည် ၁၆၆၁ ခု စက်တင်ဘာ (၂၉)ရက်နေ့တွင် မြောက်ဦးမြို့သို့ ရောက်ရှိလာရာ ၎င်းတို့နှင့်အတူ ဘင်္ဂလားဘုရင်ခံ ထည့်ပေးလိုက်သည့် လာဒ်ထိုးရန် ရူပီငွေ(**၁၂၀၀၀**)ကိုလည်း ပါရှိလာခဲ့သည်။ ရခိုင်ဘုရင် **ဖတ်မရပါ** တွေ့ဆုံခြင်း မပြုလုပ်ဘဲလည်း **ဖတ်မရပါ** များနှင့်သာ လွှဲပေးခဲ့သည်။ တန်စိုးလက်ဆောင်ပေးရန် ယူဆောင်လာခဲ့သော ရူပီငွေ(၁၂၀၀၀)ကိုလည်း ရခိုင်တို့က လက်မခံ၍ ဒတ်ချ်ကုန်တိုက်တွင် သိမ်းဆည်းခဲ့ရသည်။ မဂိုတို့ဘက်မှ ဒတ်ချ်တို့ ကူညီဆောင်ရွက်မှုများအတွက် ဘော့တီးဗီးယား (Batavia)ရှိ ဒတ်ချ်ဘုရင်ခံချုပ်ထံ ကန့်ကွက်စာတစ်စောင် ပေးပို့ခဲ့လေသည်။[၃၁]

အေဒီ ၁၆၆၄ ခုနှစ် ဒတ်ချ်တို့၏ဌာနချုပ်တွင် သတင်းထူးနှစ်ခု ပျံ့နှံ့လျှက်ရှိလေသည်။ တစ်ခုမှာ ရှာရှုဂျာ၏ သားများအား အရေးယူခံရခြင်းနှင့် နောက်တစ်ခုမှာ ရခိုင်တို့၏ ဂင်္ဂါမြစ်ဝကျွန်းပေါ်အနှံ့ ထိုးစစ်ကြီးတစ်ရပ် ဆင်နွှဲခြင်း ပင်ဖြစ်သည်။ အစောပိုင်းရရှိသောသတင်းမှာ ဘူဂလီမြို့ ဒတ်ချ်ကုန်တိုက်မှ ဒတ်ချ်ဌာနချုပ်ရှိရာ ဘော့တီးဗီးယားသို့

၂၉။ ယင်း-၈၁-၉၀

၃၀။ Hall, D.G.E; Shah Shuja. PP-88-90

၃၁။ Hall D.G.E; Shah Shuja and ...JBRS 50th An. P-89

ရောက်ရှိလာခြင်းဖြစ်သည်။ ၁၆၆၄ ခု ဧပြီလတွင် ရခိုင်ပြည်မြောက်ဦးမှ ဒတ်ချ်ကုန်တိုက်မှူး၏စာတွင် အဆိုပါသတင်းများ ပါရှိလာရာ လွန်ခဲ့သော ဇူလိုင်လ (၁၆၆၃-ခု)အတွင်းက မဂိုလူမျိုး (၁၀)ဦးမှ (၁၂)ဦးခန့်သည် မြောက်ဦးနန်းတော်အား အတွင်းသူလျှိုများနှင့် အဆက်အသွယ်ပြုလုပ်ကာ မီးဝင်ရှို့ခဲ့ရာ ပြာကျခဲ့ရလေသည်။ ဤကိစ္စတွင် ရှာရှုဂျာ၏သား သုံးဦးပါဝင်ပတ်သက်နေကြောင်း တွေ့ရ၍ ရခိုင်ရှိ မဂိုနှင့် ဘင်္ဂလီနောက်လိုက်များနှင့်အတူ ချက်ချင်းပင်ခေါင်းဖြတ်သုတ်သင်ပစ်လိုက်ကြောင်း ပါရှိလေသည်။[၃၂]

နောက်သတင်းတစ်ခုမှာ ဘင်္ဂလားနယ်သို့ ရခိုင်တို့ ထိုးစစ်ဆင်သော သတင်းပင်ဖြစ်သည်။ အေဒီ ၁၆၆၄ ခု မိုးအကုန်တွင် ရခိုင်တို့သည် မဂိုတို့အား ထိုးစစ်ကြီးတစ်ရပ် ဆင်နွှဲခဲ့လေသည်။ တိုက်သင်္ဘော (၆၀) မှ (၇၀)အထိ ပါဝင်သော ရခိုင်ရေတပ်ကြီးသည် ဒက္ကာမြို့ထိ ဆန်တက်ပြီး သင်္ဘောများ (၂၆၀)ခန့်ပါဝင်သော မဂိုရေတပ်ကြီးနှင့် တွေ့ဆုံတိုက်ခိုက်ကြကြောင်း မဂိုသင်္ဘောထက်ဝက်ကျော် ဖျက်ဆီးခဲ့ပြီး သုံးပန်းရာနှင့်ချီ၍ ကျေးကျွန်အဖြစ် ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြောင်း ရခိုင်တို့၏ပင်လယ်စွမ်းအားကို ထိုမဂိုတို့ မယှဉ်နိုင်၍ ရခိုင်တို့နှင့် စေ့စပ်ဆွေးနွေးရန် ကြိုးပမ်းခဲ့ကြောင်း ဖော်ပြထားပေသည်။

ရခိုင်တို့က ပြီးခဲ့သော ရှာရှုဂျာအရေးအခင်းကြောင့် မဂိုတို့အား အယုံအကြည်ကင်းမဲ့နေချိန်ဖြစ်ရာ စေ့စပ်ရေးမအောင်မြင်ခဲ့ချေ။ ဘင်္ဂလားဘုရင်ခံ ရှာယစ္စတာခန်(Shayista Khan)သည် စေ့စပ်ဆွေးနွေးရေးဝါဒကို စွန့်လွှတ်လိုက်ပြီး စစ်ရေးအရ ရင်ဆိုင်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ရခိုင်ပြည်ကို ကြည်းကြောင်းမှချီတက်ရန် မြစ်ချောင်းများပေါများ၍ မလွယ်ကူချေ။ ရေကြောင်းမှ တိုက်ခိုက်ရန်မှာလည်း ရခိုင်တို့ကို အစဉ်အဆက်မယှဉ်နိုင်ခဲ့။ ၎င်းအပြင် ရခိုင်တို့တွင် ရေကြောင်းအကူ ကျွမ်းကျင်သော ပေါ်တူဂီများကို လိမ္မာပါးနပ်စွာ တပည့်မွေးမြူပြီး ဖြစ်နေ၍ ဒတ်ချ်တို့၏အကူအညီကို ရယူရန်မှတပါး အခြားလမ်းမရှိကြောင်း နားလည်သဘောပေါက်လာခဲ့ပေသည်။[၃၃]

ရှာရှုဂျာအရေးအခင်းပြီးနောက် ပြောင်းလဲလာသော ရခိုင်ပြည်၏နိုင်ငံရေးနှင့် ပတ်သက်၍ မတင်ပြမီ ဤသို့ပြောင်းလဲစေရန် ဖန်တီးခဲ့သည့် အဓိကဇာတ်ကောင်ဖြစ်ခဲ့သည့် စစ်ပြေးမဂိုမင်းသား ရှာရှုဂျာမိသားစုအရေးအခင်းနှင့် ပတ်သက်၍ သင်ခန်းစာယူနိုင်သည်များကို ရှင်းလင်းဖော်ပြလိုပေသည်။

မဂိုမင်းသား ထွက်ပြေးလာသောအခါ ရခိုင်ဘုရင်က လှိုက်လှဲပျူငှါစွာ ကြိုဆိုလက်ခံခဲ့ကြောင်း တွေ့ရပေသည်။ ရှာရှုဂျာသည် အိန္ဒိယပြည်တလွှား တန်ခိုးအာဏာထွားပြီး အနောက်မှ အရှေ့ဘက် ဘင်္ဂလားနယ်သို့ နယ်ချဲ့လာခဲ့သည့် မင်းဧကရာဇ်၏ ထီးမွေနန်းလျာအဖြစ် မိမိကိုယ်ကို အထင်ကြီးခဲ့ကြောင်း တွေ့ရပေသည်။ ရခိုင်စန္ဒသုဓမ္မရာဇာသည် စစ်ပြေးမဂိုမင်းသားအား လိုအပ်သည်ထက်ပို၍ အထင်ကြီးခဲ့ပုံ မပေါ်ချေ။ မဂိုတို့နှင့် အစဉ်အဆက် တိုက်ခိုက်ခဲ့ရာ အောင်နိုင်ခဲ့သည့် အစဉ်အလာကြောင့် ရန်ဘက်တစ်ဦး ငယ်နိုင်တစ်ဦး အနေဖြင့်သာ ရှုမြင်ခဲ့ဟန်တူပေသည်။ ဘာသာတရား၏အဆုံးအမနှင့် လူ့ကျင့်ဝတ်အရ ဒုက္ခသည်တစ်ဦးအား ခိုလှုံခွင့်ပေးခဲ့ခြင်းဖြစ်ပေမည်။ ရှာရှုဂျာနှင့်အတူ မိသားစုပါခဲ့ရာ ချောမောလှပသော သမီးတော်သုံးပါးလည်း ပါရှိခဲ့သည်။ မြန်မာဘုရင်များသည် သမီးကညာဆက်သခြင်းကို နှစ်သက်သဘောကျလေ့ရှိရာ ချောမောလှပသည့် ရှာရှုဂျာ၏သမီးတော်များအား နှစ်သက်စွဲလမ်းခဲ့မည်မှာ သဘာဝကျပေသည်။ အရွယ်အားဖြင့်လည်း အေဒီ(၁၆၆၁)ခုနှစ်တွင် စန္ဒသုဓမ္မရာဇာဘုရင်မှာ အသက် ၂၃နှစ်မျှသာ ရှိပေရာ မင်းပျိုမင်းလွင်တစ်ဦးဖြစ်ပေသည်။ ရခိုင်ရာဇဝင်များ၏အဆိုအရ သမီးတော်တစ်ပါးအား ဆက်သခဲ့သည် ဆိုပေသည်။ မည်သို့ပင် ဆိုစေကာမူ ရှာရှုဂျာသည် နဂိုမူလကပင် မာနကြီးသူတစ်ဦးဖြစ်ရာ ဘာသာမတူသူတစ်ဦးနှင့် မိမိ၏သမီးတော်အား လက်ဆက်ထိမ်းမြားခြင်းကို လိုလိုလားလား သဘောတူခဲ့မည်ကား မဟုတ်ချေ။ ဤအချက်သည် ရှာရှုဂျာ အရေးအခင်းပြဿနာ၏ နိဒါန်းဟု ဆိုနိုင်ပေသည်။ ဤအချိန်မှ စ၍မကြေမလည် လိပ်ခဲတင်းတင်းဖြစ်ကာ နောက်ဆုံးတွင် အခွင့်အရေးရသည်နှင့် ပုန်ကန်မှုဖြစ်ပွားလာခဲ့ခြင်း ဖြစ်သည်။

ပထမအကြိမ် တော်လှန်ပုန်ကန်မှုအပြီးတွင် ရခိုင်ဘုရင်သည် ရှာရှုဂျာ၏သမီးတော်များအား နန်းတော်ထဲသို့ သွင်းယူလာခဲ့သည်။ သားတော်သုံးပါးအားလည်း ၎င်းတို့သဘောကျ သက်သက်သာသာ နေထိုင်ခွင့်ပြုခဲ့သည်။ စောင့်ကြည့်ရန် လစ်ဟင်းခဲ့သည်။ မဂိုမင်းသမီးများ၏အလှတွင် စန္ဒသုဓမ္မရာဇာယစ်မူးခဲ့ကြောင်း ၎င်းကိုယ်တိုင်

---

၃၂။ ယင်း-၁၁-၉၂

၃၃။ Hall-D.G. E; Shah Shuja and ....P-92

၃၄။ ဒတ်ချ်တို့၏ အဆိုဖြစ်သည်။ ရခိုင်ရာဇဝင်များတွင် (၁၀)နှစ်ခန့်ကြီးသည်။

စပ်ဆိုသော မဂိုမင်းသမီး၏အလှဘွဲ့ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပေသည်။

"ကြင်ဘွယ်လှတင့်၊ ခြောက်ပစ်လွင်၍၊ လှခြင့်အရည်၊ ခြောက်ထပ်ပြည်လည်း၊ ရှိမည်မထင်၊ ပြင်လျှင်ကိုယ်လုံး၊ သက်ဆုံးတိမ်းမတ်၊ ခန္ဓာပြတ်လိမ့်၊ နတ်လည်းမတူ၊

ဟူလည်း မက၊ ဘယ်ဒါနကြောင့်၊ အလှသို့ ခင်လွန်သနည်း" ဟူ၍စပ်ဆိုသည်။

မဂိုမင်းသမီးများအား နန်းတော်ထဲသို့ ခေါ်ယူမြောက်စားထားခြင်းက ဒုတိယအကြိမ်ပုန်ကန်မှုကို ဖြစ်စေခဲ့လေသည်။ မဂိုအသေခံတပ်သား တစ်ကျိပ်ကျော်မျှ ဝင်ရောက် မီးရှို့မှုကြောင့် ရွှေရောင်တဝင်းဝင်းနှင့် **"ဝေယန္တာနှင့်၊ ပမာတမျှ၊ တူမောလှချင့်"**ဟူသော ပဲခူးမင်းသမီး ရှင်ထွေးနှောင်း ချီမွမ်းခဲ့သည့် မြောက်ဦးရွှေနန်းတော်ကြီးတစ်ခုလုံးမှာ ပြာပုံဘဝသို့ ချက်ချင်းရောက်ခဲ့ရလေသည်။ တိုင်းတပါးအား ယုံကြည်မှု၏ရလဒ်ပင်၊ ဘုရင်နှင့်မိဖုရာများနေရာ၊ နန်းတော်ကြီးကို ပေ(၂၀)ခန့်မြင့် ကျောက်သားတံတိုင်း သုံးထပ်ကာရံထားသည်။ တံတိုင်းတစ်ထပ်နှင့် တစ်ထပ်ကြားတွင် လုံခြုံရေးအဆင့်ဆင့်ချထားကာ စစ်ဆေးပြီးလုံလောက်မှသာ ဖြတ်သန်းခွင့် ရရှိနိုင်သည်။ ယခုအကြိမ်မှာ နန်းတော်အတွင်းရောက် အတွင်းသူလျှိုမှ အချိန်ကိုက်လုပ်ကြံခြင်းဖြစ်ရာ မည်သို့မျှမတတ်နိုင်တော့ဘဲ တခဏအတွင်း "မှန်ကင်း" အဖြစ်မှ "ထင်း"အဖြစ်သို့ ပြောင်းလဲခဲ့ရလေတော့သည်။ နောက်ဆုံးတွင် အချစ်ရေးထက် နိုင်ငံအရေး အမျိုးသားအရေးကို ထောက်၍ စန္ဒသုဓမ္မရာဇာဘုရင်သည် ပြတ်သားစွာ စီရင်ခြင်း ချခဲ့ဟန်တူပေသည်။

ရှာရှုဂျာအရေးအခင်းပြီးနောက်တွင် ရခိုင်နှင့် မဂိုတို့၏ဆက်ဆံရေးမှာ သိသိသာသာဆိုးဝါးလာခဲ့သည်။ အေဒီ ၁၆၆၅ ခု၊ မတ်လ ၃ ရက်တွင်၊ ဘင်္ဂလားဘုရင်ခံ ရှာယစ္စတာခန်သည် ဘာဘေးဘီးယားရှိ ဒတ်ချ်ဘုရင်ခံချုပ်အား သံအဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့သည်။ သံအဖွဲ့သည် ဒတ်ချ်တို့အား ကူညီမည်၊ မကူညီမည်ကို ပြတ်ပြတ်သားသားအဖြေပေးရန် တောင်းဆိုသည်။ ရခိုင်နှင့်အဆက်အသွယ် မဖြစ်ပါက ဘင်္ဂလားမှ ဒတ်ချ်တို့အား အပြီးအပိုင် နှင်ထုတ်မည်ဟု ခြိမ်းခြောက်သည်။ သည်အချိန်တွင် ရခိုင်ဘုရင်ကလည်း နောက်ထပ်ဘင်္ဂလားသို့ စစ်ဆင်ရေးအတွက် ဘာတေးဘီးယားမှ ဒတ်ချ်သင်္ဘောများအား အကူအညီတောင်းခံနေသည်။ ဒတ်ချ်တို့အနေနှင့် တစ်ခုခုကို အသေအချာ ဆုံးဖြတ်ရပေတော့မည်။

အေဒီ(၁၆၆၅)ခု၊ ဇူလိုင်လတွင် ဘာတေးဗီးယားမှ ဒတ်ချ်ကောင်စီ အစည်းအဝေးကို ကျင်းပသည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး အနာဂါတ်အရေးကြီးသော မူဝါဒတစ်ရပ်ကို ရေးဆွဲချမှတ်ကြသည်။ ရခိုင်နှင့် ဘင်္ဂလားတစ်ခုခုကို စွန့်လွှတ်ရန်ဖြစ်သည်။ ထိုအချိန်တွင် ရခိုင်ဈေးကွက် အလားအလာ မကောင်းလှ။ ဆန်စပါးနှင့် ကျွန်ကို အဓိက ရောင်းဝယ်သော်လည်း သေချာသောဈေးကွက်ကားမဟုတ်၊ ဝယ်ချင်သလောက် ဝယ်၍မရ၊ ဘင်္ဂလားမှာ ပို၍ အလားအလာကောင်းသည်။ ရခိုင်တွင် မြောက်ဦးမြို့၌သာ ကုန်တိုက်တစ်ခုကို ဖွင့်လှစ်ထားနိုင်ခဲ့သော်လည်း ဘင်္ဂလားတွင် ချင်ဆူရာ(Chinsura)ကာဆင်ဘဇား (Kasimbazar)နှင့် ပတ္တနာမြို့များတွင် ကုန်တိုက်များ ဖွင့်လှစ်ထားသည်။ ၎င်းအပြင် ချင်ဆူရာတွင် ခံတပ်ပင် ဆောက်ခွင့်ရထားသည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးနောက် ဘာတေး ဗီးယားအာဏာပိုင်အဖွဲ့သည် မြောက်ဦးမြို့ရှိ ကုန်တိုက်အား ပိတ်ပစ်ပြီး ရခိုင်နှင့်အဆက်အသွယ် ဖြတ်တောက်ရန် ချက်ချင်းဆုံးဖြတ်ချက် ချမှတ်လိုက်လေသည်။

မဂိုတို့လည်း ဒတ်ချ်တို့ကို အပိုင်စည်းရုံးပြီးနောက် ရေတပ်အရာ၌ ကျွမ်းကျင်သောပေါ်တူဂီတို့ ရခိုင်ဘက်မှ ရှိနေလျှင် စစ်တကောင်းအား သိမ်းယူရန် မည်သို့မျှမဖြစ်နိုင်ကြောင်း သိရှိ၍ပေါ်တူဂီတို့အား မက်လုံးများပေး၍ လျှို့ဝှက်စွာ ဆက်သွယ်စည်းရုံးခဲ့ပေသည်။ ရခိုင်ပြည်မြောက်ဦးတွင် သီရိသုဓမ္မရာဇာလွန်ပြီး အေဒီ ၁၆၃၈ နောက်ပိုင်းတွင် သာကီဝင်မင်းဆက်ပြတ်သည်မှ ဆုတ်ယုတ်လာသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ကောင်းစွာရိပ်မိရကား မဂိုဘင်္ဂလားဘုရင်၏ စည်းရုံးရာသို့ နယ်ချဲ့တို့၏ ဝသီအတိုင်း လိုက်ပါခဲ့ကြသည်။ သစ္စာဖောက်ခဲ့ကြသည်။ ဒီယင်းဂါးနှင့် စစ်တကောင်းမှသင်္ဘော ၅၀ခန့်ပါသော ပေါ်တူဂီတို့သည် ဒက္ကာသို့ ခိုလှုံခဲ့ကြလေသည်။ နယ်ချဲ့တို့၏ သစ္စာမရှိသောလုပ်ရပ်ပင်ဖြစ်သည်။ ရခိုင်တိုင်းရင်းသားတို့တွင် သာကီဝင်မင်းကိုမှ ကိုးကွယ်သစ္စာခံသော ဓလေ့ထုံးစံသည် အမြစ်တွယ်ရှိခဲ့လေရာ သာကီဝင်မင်းဆက်ပြတ်ပြီး သက္ကရာဇ် ၁၁၁၀(အေဒီ ၁၆၃၈)နောက်ပိုင်းတွင် အုပ်ချုပ်သောမင်းတို့ကို ပြည်သူတို့က မလေးစားတော့၊ လက်ရုန်းလူသူအားကိုးဖြင့် ဘုရင်တက်လုပ်ကြရာ တိုင်းပြည်ကို ကြာရှည်စွာ မထိန်းသိမ်းနိုင်ကြတော့ပဲ ပျက်စီးဆုတ်ယုတ်လာခဲ့ရလေသည်။

# မြောက်ဦးမြို့၏ မြောက်ဘက်မျက်နှာဘုရားများ

## ရှစ်သောင်းကျောက်စာတိုင်

ရှစ်သောင်းပုထိုးတော်ကြီး၏ ဝင်ဝလက်ဝဲဘက်ခြမ်း၊ ပြင်ညီမှ ၁၆ ပေခန့်မြင့်သော နေရာတွင် ရခိုင်သမိုင်း အတွက်အရေးပါလှသော ရှစ်သောင်းကျောက်စာတိုင် ရှိသည်။ ဤကျောက်စာတိုင်ကို မြောက်ဦးမြို့၏မြောက်ဘက် ၆မိုင်ခန့်ကွာဝေးသော ဝေသာလီမြို့တော်ဟောင်းမှ ပြောင်းရွှေ့ယူဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ပြောင်းရွှေ့ ယူဆောင်ခဲ့သောဘုရင်မှာ မြောက်ဦးမင်းဆက်တွင် တန်ခိုးအာဏာ အကြီးဆုံးသော မင်းဘင်ခေါ် မင်းဗာကြီးဖြစ်သည်။ မင်းဗာကြီးသည် အေဒီ(၁၅၁၃) မှ (၁၅၅၃)ခုနှစ်ထိ မြောက်ဦးကို စိုးစံခဲ့သော ဘုရင်တစ်ပါးဖြစ်သည်။ မင်းဗာကြီးသည် ဤကျောက်စာကို အေဒီ(၁၅၃၅)ခုနှစ်တွင် မြောက်ဦးမြို့တော်သို့ ပြောင်းရွှေ့ခဲ့ကြောင်း ရခိုင်သမိုင်းများတွင် တွေ့ရသည်။

ဒုတိယကမ္ဘာစစ်အတွင်းက မိုးဒဏ်ကို ခံခဲ့ရသော ဤကျောက်စာတိုင်မှာ အဟောင်းပကတိ မပျက်မစီးကျန်နေ သေးသည်။ အဆောက်အဦးသာ ပျက်စီးခဲ့သည်။ ၎င်းကို ယခုအခါ ပြင်ဆင်ထားပြီးဖြစ်သည်။ ကျောက်စာတိုင်သည် လေးမြှောင့်ဖြစ်ပြီး တဘက် (၂ပေ ၄လက်မ)စီကျယ်၍ အမြင့် (၁၀ပေ)ရှိသည်။ ကျောက်စာတိုင် ထိပ်ပိုင်းကို အုပ် ဆောင်းစွပ်နိုင်ရန် အလို့ငှာ ၂ပေ ၄လက်မစတုရန်းခုံမှ (၁ပေ ၉လက်မ)နှင့် (၂ပေ ၂လက်မ)စတုဂံဖြစ်အောင် ထွင်းထု ပြုပြင်ထားသည်။ ကျောက်စာတိုင်၏ တောင်ဘက်မှအပ ကျန်သုံးဘက်စလုံးတွင် စာများထိုးထားသည်။ တစ်မျက်နှာ နှင့်တစ်မျက်နှာ အက္ခရာပုံစံနှင့် ရေးထိုးကာ သက္ကရာဇ် မတူညီကြပေ။

အရှေ့ဘက်မျက်နှာစာတွင် အကြောင်းရေ(၁၀၀)လောက်ပါရှိသည်။ အက္ခရာစာလုံးများမှာ ပျက်စီးနေပြီး ဖြစ်၍ ဖတ်၍မရလောက်အောင် အခြေအနေတွင် ရှိသည်။ အချို့သောအက္ခရာ စာလုံးများ၏ သွင်ပြင်ကို အကြမ်းအားဖြင့် လေ့လာနိုင်ရာ အေဒီ(၃)ရာစုမှ (၆)ရာစုအတွင်း ရေးထိုးနိုင်သည်။ အေဒီ(၄)ရာစုမတိုင်မီ **ဖတ်မရ ထက်** ရှေးကျသော ဓညဝတီခေတ်၏အကြောင်းအရာများ ဖြစ်လိမ့်မည်ဟု ယူဆရပေသည်။

ကျောက်စာတိုင်၏အနောက်ဘက်တွင် စာကြောင်းရေ ၇၁ကြောင်းပါရှိ၍ ရှေးပြေးနာဂရီအက္ခရာဖြင့် ရေးထိုး ထားသည်။ မပျောက်မပျက် ဖတ်သားမှတ်သားရှိ၍ ထိုစဉ်က ရခိုင်သမိုင်းကို အပြည့်အစုံသိရသည်။ သုတေသီ ဒေါက်တာဂျွန်ဆင်သည် ဦးစွာပြည့်စုံစွာ ဖတ်ရှုနိုင်ခဲ့သည်။ နောက်ပိုင်းတွင် သုတေသီအများစိတ်ပါဝင်စားစွာ ဖတ်ရှုလေ့ လာရေးသားခဲ့ကြသည်။ ဦးစံသာအောင်သည် အာနန္ဒစန္ဒြရှစ်ရာစု ရခိုင်ဝေသာလီမင်းဟူ၍ စာအုပ်ထုတ်ဝေခဲ့သည်။ ပညာရှင်များ အဆိုအရ အေဒီ (၈)ရာစုအတွင်း ရေးထိုးခဲ့သော ကျောက်စာဖြစ်သည်။

မြောက်ဘက်မျက်နှာတွင် ရေးထိုးထားသော စာမှာ ရှေ့ဘက်မျက်နှာလောက် ဆိုးဝါးစွာ မပျက်စီးသော်လည်း ပြည့်စုံအောင် ဖတ်၍မရတော့။ ဝါကျအပြည့်မဟုတ်ဘဲ တစ်ပိုင်းတစ်စသာဖတ်၍ ရသည်။ စာကြောင်းရေ ၆၉ကြောင်း ပါရှိ၍ အေဒီ ၁၀ရာစုလောက်က ရေးထိုးခဲ့ခြင်းဖြစ်သည်။

## မုဒ္ဒယဉ်ကျေးမှုရှေးအထောက်အထားတစ်ခု

ကျောက်စာတိုင်၏ မျက်နှာချင်းဆိုင်ဖက်၊ ရှစ်သောင်းဘုရားဝင်ဝတက်လမ်း၏ လက်ယာဘက်တွင် အမြင့် ၈ပေ ၁၀လက်မရှိသော ရှစ်မြှောင့်(အဌဂံ)ပုံ ကျောက်တိုင်တစ်တိုင်ကို တွေ့ရသည်။ ပတ်လည်မှာ ၇၂လက်မရှိ၍ တစ်မြှောင့်လျှင် ၉လက်မစီရှိသော အမြှောင့်ရှစ်မြှောင့်ပါရှိသည်။ ကျောက်စာတိုင်၏ ထိပ်ဘက်တွင် ကြာပန်းနှစ်ထပ်ပုံ ဒီဇိုင်းပုံ ဖောင်းကြွသရုပ်ဖော်ထားသည်။ ၎င်းအောက်တွင် အစက်ပြောက်များဖြင့် ဝိုင်းပတ်ထားသည်။ ကျောက်တိုင် ထိပ်တွင် အုပ်ဆောင်းစွပ်နိုင်ရန် စီမံထားသည်။ စာရေးထိုးထားခြင်း မရှိချေ။

၎င်း၏ဝဲဘက်ကျောက်စာတိုင်၏ဘေးနားတွင် အခြားကျောက်ပြားတစ်ပြားကို မြေခလျှက်တွေ့နိုင်သည်။ အဆိုပါကျောက်ပြားမှာ(၁၂)ပေရှည်၍ (၄ပေ ၂လက်မ)ကျယ်ကာ၊ (၁ပေ ၄လက်မမျှ)ထူသည်။ ကျောက်ပြား၏မျက်နှာ ပေါ်တွင် လက်ယာရစ် ခရုသင်းတစ်ခုကို တွေ့ရသည်။ ၎င်းခရုသင်း၏ ဘေးတစ်ဘက်တစ်ချက်တွင် တောင်ပံများ ပါလေသည်။ ခရုသင်း၏အောက်နားတွင် လှိုင်းတွန့်ငယ်တစ်ခုပါရှိရာ ရေလှိုင်းကို ရည်ရွယ်ဟန်တူသည်။ တစ်နည်းအား ဖြင့် ခရုသင်းသည် ပင်လယ်သမုဒ္ဒရာဝဲဂယက်မှ ထိုးထွက်လာဟန် ပြုလုပ်ထားသည်။ ခရုသင်း၏ထိပ်နားတွင် ကြာပွင့်

တစ်ပွင့်၊ ပွင့်နေဟန်ရှိသည်။ ကြာပွင့်၏ထိပ်နားတွင် ဓမ္မစကြာအဝိုင်းရှိသည်။ ကြာပွင့်က ဓမ္မစကြာကို ထိနေဟန် သရုပ်ဖော်ထားသည်။ ဓမ္မစကြာကို အတွင်းဘက်တွင် ကြာလွှာနှစ်ချပ်ဖြင့် တန်ဆာဆင်ထားသည်။ ၎င်းကို ပတ်ဝိုင်း၍ ဗိန္ဒုအစက်အပျောက်များက စက်ဝိုင်းဖြင့် ဝိုင်းရံထားသည်။

ကြာပန်းကို ဗုဒ္ဓယဉ်ကျေးမှု အနုပညာတွင် အထွဋ်အမြတ် အထိမ်းအမှတ်အဖြစ် သင်္ကေတပြုသည်။ ဗုဒ္ဓဝင်ခန်းများတွင် ဘုရားခြေလှမ်းရာ အောက်ခံကို ကြာဖြင့် ခံလေ့ရှိသည်။ လွန်လေပြီးသော ဘုရားများကို ကြာပန်းသဏ္ဌာန်ပြ၍ မပွင့်သေးသော အရိမေတ္တေယျဘုရားကို ကြာဖူးဖြင့် ပြသည်။ ၎င်းပြင် စေတီတည်ဆောက်ရာတွင် ကြာမှောက် ကြာလှန်ဟူ၍ ပါရှိရာသည်။ စေတီ၏အရေးကြီးသော အင်္ဂါတစ်ရပ်ဖြစ်သည်။

ဗုဒ္ဓယဉ်ကျေးမှုအနုပညာခေတ်ဦး အထောက်အထားတစ်ခုဖြစ်သော ကျောက်စာတိုင်တွင် အပေါ်ဆုံးခြသေ့် သုံးကောင်နှင့် ကြာမှောက်ကြားတွင် ဓမ္မစကြာဝိုင်း လေးဝိုင်းပါရှိသည်။ ဤသို့ကို ထောက်ရှု၍ ကြာပွင့်နှင့် ဓမ္မစကြာဝိုင်းတို့မှာ ပူးတွဲထိစပ်လျှက် ဖော်ပြခြင်း ထုလုပ်ခြင်းတို့သည် ရှေးကျသော ဗုဒ္ဓယဉ်ကျေးမှု အနုပညာတစ်ရပ်ပင်ဖြစ်သည်။ ထိုယဉ်ကျေးမှုအမွေကို ဆက်ခံခြင်းသာ ဖြစ်ပေသည်။

ဒေါက်တာဖော်ချီမာက ဖော်ပြပါပုံများသည် သံသရာဝဲဂယက်မှ လွတ်ရာလွတ်ကြောင်းတွင် ဖြတ်ပွားအယူဝါဒ ကို ကိုယ်စားပြုသော ခရုသင်းမှ ဗုဒ္ဓကိုယ်စားပြုသော ကြာပန်းပေါ်ပေါက်လာပြီး နက်နဲသော ဓမ္မစကြာတရားတော်ကို ရရှိလာကြောင်း ဖော်ပြသည့် အဓိပ္ပါယ်ရှိကြောင်း ဆိုသည်။

အခြားအယူအဆတစ်နည်းမှာ "စကြာ"သည် စကြာမင်း (သို့) စကြာဝတေးမင်းကို ကိုယ်စားပြုညွှန်းသော သင်္ကေတဖြစ်သည်။ ထိုစကြာဝတေးမင်း၏ ဘုန်းတန်ခိုးတော်ကြောင့် တိုင်းပြည်သာယာဝပြောခြင်း တိုးတက်ခြင်း၊ ချမ်းသာခြင်းတည်းဟူသော ကြာပန်းပွင့်သည် ဒုက္ခတည်းဟူသော ပင်လယ်မှ ခရုသင်း ပုံစီး၍ ထွက်လာကြောင်း ပြသောပုံဟုဆိုသည်။ စကြာပိုင်းသည် စကြာဝဠာတိုက် သို့မဟုတ် လောကအားလုံး သို့မဟုတ် မိုးနဲ့မြေကို အစိုးရသော စကြာမင်းအဖြစ် ယူဆ၍ ခရုသင်း၊ ကြာပန်းတို့မှာ စကြာမင်းကို အသိအမှတ်ပြုပေါ်လွင်သော ဘိသေက အဆောင် အယောင်များသာ ဖြစ်ကြောင်း ဖော်ပြထားသောပုံ ဖြစ်နိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ ဖော်ပြချက်များသည် ရခိုင်တို့၏ အနုပညာယဉ်ကျေးမှု၊ ဘာသာအယူဝါဒကို ပေါ်လွင် ထင်ရှားစေသည်။

ထိုပုံ၏အထက်နားတွင် လေးထောင့်တွင်းကြီးတစ်ခု ရှိသည်။ ထိုတွင်းမှာ(၁ပေ ၁၀လက်မ)ကျယ်၍၊ (၂ပေ ၃လက်မ)ရှည်ပြီး၊ (၃လက်မ)နက်သည်။ ၎င်းနှင့်ကပ်လျက် ၄လက်မနက်၍ ၆လက်မအချင်း ရှိသော ခွက်ပုံသဏ္ဌာန် တွင်းတစ်ခုရှိသည်။ အထက်တွင် ဖော်ပြခဲ့သော ကျောက်ချပ်တွင်း၏အတိုင်းအဆမှာ ကျောက်စာ တိုင်၏ထုလုပ်ထား သော ထိပ်နှင့်အံကိုက်ဖြစ်နေသည်။ သို့ဖြစ်ရာ ဤကျောက်ချပ်လွှာသည် ကျောက်စာတိုင်နှင့် ရှစ်မြောင်တိုင်၏ထိပ်များကို စွပ်မိုးလျှက် အုပ်ဆောင်းသဏ္ဌာန် ရှိခဲ့လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ထိုသို့ဆိုပါက ကျောက်စာတိုင်၏ ဝဲဘက်ပိုနေသော ကျောက်ဖြာအထွတ် အလေးချိန်မျှစေရန်အတွက် အခြားတစ်ဘက်တွင် အသင့်အတင့်ရှည်သော ကျောက်ချပ်ရှိရ မည်ဖြစ်သည်။ ကျောက်ချပ်၏အရှည်မှာ အနည်းဆုံး ပေ(၁၀ပေမှ ၂၀ပေ)ထိ ရှည်နိုင်သည်။

၎င်းအပြင် ကျောက်စာတိုင်နှင့် ရှစ်မြောင့်တိုင်အကြားတွင် တွန်းတံခါးတစ်ခု ရှိခဲ့မည်ဖြစ်သည်။ ၆လက်မ အချင်းရှိ ခွက်ပုံသဏ္ဌာန်တွင်းမှာ ထိုတံခါး၏ ဝင်ရိုးဆုံလည်ဖြစ်နိုင်သည်။ တံခါးရှိသည့်ဘက်သည် ကျောက်ချပ်၏ တောင်ဘက်ပိုင်းဖြစ်၍ ယခုအခါ ကျိုးပဲ့သွားပြီဖြစ်သည်။ ခရုသင်း၊ ဓမ္မစကြာ၊ ကြာပွင့်၊ သင်္ကေတများပါသော အပိုင်းသည် ကျောက်စာတိုင်၏ မြောက်ဘက်တွင် ရှိသည်။

မြောက်ဦးခေတ် ဘုရင်တို့သည် အဆောက်အဦး၊ အထူးသဖြင့် သာသနိကအဆောက်အဦးများ ဆောက်လုပ် ရာတွင် ရှေးထုံးနည်းနိဿျ၊ ကျမ်းစာ၊ ပေစာတို့ကို အခြေပြု၍ ရဟန်း၊ သံဃာ၊ ဟူးရားတတ်၊ ကျမ်းတတ်တို့နှင့် တိုင်ပင်ပြုလုပ်မြဲဖြစ်သည်။ ပါဝင်သောအုတ်အရေအတွက်၊ တံခါးအရေအတွက်၊ အမြင့်၊ အကျယ်၊ စတင်ဆောက်မည့် နေ့ရက် အချိန်နာရီ၊ အရောင်၊ စိုက်ပျိုးမည့်အပင် စသည်ဖြင့် အစစအရာရာကို တွက်ချက်၍ အသေအချာပြုလုပ်ကြမြဲ ပင်ဖြစ်သည်။

ယခု ရှစ်သောင်းဘုရား တည်ဆောက်ရာတွင်လည်း သူ့အဓိပ္ပါယ်နှင့်သူ သေချာစီမံ၍ ဆောက်လုပ်ခဲ့ခြင်း ပင် ဖြစ်ပေမည်။ အထက်တွင် ရှစ်သောင်းဘုရား၏ အဝင်ဝတွင် တွေ့ရှိရသော အထောက်အထားများ၏ ယဉ်ကျေးမှု

လက်ရာများတို့ကို စစ်ဆေးကြည့်ရှု၍ ဖြစ်နိုင်သော ဂိတ်တံခါးပုံကို မှန်းဆ၍ တင်ပြခဲ့ပြီးဖြစ်သည်။ ထိုသို့ မှန်းဆရုပ်လုံးဖော်ရာတွင် ဖြစ်ပေါ်လာသောပုံစံမှာ သမရိုးကျတံခါးပုံစံမျိုးမဟုတ်ပဲ တမူထူးခြားနေလေသည်။ လျှို့ဝှက်နက်နဲသော အတတ်ပညာ၊ အတွေးအခေါ်တို့ဖြင့် တစ်နည်းတစ်ဖုံယှက်နွယ်နေကြောင်း တွေ့ရပေသည်။

အမှန်ပင် အောက်ပါအချက်များသည် ထူးခြားသော အဓိပ္ပါယ်ကို ဆောင်နေပေသည်။

(က) တံခါး၏လက်ဝဲဘက်(မြောက်ဘက်)တွင် တံခါးထက်စွန်း၍ ကျောက်ဖြာအရှိကို ချိန်ဆ၍ ထည့်ထားခြင်း၊

(ခ) ထိုအစွန်းပိုင်း ကျောက်ဖျာတွင်၊ ဓမ္မစကြာ၊ ကြာပွင့်ခရုသင်းပျံ၊ ဒီလှိုင်းပုံအမှတ်အသား တို့ကို စနစ်တကျ အစီအစဉ်အလိုက် ရေးဆွဲထားခြင်း။

(ဂ) ဓမ္မစကြာအမှတ်အသား (သို့) စကြာဝတေးမင်း အမှတ်အသားနှင့် ကျောက်စာတိုင်ငုံ၍ ဆက်သွယ်ထားခြင်း။

(ဃ) ကျောက်စာတိုင်မှာ ဤပုထိုးကုသိုလ်ရှင် မင်းဗာကြီး၏ ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့၏ တန်ခိုးရှိန်ဝါကို ပြဆိုသော သြဘာစာဖြစ်ခြင်း။

(င) ဤမည်သောကျောက်ဖျာသည် ဘုရားဖူးလူများ ဝင်ထွက်ရာ တံခါးကိုမိုး၍ ဆောက်လုပ်ထားခြင်း။

(စ) လက်ယာဘက်တံခါးတိုင်တွင် ထိပ်ပိုင်း၌ ကြာပန်းနှစ်ထပ်ဆင့်၍ ရှစ်မျက်နှာ၊ ရှစ်ထောင့်ပြုလုပ်ထားခြင်း။

(ဆ) တံခါးဝ၏တစ်ဖက်တစ်ချက်တွင် ဒွါရပါလနတ်မင်း တစ်ရုပ်စီ ထုလုပ်ထားခြင်းတို့ဖြစ်သည်။

ရခိုင်သမိုင်းအဆိုအရ အေဒီ(၁၅၃၅)ခုနှစ်တွင် ဤရှစ်သောင်း ပုထိုးတော်ကြီးကို ဆောက်လုပ်ခဲ့သော မင်းဗာကြီးသည် ဤတံခါးတွင် လက်ဝဲဘက်တိုင်အဖြစ် အသုံးပြုသော ကျောက်စာတိုင်ကို ဝေသာလီမြို့တော်ဟောင်း လက်ခတ်တောင်မှ ပြောင်းရွှေ့ယူခဲ့ကြောင်း သိရှိရပေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျောက်စာပါအရေးအသား၊ အက္ခရာနှင့် အချက်အလက်များသည် ဝေသာလီခေတ်ကို ကိုယ်စားပြုနေ၍၊ မည်သို့မျှ သံသယ ရှိစရာမလိုပေ။ ၎င်းပြင် တံခါးဝင်ဝတစ်ဘက်တစ်ချက်ရှိ နတ်ရုပ်များ၏ ပုံပန်းသဏ္ဍာန်နှင့် ထိုသို့ တြိဘင်္ဂနတ်ရုပ်(ဒွါရပါလ)စေတီပုထိုး၏ အဓိကပင်မ တစ်ဘက်စီတွင် ထားရှိခြင်းမှာ ဝေသာလီ၏ဗုဒ္ဓယဉ်ကျေးမှု အနုပညာအစဉ်အလာ တစ်ရပ်ပင်ဖြစ်သည်။ ဤသို့သော ယဉ်ကျေးမှုအမွေကို မင်းပါဘုရင်သည် ဆက်ခံခဲ့ပြီးဖြစ်ကြောင်း သိသာပေသည်။ ရှစ်သောင်းပုထိုးတော်၏ပုံမှာလည်း ဝေသာလီအနှံ့တွေ့ရှိရသည့် ကျောက်စာထူပါငယ်များနှင့် များစွာဆင်တူနေလေသည်။

အနန္တစန္ဒြမင်း ကျောက်စာပါ အချက်အလက်များကို လွန်စွာနှစ်ချိုက်သဘောကျဟန် တူပေသည်။ ကျောက်စာအရ ဝေသာလီတွင် စိုးစံခဲ့ကြသော မင်းအဆက်ဆက်တို့သည် အုပ်ချုပ်ရေးတွင် ကျွမ်းကျင်ခြင်း၊ ဘာသာတရားကိုင်းရှိုင်းခြင်း၊ မင်းကျင့်တရားနှင့်အညီ ပြည်သူများအား သနားကျင်နာခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းတို့နှင့် ပြည့်စုံကြသည်။ ထူးခြားသည်မှာ မင်းတို့အား ဖော်ပြရာတွင် "သီဝနတ်မင်းအနွယ်" "ရေမြေသနင်း""ဘုန်းတန်ခိုးကြီးမားသော" "နတ်ပြည်၏လှပတင့်တယ်ခြင်း"၊ "နတ်တို့၏စည်းစိမ်ဖြင့်" "ကမ္ဘာလောကကြီး၏အရှင်သည်"စသည်ဖြင့် ဗုဒ္ဓယဉ်ကျေးမှု လွှမ်းမိုးသော နိုင်ငံတို့၏ အသုံးအနှုံးအတိုင်း တင်စားခေါ်ဝေါ်ထားသည်။ ဤသည်ကို အထူးပင်သဘောကျ နှစ်သက်ခဲ့ဟန်တူသည်။ ရှေးခေတ်ဘုရင်တို့သည် ကျမ်းဂန်လာ စကြာဝတေးမင်းကို အားရသဘောကျကြသည်။ မိမိကိုယ်တိုင်လည်း ဖြစ်လိုကြသည်။ တခါတရံ အောင်ပွဲခံမှုများနှင့် ထပ်ခါတလဲလဲကြုံတွေ့နေရသော ဘုရင်များအဖို့ အထူးမဆိုသာပြီ။ မိမိကိုယ်တိုင် စကြာဝတေးမင်းအဖြစ် မှတ်ထင်ဂုဏ်ယူတတ်လေသည်။

မင်းဗာဘုရင်၏ ဤရှစ်သောင်းဘုရားတည်သော အချိန်ကာလ (အေဒီ ၁၅၃၅)သည်ကား သူ့အဖို့ အောင်မြင်မှုသရဖူကို ဆောင်းနေသော အချိန်ဖြစ်သည်။ အနောက်ဘင်္ဂလား၊ **ဖတ်မရ** နိုင်ငံ၊ တြိပူရတို့အားလည်း အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်ပြီးခဲ့သော အချိန်ဖြစ်သည်။ ယင်းထက် မင်းဗာဘုရင်ဂုဏ်ယူသောအချက်မှာ ရပ်ဝေးမှ လာရောက်ကျူးကျော်သော ခေတ်မှီပါသည်ဆိုသည့် အမြောက်လက်နက်ပိုင်ရှင် ပေါ်တူဂီများအား အောင်မြင်စွာ နှိမ်နင်းခဲ့ခြင်းပင် ဖြစ်သည်။ အချို့ကို သူတို့၏အတတ်ပညာကို ရယူလို၍ ဤပရိယာယ်ဖြင့် တပည့်မွေးခဲ့သည်။ ဘုရင့်တပ်တွင် အမှုထမ်းစေသည်။ ဖော်ပြခဲ့သော အချက်များသည် မင်းဗာကြီးဘုရင်အား ကျမ်းဂန်လာတစ်ရာ့**ဖတ်မရ**သော မင်းတို့၏ ဧကရာဇ်အဖြစ် အထင်ရောက်စေသည်။ ရှစ်သောင်းရင်ပြင်တော်၌ မုဒ်ဝမှမလှမ်းမကမ်းနေရာတွင် နေထွက်စေတီနှင့် နေဝင်စေတီဟူ၍ စေတီနှစ်ဆူကို တည်ထားခြင်းက ဤအချက်ကို ပိုမိုခိုင်မာစေသည်။ ၎င်းပြင် ဤရှစ်သောင်းပုထိုးတော်ကြီး၏ ဘွဲ့အမည်မှာ "ရန်အောင်ဇေယျ"ပုထိုးတော်ကြီးဟူ၍ ဖြစ်ရာ နယ်ချဲ့ပေါ်တူဂီတို့အား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ခဲ့ကြောင်း ရခိုင်သမိုင်းတွင် အခိုင်အမာပင်ဆိုလေသည်။ သို့ဖြစ်ရာ မင်းဗာဘုရင်သည် ဤရှစ်သောင်းဘုရား တည်ဆောက်ရာတွင် မိမိ၏အောင်မြင်မှုကို ထင်ဟပ်စေလိုခြင်းနှင့်

ဆက်လက်တည်မြဲစေလိုခြင်း စသည့်ဆန္ဒများ ရှိခဲ့မည်မှာ သေချာလှပေသည်။

ဤအကြောင်းများသည် မင်းဗာကြီးဘုရင်အဖို့ ကျမ်းဂန်လာ စကြာဝတေးမင်းအဖြစ်ကို ပို၍အမှတ်ရစေမည် ဖြစ်သည်။ ထိုအခါ မင်းဗာဘုရင်အဖို့ မိမိတောင်းဆိုမှု ပုထိုးတော်ကြီးတွင် စကြာမင်းဖြစ်လာစေရန် ရည်ရွယ်၍ လည်းကောင်း၊ သို့မဟုတ် ထိုထက်ပိုမိုသော စကြာဝတေးမင်းအဖြစ် အများပြည်သူများ မြင်သာသောနေရာတွင် ထီးသဖွယ် မိုးထားရှိခဲ့ပေလိမ့်မည်။

ဤတပ်တမံတွင် ပို၍လေးနက်မှုရှိလာရန် သူ၏ဘိုးလောင်းတော် ဘေးလောင်းတော်များ၏ ဘုန်းတော်ကြီးမြင့်မှုကို ဖွဲ့လိုကချည်းတင်ထားသော အာနန္ဒစန္ဒြမင်းကျောက်စာကို ရွှေ့ပြောင်းစိုက်ထူခဲ့ခြင်း ဖြစ်နိုင်သည်။ အမွေဆက်ခံသည့်သဘော၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ မိဘဘိုးဘွားကို အရိုအသေပြုဆည်းကပ်သည့် သဘောသက်ဝင်ပေသည်။ ဤသို့သော ကဗျည်းကျောက်စာတိုင်ကို အထက်ဖော်ပြပါ စကြာအမှတ်အသားတံဆိပ်စပ်ငုံနေဟန် ထုလုပ်ထားခြင်းက ပို၍ အဓိပ္ပါယ်ရှိနေလေသည်။

ကျောက်စာတိုင်၏တဘက်ရှိ ရုစ်မြောင့်တိုင်သည်လည်း လေးနက်သောသဘောကို ဆောင်ကြောင်း တွေ့ရသည်။ ထိုရုစ်မျက်နှာတည် ထုလုပ်ခြင်းသည် အရပ်ရှစ်မျက်နှာ (အဌဒိသာ)ကို ရည်ရွယ်ထုလုပ်ကြောင်း သိသာနိုင်ပါသည်။ ကုသိုလ်ရှင် (သို့) မင်းဧကရာဇ်တို့သည် မိမိတို့အလှူဒါနကို အရပ်ရှစ်မျက်နှာမှ သိစေလိုခြင်း၊ အမွန်းရစေလိုခြင်း၊ သာဓုခေါ်စေလိုခြင်း၊ စသောရည်ရွယ်ချက်များ ရှိကြသည်။ ၎င်းပြင် မိမိ၏တန်ခိုးအာဏာစက် အရပ် ရှစ်မျက်နှာသို့ ပြန့်နှံ့နိုင်ရန်လည်းကောင်း၊ အရပ်ရှစ်မျက်နှာမှ ရန်သူများ မလာရောက်နိုင်ရန်လည်းကောင်း၊ ရည်ရွယ် ကြသည်။ လောကီအမြင်များလည်း ရှိသည်။ ကျောက်ခိုင်အထိပ်ပိုင်းတွင် ကြာလွှာနှစ်ထပ်ကို ရွေ့လျားများရံ၍ အရပ်ရှစ်မျက်နှာ အသီးသီး ထောင့်အသီးသီးတွင် ထုလုပ်ထားခြင်းသည် မိမိ၏တိုင်းပြည်တစ်ဝှမ်း အရပ်အသီးသီး၏ ဆန်ရေစပါး ပေါကြွယ်ဝ**ဖတ်မရ** လှိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြစ်နိုင်လေသည်။ မည်သို့ဆိုစေကာမူ ရှစ်မြောင့်တိုင်နှင့် ကြာပန်းနှစ်ထပ်ထုလုပ်ထားခြင်းမှာ ဗုဒ္ဓယဉ်ကျေးမှုအနုပညာရိပ်မကင်းကြောင်း တွေ့ရပေသည်။

အံ့သြဖွယ်မှာ မင်းဗာကြီး၏ ကောင်းမှုတော်ဖြစ်သော ဤရန်အောင်ဇေယျခေါ် ရှစ်သောင်းပုထိုးတော်ကြီးသည် တည်ဆောက်ပြီးစီးသည်မှစ၍ မြောက်ဦးနေပြည်တော်၏ လူမှုရေး၊ ဘာသာရေး၊ အုပ်ချုပ်ရေး စသည်ဖြင့် အဘက်ဘက်မှ မဏ္ဍိုင်ဖြစ်လာခဲ့ခြင်းပင် ဖြစ်သည်။ မင်းဗာဘုရင်သည် သူကိုယ်တိုင် မည်သည့်နေရာတွင် ရာဇဘိသေက မင်္ဂလာပြုခဲ့သည်ကို တိကျစွာမသိရသော်လည်း ၎င်းအားဆက်ခံသော မြောက်ဦးမင်းများသည် ဤပုထိုးတော်ကြီး၏ အနောက်မျက်နှာဘက်ရှိ ဘိသေကမင်္ဂလာခန်းမတွင် ဘိသိက်သွန်းခဲ့ကြပေသည်။ မင်းဗာကြီးနောက် ဆက်ခံသော ရှစ်ဆက်မြောက်ဘုရင် သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၂-၁၆၃၈)လက်ထက်တွင် မြောက်ဦးမြို့တော်သို့ ရောက်ရှိခဲ့သော ပေါ်တူဂီဘုန်းကြီး မန်နရစ်၏မှတ်တမ်းတွင် အပြည့်အစုံဖော်ပြထားပေသည်။ မကြာမီပင် ဘုရင်ကြီးသည် ရှစ်သောင်းဘုရားသို့ ကြွတော်မူမည်ဖြစ်ပြီး ထိုနေရာတွင် သာသနာပိုင်ဆရာတော်က သူ့အား ဘိသိက်သွန်းလိမ့်မည် ဟု မန်နရစ်က ရေးသားခဲ့ပေသည်။ ဆက်လက်၍ မန်နရစ်က "ရှစ်သောင်းဘုရားသို့ အမိုးမိုးထားသော စကြာလမ်းမှသွားရသည်။ ဘုရားသို့အဝင်တွင် သံဃာတော်အပါး **ဖတ်မရ(၂၁၀)**ခန့်က စောင့်ဆိုင်းနေကြသည်။ သံဃာတော်များက သီရိသုဓမ္မရာဇာဘုရင်အား ရှစ်သောင်းဘုရား အတွင်းသို့ ဦးဆောင်ခေါ်သွားကြသည်။ မန်နရစ်(ခရာဇ်ယန်)နှင့် အိန္ဒိယလူမျိုး(ဟိန္ဒူ(သို့)မဟာမေဒင်များမှာ အပြင်တွင် ကျန်ရစ်ခဲ့ရသည်။ ဟူ၍ဆက်လက် ရေးသားလေသည်။

ရှစ်သောင်းဘုရား၏ ဆန်းကျယ်စွာ ပြုလုပ်ထားသော အခင်းအကျင်းနှင့် ပတ်သက်၍လည်း "ကျွန်ုပ်အမြင်ပြောရလျှင် ယခုကဲ့သို့ ရှုတ်ထွေးဆန်းပြားစွာ တည်ဆောက်ထားရခြင်းမှာ လုံခြုံရေးတစ်ခုတည်းကြောင့်ဟု မဆိုနိုင်။ အချို့သော ရှင်ပြုရဟန်းခံ စသောဘာသာရေးအခမ်းအနားများအတွက်လည်းကောင်း၊ သာသနာရေးနှင့် ပတ်သက်သော အခမ်းအနားများ၊ အထူးသဖြင့် သံဃာတော်များ ကျင့်ဆောင်ရန် ဝိနည်းများချမှတ်ရာ လျှို့ဝှက်စွာလိုခြင်း တို့ကြောင့်လည်း ဖြစ်ပေသည်။ ဟူ၍ဖော်ပြထားလေသည်။

ရခိုင်ရာဇဝင်များတွင်လည်း ရှစ်သောင်းဆရာတော်ကြီးကို ဘုရင့်ဆရာတော်ကြီးအဖြစ် တလေးတစား ဖော်ပြထားသည်။ သာသနာပိုင်အဖြစ် ဝါဒခံယူလေ့ရှိသည်။ ပေါ်တူဂီဘုန်းကြီး မန်နရစ်ဖော်ပြထားသကဲ့သို့ နိုင်ငံခြားသားများ ဘာသာခြားများ၊ မဝင်ရဟူသော တားမြစ်ချက်သည်ပင် ရှစ်သောင်းပုထိုးတော်ကြီးသည် ဗုဒ္ဓသာသနာဆိုင်ရာ အရေးကြီးသော ဗဟိုအချက်အချာနေရာဖြစ်ကြောင်း သိသာနိုင်ပေသည်။

## ရှစ်သောင်းပုထိုးတော်ကြီး

နန်းတော်ကုန်း၏မြောက်ဘက် မိုင်ဝက်ခန့်အကွာ ဖိုးခေါင်တောင်ကုန်း၏အနောက်ဘက် တောင်ခါးပန်းပေါ်တွင် မြေညှိ၍ တည်ဆောက်ထားသည်။ အလှူရှင်မှာ မြောက်ဦးမင်းဆက်တွင် တန်ခိုးအကြီးမားဆုံးသော မင်းဗာကြီးဘုရင်ဖြစ်သည်။ တွေ့ရှိရသောကျောက်စာအထောက်အထားအရ မင်းပင်ဟုလည်း ခေါ်သည်။ သူ၏ဘိသေကနာမည်မှာ သီရိသူရိယစန္ဒမဟာရာဇာဖြစ်သည်။ မြောက်ဦးထီးနန်းကို အေဒီ(၁၅၃၁)ခုနှစ်မှ (၁၅၅၃) စိုးစံခဲ့သည်။ မင်းပါကြီးဘုရင်သည် သူ၏ကြီးမားသော ကုသိုလ်တော်ဖြစ်သည့် ဤရှစ်သောင်းပုထိုးတော်ကြီးကို အေဒီ(၁၅၃၅)ခုနှစ်၊ သက္ကရာဇ်(၈၉၇) တန်ဆောင်မုန်းလပြည့် စနေနေ့တွင် ပေါ်တူဂီတို့အား အောင်မြင်သည့်အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သည်။ ထို့ကြောင့် ရန်အောင်ဇေယျပုထိုးတော်ကြီးဟူ၍လည်း ခေါ်သည်။

အနောက်ဘင်္ဂါမြို့များကို အောင်မြင်ပြီးနောက် မင်းဗာဘုရင်သည် အနောက်ဗုဒ္ဓဂါယာမှ စေတီတော်များမှ ရရှိသည့် ရှစ်သောင်းလေးထောင်သော ဓာတ်တော်မွေတော်များ၊ ဗုဒ္ဓဂါယာမှ စောင့်ရှောက်သူကင်းမဲ့နေသည့် ဗုဒ္ဓ၏ သိရိပါဒခြေရာတော်တို့ကို ပင့်ဆောင်ယူခဲ့သည်။ ၎င်းနောက် နောင်လာလတ္တံ့သော ဘုရားရှစ်သောင်းကို ရည်မှန်း၍ ရတနာစုပေါင်း၍ ဆင်းထုတော်ရှစ်သောင်းကို သွန်းလုပ်၍ ဓာတ်တော်မွေတော် ရှစ်သောင်းလေးထောင်နှင့်အတူ ပုထိုးတော်ကြီးတွင် ဌာပနာခဲ့သည်။ ထို့ကြောင့် ရှစ်သောင်းဘုရားဟု အမည်တွင်ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ပုထိုးတော်ကြီးဖြစ်မြောက်ရေး ရွေးထုံးကျမ်းဂန်များနှင့် ညီညွတ်စေရေး၊ နည်းပညာဆိုင်ရာ မှန်ကန်တိကျစေရေးအတွက်၊ အဂ္ဂစိန္တေယျ ဆရာတော် အဂ္ဂမုနိဆရာတော်၊ သျှင်ဦးမြဝါ၊ ဝိမလအမတ်၊ မဟာပညာကျော်အမတ်တို့ စသော ရဟန်းပညာရှိ၊ လူပညာရှိတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ "အပြည်ပြည်လို ရှင်ငယ်ရစ်ဝန်း အေးမှုထမ်း"ဟူသော ဥဒါန်းဖြင့် မင်းဗာဘုရင်၏ ငယ်ဆရာ ဦးမြဝါကြီးကြပ်စီစဉ်သည်ဟု သိရပေသည်။ ပုထိုးတော်ကြီးအား ကျွမ်းကျင်သော အလုပ်သမားတစ်ထောင်ဖြင့် တစ်နှစ်တာဆောက်လုပ်ရသည်။ အနုပညာလက်ရာ၊ ဗိသုကာပညာ၊ ကျောက်ဆစ်ပညာတို့မှာ အဆင့်အတန်းမြင့်မားကြ၍ စိတ်ဝင်စားဖွယ်ရာများဖြင့် ပြည့်နေပေသည်။ ၎င်းမြင်သာမည် ဂူပုထိုးမျိုးမဟုတ်ပဲ ကြီးမားလှသော ကျောက်တုံးကြီးများ သေချာသပ်ရပ်စွာ ဆစ်ဖြတ်တောက်ပြီး အံကိုက်ပြုလုပ်ထားသည်။ သေချာသပ်ရပ်မှုကြောင့် ရေယိုခြင်းပင် အလျဉ်းမရှိ၊ အင်္ဂတေကိုလည်း သုံးထားခြင်းမရှိချေ။ ကြီးမားသော သဲကျောက်များကို အတွင်းပတ်ကျောက်လှိုက်ဂူအဖြစ် ငါးထပ်ကာရံပြုလုပ်ထားရာ မည်၍မည်မျှ တွက်ချက်ဆောက်လုပ်ရမည်ကို သိသာနိုင်ပါသည်။ ၎င်းအပြင် ပုထိုးတော်ကြီး အပြင်ဘက်လှိုက်ဂူပတ်လည်တွင် ဟိုဝင်သည်ထွက် ပြုလုပ်နိုင်ရန် ဂူပေါက်များ အကာတိုင်ကြီးများကို ခိုင်ခိုင်ခန့်ခန့် ပြုလုပ်ထားရာ ကြီးမားသောခံတပ်အဖြစ် အနောက်တိုင်း သုတေသီတို့က ရှုမြင်ကြခြင်းဖြစ်သည်။ အမှန်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးစံအတိုင်း ချေမ်းဆိတ်ငြိမ်ရာနေရာ အဖြစ် တရားဓမ္မအားထုတ်သူတို့အတွက် သင့်လျော်အောင် စီမံထားခြင်းဖြစ်သည်။ ဘုရင်နှင့်မိဖုရားတို့ ဥပုဒ်တည်ဆောက်နေချိန်တွင် လုံခြုံရေးတပ်သားများအပြင် ပတ်လှိုက်အတွင်း လှည့်လည်စောင့်ကြပ်ရသည်။ ထိုသို့ စောင့်ကြပ်နိုင်ရန်လည်း စီစဉ်ထားရှိရာ ခံတပ်သဘွယ် ဖြစ်နေပေတော့သည်။

ရှစ်သောင်းပုထိုးတော် အဝင်ဝမှ တက်ရောက်လာခဲ့ပါက တက်လမ်း၏လက်ဝဲဘက်တွင် တောင်ခါးပန်းကို မြေညှိထားသော ပထမရင်ပြင်တော်သို့ ရောက်သည်။ ထိုရင်ပြင်ပေါ်တွင် ရှစ်သောင်းပုထိုးတော်ကြီး၏ ဒါယကာ စေတီနှစ်ဆူသော မင်းပါဘုရင်၏ကောင်းမှုဖြစ်သော စေတီနှစ်ဆူကို တွေ့ရသည်။ နှစ်ဆူစလုံး ကျောက်သားပကတိဖြင့် ပြုလုပ်ထားသည်။ အရှေ့ဘက်သို့ မျက်နှာမူ၍ ဂူပြုလုပ်ထားသောဘုရားကို နေထွက်ဘုရားဟုခေါ်၍၊ အနောက်ဘက်သို့ မျက်နှာမူ၍ပြုလုပ်ထားသော ဘုရားကို နေဝင်ဘုရားဟုခေါ်သည်။ မင်းပါဘုရင်သည် သူ၏တန်ခိုးကြီးမားမှု အာဏာစက်ပြန့်နှံ့မှုကို ထင်ရှားပြသလို၍ တည်ထားခဲ့ခြင်းဖြစ်သည်ဟု ပြောစမှတ်ပြုကြသည်။ နေထွက်ဘုရားမှာ ရှစ်မျက်နှာ ရှစ်ထောင့်သဏ္ဌာန်ပြုလုပ်ထားပြီး နေဝင်ဘုရား၏အထက်ပိုင်း စတူပါပုံသဏ္ဌာန်ရှိ၍ တောင်ခြေမှာ စက်ဝိုင်းပုံဖြစ်သည်။

ဤအဆင့်မှ တက်လမ်းအတိုင်း ဆက်လက်တက်သွားပါက ရှစ်သောင်းပုထိုးတော်ကြီး တည်ရှိရာ ရင်ပြင်သို့ ရောက်သည်။ ပထမဦးစွာတွေ့ရသော အာရုံခံသိမ်တော်၏ မျက်နှာစာတွင် ဒါယကာမင်းပါဘုရင်၏ကျောက်ရုပ်ထုနှင့် မင်းတရားပြင်မှ ပြောင်းရွှေ့ယူလာခဲ့သော မင်းရာဇာကြီး၏ အမိန့်ပြန်တမ်းကျောက်စာကို သက္ကရာဇ်(၉၅၅)ခု တပို့တွဲ

လဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့ နေ့စွဲဖြင့် ရေးထိုးထားသည်ကို တွေ့ရသည်။ ကျောက်စာ၏ထိပ်တွင် ဘုရင်က သီဟာသနကို ပလ္လင်တွင်ထိုင်နေပုံနှင့် အောက်ခြေတွင် အမတ်ကြီး (၄)ပါးက ခစားနေဟန်ပါရှိရာ ယင်းခေတ်၏ ဝတ်စားဆင်ယင်ပုံနှင့် ပလ္လင်ပုံကို လေ့လာနိုင်ပါသည်။

ဗဟိုအရုဏ်ခံသိမ်သို့ ဝင်ရန်ထွက်ရန် မုဒ်ပေါက်နှစ်ပေါက်ရှိသည်။ အာရုံခံသိမ်တော်မှာ ခေတ်လက်ရာဖြစ်သည်။ အာရုဏ်ခံသိမ်တော်ကြီးကို ပုထိုးတော်ကြီး အရှေ့မျက်နှာစာနှင့် တဆက်တည်း အုတ်နံရံဖြင့် စတုရန်းပုံ တည်ဆောက်ထားသည်။ အမိုးတွင် ရခိုင်ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ဗုဒ္ဓယဉ်ကျေးမှုလက်ရာများကို ပြန်လည်ဆန်းသစ်သရုပ် ဖော်ထားသည်။ ယခုအခါ ကွန်ကရစ်တိုင်များဖြင့် အခိုင်အခန့် တည်ဆောက်ထားပြီး ဖြစ်သည်။ ဤအာရုံခံသိမ်တော်ကြီး အတွင်းအပြင် ကျောက်ဆစ်နံရံများတွင်လည်းကောင်း၊ ဂူဝများတွင်လည်းကောင်း ကျောက်ရုပ်ပွား ဆင်းတုတော်များအဖြစ် ထုလုပ်ပူဇော်ထားသည်။

အာရုဏ်ခံဝင်ဝတည့်တည့် ပုထိုးတော်ကြီး၏ အရှေ့ဘက်မျက်နှာတွင် အဓိက ဂန္ဓကုဋိတိုက်ကို တွေ့ရသည်။ ဤသည်မှာ ရှစ်သောင်းပုထိုး၏ ပထမမဏ္ဍိုင်ဖြစ်သည်။ မြတ်စွာဘုရား၏ ရုပ်ပွားတော်ကို အရှေ့အရပ်သို့ မျက်နှာမူ၍ ထုလုပ်ကာ မြတ်စွာဘုရားသည် ဇောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူ၍ အရှေ့လောကဓာတ်သို့ ရှေ့ရှုလျှက် ထက်ဝယ် ဖွဲ့ခွေထိုင်တော်မူပုံကို ရည်မှန်း၍ကျောက်ညိုဖြင့် ထုလုပ်ပူဇော်ထားသည်။ ကြာပလ္လင်ခံထား၍ဘူမိဖဿမုဒြာ ပုံစံဖြစ်သည်။ ဥာဏ်တော် ၉ပေမြင့်သည်။

ပုထိုးတော်ကြီးသည် အလျား (၁၆၈) အနံ (၁၂၄)ပေ၊ အမြင့် (၈၆)ပေရှိသည်။ မြောက်ဘက်နှင့် တောင်ဘက်တွင် တံတိုင်းများပေါ်တွင် အကွာအဝေးတူညီစွာ စေတီရံများ စီတန်းလျက်ရှိသည်။ မြောက်ဘက်တွင် စေတီရံကြီး တစ်ဆူနှင့် စေတီငယ် ၁၄ ဆူရှိသည်။ တောင်ဘက်တွင် စေတီရံကြီးတစ်ဆူနှင့် အရံငယ် တစ်ဆယ့်ခုနှစ်ဆူရှိသည်။ အနောက်ဘက်တွင် စေတီရံအငယ် သုံးဆူရှိသည်။ အားလုံးမှာ အုတ်များဖြင့် ပြုလုပ်ထားသည်။ ထိုအရံစေတီငယ်များ၏ အကြားတွင် ကျောက်ပြားချပ်တစ်ချပ် စိုက်ထူထားသည်။ ထိုကျောက်ပြားချပ်များ၏ တစ်ဘက်တစ်ချက်စီတွင် ရုပ်လုံးရုပ်ကြွများမှာ နိပါတ်တော်ပါပုံတော်များမှ ထင်ရှားသော အဖြစ်သနစ်အချို့ကို ပြည်သူများ သင်ခန်းစာယူနိုင်ရန် ထုလုပ်ထားခြင်းဖြစ်သည်။

တောင်ဘက်မျက်နှာအပြင်ဘက် အရှေ့မှအနောက်သို့ ရုပ်ထုများမှာ ခေါင်းတစ်လုံး ခန္ဓာနှစ်ခုပါ ကျားရုပ်ကို လက်ခြောက်ချောင်းပါ ဖေါင်းဆောင်းတစ်ဦးက ရွက်ကိုင်ထားပုံ**ဖတ်မရပါ။** ဒုတိယပုံပျက်၊ တတိယပုံပျက်၊ စတုတ္ထပုံပျက်၊ ပဉ္စမပုံပျက်၊ ဆဋ္ဌမပုံမှာ ကြာဖူးကိုင်လူတစ်ယောက် ငှက်ငယ်တစ်ကောင်ပါရှိ၊သာမာန်ဖောင်းဆောင်းလူ တစ်ယောက် ကြာဖူးကိုင်၍ ထိုင်ကန်တော့နေဟန်၊ အဌမပုံ ဘယ်ဘက်ဒူးကို ထောင်၍ ဖေါင်းဆောင်းတစ်ဦး ကြာဖူးကို ကိုင်၍**<u>ဖတ်မရ</u>၊** နဝမစလွယ်ဆွဲလို့ပါသူတစ်ဦး နဂါးကို ဦးခေါင်း၊ အမြီးကို ကိုင်ထားပုံ၊ ဒသမပုံ အမတ်တစ်ဦး ခေါင်းစောင်းလျှက်ပုံ၊ ဧကဒသပုံ ဒုတ်ကိုင်ဘီလူးထိုင်နေပုံ၊ ဒွါဒသမ(၁၂)ပုံကွဲ ခေါင်းပါလူတစ်ဦး ကြာဖူးကိုင်၊ (၁၃) ဥဒသ၊ (၁၄) **<u>ဖတ်မရပါ</u>** တဆဲပင်ဘယ်ညာချ အမသားများပါရှိ၍ အမဖြစ်မည်။ (၁၅) ပုံဘောင်းဘီဝတ် ဘီလူးကြာပွင့်ကိုင်ပုံ၊ (၁၆) လက်ယာဘက်ခြေထောက်ထောင် ဘယ်ခြေချအထက်ပိုင်းပျက်၊ (၁၇) ပုံဆင်ခေါင်းရုပ်ပုံတို့ ဖြစ်ကြသည်။

အတွင်းဘက်မျက်နှာ အရှေ့မှ အနောက်သို့ (၁) ဘီလူးကြီး (၂) ပျက် (၃) ပျက် (၄) ပျက် (၅) ပျက်၊ (၆) မိန်းမ၏ဦးဆံပင်နောက်ချ (၇) ဖောင်းဆောင်းတစ်ဦး ဒူးထောက်ရှစ်ခိုး (၈) ဗောင်းတစ်ဦး၊ (၉) ယောကျ်ားတစ်ဦးနှင့် မတစ်ဦးပုံ၊ (၁၀) ဖေါင်းရစ်ဆောင်းတစ်ဦး ရပ်လျက် လက်နှစ်ဘက်ချထားပုံ (၁၁) ဂဠုန်ရှစ်ခိုးဟန် (၁၂) ဗောင်းဆောင်း ဒူးထောက်ထိုင်ရှိခိုးပုံ (၁၃) ပျက်ဒူးထောက်ဟန်အောက်ပိုင်းကျန် (၁၄) ဣတ္ထိလင်္ဂပုံမိန်းမတစ်ဦးက ယောကျ်ားတစ်ဦးကို ဖျက်ဆီးနေပုံ (၁၅)နတ်ပြဟ္မာတစ်ဦးပုံ (၁၇) ဗျာလပုံ

အနောက်မျက်နှာ(ပျက်စီး)ပြီးဖြစ်သည်။

ရှစ်သောင်းမြောက်ဘက်မျက်နှာတွင် အလားတူစေတီရံများအကြားတွင် ကျောက်သားရုပ်များ ရှိသည်။ အပြင်ဘက်တွင် အရှေ့မှအနောက်သို့ အစဦးအထိုင်း (၁) ဘီလူးထိုင်နေပုံ (၂) ဗောင်းဆောင်းတစ်ဦး ကြာဖူးကိုင်နေပုံ (၃) ဗောင်းဆောင်းတစ်ဦးထိုင် (၄) ပျက် (၅) ပျက် (၆) ပျက် (၇) နဂါးတစ်ကောင် ကြာဖူးကိုက်ပုံ (၈) ယောကျ်ားတစ်ဦးက မတစ်ဦးဘယ်ဘက် သားမြတ်ကို ဘယ်လက်နှင့် ကိုင်နေပုံ (၉) ဘီလူးတစ်ကောင် မြင်းကို စီးနေပုံ (၁၀) ပျက် (၁၁) ပျက် (၁၂) ပျက် (၁၃) ပျက်တို့ တွေ့ရသည်။ အတွင်းဘက်တွင် အရှေ့မှအနောက်သို့ (၁) ဗောင်းဆောင်းတစ်ဦး

ကနေဟန် (၂) ကြာဖူးကိုင်နေပုံ (၃) ဗောင်းဆောင်းတစ်ဦးရှစ်ခိုးနေဟန် (၄) နွားခေါင်းပုံ (၅) လူတစ်ဦး ဓားကိုကိုင်လျှက် အရှေ့သို့လှည့်မည့်ဟန် ရှေ့တွင် ငှက်ပျောရွက်တစ်ရွက် ရှေ့နားတွင်ရှိသည်။ (၆)ပျက် (၇) နဂါးပုံ (၈) လူတစ်ဦးဒါးကိုကိုင်၍ ဘီလူးကို နှိမ်နင်းပုံ၊ ဘီလူးက တိုင်ဘယ်ဘက်ကို ပါးစပ်ထဲတွင်ကိုက်ထား (၉) ကြာပွင့်အဆင့်ဆင့်နောက်ခံလျှက် အမျိုးသမီးတစ်ဦး ရှစ်ခိုးနေပုံ (၁၀) ပျက်စီး

ရှစ်သောင်းပုထိုးတော်ကြီး တည်စက ပညာရှင်များအစီအမံဖြင့် ရုပ်ပုံများ စနစ်တကျရှိခဲ့မည်ဖြစ်သော်လည်း နောက်ပိုင်းတွင် ပျက်စီးခဲ့ရသည်။ အချို့မှာ မူလနေရာတွင် ဝေသာလီမှ ယူခဲ့သောပုံများ အစားထားခဲ့သည်။ ဤအခြေအနေကို ကြိုတင်တွက်ဆခဲ့ကြသော ပညာရှိတို့သည် လင်္ကာဖြင့် မှတ်တမ်းတင်ခဲ့သည်။ ရှစ်သောင်းဘုရားတစ်ခုလုံး၏ လျှို့ဝှက်စနစ် ဆန်းကြယ်ပုံကို စာဖြင့် မှတ်တမ်းတင်ခဲ့သည်ဟု သိရပေသည်။ သို့သော် ယခု ပြည့်စုံစွာ မတွေ့ရတော့။ တွေ့ရှိရသော ကဗျာတစ်ပိုင်းတစ်စ ရှစ်သောင်းပုထိုး၏တောင်ဘက် မျက်နှာစာရှိ ရုပ်လုံးရုပ်ထုအကြောင်းဖြစ်သည်။ ရှစ်သောင်းဘုရား တည်မော်ကွန်းစာပေမူမှ ဖြစ်သည်ဟုဆိုသည်။

"အိုလေပြည်သူ၊ အိုလူများတို့၊ သက္ကရာဇ် ရှစ်ရာ၊ ကိုးဆယ်မှာလျှင်၊ စွန်းအင်နှစ်ခု ဖြစ်သည်ကောဇာ၊ တည်သည်ရာကား၊ မည်သာတွင်ထ မြတ်ဗုဒ္ဓလျှင်၊ ပြစ်ထများစွာ နှငါးရာနှင့် နောင်လာရှစ်သောင်း ဘုရားပေါင်းကား ရုပ်ပေါင်းများစွာ ရှိသည်မှာ **ဖတ်မရ** ရှင်ရှစ်သောင်းတွင်၊ တင့်ကြောင်းတည်ရာ၊ တောင် **ဖတ်မရ** ဖြစ်သည်မှန်စွာ၊ ရုပ်ပေါင်းမှာကား၊ အရှေ့ကစ၊ နောက်သို့ကျအောင်၊ များမြောင်မနုဿ၊ လူထိုမျှတို့၊ သိကြစေငှါ၊ မော်ကွန်းဖြာအံ့၊ တည်လှာအစ၊ ပထမကား၊ ကြီးလှတန်ခိုး ဝတီးစိုးဟိုးဟိုးကျော်သား၊ နတ်သိကြားလျက်၊ ဆင်လှဘုန်းသင့်၊ ဧရာဝင်ကို၊ စီးဟန်ထိုမြောက်၊ ထိုကလျှောက်သော်၊ အံ့လောက်စရာ၊ မဟာပိန္နဲ၊ နတ်သူရဲလျှင်၊ နေလေကျင်သည်၊ မည်တွင်ဝိမလ **ဖတ်မရ** မဟိသကျွဲ၊ ထိုကလွဲသော်၊ နေပျော်မျောက်မင်း၊ တွင်ခြင်းနာမ၊ ကြီးတေဇာနှင့်၊ အာဠာဝက၊ မနုဿနှင့်၊ သီဟရာဇာ၊ မည်သညာဟု၊ ဒေဝါဘီလူး၊ စွယ်ပြူးပြူးနှင့်၊ ရှူးရှူးပျက်စီး၊ ရှိလေတိမ့်၊ တဋိကာရာ၊ ထိုဖြဟ္မာလျှင်၊ နေလှာပြီးသော်၊ မယ်တော်နတ်သား၊ ကြာဖူးများနှင့်၊ ညွှတ်တွားကော်ရော်၊ ပူဇော်ပေမှ၊ မည်လှတွင်သီး၊ စစ်သူကြီးနှင့်၊ ဣတ္တိလိင်္ဂ၊ ရသေ့လှကို၊ မိန်းမစိုလီနီဘာ၊ လှပစွာလျှင်၊ ဖျက်လာပေဟန်၊ ဆင်ဆဒ္ဒန်နှင့်၊ မာန်ဟုန်ကြီးစွာ၊ ကေသရာဇာ၊ စဉ်လာမည်မှတ်၊ ဘူရိဒတ်ဟု၊ ပြုလတ်သေချာ၊ ရုပ်ပေါင်းမှာကား၊ ပဥ္စာစကား၊ တစ်ဆယ့်ငါးတည်း၊ ခြားနားသေသပ်၊ ရှိလက်ထုံထွေ၊ ကျန်လေတဘက်၊ မျက်နှာထက်တွင်၊ ကိုင်လျက်သောင်းသောင်း၊ ကြာဖူးပေါင်းနှင့်၊ အကောင်းမှန်စွာ၊ နတ်များပါသည်။ နောင်လာအစဉ် မှတ်ဘွယ်တည်း။

သျှစ်သောင်းပုထိုးတော်ကြီးမှာ လှိုဏ်(၅)ထပ်ရှိသည်။ ၎င်းတွင် စေတီအကြီးနှင့် အရံစေတီ(၂၆)ဆူရှိသည်။ သတ္တဝိသနက္ခတ်(၂၇)လုံးကို ရည်ရွယ်ကြောင်းဆိုသည်။ စေတီတော်ကြီးနှင့် အရံစေတီတော်များ၏ ပုံသဏ္ဌာန်မှာ ဝေသာလီနှင့် ဓညဝတီမြို့ဟောင်း နေရာအနှံ့အပြားမှ တွေ့ရှိရသော ကျောက်စတူပါ ပုံစံနှင့် ဆင်တူပေသည်။ ဓာတု ဂဗ္ဘခေထါ် ဓာတ်တော်တိုက်မှာ ကုဗပုံရှိသည်။ အဝေးမှကြည့်ပါက ခေါင်းလောင်းမှောက်ပုံစံဖြစ်သည်။

အတွင်းဘက်လှိုဏ်ဂူမှာ လက်ယာရစ် ခရုပတ်လှိုဏ်ဖြစ်သည်။ မင်းပါဘုရင်သည် ဘုရားလောင်း ဝေသန္တရာမင်း နေထိုင်သော ဝင်္ကပါတောင်ကဲ့သို့ အကွေ့အကောက်များဖြင့် တန်ဆာဆင်ပြုလုပ်စေသည်ဟု ဆိုသည်။ ပုထိုးတော်၏ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် အပြင်လှိုဏ်တစ်ထပ်ရှိသည်။ ဤအထပ်တွင် ၂ပေ ၆လက်မခန့်ကျယ်သောဂူများကို ၇ပေခွဲခန့် အကွာအဝေးဖြင့် ညီညာစွာ ပြုလုပ်ထားသည်။ ဘုရင်နှင့် မိဖုရားများ လှိုဏ်ဂူအတွင်း ဥပုသ်သီလဆောက်တည်နေစဉ် စောင့်ကြပ်ရသော ရဲမက်များအတွက် "သူရဲခို"သဘောမျိုး ပြုလုပ်ထားခြင်း ဖြစ်သည်။ သပြင်တွင်ဖြစ်၍အလင်းရောင်လည်း ကောင်းစွာရရှိသည်။ ဤဂူထပ်၏အတွင်းလမ်း လက်ယာဘက်တွင် ဒုတိယသို့ အလင်းရောင်ရရှိစေရန်အတွက် အလားတူ တံခါးပေါက်များရှိသည်။ ယင်းတံခါးပေါက်များအကြားတွင် **ဖတ်မရ** တစ်ခုနှင့်တစ်ခုကြားတွင် တောင်ဘက်သို့လှည့်၍ တစ်ဆူကျစီ ထုလုပ်ထားရာ အားလုံး (၁၁)ဆူရှိသည်။ အနောက် မြောက်ခြမ်းအပြင်လှိုင်ထပ်တွင် တောင်ဘက်ပိုင်း၌ တံခါးနှစ်ခုတွေ့ရရာ ထိုတံခါးနှစ်ပေါက်များတွင် တစ်ပေါက်နှင့် တစ်ပါးနှင့်တစ်ပါးကျောခြင်းကပ်လျှက် နှစ်ပါးကျစီ၊ စုစုပေါင်း(၄)ပါရှိသည်။

အထက်တွင်ဖော်ပြခဲ့သော အပြင်လှိုဏ်ထပ်နှင့် ဒုတိယလှိုဏ်ထပ်ကြားနံရံတွင် တောင်ဘက်ခြမ်းတွင် တံခါး(၁၀)ပေါက် အနောက်ခြမ်းတွင် (၆)ပေါက်၊ မြောက်ဘက်ခြမ်းတွင် (၁၀)ပေါက် ဖောက်လုပ်ထားသည်။ ဒုတိယထပ်အားအလင်းရောင်ကို ရရှိစေရန် ဖြစ်နိုင်သည်။ သို့သော် အလင်းရောင်ကို ထိန်းသည့်သဘောဖြင့် အဆိုပါတံခါးတစ်ပေါက်စီတွင် (၄ပေ ၂လက်မ)အမြင့်ရှိ ထိုင်တော်မူနှစ်ပါးစီကို ကျောခြင်းကပ်လျှက် အနေအထားဖြင့် အပေါက်တိုင်းတွင်

ထုလုပ်ထားသည်။ အနောက်ဘက် တံခါးကိုးပေါက်အနက် တစ်ပေါက်မှာ အပြင်ဘက် ဘိသိက်ခန်းသို့ထွက်ရန် တံခါးအဖြစ် အသုံးပြု၍ ရုပ်ပွားဆင်းထုမရှိချေ။ ရှစ်သောင်းပုထိုးတော်ကြီး၏ အနောက်ဘက်ပထမလှိုဏ်ထပ်၏ အပြင်ဘက်(အနောက်ဘက်)တွင် ပြိုပျက်နေသော ခန်းမကြီးတစ်ခုရှိသည်။ ထိုခန်းမတောင်ဘက် တစ်ဆက်တည်း စတုဂံပုံအခန်းရှိသည်။ ဤအခန်းမှာ ဘုရင်၏ဘိသိက် **ဖတ်မရ** သီလဆောက်တည်ရာအခန်း ဖြစ်သည်။

ဒုတိယလှိုဏ်ထပ်မှာ စတုရန်းပုံဖြင့် အတွင်းလှိုဏ်ထပ်ကို ပတ်ရံထားသည်။ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တွင် ဥမင်သဖွယ် ပုထိုးနှင့် မင်ခကိုပတ်၍ တစ်ဘက်တွင် ပေ(၁၀၄)ခန့်စီအညီရှိပြီး အရှေ့ဘက်ခြမ်းမှာ ပုထိုးတော်ကြီး အာရုံခံသိမ်အဖြစ် တည်ရှိသည်။ ဒုတိယလှိုဏ်အတွင်းတွင် ရခိုင်ယဉ်ကျေးမှု ကျောက်ဆစ်လက်ရာများ ထုလုပ်ထား ရှိရာ ဤလှိုဏ်အတွင်းပါ အာရုံခံတန်ဆောင်း၏စနေထောင့်(အနောက်တောင်ထောင့်)မှစတင်၍ ဝင်ရောက်နိုင်သည်။

ဤထောင့်မှ ဝင်ရောက်လာပါက ဒုတိယလှိုဏ်ထပ်၏ တောင်ဘက်ခြမ်းသို့ ရောက်သည်။ ဤလှိုဏ်၏လက်ဝဲဘက်တွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အလင်းရောင်တံခါးများနှင့် ထိုတံခါးများတွင် တည်ထားသည့် ဆင်တုရုပ်ပွား(၁၀)ခုကို အကွာအဝေးတူညီစွာဖြင့် စီတန်းဖူးမျှော်နိုင်သည်။

လက်ယာဘက်တစ်လျှောက် နံရံကို အဆင့်ခြောက်ဆင့်ဖွဲ့လျှက် ကျောက်ဆစ်လက်ရာများအပြည့် ထုလုပ်ထားသည်။ ထိုအဆင့်များကို တဖန် ဖောင်းရစ်တန်းသုံးခုဖြင့် ပိုင်းခြားထားသည်။ ထိုဖောင်းရစ်များပေါ်တွင် လေးလက်မခန့်နက်သော ကျောက်တွင်းငယ်များကို အကွာအဝေးအညီပြုလျှက် ဆီမီးခွက်(သဏ္ဍာန်စီတန်း)ပြုလုပ်ထားသည်။ ထိုကျောက်မီးခွက်ပေါ်တွင် မီးဇာတင်ညှိရန် အမြောင်းငယ်တစ်ခုနှင့် မီးဇာထားရန် ဆီကျန်စုနေရန်နေရာကို အတန်ငယ်ခွက်နေအောင် ပြုလုပ်ထားသည်။ ပုထိုးတော်၏ဒုတိယလှိုဏ်ပတ်တစ်လျှောက် တွေ့ရသောမီးခွက်မှာ အောက်ပါအတိုင်းရှိသည်။ ဤမီးခွက်အတိုင်း ထွန်းညှိပါက ကျောက်ဆစ်လက်ရာများ၏ အသေးစိတ်လက်ရာကို နေ့ရောညပါ မြင်တွေ့နိုင်မည်ဖြစ်သည်။

**"ရှစ်သောင်းပုထိုးတော် ဒုတိယလှိုဏ်အတွင်း တွေ့ရသည့်"**

| | | | |
|---|---|---|---|
| တောင်ဘက်မျက်နှာ ကျောက်ဆီမီးခွက်များ | အထက်ဆင့် | = | ၁၁၆ |
| | အလယ်ဆင့် | = | ၁၃၀ |
| | အောက်ဆင့် | = | ၁၂၉ |
| အနောက်ဘက်မျက်နှာ | အထက်ဆင့် | = | ၁၁၀ |
| | အလယ်ဆင့် | = | ၁၁၇ |
| | အောက်ဆင့် | = | ၁၂၄ |
| မြောက်ဘက်မျက်နှာ | အထက်ဆင့် | = | ၁၁၀ |
| | အလယ်ဆင့် | = | ၁၃၄ |
| | အောက်ဆင့် | = | ၁၂၆ |
| | စုစုပေါင်း | = | ၁၁၀၄ |

ဒုတိယလှိုဏ်ထပ်၏ အပေါ်ဆုံးထပ်တွင် နဂါးမင်း၊ ဂဠုန်မင်း၊ ယက္ခမင်း၊ ဂုမ္ဘာန်မင်း၊ ယက္ခမင်း၊ ဂန္ဓဗ္ဗနတ်မင်းများ၊ အရာတစ်ပါးသော လူမင်းများတို့က ကြာဖူးကိုင်၍ ရှစ်သောင်းပုထိုးတော်အား ကန်တော့နေဟန် ပြုလုပ်ထားသည်။

## ဒုတိယလှိုဏ်ထပ်၏ တောင်ဘက်ခြမ်း

ပထမဆုံးတွေ့ရသော တောင်ဘက်လှိုဏ်ပတ်လမ်း လက်ယာဘက်တွင် ဗုဒ္ဓဘုရားသခင်၏ နိပါတ်တော်ငါးရာ့ငါးဆယ်အထဲမှ အကြောင်းအချက်များကို အပြေခံ၍ ရုပ်လုံးရုပ်ကြွများဖြင့် ထုလုပ်ထားသည်။ ထိုဘဝများသည် သန့်စင်သောဘဝ၊ သူတစ်ပါးနိုပ်စက်မှုကင်းသည့် ဘဝပေါင်း (၁၃၆)ဘဝကိုသာ ဖော်ပြသည်ဟု သိရသည်။

တောင်ဘက်မျက်နှာ အောက်ဆုံးအဆင့်တွင် ကြိုးကြာငှက် (၁၆)၊ ဟင်္သာ(၉)၊ ခို(၆)၊ ကျီး(၃)၊ ကရဝိတ်(၅)၊ ကိန္နရာ(၄)၊ စာမရီ(၁၅)၊ မျောက်နှစ်ကောင်အမြီးမှာ ချိန်သီးနှင့် နောက်ထပ်မျောက်(၄)ခေါင်း(၄)ရှိသည်။

ဒုတိယအဆင့်တွင် အရှေ့မှအနောက်သို့ ဝက်(၁၁)၊ ကြက်(၁၂)၊ သာလိကာ(၇)၊ ဒေါင်း(၂) ကျွဲ(၈)၊ မြင်း(၁)၊

နွား(၁၄)၊ ဆင်(၁၁)၊ ဟိုင်းဆင်နှစ်ကောင်ပါရှိ၊ မျောက်(၃)ဆင်ဟု ထင်ရသော အမျိုးမခွဲနိုင်(၂)တို့ဖြစ်သည်။

တတိယအဆင့်တွင် အရှေ့မှအနောက်သို့ ကျား ၄၊ ခြင်္သေ့၁၊ သမင် ၃၊ နွား ၁၊ ကျွဲ ၂၊ ဆင်၂၊ ကြီးကန်း ၁၊ မြင်း ၂၊ ခြင်္သေ့ ၂၊ ခွေး ၂၊ ဆတ် ၂၊ ဒရယ်၂၊ ကျား ၂၊ မနုသီဟ၁၊ ခြင်္သေ့ ၂၊ တောဝက် ၁၊ ဒရယ် ၁၊ လူ ၁၊ သတ္တဝါတစ်ကောင်ကို ရသေ့အစာကျွေးနေဟန်၊ လူသစ်ကိုင်းတွင် ထိုင်နေပုံ ၁၊ သမင်ကို မုဆိုးဖမ်းနေပုံ၊ ကနေဟန် ၄၊ မျောက်၁၊ မိချောင်း ၂၊ ခြေလေးချောင်းသမင်နှင့် လူ ၂၊ အမောက်နှင့်ငှက် ၁၊ ကြီး ၄ ကောင်၊ ဗျာလ ၁၊ သတ်ပုတ်နေဟန်လူ ၂၊ ငါးကိုတိုက်ပျံငှက် ၁၊ ယင်းအောက်က မျောက်၁၊ ရှိခိုးလူ ၁၊ မျောက် ၂၊ သစ်တောက်ငှက်၂၊ အပင်နှင့်ငှက် ၃ကောင်၊ လည်တန်မွေးနှင့်(၄)ချောင်း ၂၊ မုဆိုးဆူလေဟန် ၁၊ ခြင်္သေ့ ၁၊ သမင် ၁၊ နွား ၁၊ ဒေါင်း ၂၊ လည်ဆံမွေးပါးပြင်းခြင်္သေ့ဟူ ၃ကောင်တို့ရှိသည်။

စတုတ္ထအဆင့်တွင် မီးခွက်ကိုင်ဟန်လူ ၁၊ ယပ်ကိုင်ဟန် ၁၊ ကိန္နရာ ၁၊ လေးပစ်ပုံ ၁၊ လည်ဆံမွေး၂၊ ကြိုးကြာ၄၊ ကြက် ၆၊ ဒေါင်း ၂၊ ငှက် ၂၊ ပွေး၂၊ ပဒ္ဒါ ၂၊ ငှက်ဆင် ၁၊ ပြွေကိုင်လူ ၁၊ ကြီးကန်း ၂၊ သမင် ၁၊ ကုလားအုပ် ၁၊ ကြီးကန်း ၂၊ ဒေါင်း ၂၊ ကြိုးကြာ ၂၊ ချေ ၂၊ အောက်ချင်း ၃၊ ကျွဲ ၂၊ သမင် ၂၊ ခြင်္သေ့ ၂၊ မြေခွေး ၂၊ ခြင်္သေ့ ၁၊ မိမ္မ ၁၊ ယောကျ်ား ၁၊ မြင်း ၁၊ လူးစီးနေသောမြင်း ၁၊ လူ ၁၊ ဘီလူး ၁၊ ကဟန် ၂၊ ထိုင်မိန်းမ ၁၊ ဟင်္သာ ၁၊ ကြီး ၁၊ လမ်ကိုင်လူ ၂ တို့ဖြစ်သည်။

ပဉ္စမအဆင့်တွင် အမျိုးသမီး ၃၊ ထိုင်ဟန်လူ ၂ဦး၊ ဂွင်းတစ်ဂွင်းကို ဆွဲနေဟန်၊ ဆင် ၁၊ ငှက် ၁၊ မနုသီဟ ၂၊ ငှက် ၁၊ မြင်း ၂၊ ကိန္နရာ ၂၊ ကြီး ၁၊ ကြက် ၂၊ ငါး ၂၊ မြင်းနှင့်လူ ၁၊ မြင်း ၁၊ ဆင် ၂၊ မြင်း ၂၊ ငှက် ၁၁၊ ဘီလူး ၁၊ လူ ၂၊ ခြေလေးချောင်း အောက်ချင်းငှက် ၂၊ အခြားငှက် ၅ တို့ တွေ့ရသည်။

ဆဋ္ဌမအဆင့်တွင် မိန်းမ ၁၊ အမတ် ၁၊ ဘီလူး ၁၊ လူဟန်အမျိုးမျိုးနှင့် ၇၊ ဘီလူး ၁၊ လူ ၆၊ မိန်းမ ၂၊ ဘီလူး ၁၊ လူ ၁၊ မိန်းမ ၁၊ လူ ၂၉၊ ရှိခိုးပုံ ၁၊ ရသေ့ ၁၊ သူတော် ၁တို့ရှိသည်။

## ဒုတိယလှိုဏ်ထပ်အရောက်ဆက်ခြင်း

ဒုတိယလှိုဏ်ထပ်၏ အနောက်ဘက်ပိုင်း လက်ဝဲဘက်နံရံတွင် အများအားဖြင့် လူမှုရေး ရုပ်လုံးရုပ်ကြွများကို တွေ့ရသော်လည်း ကျေးဇူးမသိတတ်သော ခြင်္သေ့မိုက်ဇာတ်(သလုံးကဇာတ်)၊ စူနုပဒုံမဇာတ်၊ ဒသပါတိက ညီနောင်တကျိတ်ဇာတ်၊ ကျေးဇူးသိတတ်သောလိပ်၊ စသော ဇာတ်ဝင်ခန်း ရုပ်စုံများတွေ့ရသည်။ ၎င်းပြင် ထိုခေတ်က ခေတ်စားခဲ့သော ဆီမီးခွက်အက၊ ပုဝါအက၊ စည်အက၊ ဆင်အက၊ စသည့်နည်းမျိုးစုံ၊ ကျင်ပွဲ၊ နပန်းသတ်ဟန်၊ တုတ်သိုင်းကစားဟန်၊ လက်တိုင်းကစားဟန် စသောအားကစားနည်း သရုပ်ဖော်ပုံများ သေနင်္ဗျူဟာကျမ်းလာ ဆင်များကိုစစ်ထိုးရာတွင် အသုံးပြုပုံ၊ လေ့ကျင့်ပုံ၊ ဒိုင်းလွှားများကိုင်၍ တိုက်ပွဲဝင်နေကြပုံတို့ကို တွေ့ရသည်။ တူရိယာပစ္စည်းများဖြစ်ကြသော ပုလွေ၊ တိမ္ဗြာ၊ တင်းကောက်၊ ပျက်စောင်း၊ ဆကွင်းညှင်း၊ စည်၊ ရောဇောက်၊ ခရာမွှာ၊ ပလွေ၊ စသည်ဖြင့် အမျိုးမျိုးတွေ့ရသည်။

အဆင့်ခြောက်ဆင့်ရှိသည့်အနက် အောက်ဆုံးအဆင့်တွင် မြည်း ၂၊ သမင် ၁၊ အမည်မသိ ၂၊ သမင် ၁၊ ကျား ၂၊ ကျွဲ ၂၊ ချေ ၊ ခြင်္သေ့နကား ၁၊ မြင်း ၈၊ ဆင် ၁၊ ငှက်ဆင် ၁၊ ခြင်္သေ့ ၂၊ မြင်း ၂၊ ခြင်္သေ့နှင့်လူ ၁၊ **ဖတ်မရ** ဆင် ၂၊ ဂဠုန် ၂၊ ကုလားအုပ် ၁၊ မြည်း ၁၊ ကျား ၁၊ ဆင် ၁၊ ကျွဲ ၂၊ မြင်း ၂၊ ဆင် ၂၊ ဆိတ် ၂၊ နွား ၂၊ သမင် ၂၊ ခြင်္သေ့ ၂၊ မျောက် ၂၊ ဆင် ၃၊ နွား ၂၊ သမင် ၂၊ ဟင်္သာ ၂၊ သိန်း ၂၊ ကြီး ၂၊ ခွေးအ ၂၊ မသိ ၂၊ ဗျိုင်းငါးကိုက် ၁၊ ခို ၂၊ မသိ ၂ တို့ဖြစ်သည်။

ဒုတိယအဆင့်တွင် ဆင် ၁၊ မသိ ၁၊ ကြီးငှက်က ကျားပါးစပ်တွင် အရိုးတွင်ဟန် ၁၊ လူထိုင်၍ က၃၊ ခွေး၁၊ ကျား ၁၊ ဟင်္သာ ၁၊ ဒေါင်း ၁၊ ကျင်ကိုင်ပုံ ၂၊ ကြက် ၁၊ ဆိတ်နွား ၁၊ ငှက် ၂၊ မနုသီဟ ၂၊ လူက ၁၊ မြင်း ၂၊ ကြက်နှစ်ကောင် ၁၊ လူပုငါးပါးအက ၂၊ ဘုန်းကြီးအက ၁၊ စည်ခုတ်စီးနေပုံ ၁၊ ခရာမွှာမှုတ်နေဟန် ၁၊ မသိ ၂၊ တုတ်သိုင်းကနေပုံ ၁၊ မသိ ၁၊ မြွေမှုတ်ခုံ ၁၊ ဆင်အက ၁၊ ဒိုင်းကိုင်ဆင်၁၊ လူဆင်ဖန်းဟန် ၁၊ ဆင်ကဟန် ၁၊ ဘီလူးဒိုင်းကိုင် ၁၊ စာမရီ ၁၊ မသိ ၁၊ တိုးနယား ၂၊ ကြွက် ၁၊ ကျွမ်းထိုးကဟန် ၁၊ ခြေလေးချောင်း ၁၊ ဖွတ်နှစ်ကောင်မိတ်လိုက်ပုံ ၁၊ ဒုတ်ကိုင်ဝက်မ ဘီလူး ၁၊ ကျင်ကိုင်ဟန် ၂၊ ကျင်ကွက် ၁၊ ကျင်ကိုင်လက်ကို မြေကိုချပုံ ၂၊ လူရပ် ၁၊ ဒုတ်ကိုင်ဟန် ၄၊ လူကဟန် ၂၊ အခြား ၁၊ ဒုတ်ကိုင် မနုသိဟ ၁၊ နယား ၁၊ နယားမြီးကုန်းဖွား ၁၊ နယား ၁၊ မနုသီဟ ၁၊ ဆင် ၁၊

တတိယအဆင့်တွင် နဂါး၊ ဗျာလ ၂၊ မသိ ၁၊ ခြင်္သေ့ ၂၊ ကြက်ဆင် ၂၊ ဆင် ၁၊ ဖွတ် ၁၊ ခြင်္သေ့ ၁၊ ဗျာလ၁၊ မသိ ၂၊ မြင်း ၁၊ ဒုတ်ကိုင်က ၂၊ နွား ၂၊ ဆင် ၁၊ ငှက် ၁၊ အခြား ၁၊ ဘီလူး ၁၊ ဗျာလ ၁၊ ငှက် ၁၊ မျောက် ၂ကောင် သစ်သီးလှူပုံ၊ မုဆိုးလေးထမ်း လိပ်ခိုကိုင်၊ သမင်ခြေက ကျော့ကွင်းကိုကိုက် (ဟိတောပဒေသဇာတိ) သမင် ၁၊ ဆင် ၁၊ လူ ၂၊ ဒုတ် ၂ခုကိုကိုင်လူ ၂၊ ဘီလူး ၂၊ ဘီလူး ၁၊ ဟိန္ဒုရာတ၊ ကြက် ၂၊ လူ ၁၊ ခိုင်းလိုက်ယူ ၁၊ ခိုင်းရှည်ကိုင်လူ ၁၊ သမင်သားအမိ ၂၊ ဝက်ဝံ ၁၊ နယား ၁၊ နဂါးလူမစူသီဟ ၂၊ ဆိတ် ၁၊ လူဆိပ် ၂၊ မသိ ၃၊ ကျင်ကိုင် ၂၊ ဗ၂ာလ ၂၊ လေးကိုင် ၁၊ ကျွဲ ၁၊ မသိ ၁၊ ခြင်္သေ့ ၁၊

စတုတ္ထအဆင့်တွင် ယပ်ကိုင် ၃၊ ဆီမီးခွက်အက ၁၊ ရင်ခွင်ပိုက် စောင်းတီး ၁၊ ပျတ်စောင်းတီး ၁၊ လင်ကွင်းတီး ၁၊ ရောပြွမှုတ် ၁၊ စိန်ခုတ်တီး ၁၊ ကျီး ၃၊ ဆင်ယဉ် ၁၊ ဆင်ရိုင်း ၁၊ လူခါးကုန်းဆံပင်ကိုင်ထား ၁၊ မိချောင်းကို လူစီး ၁၊ ကျား ၂၊ သမင် ၂၊ ကျီးကန်း ၁၊ ကြက်တူရွေး ၁၊ ဒေါင်း ၁၊ ကြက်တူရွေး (ကျီး) ၄၊ ခါး ၂၊ ငှက် ၂၊ ဒေါင်း ၁၊ ငှက် ၁၊ ရှောက်တလိန်ငှက်(ဆွတ်ကဆုံ) ၂၊ ငှက်အစာခွံ ၂၊ စာကလေး ၂၊ ခြင်္သေ့ ၂၊ မသိ ၂၊ ငှက် ၁၊ ငှက် ၂၊ ခွေးတူဝက်တူ ၂၊ ကျား ၁၊ လှံကိုင်လူ ၁၊ ကျား ၁၊ သမင် ၁၊ ဆင် ၁၊ ဂဠုန် ၂၊ ဘီလူး ၁၊ လူအိတ်ခုံ ၁၊ မသိ ၃၊ ထီးဆောင်းလူ ၁၊ လူ ၃၊ ယပ်ကိုင်သူ ၁၊ ကနေပုံ ၁၊ ခြင်္သေ့ ၁၊ ကျွမ်းထိုးနေပုံ ၁၊ လူ ၂၊ မြက်ပင်ထမ်းလူ ၁၊ မိန်းမထိုင် ၁၊

ပဉ္စမအဆင့်တွင် ဆင် ၂၊ ငှက်ကြီး ၃၊ ကျွဲ ၂၊ ကျီးကန်း ၂၊ ငှက် ၂၊ မြင်း ၂၊ မသိ ၁၊ ငှက်လည်ပြန် ၁၊ မျောက် ၁၊ ဆင် ၁၊ နယား ၂၊ ခွေး ၂၊ ဘဲ ၂၊ ကျား ၂၊ လူ ၁၊ ဟင်္သာစီးလူ ၁၊ ရှိခိုးပုံ ၁၊ ဟင်္သာ ၂၊ ဆင် ၂၊ ကရဝိတ် ၂၊ ငှက် ၁၊ လူ ၁၊ သမင် ၃၊ ကြာဖူးကိုင်လူ ၁၊ နယား ၁၊ လူ ၁၊ မသိ ၃၊ ငှက် ၁၊ ဆင် ၁၊

ဆဋ္ဌမအဆင့် ခြင်္သေ့ ၁၊ အမတ် ၇၊ ဂဠုန် ၁၊ လူ ၁၊ ဂဠုန် ၁၊ လူ ၁၃ လက်လေးဖက်ပါလူ ၁၊ လူ ၁၊ လက်လေးဖက် ၁၊ ခေါင်းသုံးလုံးလက်လေးဖက်ပါ လူ ၂၊ လူ ၂၊ လက်လေးဖက်ပါလူ ၂၊ လူ ၁၊ လက်လေးဖက်ပါလူ ၁၊ လူ ၂၊ လက်လေးဖက်ပါလူ ၁၊ လူ ၁၊ ခေါင်းသုံးလုံးလက်လေးဖက်ပါလူ ၁၊ လူ ၃၊ ဘီလူး ၁၊ ဇော်ဂျီ ၁၊ ဂဠုန် ၁၊ လူ ၁၊

## ဒုတိယလှိုဏ်ထပ်မြောက်ကတ်ခြမ်း

ဤအပိုင်းတွင် ဇာတ်နိပါတ်များကို သရုပ်ဖော်မှု ပိုများသည် ဆူရိနတ်နဂါးမင်း**ဖတ်မရ** မဟာဇနက္ကဇာတ်၊ ဇဝနဟင်္သမင်းဇာတ်၊ သီရိကိန္နရာဇာတ်၊ ခုဇ္ဇဟံသမတာဟံသဇာတ်၊ ဥဒိန္တဇာတ်၊ ပံသုသုပ္ပိကိုးမင်းဇာတ် ယသဝနကျမ်းလာ သိနည်းပလုလင် ကျားတိုက်ဝမ်း၊ ဟိတောပဒေသပုံပြင်၊ သက္ကတပုံပြင်များမှ ဇာတ်ကွက်များကို သရုပ်ဖော်ထားသည်။

အောက်ဆုံးအဆင့်တွင် စာမရီ ၂၊ ဟင်္သာ ၂၊ ကြက် ၁၊ ဗျာလ ၁၊ **ဖတ်မရ** လူ ၂၊ နယား ၂၊ တစ်ဦးက ကျန်တစ်ဦး၏ဆံပင်ကို ဆွဲနေပုံ ၁၊ လူ ၃၊ ဂဠုန် ၂၊ လူကဟန် ၃၊ သမင် ၁၊ မုဆိုး ၁၊ သမင် ၂၊ လူနှစ်ဦး ရေမြုတ်နေရာ ငါး၊ လိပ်တို့စားနေပုံ (မဟာဇနက္က)၊ ကျီး ၁၊ ဆတ် ၄၊ မနုသီဟ ၁၊ ဂဠုန် ၂၊ လူ ၁၊ လူကနဂါးနှင့် ကနေပုံ ၁၊ ငှက်ကို လူက လေးနဲ့ပစ်ပုံ၊ ကျီး ၂၊ လူတုတ်ကိုင်၍ နေပုံ ၁၊ ကျီး ၁၊ ကနေပုံ ၁၊ ကြက် ၂၊ ချေ ၂၊ ကျား ၁၊ သမင် ၁၊ မသိ ၄၊ ငှက် ၂၊

ဒုတိယအဆင့် ဆင်၁၊ နယား ၂၊ လူ ၁၊ မသိ ၂၊ ငှက် ၂၊ ကျီး ၂၊ နယား ၂၊ ငှက်အပင်နား ၁၊ အောက်ကမျောက်ထိုင်နေပုံ ၃၊ လူကပုံ ၁၊ ကကြိုးတစ်မြင်း ၁၊ ကြက် ၂၊ မျောက်၁၊ ခြင်္သေ့ ၂၊ ထီးကိုင်အမတ် ၁၊ ဘုရင် ၁၊ ပလ္လထက်ဟင်္သာ ၁၊ နောက်ဟင်္သာ ၁၊ မသိ ၂၊ လူရှိခိုး ၁၊ မသိ ၁၊ ကျီးကန် ၂၊ သမင် ၂၊ ကျီး ၂၊ ကြက် ၂၊ ငှက် ၁၊ ကျီး ၁၊ လည်ပင်းရှည်ငှက် ၂၊ မသိ ၃၊ ကြက် ၂၊ သမင် ၁၊ ကြက် ၁၊ ကျီးကန် ၁၊ လည်ပင်းရှည်ငှက် ၂၊ မသိ ၃၊ ကြက် ၂၊ သမင် ၁၊ ကြက် ၁၊ ကျီးကန်း ၂၊ ဟင်္သာ ၂၊ မသိ ၂၊ ကြက် ၂၊ သမင် ၁၊ ကြက် ၁၊ ကျီးကန်း ၂၊ ဟင်္သာ၂ မသိ ၂။

တတိယအဆင့်တွင် ခြင်္သေ့ ၁၊ ကပုံ ၂၊ ခေါင်းတီး ၁၊ နှဲမှုတ် ၁၊ စည်တီး ၁၊ စိန်ခုတ်တီး ၁၊ လူငှက် ၂၊ ငှက် ၁၊ နယား ၃၊ ကျီး ၂၊ ဗျာလ ၂၊ လူက ၂၊ ငှက် ၁၊ ကြက် ၂၊ ဆင် ၂၊ ကျီး ၂၊ ခြင်္သေ့ ၄၊ မသိ ၄၊ ကြက် ၂၊ မသိ ၂၊ ဟင်္သာ ၂၊ မသိ ၂၊ ငှက် ၂၊ ကြွက် ၂၊ ငှက် ၂၊ ဆင် ၂၊ သမင် ၂၊ ကျီး ၄၊ ကျီးကန်း ၁

စတုတ္ထအဆင့် လူ ၅၊ ဆင် ၂၊ ငှက်ကြီး ၂၊ ခြင်္သေ့ ၁၊ ဟင်္သာ ၄၊ နဂါး ၂၊ လူ ၁၊ ဘုရင် ၁၊ သမင် ၂၊ ငှက် ၄၊ ဒေါင်း ၁၊ မသိ ၁၊ ကျီး ၁၊ မသိ ၂၊ ကြက် ၂၊ မသိ ၊ ကျား ၁၊ ငှက် ၁၊ မသိ ၂၊ ကြက် ၃၊ မသိ ၁၊ ဖျံ ၂၊ ခွေး ၁၊ ငှက် ၂၊ နွား ၁၊ ကြွက် ၁၊ မသိ ၂၊ နယား ၁၊ မသိ ၁၊ ဖျံ ၂၊ ခွေး ၁၊ ငှက် ၂၊ နွား ၁၊ ကြွက် ၁၊ မသိ ၂၊ နယား ၁၊

မသိ ၁၊ လေးပစ်မုဆိုး ၁၊ ဝက် ၁

ပဥ္စမအဆင့် ဟသ်ာ ၁၊ ကျွဲကိုလေးနှင့်ပစ်လူ ၂၊ ကျီး ၁၊ နား ၂၊ စာမရီ ၁၊ ဟသ်ာငှက်ငယ် ၂ကောင်အသိုက်ထဲမှာ နေပုံ၊ ကြက် ၂၊ ကျီးကန်း ၂၊ ကြက် ၁၊ ငှက် ၂၊ မသိ ၂၊ ဒေါင်း ၂၊ ကျီး ၅၊ ကြက် ၁၊ သမင် ၁၊ သိန်းငှက် ၂၊ ငှက်၂၊ ခွေး ၁၊ စာမရီ ၄၊ ခွေး ၂၊ ကြက်နှစ်ကောင်ခွပ်နေပုံ၊ ခွေး ၂၊ ဒေါင်း ၂၊ ရှိန်းပုံ ၇၊ သမင် ၁

ဆဌမအဆင့် မိန်းမ ၁၊ နဂါးဖမ်း ၁၊ နဂါးစီးဟန် ၁၊ နဂါးဖမ်း ၁၊ လူအမတ် ၅၊ ဂဠုန် ၂၊ ဘီလူး ၁၊ အမတ် ၁၊ လက်လေးချောင်းအမတ် ၁၊ လူအမတ် ၁၆၊ မျောက် ၂၊ လူ ၁၇

## ၁၂၃
## အံတော်သိမ်ပုထိုးတော်ကြီး

ရှစ်သောင်းဘုရား၏ အရှေ့မြောက်ဘက် ထွက်ပေါက်မှ ခပ်လှမ်းလှမ်း ၈၆ ပေခန့်အကွာတွင် ရှိသည်။ ဗုဒ္ဓဘုရားသခင်၏ အံတော်ဓာတ်ကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့သည်ကို အကြောင်းပြု၍ အံတော်ပုထိုးတော်ကြီးဟု ခေါ်ဆိုကြသည်။ စေတီ၏မူလကုသိုလ်ရှင်မှာ မြောက်ဦးဘုရင် မင်းလှရာဇာဖြစ်သည်။ မြန်မာ၊ သက္ကရာဇ်(၈၈၃) (အေဒီ-၁၅၂၁)ခုနှစ်တွင် ဆင်းတုတော်တစ်ဆူကို သိမ်ဆောက်လုပ်ကာ တည်ထားကိုးကွယ်ခဲ့သည်။

အေဒီ(၁၅၉၆×ခုနှစ်တွင် မင်းလှရာဇာ တည်ထားခဲ့သော ဆင်းတုတော်အား ခြုံ၍ လက်ရှိပုထိုးတော်ကြီးကို တည်ထားတော်မူခဲ့ရာ မင်းဗာဘုရင်လက်ထက် သီရိလင်္ကာသို့ သာသနာပြုရာမှ ပြန်လာခဲ့သော အသျှင်စောရသ ပင့်ယူခဲ့သည့် အံတော်ဓာတ်ကို ဌာပနာပြုခဲ့သည်။

အံတော်သိမ်ပုထိုးတော်ကြီးမှာ ကျောက်သား ပကတိအတုံးကြီးများကို အနုပညာလက်ရာမြောက်စွာ ထွင်းထုဆစ်၍တည်ဆောက်ထားရာ အထူးပင် လက်ရာပြောင်မြောက်လှသည်။ ရှစ်ထောင့်ပုံအဌဂံ ရှစ်မြောင့်ပုံဖြစ်ပြီး တမြောင့်လျှင် (၂၇ပေ)စီတိတိ ရှိသည်။ အတွင်းဘက်တွင် ဂူလမ်းနှစ်ထပ်ရှိ၍ အခေါင်မိုးပေါ် အလယ်ခေါင်တွင် ရှစ်မြောင့်ပုံ ဗဟိုစေတီတစ်ဆူကို အရံစေတီရှစ်ဆူ ဝန်းရံထားသည်။ အရံစေတီများလည်း ရှစ်မြောင့်ပုံစံဖြစ်၍ ဗဟိုမဏ္ဍိုင်စေတီနှင့် သဏ္ဍာန်တူသည်။ ဗဟိုမဏ္ဍိုင်စေတီ၏အပေါ်ပိုင်းတွင် ဓာတ်တော်တိုက်ရှိသည်။

မဟာရံတံတိုင်း၏ မြေညီပြင်၊ ပုထိုးတော်ကြီး၏အရှေ့ဘက်မျက်နှာမှ အပ၊ တောင်မြောက်အနောက်သုံးမျက်နှာတွင် စေတီငယ်ဆူကျစီ စုစုပေါင်း(၁၅)ဆူရှိသည်။ အရှေ့ဘက်မျက်နှာမူရာတွင် အာရုံခံသိမ်တော်ကို တဆက်တည်း ဆောက်လုပ်ထားသည်။ အာရုံခံသိမ်တော်ကို ကျောက်တံတိုင်းဖြင့် ကာရံထားရာ တံတိုင်း၊ တစ်ဘက်စီတွင် မုဒ်ပေါက်တစ်ခုကျစီ ပြုလုပ်ထားသည်။ မုခ်ပေါက်တိုင်းတွင် ပန်းနွယ်၊ ပန်းခက်များဖြင့် လှပစွာ ထွင်းထုပြုလုပ်ထားသည်။ အာရုံခံသိမ်တော်၏အတွင်းဘက် ပုထိုးတော်ကြီး၏အရှေ့ဘက် မျက်နှာစာဝင်ပေါက်နံရံတွင်လည်း ကျောက်ဆစ်လက်ရာများကို မြင်တွေ့နိုင်သည်။ ခြူးပန်း၊ ခြူးနွယ်၊ ပန်းဆွဲ၊ စိန်တောင်၊ စုလစ်၊ မွန်းချွန်၊ တိရိစ္ဆာန်များ၏ပုံ စသည်ဖြင့် (ပေ ၃၀)ခန့်ကျယ်၍ (၁၄ပေ)ခန့်မြင့်သော မျက်နှာပြင်တစ်ခုလုံး ရုပ်လုံး၊ ရုပ်ကြွလက်ရာများ ပြည့်နှက်နေသည်။

အဆိုပါ မျက်နှာစာနံရံ၏ အလယ်ခေါင်တည့်တည့်တွင် ပုထိုးတော်ကြီး၊ အတွင်းဘက်လှိုဏ်ဂူသို့ ဝင်ပေါက်ရှိသည်။ ဝင်ပေါက်၏ဝဲယာ တစ်ဘက်တစ်ချက်နံရံတွင် အမြင့်(၆ပေ)ခန့်ရှိ မတ်ရပ်ဗုဒ္ဓရုပ်ပွားတော်သုံးဆူကျစီကို ဂူပေါက်ဖောက်ကာ ထုလုပ်ပူဇော်ထားသည်။ အဆိုပါဆင်းထုတော်များကို တောင်မြောက်အစဉ်အတိုင်း ဖူးမျှော်ပါက ပထမ ရုပ်တော်မူမှာ ချစ်သားတို့ စိုးရိမ်ကြောင့်ကြခြင်း အလျှင်းမရှိကြလင့်ဟု လက်ယာလက်ဖြင့် ပြနေဟန် အဘယမုဒြာဖြစ်သည်။ ဝဲလက်တော်မှာ နံဘေးတွင်ကပ်ပြီး လက်ချောင်းများကို အောက်သို့ စိုက်ထားပုံ ဆုပေးနေဟန် ဝရဒမုဒြာပုံဖြစ်သည်။ ဒုတိယရုပ်တော်မူပုံမှာ မဇ္ဈိမပဋိပဒါကို လမ်းညွှန်ပြီး ဝဲလက်နှင့် ယာလက်ဟန်မှာ ဓမ္မစကြာတရားဟောနေဟန် ဓမ္မစကြာမုဒြာပုံ ဖြစ်သည်။ တတိယရုပ်တော်မူမှာ ဆက်လက်ဝါးပေါ်မှာ ယာလက်ဝါးတင်ပြီး ဈာန်ဝင်စားနေပုံသမာဓိနေပုံဈာနမုဒြာပုံ ဖြစ်ကြသည်။

ပုထိုးတော်၏အတွင်းဘက်တွင် လှိုဏ်နှစ်ထပ်ရှိသည်။ ပထမတွေ့ရသော အပြင်လှိုဏ်ဂူလမ်းမှာ အဌဂံပုံဖြစ်သည်။ အတွင်းလှိုဏ်ဂူအားပတ်၍ တည်ရှိသည်။ အတွင်းလှိုဏ်ဂူသို့ ဝင်ထွက်နိုင်ရန် အရပ်လေးမျက်နှာတည့်တည့်တွင် ဂူပေါက်များ တစ်ပေါက်ကျစီ ဖောက်ထားသည်။ ၎င်းဂူပေါက်များ ဆုံရာအလယ်ခေါင်တည့်တည့်တွင် ရုပ်ပွားဆင်းတု တစ်ဆူစီထုလုပ်ထားသော ရှစ်ထောင့်ပုံမဏ္ဍိုင်ကို တွေ့ရသည်။ ပင်မစေတီတော်ကြီးနှင့် အမိုးအားအခိုင်အမာ ကျားကန်ထောက်ပေးထားသည့်ပုံ ဖြစ်သည်။ ပုထိုးတော်၏အတွင်းဘက်လှိုဏ်ဂူနှစ်ထပ်စလုံး၏ နံရံများ ရုပ်ပွားဆင်းတုတော်များကို ဂူများပြုလုပ်ပူဇော်ထားသည်။ ဆင်းတုများ၏ ပုလ္လင်နှင့် မုဒ်ပေါက်တံကဲတို့တွင်လည်း ကျောက်ဆစ်အနုပညာ၊ လက်ယာများကို တွေ့ရသည်။ လှိုဏ်ဂူလမ်းနှင့် ပေါင်းကူးမျက်နှာကြက်တို့မှာ ကျောက်စိုင်ကျောက်ခဲများအား စနစ်တကျ ထုဆစ်ကာ သပ်စီပေါင်းကူးစနစ်ဖြင့် ပြုလုပ်ထားရာ အံ့မခန်းဖြစ်သည်။

ထူးခြားချက်မှာ အလယ်မဏ္ဍိုင်တွင် အရပ်ရှစ်မျက်နှာသို့ မျက်နှာမူထားသော ဆင်းတုတော်များတွင် ကိုယ်ပေါ်တွင် ပါးလွှာသော ကြာသက်န်းများကိုသာ လွှမ်းခြုံထားခြင်းဖြစ်သည်။ ဤသို့ ပါးလွှာသောသက်န်းကို အနုပညာမြောက်စွာ ထုလုပ်ထားခြင်းမှာ ဗုဒ္ဓဘုရားသခင်၏ မဟာပူရိသလက္ခဏာတော် (၃၂-ပါး)ကို ပြသလို၍ ဖြစ်ကြောင်း

ယူဆကြသည်။ သားမြတ်အစုံကို ဖော်ထားပေသည်။ အချို့က ကုသိုလ်ရှင်ဘုရင်သည် မိမိသာမက အခြားသောသူများအားလည်း အဝတ်သက်န်းများ အဆင်မပြတ် လှူဒါန်းနိုင်ကြရေးအတွက် သက်န်းမပါဘဲ ထုလုပ်ထားခဲ့ဟန် တွေးဆကြပေသည်။ ဤသို့ ယဉ်ကျေးမှုလက်ရာများကို ရှေးဟောင်းအိန္ဒိယ ဗုဒ္ဓယဉ်ကျေးမှုလက်ယာများတွင်လည်း တွေ့ရသည်။ လည်တော်တွင် အရစ်သုံးရစ်ပါရှိခြင်းဖြင့် သက်န်းကို ညွှန်းကြောင်း တွေ့ရပေသည်။

လှိုက်ဂူအတွင်း ဆင်းတုတော်များအနက် အရှေ့ဘက်ဝင်လမ်းရှိ ဆင်းတုတစ်ဆူနှင့် အရှေ့မြောက်ဘက်ရှိ ဆင်းတုတော်တစ်ဆူတို့မှာ ကိုယ်တစ်ခုလုံး သက်န်းရုံထားပြီး ရင်ဘတ်တွင် ရင်စည်းစည်းထားသည်။ ယင်းရင်စည်းကို ရခိုင်ရှေးလူကြီးတို့က ဈာန်တိုင်းဟုခေါ်ကြောင်း သိရသည်။ ဘုရားရဟန္တာတို့သည် ကောင်းကင်ခရီးမှ ဈာန်ဖြင့် ပျံသွားသောအခါ ဝတ်ရုံထားသော သက်န်းများ လေဖြင့်လွင့်၍မပါရအောင် ဖွဲ့ချည်ရစ်သိုင်းထားသည့် သဘောမျိုး ထုလုပ်ထားခြင်းမျိုးဖြစ်သည်။ ထူးခြားသော ဗုဒ္ဓအနုပညာရပ် တစ်မျိုးပင်ဖြစ်သည်။ ဤပုံစံမျိုးကို လေးမြို့ခေတ် (၉ရာစုမှ ၁၄ ရာစု)တွင် အများဆုံး တွေ့ရသည်။ ထိုခေတ်တွင် ရဟန္တာများ၊ အများဆုံးထွန်းကားခဲ့ရာမှ စတင်သည်ဟု ဆိုကြသည်။

အံတော်ပုထိုးတော်ကြီး၏ ပရိဝုဏ်မှာ အရှေ့အနောက် (၂၂၈)ပေ၊ တောင်မြောက် (၁၄၅)ပေရှိသည်။ ဉာဏ်တော် (၄၂)ပေမြင့်သည်။ အံတော်ပုထိုးတော်ကြီး၏ သိမ်တော်မှာ ဖိုးခေါင်တောင်ကလပ်ပေါ်တွင် တည်ရှိ၍ မြောက်ဦးမြို့ မြောက်ဘက်ရှိ ဘုရားများအား အဝေးမှ လှမ်းဖူးမျှော်နိုင်သလို တောင်ခါးပန်းထံတွင် အစီအရီဖောက်လုပ်ထားသည့် သူရဲပြေး၊ ခံတပ်၊ မြို့ရိုးပျက်များအားလည်း လေ့လာနိုင်ပေသည်။

## ရတနာမာပုံစေတီ

အံတော်သိမ်ပုထိုးတော်ကြီး၏မြောက်ဘက်ကပ်၍ ပေ(၄၀)ခန့်အကွာတွင် တည်ရှိသည်။ မြောက်ဦးဘုရင်မင်းခမောင်းနှင့် မိဖုရားကြီးသျှင်ထွေးတို့က ကောဇာသက္ကရာဇ် (၉၇၄) ခု(အေဒီ-၁၆၁၂)ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီးမှာ ထုထည်အလွန်ကြီးမား၍ ခေါင်းလောင်းကို မှောက်ထားသော ပုံစံဖြစ်သည်။ ကြီးမားသောပုံစံဖြစ်သည်။ ကြီးမားသော ကျောက်တုံးကြီးများကို ခဲရာခဲဆစ်သယ်ဆောင်ပြီး စနစ်တကျဖြတ်တောက်ကာ သပ်စီပေါင်းကူးစနစ်ဖြင့် တည်ဆောက်ထားသည်။ အောက်ခြေအဝန်းမှာ (၃၆၅)ပေရှိပြီး အပေါ်ပိုင်းမှာ ဒုတိယကမ္ဘာစစ် အတွင်းက ဗုံးဒဏ်ခံရ၍ ပျက်စီးခဲ့ရသည်။ နောက်ပိုင်းတွင် ပြင်ဆင်ခဲ့သော်လည်း ထုထည်ကြီးမားလွန်း၍ ယခုထက်တိုင် တဝက်တပျက် အနေအထားသာရှိသည်။ သို့သော်လက်ရှိ ဖူးမျှော်ရသော အစိတ်အပိုင်းများသည်ပင် မြင်ရသူအဖို့ ကြည်ညိုစရာ၊ အံ့သြစရာဖြစ်နေပေသည်။ အိန္ဒိယပြည် ဆန်ချီထူပါရုံစေတီနှင့် သာလွန်မင်း၏ ကောင်းမှုတော်စေတီနှင့် သဏ္ဌာန်တူသည်။ အထူးသဖြင့် ဖောင်းရစ်၊ ကြာမှောက်၊ ကြာလှန်၊ ပုတီးရစ်တို့မှာ ကြီးမားသော ကျောက်တုံးကြီးများကို ထုဆစ်ထား၍ လက်ရာမြောက်သည်။ ၎င်းအပြင် ရခိုင်တိုင်းရင်းသားတို့၏ လက်ရာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလှသည်။

ကုသိုလ်ရှင်က ရတနာများကို ပုံ၍လည်းကောင်း၊ နောက်ရတနာများ ပုံလာနိုင်သည့်အတိတ်နမိတ်အရလည်းကောင်း၊ ရတနာသုံးပါးကို ဦးထိပ်ထား၍လည်းကောင်း၊ ရတနာပုံစေတီဟု အမည်ပေးခဲ့သည်။

စေတီတော်ကြီး၏ အရှေ့၊ အနောက်၊ မြောက်ဘက်တို့တွင် အပြင်တံတိုင်း ကာရံထားသည်။ တောင်ဘက်တွင် အံတော်တံတိုင်းနှင့် ဆက်စပ်နေသည်။ အတွင်းအုတ်တိုင်တံတိုင်းလေးဘက်အနက် အရှေ့ဘက်တောင်ဘက်နှင့် မြောက်ဘက်တို့တွင် စေတီတော်၏ ပရိဝုဏ်သို့ဝင်သောကျောက်လှေကားနှင့် ဝင်ပေါက်သုံးခုရှိသည်။ အတွင်းတံတိုင်း၏ အပြင်ထောင့်အသီးသီးတွင် ကျောက်ဖြင့်ထုထားခြသေ့ရုပ်များဖြင့် စောင့်နေဟန် ထုလုပ်ထားသည်။ စေတီ၏ပရိဝုဏ်မှ ရေများထုတ်ရန် ဆင်ရုပ်ရေပြွန်များ တပ်ဆင်ထားသည်။ ရေများသည် ဝပ်နေသော ဆင်ရုပ်များ၏ နှာမောင်းမှ ထွက်ကြသည်။

စေတီတော်ကြီး၏ အရှေ့ဘက်ရင်ပြင်မှ အာရုံခံသိမ်ဖြစ်ဟန်ရှိသော်လည်း ယခုအခါ ပျက်စီးခဲ့ချေပြီ။ သိမ်တော်ရာတွင် ယခင်က ကြွေရည်သုတ်ကျောက်ချပ်များ ခင်းခဲ့သည်။ စေတီတော်ကြီး၏အရှေ့ဘက် သိမ်ရာဟောင်းနှင့် ကပ်၍ စေတီသုံးဆူရှိသည်။ ထိုစေတီများမှာ ကျောက်သားဖြင့် ပြုလုပ်ထားပြီး ဂူထဲတွင် ဆင်းတုတော်များကို ဖူးမျှော်နိုင်သည်။ အလယ်စေတီ၏ဂူထဲတွင် ကြွေရည်သုတ်ကျောက်ပြားများကို ယခုတိုင် တွေ့နိုင်သည်။ ၎င်းဂူတို့ကို နဂါးနှစ်ကောင်က အမြီးဖြင့် ရစ်ခွေထားပြီး ပါးပြင်းဖြင့် မိုးထားသည်။

ယခင်က ဤရုပ်နာပုံအတွင်းဘက် တံတိုင်းတွင်း၊ အနောက်၊ တောင်၊ မြောက်ဘက်တို့တွင် အရံစေတီ ၂၄-ဆူရှိခဲ့ကြောင်း သိရသည်။ ယခုအခါ အုတ်ပုံငယ်များအဖြစ်သာ တွေ့ရတော့သည်။

## ၁၂၆
## ထုက္ကန့်သိမ်ပုထိုးတော်ကြီး

ရတနာပုံစေတီမှ အနောက်ဘက်စူး ပေ(၃၅၀)ခန့်အကွာ ရှစ်သောင်းပုထိုးတော်ကြီးမှ အနောက်မြောက်ယွန်းယွန်း ပေ(၃၅၀)အကွာတွင် စတုရန်းပုံ စည်မျက်နှာပြင်ကဲ့သို့ ညီညာသော မျက်နှာပြင်ရှိသည်။ ပေ(၃၀)ခန့်မြင့်သော တောင်ကလပ်ငယ်တစ်ခု ရှိသည်။ ထိုတောင်ကလပ်ပေါ်တွင် ထုထည်ကြီးမားစွာဖြင့် ကြည်ညိုဖွယ်ရာ အနုပညာပိသုကာ လက်ရာမြောက်သလိုပင်သလောက် ခိုင်ခန့်ခြင်း၊ ထုထည်ကြီးမားခန့်ငြားခြင်း၊ ဂုဏ်အင်တို့နှင့်လည်း ပြည့်စုံလှပေသည်။ ဤပုထိုးတော်ကြီးကား ကောဇာသက္ကရာဇ်(၉၃၃) (အေဒီ-၁၅၇၁)တွင် **"ပြည်အိုထုတ်တန်၊ အိမ်အိုကျားကန်"** ဟူသော အတိတ်တဘောင်အရ မြောက်ဦးဘုရင် မင်းဖလောင်းနှင့် မိဖုရားကြီး ရှင်လတ်တို့က ဘေးအန္တရာယ်ကင်းငြိမ်းအံ့ သောငှါ ကုသိုလ်ပြုတည်ထားကိုးကွယ်ခဲ့သော ထုက္ကန့်သိမ်ပုထိုးတော်ကြီးပင် ဖြစ်ပေသည်။

ရှစ်သောင်း၊ အံတော်သိမ်ကဲ့သို့ပင် ကြီးမားသော ကျောက်တုံးကြီးများအား စနစ်တကျ ထုဆစ်ကာ လှိုဏ်ဂူပတ်လမ်းများဖြင့် အဆန်းတကျယ် ဆောက်လုပ်ထားသည်။ တစ်ဆယ့်နှစ်ပေခန့် ရှည်လျားသော ကျောက်တုံးကြီးများကို ထုတ်တန်းသဘွယ် ပြုလုပ်၍ စရွေးကိုက် ပြုလုပ်ထား၍ ထုက္ကန့်သိမ်ဟု ခေါ်သည်။ ပုထိုးတော်၏အကျယ်မှာ တောင်မြောက် (၁၉၀)ပေ အရှေ့အနောက် (၂၀၀)ပေရှိကာ အမြင့်ပေ (၅၀)ရှိသည်။

ပုထိုးတော်ကြီးတည်ရှိရာ ကုန်းပေါ်သို့ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် (၈)ပေကျယ်သော ကျောက်လှေကားများ ပြုလုပ်ထားသည်။ ထိုလှေကားများမှာ အလျား (၁၀)ပေ၊ ထု (၂)ပေ၊ ဗျက် (၃)ပေခန့် ကြီးမားသော ကျောက်တုံးကြီး၊ တုံးကြီးများကို လှေကားထစ် တစ်ဆင့်တစ်တုံးကျစီ ပြုလုပ်ထားရာ ကြီးမားခိုင်ခန့်မှုကို သိသာနိုင်သည်။

ပုထိုးတော်ကြီး၏အောက်ခြေပိုင်း အရှေ့ဘက်၊ တောင်ဘက်၊ မြောက်ဘက်နံရံများမှာ လေးဒေါင့်ပုံသဏ္ဌာန်ဖြစ်၍ အနောက်ဘက်မျက်နှာစာမှာ အခုံးပုံသဏ္ဌာန် ဆောက်လုပ်ထားသည်။ (ပုံ-ရှု)၊ နံရံများမှာ ၁၈ပေခန့် မြင့်ပြီး မတ်စောက်သည်။ ကျောက်တုံးများ အဆင့်ဆင့်စီကာ တည်ဆောက်ထားသည်။ ထိုကျောက်တုံးများပေါ်တွင် ရောမကျောက်ပြားကြီးများထပ်၍ မိုးထားသည်။ လှိုဏ်ဂူလမ်းနေရာနှင့် ဂန္ဓကုဋီတိုက်နံရံ၊ အမိုးတို့တွင် နေရာကိုလိုက်၍ ကျောက်တုံးများကို ထုဆစ်၍၊ စရွေးထိုး၊ အချွန်း၊ အဝိုင်း၊ အခုံး စသည်ဖြင့် ပြုလုပ်သွားသည်။ ခေါင်မိုးပေါ်တွင် ထူပါစေတီကြီးတစ်ဆူရှိ၍ ထောင့်လေးထောင့်တွင် အရံထူပါစေတီ လေးဆူရှိသည်။ ဗဟိုစေတီနှင့် အရံစေတီများတွင် သပိတ်မှောက်ပုံအပေါ်၌ ဓာတုတပ္ပဆင့်ထားသည်။ ဝေသာလီခေတ်တွင် ထူပါများနှင့် သဏ္ဌာန်တူသည်။ ခေါင်းလောင်းတစ်လုံးအား မှောက်ထားသည့်ပုံစံပင် ဖြစ်သည်။

ဗဟိုစေတီတော်၏အရှေ့ဘက်တွင် တဆက်တည်း မုခ်ပေါက်ဝပါသော ပေါင်းကူးခေါင်မိုးခုံး တစ်ခုရှိသည်။ ဤပေါင်းကူးမှာ ဂန္ဓကုဋီတိုက်အား အလင်းရောင်နှင့် လှိုဏ်ဂူတစ်ခုလုံးအား လေကောင်းလေသန့်ပေးရာ အပေါက်လည်း ဖြစ်သည်။ ဤအလင်းပေါက်မှ ဝင်လာသော အလင်းသည် ဂန္ဓကုဋီတိုက်အတွင်းရှိ ရုပ်ပွားတော်၏ မျက်နှာတော်အား အလင်းရောင် ကောင်းစွာ ရရှိစေသည်။ မမှောင့်တမှောင့်၊ မလင်းတလင်းရှိလှသော ဥမင်လှိုဏ်ခေါင်းတစ်လျှောက်၊ ဖြတ်သန်းလာခဲ့သော ကြည်လင်အေးမြသော၊ ဘုရားဖူးသူများအဖို့ ဗုဒ္ဓမျက်နှာတော်ကို ရုတ်တရက် ဖူးတွေ့ရလေအောင် ကြည်ညိုစရာပိုဖြစ်လေအောင် တမင်ဖန်တီးထားပုံရသည်။ လေကောင်းလေသန့်ကိုလည်း ရစေရာ စိတ်လက်ကြည်သာစွာဖြင့် ဘုရားဖူးနိုင်ကြရန် တမင်စီစဉ်ထားခြင်း ဖြစ်ပေမည်။

ပုထိုးတော်ကြီး၏ အနောက်ဘက် တောင်ယွန်ယွန်းတွင် ဥပုသ်ဆောင်ရှိသည်။ ပုထိုးတော်ကြီးနှင့် တဆက်တည်း ဖြစ်သည်။ လှိုဏ်ဂူတော် ပထမပတ်လမ်းမှတဆင့် ရောက်နိုင်သည်။ ဥပုသ်ဆောင်ဝင်ဝတွင် ပုထိုးတော်ကြီး ခေါင်မိုးသို့တက်ရန် ကျောက်လှေကားငယ်တစ်ခု ရှိသည်။ လုံခြုံရေးအတွက် စီစဉ်ထားပုံရသည်။

ပုထိုးတော်ကြီး၏ အရှေ့ဘက်လှေကားမှ တက်ရောက်ခဲ့သော ဘုရားဖူးဧည့်သည်များအဖို့ ရင်ပြင်ပေါ်သို့ရောက်ပြီး ချက်ချင်းမြင်တွေ့ရ ပုထိုးတော်ကြီး၏အရှေ့ဘက် မျက်နှာစာတွင် တောင်ယွန်းယွန်းနံရံရှိ ဝင်ပေါက်သည် တစ်ခုတည်းသော ဂူဝင်ပေါက်ပင်ဖြစ်သည်။ ဤဝင်ပေါက်မှ လှိုဏ်ဂူအတွင်းသို့ လက်ယာရစ်ခရုပတ် ဝင်ရောက်ရသည်။ ဝင်ရာဥမင်လှိုဏ်ဂူလမ်းတစ်လျှောက် ဝဲယာတို့တွင် (၂)ပေခန့်မြင့်သော ဂူကျောင်းငယ်ပေါင်း ၁၄၆ ဂူရှိသည်။ ၎င်းဂူများထဲတွင် ထိုင်တော်မူရုပ်ပွား ဆင်းတုတော်များရှိသည်။ လက်ယာဘက်ရှိ ဆင်းတုတော်များမှာ ကျောက်သားကို ထုလုပ်ထားပြီး လက်ဝဲရှိ ဆင်းတုတော်များမှာ ရွှံ့စေးကို မီးဖုတ်ပြီး စဉ့်ဝါသုတ်ထားသော အုတ်ခေါင်းပွ ဆင်းတုများဖြစ်ကြ

သည်။ ဘုရားတစ်ဆူစီ၏ ဝဲယာတွင် နံရံကျောက်သားဖြင့် တစ်သားတည်း ထွင်းထုထားသော ရုပ်လုံးရုပ်ကြွများရှိသည်။ မြောက်ဦးခေတ်၏မှူးကြီး၊ မတ်ကြီး၊ သူဌေးသူကြွယ်၊ ရာထူးနိမ့်မြင့်အလိုက် ဝတ်စားရသည့်အဝတ်အစား၊ အသုံးအဆောင်များဖြင့် ကျားမစုံတွဲတို့က တစ်ဘက်တစ်ချက်စီမှ ကြာဖူးကိုကိုင်၍ ပူဇော်နေဟန်ထုလုပ်ထားသည်၊ အဆိုပါရုပ်ထုများတွင် မကိုဋ်၊ ဥဿျှောင်၊ ပေါင်းထုတ်၊ ဆံထုံး၊ ပုတီး၊ နားဋောင်း၊ ဆံညှပ်၊ ဘယက်၊ ခါးကြိုး၊ ခါးဆီး၊ ဒွါဒယာ၊ ခြေနင်း၊ ကအစ အနုစိတ်ထုလုပ်ထားရာ သုတေသီများအဖို့ တန်ဘိုးရှိလှသည်။ ယက္ခ၊ ဂုမ္ဘဏ် ဒွါရပါလ ရုပ်ထုကအစ၊ သူငယ်တော်အဆုံး အားလုံးစုစုပေါင်း (၅၈၄)ရုပ်ရှိသည်။ ရခိုင်တို့တွင် ဘောင်းတော် (၄၀)၊ စလွယ်တော် (၉)ပါး၊ ဆံထိုးနည်း ၆၄မျိုးရှိခဲ့သည်။ ဤနည်းပုံစံအမျိုးမျိုးကို တွေ့နိုင်သည်။

ပထမလှိုဏ်ဂူပတ်မှာ ၆ပေခန့်ကျယ်၍ အလင်းရောင်နည်းသည်။ ပထမလှိုဏ်ဂူပတ်၏ အဆုံးတွင် တံခါးပေါက်ကို တွေ့ရသည်။ တစ်ဘက်တစ်ချက် ကျောက်တုံးနံရံတွင် တံခါးများ တပ်ဆင်ခဲ့ဟန်တူသော ဆုံလည်ပတ္တာပေါက်များကို တွေ့ရသည်။ လုံခြုံရေးအရ ပြုလုပ်ခဲ့ဟန်ရှိသည်။ ထိုတံခါးကို ကျော်ဖြတ်ပြီးနောက် တောင်မြောက် ၂၆ပေ၊ အရှေ့အနောက် (၁၅ပေ)ခန့် ကျယ်သော တရားအားထုတ်ရာအခန်းသို့ ရောက်သည်။ ယင်းအခန်း၏ ဝဲဘက်နံရံတွင် ဒုတိယတံခါးကြီးရှိရာ ၎င်းတံခါးကို ဖြတ်ကျော်ပြီးပါက ဒုတိယလှိုဏ် ဥမင်လမ်းသို့ ရောက်သည်။ ဤလမ်းမှာ (၁၀)ပေခန့်ကျယ်၍ (၁၂)ပေခန့်မြင့်သည်။ ပထမလှိုဏ်ဂူထပ်ကဲ့သို့ပင် ပြိုင်၍အတွင်းသို့ လက်ယာရစ်ပတ်ရသည်။ အဆုံးတွင် ဘဲဥပုံတံခါးပေါက်တစ်ခုရှိသည်။ ထိုတံခါးပေါက်ကို ဖြတ်၍ လှေကား(၉)ထစ်တက်ရသည်။ အပေါ်သို့ ရောက်သောအခါ အာရုဏ်ခံရန် စတုရန်းပုံ အခန်းကြီးတစ်ခန်းကို တွေ့ရသည်။ ရှေးအခါက သာသနာပိုင်နှင့် အရေးကြီးသံဃာ စည်းဝေးရာနေရာဟု ဆိုသည်။ ပဝါရဏာပြုရာ အခန်းဟုလည်း ဆိုသည်။ နံရံမှထိုးထွက်နေသော ကျောက်စွန်းကြီးများတွင် ဆီမီးခွက်များ ထွန်းညှိရန် စီမံထားသည်ကို တွေ့ရသည်။ ဤအခန်းမှ ဂန္ဓကုဋီတိုက်သို့ လှေကား ၉ထစ်ဖြင့် တက်နိုင်သည်။ ဤဗုဒ္ဓရုပ်ပွားတော်ရှိရာ ဂန္ဓကုဋီတိုက်သည် မဏ္ဍိုင်ပင်ဖြစ်သည်။ ဤအခန်းတွင် ရှေးအခါက တံခါးများ တပ်ဆင်ခဲ့ဟန်တူသော ဆုံလည်ပတ္တာပေါက်များ တွေ့ရသည်။ သို့ဖြစ်ရာ ရုပ်ပွားတော်များမှ အဖိုးတန်ရတနာများဖြင့် စီချယ်ခဲ့မည်ဟု ခန့်မှန်းရပါသည်။

မြောက်ဦးခေတ် ကောင်းစားခဲ့စဉ်က ဤနေရာတွင် ရတနာကိုးပါးဖြင့် စီခြယ်သွန်းလုပ်အပ်သော ဗုဒ္ဓရုပ်ပွားတော်သည် ပိသုကာပညာရှင်များ ကျွမ်းကျင်လိမ္မာစွာ တပ်ဆင်ခဲ့သော အလင်းပေါက်မှ လာသော နေခြည်အောက်တွင် တပြောင်ပြောင်တလက်လက်ဖြင့် ရောင်ခြည်တော်ကွန့်မြူးကာ ကြည်ညိုဘွယ်ရာ တင့်တယ်စွာ ရှိခဲ့ပေလိမ့်မည်။ ကုသိုလ်ရှင်က ရုပ်ပွားဆင်းတုတော်မြတ်အား ပြင်ပသို့ မထုတ်ယူရလေအောင်၊ တမင်တကာ ကျောက်သားကျောက်စိုင်များဖြင့် ငုံပြီး အဆင့်ဆင့် စီခဲ့သော်လည်း လောဘရမက် ကြီးလှစွာသော နယ်ချဲ့တို့သည် လက်နက်သွန်းရန် လိုအပ်နေသော ကြေးဝါအတွက်မရ၊ ရအောင်ဖြစ်သည့်နည်းနှင့် ရိုက်ချိုးပိုင်းဖြတ်ကာ ဆောင်ယူသွားခဲ့ဟန် တူပေသည်။ ကျိုးပဲ့ကျန်ရစ်ခဲ့သော လက်မတော်တစ်ချောင်း၊ လက်သန်းတော်တစ်ချောင်းနှင့် ခရုခွေပုံစံ ဆံတော်များကို ဘဲဥပုံတံခါး လှေကားရင်းမှ နောက်ပိုင်းတွင် တွေ့ရှိခဲ့ရသည်။ ယခုအခါ မြောက်ဦးမြို့ပြတိုက်တွင် သိမ်းဆည်းပြသထားသည်။ တွေ့ရှိရသော လက်ချောင်းများကို ထောက်ရှု၍ ဆင်းတုတော်ကြီးမှာ ဉာဏ်တော် (၆ပေ)ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

# လေးမျက်နှာ ပုထိုးတော်ကြီး

မြောက်ဦးမြို့ကို စတင်တည်ထောင်ခဲ့သော ဘုရင်မင်းစောမွန် တည်ထားခဲ့သည့် မြို့တည်ဘုရားငါးဆူအနက် ဤလေးမျက်နှာဘုရားလည်း အပါအဝင်ဖြစ်သည်။ ကောဇာသက္ကရာဇ် (၇၉၂)ခုနှစ် အေဒီ (၁၄၃၀)ခုနှစ်တွင် တည်ထားကြောင်း ဌာပနာဖုံး ကျောက်စာတစ်ချပ်အရ သိရှိရပေသည်။

ထုက္ကန်သိမ် ပုထိုးတော်ကြီးမှ အနောက်မြောက်ဘက်ပေ (၁၅၀)အကွာ မြေပြန့်လွင်ပြင်တွင် တည်ရှိ၍ ဘုရားဖူးဧည့်သည်များအဖို့ မပင်မပန်း သွားရောက်နိုင်ပေသည်။

ကြီးမားကျယ်ပြန့်သော မဟာတံတိုင်းကြီးများအတွင်း ဗဟိုအချက်အချာတွင် ခန့်ငြားစွာ တည်ရှိသည်။ တည်ဆောက်ခဲ့သော ဗိသုကာပညာရှင်များ၏ လက်ရာမြောက်မှုကြောင့် ယခုထက်တိုင် ပျက်စီးယိုယွင်းခြင်း မရှိပဲ လေ့လာကြည့်ရှုနိုင်ကြသည်။ ရှစ်သောင်းထုက္ကန်သိမ် အံတော်ဘုရားများကဲ့သို့ပင် ထူပါဆန်သည်။ ဥမင်လိုဏ်ခေါင်းပါရှိသည်။

မဟာရံတံတိုင်းကို လေးဘက် စတုရန်းကျ ကာရံထားသည် အရှေ့နှင့်အနောက်တံတိုင်းတို့တွင် ဝင်ပေါက်တစ်ခုစီပါရှိသည်။ ပုထိုးတော်ကြီးအောက်ခြေမှာ စတုရန်းပုံဖြစ်သော်လည်း အရပ်လေးမျက်နှာသို့ ထိုးထွက်နေသော မုခ်ပေါက်လေးပေါက်၏ ထိန်းပေးမှုကြောင့် အမြင့်မျှကာပို၍ တင့်တယ်စေလေသည်။ ဤသို့ အရပ်လေးမျက်နှာ မုခ်ပေါက်လေးပေါက် ဖွင့်ထားသည်ကို အစွဲပြု၍ လေးမျက်နှာဘုရား၊ လေးမျက်နှာပုထိုးတော်ကြီး၊ မုခ်လေးတန် ပုထိုးတော်ကြီးဟူ၍ ခေါ်စမှတ်ပြုကြသည်။

ပုထိုးတော်ကြီးအတွင်း အဋ္ဌဂံလိုဏ်ပတ်လမ်း ရှိသည်။ ထိုလိုဏ်၏အထက်စေတီ၏မဏ္ဍိုင်တွင် အရပ်ရှစ်မျက်နှာသို့မူလျှက် မုခ်ပေါက်တံကဲ့ပလ္လင်များဖြင့် (၆ပေ)ခန့်မြင့်သော ကျောက်ဆင်းထု ရှစ်ဆူကို ထုလုပ်ထားသည်။ ဝင်းလမ်းမုခ်ပေါက်တစ်ခုစီကြား လိုဏ်ဂူပတ်နံရံတွင် ကျောက်ဆင်းတုတော် ငါးဆူကို မုခ်ပေါက်ပြုလုပ်၍ တည်ထားသည်။ သို့ဖြစ်ရာ လိုဏ်ဂူပတ်ထဲတွင် အားလုံး(သမ္ဗုဒ္ဓေ)နှစ်ကျိတ်ရှစ်ဆူသော ဘုရားကို ဖူးမျှော်နိုင်ကြပေသည်။ ဆင်းတုတော်အားလုံးမှာ အံတော်ဘုရားမှာကဲ့သို့ သားမြတ်အစုံကို ဖော်ထားသည်။ လည်ရစ်၏အောက်တွင် သင်္ကန်းရစ်တစ်ရစ်စီပါရှိ၍ ကြာသင်္ကန်းဝတ်ဟန် နမိတ်ပုံဖော်သော ဗုဒ္ဓအနုပညာတစ်ရပ် ဖြစ်ပေသည်။

ပုထိုးပကတိကြီးကို ကျောက်သား ပကတိကို ဆစ်ပြအနုပညာမြောက် တည်ဆောက်ထားပြီး လေနှင့်အလင်းရောင်ဝင်နိုင်ရန် အပေါက်များဖောက်ထားသည်။ အမိုးပေါ်တွင် ဗဟိုစေတီကြီးတစ်ဆူရှိပြီး ထောင့်လေးထောင့်တွင် စေတီလေးဆူတည်ထားသည်။ စေတီအားလုံးမှာ စတူပါ၊ ခေါင်းလောင်းမှောက် ပုံစံဖြစ်သည်။ ဂူပေါက်၊ မုခ်ပေါက်ပါဝင်ခြင်း မရှိပဲ အမြင့် (၈)ပေ အောက်ခြေအဝန်း (၃၀)ပေ ကျယ်ဝန်းသည်။

ပုထိုးတော်ကြီး၏ အောက်ခြေတစ်မျက်နှာစီ (၅၅)ပေ၊ အမြင့် (၇၀)ပေ၊ မုခ်ပေါက်အရှည် (၁၇)ပေ၊ အကျယ် (၁၃)ပေ အသီးသီးရှိသည်။

လေးမျက်နှာပုထိုးတော်ကြီးနှင့် ကပ်၍ မြောက်ဘက်တွင် မင်းစောမွန်၏ညီ နရနု(အလီခင်)သည် သက္ကရာဇ် (၇၉၅)ခု၊ ခရစ်-(၁၄၃၃)ခုနှစ်တွင် တည်ထားခဲ့သော စေတီတစ်ဆူရှိသည်။ နရနုစေတီဟု ခေါ်ကြသည်။ ဂူထဲတွင် ဉာဏ်တော် (၁၀)ပေခန့်ရှိ ကျောက်ဆင်းတုတစ်ဆူရှိသည်။ ဆင်းတုတော်၏ ဝင်လမ်းဂူပေါက် ဝဲယာ တစ်ဖက်တစ်ချက်တွင် ဂူငယ် (၂၈)ခုရှိသည်။ ထိုဂူများထဲတွင် ထိုင်တော်မူ ရုပ်ပွားဆင်းတုတော်များ ထည့်သွင်းထုလုပ်ထားသည်။ သမ္ဗုဒ္ဓေကို ညွှန်းသည်။

လေးမျက်နှာ ပုထိုးတော်ကြီး၏ အနောက်တောင်ဘက် ဘုရားဝင်းအတွင်းတွင် သမုတ်သိမ်ငယ်တစ်ခု ရှိသည်။ သိမ်အတွင်း ဆင်းတုအကျိုးအပဲ့များကို တွေ့ရသည်။

## မြတန်ဆောင်းစေတီ

လေးမျက်နှာဘုရား၏ မြောက်ဘက်ပေ ၅၀၀ ခန့်အကွာတွင် ပေ ၄၀ပေခန့်မြင့်သော တောင်ကုန်းငယ်နှစ်ခု ရှိသည်။ ထိုတောင်ကုန်းငယ်များ၏အပေါ်တွင် စေတီနှစ်ဆူ တည်နေရာကိုလိုက်၍ အရှေ့မြတန်ဆောင်း၊ အနောက်မြတန်ဆောင်း၊ စေတီများဟု ခေါ်ကြသည်။ တောင်ကုန်းငယ်များ၏ တည်နေပုံအရွယ်အစားမှ တူညီသကဲ့သို့ စေတီများ၏ အရွယ်အစားပုံသဏ္ဌာန်တော်များမှာလည်း တူညီကြရာ တမင်တကာ ရည်ရွယ်ချက်တစ်ခုခုဖြင့် တည်ထားခဲ့ဟန်တူပေသည်။ ကုသိုလ်ရှင်မှာ မြောက်ဦးမြို့ ထီးတည် နန်းတည်မင်းစောမွန် ဘုရင်မင်းမြတ်ဖြစ်ပြီး၊ သက္ကရာဇ် ၇၉၂ ခု အေဒီ-၁၄၃၀ ခုနှစ် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်၍ ရှေးကျဆုံးသော ဘုရားတွင်ပါဝင်သည်။ စေတီများမှာ ကျောက်သားဖြင့် ပြုလုပ်ထားပြီး အရံစေတီများ တံတိုင်းနှင့် လှေကားများကို အုတ်ဖြင့် ပြုလုပ်ထားသည်။ စေတီတော်မှာ အောက်ခြေလုံးပတ် ၁၂၀ပေရှိ၍ ဉာဏ်တော် ၅၀ပေရှိသည်။ စေတီတော်၏ ဂူအတွင်း၌ ဉာဏ်တော် ၆ပေခန့်ရှိသော ကျောက်ဆင်းထုတစ်ဆူစီ ရှိသည်။ သမုဒ်သိမ်ငယ် တစ်ခုစီလည်းရှိသည်။ မဟာရံတံတိုင်း ထောင့်လေးထောင့်တွင် အုတ်စေတီလေးဆူရှိသည့် အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်များတွင် လှေကားများရှိသည်။ ထိုစေတီတော်များ အနီးတွင် သံဃာတော်များ သီတင်းသုံးနေခဲ့ရာ ကျောင်းတော်ရာရှိသည်။ မြတန်ဆောင်းကျောင်းတော်အဖြစ် သမိုင်းတွင် တွေ့ရသည်။ မင်းလှရာဇာနှင့် မင်းရာဇာကြီး (အေဒီ ၁၅၉၃-၁၆၁၂)တို့လက်ထက်တွင် မြတန်ဆောင်းရာတော်နှင့် သံဃာတော်များ သီရိလင်္ကာ (ယခင် သီဟိုဠ်)သို့ သာသနာပြု သွားရောက်ခဲ့ကြောင်း သိရသည်။

## မုတ်ဆိတ်တော်ဓာတ်စေတီ

မြတ်စွာဘုရားသခင် မုတ်ဆိတ်တော်ဓာတ်အား ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့သော ဤစေတီမှာ မြတန်ဆောင်းစေတီ၏ မြောက်ဘက်ပေ (၃၀၀)ခန့်အကွာ ပေ(၁၀၀၀)ခန့်မြင့်သော တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ဤစေတီကို မင်းစောမွန်သည် သက္ကရာဇ် (၇၉၂)ခု အေဒီ (၁၄၃၀)ခုနှစ်တွင် မြို့တည်ဘုရားအဖြစ် တည်ထားခဲ့သည်။ စေတီတော်တည်ရာ တောင်ကုန်းမှာ နှစ်ဆင့်ဖြစ်သည်။ ပထမအဆင့်တွင် ကျောက်ဖြင့်တည်ဆောက်ထားသည့် ပိဋကတ်တိုက်တစ်ခုရှိသည်။ ကျောက်တံတိုင်း လေးဘက်ကာရံထားသည်။ ဂူတစ်ခုလုံးကို ပြဿဒ်သဖွယ်၊ ခြူးပန်းခြူးနွယ်၊ စိန်တောင်ပန်းခက်တို့ဖြင့် အနုစိတ်ထုလုပ်ထားသည်။ မူလက ပိဋကတ်တိုက်တစ်ခုလုံး ရွှေအပြည့်ချထားခဲ့ဟန်တူသည့် အထောက်အထားများကို တွေ့ရသည်။ ဂူအတွင်း၌ ကျောက်ဆင်းတု သုံးဆူရှိသည်။ ဤပထမဆင့်တွင် ဂူပျက်စေတီပျက်များ အန်တွေ့ရရာ ယခင်က သာသနိက အဆောက်အအုံများနှင့် စည်းကားခဲ့ပုံရသည်။ မြောက်ဦးခေတ်ဘုရင်တို့သည် စေတီပုထိုးများ ကျောင်းသင်ခန်းများ လှူဒါန်းကြရာတွင် သံဃာတော်များ အလွယ်တကူ ဖတ်ရှုနိုင်ရန် ကျောက်သားပကတိဖြင့် ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်ထားသော ပိဋကတ်တိုက်များကိုပါ ပါဝင်လှူဒါန်းကြသည်။ ဤသည်မှာ အစဉ်အလာတစ်ရပ်ပင် ဖြစ်သည်။

တောင်ကုန်း၏အပေါ်ဆုံးအဆင့်တွင် မုတ်ဆိတ်တော်ဓာတ် စေတီကြီးရှိသည်။ အလျားအနံ(၁၀၀)ပေစီရှိ၍ (၁၅) ပေခန့်မြင့်သော အုတ်ခုံပစ္စယံကြီး၏ဗဟိုတည့်တည့်တွင် စေတီကြီးကို တည်ထားသည်။ ပစ္စယံ၏ပေါင်းကူးခေါင်မိုးပေါ်တွင် ကျောက်ဖျာကြီးများ မိုးထားသည်။ စေတီတော်ကြီး၏ပုံသဏ္ဌာန်မှာ ခေါင်းလောင်းပုံ (စတူပါ)ဖြစ်သည်။ သပိတ်မှောက်အထက်၌ ဓာတုဂဗ်ဆင့်ထားသောပုံစံ ဖြစ်သည်။ ရှစ်သောင်း ထုတ္တန်သိမ်လေးမျက်နှာ ပုထိုးတော်ကြီးနှင့် ဆင်တူသည်။ စေတီ၏အောက်ခြေပတ်လည် ပေ(၁၀၀)ရှိ၍ ဉာဏ်တော်ပေ(၅၀)ပေရှိသည်။ စေတီရံလေးဆူကို ထောင့်လေးထောင့်တွင် တွေ့ရသည်။ စေတီ၏အရှေ့ဘက်တွင် ခြေတော်ရာတစ်ဆူရှိသည်။ ရွှံ့စေးကို ဖိနပ်ပုံဖော်ထားသကဲ့သို့ ကျောက်ဖျာပေါ်တွင် ခြေရာတော်များ ချထားသည်။ ကျောက်သားမှာလည်း ကျောက်မာအကောင်းစားမျိုး ဖြစ်သည်။ စတ်၊ လက္ခဏာတော်များ မပါရှိချေ။ ယခုအခါ ရှစ်သောင်းဘုရား ဂေါပကအဖွဲ့မှ ရွှေ့ပြောင်းပြီး လူများ ကြည်ညိုသဒ္ဒါပွားနိုင်ရန် ရှစ်သောင်းပုထိုးတော်ကြီးတွင် ထားရှိသည်။ စေတီတော်ကြီး၏အနောက်ဘက်တွင် တစ်ကိုယ်လုံး သင်္ကန်းဝတ်ရုံထားသော ဆင်းတုတော်ကြီးတစ်ဆူရှိသည်။ သင်္ကန်းအတွန့်အလယ်များကို အနုစိတ်ထွင်းထုထားသည်။ အိန္ဒိယပြည် တက္ကသီလာမှ ဆင်းတုတော်များနှင့်တူသည်။

မုတ်ဆိတ်တော်စေတီ၏ မြောက်ဘက် တောင်ခေါင်းတွင် မင်းစောမွန် တည်ဆောက်လှူဒါန်းခဲ့သော စန္ဒရာမ ကျောင်းတော်ရာရှိသည်။ ကျောင်းတော်အား ကာရံထားခဲ့သော ကျောက်တံတိုင်းကို ယခုတိုင် မြင်တွေ့နိုင်သေးသည်။ ရှေးခေတ်မြောက်ဦးမြို့တော်ရှိ ကျောင်းကြီး(၃၆)ကျောင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။

## လင်ပန်းမြောက်စေတီ

မြောက်ဦးမြို့တွင် သက္ကရာဇ် ၈၈၇ ခုနှစ် အေဒီ ၁၅၂၅ ခုနှစ်တွင် စလတ္တာမင်းစောမွန် ခေါ် မင်းခေါင်ရာဇာသည် နန်းတက်သည်။ နန်းတက်၍ မကြာမီပင် "ခရမ်းသီးလက်ကောက်၊ ပြောင်ပြောင်တောက်၊ ဈေးမှဝယ်၊ လင်ပန်းမြောက်"ဟူ၍ တဘောင်ပေါ်လေရာ မြောက်ဦးရွှေမြို့တော်ရှိ ကလေးသူငယ်များ၏ နှုတ်ဖြားဝယ် ရေပန်းစားအော်ဟစ်သီဆိုနေကြလေသည်။ ဤကိုနမိတ်ကောင်းဟူ၍ သက္ကရာဇ် ၈၈၇ ခုနှစ်တွင် မင်းစေတီကြီးကို တည်ခဲ့ရာ လင်ပန်းမြောက်စေတီဟု တွင်သည်။

ဤစေတီတော်ကြီးမှာ မုတ်ဆိတ်တော်စေတီမှ အရှေ့ဘက်ပေ ၅၀၀ခန့်အကွာ မြေပြန့်လွင်ပြင်တွင် တည်ရှိသည်။ စေတီကို ကျောက်တန်တိုင်းနှစ်ထပ်ဖြင့် ကာရံထားသည်။ အတွင်းဘက်တံတိုင်း နံရံပတ်ပတ်လည်တွင် ကြွေရည်သုတ်အုတ်ခွက်ပန်းများဖြင့် အလှချယ်ထားသည်။ ပန်းပွင့်တစ်ပွင့်စီမှာ တစ်ပေခွဲခန့် အချင်းရှိ၍ အလယ်ခေါင်တွင် စက်ဝိုင်းသဏ္ဌာန် ဝတ်စုံအဖြူရှိပြီး ပွင့်လွှာ(၄)လွှာပါရှိသည်။ အရောင်ရှစ်မျိုးပါရှိသည်။ တံတိုင်းတစ်ဘက်စီတွင် ပန်းပွင့်ကြီး (၁၁၆)ပွင့် ပန်းပွင့်ငယ် (၂၄၀)ရှိသည်။ ယခုအခါ အပြည့်အစုံမရှိတော့။

ဘုရားသို့ဝင်ရန် အရှေ့နှင့်အနောက်ဘက်တို့တွင် ဂိတ်ပေါက်တစ်ခုစီကို မြေပြင်မှ ၆ပေခန့်မြင့်ပြီး ဖောက်ထားသည်။ စေတီတော်ကြီးမှာ ရှစ်မြှောင့်ပုံဖြစ်သည်။ တစ်မြှောင့်လျှင်(၃၃)ပေရှိသည်။ ပထမပစ္စယံထောင့်များတွင် ရာဇပလ္လင် ပေါင်းကူးမုခ်ဦးများဖြင့် ဂူသွင်းဘုရားတစ်ဆူစီ ရှိသည်။ အရှေ့ဘက်မုခ်မှာ အလွန်လှပသော ကျောက်ဆစ်လက်ရာများဖြင့် ပြုလုပ်ထားသည်။ ပုလ္လင်အောက်တစ်ဘက်တစ်ချက်တွင် စောင်းတီးနေသော လူရုပ်တစ်ရုပ်ကို ရှေးခေတ်အဝတ်အစားဖြင့် မြင်တွေ့နိုင်သည်။ ဂူထဲရှိ ရုပ်ပွားဆင်းတုတော်မှာ ဦးခေါင်းမုဏီတော်၌ ကြာပွင့်ပုံပါရှိသော ပဒုမုတ္တိရ်ရဘုရား ပုံတော်မျိုးဖြစ်သည်။ စေတီတော်၏အောက်ခြေပတ်လည်မှာ (၂၆၄)ပေ ရှိ၍အမြင့်မှာ ယခင်က (၁၂၀)ပေရှိခဲ့သည်။ ယခုဉာဏ်တော်ထိပ်ပိုင်းပြုတ်ကျနေပြီးဖြစ်ရာ (၇၅)ပေခန့်ရှိသည်။ ၎င်းအပြင် စေတီ၏သပိတ်မှောက်ကို မသမာသူများ ထွင်းဖောက်ထား၍ စေတီမှာ အရှေ့ဘက်သို့ အနည်းငယ် တိမ်းစောင်းနေသည်။ စေတီတော်၏ အရှေ့မျက်နှာစာတွင် အာရုံခံသိမ်တစ်ခုရှိသည်။ သိမ်၏ရင်ပြင်တော်တွင် ပန်းမြောက်ပန်းနွယ်များ ပါရှိသော ကြွေရည်သုတ်အုတ်ချပ်များဖြင့် ခင်းထားသည်။

## ထူပါရုံစေတီ

လင်ပန်းမြောက်စေတီတော်မှ မြောက်ဘက်ပေ(၃၀၀)ခန့်အကွာည ပြန့်ပြူးသောမြေပြင်တွင် ထူပါရုံစေတီရှိသည်။ ဤစေတီကို သက္ကရာဇ်(၈၅၆)ခု၊ ခရာဇ် (၁၄၉၄)ခုနှစ်တွင် မြောက်ဦးရွှေမြို့တော်၏ ခြောက်ဆက်မြောက်သော ဘုရင်မင်းရန်အောင်က စတင်တည်ထားခဲ့သည်။ သက္ကရာဇ် (၉၇၅)ခု၊ ခရာဇ်(၁၆၁၃)ခုနှစ်တွင် ဘုရင်မင်းခမောင်းနှင့် မိဖုရားကြီး သျှင်ထွေးတို့က ထပ်မံပြုပြင်ခဲ့သည်။

စေတီတော်ကြီးကို မာကြောသော ကျောက်ညိုအကောင်းစားများဖြင့် တည်ဆောက်ထားသည်။ အောက်ခြေမှာ ရှစ်ထောင့်ဖြစ်ပြီး ကြာစွယ်၊ ကြာဖူး၊ ပုံများအပြည့် ထွင်းထုထားသည်။ ပစ္စယံနှစ်ဆင့်တွင် အရပ်လေးမျက်နှာဘက်၌ မုခ်ဂူများရှိပြီး ရုပ်ပွားဆင်းတုတစ်ဆူစီ ရှိသည်။ အတွင်းတံတိုင်းတွင် ခြင်္သေ့ကိုယ်နှင့် လူ့ခေါင်းပါရှိသော မနုသီဟရုပ်တုလေးခုရှိသည်။

စေတီတော်၏ အောက်ခြေပတ်လည် ပေ(၂၈၀)ခန့်ရှိသည်။ အပေါ်ပိုင်း ကြာလှန်အထိရှိ၍ ပေ(၈၀)ခန့်မြင့်သည်။ စေတီတော်၏ အရှေ့ဘက်မျက်နှာစာတွင် အာရုံခံကျောက်သိမ်တစ်ခုရှိသည်။ လေးထောင့်ပုံနံရံကို တွေ့နိုင်သေးသည်။ သိမ်ထဲတွင် ကျောက်ဆင်းတုတော်များမှာ ကြိုးပဲ့ပုံနေသည်။ စေတီတော်၏ အနောက်တောင်ထောင့်တွင် ဂူငယ်တစ်ခုကို ပြိုပျက်လျှက် တွေ့နိုင်သည်။ ရခိုင်ရာဇဝင်တွင် ထူပါရာမစေတီဟု တွေ့ရသည်။ ၎င်းအပြင် စေတီအနီးတွင် သိမ်တော်ကြီးနှင့်တကွ ရတနာ့ဗိမာန်ကျောင်းတော်ကို ဆောက်လုပ်တော်မူ၍ သံဃရာဇာဆရာတော်အား သက္ကရာဇ်(၉၇၅)ခု ဝါဆိုလပြည့် စနေနေ့တွင် တင်လှူတော်မူသည်၊"ဟု ဖော်ပြထားရာ ဘုရင်မင်းခမောင်းသည် စေတီတော်အပြင် အခြားသော သာသနိက အဆောက်အဦးဖြစ်ကြသည့် ကျောင်းကန်၊ ဇရပ်၊ ရေတွင်း၊ ရေကန်များဖြင့် ပြည့်စုံစွာ လှူဒါန်းခဲ့ပေလိမ့်မည်။ လွန်ခဲ့သည့် နှစ်တစ်ရာကျော်ခန့်က ဤနေရာသို့ ရောက်ရှိသော သုတေသနပညာရှင် ဒေါက်တာဖော်ချီးမားက ဘုရား၏အရှေ့ဘက်တွင် ရေကန်တစ်ကန်ရှိကြောင်း ဆိုပါသည်။ မိဖုရားကြီး၏ လှူဒါန်းပုံကိုလည်း မှောက်သားတော် မိဖုရားခေါင်သည် ဒါန၊ သီလ၊ ဥပုသ်သီတင်းသုံးခြင်းကို မြဲမြံစွာ တည်ဆောက်

တော်မူ၍ ဘဝရှင်ကောင်းမှုတော် ထူပါရာမစေတီနှင့်ပြိုင်လျှက် ထူးဆန်းလျှောက်ပတ်စွာ ရတနာနှင့်တကွ ရတနာ ရွှေကျောင်းတော်ကိုလည်း ဆောက်လုပ်လှူဒါန်းတော်မူ၏ဟု သမိုင်းတွင် တွေ့ရသည်။

ဤစေတီတော်၏ မဟာရံတံတိုင်းနှစ်ထပ်ကြားတွင် ဇီဝိတဒါန ဆေးရုံတစ်ရုံကိုလည်း လှူဒါန်းခဲ့သည်။ ဆေးစပ်သူငါးရာ၊ ရှာသူငါးရာ၊ ဆေးပေးသူ ငါးရာ၊ သမားတော် ငါးရာ၊ တို့နှင့် ဆေးဝါးအတတ်ပညာ၌ အထူးကျွမ်းကျင်လိမ္မာသော အရိယာထေရ်မြတ်တစ်ပါး ထပ်မံအုပ်ချုပ်ကုသပေးသည်။

ယခုအခါ စေတီတော်မြတ်ကြီးမှာ ပျက်စီးယိုယွင်းနေပြီးဖြစ်သော်လည်း မြောက်ဦးခေတ် ကောင်းစားစဉ်က ဘုရားဖူးသူ၊ တရားအားထုတ်သူ၊ တရားနာသူများဖြင့် စည်ကားခဲ့ပေလိမ့်မည်။ အထူးသဖြင့် မြောက်ဦးခေတ်ဘုရင်များသည် ဘိသိက်သွန်းခံအပြီး ဤစေတီတော်သို့ လာရောက်ဖူးမျှော်ကာ သာသနာ ဒါယိကာမင်းကောင်းမင်းမြတ်အဖြစ် ခံယူလေ့ရှိကြသည်။ ထူပါရာမဘုရား ပရိဝုဏ်သည်ပင်လျှင် အောင်မြေဟု မင်းအဆက်ဆက်က ကြည်ညိုလေးစားခဲ့ကြသည်။ သို့ဖြစ်ရာ မင်းစိုးရာဇာတို့ ဖူးမျှော်သော စေတီ၊ ကိုးကွယ်သော ဘုန်းကြီးကျောင်း၊ တရားအားထုတ်သော သိမ်ကျောင်းဇရပ် စသည်ဖြင့် အထင်ကရ ဖြစ်ချိမ့်မည်။

ထိုခေတ်အခါက ထူပါရုံစေတီတော်ကြီးနှင့် ပတ်သက်၍ မြောက်ဦးရွှေနန်းရှင်မင်းတရားကြီး မင်းခမောင်းနှင့် မိဖုရားကြီးတို့၏ ကြိုးပမ်းအားထုတ်ပုံကို ယခုခေတ် ဗုဒ္ဓဘာသာဝင်များ အရေးတယူ ကုသိုလ်ပွားများနိုင်ရန် ရခိုင်သမိုင်းတွင် မှတ်တမ်းတင်ထားခဲ့ပုံကို ဖော်ပြပါမည်။ "အထောင်မကသော ပန်းရံသမားတို့အား များစွာသော ဆုလာဘ်ကို ပေးတော်မူလျက် စိန်သားပကတိအတိုင်း မာကျောသော ကျောက်ညိုတို့ကို မြို့ဝန်၊ ရွာစား၊ နယ်စာတို့အား ယူချေစေ၍ ဆန်းကျယ်သောတံတိုင်း မီးတားတို့နှင့်တကွ သက္ကရာဇ်(၉၇၅)ခု။ တန်ဆောင်မုန်းလဝယ် ကောင်းမှုတော်ထူပါရာမ စေတီတော်ကို စတင်တည်တော်မူသည်။

သက္ကရာဇ်(၉၇၇)ခု တိုင်လတ်သော် ကောင်းမှုတော် ထူပါရာမစေတီတော်သည် အပြီးတိုင်လက်ရကာ ဌာပနာ တိုက်သွင်းအံ့ဟု စီရင်တော်မူသည်မှာ မြောက်ဦးရွှေနန်းတောမှသည် ကောင်းမှုစေတီတိုင်အောင် ကြီးကျယ်စွာသော မင်းပွဲသဘင်ကို စီရင်တော်မူ၍ ဘုရားရှင်၏ သရီရဓာတ်တော် မွေတော်တို့ကို ပတ္တမြားရတနာအထိ စီသော ရွှေကြုတ်၌ထည့်၍ ဆင်ဖြူရတနာ ဦးကင်းဝယ်တင်ပြီးသော် ထီးဖြူကနက်ကဒါန်ဖြန့်မိုးလျှက် ပင့်ဆောင်တော်မူသည်။ ထို့နောက် ရွှေ၊ ငွေ၊ သံမိုးကြိုး၊ ကြေး၊ မြ၊ ကျောက်၊ စလင်း စသည်တို့နှင့် သွန်းလုပ်အပ်သော ရှစ်သောင်းလေးထောင်သော ဆင်းတုတော်တို့နှင့်တကွ များစွာသော ရှစ်သောင်းဓာတ်တော်တို့ကို ရတနာမျိုးဖြင့် ပြီးသော ကြုတ်တို့၌ထည့်၍ ရတနာတန်ဆောင်းပြဿဒ်နှင့်တင်ပြီး၊ ခတ္တိယမျိုး၊ ဝေသီယမျိုး၊ သုဒ္ဒိယမျိုး၊ သုတမျိုးတို့အား ဆန်းကျယ်စွာ အထူးထူး အပြားပြားသော အဝတ်တန်းဆာတို့ကို ဆင်ယင်စေကုန်လျက် ကြည်းဆောင်စေကုန်၏။

ထိုနောက်မှ ဘဝရှင်မောင်နှံနှစ်ပါးတို့သည် ရတနာ(၇)ပါးတို့ဖြင့် ဆန်းကျယ်စွာ ချယ်လှယ်အပ်သော ပြဿဒ်ရှင်ရထားတော်ထက်ဝယ် စံပယ်တော်မူ၍ သိန္ဓဝမြင်းက စေလျှက်၊ သားတော် သမီးတော်၊ မျိုးတော် ဆွေတော် မှူးတော် မတ်တော်အပေါင်းတို့ ခြံရံလျှက် ကြွချီတော်မူလေ၏။ ထိုသို့ ကြီးကျယ်စွာသော သဘင်ဖြင့် ဌာပနာတိုက်သွင်း သွတ်ပြီးသော် စေတီတော်၏ အထွဋ်ထောင့်မှသည် အောက်ဘိနပ်တော် မြေထိ၊ တစက်စက် အရောင်ယိုဖိတ် ထွက်လောက်အောင် ကိုယ်လုံးပြည့် ရွှေချတော်မူသည်။

ထို့နောက်မှ ရွှေအတိဖြင့် သွန်းအပ်သော ကကုသိ၊ ဂေါဏာရုံ၊ ကဿဖ၊ ဂေါတမ ရှင်ပင်လေးဆူပွင့်ဟန် စီရင်၍ အရှေ့အနောက်တောင်မြောက် လေးမျက်နှာဝယ်၊ ရတနာမုခ်လေးခု ပြုလုပ်၍ တည်ထားကိုးကွယ်တော်မူလေသည်။ တံခါးဝလေးခု ထောင့်လေးထောင့်၌လည်း ရတနာပြဿဒ်ရှစ်ဆောင် ဆောက်လုပ်တော်မူလေသည်။ ကောင်းမှုတော်၏ ရင်ပြင်တော်ကိုလည်း မဟာရံနှစ်ခုနှင့် စေတီတော်အကြားဝယ် မြအင်းပျဉ်ခင်းဘိသကဲ့သို့စဉ် ရေသုတ်အုတ်ချပ်တို့နှင့် စီခင်းလေသည်။

ဘုရားကို သုတ်သင်ရှင်းလင်းစီမံသောငှါဟူ၍လည်း၊ ဆွမ်းတင်၊ ပန်းတင် သင်ချီတို့ကို အသင့်စေတော်မူလျှက်၊ ညနံနက်တို့၌ သံစည်သံ၊ ကြေးစည်သံ၊ လင်းခွင်းသံ၊ တပိုးသံ၊ ခေါင်းလောင်းသံ၊ ခရုသင်းသံ၊ မောင်းသံတို့ဖြင့် မဆိတ်ညံ့ ကြောင်းကိုလည်း အသင့်လျင် စီရင်တော်မူ၏။ ထိုစေတီတော်၏ အနောက်အဘို့ဝယ်လည်း တစ်ခုသဿဘအမှူစီ ကျယ်ဝန်းသော ဝက်ပါတောင်သဏ္ဍာန် ကောက်ကွေ့စွာသော တောင်ကြားဝယ် မဟာဝိဟာရတောင်ညိုတိုက်တော်ဟူ၍ တည်ထားဆောက်လုပ်တော်မူပြီး ဆေးအတတ်၌ ကျွမ်းကျင်လိမ္မာလှစွာသော ဇီဝကဟူ၍ အမည်ရှိထသော အရိယာ ထေရ်မြတ်တပါးကို ဆေးကောက်သား၊ ဆေးထောင်းသား၊ ဆေးဖော်သား တို့နှင့်တကွ သင်္ဃီက လယ်မြေလှူတော်

မူလျက် အရပ်ရှစ်မျက်နှာမှ လာရောက်ကြကုန်သော အနာသည်တို့အား ချက်ချင်းကောင်းမွန်အောင် ကုသစေတော်မူ၍ ဆေးတည်းဟူသော အလှူကို ဆေးရုံကြီးသဘွယ် စေတီတော်၏အနီးတွင် ဆောက်လုပ်အပ်သော မဟာသိမ်တော်ကြီးက နေစေပြီးလျှင် နေ့ညမပြတ် လှူတော်မူစေကုန်၏။

## သာရပဗ္ဗတစေတီ

ထူပါရုံစေတီ၏ အနောက်တောင်ဘက် ပေ(၁၅၀)ခန့်အကွာ ပေ(၁၅၀)ခန့်မြင့်သော သာရပဗ္ဗတ တောင်ကမ်းပေါ်တွင် တည်ရှိသည်။ မုတ်ဆိတ်တော်စေတီနှင့် ပို၍နီးသည်။ မဟာရံတံတိုင်း လေးဘက်ကာရံထားသည်။ မုတ်ဆိတ်တော် စေတီနှင့်ပို၍နီးစပ်သည်။ မဟာရံတံတိုင်း လေးဘက်ကာရံထားသည်။ အရှေ့ဘက်မှဝင်ရသည်။ တံတိုင်း၏ အလျားမှာ(၁၃၄ပေ)၊ အနံ(၈၄ပေ) ရှိသည်။ စေတီတော်မှာ ကျောက်သားပကတိဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်ထားသည်။ စေတီ၏အောက်ခြေမှာ တစ်ဘက်စီ(၅၄ပေ)ရှိ၍ အမြင့်လက်ရှိ (၂၁ပေ)ခန့်မြင့်သည်။ ပထမပစ္စယံနှင့် ဒုတိယပစ္စယံတို့မှာ ကျောက်သားဖြစ်ကာ၊ ခြင်္သေ့ရုပ်ဆင်နှင့် သမင်ရုပ်၊ ခြူးပန်းခြူးနွယ် ပန်းပုရုပ်ကြွများ ထုလုပ်ထားသည်။ တတိယပစ္စယံမှာ လေးဘက်မတ်စောက်သော မဟာဗောဓိပုံစံမျိုးဖြစ်သည်။ ဤအပိုင်းကို အုတ်ဖြင့် တည်ဆောက်ထားသည်။

စေတီတော်၏ အရှေ့ဘက်မျက်နှာစာတွင် သိမ်တော်ရာအဟောင်း တစ်ခုရှိသည်။ ပျက်စီးနေပေပြီ။ ပျက်စီးနေသော အဆိုပါသိမ်တော်ထဲတွင် ဉာဏ်တော် (၅ပေ)ခန့်ရှိ၍ ကျောက်ဆစ်ရုပ်ပွားတစ်ဆူကို ဖူးတွေ့ရသည်။ ပုလ္လင်တွင် ကြာမှောက်ကြာလှန်များ ပါရှိသည်။ စေတီတော်၏ ပုရိဝုဏ်အတွင်းတွင် စေတီတော်မှ ပြုတ်ကျနေသော ကျောက်ဆစ်လက်ရာများ ပြန့်ကျဲနေသည်။ ကျန်ခဲ့သော နှစ်အနည်းငယ်ခန့်က ဘုရားရင်ပြင်တော်ကို ရှင်းလင်းကြစဉ် မမျှော်လင့်ပဲ ရုပ်တော်မူ ရုပ်ပွားတော်တစ်ဆူ၊ ဗုဒ္ဓဝင်ဆယ်ခန်းတွဲ အဋ္ဌကူကျောက်ပြားတစ်ချပ်နှင့် အုပ်ခွက်ဘုရားများ ရရှိခဲ့သည်။

မတ်ရပ်ဆင်းတုတော်၏အောက်ခြေ စမ္မခံပတ်လည်တွင် သက္ကတဘာသာဖြင့် ရေးထိုးထားသော စာတန်းငယ်တစ်ခုပါရှိသည်။ ထိုစာတန်းငယ်မှာ ဝေသာလီခေတ်(အေဒီ ၄ ရာစုမှ ၉ရာစု)ထွန်းကားခဲ့စဉ်က ရခိုင်ပြည်အနှံ့ စေတီဘုရားပျက်များမှ တွေ့ရှိခဲ့ရသည့် ယေဓမ္မာဂါထာတော် တစ်ပိုင်းတစ်စပင် ဖြစ်သည်။ မြောက်ဦးပြတိုက်တွင် သိမ်းဆည်းပြသထားသည်။ လက်ရေးလက်သားပညာအရ (အေဒီ၄ရာစုမှ ၈ ရာစု)အတွင်း ရေးသားခဲ့သည့်စာဖြစ်သည်။

အဆိုပါကျောက်စာအရ ဤစေတီမှာ ဝေသာလီခေတ်ဘုရင်များ စတင်တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် နှောင်းခေတ်ဘုရင်များက ရှေးဘိုးတော်တို့၏ ကောင်းမှုတော်စေတီများမှ တွေ့ရှိရသည့် ဌာပနာပစ္စည်းများကို အသစ်ထပ်မံ၍ ဌာပနာခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ သို့သော် ဝေသာလီခေတ် နတ်ရုပ်များနှင့် ကျောက်ဆစ်လက်ရာအကျိုးအပဲ့များကို ထောက်၍ ဝေသာလီခေတ်က စတင်တည်ထားခဲ့မည်ဟု ခန့်မှန်းရပေသည်။ ရရှိသော အုတ်ခွက်ဘုရားတွင် နရနုစောမွန် (အေဒီ ၁၄၃၃-၁၄၅၉)၊ အမည်ကို တွေ့ရ၍ ထိုဘုရင်က ထပ်မံပြင်ဆင်ခဲ့ပေမည်။ သမိုင်းအရ မင်းဗင် (အေဒီ ၁၅၃၁-၁၅၅၃)နှင့် နရပတိကြီး (အေဒီ ၁၆၃၈-၁၆၄၅)တို့က ထပ်မံမွမ်းမံ ကုသိုလ်ပြုခဲ့ကြောင်း တွေ့ရသည်။

## ပိဋကတ်တိုက်

ထူပါရုံစေတီတော်မှ အရှေ့မြောက်ဘက်သို့ ကိုက် ၁၀၀ခန့်လာသော် ပိဋကတ်တိုက်သို့ ရောက်သည်။ အေဒီ (၁၅၉၁)ခုနှစ်တွင် မြောက်ဦးဘုရင် မင်းဖလောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဗုဒ္ဓဘာသာဆိုင်ရာ စာပေကျမ်းဂန်များကို သဘာဝဘေးဒဏ်နှင့် မသမာသူများ လက်ချက်တို့ဖြင့် မပျက်စီး၊ မပျောက်ပျက်ရလေအောင် စနစ်တကျထားသိုရာ အဆောက်အဦးလည်း ဖြစ်သည်။ မြောက်ဦးခေတ် ဘုရင်များသည် မိမိကုသိုလ်ကောင်းမှု စေတီပုထိုးနှင့်တွဲ၍ ဓမ္မစေတီအဖြစ် ပိဋကတ်တိုက်များကို ပါဝင်လှူဒါန်းလေ့ရှိရာ ဤကဲ့သို့ ပိဋကတ်တိုက်မျိုး မြောက်ဦးမြို့တော်တွင် (၄၀)ခု ရှိလေသည်။ မဟာမုနိဘုရားကြီး၏ ပရဝုဏ်တွင်လည်း အလားတူ ကျောက်သားအတိဖြင့် ဆောက်လုပ်ထားသော ပိဋကတ်တိုက်တစ်ခု ရှိခဲ့လေသည်။

မြောက်ဦးရွှေမြို့တော်ရှိ အခြားသော ပိဋကတ်တိုက်တော် အများစုမှာ ယိုင်လဲပြိုပျက်သွားခဲ့ကြပြီး ဖြစ်သော်လည်း ဤပိဋကတ်တိုက်မှာ ယနေ့တိုင် မပျက်မစီးပဲ ရှိနေရာ ၎င်း၏လှပသော ကျောက်ဆစ်အနုပညာကို မြင်တွေ့နိုင်ပေသည်။ ခြင်္ကိုက်ပိဋကတ်တိုက်ဟူ၍လည်း လူသိများသည်။ ကျောက်တံတိုင်း လေးဘက်လေးတန် ကာရံထားသည်။ ဝင်ပေါက်မှ အရှေ့ဘက်သို့ မျက်နှာမူ၍ ဂူလမ်းသဘွယ် ဖောက်လုပ်ထားသည်။ အောက်ခြေလေးထောင့် စတုရန်းပုံဖြစ်သော်လည်း ကျောက်နံရံလေးဘက်မှာ အပေါ်သို့ ကလပ်သဖွယ် ကားထွက်သွားသည်။ ပြသဒ်နှင့်တူသည်။ ပန်းခက်၊ စုလစ်မွန်းချွန်၊ စိန်တောင်များကို ဆစ်၍သရုပ်ဖော်ထားသည်။ ရှေးအခါက ရွှေအပြည့်ချထားခဲ့သည့် အထောက်အထားများ တွေ့ရသည်။ ဂူထဲတွင် ကြေးဆင်းတုတော်တစ်ဆူ ရှိခဲ့ကြောင်း သိရသည်။ အရှေ့ဘက် မျက်နှာစာတွင် သိမ်သမုတ်

တိုင်များကို တွေ့ရသည်။ အဆောက်အဦးတစ်ခုလုံး ရွှေအတိချထားခြင်းမှာ အပေါ်တွင် အမိုးတစ်စုံတစ်ရာ ရှိခဲ့မည်ဟု ခန့်မှန်းရသည်။ အောက်ခြေအလျား(၁၄ပေ)၊ အမြင့် (၉ပေ)ရှိသည်။ ရခိုင်သမိုင်းအရ သက္ကရာဇ် (၁၀၀၀)ပြည့် ခရာဇ်နှစ်(၁၆၃၈)ခုနှစ်တွင် နန်းတက်သော လောင်းကြက်စား ငကုသလအမတ်ကြီးသည် နရပတိဘွဲ့ကို ခံပြီးနောက် သီဟို(သီရိလင်္ကာ)မှ ရရှိလာသော ဗုဒ္ဓပိဋကတ်တော်အစုံသုံးဆယ်ကို ဤပိဋကတ်တိုက်တော်အတွင်း ထားခဲ့ကြောင်း သိရပေသည်။

ခြင်ကိုက်ပိဋကတ်ကဲ့သို့သော ဒီဇိုင်းပုံစံမျိုးကို အများအားဖြင့် ဘုန်းကြီးပျံပွဲ ပြဿဒ်အဖြစ် ဝါးနှင့်စက္ကူပေါ်တွင် ဒီဇိုင်းပြုလုပ်၍သော်လည်းကောင်း၊ ဘုန်းကြီးကျောင်းနှင့် နန်းတော်ပြဿဒ်များကို သစ်သားဖြင့်သော်လည်းကောင်း ပြုလုပ်လေ့ရှိကြသည်။ မာကျောလှသော ကျောက်တုံးကျောက်သားကို ဆစ်၍ ပုံဖော်ရသည့်အပြင်၊ တစ်ခုပေါ်တစ်ခု စရွေးကိုက်ဆင့်ရသော အတတ်ပညာမှာ ပညာသားပါလှသည်။ အပေါ်မှ ကျောက်တုံး၏ဖိအား အလေးဒဏ်ကို ခံနိုင်ရန် လိုအပ်သည့်အပြင် အတွင်းဘက် လှိုဏ်ဂူကိုပါ စရွေးကိုက်ပုံဖော်ပေးရသေးသည်။ ဗိသုကာပညာရှင်များ၏ ကျွမ်းကျင်မှုကြောင့် မိုးရေချိန်လက်မ(၂၀၀)ကျော်ရွာသွန်းသော်လည်း ယိုစိမ့်ခြင်းမရှိသည်ထိ စရွေးကိုက် ဆောင်ရွက်ထားသည်မှာ အံ့သြချီးကျူးဂုဏ်ယူစရာ ဖြစ်ပေသည်။

ခြင်ကိုက်ပိဋကတ်တိုက်၏ မြောက်ဘက်ကပ်၍ အုတ်မြို့ရိုးတစ်ခုကို တွေ့ရသည်။ လေးပေခန့်မြင့်၍ နှစ်ပေခန့် ကျယ်သည်။ အရှေ့တောင်မှ အနောက်မြောက်ဘက်သို့ အရှေ့ဘက်တောင်တန်းနှင့် အနောက်ဘက်တောင်တန်းနှစ်ခု ကြား ချိုင့်ဝှမ်းကို ဖြတ်၍ တည်ဆောက်ထားသည်။ ပန်းဈေးမြောင်း ကျုံးမှာ မြောက်ဘက်နားမှကပ်၍ အပြိုင်တည်ရှိ သည်။ ဤနေရာသည် ရှေးအခါက မြောက်ဦးမြို့၏နောက်ဆုံး ခံတပ်ဖြစ်ပြီး၊ စစ်စခန်းချရာ နေရာဖြစ်ခဲ့ပေသည်။

## <u>ပြည်စိုးကြီးစေတီ</u>

ခြင်ကိုက်မြို့တံတိုင်းမှ မြောက်ဘက်သို့ ဆက်သွားပါက နောက်ထပ်မြို့ရိုးတံတိုင်းတစ်ထပ် တွေ့ရပေသည်။ ၎င်းမှာ သီရိကုန်းဘောင်ဟု ခေါ်သည်။ မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံသော ကုန်းမြေဟု အဓိပ္ပါယ်ရသည်။ ဤမြို့ရိုး၏မြောက်ဘက်တွင် ကျုံးစို၊ ကျုံးခြောက်နှစ်မျိုးစလုံးကို ကျယ်ပြန့်စွာတွေ့ရသည်။ အနီးရှိတောင်စွယ်နှစ်ခုကို ကန့်လန့်ဖြတ်ဆည်ဖို့၍ တစ်မိုင်ခန့်ရှည်သော ကျုံးပင်လယ်ကိုပါ ပြုလုပ်ထားရာ ၎င်းတွင် တစ်နှစ်ပတ်လုံး ရေအပြည့် ဖြည့်ထားသည်။ ဤကျုံးပင်လယ်ကို မဟာဇမ္ဗူဟာအရ အုပ်မိုး၍အနီးရှိ တောင်ကုန်းပေါ်တွင် အမြင့်ဘောင်ခံတပ်ကို အခိုင်အမာ တည်ဆောက်ထားသည်။

သီရိကုန်းဘောင်မှာ အရှေ့ဘက်သို့ ကိုက်သုံးရာခန့် တောင်ကြောအတိုင်း ဖြတ်လျှောက်လာပါက ပြည်စိုးကြီး ဘုရားကိုတွေ့ရသည်။ ဘုရားအနီးတွင် ခြင်ကိုက်ပိဋကတ်ကဲ့သို့သော ကျောက်ပိဋကတ်တိုက်တစ်လုံးရှိသည်။ လှပသော ကျောက်ဆစ်လက်ရာများကို ခြင်ကိုက်ပိဋကတ်တိုက်ကဲ့သို့ပင် ထုလုပ်ထားသည်။ ဤဘုရားနှင့် ပိဋကတ်တိုက်တော်ကို ပြည်စိုးကြီးတစ်ဦးဆောက်လုပ်လှူဒါန်းခဲ့၍ ပြည်စိုးကြီးဘုရားဟု တွင်သည်။**"ပြည်စိုးကြီး"** ဟူသည်မှာ ရာထူးမျှသာဖြစ်၍ လူအမည်မဟုတ်ချေ။ ယခုခေတ် ဝန်ကြီးချုပ်ရာထူးမျိုးဖြစ်သော အမတ်ချုပ်ရာထူးပင် ဖြစ်သည်။ ဘုရင်နှင့် အိမ်ရှေ့မင်းပြီးလျှင် အာဏာအရှိဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။

အရှေ့ဘက်တောင်စွယ်၏အဆုံးတွင် မင်းသမီးရေတံခါးကို တွေ့ရသည်။ ကျောက်သားဖြင့် စနစ်တကျ ပြုလုပ်ထားသည်။ အမြင့် ၉ပေ၊ အကျယ် ၁၀ပေနှင့် ပေ ၃၀ ရှည်သည်။ ဤတံခါးမှာ အတွင်းရေ၊ အပြင်ရေကို လိုသလို ထိန်းချုပ်နိုင်သည်။ အတွင်းဘက်မှ ရေသန့်ဖြစ်၍ လူသုံးရေအဖြစ်လည်းကောင်း ရေကူးကန်အဖြစ်လည်းကောင်း၊ တခါတရံမင်းသမီးများ အပျော်လှေလှော်ကစားရာ ရေပြင်အဖြစ်လည်းကောင်း အသုံးပြုခဲ့ကြောင်း သိရသည်။ စစ်ရေးအတွက်လိုအပ်ပါက ဤတံခါးမှရေကို ဖောက်ချ၍ သီရိကုန်းဘောင် ကျုံးခြောက်အား ရေအပြည့်ဖြည့်ကာ ရေကျုံး၊ ကျုံးပင်လယ်အဖြစ် ချက်ချင်းပြောင်းလဲ ပစ်နိုင်ပေသည်။

မင်းသမီးတံခါးနှင့် ပြည်စိုးကြီးဘုရားတို့မှ အရှေ့မြောက် ယွန်းယွန်းဘက်ရှိ မြို့ရိုးတံတိုင်းများ၊ တောင်ကြော များကို ဖြတ်သန်းခဲ့ပြီး၊ နောက်လက်ယာကုန်းတွင် တချိန်က နာမည်ကြီး ခံတပ်တစ်ခုဖြစ်သော ရဲလှခံတပ်ကို တွေ့ရ သည်။ ၎င်း၏ပတ်လည် တောင်ခြေတစ်လျှောက်တွင် ရဲလှခံတပ်မှ ထိန်းချုပ်ထားသော ရဲလှကျုံးရှိသည်။ ကျုံး၊ ရေကို ကျုံးစို၊ ကျုံးခြောက် လိုသလို အသုံးပြုနိုင်ရန် နတ်ဒုံရေတံခါးနှင့် ရဲလှကြီးရေတံခါးနှစ်ခုကို ကျွမ်းကျင်စွာ တပ်ဆင်ထား

သည်။

ရဲလှခံတပ်၏မြောက်ဘက်တွင် မင်းသားကြီးကုန်းရှိသည်။ ဘေးပတ်ဝန်းကျင် တောင်ကုန်းများ၊ ခံတပ်များကို သူရဲပြေးများ ဆက်သွယ်ထိန်းချုပ်ထားသည်။ ဤကုန်းငယ်မှာ ပေ ၇၀ မြင့်၍ ပေ ၂၀၀ရှည်ကာ ပေ ၁၇၀ ခန့် ကျယ်ဝန်းလေသည်။ ရှေးအခါက ဤကုန်းမှာ မြောက်ဦးရွှေမြို့တော်၏မြောက်ဘက် စစ်မျက်နှာ၊ လုံခြုံရေး၊ နယ်မြေ အင်အား ထိန်းချုပ်ပေးရသော အိမ်ရှေ့စံမင်းသား၏ အထူးအိမ်တော်ရာပင် ဖြစ်သည်။

## အနော်မာဘုရား

အနော်မာဘုရားမှာ ခြင်ကို ပိဋကတ်တိုက်၏တောင်ဘက် ကိုက်တစ်ရာခန့် အကွာတွင် တည်ရှိသည်။ မြောက်ဦးဘုရင် စလင်္ကာသူ(ခရစ် ၁၄၉၄-၁၅၀၁)၏သမီးတော် အနော်ဇာမင်းသမီး၏ ကောင်းမှုဖြစ်သည်။ ရေဆင်းရေ ထွက်ကောင်းမွန်သော တောင်ခြေမြေပြင်တွင် တည်ရှိသည်။ သက္ကရာဇ် ၈၆၃ (အေဒီ ၁၅၀၁)ခုနှစ်တွင် တည်ထားကိုး ကွယ်ခဲ့သည်။ ဘခမည်းတော် စလင်္ကာသူသည် တေဇရာမစေတီတော်ကို တည်ဆောက်စဉ် သမီးတော် အနော်ဇာမင်းသမီး သည် သဒ္ဓါစိတ်ပြင်းပြရကား ဖခမည်းတော် မယ်တော်တို့၏ ခွင့်ပြုချက်အရ အပျိုစဉ်ဘဝကပင် တည်ထားကိုးကွယ်ခဲ့ သည်။ မှတ်တမ်းများအရ အောက်ခြေဘိနပ်တော်နှင့် အပေါ် ပစ္စယံလေးထပ်တို့မှာ စတုရန်းပုံဖြစ်ကာ အမြင့်ဆုံးပိုင်းမှာ အဝိုင်းပုံဖြစ်သည်ဟု ဆိုသည်။ မည်သို့မျှ ထွင်းထုထားခြင်းမရှိပဲ လုံးချောဖြစ်သည်။ အောက်ခြေအဝန်းမှာ ၁၆၈ ပေရှိသည်။

ယခုအခါ ၉ပေခန့် ဉာဏ်တော်ရှိသော ကျောက်ညိုဆင်းတုတော်တစ်ဆူကို ဖူးတွေ့နိုင်သည်။ ကျောက်သားဂူ ဖြင့် ကာရံထားသည်။ ပလ္လင်တော်တွင် ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဇာတ်များကို ထွင်းထုထားသည်။ တိရိစ္ဆာန်ပုံ များ၊ ခြူးပန်းခြူးနွယ်များဖြင့် လှပစွာ တန်ဆာဆင်ထားသည်။

အနော်မာဘုရားမှ အနောက်တောင်ဘက် ကိုက်အနည်းငယ် အကွာတွင် ရွှေကြာသိမ်ဘုရားရှိသည်။ ဤဘုရား ကို သဲကျောက်ဖြင့် ပြုလုပ်ထားသည်။ အပေါ်ပစ္စယံတွင် ကြာပန်းများနှင့် အနုပညာမြောက်စွာ ထုလုပ်ထားသည်။

## မင်းပေါင်းစေတီ

အလယ်စေတီဟုလည်း ခေါ်သည်။ အနော်မာဘုရား၏ တောင်ဘက်ပေ ၅၀ခန့်အကွာ တောင်ကုန်းငယ်ပေါ် တွင် တည်ရှိသည်။ ဤစေတီကို မင်းခမောင်းဘုရင် (အေဒီ ၁၆၁၂-၁၆၂၂)၏ မိဖုရား နရပတိကြီး(အေဒီ ၁၆၃၈- ၁၆၄၅)၏ ယောက္ခမတော်မိဖုရားသျှင်ထွေးက သက္ကရာဇ် ၁၀၀၂ခု၊ မရစ်-၁၆၄၀ တွင် တည်ထားကိုးကွယ်ခဲ့သည်။

စေတီတော်ကို နဂါးရုပ်ကြီးများ တွန့်လိမ်နေဟန် ပြုလုပ်ထားသော မဟာရံတံတိုင်းနှင့် ကာရံထားသည်။ ပတ်လည် ၂၉၀ပေ။ အမြင့် ၄၀ပေ ရှိသည်။ စေတီတော်အပေါ်ပိုင်း ကြိုးပြတ်နေပြီ၊ မဟာရံတံတိုင်း၏တောင်ဘက်နှင့် အနောက်ဘက်တို့တွင် လှေကားတစ်ခုစီရှိသည်။ စေတီတော်၏အရပ်လေးမျက်နှာတွင် မုခ်ဖွင့်လှေကားတစ်ခုနှင့် ဆင်းတုတော်တစ်ဆူ ရှိသည်။ အပြင်ဘောင်းရစ်နှင့် လှေကားဘောင်တို့တွင် ခြေလေးဘက်ပါသော နဂါးရုပ်ငယ်များ ထွင်းထုထားသည်။ အရှေ့စေတီတော်လှိုဏ်ဂူအတွင်းသို့ ဝင်ရန် ဂူပေါက်ငယ်တစ်ခုရှိရာ အဆိုပါဂူငယ်မှာ အရှေ့မှ အနောက်၊ မြောက်မှတောင်သို့ တစ်ဆောင်ဆစ်ကွေ့သဏ္ဌာန် ထူးထူးခြားခြားပြုလုပ်ထားသည်။ လှိုဏ်ဂူအဆုံးတွင် ဉာဏ်တော် ၂ပေကျော်ရှိ ဆင်းထုနှစ်ဆူကို တွေ့ရသည်။

## မဟာဗောဓိရွှေဂူ

အလယ်စေတီခေါ် မင်းပေါင်းစေတီတောင်ဘက်သို့ ကိုက်တစ်ရာခန့်အကွာ လင်ပန်းပြောက်စေတီ၏ အရှေ့ တောင်ခပ်ယွန်းယွန်း အကွာအဝေးတူမျှတွင် မဟာဗောဓိရွှေဂူစေတီ တည်ရှိသည်။ နတ်တောင်တန်း ခေါ် ဟိမာန် တောင်တန်း၏ အနောက်ဘက်သို့ ထိုးထွက်နေသော တောင်စွယ်သုံးခုအနက် မြောက်ဘက်အစွန်ဆုံး ပထမဆုံး တောင်စွယ်တွင် ထီးထီးမားမား မြင်တွေ့နိုင်သည်။ ဤစေတီကို မြောက်ဦးခေတ်၏ တတိယမြောက်ဘုရင် ဘစောဖြူ မင်းသည် သက္ကရာဇ် ၈၃၂-ခု၊ ခရာဇ်နှစ် ၁၄၇၀တွင် တည်ထားခဲ့သည်။

စေတီတော်မှာ ရတနာပုံစေတီတော်ကဲ့သို့ပင် ခေါင်းလောင်းကို မှောက်ထားသောပုံဖြစ်သည်။ အောက်ခြေမှ

အပေါ်ဆုံးထီးတော်ထိ ရှစ်မြောင့်ပုံရှိရာ တစ်မြောင့်လျှင် တစ်ဆယ့်သုံးပေခွဲနှုန်းနှင့် အောက်ခြေအဝန်း ၁၀၆ပေရှိသည်။ ဉာဏ်တော်မှာ ၃၀ပေရှိသည်။ ကျောက်ညိုကျောက်တုံးကြီးများအား တိကျစွာ ဆစ်ထစ်ပြီး၊ ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်ထားသည်။ အဌဂံပုံထောင့်ချိုးများတွင် နံသင့်ရာဂြိုဟ်နတ်ရုပ်များ ရှိသည်။

စေတီတော်ထဲသို့ဝင်ရန် အရှေ့ဘက်ခြမ်းတွင် ဂူဝင်လမ်းတစ်ခု ဖောက်ထားသည်။ ဂူဝင်လမ်း ဝဲယာတစ်ဘက်တစ်ချက်တွင် ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဇာတ်တော်များမှ သရုပ်ဖော်ပုံများကို အပြည့်ထွင်းထုထားသည်။ သရုပ်ဖော်ရုပ်ထုများတွင် မြောက်ဦးခေတ် ဝတ်စားဆင်ယင်ပုံကို အတော်ပင်ပြည့်စုံစွာ လေ့လာနိုင်သည်။ ဘုရင်မိဖုရားပုံ၊ မူးမတ်ပုံ၊ စစ်သူကြီးပုံ၊ ဆင်မြင်းပုံ အစုံအလင်ပါရှိသည်။ ဤရုပ်ထု၏အပေါ်ပိုင်းအလွှာတွင် ဗုဒ္ဓဆင်းတုတော်များကို စီတန်းထုလုပ်ပူဇော်ထားသည်။

ဂူအတွင်းရှိ ဂန္ဓကုဋိတိုက်တော်ထဲတွင် ဉာဏ်တော် ၆ပေခန့်ရှိ ကျောက်ဆင်းထုတစ်ဆူ ရှိသည်။ ပုလ္လင်တော်မှာ ကျောက်တစ်လုံးကို ခြူးပန်းခြူးနွယ်များ ဗုဒ္ဓနုစဉ်အခါက ဖြစ်တော်စဉ်များကို ရခိုင်ဟန်သက်သက်ဖြင့် သရုပ်ဖော်ထွင်းထုထားသည်။ ဆင်စီးသူရဲ၊ ဒါးကိုင်သူရဲ၊ မြင်းစီးသူရဲများ၏ပုံကို တွေ့ရသည်။ ဂူတော်ကြီး၏အမိုး အလယ်ခေါင်တည့်တည့်တွင် ကြာပွင့်ကြီးသဏ္ဌာန်ပြုလုပ်ထားရာ ကြာဝတ်ဆံများ ပွင့်ဖတ်များ ထုလုပ်ထားပုံမှာ အလွန်ပင်ရှုချင်စဖွယ်ဖြစ်သည်။

## ရတနာစံရွှေး

မဟာဗောဓိရွှေဂူမှ ကိုက်အနီးငယ်အကွာ တောင်ဘက်ကျသော ဒုတိယတောင်စွယ်တွင် တည်ရှိသည်။ ကုသိုလ်ရှင်မှာလည်း ဘစောဖြူမင်းပင် ဖြစ်သည်။ အဆိုပါမင်းမှာ မြောက်ဦးခေတ်ပိုင်း မင်းများအနက် ဘုန်းတန်ခိုးကြီးမားသော မင်းတစ်ပါးဖြစ်သည်။ ရခိုင်စာပေလောကတွင် နာမည်ကျော်ခဲ့သော ဘဒ္ဒမင်းညိုရေးစပ် သီကုံးခဲ့သည့် ရခိုင်မင်းသမီးဧချင်းမှာ ထိုမင်း၏အမိန့်အရ သူ၏သမီးတော် စောရွှေကြာ မင်းသမီးလေးအတွက် သီကုံးခဲ့သော ပုခက်လွှဲသီချင်းပင်ဖြစ်သည်။

ရတနာစံရွှေးစေတီကို သက္ကရာဇ် ၈၂၁ ခု၊ ခရစ်နှစ် ၁၄၅၉ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ မဟာရံတံတိုင်းဖြင့် ကာရံထားရာ အလျား ၁၁၂ပေ၊ အနံ ၈၈ပေ ရှိသည်။ လှေကားတစ်ခုနှစ် ဝင်ပေါက်ဂိတ် တစ်ခုကို အနောက်ဘက်ခြမ်းတွင် တပ်ဆင်ထားသည်။ ယခုအခါ စေတီတော်ကြီးမှာ ပြိုပျက်နေပေပြီ။ စေတီတော်ကြီးအပေါ်ပိုင်းမှာ အဝိုင်းပုံဖြစ်ပြီး ထိပ်ပိုင်းမှာ မရှိတော့ပေ။ အောက်ခြေ ၁၃၀ပေရှိပြီး လက်ရှိဉာဏ်တော် ၂၈ပေခန့်မြင့်သည်။ စေတီတော်၏အရှေ့ဘက်မျက်နှာစာတွင် ဂန္ဓကုဋိသို့ဝင်ရန် မုခ်ပေါက်တစ်ခုရှိသည်။ မုခ်ပေါက်၏တကဲ မျက်နှာတွင် ကျောက်ဆစ်လက်ရာများ အပြည့်ထွင်းထုထားသည်။ ဂန္ဓကုဋိတိုက်အတွင်း ဉာဏ်တော် ၇ပေရှိ ကျောက်ဆင်းထုတစ်ခုကို တွေ့နိုင်သည်။ ပလ္လင်တော်မှာ အဌဂံရှစ်မြောင့်ပုံ အဆင့်ရှစ်ဆင့်ဖြစ်ပြီး ဆက်ရာ၊ အက်ရာမရှိ ကျောက်သားတစ်လုံးတည်းကို ဆစ်၍ ထုလုပ်ထားသည်။ ရခိုင်ရှေးဟောင်းပန်းချီ၊ ပန်းပုမြောက်များစွာဖြင့် ပလ္လင်အပြည့် ထွင်းထုထားရာ လေ့လာစရာကောင်းလှပေသည်။

## ရတနာမှန်ကင်း

ရတနာစံရွှေးစေတီတော်၏ တောင်ဘက်ကိုက် ၁၀၀ခန့်အကွာ နတ်တောင်၏ တတိယတောင်စွယ်တွင် တည်ရှိသည်။ ဤစေတီတော်ကိုလည်း မဟာဗောဓိစေတီနှင့် ရတနာစံရွှေးစေတီတို့၏ ကုသိုလ်ရှင် ဘစောဖြူဘုရင်ပင် ခရစ် ၁၄၆၈ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပေသည်။ မြောက်ဦးရွှေနန်းရှင် ဘစောဖြူသည် အေဒီ ၁၄၅၉-ခုနှစ်တွင် နန်းတက်ပြီးနောက် ၁၄၈၂ခုနှစ်ထိ တိုင်းပြည်ကို အေးချမ်းသာယာစွာ အုပ်ချုပ်ခဲ့သော ဘုန်းတန်ခိုးအာဏာဖြင့် ပြည့်စုံသော မြောက်ဦးခေတ် ဘုရင်တစ်ပါးဖြစ်သည်။ ကျောက်စာ အုတ်ခွက်စာ အထောက်အထားအရ ဆင်ဖြူရှင်ဘွဲ့ကို ခံယူခဲ့ဘူးသူလည်း ဖြစ်သည်။ လေးအတတ်၌ အထူးတတ်ကျွမ်းသည်ဟု ရာဇဝင်များတွင် ဖော်ပြကြသည်။ ဤသို့ ဘုန်းတန်ခိုးဖြင့် ပြည့်စုံသော ဘစောဖြူဘုရင်သည် မြောက်ဦးရွှေမြို့တော်၏ မြောက်ဘက်၊ နတ်တောင်တန်း၏ တောင်ဘက် တောင်စွယ်သုံးခု၏ထိပ်တွင် စေတီသုံးဆူကို အမြော်အမြင်ရည်ရွယ်ချက် ကြီးစွာဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပေမည်။

ရတနာမှန်ကင်းစေတီအား အနောက်၊ တောင်၊ မြောက် သုံးဘက်တွင် မဟာရံတံတိုင်း ကာရံထားသည်။

အရှေ့မျက်နှာစာမှာ နတ်တောင်ကြီးကို ထိုနံရံတံတိုင်းသဖွယ် ကာရံထားသည်။ အလျား ၁၅၀ပေ အနံ ၇၅ပေခန့်ရှိသည်။ အရှေ့ဘက် တောင်နံရံမှအပ ကျန်တံတိုင်းသုံးဘက်တွင် လှေကားတစ်ခုစီရှိသည်။ စေတီတော်မှာ တစ်ခုလုံးကျောက်သားပကတိဖြင့် တည်ဆောက်ထားသည်။ အပေါ်ပိုင်းကြိုးပြတ်နေပြီဖြစ်၍ လက်ရှိအမြင့် ပေ ၂၀ခန့်သာရှိသည်။ အောက်ခြေပတ်လည် ပေ ၈၀ ရှိသည်။ ဂန္ဓကုဋိတိုက်သို့ ဝင်ရန်အတွက် အရှေ့ဘက်တွင် မုခ်ပေါက်တစ်ခုရှိသည်။ မုခ်ပေါက်တွင် နယားရုပ်၊ ပန်းစားဘီလူးရုပ်၊ ကျီးရုပ်၊ ဟင်္သာရုပ်၊ ခြူးပန်းခြူးနွယ်များ ထုလုပ်တန်ဆာဆင်ထားသည်။ ကျောက်ဆစ်လက်ရာများမှာ စေတီပြိုပျက်စဉ် ပါရှိသွား၍ ယခုအခါ အရှေ့ဘက်မြေပြင်ညီတွင် တွေ့နိုင်သည်။ ဂန္ဓကုဋိတိုက်တော်ထဲတွင် ဉာဏ်တော် ၇ပေမြင့်သော ကျောက်ညိုဆင်းတုတော်ကြီး တစ်ဆူ စံပါယ်လျှက်ရှိသည်။

## ရတနာသိင်္ဃစေတီ

ရတနာမှန်ကင်းစေတီတော်မှ တောင်ဘက်ကိုက် ၁၀၀ခန့်အကွာ တောင်ကုန်းငယ်တစ်ခု၏ထိပ်တွင် တည်ရှိသည်။ ထိုတောင်ကုန်း၏အမည်ကို အစွဲပြု၍ ငရှိတောင်ဘုရားဟုလည်း ခေါ်သည်။ ကျောက်စာတွင် “သက္ကရာဇ် ၉၄၃ ခု၊ စိုင်ခေါင်တောင်၏အရှေ့ဘက် ကလုံတောင်၌ ဘုရားတည်တော်မူ၏။”ဟု တိကျစွာ ပါရှိသည်။ ထိုကျောက်စာအရ ကုသိုလ်ရှင်မှာ မင်းဗာဘုရင်၏မြေးဖြစ်သူ မင်းကြီးညိုမင်းသားဖြစ်သည်။ မင်းတိက္ခာ၏သားတော်တစ်ပါးဖြစ်သည်။ စေတီတော်ကြီးမှာ ကျောက်ညိုဖြင့် တည်ဆောက်ထား၍ စေတီရှစ်ဆူမှာ အုတ်ဖြင့် တည်ဆောက်ထားသည်။

## ရတနာမာရ်အောင်စေတီ

ရတနာ့သင်္ခ်စေတီတော်မှ အရှေ့ဘက်ကိုက်အနည်းငယ်အကွာတွင် ရတနာမာရ်အောင် စေတီတော်ကြီး တည်ရှိသည်။ ဤစေတီတော်ကို ခရာဇ်နှစ် ၁၆၅၂ ခုနှစ်တွင် မြောက်ဦးရွှေနန်းရှင် ဘုရင်စန္ဒသုဓမ္မရာဇာက တည်ထားကိုးကွယ်ခဲ့လေသည်။ ရခိုင်လူမျိုးတို့သည် ရတနာသုံးပါးကို ယုံကြည်ခြင်းရှိရာ အမျိုးစဉ်ဆက်အောင်မြင်မှု ရှိခဲ့ကြသည်ကို သိရှိစေရန် အထိမ်းအမှတ်အဖြစ် စေတီတော် ရတနာ့မာန်အောင်ဟု ခေါ်တွင်စေသည်။ စေတီမှာ ကျောက်သားပကတိဖြင့် ထုလုံးပုံ တည်ဆောက်ထားသည်။ အောက်ခြေမှထိပ်ထိ ရှစ်မြှောင့်ပုံရှိသည်။ အရပ်ရှစ်မျက်နှာနှင့် မဂ္ဂဇင်ရှစ်ပါးကို ညွှန်းသည်။ ပစ္စယံကိုးဆင့်ရှိသည်။ ခေါင်းလောင်း၊ ရင်ဖွဲ့၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ရွှေလုံး(ပုတီးစေ့)၊ ကြာလန်၊ ငှက်ပျောဖူး၊ သံထီး၊ ငှက်မြတ်နား၊ စိန်ဖူးတော် စသည်ဖြင့် အဆင့်ဆင့် အင်္ဂါစုံ တည်ဆောက်ထားသည်။ စေတီလုံးပတ် ၃၄၄ပေ ရှိပြီး၊ ဥာဏ်တော် ၁၈၀ပေခန့် ရှိသည်။ဂူပေါက်များ မရှိချေ။ စေတီ၏မြောက်ဘက်နားတွင် အလျား ၅၄ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၀ပေရှိသော ဘုရင်၏ ဉပုသ်တော်ဆောင်ရှိသည်။ ဂူဖြူဟုခေါ်သည်။ အမိုးခုံးမှာ တစ်ချို့ပြုတ်ကျ ပဲ့ကျကုန်ချေပြီ။ ဤဂူတော်တွင် သီတင်းသုံးနေခဲ့သူ ဂူဖြူဆရာတော်သည် ၁၆၉၇ ခုနှစ်တွင် မာရမွိုယအမည်ဖြင့် တစ်နှစ်နန်းစံခဲ့သည်။ ဘုရင်ရင်ပြင်တော်တွင် ရှေးအခါက စေတီပုထိုးများ၊ ဘုရားများ၏ အပျက်အစီး အဟောင်းရာများကို တွေ့ရသည်။ အရှေ့ဘက်တွင် ကျောက်ဂူတစ်ခုနှင့် ဂူထဲတွင် ကျောက်ဆင်းတုတော်များ ရှိသည်။ ဂူ၏အရှေ့တွင် သိမ်တော်ဟောင်းတစ်ခုရှိသည်။ စေတီတော်၏အရှေ့ဘက်တံတိုင်း အပြင်ဘက်တွင် လေးခင်းပြင်ဟု ခေါ်သော ကွင်းပြင်ကြီးတစ်ပြင်ရှိသည်။ အဆိုပါကွင်းပြင်တွင် ရှေးအခါက လေးသည်တော်များ၏ ပညာယှဉ်ပြိုင်ပွဲကို ကျင်းပခဲ့သည်။ မြောက်ဦးခေတ်အခါက ပြာသိုလတွင် မြင်းခင်းသဘင်၊ ဆင်ခင်းသဘင်၊ လေးခင်းသဘင်တို့ကို ကျင်းပခဲ့ရာ ဤကွင်း၏တောင်ဘက်တွင် ယခုခေတ် စတေးဒီယံပွဲကြည့်စင်သဘောမျိုး ကျောက်တုံး အဆင့်ဆင့်စီကာ ဆောက်လုပ်ခဲ့ရာ ယခုတိုင် အထင်အရှားတွေ့နိုင်ပေသည်။ ဤနေရာသို့ ရောက်ပါက ရှေးအတိတ်မှ လေးခင်းသဘင်ကို တရေးရေးမြင်လာသည်ထိ သရုပ်ပေါ်လွင်လှပေသည်။ ပွဲကြည့်စင်၏ တောင်ဘက်တွင် အိုင်ဝန်းကန်ကျိုးကို တွေ့ရသည်။ လူတို့၏လုပ်အားဖြင့် စနစ်တကျဆည်ဖို့ပြုလုပ်ထားခြင်း ဖြစ်သည်။ ဤကျိုးတော်မှ ရေကို ဘုရင်ဘိသိက်သွန်းလောင်းရာတွင် အသုံးပြုခဲ့ကြောင်း သိရှိရလေသည်။

ရတနာမာရ်အောင်စေတီ၏ တောင်ဘက်နားတွင် အိုင်ဝန်းကျိုးကို မျက်နှာမူ စိုးမိုးလျှက် ဇုန္ဒတ်တောင်ကုန်းရှိသည်။ ဤတောင်ကုန်းသည် ပေ ၁၅၀ခန့်မြင့်ပြီး ဘုရင်၏အနီးကပ်လုံခြုံရေးကို ဆောင်ရွက်ရသည့် ဇုန္ဒတ်(စစ်သူကြီး) များ နေထိုင်ရာ တောင်ကုန်းဖြစ်၍ ဇုန္ဒတ်ကုန်းဟု ခေါ်ဆိုသည်။

## မင်္ဂလာမာရ်အောင်စေတီ

မြောက်ဦးမြို့ နန်းရာကုန်းမှ မြောက်ဘက်တစ်မိုင်ခန့်အကွာ ခြင်ကိုက်ပိဋကတ်တိုက်မှ အနောက်မြောက်ဘက် မိုင်ဝက်ခန့်အကွာတွင် မင်္ဂလာမာရ်အောင်စေတီ တည်ရှိသည်။ ဤစေတီတော်ကြီးကို ခရာဇ်သက္ကရာဇ် ၁၆၃၀ ခု။ နှစ်နှင့် ၁၆၄၅ အကြားတွင် မြောက်ဦးဘုရင် နရပတိကြီးက တည်ထားခဲ့သည်ဟု အချို့ကဆိုသည်။ အခြားသော မှတ်တမ်းများအရမူ စန္ဒသုဓမ္မရာဇာ၏ သားတော်ဥဂ္ဂါဗလသည် မြောက်ဦးထီးနန်းကို ခရာဇ်နှစ် ၁၆၇၄ခုနှစ်တွင် နန်းစံခဲ့ရာ နန်းစံပြီး၍ ၁၁နှစ်အကြာ ၁၆၈၅တွင် မင်္ဂလာ့မာရ်အောင်စေတီကို တည်ထားသည်ဟုဆိုသည်။ ရခိုင်လူမျိုးတို့သည် ဘုရားသခင်ဟောကြားတော်မူခဲ့သော ၃၈ဖြာမင်္ဂလာတရားတော်ကို အစဉ်တစိုက် မပျက်မကွက် အောင်မြင်စွာ ထိန်းသိမ်းနိုင်ခဲ့ကြသည်ကို အထိမ်းအမှတ်ပြု၍ မင်္ဂလာမာရ်အောင်စေတီဟု ခေါ်တွင်စေသည်။ စေတီတော်မှာ လုံးပတ်ထုချွန်ပုံ ဖြစ်သည်။ အောက်ခြေမှာ ရှစ်မြှောင့်ပုံဖြစ်သည်။ အပေါ်ပစ္စယံနှစ်ဆင့်တွင် မုဂ်ငယ်ရှစ်ခုနှင့် ဆင်းတုတော်များ ရှိသည်။ ကျောက်တံတိုင်း လေးဘက်ကာရံထားပြီး တစ်ဘက်စီတွင် ဝင်ပေါက်များရှိသည်။ နောက်ပိုင်းပြုပြင်ခဲ့၍ ခေတ်သစ်ပုံစံဖြစ်နေသည်။ အောက်ခြေပတ်လည် ၁၄၀ပေရှိပြီး အမြင့် ၈၀ပေရှိသည်။ အရပ်လေးမျက်နှာတွင် ဆီမီးခွက်များတင်၍ ထွန်းညှိပူဇော်ရန် တိုင်ကြီးများရှိသည်။ စေတီ၏အရှေ့ဘက်တွင် သမုန်သိမ်ကြီးတစ်ခုရှိသည်။ စေတီတော်၏ ရင်ပြင်တော်တစ်ဝိုက်တွင် ကျောက်ဆစ်လက်ရာများ ပါဝင်သော မုခ်တံကဲများ ပြန့်ကြဲလျှက်ရှိသည်၊ အဆိုပါပစ္စည်းများမှာ မူလက်ရာဖြစ်ပြီး နောက်ပိုင်းပြုပြင်သူတို့က စွန့်ပစ်ထားခဲ့ကြခြင်းဖြစ်သည်။ စေတီတော်၏ ပုံသဏ္ဍာန်မှာ တေဇရာမစေတီနှင့် အတော်ပင်တူညီသည်။ စေတီတော်၏ တောင်ဘက်မျက်နှာစာတွင် ရခိုင်ဘာသာဖြင့်

ရေးထိုးထားသော ကျောက်စာလေးချပ် ရှိခဲ့သည်။ တစ်ချပ်မှာ ပျက်စီးပြီး ဖြစ်သော်လည်း ကျန်သုံးချပ်မှာ ဖတ်၍ရသည်။ ကျောက်စာအရ စန္ဒဝိဇယဘုရင်သည် ဘုရားကို ပြုပြင်ခဲ့ကြောင်း သိရသည်။ သူသည် ဤစေတီ၏ မူလကုသိုလ်ရှင် နရပတိကြီး၏မြေးတော်အရင်း နွယ်တော်အစစ်ဖြစ်ကြောင်း ဆိုသည်။

## နန်းဦးဘုရား

မင်္ဂလာမာရ်အောင်စေတီတော်၏ အရှေ့တောင်ဘက် ကိုက်တစ်ရာမျှအကွာတွင် နန်းဦးဘုရားရှိသည်။ ကျောက်သားပကတိ ဆင်းတုတော်ဖြစ်သည်။ ဉာဏ်တော် ၇ပေနှင့် ၇လက်မရှိသည်။ မြောက်ဦးဘုရင် သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၂-၁၆၃၈)၏ မိဖုရားခေါင်ကြီး နတ်ရှင်မယ်ကောင်းမှုဖြစ်သည်။ ဘုရား၏ပလ္လင်မှာ ကျောက်ဆစ်လက်ရာများဖြင့် လှပတင့်တယ်သည်။ ဘုရားသိမ်တော်၏ အရပ်လေးမျက်နှာတွင် ကျွန်းကြီးလေးကျွန်းမှ ယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးစီ ယှဉ်တွဲရပ်နေသော ပုံများကို မြင်တွေ့နိုင်သည်။

နန်းဦးဘုရားမှ အနောက်တောင်ဘက် ကိုက်တစ်ရာ့ငါးဆယ်ခန့်အကွာတွင် မြောက်ဦးမြို့တော်ဟောင်း၏ လုံခြုံရေးအစီအမံတစ်ခုဖြစ်သော မြို့ရိုးတံတိုင်း၊ ကျောက်သားဖြင့် ပြုလုပ်ထားသော ပစ္စင်၊ ပြအိုး၊ မြို့တံခါး၊ အမြောက်များ တပ်ဆင်ခဲ့ရာအပေါက် နေရာဟောင်းများ စသည်ဖြင့် လေ့လာနိုင်သည်။ မြို့ရိုးတံတိုင်းမှာ တောင်ကုန်းနှစ်ခုကိုဖြတ်၍ ဆက်သွယ်ပိတ်ဆို့ထားခြင်းဖြစ်၍ ခံတပ်ဟူ၍လည်း ဆိုနိုင်ပေသည်။

## တပင်တိုင် နန်းရာကုန်း

နန်းဦးဘုရားမှ အရှေ့တောင်ဘက် ကိုက် ၄၀၀ခန့်အကွာ တောင်ကုန်းငယ်တစ်ခုတွင် တစ်ပင်တိုင် နန်းရာရှိသည်။ တောင်ကုန်းကို မြေညှိ၍ ၎င်းကွင်းပြင်တွင် ရောင်စုံကျောက်ပြားများ ခင်းထားသည်။ ရှေးအခါက ဘုရင့်သမီးတော် အပျိုစင်များ နေထိုင်ရာနေရာ အပန်းဖြေရာနေရာဟောင်းတစ်ခု ဖြစ်သည်။ ၎င်းအနီးတွေ့ရှိရသော ကြိုးပဲ့နေသည့် ရောင်စုံကျောက်ပြားများ၊ ကျောက်ဆစ်လက်ရာများကို နေရာအနှံ့ တွေ့ရှိရလေရာ ဤနေရာသည် တစ်ချိန်တစ်ခါက အရေးကြီးခဲ့သော တော်ဝင်နေရာဖြစ်ကြောင်း ညွှန်ပြနေပေသည်။

# မြောက်ဦးမြို့ အရှေ့ခြမ်းဘုရားများ

## သက္ကျမာရ်အောင်စေတီ

သက္ကျမာရ်အောင်စေတီသည် နန်းတော်ကုန်း၏ အရှေ့မြောက်ဘက် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။ ရတနာမာရ်အောင်ဘုရားကို ဖူးမျှော်ပြီးနောက် တောင်ဘက်စူးစူးသို့ တောင်ကြားလမ်းအတိုင်း ခြေလျင်လျှောက်လာပါက မကြာသောအချိန်ကာလတွင်ပင် ပျံ့ပျူးသာယာသော မြေအပြင်တွင် တံတိုင်းထပ်ကာရံလျက် တင့်တယ်စွာသော သက္ကျမာရ်အောင်ဘုရားကို ဖူးတွေ့နိုင်ပေသည်။ အေဒီ ၁၆၂၉ ခုနှစ်တွင် သီရိသုဓမ္မရာဇာ ဘုရင်မင်းမြတ်က တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ မြောက်ဦးဘုရင် သီရိသုဓမ္မရာဇာစိုးစံသော အချိန်ကာလ (အေဒီ ၁၆၂၂-၁၆၃၉)အတွင်း ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်သည် မြောက်ဦးရွှေမြို့တော်သို့ ရောက်ရှိခဲ့လေရာ သူ၏ဖော်ပြချက်အရ မြောက်ဦးရွှေမြို့တော်ကြီး၏ ကြီးကျယ်ခမ်းနားမှုနှင့် ကြွယ်ဝချမ်းသာမှုတို့မှာ အထွဋ်အထိပ်သို့ ရောက်ရှိနေချိန် ဖြစ်လေသည်။ သို့ဖြစ်ရာ ဘုရင် သီရိသုဓမ္မရာဇာသည် သူ၏ကုသိုလ်တော် သက္ကျမာရ်အောင်ဘုရားကို စိတ်တိုင်းကျ တည်ဆောက်ကာ ကုသိုလ်များ ယူခဲ့ခြင်းဖြစ်ပေမည်။ ၎င်းကိုယ်တိုင် သက္ကျသာကီဝင်မင်းမျိုးဖြစ်သည့်အပြင် မင်းစဉ်မင်းဆက် ထီးရိုး၊ နန်းရိုးမပျက် အောင်မြင်စွာ အုပ်ချုပ်ခဲ့ကြသည်ကို အထိမ်းအမှတ်ယူ၍ သက္ကျမာရ်အောင်ဟူ၍ အမည်တွင်စေသည်။

စေတီတော်ကို ကျောက်သားတံတိုင်းနှစ်ထပ် ကာရံထားသည်။ စေတီတော်၏အနောက်ဘက်တံတိုင်း၊ နန်းတော်ကုန်းရှိရာဘက် ဝင်လမ်းတွင် တာနောယက္ခနှင့် ဝိဋ္ဋိယက္ခဘီလူးညီနောင်တို့ သံလျက်ထမ်းလျက် စောင့်နေဟန် ထုလုပ်ထားသည်။ ထိုမှတဆင့် ဝင်သွားပါက ဝိသကြုံနတ်သားနှင့် ပဉ္စသိခ်နတ်သားတို့ ဘုရားအားဖူးမြော်နေပုံကို တွေ့ရပေမည်။ စေတီတော်တစ်ခုလုံး ကျောက်သားပကတိဖြင့် ထုလုပ်တည်ဆောက်ထားသည်။ အောက်ခြေမှာ ရှစ်မြှောင့်ပုံကို ထောင့်ချိုးမျဉ်းကွေးများဖြင့် ပဒုမ္မာကြာပန်းသဏ္ဍာန် ရှစ်မွှာပေါ်အောင် သပ်ရပ်စွာ ပြုလုပ်ထားသည်။ မြောက်ဦးခေတ်စေတီများ အောက်ခြေကို ရှစ်မြှောင့်အဌဂံပြုလုပ်ထားခြင်းမှာ အစဉ်အလာတစ်ရပ်ပင် ဖြစ်သည်။ ဗုဒ္ဓ၏ဘုန်းတန်ခိုးအာနုဘော်သည် စကြာဝဠာ အနန္တအထက်အောက်ဝန်းကျင်နှင့် အဌဒိသာအရပ်ရှစ်မျက်နှာသို့ ပြန့်နှံ့ခြင်းကို ရည်မှန်း၍ တည်ထားကြခြင်းဖြစ်သည်။ မိမိ၏နိုင်ငံရေးသြဇာ အရပ်ရှစ်မျက်နှာတိုင်အောင် ပြန့်နှံ့လို၍ ရည်မှန်းကာ ဆုတောင်းကြခြင်းဖြစ်ပေသည်။ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူရာ ထိုဗုဒ္ဓအနုပညာတွင် ပဒုမ္မာကြာပန်းဖြင့် ဖော်ပြကြသည်။ အထိမ်းအမှတ် ပြုကြပေသည်။ ကုသိုလ်ရှင် ဘုရင်မင်းမြတ်သည် မိမိကောင်းမှုတော် **ဖတ်မရ** တို့ကို ပထမဆုံး **ဖတ်မရ** အောက်ခြေအဆင့်ကို ပဒုမ္မာပုံ ရှစ်မြှောင့်ပုံဖော်၍ **ဖတ်မရ** အဆင့်ဆင့်တည်ထားခြင်းမှာ ဗုဒ္ဓအနုပညာ ရှု့ထောင့်အရ ခွန်ပင်အဆင့်အတန်း မြင့်မားလှပေသည်။ နွံတည်းဟူသော လောကီသုံးလီသံသရာမှ လွတ်မြောက်၍ ပဒုမ္မာတည်းဟူသော ဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာဟန်ကို သရုပ်ဖော်ထားခြင်း ဖြစ်ပေမည်။

အောက်ခြေဖိနပ်တော်မှ အပေါ်ဘက်သို့ ထောင့်လေးထောင့် ဒေါင့်ချိုးပြုကာ ပစ္စယံအဆင့်ဆင့် ပြုလုပ်ထားသည်။ ထောင့်လေးထောင့်လယ်တွင် မုခ်ငယ်တစ်ခုစီ ပြုလုပ်ထားရာ အရပ်လေးမျက်နှာသို့ မျက်နှာမူ၍ ပထမပစ္စယံတွင် လေးခုစုစုပေါင်း ရှစ်ခုပြုလုပ်ထားသည်။ မုခ်များတွင် ရုပ်ပွားတော်များရှိပြီး မုဒ်ထွတ်၊ မုတ်တံကဲများကို လှပစွာ ပြုလုပ်ထားသည်။ လင်ပန်းပြောက်စေတီနှင့်ပင် သဏ္ဍာန်တူသည်။ ပစ္စယံဆင့်များတွင် စိန်ဘောင်များ ပြုလုပ်ထားသည်။ ပစ္စယံကိုးဆင့်ပြီးနောက် စေတီအပေါ်ပိုင်းကို အဝိုင်းပုံသဏ္ဍာန် ပြုလုပ်ထားသည်။ ပစ္စယံဆင့်များနောက် ဦးစွာကြာပွင့်လွှာထပ်များကို တွေ့ရသည်။ ၎င်းနောက် ခေါင်းလောင်း၊ သပိတ်မှောက်၊ ဖောင်ရစ်၊ ကြာမှောက်၊ ကြာလန်၊ ငှက်ပျောဖူး၊ ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူး စသည်ဖြင့် အဆင့်ဆင့် တွေ့ရသည်။ စေတီတော်၏အောက်ခြေလုံးပတ်မှာ ၂၈၀ပေခန့်ရှိပြီး ဉာဏ်တော် ၁၁၄ ပေခန့်ရှိသည်။

စေတီတော်ကြီးအား ကျောက်သားတံတိုင်းဖြင့် ကာရံထားရာ ရှေ့နှင့်အနောက်ဘက်မျက်နှာတွင် ဝင်ပေါက်တစ်ခုစီရှိသည်။ ရင်ပြင်တော်တွင် စေတီရံ ၁၂ ဆူ ပတ်ရံတည်ဆောက်ထားသည်။ ထောင့်လေးထောင့်တွင် သမုခ်သိမ်တစ်ခုစီရှိသည်မှာ ထူးခြားလှသည်။ သမုခ်တိုင်များမှာ ခြောက်ပေပတ်လည်ခန့်ထိ ကြီးမားပြီး မြေပေါ်သို့ ၃ပေခန့် ပေါ်ထွက်နေသည်။ စေတီတော်၏ အရှေ့ဘက်နားတွင် အုတ်နံရံကာရံထားသော အာရုဏ်ခံသိမ်တစ်ဆောင်ရှိသည်။ သိမ်ထဲမှဆင်းထုတော်မှာ ပြည်စိုးကြီးဘုရားမှ ၁၉၁၅ ခုနှစ်တွင် ပြောင်းယူခဲ့ခြင်းဖြစ်သည်။ ဘုရားများအနီးတွင် မြောက်ဦးခေတ် ရှေးဟောင်းလက်ရာဖြစ်သော လက္ခဏာ ၁၀၈ ကွက်ပါသော ခြေတော်ရာရှိသည်။

ဤသင်္ကျမာရ်အောင်ဘုရားကြီးဝန်းကျင်ကား အေးချမ်းသာယာမှုရှိပေသလိုပင် ထူးခြားအံ့သြဘွယ်ရာများ ပြည့်နှက်နေပေသည်။ ဘုရားဖူးလာရောက်သူတိုင်း ဘုရားပရဝုဏ်ကို ဝင်မိလျှင်ပင် ကြည်နူးသာယာမှု၊ စိတ်ချမ်းမြေ့မှုကို ထူးခြားစွာ ခံစားမိကြရပေသည်။ ကုသိုလ်ရှင် သီရိသုဓမ္မရာဇာသည် ပညာရှင်များနှင့်တိုင်ပင်၍ ဤသို့ခံစားမိလေအောင် စေတီတော်ကြီးနှင့်တကွ ဝန်းကျင်ရှိ သာသနိကအဆောက်အဦးများကို အထားအသို၊ ဒီဇိုင်းမှအစ လောကီအစီအရင်များဖြင့် တန်ဆာဆင်ခဲ့လိမ့်မည်ဟု ယူဆရပေသည်။ ထူးခြားချက်တစ်ရပ်မှာ တံတိုင်းအတွင်း ဘုရားကြီး၏ ပုရဝုဏ်အတွင်း မြေပြင်မှာ စည်မျက်နှာပြင်ကဲ့သို့ ညီညာနေခြင်းပင်ဖြစ်သည်။ ဘုရားဖူးသူများ စိတ်ချမ်းမြေ့လောက်သော မြက်ပင်နုလေးသာ ပေါက်လျှက်ရှိပေသည်။

ကုသိုလ်ရှင် သီရိသုဓမ္မရာဇာသည် လောကုတ္တရာအရေးကို မျှော်ကိုး၍ ကုသိုလ်ကောင်းမှုကို ပြုလုပ်သော်လည်း ၂ထိုခေတ်ထိုအခါ၏ အစဉ်အလာအရ သူ၏ကုသိုလ်ကောင်းမှုအား အဖျက်အဆီးမရှိ အရှည်တည်တံ့ခိုင်မြဲအောင် ကြိမ်စာတိုက်ခြင်း၊ ကျောက်စာရေးထိုးခြင်း၊ အင်းမြှုပ်ခြင်း စသည့်လောကီဆိုင်ရာ အစီအမံများလည်း ပြုလုပ်ခဲ့မည်မှာ သံသယဖြစ်စရာမလိုပေ၊ ရခိုင်ရာဇဝင်၊ ပေမူများတွင် မြောက်ဦးခေတ် ထိုမင်းစိုးစံချိန်ကာလကို လောကီပညာများ အထွန်းကားဆုံးခေတ်အဖြစ် ဖော်ပြကြပေသည်။ ထိုမင်းလက်ထက်တွင် သိုက်တတ်င/လက်ရုံး၊ ဟူးရားလူးကြီး မင်းကျော်၊ မန္တန်ယတြာတတ် င/ကုသလအမတ်ကြီးနှင့် လောကီ၊ လောကုတ်၊ အတိတ်၊ တဘောင်၊ တြင်း၊ ကျွမ်းကျင်လိမ္မာသော ပရက္ကမထိုက်ဆရာတော်၊ စစ်ကွပ်ဆရာတော်၊ ဂုဏမဥ္ဇူဆရာတော်တို့ ရှိကြသည်။ အထက်ပါ လောကီပညာရှင်များ၏ ပညာခန်း၊ ပညာစမ်း၊ ခင်းကျင်းပြပုံကို ရခိုင်ရာဇဝင်တွင် အကျယ်တဝင့် မှတ်တမ်းတင်ထားခဲ့ပေသည်။ နောက်ဆုံးတွင် သတိလက်လွတ်ဖြစ်ခဲ့သော သီရိသုဓမ္မဘုရင်ရာဇာသည်ပင်လျှင် အမတ်ကြီး င/ကုသလ၏ ယတြာဖြင့် လုပ်ကြံသတ်ဖြတ်ခြင်းကို ထူးဆန်းစွာ ခံလိုက်ရရှာပေသည်။ ဤအကြောင်းကို ကိုယ်တွေ့မျက်မြင် ကြုံတွေ့ခဲ့ရသော အနောက်နိုင်ငံသား ပေါ်တူဂီ ဘုန်းတော်ကြီးက ကိုယ်တွေ့မှတ်တမ်းရေးခဲ့ရာ ၎င်းကို ဆက်လက်၍ စာရေးဆရာ မောရစ်ကောလစ်က မြန်မာနိုင်ငံသုတေသနဂျာနယ် အတွဲ ၁၃-၃(၁၉၂၃)တွင် The estrange muder of Kinhg Thirithudhama ဟူ၍ ရေးသားဖော်ပြခဲ့ပေသည်။

ရခိုင်သမိုင်းတွင် သင်္ကျမာရ်အောင် ဘုရားကြီးနှင့်ပတ်သက်၍ အောက်ပါအတိုင်း တွေ့ရသည်။ ဘဝရှင် မဟာသီရိ သုဓမ္မရာဇာ မင်းမြတ်သည် မိမိကိုယ်တိုင် မဟာနွယ်အမျိုးဖြစ်ကြောင်းကို နောက်နှောင်းလူအသက်ထက်တို့ သိမြင်စိမ့်သောဟူ၍ နန်းတော်၏အရှေ့မြောက်အဖို့၌ သင့်ပြန်စွာသော မင်္ဂလာအောင်မြေတွင် တလင်းညီစွာ ညှိတော်မူလျက် စည်မျက်နှာကဲ့သို့ ညီစေပြီးမှ အထောင်မကသော ပန်းရံသမားတို့ကိုအပ် ၍ မျက်စဉ်းကျောက်ညိုတို့ဖြင့် ကြီးစွာသော မဟာစေတီတော်ကို အရံတစ်ဆယ့်နှစ်ဆူနှင့်တကွ သိမ်တော်ကြီးဆောက် လုပ်ပြီးသော် ကြီးစွာသော အလှူကို ပေး၍"သင်္ကျမဥ္ဇူ"ဟု ပညတ်တော်မူ၏။

## ဝန်းတီးနတ်တောင်

မြောက်ဦးမြို့ဝန်းကျင်တွင် ရှေးအကျဆုံးသော သမိုင်းဝင်နေရာဖြစ်သည်။ သင်္ကျမာရ်အောင်စေတီ ပရဝုဏ် တောင်ဘက်အနား တောင်ကုန်းပေါ်တွင် တည်ရှိလေသည်။ နန်းတော်ကုန်းမှ အရှေ့ဘက်စူးစူး ကိုက်(၄၀၀)ခန့် ကွာဝေးသည်။ ဒေသခံတို့က ဝန်းတီးနတ်တောင်ဟု ခေါ်ကြသည်။ ရှေးအခါက နတ်ကွန်း နတ်နန်းတစ်ခုအဖြစ် ထင်ရှားခဲ့သော်လည်း ယခုအခါ အကြိုးအပဲ့ အစအနများသာ တွေ့ရတော့သည်။

သမိုင်းအထောက်အထား မှတ်တမ်းများအရ နတ်ကွန်းမှာ ရခိုင်ဝေသာလီပြည် (၄ ရာစုမှ ၈ ရာစု) ဘုရင်တစ်ပါးဖြစ်ခဲ့သော ပဲဖြူမင်းနှင့် ဆက်နွယ်နေပေသည်။ ခရာဇ်နှစ် အေဒီ ၇၇၆တွင် ပဲဖြူမင်းသည် ဝေသာလီမှ မြောက်ဦးမြို့တော်ကို ပြောင်းရွှေ့လာပြီး ကြက်သရေဆောင်တွင် နန်းစိုက်ခဲ့သည်။ ကျောက်ရုပ်ထုအပိုင်းအစအချို့နှင့် ကျောက်စာနှစ်ချပ်ကို နန်းတော်ရာမှ တွေ့ရှိခဲ့ပြီး ယခုအခါ မြောက်ဦးမြို့ရှိ ရှေးဟောင်းပြတိုက်တွင် ပြသထားသည်။ ကျောက်စာတစ်ချပ်မှ အချို့အပိုင်းကို ဖတ်ရှုလေ့လာနိုင်ပေသည်။ ကျောက်စာအရ သက္ကရာဇ် ၈၈၃ ခုနှစ်တွင် (ခရာဇ်နှစ် ၁၅၂၁)ခုနှစ်တွင် မင်းရာဇာက ဤနတ်ကွန်းကို ပြုပြင်ခဲ့ကြောင်း ပါရှိသည်။ ဤကျောက်စာမှ ရှေးဦးရခိုင်အက္ခရာ၊ ရခိုင်ဘာသာစကားဖြင့် ရေးထိုးထားရာ ရှေးဦးအထောက်အထားတစ်ရပ်ပင် ဖြစ်သည်။ ကျန်ကျောက်စာတစ်ချပ်မှာ ပို၍စိတ်ဝင်စားဖွယ်ဖြစ်သည်။ ဝန်းတီးနတ်တောင်မှ ရရှိခဲ့သည့် ထိုကျောက်စာမှာ ပျူနိုင်ငံ သရေခေတ္တရာမှ တွေ့ရှိခဲ့သည့် ပါဠိဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာများနှင့် အရေးအသား၊ အက္ခရာပုံစံတို့ နီးစပ်ဆက်နွယ်မှု

ရှိကြောင်း တွေ့သိရလေသည်။ ခေတ်ကာလအပိုင်းအခြားအားဖြင့် အေဒီ (၆)ရာစုမှ (၇)ရာစုနှစ်အတွင်း ဖြစ်သည်။ ထိုခေတ်အရ ရခိုင်ပြည်မြောက်ပိုင်းနှင့် သရေခေတ္တရာတို့၏ ယဉ်ကျေးမှု ဆက်သွယ်မှု ဆက်နွယ်မှုရှိပေသည်။ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူမှာ ခြေကိုယှက်၍ထိုင်နေပုံဖြစ်သည်။ ယာဘက်လက်သည် ယာဘက်ဒူးပေါ်တွင် တင်ထား၍ လက်ဝဲဘက်လက်မှာ တင်ခွေပေါ်တွင် တင်ထားသည်။ နားဆွဲရှည် ဝတ်ဆင်ထားသည်။ ဦးခေါင်းတော်နောက်တွင် ရောင်ခြည်စက်ဝန်းနှင့် ကိုယ်၏နောက်တို့တွင် တန်ကဲပါရှိသည်။ ဤသို့ထုလုပ်ခြင်းကို ဧည၀တီမြို့မှ မဟာမုနိရင်ပြင်တော်ရှိ ရုပ်တု(၅ ရာစုလက်ရာ)များတွင်လည်း တွေ့ရသည်။ သို့ဖြစ်ရာ ဝန်းတီးနတ်တောင်သည် အေဒီ ၅ရာစုမှ ၉ ရာစုအတွင်း အခြားသော ဝေသာလီ၊ ဧည၀တီမြို့များနှင့်အတူ ခေတ်ပြိုင်စည်ကားခဲ့ပေလိမ့်မည်။

1 Farehharmer, E. ARAKAN (Rangon 1891) P 38-39
2 Gutman, Pamela, Dr. Amerent Arakan P 223, P 278. PP 114-17
3 Tun Shwe U. A Guide to Mrauk-U P 69
4 San Shwe Bu Wunti Nat JNRS Ix (1919) pT. i, pp 52-53

## ဝင်းမနားကျီတော်

ဝန်းတီးနတ်တောင်၏အရှေ့ဘက် ကိုက် ၄၀၀ ခန့်အကွာတွင် ဝင်းမနား စပါးကျီရှိသည်။ မြောက်ဦးခေတ် အခါက ပြည်သူများအတွက် ရိက္ခာဖူလုံရေးအတွက် ဘုရင်ကိုယ်တိုင်ကြီးကြပ်သော စပါးကျီခေါ် စပါးဂိုဒေါင်များ (၄၀)ရှိခဲ့ရာ ဝင်းမနားကျီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စပါးကျီများကို ပြုလုပ်ရာတွင် ရေမဝပ်ရေးနှင့် ကြွက်များမဖောက်နိုင်ရေးအတွက် ကျောက်သားအုပ်များဖြင့် စနစ်တကျပြုလုပ်ထားသည်။ ရေထုတ်မြောင်းရှိသလို ရေဖြည့်ထားသော ကျုံးဖြင့်လည်း ပတ်လည်ကာရံထားသည်။ ၎င်းပြင် ရန်သူများနှင့် ဖျက်စီးတတ်သည့် သတ္တဝါများ အလွယ်တကူ မဝင်ရောက်နိုင်ရန်အတွက် ကျောက်တံတိုင်း ကာရံထားသည်။

## နိဗ္ဗူဇာစေတီ

ဝင်းမနားကျီတော်၏ အရှေ့ဘက် မနီးမဝေးတွင် တောင်ကုန်းငယ်တစ်ခု ရှိသည်။ ထိုတောင်ကုန်းမှာ နိဗ္ဗူဇာ တောင်ကုန်းပင်ဖြစ်သည်။ ၎င်းတောင်ကုန်းတွင် စေတီသုံးဆူ စီတန်း၍ တည်ထားခဲ့ရာ တောင်ဘက်ကျသော စေတီကို အောင်နိဗ္ဗူဇာဟုခေါ်သည်။ ခေါင်းလောင်းပုံသဏ္ဍာန်ဖြစ်သည်။ စေတီ၏အရှေ့ အာရုဏ်ခံသိမ်တော်ထဲတွင် ဉာဏ်တော် ၉ပေ ၁၀လက်မခန့်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူရှိသည်။ ၎င်းအာရုဏ်ခံသိမ်ဘုရား၏ မြောက်ဘက်နားတွင် ပင် အေဒီ(၄)ရာစုမှ (၈)ရာစုအတွင်း ဝေသာလီခေတ် လက်ရာများဖြစ်သော နတ်ရုပ်တစ်ရုပ်ကိုလည်း တွေ့မြင်ရသည်။ အမြင့် ၂ပေ ၇လက်မခန့် အရွယ်တူဖြစ်သည်။ ဝန်းတီးနတ်တောင်နှင့် နိဗ္ဗူဇာတောင်ကုန်းတို့သည် နီးနီးကပ်ကပ်တည်ရှိ ကြပြီး ၎င်းတို့တွင် တွေ့ရှိရသော အထောက်အထားများအရ ဝေသာလီခေတ် ယဉ်ကျေးမှုလွှမ်းမိုးခဲ့ရာ ဆက်နွယ်မှုရှိခဲ့ရာ ခေတ်ပြိုင်နေရာများ ဖြစ်ကြပေမည်။

အောက်နိဗ္ဗူဇာစေတီမှ တောင်ကြောတစ်လျှောက် မြောက်ဘက်ဆက်လာပါက အလယ်နိဗ္ဗူဇာစေတီသို့ရောက် သည်။ စေတီမှာ ပျက်စီးနေပေပြီ။ ၎င်းမှ မြောက်ဘက်ခပ်လှမ်းလှမ်းတွင် ပင်မနိဗ္ဗူဇာခေါ် အထက်နိဗ္ဗူဇာသို့ ရောက် သည်။ အောက်နိဗ္ဗူဇာမှာ ဤတောင်ကြော၏ အမြင့်ဆုံးနေရာတောင်ထိပ်တွင် တည်ရှိသည်။ ဤစေတီများကို မင်းစော အိုက တည်ထားကိုးကွယ်ခဲ့သည်။ အထက်နိဗ္ဗူဇာမှ အရှေ့ဘက် ကိုက်အနည်းငယ်အကွာတွင် ဘုရားညီနောင်စေတီများ ရှိသည်။ စုစုပေါင်း စေတီ(၈)ဆူရှိသည်။ ပုံသဏ္ဍာန်မှာ တူညီမှုမရှိပေ။ ဘုရားညီနောင်စေတီ၏ အရှေ့ဘက်အခြား တောင်ကုန်းငယ်တစ်ခုပေါ်တွင် မိဖုရားကြီးဂူတော်ရှိသည်။ ဤဂူ၏အတွင်းဘက် ဂန္ဓကုဋီတိုက်တွင်းတွင် ဉာဏ်တော် ၁၀ ပေခန့်ရှိ ကျောက်ဆင်းထုတစ်ဆူရှိသည်။ ဤဆင်းထုတော်ကြီးကို ခရာဇ် ၁၅၅၃ ခုနှစ်တွင် မင်းတိက္ခာဘုရင်၏ မိဖုရားကြီးစောသန္တာက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

## ဘုရားအုပ်စေတီ

နန်းတော်ကုန်းမှ အရှေ့ဘက် မိုင်ဝက်ခန့်အကွာ ပေ ၅၀ခန့်မြင့်သော တောင်ကုန်းငယ်တစ်ခုပေါ်တွင် တည်ရှိသည်။ အောက်နိဗ္ဗူဇာစေတီမှဆိုလျှင် အရှေ့တောင်ဘက်သို့ ကိုက် ၂၀၀ ခန့် ဝေးကွာသည်။ မြောက်ဦးဘုရင် မင်းဖလောင်းသည် ထုက္ကန်သိမ်ပုထိုးတော်ကြီးကို တည်ဆောက်ပြီးနောက် တိုင်းပြည်မငြိမ်မသက်ဖြစ်လာရာ ထိုနှစ်တွင် ပင် တိုင်းပြည်ကို အထိန်းအအုပ်ဖြစ်စေရန်အတွက် ပညာရှိများ၏အကြံပြုချက်အရ **"ဘုရားအုပ်စေတီ"**ကို တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ပေသည်။ သက္ကရာဇ်မှာ ခရာဇ် ၁၅၇၁ ခုနှစ်ဖြစ်သည်။ စေတီတော်ကြီးအထက်ပိုင်းမှာ ပြိုပျက်သွားပြီ ဖြစ်၍ အောက်ခြေပစ္စယံဆင့်သာ ကျန်ရှိတော့သည်။ ကျန်ရှိသော စေတီ၏အောက်ခြေမှာ အပိုင်းပုံဖြစ်ပြီး ၁၈၈ပေ ကျယ်သည်။ ကျောက်သားဖြင့် တည်ဆောက်ထားသည်။ ဤအပိုင်းတွင် ဂူ(၂၉)ခုရှိပြီး ထိုဂူများထဲတွင် ထိုင်တော်မူဘုရား (၂၉)ဆူရှိသည်။ စေတီ၏အရှေ့ဘက်တွင် ဝင်လမ်းပတ်ရှိပြီး အလယ်ဗဟိုဂန္ဓကုဋိတိုက်ထဲတွင် ဉာဏ်တော် ၁၂ ပေ ၅လက်မရှိသော ကျောက်ဆင်းထုတစ်ဆူကို ကြာပလ္လင်ပေါ်တွင် ဖူးတွေ့နိုင်သည်။ မြို့သူမြို့သားများက လှူဒါန်းပေးငွေ ဖြင့် ခနိဖြင့် ယာယီမိုးထားသည်။ ထိန်းသိမ်းစောင့်ရှောက်မည့်သူမရှိ၍ ပျက်စီးနေပေပြီ။ ဤဘုရားအုပ်တောင်ကုန်းတွင် ရှေးအခါက သံရည်ကြိုစက်ရုံတည်ရှိခဲ့ရာ ယခုတိုင် အကြွင်းအကျန်များ တွေ့ရသေးသည်။

## မင်းခေါင်းရွှေဂူ

ဘုရားအုပ်တောင်ကုန်းမှဆင်းခဲ့ပြီး တောင်ဘက်သို့ ကိုက်၂၀၀ ခန့်အကွာတွင် မင်းခေါင်းရွှေဂူဘုရား တည်ရှိသည်။ စေတီတော်ကို လှပသော ပန်းပုကျောက်ဆစ်လက်ရာများဖြင့် တန်ဆာဆင်ထားသည်။ အေဒီ ၁၆၂၉ ခုနှစ်တွင် သီရိသုဓမ္မရာဇာဘုရင်၏ မိဖုရားကြီး နတ်ရှင်မယ်က တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ မှတ်တမ်းများအရ မိဖုရားကြီးသည် သက္ကမာရ်အောင်ဘုရားနှင့် အပြိုင်တချိန်တည်း တည်ထားခဲ့သည်ဟု ဆိုပေသည်။

## ပေစီတောင်စေတီ

မင်းခေါင်းရွှေဂူစေတီ၏ အရှေ့မြောက်ဘက် မိုင်ဝက်ခန့်အကွာ မိဖုရားကြီးရွှေဂူ၏ တောင်ဘက်အနီးတွင် ပေ ၁၅၀ ခန့်မြင့်သော တောင်ကုန်းငယ်တစ်ခုရှိရာ ၎င်းတောင်ထိပ်တွင် ပေစီစေတီရှိသည်။ စေတီမှာ လေးမျက်နှာရှိပြီး မုခ်တစ်ခုစီ အရပ်လေးမျက်နှာသို့ မျက်နှာမူကာ တည်ဆောက်ထားသည်။ မုခ်တည့်တည့်တွင် ပရိမဏ္ဍိုင်ကို နောက်မှီ၍ မြောက်ဦးခေတ်လက်ရာ ကျောက်ဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကျစီရှိသည်။ မုခ်ဝင်ပေါက်များမှတဆင့် အတွင်းဘက်တွင် လှိုဏ်ပတ်လမ်း ပြုလုပ်ထားသည်။ အလယ်ခေါင်တွင် မဏ္ဍိုင်အဖြစ် ကျောက်တိုင်ကြီးတစ်ခုဖြင့် ခေါင်မိုးကို ထောက်ထားသည်။ ခေါင်မိုးအပေါ်တည့်တည့်တွင် လေးမြို့ခေတ် (အေဒီ ၉ ရာစုမှ ၁၄ရာစု)အတွင်းလက်ရာ ဘုရားတစ်ဆူကို အရှေ့ဘက်မျက်နှာမူကာ ထုလုပ်ထားသည်။ ဥဏ်တော် ၇ပေခွဲရှိသည်။ ဂူဝင်ဝမှာ အမြင့် ၉ပေအကျယ် ၂½ပေရှိသည်။ ဘုရားဂူမှာ အရှေ့မှအနောက်သို့ ၃၂ ပေခန့်ကျယ်သည်။ ဂူအတွင်းရှိ ဘုရားလေးဆူမှာ ၆ ပေခန့် ဥဏ်တော်ရှိကြသည်။ မှတ်တမ်းများအရ လေးမြို့ ခေတ် ပုရိန်နန်းဆက်ဘုရင် ကောလိယက အေဒီ ၁၁၂၃ ခုနှစ်တွင် တည်ထားခဲ့သည်ဟု ဆိုသည်။ ဘုရားသခင်၏ ဓာတ်တော်မွေတော်များကို ဌာပနာထားခဲ့ကြောင်း အဆိုရှိ၍ မြောက်ဦးခေတ် ဘုရင်အဆက်ဆက်တို့က ကြည်ညိုသဒ္ဒါစွာ ဖြင့် ဆက်လက်မွမ်းမံပြင်ဆင်ခဲ့ကြလေသည်။ ဤသို့ဖြင့် လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်လက်ရာများကို ရောနှော၍ တွေ့ရခြင်းဖြစ်သည်။ လှိုဏ်ပတ်လမ်းနှင့် အမိုးတို့ ကျောက်ဆစ်လက်ရာဖြင့် စနစ်တကျပြုလုပ်ထားသည်။ ဘုရား၏ အရှေ့ဘက်တွင် သိမ်ရာရှိသည်။ နမိတ်တိုင်များကို တွေ့ရသည်။

## ကိုးသောင်းဘုရား

ပေစီတောင်ကုန်းမှ မြောက်စူးစူး ကိုက် ၄၀၀ခန့်အကွာ နန်းရာကုန်းမှ အရှေ့ဘက်တစ်မိုင်ခွဲခန့် အကွာတွင် ရှိသည်။ လယ်ကွင်းများအလယ်တွင် စတုရန်းပုံ တောအုပ်သဖွယ် အပင်များထူထပ်စွာ ပေါက်လျှက်ရှိသည်။ လယ်ကွင်းများအလယ်တွင် စတုရန်းပုံ တောအုပ်သဖွယ် အပင်များထူထပ်စွာ ပေါက်လျှက်ရှိသည်။ မြောက်ဦးခေတ် စေတီပုထိုးများအနက် ထုထည်အကြီးမားဆုံးသော စေတီပုထိုးပင်ဖြစ်သည်။ အပေါ်ပိုင်းမရှိတော့ဘဲ ပေ ၃၀ခန့်မြင့်သော အောက်ပိုင်းပစ္စယံအဆင့်သာ ကျန်တော့သည်။ အလျားတောင်မြောက် ၂၅၀ပေ အနံ အရှေ့နောက် ၂၃၀ပေရှိသည်။ ကိုးသောင်းပုထိုးတော်ကြီးမှာ ရှစ်သောင်းပုထိုးတော်ကြီးနှင့် သမိုင်းကြောင်းအရလည်းကောင်း ဗိသုကာပညာရှုထောင့်အရလည်းကောင်း၊ ဆင်တူမျှ ဆက်နွယ်မှုရှိပေသည်။ ဘုရင့်တော်ဝင် မင်းမျိုးမင်းနွယ်များ အနေနှင့် ဘာသာရေးဆိုင်ရာ စေတီ၊ ပုထိုး၊ ကျောင်းကန်ဘုရားများ ဆောက်လုပ်လှူဒါန်းကြရာတွင် စဉ်လာဓလေ့ထုံးစံကို လေးစားလိုက်နာ အမွေဆက်ခံလေ့ ရှိကြပေသည်။

ရှစ်သောင်းပုထိုးတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သော မြောက်ဦးရွှေနန်းရှင် မင်းဗာဘုရင်မင်းမြတ်သည် သက္ကရာဇ် ၉၁၅(အေဒီ ၁၅၅၃)ခုနှစ်တွင် နတ်ရွာစံခဲ့သည်။ ထိုအချိန်တွင် ထီးမွေနန်းမွေကို ဆက်ခံမည့် အိမ်ရှေ့စံဖြစ်သော သားတော်ကြီးမင်းတိက္ခာမှာလည်း နာမကျန်းဖြစ်နေပေသည်။ မြောက်ဦးမြို့တစ်ခွင်တစ်ပြင်တွင်လည်း **"မင်းတိက္ခာသည် နန်းတက်ပြီး (၆)လအကြာတွင် နတ်ရွာစံမည်"** ဟူ၍ အတိတ်တဘောင် ပေါ်ပေါက်နေလေသည်။ မင်းတိက္ခာလည်း ဟူးရာတတ် ဗေဒင်တတ်တို့နှင့် တိုင်ပင်ပြုရာ ၎င်းတို့၏ လျှောက်ထားအကြံပြုချက်အရ ထိုဝင်းချေသည့်အနေနှင့် ကိုးသောင်းဘုရားကို တည်စေသည်။ ၎င်းအပြင် ယတြာအဖြစ် နန်းတော်ကြီး၏အရှေ့ဘက် ကိုးသောင်းဘုရား တည်မည့်နေရာ၏ အရှေ့အရပ်ကွင်းပြင်တွင် ယာယီတဲနန်းဆောက်ကာ စံစေသည်။ ပုထိုးတော်ကြီးအားလည်း ဂြိုလ်ဆိုး ဝင်သောကာလ(၆)လဖြင့် အပြီးဆောက်စေသည်။ ဘုရင်ကြီးအတွက် ပညာရှင်များ ကြိုးပမ်း၍ ခရစ်သက္ကရာဇ် ၁၅၅၃ ခုနှစ်တွင် အပြီးဆောက်လုပ်ခဲ့ရာ ကိုးသောင်းဘုရားကြီးတည်ပြီးနောက် ဘုရင်ကြီး၏အနာရောဂါသည်လည်း

အုံသြဘွယ်ရာပျောက်ကင်းခဲ့လေသည်။

ကိုးသောင်းပုထိုးတော်ကြီးမှာ ရှစ်သောင်းပုထိုးတော်ကြီးနှင့် ဆောက်လုပ်ပုံတူညီသည်။ လှိုဏ်ပတ်လမ်းကို ကျောက်သားများဆစ်၍ ပြုလုပ်သည်။ အပေါ်တွင် ထူပါရုံစေတီကိုးဆူရှိသည်။ ယခုအခါ ပြိုပျက်ပြီး ဥမင်လမ်းကို ပိတ်ဆို့နေပေပြီ။ အပြင်နံရံကိုလည်း အဆင့်ကိုးဆင့်ထားပြီး အဆင့်များတွင် အရံစေတီငယ်(၁၀၈)ဆူကို စီတန်းကာ တည်ထားသည်။ ကိုးနဝင်းကား အမှန်ပင် ကျေခဲ့ပြီ။ ပုထိုးတော်ကြီး၏ အလယ်ခေါင်တည့်တည့်တွင် ထူပါပုံ ကျောက်စေတီကြီးတစ်ဆူရှိသည်။ စေတီ၏အောက်ခြေမှာ ရှစ်မြှောင့်အဋ္ဌဂံပုံဖြစ်သည်ဟု ဆိုကြသည်။

ပုထိုးပေါ်သို့တက်ရန် အရှေ့ဘက်မှ တက်လမ်းတစ်ခုရှိသည်။ ထိုလမ်းမှတက်လျှင် ရှေးအခါက အာရက္ခံ သိမ်တော်ကြီးရှိရာ ရင်ပြင်တော်သို့ ရောက်သည်ဟု သိရသည်။ ထိုရင်ပြင်၏လက်ဝဲလက်ယာနှစ်ဘက်တွင် လှိုဏ်ဂူပတ် လမ်းသို့ ဝင်ပေါက်ထွက်ပေါက် နှစ်ခုရှိသည်။ ယခုအခါ ကျောက်ပြိုအုတ်ပျက်များက အပေါက်ကို ပိတ်ဆို့ထားချေပြီ။ စနစ်တကျတူးဖော်ပြီး ပြန်လည်မွမ်းမံပြင်ဆင်ပါက အဖိုးတန်ယဉ်ကျေးမှုလက်ရာများ၊ ဗုဒ္ဓဘာသာဆိုင်ရာ အနုပညာ လက်ရာများကို စနစ်တကျ ဖူးမျှော်လေ့လာနိုင်ကြမည်ဖြစ်သည်။ ပုထိုးတော်ကြီး၏ အရှေ့ဘက်တွင် မင်းတိက္ခာ ယာယီစံနန်းတော်ရာရှိသည်။ ယခုအခါ ကုန်းမြေခေါင်ခေါင်အဖြစ် တွေ့နိုင်ပြီး အုတ်တံတိုင်း ပျက်ကာရံထားသည်ကို တွေ့ရသည်။ တောင်မြောက် ၉၅ ပေ၊ အရှေ့အနောက် ၁၂၀ ပေခန့်ကျယ်သည်။

အချို့က ဤကိုးသောင်းဘုရားကို မိုးကြိုးပစ်ခံရ၍ အပေါ်ပိုင်းပျက်စီးခဲ့သည်ဟုဆိုသည်။ ဖခင်ဖြစ်သူ မင်းဗာ ဘုရင်က ရှစ်သောင်းပုထိုးတော်ကြီး တည်ဆောက်သည်ကို ဖခင်ထက်သာလွန်၍ ကိုးသောင်းတည်ဆောက်ခဲ့ခြင်းကြောင့် အပြစ်ဒဏ်ခံရခြင်းဖြစ်သည်ဟု တွေးဆကြသည်။ အမှန်မှာ ကိုးသောင်းပုထိုးတော်ကြီးကို ဟူးရားပညာရှိများ၏ အကြံပြုချက်အရ (၆)လအတွင်း အပြီးတည်ဆောက်ခဲ့ရခြင်းဖြစ်ရာ တည်ဆောက်မှုတွင် ချွင်းချက်အားနည်းချက်များ ရှိကောင်းရှိခဲ့မည်ဖြစ်သည်။ ၎င်းပြင် ပင်လယ်ကမ်းကပ်စပ်တွင်သာရှိသော ကျောက်များကို သယ်ယူရန် အချိန်မလုံ လောက်၍ ကျောက်သားလုံလောက်စွာမရ၍ ရွှံ့အုတ်ဖြင့် ရောနှောဆောက်လုပ်ခဲ့ရသည်။ ကိုးသောင်းပုထိုးမှာ ကွင်းပြင် အတွင်း ထီးထီးမားမားတည်ရှိ၍လည်း အမှန်ပင် မိုးကြိုးထိမှန်ခဲ့သည်ဆိုပါကလည်း သဘာဝတရားဖြစ်စဉ်သာ ဖြစ်ပေ သည်။

## ဦးတော်ဆေးကန်

ကိုးသောင်းပုထိုးတော်ကြီး၏ အရှေ့မြောက် ကိုက် ၄၀၀ခန့်အကွာတွင် ရှေးရခိုင်များ ဦးတော်ဆေး မင်္ဂလာအခမ်းအနားကျင်းပရာ ကန်တော်မင်္ဂလာရှိသည်။ ဦးတော်ဆေးကန်ဟု ခေါ်သည်။ တောင်မြောက်ကိုက် ၂၀၀ခန့်ရှိပြီး အရှေ့အနောက် ကိုက် ၁၀၀ခန့်ကျယ်သော ကန်ကြီးတစ်ကန်ဖြစ်သည်။ ရိုးရာအစဉ်အလာအရ မြောက်ဦးခေတ် ဘုရင်တို့သည် ဘိသိက်တော်အခါ၌လည်းကောင်း၊ နှစ်ကူးသင်္ကြန်တော်အခါ၌လည်းကောင်း၊ အခါအားလျော်စွာ ဗေဒင်ကိန်းခန်းအရလည်းကောင်း၊ ဦးတော်ဆေးမင်္ဂလာအခမ်းအနားကို ကျင်းပမြဲဖြစ်သည်။ အခမ်းအနား မကျင်းပမီကြိုတင်၍ ဦးတော်ဆေးကန်၏ အနောက်ဘက်ကမ်းတွင် ဆောက်လုပ်ထားသော ယာယီတဲနန်းတွင် စံနေကြရသည်။

ဆောက်လုပ်ထားသော ဦးတော်ဆေးကန်၏ ထူးခြားချက်မှာ ရေများသည် အမြဲသန့်ရှင်းနေပြီး သုံးရာသီရေတိုးခြင်း၊ လျော့ခြင်းမရှိပါဟု ပြောစမှတ်ပြုကြသည်။ အမှန်ပင် နွေခေါင်ခေါင်တွင် ကန်တော်ဝန်းကျင်တစ်ဝိုက်စိမ်းစိုသော သခွားခင်းများ စိုက်ခင်းများကို အမြဲတွေ့ရတတ်သည်။

ဦးတော်ဆေးကန်၏ အနောက်ဘက်တွင် ဆင်ကျုံးဟောင်းတစ်ခု တွေ့ရှိသည်။ ထိုနေရာမှာ မြောက်ဦခေတ်အခါက ဆင်များကို လေ့ကျင့်ပေးရာ နေရာပင်ဖြစ်သည်။ ဆင်တပ်မတော်၏အဓိက စခန်းချရာနေရာဟောင်းဖြစ်သည်။

## မြောက်မြင်းမိုရ်နန်း

ဦးတော်ဆေးကန်၏အရှေ့ဘက် ကိုက် ၂၀၀ခန့်အကွာတွင် မြောက်မြင်းမိုရ်နန်း တည်ရှိသည်။ မြေပြင်ညီဖြစ်သော်လည်း ဆည်ဖို့ထားသော တာရိုး၊ ကုန်းဘောင်၊ ကျုံး၊ ကန်၊ မြောင်း၊ အဆောက်အဦး စသည်ဖြင့် ဖွဲ့စည်းထားသော နန်းတော်တစ်မျိုးပင်ဖြစ်သည်။ သို့သော် သံဃာတော်များအတွက် သီးသန့်ပြုလုပ်ထားခြင်းဖြစ်ရာ ကျောင်းသင်ခန်းဟု ခေါ်နိုင်သည်။ ရှေးအခါက သံဃာများ သိက္ခာထပ်ရာသီသာ အစည်းအဝေး ကျင်းပရာနေရာဖြစ်သည်။ ကျိုးပဲ့နေသော အုတ်ကျိုးများနှင့် အခြားအပျက်အစီး အကြွင်းအကျန်များက ဤနေရာသည် ရှေးအခါက အရေးကြီးသော သာသနိက အဆောက်အဦးများ တည်ရှိခဲ့ရာနေရာဖြစ်ကြောင်း ညွှန်ပြထောက်ခံနေပေသည်။ မြောက်ဦးမြို့တော်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဂိုဏ်းချုပ်ဆရာတော်ကြီးများသည် ဤနေရာတွင် စုဝေးပြီး သံဃာဆိုင်ရာစည်ကမ်းများ၊ သာသနာ့ဆိုင်ရာ ကိစ္စရပ်များကို သာသနာပိုင်၏ ရှေ့မှောက်တွင် ဆုံးဖြတ်ရယူသည်။ ဘုရင်နှင့် ဆိုင်သော အကြံပြုချက်များကိုလည်း ဤနေရာမှ တိုင်ပင်ဆွေးနွေးကြသည်။

**ကြောင်လည်ဒုံစံတပ်**

မြောက်မြင့်မိုရ်နန်းမှ အရှေ့ဘက် မိုင်ဝက်ခန့်အကွာ နန်းတော်ကုန်း၏အရှေ့ဘက် ၂မိုင်ခန့်အကွာတွင် ကြောင်လည်ဒုံခံတပ်ရှိသည်။ ကျားတောင်တန်း၏အရှေ့ဘက် ဆင်ခြေလျောတွင် တည်ဆောက်ထားသည်။ ကျားတောင်တန်းသည် မြောက်ဦးမြို့တော်၏ အရှေ့ဘက်တွင်ရှိ၍ တောင်မြောက်သွယ်တန်းနေသော တောင်တန်းဖြစ်သည်။ သဘာဝမြို့ရိုးအဖြစ် အသုံးပြုထားရာ လိုအပ်သောနေရာတွင် ဆည်ဖို့၍ မြို့ရိုးများ မြို့တံခါးများ ပြုလုပ်ထားသည်။ ဤတောင်တန်းသည် အရှေ့ဘက်လေးမြို့မြစ်နှင့် ပြိုင်တန်း၍အရှေ့ဘက်မှ လေးမြို့မြစ်ကို မှီ၍ဝင်ရောက်လာသော ရန်သူများကို ထိန်းချုပ်ရန်အတွက် ဤကျားတောင်၏အချက်အချာနေရာတွင် ဤခံတပ်ကို စနစ်တကျ အခိုင်အခန့် တည်ဆောက်ထားခြင်းဖြစ်သည်။ ဤခံတပ်၏တောင်ဘက်နားတွင် မြောက်ဦးမြို့တော်အား ကွေ့ပတ်ကာ စီးဆင်းလာသော သင်္ကနဒီမြစ်ချောင်း ရှိသည်။ ဤချောင်းမှာ လေးမြို့မြစ်နှင့် ကုလားတန်မြစ်ကို ဆက်သွယ်ထားသော မဟာဗျူဟာအတွက် အရေးပါသောချောင်းဖြစ်သည်။ သဘာဝဒီချောင်းဖြစ်သော အလယ်ဈေးချောင်းဖျားကို နက်အောင်တူး၍ လေးမြစ်ဝှမ်းနှင့် ဆက်သွယ်နိုင်ရန် တမင်တကာ ပြုလုပ်ထားခြင်းဖြစ်သည်။ စစ်အေးကာလတွင် စပါးများ၊ ဝါးဖောင်များ၊ သစ်ဖောင်များနှင့်၊ အသီးအနှံများ သယ်ယူရေးအတွက် အသုံးပြု၍ လိုအပ်ပါက စစ်ရေးအတွက် အသုံးချသည်။ ရေကိုလိုအပ်သလို ထိန်းကျောင်းနိုင်ရန် ဤခံတပ်အနီးတွင် ရေတံခါးကြီးများကို အဆင့်ဆင့်ပြုလုပ်ထားသည်။ ရေတံခါးအနီးတွင် စပါးသိုလှောင်ရာ ကျီတော်တစ်ခုလည်း ရှိသေးရာ ကြောင်လည်ဒုံကျီတော်ဟုပင် ခေါ်သည်။ ကြောင်လည်ဒုံခံတပ်တွင် ခေတ်မီအမြောက်ကြီးများကို လေးမြို့မြစ်ဝှမ်းဘက်သို့ မျက်နှာလှည့် အသင့်ချိန်ရွယ်ထားရှိခဲ့ပေသည်။ ယခုအခါ အမြောက်ကြီးခြောက်လက် တပ်ဆင်ခဲ့သော နေရာများရှိသည့် ပေ ၃၀ခန့်ရှည်သော ကျောက်သားဖြင့် ပြုလုပ်ထားသော အမြောက်ပစ်စင်ဟောင်းကို တွေ့နိုင်သေးသည်။

## တောင်မြင်းမိုရ်နန်း

မြောက်မြင်းမိုရ်နန်းမှ တောင်စူးစူး မိုင်ဝက်ခန့်အကွာနှင့် နန်းရာကုန်းမှ အရှေ့ဘက်တစ်မိုင်ခွဲခန့် အကွာတွင် တောင်မြင်းမိုရ်နန်းတည်ရှိသည်။ လေးထောင့်စတုရန်းပုံ ဖြစ်သည်။ ကောင်းကင်မြေတိုင်း ဓာတ်ပုံတွင် ထင်ထင်ရှားရှား တွေ့ရသည်။ ယခုတိုင် မြေပြင်အနေအထားမှာ ပီပီပြင်ပြင် ရှိသေးသည်။ တောင်မြောက် ၆၀၀ပေ အရှေ့အနောက် ၅၅၀ပေရှိသည်။ မြောက်မြင်းမိုရ်နန်းနှင့် ပုံသဏ္ဌာန်တူညီသော်လည်း မြောက်မြင်းမိုရ်နန်းမှာ ရဟန်းသံဃာတော်များ အတွက် သီးသန့်ဖြစ်၍ တောင်မြင်းမိုရ်နန်းမှာ ဘုရင်နှင့် ၎င်း၏အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်အတွက် ဆောင်ရွက်ရန် သီးသန့်ဆောက်လုပ်ထားခြင်းဖြစ်သည်။ တောင်မြင်းမိုရ်နန်းတွင် ကျွန်းကြီးလေးကျွန်းနှင့် အလယ်ခေါင်တွင် ကျွန်းငယ် တစ်ကျွန်းပေါင်း ငါးကျွန်းပါရှိသည်။ နိပါတ်တော်နှင့် ကျမ်းဂန်လာ မြင်းမိုရ်တောင်ကို ရည်၍ အလယ်ခေါင်းကျွန်းကို မြင်းမိုရ်တောင်ဗဟိုအချက်အချာအဖြစ် သတ်မှတ်ကာ အရံကျွန်းကြီးလေးကျွန်းက ဝိုင်းရံနေပုံကို သရုပ်ဖော်ကာ ပြုလုပ်ထားခြင်းဖြစ်ပေသည်။ ကျွန်းများကို မြေဖို့ခြင်း၊ မြောင်းတူးခြင်းတို့ဖြင့် ပြုလုပ်ထားရာ စနစ်တကျရှိသည်။ ကောင်းကင်မြေတိုင်းဓာတ်ပုံတွင် ပီပီပြင်ပြင်ထင်ထင်ရှားရှား တွေ့ရသည်။ အလယ်ခေါင် မြင်းမိုရ်ကျွန်းမှာ အလျား ၄၃ ပေ အနံ ၄၃ပေရှိ၍ စတုရန်းပုံဖြစ်သည်။ ထိုကျွန်းအား ဝိုင်းရံထားသော ကျွန်းကြီးလေးကျွန်းမှာ တစ်ဘက်ပေ ၁၅၀စီရှိ၍ စတုရန်းပုံဖြစ်သည်။ ကျွန်းများပတ်လည်တွင် ၃၉ပေ ကျယ်သော ကျုံးဖြင့်ကာရံထားသည်။ ကျုံးကိုရေအပြည့် ဖြည့်ထားပါက အဆိုပါကျွန်းများမှာ ရေလယ်ကျွန်းအဖြစ် တင့်တင့်တယ်တယ်ရှိသည်။

ရခိုင်တိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကို နှစ်ပေါင်းကြာမြင့်စွာကပင် အစဉ်တစိုက် ယုံကြည်ကိုးကွယ်လာကြ သူများဖြစ်ရာ ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓစာပေကျမ်းဂန် ငါးရာငါးဆယ်နိပါတ်တော်များနှင့် အကျွမ်းတဝင်ရှိကြပြီး ဖြစ်ပေ သည်။ ယခုမြင်းမိုရ်နန်းအစဉ်အလာမှာ မိမိတို့ယုံကြည်ကိုးကွယ်သော ဗုဒ္ဓစာပေကျမ်းဂန်မှ အချက်အလက်များကိုပင် အခြေခံ၍ ရခိုင်ဓလေ့၊ ရခိုင်ဟန် ရခိုင်စဉ်လာဖြင့် ပြုပြင်ပြောင်းလဲ အသုံးပြုထားခြင်းပင် ဖြစ်ပေသည်။ သို့သော် ယခု တောင်မြင်းမိုရ်နန်းအစဉ်အလာမှာကား အများပြည်သူအတွက် မဟုတ်မူဘဲ ထီးသုံးနန်းသုံး နိုင်ငံအုပ်ချုပ်ရေး စနစ်သက်သက်မျှသာဖြစ်သည်။ ဘုရင်ခံ၊ နယ်စား၊ မြို့စား၊ အသစ်ခန့်အပ်ခြင်းနှင့် တစ်နှစ်တစ်ခါ ပြုလုပ်သော သစ္စာခံဘုရင့်အား ဖူးမျှော်ပွဲအတွက် ဤနေရာကို အသုံးပြုသည်။

တောင်မြင်းမိုရ်နန်း၏အလယ်ခေါင် မြင်းမိုရ်ကျွန်းတွင် ဘုရင်အတွက် **“ရွှေနန်းစံအိမ်တော်”** ဆောက်လုပ်ထား လေသည်။ တဆောင်လုံး ရွှေပိန်းပိန်းချထားသည်။ ပွဲတော်မရောက်မီ တင်ကြို၍ တောင်မြင်းမိုရ်နန်းအား ပြင်ဆင်မွမ်းမံ ရသည်။ ဘုရင်ပွဲတော်ကျင်းပမည့်နေ့ရောက်သောအခါ မင်းနှင့် ဘိသိက်သွန်းမိဖုရားခေါင်ကြီးတို့သည် တောင်မြင်းမိုရ် နန်းသို့ အခမ်းအနားနှင့် ကြွရောက်တော်မူလာပြီး ရွှေနန်းစံအိမ်တော်တွင် စံနေသည်။

ပွဲတော်သို့ တက်ရောက်လာကြသည့် ဘုရင်ခံ၊ နယ်စား၊ မြို့စားတို့သည် ကျွန်းကြီးလေးကျွန်းတွင် သတ်မှတ် ချက်အတိုင်း တောင်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်း၊ အနောက်ကျွန်း၊ ခွဲ၍နေရာယူကြသည်။ အခမ်းအနား အစီအစဉ် အတိုင်း ဘုရင်ခံ၊ နယ်စား၊ မြို့စားများသည် သက်ဆိုင်ရာကျွန်းမှ ရွှေချထားသော **“လှေငယ်”**ဖြင့် ဘုရင်ထံ တစ်ဦးချင်း လာရောက်၍ ခြေတော်စုံကို ဦးခိုက်ရသည်။ သစ္စာရေကိုလည်း အများရှေ့တွင်ပင် သောက်ကြရသည်။ ဤကား မြောက်ဦးခေတ်ဘုရင်တို့၏ သိမ်မွေ့နူးညံ့သော အုပ်ချုပ်ရေး အစီအမံတစ်ရပ်ပင် ဖြစ်တော့သည်။

မြောက်ဦးခေတ် အထူးသဖြင့် ၁၆ရာစု နှောင်းပိုင်းကာလနှင့် ၁၇ ရာစု အစောပိုင်းကာလသည် တန်ခိုးအာဏာ အကြီးမားဆုံးနှင့် ပိုင်နက်နယ်မြေအကျယ်ပြန့်ဆုံး ကာလဖြစ်သည်။ ဘင်္ဂလားမှ မုတ္တမတိုင်အောင် ကျယ်ပြန့်သော ပင်လယ်ကမ်းခြေကို အုပ်ချုပ်ထိန်းသိမ်းရသည်ဖြစ်ရာ ဘုရင်ခံ၊ ဘုရင်ငယ်များ ခန့်အပ်ပြီး အုပ်ချုပ်ရ လေသည်။ ၁၆၃၄ခုနှစ် နွေဦးပေါက်ရာသီတွင် မြောက်ဦးဘုရင် သီရိသုဓမ္မရာဇာ၏ ဘိသိက်ပွဲကို တက်ရောက်ခဲ့သော ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်က လက်အောက်ခံဘုရင်ငယ်(၁၂)ပါးရှိကြောင်းနှင့် ၎င်းတို့တလှည့်စီ ခြေတော်စုံကို ဦးခိုက်ရကြောင်း ဘုရင်ကြီးက မကိုင်ဋ္ဌသရဖူဆောင်းပေးကြောင်း ဘုရင်မင်းမြတ်မှာ ဘုရင်ဧကရာဇ်အဖြစ် နှစ်ခြိုက် သော အပြုံးဖြင့် စံနေကြောင်း စသည်ဖြင့် ရေးသားဖော်ပြခဲ့ပေသည်။

တောင်မြင်းမိုရ်နန်းတွင် တစ်နှစ်တစ်ကြိမ် စုဝေး၍ အများရှေ့တွင် သစ္စာခံဦးခိုက်စေခြင်းဖြင့် ၎င်းသည် လက်အောက်ခံဘုရင်တစ်ပါးအဖြစ်ဖြင့် မိမိကိုယ်ကို နှိမ့်ချစေလိုခြင်း မြင်စေလိုခြင်းသည် အဓိကရည်ရွယ်ချက်ပင် ဖြစ်ပေမည်။ အများရှေ့တွင် သစ္စာရည်သောက်ခဲ့ရခြင်းဖြင့်လည်း လက်အောက်ခံဘုရင်တစ်ပါးသည် မိမိကိုယ်ကို သစ္စာဖောက်အဖြစ် မခံယူနိုင်ရန် ခက်ခဲယင်းလေအောင် တမင်ကြိုတင်စီစဉ်ထားဟန် တူပေသည်။ တစ်နှစ်တစ်ခါ

လက်ဆောင်ပဏ္ဏာများဖြင့် နေပြည်တော်သို့ လာရောက်ပြီး ဘုရင်အား ဖူးမြော်ခြင်းဖြင့် အုပ်ချုပ်ရေးသဘောအရ ကင်းကွာမှုနည်းပါးစေလေရာ ထိုခေတ်ထိုအခါ၏ အုပ်ချုပ်ရေးစနစ်တစ်ရပ်အဖြစ် လေ့လာအပ်ပေသည်။

## လှိုင်းစရာ စစ်စခန်းဟောင်း

တောင်မြင်းမိုရ်နန်း၏တောင်ဘက်တွင် စေတီပုထိုးများ မတွေ့ရချေ။ ဤအပိုင်းသည် မြောက်ဦးရွှေမြို့တော်၏ အရှေ့တောင်ပိုင်း မြေနိမ့်အရပ်ဖြစ်သည်။ ဤအပိုင်းမှ ရန်သူများ မကြာခဏ ဝင်ရောက်တိုက်ခိုက်တတ်လေရာ ခံတပ်များ၊ ကျုံးများ၊ တံတိုင်းများကို အထပ်ထပ်ပြုလုပ်ထားလေသည်။ တောင်မြင်းမိုရ်နန်း၏ တောင်ဘက်နားတွင် ကပ်၍ ပဆိုးဖွတ်ကျုံး၊ ကြာခေါင်းလောင်းကျုံး၊ ကျားကိုက်သမကျုံးဟူ၍ ကျုံးသုံးတန်၊ မြို့ရိုးသုံးထပ်ရှိလေသည်။ ဤမြို့ရိုးနှင့် ကျုံးများမှာ တောင်တန်းနှစ်ခု ဆက်၍ အရှေ့အနောက်တန်းကာ ပြုလုပ်ထားခြင်း ဖြစ်သည်။ ဤမြို့ရိုးများ အဆုံး တောင်ကုန်းထိပ်များပေါ်တွင် အမြောက်ကြီးများ တပ်ဆင်ထားသော ခံတပ်ကြီးများပြုလုပ်ထားသည်။ လေသာတောင်ခံတပ်နှင့် မြတောင်ခံတပ်မှာ အကြီးမားဆုံးဖြစ်သည်။ ကျုံးသုံးထပ်၊ တံတိုင်းသုံးထပ်၏တောင်ဘက် မြေပြန့်လွင်ပြင်တွင် ရေကန်ကြီးတစ်ခုရှိသည်။ ဤရေကန်ကို လှိုင်းစရာ ရေကန်ဟုန်ခေထါ်သည်။ **"လှိုင်းစရာ"**ဟူသော ဝေါဟာရမှာ ရခိုင်စစ်ဘက်ဆိုင်ရာ အသုံးအနှုန်းတစ်ခုပင် ဖြစ်သည်။ စစ်ချီခြင်း၊ စစ်တက်ခြင်း အဓိပ္ပါယ်ရသည် ဤကန်၏အရှေ့ဘက် ကျားစောင်းတန်း၏တောင်ခြေနှင့် ကန်အနီးတစ်ဝိုက်တွင် ယခင်ရှေးအခါက စစ်ရေးလေ့ကျင့်ရာ ကွင်းပြင်ဖြစ်ခဲ့သည်။ အမြဲတမ်းတပ်မတော်မဟုတ်ပဲ ပြည်သူ့စစ်အတွက်သာ ဖြစ်သည်။

## ဆန်တီကန်ဗလီ

လှိုင်းစရာရေကန်၏အနောက်ဘက်ကိုက် (၁၅၀)ခန့်အကွာတွင် မဟာမေဒင်ဘာသာဝင်တို့၏ ဗလီတစ်ခုရှိသည်။ မင်းစောမွန်နှင့် ပါလာခဲ့သော မဟာမေဒင်ဘာသာဝင် စစ်သားများက အေဒီ ၁၄၂၆ ခုနှစ်တွင် တည်ဆောက်ခဲ့ရာ မြန်မာပြည်တွင် ရှေးအကျဆုံးဗလီ ဖြစ်နိုင်သည်။

## မင်းတရားပြင်

ဆန်တီကန်ဗလီ၏အနောက်ဘက် ကားလမ်းဘေးတစ်လျှောက် လယ်ကွင်းပြင်ကြီးမှာ တမျှော်တခေါ် ကျယ်ဝန်းလှသည်။ မြေဆီဩဇာ ထက်သန်လှသောကြောင့် စိုက်ပျိုးရေးအထူးပင် ဖြစ်ထွန်းသော မြေကောင်းမြေမွန်ပင် ဖြစ်သည်။ လောင်းကြက်မြို့တော် မင်းထီးဘုရင် (အေဒီ ၁၂၈၃-၁၃၈၉)သည် မြို့တော်၏မြောက်ဘက်အရပ ကွင်းပြင်တွင် လယ်ထွန်မင်္ဂလာကို ဆင်နွှဲခဲ့သည်ဟု သမိုင်းများတွင် ဖော်ပြထားရာ ဤနေရာကွင်းပြင်တွင်ပင် ဖြစ်သည်။နောက်ပိုင်း မြောက်ဦးမင်းအဆက်ဆက်တို့သည်လည်း ဤနေရာတွင်ပင် အစဉ်လာတစ်ရပ်အနေနှင့် လယ်ထွန်မင်္ဂလာပွဲကို ဆက်လက်၍ဆင်နွှဲခဲ့ကြသည်။

## သိမ်ကြီးရွှေဂူ (ခေါ်) သိမ်ကြီးတောင်ဘုရား

ဘုရားများလှ၊ လေးဌာနနှင့်၊
သုံးဝမြတ်ပန်း၊ ကျော်ဝှန်းတခြား
မူကားလေးမူ၊ ဂူမှာနဝ၊
သတ္တရတနာ၊ မာရ်မှာငါးပါး၊
တည်ထားမြို့တည်၊ ငါးရပ်မည်တည်း၊

ဟူသော လင်္ကာအရ သိမ်ကြီးရွှေဂူမှာ မြောက်ဦးမြို့ရှိ ဂူဘုရားကိုးခုအနက် တစ်ခုအပါအဝင် ဖြစ်ပေသည်။ မြောက်ဦးရွှေနန်းတော်၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာပေ ၃၀ခန့်မြင့်သော တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ပုဏ္ဏားမြောင်ခံတပ်၏ အရှေ့ဘက်အနီး မြောက်ဦးလောင်းကြက်သွားလမ်းနဘေးတွင် တည်ရှိသည်။ ရပ်ကွက်များ ဝိုင်းရံတည်ရှိနေ၍ ဘုရားဖူးသူများ အရောက်အပေါက်နည်းသည်။ ဤဘုရားကို မြောက်ဦးဘုရင် မင်းဖာသည် ခရစ်နှစ် ၁၅၃၂ ခုတွင် တည်ထားခဲ့သည်။ တောင်ကုန်းတစ်ခုလုံးကို သိမ်နမိတ်အဖြစ် သမုတ်ထားခဲ့ရာ ယခုတိုင် သိမ်နမိတ်တိုင်ကြီးများကို ထိုမြေပေါ်သို့ ၅ပေမျှ ပေါ်လျှက်တွေ့ရသေးသည်။ လှိုဏ်ဂူကြီးမှာ ပြိုပျက်ခဲ့ပြီး ဖြစ်၍

နံရံလေးဘက်သာ ကျန်တော့သည်။ လှိုဏ်ဂူထဲရှိ ဘုရားဆင်းတုတော်မှာ ကြာပလ္လင်ခံ၍ စံနေသည်။ ဉာဏ်တော် ၁၂ပေရှိ ကြီးမားသော ဆင်းထုတော်ပင်ဖြစ်သည်။

## ညီမတော်ဘုရား

သိမ်ကြီးရွှေဘုရားနှင့်ကပ်၍ တောင်ဘက်သို့ ကိုက်အနီးငယ်အကွာတွင် တောင်ကုန်းငယ်တစ်ခုရှိရာ ထိုတောင်ကုန်းပေါ်တွင် ညီမတော်ဘုရား ရှိသည်။ ဤဘုရားသည် မြောက်ဦးဘုရင် ဆင်ဖြူရှင် (ခရစ်နှစ် ၁၄၈၂-၁၄၉၂)၏ သမီးတော် စောသုံဘာ၏ကောင်းမှုဖြစ်သည်။ ဘုရားပလ္လင်တော်တွင် စိတ်ဝင်စားဖွယ်ရာကောင်းသော ပန်းပုရုပ်ကြွများ ရှိသည်။ ၎င်းအထဲတွင် စောင်းပိုက်ထားသော လူတစ်ဦးပုံမှာ သရုပ်ပေါ်လွင်လှသည်။

ထိုခေတ်၏ ဝတ်စားဆင်ယင်မှုနှင့် စောင်း၏ပုံကို တွေ့ရသည်။ ကုသိုလ်ရှင် စောသုကာမှာ စောနန်းမင်းဖြူမင်းသမီး၏ညီမဖြစ်၍ ညီမတော်ဘုရားဟု တွင်သည်။ ဤဘုရား၏ အနောက်ဘက်လမ်းတစ်ဘက်တွင် ပုဏ္ဏားမြောင်း ခံတပ်နှင့် ဆင်ဖြူတော် ရေတံခါးတို့ရှိသည်။ ဆက်လက်သွားရောက်လေ့လာကြည့်ရှုနိုင်သည်။

# မြောက်ဦးမြို့တောင်ဘက်ဘုရားများ

## ရွှေတောင်စေတီနှင့် အနီးရှိဘုရားများ

ရွှေတောင်သည် မြောက်ဦးရွှေနန်းတော်၏အရှေ့တောင်အရပ် အရှေ့ဘက်ခပ်ယွန်းယွန်း မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။ အမြင့်ပေ ၂၅၀မြင့်သော တောင်ကုန်းပေါ်တွင် တည်ထား၍ မိုင် ၂၀၀ခန့်ကွာဝေးသော ကုလားတန်မြစ်အတွင်းကပင် လှမ်း၍ ဖူးတွေ့နိုင်သည်။ မြောက်ဦးမြို့တခွင်တပြင်တွင် အမြင့်ဆုံးတောင်ကုန်းလည်း ဖြစ်သည်။ ရွှေတောင်ကုန်းကို အမှီပြု၍ ရွှေတောင်စေတီဟု ခေါ်ကြသည်။ စေတီ၏ပုံသဏ္ဌာန်မှာ အောက်ခြေမှ အပေါ်ထိ စက်ဝိုင်းပုံ တွေ့မြင်နေကျ စေတီပုံစံဖြစ်သည်။ ရွှေတောင်စေတီကို မင်းဗာကြီးဘုရင်က တည်ဆောက်ခဲ့ကြောင်း ဖော်ပြကြရာ ခရာဇ်သက္ကရာဇ် ၁၅၃၁ ခုနှစ်မှ ၁၅၅၃ ခုနှစ်အတွင်း တည်ထားခဲ့လိမ့်မည်။ အမှန်မှာ မင်းဗာကြီး ဘည်ထားခဲ့ပါက မူလက ယခုပုံစံမျိုး မဟုတ်နိုင်ချေ၊ နောက်ပိုင်းကုသိုလ်ရှင် ဘုရင်များနှင့် ပြည်သူများက ပြုပြင်လှူဒါန်းခဲ့ကြရာမှ ပုံစံအမျိုးမျိုးပြောင်းလဲလာခြင်း ဖြစ်ကြောင်း သိသာထင်ရှားလှာပေသည်။

အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲကာလအတွင်းက မြန်မာစစ်သားများက ဤဘုရားကုန်းမြေမှ ခံထုပ်များဆောက်လုပ်ကာ အပြင်းအထန်ခုခံခဲ့ပေသည်။ အင်္ဂလိပ်များကို အထိနာစေခဲ့သည်။ ထိုစဉ်က ကထုပ်မြေကျင်းများကို ယနေ့တိုင် တွေ့မြင်နိုင်သည်။ ရွှေတောင်မှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း ဆင်းလာပါက ကိုက် ၄၀၀ခန့်အကွာ ကုလားမြို့စေတီကို ရွှေတောင်၏ တောင်ကြောငယ်တစ်ခုပေါ်တွင် ဖူးတွေ့ရသည်။ ကုလားမြို့စေတီ၏ အနောက်ဘက်အနားတွင် တက္ကသီလာ ဘုရားကို ဖူးတွေ့ရသည်။ ဥဘဏ်တော်(၇)ပေခန့်မြင့်သည်။ ဤဘုရားကို အေဒီ ၁၄၆၀ ခုနှစ်တွင် ဘစောဖြူဘုရင်တည်ထားကိုးကွယ်ခဲ့သည်။ တက္ကသီလာဘုရားမှ တောင်ဘက်သို့ ကိုက်အနည်းငယ်မျှ လျှောက်သွားပါက မင်းခမောင်းပုထိုးတော်သို့ရောက်သည်။ ဤပုထိုး၏ မူလကုသိုလ်ရှင်မှာ မင်းဖလောင်း (အေဒီ ၁၅၇၁-၁၅၉၃)ဖြစ်သော်လည်း ၎င်း၏မြေးဖြစ်သူ မင်းခမောင်း (အေဒီ ၁၆၁၂-၁၆၂၂)သည် ထိုစေတီကို ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ မင်းခမောင်းဘုရားဟု တွင်သည်။ ဤစေတီတွင် ပန်းပုရုက္ခြများ၊ မုခ်ဦး၊ မုခ်ထွင့်များဖြင့် တန်ဆာဆင်ထားသည်။

မင်းခမောင်းစေတီမှ တောင်ဘက်သို့ ကိုက်အနည်းငယ်အကွာတွင် မြေသားဖြင့် ဆည်ဖို့ထားသော မြို့ရိုးတံတိုင်းသို့ရောက်သည်။ ဤတံတိုင်းမှာ လူလုပ်အားဖြင့် တောင်ကြောနှစ်ခုကို ဆက်ကာ ရေအိုင်(ကျုံး)အဖြစ် ဖန်တီးထားခြင်းဖြစ်သည်။ ပေ ၂၀ မြင့်၍ အောက်ခြေမှာ ပေ ၈၀ အပေါ်ပိုင်းပေ ၁၅ခန့်ထိ ထုထည်ကြီးမားပေသည်။ ပေ ၁၂၅၀မျှ အရှေ့နှင့်အနောက်ကို တန်း၍တည်ရှိသည်။ အပေါ်ပိုင်းတွင် သူရဲပြေးကို ကျောက်ဖြင့်လုပ်ထားခဲ့ကြောင်း အထောက်အထားများ တွေ့ရသည်။ ဤတံတိုင်း၏ အရှေ့ဘက်နားတွင် ကျောက်သားဖြင့် ပြုလုပ်ထားသော မြို့တံခါးတစ်ခုရှိသည်။ ထိုတံခါးမှာ ၉ပေကျယ်၍ ၁၃ပေမြင့်ကာ ၂၀ပေရှည်သည်။ ဆင်စီး၍ဝင်နိုင်ထွက်နိုင်သည်ဟု အဆိုရှိသည်။ တံခါးများတပ်ဆင်ခဲ့သော ဆုံလည်ပေါက်များကို ယခုတိုင် တွေ့ရသည်။ ဤတံခါးကို ကျခတ်မြို့စားက တာဝန်ယူတည်ဆောက်ခဲ့ရ၍ ကျခတ်တံခါးဟုတွင်သည်။ ဤတံခါးတပ်ဆင်ထားသော တံတိုင်း၏ တစ်ဘက်တွင် ၇၅ဧကခန့် ရေထုရှိသော အနော်မာကန်ရှိသည်။ ဤကန်သည် တောင်မြောက်တန်းနေသော တောင်ကြောနှစ်ခုကို ဖြတ်တည်ထားသောကြောင့် တောင်မြောက်တမိုင်ခွဲခန့်ထိ ရှည်သည်။ ဤကန်ကို မြောက်ဦးခေတ်အခါက ကျုံးအဖြစ် စစ်ရေးစစ်ရာတွင် အသုံးပြုခဲ့သည်။ လိုအပ်ပါက ထိုကျုံးမှရေကို ရေတံခါးမှဖောက်ချ၍ ရန်သူများရှိရာ အရပ်ကို ရေလွှမ်းမိုးစေသည်။

ဤကျခတ်တံခါးမှ အရှေ့ဘက် မြို့ရိုးအတိုင်း ဆက်လာပြီး တောင်ကြောပေါ်သို့ တက်ရောက်ပါက လေသာတောင် ခံတပ်နှင့် မြတောင်ခံတပ်သို့ ရောက်သည်။ ဤခံတပ်နှစ်ခုမှာ မြောက်ဦးမြို့တော်၏အကြီးဆုံးနှင့် အရေးပါဆုံး ခံတပ်များဖြစ်ကြသည်။ ဤခံတပ်မှာ အရှေ့ဘက်လေးမြို့မြစ်ဝှမ်း၊ ပုရိမ်လွင်ပြင်မှတက်လာသော ရန်သူကိုကောင်းစွာ ထိန်းချုပ်နိုင်သည်။ ၎င်းပြင် ကျုံးပင်လယ်များဖြစ်သော လက်ဆည်ကန်နှင့် အနော်မာကန်တို့၏ တံခါးများကိုလည်း တစ်ပြိုင်နက်အမိန့်ပေး ထိန်းချုပ်နိုင်လေသည်။ အနော်မာကန်နှင့် ဘေးချင်းယှဉ်၍ အခြားသောလူ့စွမ်းအားဖြင့် ပြုလုပ်ထားသော ရေအိုင်ကြီးတစ်အိုင် ရှိသေးသည်။ ၎င်းမှာ လက်ဆည်ကန်ကျုံးပင် ဖြစ်သည်။ ရေပြင်မှာ ဧကတစ်ရာကျော်ရှိ၍ အနော်မာကျုံးထက်ပိုကြီးသည်။ စစ်ရေးစစ်ရာအတွက် အသုံးပြုပုံမှာ အနော်မာကျုံးနှင့် လက်ဆည်ကန်ကျုံးတို့မှာ အတူတူပင်ဖြစ်သည်။ လက်ဆည်ကန်ကျုံးရှိ ကန်တံတိုင်းဘောင်တွင် မြို့တံခါးနှစ်ခုရှိရာ အရှေ့ဘက်တံခါးကို

ရွှေပေါက်ပင်တံခါးဟုခေါ်၍ အနောက်ဘက်တံခါးကို လက်ဆည်ကန်တံခါးဟု ခေါ်သည်။

## ဝသဲဘုရားကြီး

လက်ဆည်ကန်မှမြောက်ဘက် ကိုက် ၅၀၀ခန့်အကွာ နန်းရာကုန်းမှလည်း တောင်ဘက်သို့ ကိုက် ၅၀၀ခန့်အကွာ အကွာအဝေးတူညီသောအရပ်တွင် ဝသဲဘုရားကြီးရှိသည်။ ဤဘုရားကြီးမှာ မြောက်ဦးမြို့တွင်ရှိသည့် ကျောက်ဆင်းထုများထဲတွင် အကြီးဆုံးဖြစ်သည်။ ကျောက်တစ်လုံးတည်းကို လက်ရာမရှိပဲ ထုလုပ်ထားခြင်းမှာ အံ့ဩဘွယ်ဖြစ်သည်။ ဥာဏ်တော်ပလ္လင်မပါဘဲ ၁၃ပေမြင့်သည်။ ဒူးတော်တစ်ဖက်တစ်ချက် ၈ပေ ရှိသည်။ ဤဘုရားကြီးအား ခရစ်နှစ် ၁၅၁၅ ခုနှစ်တွင် မြောက်ဦးဘုရင် သဇာဟက တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ မြောက်ဦးမြို့တည်စက မြောက်ဦးဘက်တမ်းနှင့် ဝသဲဘက်ကမ်း ယူချောင်းတစ်ဘက်တစ်ချက်မှ နတ်သားနှစ်ဦး အချီအချခေါ်ကြသည် ကို အစွဲပြု၍ ဘုရားမှာ ဝသဲဘက်ကမ်းတွင် တည်ဆောက်ထားခြင်းဖြစ်ရာ ဝသဲဘုရားဟု တွင်သည်။

မင်းဗာဘုရင်သည် ခရစ်နှစ် ၁၅၃၁ ခုနှစ်တွင် နန်းတက်ပြီးနောက် တိုင်းပြည်အား အဘက်ဘက်မှ တိုးတက်အောင် စီမံဆောင်ရွက်ခဲ့လေသည်။ နန်းတက်၍တစ်နှစ်အကြာတွင် ဘင်္ဂါ(၁၂)မြို့သို့ စစ်ချီတက်ရန် ပြင်ဆင်လေသည်။ စစ်မချီမီ စနည်းနာသော် **"ကုလားကို နိုင်လို၊ စားဖိုမှာမီးထဲ့၊ ဝသဲကိုထီးတင်၊ ကုလားကို ရှင်ပြု"**ဟူ၍သူငယ်တို့ ဆိုကြသော တဘောင်ကြားခဲ့ကြောင်း မင်းကြီးအား လျှောက်ကြလေသည်။ ထိုတဘောင်၏အဓိပ္ပါယ် ဆိုလိုရင်းကို ကောင်းကျော်ထင်စား အမတ်ကြီး လျှောက်ထားသည်မှာ အရှင်မင်းမြတ် ကုလားကိုနိုင်လို စားဖိုမှာ မီးထည့်အလိုသော်ကား၊ သင်္ဘောဆိပ်ဖေါင်းဒွတ်သည် စားဖိုဖြစ်ပါသည်။ ဟူးလားမီးကင်၊ ပလိပုဆိတ်ကို အခြားမှာမရှိ ဝေစုပေါင်းမွပ်တွင်သာ ထားရပါမည်။ ဝသဲကိုထီးတင်အလိုမှာကား ဝသဲတောင်ထိပ်၌ နံတော်ဘုရားတည်ရပါမည်။ ကုလားကို ရှင်ပြုအဆိုမှာကား ကုလားရှိသမျှကို ခေါင်းရိတ်စေရပါမည်ဟု လျှောက်ထားလေသည်။ [၁]

ထိုလျှောက်ထားချက်အရ မင်းဗာဘုရင်သည် ခရစ်နှစ် ၁၅၃၂ ခုတွင် ကျောက်ဂူကြီးဆောက်ပြီး ထီးတော်တည်ခဲ့လေသည်။ ယခုအခါ ကျောက်ဂူကြီး ပြိုပျက်သွားပြီးဖြစ်၍ အလှူရှင်များက သိမ်ဆောက်လုပ်ထားကြသည်။ ဆင်းတုတော်အားလည်း ရွှေကိုယ်လုံးပြည့် ချထားသည်။ ဘုရား၏ရှေ့တွင် ဆံရည်ညှစ်နေသော ဝသုန္ဓရီရုပ်ထုနှင့် ကျောက်သင်မုတ်ပလ္လင်တစ်ခု ရှိသည်။

## ဇိနမာရ်အောင်စေတီ

ဇိနမာရ်အောင်စေတီသည် နန်းတော်ကုန်း၏တောင်ဘက် မိုင်ဝက်ခန့်အကွာ မတ်စောက်သော တောင်ကုန်းတစ်ခုပေါ်တွင် ရှိသည်။ သက္ကဆီဘုရား၏ အရှေ့ဘက်ကိုက် ၃၀၀ခန့် ကွာဝေးသည်။ တောင်ကုန်းအမည်မှာ ပန်းတိမ်တောင်ဖြစ်သည်။ သက္ကရာဇ်ခရစ်နှစ် ၁၆၅၈ ခုနှစ်တွင် စန္ဒသုဓမ္မရာဇာ ဘုရင်က တည်ထားကိုးကွယ်ခဲ့သည်။ အဆိုပါစေတီမှာ သေးငယ်နေ၍ သူငယ်တို့က **"စံသုဘုရင်၊ အရှင်ကောင်းမှု၊ ပန်းတိမ်တောင် ဘုရားပြု၊ သာခုမခေါ်လောက်"**ဟူ၍ အော်ဟစ်ကြသည်။ ဤအကြောင်းကို ဘုရင်ကြားသိရ၍ မူးမတ်ပညာရှိတို့နှင့် တိုင်ပင်ပြု ရာ မူးမတ်တို့၏ အကြံပြုချက်အရ ခရစ်သက္ကရာဇ် ၁၆၅၈ ခုနှစ်တွင် ကျောက်စေတီကြီးတစ်ဆူ ထပ်မံတည်စေသည်။ ဘုရားတည်ခြင်းကို အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စေတီတော်ကို ဇိနမာရ်အောင်စေတီဟု ခေါ်တွင်စေသည်။

စေတီတော်ကို ကျောက်တုံးကြီးများအား ဆစ်၍ ထောင့်ချိုးများဖြင့် ရှစ်မြှောင့်အဌဂံပုံဖြစ်အောင် စနစ်တကျ တည်ဆောက်ထားသည်။ အောက်ခြေမှ အပေါ်ပိုင်းထိ ရှစ်မြှောင့်ပေါ်အောင် တဖြည်းဖြည်းတက်သွားသည်။ အောက်ခြေအဝန်းမှာ ၃၂၀ပေရှိပြီး ဥာဏ်တော် ၁၂၀ပေမြင့်သည်။ အရှေ့ဘက်တွင် ဂန္ဓကုဋိတိုက်သို့ဝင်ရန် မုခ်လမ်းတစ်ခု ရှိသည်။ ရှေးအခါက ဂန္ဓကုဋိတိုက်ထဲတွင် ကြေးဆင်းထုတစ်ဆူရှိခဲ့ရာ ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲအပြီး နယ်ချဲ့တို့ သိမ်းယူသွားခဲ့သည်။ ယခုအခါ အခြားဆင်းထုတော် တစ်ဆူကို ပြောင်းရွှေ့ပူဇော်ထားသည်။ ဝင်လမ်းဂူအထက်တွင် မုခ်ငါးဆင့်ပြုလုပ်ထားသည်။ ကျောက်ဆစ်လက်ရာများဖြင့် တင့်တယ်လှပသည်။ ဒုတိယအဆင့် ပစ္စယံတွင် ပူးကောင်များကို ထောင့်များ၌ ထုလုပ်ထားသည်။ စေတီ၏ရှစ်မြှောင့် ထောင့်ချိုးများတွင် လူဦးခေါင်းနှင့် ခြသေ့်ကိုယ်နှစ်ခုပါသော မနုသီဟရုပ်ထုများ ပြုလုပ်ထားရှိသည်။

# မြောက်ဦးမြို့ အနောက်ဘက်ခြမ်းဘုရားများ

## ရွှေကြာသိမ်

မြောက်ဦးမြို့တော်၏ အနောက်ဘက်တွင်လည်း စေတီပုထိုးများ အတော်ပင်ရှိသည်။ သို့သော် ဒီရေရောက်သော ဒေသဖြစ်သည်ကတစ်ကြောင်း မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်ကတစ်ကြောင်း ထို့ကြောင့် အပျက်အစီးမှာ ပို၍လျှင်မြန်သည်။ ဒီချောင်းငယ်များကလည်း မြေပြင်အနှံ့ဖြတ်သန်းနေ၍ အခြားသော မြောက်ဦးနေရာများလောက် သွားလာရေး အဆင်မပြေလှပေ၊ နန်းရာကုန်းမှ မြောက်ဘက်ကိုက် ၄၀၀ခန့်အကွာတွင် လက်ကောက်ဈေးကျောင်းဟူ၍ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိသည်။ ၎င်းကျောင်း၏တိုင်တွင် မြောက်ဦးတစ်ဝိုက်တွေ့ရှိရသော ရှေးဟောင်းဘုရားများနှင့် ရှေးဟောင်းပစ္စည်းများကို အတော်ပင် စုဆောင်းထားရှိရာ သွားရောက်ဖူးမြော်သင့်ပေသည်။ ဘုန်းကြီးကျောင်း၏ အနောက်ဘက်အနီးတွင် မင်းသမီးတံခါးရှိသည်။ ကျောက်သားဖြင့် ပြုလုပ်ထားရာ ယခုတိုင် မပျက်မစီးလေ့လာတွေ့ရှိနိုင်ပေသည်။ အမြင့် ၁၅ပေ အကျယ် ၉ပေနှင့် အရှည် ၁၀ပေရှိသည်။ ယခုတိုင် နေရာဟောင်းအဖြစ် ၄ပေခန့်မြင့်တက်သော မြေပြင်အငြဖစ် တွေ့ရသည်။ မြောက်ဦးမြို့တည် နန်းတည် မင်းစောမွန် (အေဒီ ၁၄၃၀-၁၄၃၂)၏ မိဖုရားကြီး မှောက်တော်မင်းသမီးအတွက် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ဤနေရာ ဤစံအိမ်တော်ကို အမှီပြု၍၎င်းအနီးရှိ ကျောက်သားဂိတ်တံခါးကိုလည်း မှောက်တော်တံခါးဟုပင် ခေါ်ကြသည်။

နှစ်ပေါင်း ၄၀ခန့်ကြာပြီးနောက် စံအိမ်တော်တွင်ပင် ဘစောဖြူဘုရင် (အေဒီ ၁၄၅၉-၁၄၈၂)၏ သမီးတော်တစ်ပါးဖြစ်သော စောရွှေကြာမင်းသမီးကို ဖွားတော်မူသည်။ စောရွှေကြာမင်းသမီးမှာ နောင်တွင် ရခိုင်မင်းသမီးဧချင်းအမည်ဖြင့် မြန်မာစာပေလောကတွင် ထင်ရှားခဲ့သည်။ ဧချင်းအဖွဲ့စံ မင်းသမီးကလေးပင်ဖြစ်သည်။ ဖခမည်းတော် ဘစောဖြူဘုရင်ကြီးက သမီးတော်အား ချစ်မြတ်နိုး၍ သမီးတော်အတွက် စာဆိုတော်အမတ်ကြီး ဗဒူမင်းညိုအား ရေးစပ်သီကုံးစေခဲ့သည်။

ဧချင်းအပိုဒ်တိုင်းတွင် **"မှောက်တော်"**ဟူသော စာသားကို တွေ့ရသည်။ မင်းသမီးစောရွှေကြာသည် မိမိမွေးဖွားနေထိုင်ခဲ့ရာ စံအိမ်တော်ရာတွင် ဘုရားတစ်ဆူနှင့် ဂူကြီးတစ်ခုကို ခရာဇ်နှစ် ၁၄၇၀-ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုဘုရား၏ကုသိုလ်ရှင် မင်းသမီး၏အမည်ကို အစွဲပြု၍ ရွှေကြာသိမ်ဘုရားဟု တွင်သည်။ ဂူကြီးရှေ့တွင် သိမ်ကြီးရှိခဲ့သည်။ ဂူတော်မှာလည်း ပြိုကျခဲ့ပြီး မြင်ရာအောက်ခြေနံရံသာ ကျန်တော့သည်။ ဘုရားကိုမိုးပြီး ယခုသိမ်ဆောက်လုပ်လှူဒါန်းထားသည်။ ဆင်းထုတော်မှာ ၈ပေ ၈လက်မရှိသည်။ ရှေးအခါက လှပသော ကျောက်ဆစ်လက်ရာများရှိခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

## လောကမာန်အောင်စေတီ

စောရွှေကြာမိဖုရားအနောက်မြောက်ဘက် ကိုက်၂၀၀ခန့်အကွာ နန်းရာကုန်းအနီးမှ အနောက်ဘက်တစ်မိုင်ခန့်အကွာ ကျောက်ရင်ချောင်းအနီး မြေပြန့်တွင် တည်ရှိသည်။ ဤစေတီကို အေဒီ ၁၆၅၈ ခုနှစ်တွင် စန္ဒသုဓမ္မရာဇာဘုရင်မင်းမြတ်သည် ဇိနမာရ်အောင်၊ ရတနာ့မာရ်အောင် စေတီတော်တို့နှင့်အတူ တစ်ပြိုင်နက်တည်ထားခဲ့ခြင်းဖြစ်သည်။ လောကသုံးပါးဖြစ်သော သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတို့မှ မြတ်စွာဘုရားသည် လွတ်မြောက်အောင်မြင်ခြင်းကို အထိမ်းအမှတ်အဖြစ် လောကမာရ်အောင်စေတီဟု အမည်ပေးခဲ့သည်။ အောက်ခြေလေးမြောင့်စတုရန်းလေးထောင့်ပုံဖြစ်သည်။ တစ်ဘက် ၇ပေရှိသည်။ အမြင့် တစ်ရာပေမြင့်သည်။ ပစ္စယံလေးဆင့်သည်လည်း လေးထောင့်စတုရန်းပုံဖြစ်သည်။ အောက်ဆုံးအဆင့် ပစ္စယံတွင် ထောင့်လေးထောင့်၌ ဦးခေါင်းတစ်ခု ခန္ဓာနှစ်ခုရှိသော ပူးမင်းရုပ်များရှိသည်။ အရုပ်လေးမျက်နှာသို့ မျက်နှာမူထားသော တစ်ဘက်နှစ်ရုပ်စီ ရှစ်ရုပ်ရှိသေးသည်။ ဒုတိယပစ္စယံမှ စတုတ္ထပစ္စယံထိ ထောင့်များတွင် အဝိုင်းပုံစေတီတစ်ဆူကျ ရှိသည်။ တစ်ဆင့်လေးဆူ အားလုံးသုံးဆင့်တွင် ၁၂ဆူရှိသည်။ ထိုပစ္စယံများ၏အလယ်ခေါင် တည့်တည့်တွင် အရုပ်လေးမျက်နှာအသီးသီးသို့ လှည့်နေသော မုခ်ပိတ်ဂူငယ်တစ်ခုစီ ရှိသည်။ စုစုပေါင်း ၁၂ခုရှိသည်။ ထိုဂူများထဲတွင် ထိုင်တော်မူ ရုပ်ပွားဆင်းထု တစ်ဆူရှိသည်။ ၎င်းဂူငယ်များ၏ မျက်နှာစာတွင် လင်ပန်းပြောက်စေတီတော်ကဲ့သို့ ကျောက်ဆစ်လက်ရာများ ရှိသည်။ ခေါင်းလောင်းမှောက် ဂမ္ဘမှ

စတင်၍အပေါ်ပိုင်းပေါင်းရပ် ငှက်ပျောဖူးထီးတော်အထိ စက်ဝိုင်းပုံမြင့်တက်သွားသည်။ စေတီတော်၏အရှေ့ဘက်တွင် အာရုံခံ သိမ်တော်နှင့် တန်ဆောင်းရှိသည်။ ၎င်းတန်ဆောင်းမှတဆင့် စေတီတော် ဂန္ဓကုဋိတိုက်ထဲသို့ ဝင်ရောက်နိုင်သည်။ ဂန္ဓကုဋိတိုက်ထဲတွင် ဉာဏ်တော် ၁၂ ပေရှိ ကျောက်တစ်လုံးထဲဖြင့် ထုလုပ်ထားသော ထိုင်တော်မူ ရုပ်ပွားတော်တစ်ဆူ ရှိသည်။ ဂူ၏မျက်နှာစာတွင် ကျောက်ဆစ်လက်ရာများ ရှိသည်။ စေတီတော်ကြီးနှင့် သိမ်တော်အား မီးတားတံတိုင်းဖြင့် ကာရံထားသည်။

## ဘုရားပေါ်စေတီ

နန်းရာကုန်းမှ အနောက်ဘက်စူးစူး တမိုင်ခန့်အကွာ လောကမာရ်အောင်စေတီတော်မှ အနောက်ဘက်ကိုက် ၄၀၀ခန့်အကွာ ဘုရားပေါ်ချောင်းနံဘေးတွင် တည်ရှိသည် ဤဘုရားကို မြောက်ဦးခေတ် တန်ခိုးအာဏာကြီးမားသော မင်းရာဇာဘုရင်မင်းမြတ်က ခရာဇ်သက္ကရာဇ် ၁၆၀၃ ခုနှစ်တွင် တည်ထားခဲ့သည်။ မင်းရာဇာကြီးသည် သူ၏သမီးတော် ပန်းသီတာအား ဤဘုရား၏ကုသိုလ်ရှင်အဖြစ် တိုင်းပြည်သို့ ကြေငြာခဲ့လေသည်။ သမိုင်းကြောင်းကား စိတ်ဝင်စားဖွယ်ဖြစ်သည်။

မဟာတိုင်းစန္ဒြားမင်းကြီးသည် ခရာဇ်နှစ် ၃၂၇-ခုနှစ်တွင် ဝေသာလီမြို့ တည်ထောင်အုပ်စိုး လေသည်။ သူ၏မိဖုရားကြီးမှာ ကပိလဝတ်ပြည်မှ သက်ကျသာကီဝင်မင်းမျိုးနွယ်ဝင် သုပဘာဒေဝီဖြစ်သည်။ တစ်ခုသော် မိဖုရားကြီးသည် ကပိလဝတ်ပြည်ရှိ သကျသာကီဝင်မင်းတို့ ကိုးကွယ်သော သကျမုနိဆင်းတုတော်ကို ပူဇော်လိုသော ဆန္ဒပြင်းပြလွန်းရကား မဟာတတိုင်းမင်းကြီးအား လျှောက်ထားလေသည်။ မင်းကြီးလည်း ကပိလဝတ်ပြည်သို့ စေတမန်လွှတ်ကာ သကျမုနိရုပ်ပွားတော်ကို ပင့်ဆောင်စေသည်။ ဆင်းတုတော်ကြီးကို ရွက်သင်္ဘောပေါ်တင်ပြီး ရခိုင်ပြည် ဝေသာလီမြို့သို့ ပင့်ဆောင်ခဲ့ရာ ထောင့်ဝဲခနောင်သို့ ရောက်သောအခါ လေမုန်တိုင်းကျရောက်ပြီး သင်္ဘောစုန်းစုန်းမြုပ်ကာ သကျမုနိရုပ်ပွားတော်လည်း ရေတွင်ကိန်းဝပ်ခဲ့လေသည်။ မည်သို့ပင် ငုပ်လျှိုး၍ရှာဖွေကြသော်လည်း မတွေ့ခဲ့ချေ။

ဘုရားပင့်ဆောင်ရာမှ ပြန်ရောက်ကြသော မူးမတ်စေတမန်တို့လည်း ဝေသာလီမြို့တော်သို့ ပြန်ရောက်ပြီးနောက် အကြောင်းစုံကို ဘုရင်မင်းကြီးထံ လျှောက်တင်ကြလေသည်။ ထိုသတင်းကို မိဖုရားကြီးကြားရသောအခါ စိတ်ဝေဒနာပြင်းစွာဖြစ်၍ အိပ်ရာထဲလဲတော့သည်။ ထိုအခါ မင်းကြီးလည်း သကျမုနိကိုယ်စား ကြီးစွာသော ကျောက်တစ်လုံးကို သေချာစွာထုလုပ်၍ မိဖုရားကြီးအား ပူဇော်စေသည်။ မိဖုရားကြီးလည်း ပန်းဆီမီးတို့နှင့် ပူဇော်ပြီး ဤသို့ ဆုတောင်းခဲ့လေသည်။ ကျွန်တော်မသည် ဤဘဝတွင် သကျမုနိရှင်ဆတော်အား မဖူးမျှော် မပူဇော်ရငြားလည်း နောင်တစ်ဘဝဝယ် ဒယကာမအဖြစ် ပြန်လည်၍ ဖူးမျှော်ရပါလို၏ဟု ဆုတောင်းခဲ့လေသည်။

ခရာဇ်သက္ကရာဇ် ၁၅၉၃-ခုနှစ်တွင် မြောက်ဦးရွှေနန်းကို မင်းရာဇာကြီး စိုးစံခဲ့လေသည်။ ထိုမင်း၏မိဖုရားပဲခူးမင်းသမီးတွင် သမီးတော်တစ်ပါး ဖွားမြင်ခဲ့လေသည်။ သမီးတော်တစ်ပါးဖွားမြင်ကြောင်း မင်းကြီးထံလျှောက်ထားရန် လာကြသော နန်းတွင်းသူတစ်စုနှင့် ပိုက်ဆွဲရာမှ ရွှေစည်းဝတွင် ရုပ်ထုတော်တစ်ဆူ ဘုန်းကံကြောင့် ပေါ်တော်မူကြောင်း လျှောက်ထားရန်လာသော တံငါသူကြီးတို့ နန်းတော်တွင်း ဆုံမိကြလေသည်။ စားတော်ဆက် တံငါသူကြီးလည်း ရေထဲမှ ရုပ်ထုတော် တွေ့ရှိကြောင်း လျှောက်ထားလေသည်။ ၎င်းနောက် မိဖုရားကြီးမှ သမီးတော် ဖွားတော်မူကြောင်း အပျိုတော်တို့ကလည်း လျှောက်ထားပြန်လေရာ မင်္ဂလာနှစ်ပါး တစ်ချိန်တည်း ကြုံကြိုက်လေသည်ဖြစ်၍ မင်းကြီးလည်း အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။ လျှောက်ထားကြသူတို့အား ထိုက်လျောက်သည့်ဆုတို့ကို ပေးသနားတော်မူသည်။ ထိုနောက်မှ ဘဝရှင်မင်းရာဇာကြီးသည် ဆန်းကြယ်သော ပွဲကြီးသဘင်ကို စီရင်တော်မူခဲ့ပြီး ခိုင်ခန့်ကမုတ်လွန်ကြိုးတို့ဖြင့် ထောင်သောင်းမကသော မူးမတ်ပြည်သူတို့နှင့် ချီမ မတင်ကြသည်။ ရွေးလုံးမျှပင် ပေါ်တော်မမူဖြစ်သည်။

ထိုအခါ ဘုရင်ကြီးသည် အဘယ်ကြောင့် ဘုရားဆင်းထုတော် ရေထဲမှ မပေါ်ရပြီကို အမတ်တို့အား မေးမြန်းလျှောက်ထားစေသည်။ မယူစားလက်ဝဲမြန် အမတ်ကြီး ကောင်းကျော်ထင်က ဝေသာလိပြည် မဟာတိုင်းစန္ဒြားမင်းကြီး၏ မိဖုရားသုပဘာဒေဝီမိဖုရားကြီးနှင့် သကျမုနိရုပ်ထုတော်မြတ် ပျောက်ဆုံးခဲ့ပုံ၊ ဆုမြတ်ပန်ခဲ့ပုံများကို လျှောက်ထားလေသည်။ ယခုအရှင်မင်းကြီးတွင် ဖွားမြင်တော်မူသော သမီးတော်သည် သုပဘာဒေဝီ ဝင်စားသူဖြစ်နိုင်ကြောင်း သမီးတော်အား ဒကာမအဖြစ် ခံယူပြီး သမီးတော်ကိုယ်တိုင် ပါဝင်ပင့်ဆောင်ပါမှ ပါရမီရှင်ဖြစ်၍ ဘုရားကြီးပေါ်တော်မူမည် ဖြစ်ပါကြောင်း လျှောက်ထားလေသည်။ မင်းကြီးလည်း မွေးကင်းစဖြစ်သော သမီးတော်ကို ရွှေစည်းဝကမ်းထိပ်သို့

ဆောင်တော်မူခဲ့ပြီး မြပုခက်တော် ဆင်ယင်လျက် ရွှေတမုတ်ကြီးမျှင်ကို သမီးတော်၏ညာလက်ဝယ် ရစ်ပတ်၍ ကျန် တစ်စကို ဘုရားရုပ်ထုတော် ပလ္လင်တွင် တစ်စရစ်ပတ်စေပြီး ဧယင်ကျူးလျက် ပုခက်လွှဲကာ ရှေးနည်းအတိုင်း လွန်ကြိုး တို့ဖြင့် ပင့်ဆောင်သောအခါ ရုပ်ထုတော်မြတ်သည် ရေထဲမှ တရွေ့ရွေ့ကြွကာ ပေါ်တော်မူလေသည်။ မင်းကြီးလည်း လွန်စွာပင် ဝမ်းမြောက်၍ ကမ်းနဖူးဝယ် မြေဖို့စေပြီး၊ တံတိုင်း၊ မီးတား၊ သိမ်၊ ဇရပ်၊ တို့ဖြင့် ဂူကြီးဆောက်မိုးဆောက် လုပ် လှူဒါန်းတော်မူသည်။ ဘုရားဝေယျာဝစ္စဆောင်ရွက်နိုင်ရန် များစွာသော ဘုရားကျွန်၊ သင်္ဃိုလယ်ယာ၊ ဥယျာဉ်၊ ပန်းတင်ဆွမ်းတင်၊ စာခြောက်ကျုံးလှန့်တို့ပါမကျန် လှူတော်မူသည်။ ဆင်းတုတော်ကြီးမှာ ရေထဲတွင် နှစ်ပေါင်း တစ်ထောင်ခန့် ကိန်းဝပ်တော်ပြီး ပေါ်ပေါက်လာသည်ကို အကြောင်းပြု၍ ဘုရားပေါ်ဘုရားဟု ခေါ်ကြသည်။ ယခုလက်ရှိ စေတီတော်နှင့် တံတိုင်းမှာ ခရာဇ် ၁၇၈၆ ခုနှစ်တွင် မြန်မာမြို့ဝန် မောင်စံပျော်က လှူဒါန်းဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။ ဂူတော်ထက်တွင် စေတီကိုပုံ၍ တည်ထားခြင်းဖြစ်သည်။ စေတီမှာ ခေတ်လက်ရာဖြစ်သည်။ အောက်ခြေမှာ စတုရန်းလေးထောင့်ပုံဖြစ်၍ ပေ ၂၀မြင့်သော နံရံရှိသည်။ ၎င်းမှ ပစ္စယံလေးဆင့် တင်ထားသည်။ ပစ္စယံလေးဆင့် ပြီးနောက် စက်ဝိုင်းပုံသို့ပြောင်းကာ ခေါင်းလောင်းမှောက်၊ ဖောင်းရစ်၊ ငှက်ပျောဖူး၊ ထီးတော်အဆင့်ဆင့် တင့်တယ်စွာ ရှိသည်။ ဖောင်းရစ် ၁၂ ခုရှိသည်။ စေတီတော်တစ်ခုလုံး ဉာဏ်တော်မှာ ၁၂၀ ပေရှိသည်။ အောက်ခြေဖိနပ်တော် ထောင့်လေးထောင့်တွင် ခြင်္သေ့တစ်ကောင်စီရှိသည်။ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ဝင်လမ်းဂူတို့ ရှိသည်။ ၎င်းဂူလမ်းမှာ ဂန္ဓကုဋီတိုက်နှင့် ဆက်သွယ်ထားသည်။ အနောက်ဘက်နံရံကို ကျောပြု၍ ကြီးမားသော ကျောက်တုံးတစ်လုံးထဲကို ထုလုပ်ထားသော ရုပ်ထုတော်မြတ်ကို ဖူးတွေ့နိုင်သည်။ ဉာဏ်တော် ၁၂ပေ ၃လက်မရှိသည်။ မဟာမုနိရုပ်ရှင်တော်မြတ်နှင့် လက်ရာများစွာ တူလေသည်။

စေတီတော်၏အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် အာရုံခံသိမ်တော်များ ရှိသည်။ စေတီတော်အတွင်း သစ်သားဆင်းတုတော်များ၊ ကျောက်ရုပ်တုများ အရွယ်အစား အမျိုးမျိုးလည်း ဖူးတွေ့နိုင်သည်။ ဘုရားရင်ပြင်တော် တွင် ယခုခေတ် ကုသိုလ်ရှင်တို့ လှူဒါန်းထားသော စေတီပုထိုး၊ ဆင်းတုတော်တို့လည်း တွေ့ရသည်။ ထူးခြားချက်မှာ အရှေ့ဘက်ဝင်လမ်းမရှေ့တွင် ၁၅ ပေမြင့်၍ အောက်ခြေ ၉ပေ ခန့်ရှိသော ပြောင်းဖူးသဏ္ဌာန် ကျောက်သားစေတီ ဖြစ်သည်။ အရစ်ခါးပတ်များ ပြုလုပ်ထားပြီး ကြားတွင် ရုပ်ပွားတော်များကို ထုလုပ်ထားသည်။ အားလုံးပေါင်းတစ်ရာ့ သုံးဆူရှိရာ ရခိုင်ကျင့်ထုံး တစ်ရာ့သုံးကို ညွှန်းသည်ဟုဆိုကြသည်။

## ဒိုင်းကျီဖက်

မြောက်ဦးမြို့တော်သို့ လာရောက်ကြသော ဥရောပတိုက်သားများအတွက် မြို့တော်၏အနောက်ဘက် အောင်ဒတ်ချောင်း၏ တစ်ဘက်ကမ်းတွင် နေရာချထားပေးသည်။ မြို့တော်သို့ ချောင်းကူးပြီးမှသာ ရောက်ရှိနိုင်သည်။ ၎င်းတို့အား တရားဝင်ကူးသွင်းထားခဲ့သည်ကို ၎င်းတို့ပင် ဂရုပြုမိမည် မဟုတ်ချေ။ ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ် သည် နန်းတော်သို့ လာရောက်တိုင်း လှေငယ်တစ်စင်းဖြင့် လာခဲ့ရကြောင်း သူ၏မှတ်တမ်းတွင် ဖော်ပြထားပေသည်။ မြောက်ဦးဘုရင်မင်းဗာကြီး အေဒီ ၁၅၃၁-၅၃ မှ သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၂-၃၈)လက်ထက်ထိ ဤနေရာသည် နိုင်ငံခြားသားရပ်ကွက်အဖြစ် စည်ကားခဲ့ကြောင်း တွေ့ရသည်။ စိတ်သဘောထားဖြူစင် ကောင်းမွန်ခဲ့သော သီရိသုဓမ္မ ရာဇာ၏ခွင့်ပြုချက်အရ ပေါ်တူဂီဘုန်းတော်ကြီးသည် ခရာဇ်ယာန်ဘုရားရှိခိုး ကျောင်းတစ်ကျောင်းကို ဆောက်လုပ်ခွင့် ရရှိခဲ့လေသည်။ ယခုတွေ့ရသော ဒိုင်းကျီကန်ကို ဘစောဖြူ (အေဒီ ၁၄၅၉-၁၄၈၂)က တူးဖော်ခဲ့ပြီး ကန်၏အနောက် ဘက် ကန်ဘောင်အနီးတွင် ဉာဏ်တော် ၁၀ပေရှိ ကျောက်ညိုဆင်းတုတော်ကြီးမှာလည်း ကောင်းမှုတော်ဖြစ်သည်။

# မြောက်ဦးမြို့တော် အနောက်တောင်ဘက်ခြမ်းရှိ စေတီပုထိုးများ

မြောက်ဦးမြို့တော် နန်းရာကုန်း၏ အနောက်တောင်ဘက်တွင် မြင်းဝန်တောင်တန်းရှိသည်။ အမြင့်ပေ ၁၀၀ခန့်မြင့်ပြီး မြောက်ဘက် အောင်ဒတ်ချောင်းကမ်းနားမှ တောင်ဘက်လောင်းကြက်ချောင်းနားထိ ၂မိုင်ခန့် ရှည်လျားသွယ်တန်းနေသည်။ အနံကျဉ်းမြောင်း၍ မတ်စောက်သောကြောင့် သဘာဝမြို့ရိုးအဖြစ် မြောက်ဦးခေတ် ဘုရင်များက အသုံးပြုခဲ့ကြသည်။ ထိုတောင်တန်း၏အလွန်မတ်စောက်သော တောင်ကမ်းပါးစောက်များမှတစ်ပါး နေရာအနှံ့တွင် သူရဲပြေးများ၊ ခံတပ်များ တည်ဆောက်ထားသည်။ အထူးသဖြင့် ဤတောင်တန်း၏ အနောက်ဘက် ဆင်ခြေလျော ရန်သူလာနိုင်သည့် မျက်နှာခြမ်းတွင် သူရဲပြေးသုံးထပ်ထိ ပြုလုပ်ထားသည်ကို ယနေ့တိုင် မြင်တွေ့နိုင် သည်။ မြောက်ဦးမြို့တော်သို့ ရေလမ်းမှလာရောက်ပါက သူရဲပြေးလမ်းအဆင့်များတွင် ပေါက်ရောက်နေသည့်အပင်များ အဆင့်ဆင့်စီတန်းနေသည်ကို အဝေးကပင် လှမ်း၍မြင်တွေ့နိုင်ပေသည်။

မြောက်ဦးမြို့၏အနောက်ဘက်ခြမ်းမှာ ဒီရေတော၊ ရွံ့တော၊ နွံတောနှင့် ဒီရေချောင်းငယ်များ အစီအရီ အထပ်ထပ် ကွေ့ကောက်စီးဆင်းနေလေရာ ရန်သူများ အလွယ်တကူ မဝင်ရောက်နိုင်ပေ။ သို့သော် ရှားရှားပါးပါး ရေကြောင်းမှ ဝင်ရောက်လာခဲ့သော ရန်သူတို့အတွက် အောင်ဒတ်ချောင်းအနီး ဤဒေသတစ်ဝိုက်ကို လှမ်းမိုးချုပ်ထိန်း နိုင်သော အောင်မင်္ဂလာခံတပ်ကို တောင်ကုန်းထိပ်တွင် တည်ဆောက်ထားခဲ့လေသည်။ ဤခံတပ်မှာ ခိုင်ခန့်သော ကျောက်တုံးကြီးများဖြင့် စနစ်တကျ ဆောက်လုပ်ထားပြီး အဝေးကို လှမ်း၍ပစ်ခတ်နိုင်သည့် အမြောက်ကြီးများ တပ်ဆင်ထားလေသည်။ ဤခံတပ်၏ တောင်ဘက်ခပ်လှမ်းလှမ်းတွင် ပိန္နဲချောင်းစား ခံတပ်ကိုလည်း တည်ဆောက်ထား သည်။ ဤခံတပ်နှစ်ခုကို သူရဲပြေးများဖြင့် ဆက်သွယ်ထားသည်။ ၂မိုင်ခန့်ရှည်လျားသော ဤတောင်တန်းသဘာဝမြို့ရိုး တစ်လျှောက် သူရဲပြေး၊ သူရဲခို၊ ခံတပ်၊ အမြောက်တပ်တို့တွင် ရဲမက်ပေါင်း ၂၀၀၀ခန့် တာဝန်ထမ်းဆောင်နိုင်သည်။ ဤတောင်တန်းတွင် လုံခြုံရေးအစီအမံများအပြင် သာသနိက အဆောက်အဦးများ၊ စေတီပုထိုးများတို့ကိုလည်း တည်ထားခဲ့ကြသည်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်ပေသည်။ ဤတောင်တန်းပေါ်ရှိ စေတီများသည် အများအားဖြင့် မြောက်ဦးမြို့တော်၏ မြို့တွင်းမြို့ပြင် ရှုမျှော်ခင်းနှစ်ခုစလုံးကို လှမ်းမိုးမြင်နိုင်သော နေရာကောင်းများတွင် တည်ရှိ ကြသည်။

အချို့သာသနိက အဆောက်အဦးများမှာ တရားအားထုတ်ရန် အေးဆေးညိမ်သောလျှိုမြောင်၊ ချောက်ကမ်းပါး များတွင် သာယာကြည်နူးဖွယ် မြင်တွေ့ရသည်။ ရှေးအခါက ဤတောင်တန်းအရှေ့ခြမ်း လက်ဆည်ကန်နှင့် တဆက် တည်းဖြစ်သော ဆင်ခြေလျောတစ်လျှောက်တွင် ကျောင်းသင်္ခမ်းများရှိကြောင်း ကျွန်းလေးများပေါ်တွင် သူတော်စင်များ တရားအားထုတ်လျှက်ရှိကြောင်းကို ထိုမန်နရစ်၏မှတ်တမ်းအရ သိရှိရပေသည်။

## လေးတံခါးစေတီ

အောင်မင်္ဂလာခံတပ်၏ တောင်ဘက်အနီးတွင် လေးတံခါးစေတီရှိသည်။ စေတီတော်၏ အတွင်းဘက်တွင် စတုရန်းပုံစေတီတော်ကိုပတ်၍ ဥမင်လှိုဏ်ဂူလမ်းရှိသည်။ စတုရန်းပုံ ဂန္ဓကုဋိတိုက်တော်တွင် အရပ်လေးမျက်နှာသို့ မျက်နှာမူ၍ ကျောချင်းကပ်လျှက် ဗုဒ္ဓရုပ်ပွားတော် လေးဆူတည်ထားသည်။ အရှေ့ဘက်ဝင်ပေါက်မှအပ ကျန်အရပ် သုံးမျက်နှာတွင် လေဝင်ပေါက်များ တစ်ပေါက်စီဖောက်ထားသည်။

## မင်္ဂလာရွှေဂူစေတီ

လေးတံခါးစေတီ၏တောင်ဘက် ကိုက်အနီးငယ်အကွာတွင် တောင်ကုန်းငယ်တစ်ခုပေါ်တွင် မင်္ဂလာရွှေဂူ ဘုရားရှိသည်။ စေတီတော်မှာ ခေါင်းလောင်းမှောက်ပုံစံဖြစ်ပြီး ကျောက်သားထုံးများဖြင့် တည်ဆောက်ထားသည်။ မဟာဗောဓိရွှေဂူကဲ့သို့ပင် အောက်ခြေမှ ဓာတုဂမ္ဘထိ ရှစ်မြောင့်ဖြစ်ပြီး ထောင့်စွန်းများ၌ ဒုရင်ပုံကျောက်ဆစ်လက်ရာ များရှိသည်။ ရှေ့ဘက်တွင် ဝင်လမ်းရှိသည်။ ဝင်လမ်းမှတဆင့် ဂန္ဓကုဋိတိုက်သို့ ရောက်သည်။ ဂန္ဓကုဋိတိုက်တော်တွင် ဥာဏ်တော် ၅ပေရှိ ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ပုလ္လင်နှင့်တွဲ၍ ကျောက်သားဖြင့် ထုလုပ်ပူဇော်ထားသည်။ စေတီတော် ကြီးမှာ အဝန်း ၈၀ပေရှိပြီး ဥာဏ်တော် ၆၀ပေရှိသည်။

စေတီပျက်ပြီးနောက် စူဠစန္ဒြားမင်း၏တူတော် ခေတ္တသင်မင်းသည် ပဥ္စာမြို့ကို တည်ထောင်သည်။ ထိုအချိန် ရဟန္တာအသျှင်များဖြစ်ကြသော သျှင်သစ္စဗန္ဓ၀၊ သျှင်နန္ဒိယ၊ သျှင်ပဒုမနှင့် သျှင်ကောဏ္ဍညတို့ ပေါ်ထွန်းလေသည်။

အသျှင်သစ္စဗန္ဓ၀ရဟန္တာထေရ်သည် ပဥ္စာမြို့အနီး လှိုဏ်ဂူတစ်ခုတွင် တရားအားထုတ်ခဲ့သည်။ ထိုဂူကို ယနေ့တိုင် တွေ့မြင်နိုင်ပြီး ငှက်ခေါင်းဟုခေါ်သည်။ ပရိနိဗ္ဗာန်စံချိန်ရောက်သောအခါ မြောက်ဦးမြို့ စံကားတောင်တန်းရှိ သီရိပဗ္ဗတတောင်တွင် သီတင်းသုံးပြီးမှ ပရိနိဗ္ဗာန်စံတော်မူသည်။ ခေတ္တမင်းလည်း ခရာဇ်နှစ် ၈၁၈ခုနှစ်တွင် ထိုရဟန္တာ၏ ဓာတ်တော်များကို ဌာပနာပြီး မင်္ဂလာရွှေဂူနှင့် ကိုးနဝင်းစေတီကို မနီးမဝေးသော တောင်ကုန်းများပေါ်တွင် တစ်ပြိုင်နက် တည်တော်မူသည်။

## ကိုးနဝင်းစေတီ

မင်္ဂလာရွှေဂူ၏အရှေ့ဘက်အနီး တောင်ကုန်းငယ်တစ်ခုပေါ်တွင် ရှိသည်။ ခေတ္တသင်မင်းက ခရာဇ် ၈၁၈ ခုနှစ်တွင် မင်္ဂလာရွှေဂူနှင့်တစ်ချိန်တည်း တည်ထားခဲ့ခြင်းဖြစ်သည်။ စေတီအောက်ခြေမှာ ရှစ်မြှောင့်ပုံရှိပြီး စေတီကို ရံ၍ အရပ်ရှစ်မျက်နှာသို့ မျက်နှာမူကာ ဓာတ်လုံးပုံစေတီရံ ရှစ်ဆူရှိသည်။ အားလုံးဗဟိုမဏ္ဍိုင်စေတီ အပါအဝင် စေတီကိုးဆူဖြစ်၍ ကိုးနဝင်းစေတီဟု ခေါ်ကြသည်။ စေတီတော်၏ဖောင်းရစ်များမှာလည်း ကိုးရစ်စီရှိကြသည်။ ဂူများတွင် ဗုဒ္ဓရုပ်ပွားတော် တစ်ပါးကျစီရှိရာ မုဒြာများမှာ တစ်ခုနှင့်တစ်ခု မတူကြပေ။ အရှေ့ဘက်ဂူထဲတွင် ပါလိလေယျသာသနပိုင် မုံဆင်းထုတော်မှ ဆင်းတုတော်ပုံရှိ၍၊ လက်ယာဘက်လက်မှာ အဘယမုဒြာဖြစ်သည်။ တောင်ဘက်ရှိ ဂူထဲတွင် ဥတ္တရဗောဓိမုဒြာပုံဆင်းတုတော်ရှိသည်။ အနောင်တောင်ထောင့် ဂူထဲတွင် ခြေဖဝါးကို လက်ယာလက်ညှိုးဖြင့် ညွှန်ပြထားသည့် လက္ခဏာဒီပမုဒြာပုံ ဆင်းတုတော်ပုံရှိသည်။ အနောက်ဘက်ရှိ ဂူထဲတွင် ပရိနိဗ္ဗာန်စံတော်မူပုံရှိသည်။ အနောက်မြောက်ထောင့်ဂူထဲတွင် ယက္ခများကို တရားဟောနေပုံ ယက္ခဓမ္မဒေသနာမုဒြာပုံတော်ရှိ၍ မြောက်ဘက်ရှိဂူထဲတွင် ဘူမိဖဿမုဒြာပုံတော်ရှိသည်။ အရှေ့မြောက်ဂူတော်ထဲတွင် အဘယမုဒြာ ဆင်းထုတော်ရှိသည်။

## နရတ်စား စေတီ သို့မဟုတ် ရခိုင်တန်ဆောင်ဘုရား

နန်းတော်ကုန်းမှ မိုင်ဝက်ခန့်အကွာ အောင်ဒတ်သဘော်ဆိပ်အနီး ယခုမြို့သစ်ရပ်ကွက်၏ လက်ယာဘက်တွင် တည်ရှိသည်။ နရတ်စားအမတ်ကြီးသည် ဤစေတီကို ခရာဇ်နှစ် ၁၄၇၁ ခုနှစ်တွင် တည်ထားခဲ့သည်။ နရတ်စားအမတ်မှာ ဘုရင်၏အခါတော်ပေးအမတ်ဖြစ်သည်။ ယခုအခါ စေတီတော်နှင့် ဂန္ဓကုဋိတိုက်တော်မှာ ပြိုကျပျက်စီးခဲ့ပြီးဖြစ်သော်လည်း ဥာဏ်တော် ၇ပေ ၆လက်မရှိ ကျောက်ညိုဖြင့် ပြုလုပ်ထားသော ဗုဒ္ဓဆင်းတုတော်တစ်ဆူမှာ ဖူးမျှော်နိုင်ပေသေးသည်။ ယခု ရွာသားများ သိမ်ဆောက်လုပ်လှူဒါန်းထားသည့် အရံဘုရားနှစ်ဆူလည်း ရှိသည်။

မြောက်ဦးမြို့ စတုတ္ထမြောက် နန်းစံဘုရင် ဒေါကျာဆင်ဖြူရှင် သူရခိုင်လက်ထက်တွင် အရှေ့ပြည် အင်းဝမှ သျှင်မဟာရဋ္ဌသာရနှင့် သျှင်တေဇောသာရ စာဆိုတော် ရဟန်းနှစ်ပါးသည် မြောက်ဦးမြို့သို့ ရောက်ရှိခဲ့လေသည်။ မဟာဝိဇယျရံသီကျောင်းတိုက်တွင် ဝါဆိုသီတင်းသုံးကြသည်။ တစ်နေ့သော သာယာသည့် ညနေခင်းနေဝင်ရီတယောတွင် ဘုရင်မင်းမြတ် သမီးတော်“**စောနန်းမင်းဖြူ**” ခေါ် “**သူရခိုင်**” မင်းသမီးလေးသည် ပန်းစည်းကို ရင်မှာပိုက်၍ ဘုရားသို့ပန်းတင်ရန်အလာ မြန်မာရဟန်းတော်နှစ်ပါးလည်း မြို့တော်မှ ကျောင်းတိုက်သို့အပြန်လမ်းခုလတ်တွင် ဆုံမိကြလေသည်။ စာဆိုရှင် တေဇောသာရလည်း နေဝင်ရီတယောတွင် တွေ့မြင်ရသော ရခိုင်မင်းသမီးလေးအလှကို မေ့မပျောက်နိုင်ရကား ရတုသုံးပိုဒ် ရေးစပ်သီကုံးခဲ့လေသည်။ မြန်မာစာပေလောကတွင် “**သူသာရခိုင်တန်ဆောင်လော**” ဟူ၍ထင်ရှားခဲ့လေသည်။ နရတ်စားဘုရားသည်လည်း ဤအချိန်မှစ၍ ရခိုင်တန်ဆောင်ဘုရားဟု တွင်လာခဲ့သည်။

## မဟာဝိဇယျရံသီစေတီနှင့် သုံးကျိပ်တစ်ဆူစေတီ

နန်းတော်၏အနောက်တောင်ဘက်ရှိ မြင်ဝန်းတောင်ကြောတစ်လျှောက် မြောက်မှတောင်ဘက်သို့ မိုင်ဝက်ခန့် လျှောက်ပြီးသောအခါ သုံးကျိပ်တစ်ဆူ ဘုရားသို့ ရောက်သည်၊ စုစုပေါင်းရုပ်ပွားတော်ပေါင်း သုံးကျိပ်တစ်ဆူ ထုလုပ်ပူဇော်ထားသည်။ ဤကမ္ဘာလောကကြီးဝယ် သုံးဆယ့်တစ်ဆူသော ဘုံတို့ကို အကြောင်းပြုကာ ဖြစ်ပြန်၊ ပျက်ပြန် လောကစံမှ လွတ်ရာလွတ်ကြောင်း၊ ရည်ရွယ်၍ တည်ထားခဲ့ခြင်းကြောင့် “**သုံးကျိပ်တစ်ဆူ**”ဟု အမည်တွင်စေသည်။ ခရာဇ်နှစ် ၁၄၈၂ခုတွင် မြောက်ဦးမင်းဆက် စတုတ္ထမြောက်ဘုရင် မင်းဒေါကျာဆင်ဖြူရှင်က တည်ထားကိုးကွယ်ခဲ့သည်။

ဤစေတီမှာ ပေ ၁၀၀ ကျော်မြင့်သော တောင်တန်းပေါ်တွင် ရှိခြင်းနှင့် တောင်တန်း၏အရှေ့ဘက်ခြမ်း ဆင်ခြေလျှောတွင် တည်ရှိခြင်းတို့ကြောင့် မြောက်ဦးရွှေမြို့တော်အလှအပ ရှုမျှော်ခင်းကို ကောင်းစွာမြင်တွေ့နိုင်သည်။ စေတီတည်ရှိရာ တောင်ခြေရှိ လက်ဆည်ကန်ရေအိုင်ကြီး၏ တည်ငြိမ်သော သဘာဝအလှကိုလည်း ရှုမြင်နိုင်ရာ ဘုရားဖူးများအဖို့ စိတ်ချမ်းမြေ့မှုကို ခံစားရပေသည်။ ဤသို့ သာယာသော လက်ဆည်ကန်အနီးတွင် ဘုရားတည်ကြောင်းနှင့် စေတီတော်ဝေယျာဝစ္စအတွက်၊ ကျေးကျွန်၊ လယ်မြေလှူကြောင်း ကျောက်စာရေးထိုးခဲ့သည်ကို ဤသို့တွေ့ရသည်။

သကြစ် ၈၄၄ ခု တန်ဆောင်မုန်းလ အဓိပတိဖြစ်သော မင်းတို့သည် ပူဇော်လိုသော သီလရောင်တို့ဖြင့် တောက်ပသော ရသေ့ကျောင်းကြီးသဏ္ဌာန်သဘွယ် ဖြစ်ထသော သီရိဒေါလျာသ အမည်တော်ရှိသော သထိုးကြီးသည် လက်ဆေးကန်၌ ဘုရားတည်တော်ပြု၏ ဘုရား၌ထာသော ဝယုက၊ သယ်ျှီတွင်ကား ၈၁၀ ပန်းတင်ကြီး နှစ်မြက်ခတ်ကြီး တစ်လုံး၊ ကျွန်တစ်အိမ်ထောင်၊ လက်ခြောက်သျှဥ်း. . . .

သုံးကျိပ်တစ်ဆူဘုရားမှ အရှေ့တောင်ဘက်သို့ တောင်ကြောအတိုင်း ငါးမိနစ်ခန့် ခြေလျင်လျှောက်လာပါက မဟာဝိဇယျယံသီ စေတီတော်သို့ရောက်သည်။ မြောက်ဦးမြို့ ထီးတည်နန်းတည် မင်းစောမွန် ဘုရင်သည် ခရာဇ် သက္ကရာဇ် ၁၄၃၀ ခုနှစ် တည်ထားခဲ့သည်။ ၎င်းသည် နန်းသက်မရှည်၍ ၎င်း၏ညီဖြစ်သူ မင်းခရီက ထီးနန်းဆက်ခံခဲ့ရာ စေတီတော်ကိုလည်း ဆက်လက်တည်ဆောက်ခဲ့သည်။ စေတီတော်တောင်ဘက်အနီးတွင် မဟာဝိဇယရံသီကျောင်းတော် ရာရှိသည်။ မင်းစောမွန်သည် လောင်းကြက်မြို့တော်မှ မြောက်ဦးသို့ ပြောင်းရွှေ့စိုးစံခဲ့ရာ သံဃရာဇာဆရာတော်အပါ ဝင် သံဃာတော် (၂၀)ကိုပင့်ဆောင်ခဲ့သည်။ ၎င်းသို့ သံဃရာဇာဆရာတော်ကြီးအား နန်းတော်၏တောင်ဘက် ဧချမ်း သာယာသော တောင်တန်းတောင်စွယ်ပေါ်များသည့် လက်ဆည်ကန်နံဘေးတွင် ကျောင်းသင်္ခန်းဆောက်လုပ်ကာ ကိုးကွယ်ခဲ့သည်။ ကျောင်းတိုက်ကိုလည်း မဟာဝိဇယျရံသီကျောင်းတိုက်ဟု အမည်ပေးခဲ့သည်။ ဤဆရာတော်ကြီးကိုပင် အမှီပြု၍ ကျောင်းတိုက်အနီးတည်ထားခဲ့သော စေတီကိုလည်း မဟာဝိဇယျရံသီဟု ခေါ်လေသည်။ မြို့တည်စေတီ ငါးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည်။ မှတ်တမ်းများအရ မဟာဝီဇယျရံသီကျောင်းတိုက်တွင် မြန်မာစာဆို ရဟန်းတော်နှစ်ပါးဖြစ်သော ရှင်မဟာရဋ္ဌသာရနှင့် ရှင်စောဇောသာရတို့ ၁၄၈၆ခုနှစ်မှ ၁၄၈၀ ခုနှစ်အထိ သီတင်းသုံး တော်မူခဲ့ကြောင်း သိရသည်။

စေတီတော်ကြီးမှာ အောက်ခြေရှစ်မြောင့်ဖြစ်ပြီး ပစ္စယံအဆင့်ဆင့် တင်ထားသည်။ ပဌမပစ္စယံနှင့် ဒုတိယ ပစ္စယံတို့၌ အရပ်လေးမျက်နှာသို့ မျက်နှာပြု၍ တစ်ထပ်လျှင် လေးခုစုစုပေါင်း မုခ်ပွင့်ဂူငယ် ရှစ်ခုရှိသည်။ ဂူငယ်တိုင်းတွင် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကျစီရှိသည်။ ဂူများ တံကဲများမှ လှပသောကျောက်ဆစ်လက်ရာများလည်း ရှိသည်။ စေတီမှာ လုံးပတ်ပေ ၈၀ အမြင့် ၆၀ပေရှိသည်။ စေတီအနောက်ဘက်တွင် သမုတ်သိမ်ကြီးရှိသည်။ သမုတ်တိုင်များမှာ ၄ပေခန့်မြေသို့ ပေါ်လျှက်ရှိသေးသည်။

## မဟာထီး

ရခိုင်ပြည် လေးမြို့ခေတ် ပုရိန်မြို့တွင် လက်ျာမင်းနန်မှ ငါးဆက်မြောက်ဘုရင် ကောလိယမင်း (အေဒီ ၁၁၁၈-၁၁၂၄)သည် နတ်ရွာစံခါနီးတွင် ကြီးစွာသော အလှူဒါနကို ပေးတော်မူသည်။ ဤအကြောင်းကို မှတ်တမ်းတင်ထားသော မော်ကွန်းစာကို လောင်းကြက်တောင်မော် တောင်ထိပ်ရှိ ဧရာမကျောက်ဆောင်ကြီးပေါ်တွင် မှတ်တမ်းတင် ရေးထိုးခဲ့လေသည်။ အက္ခရာတစ်မျိုးစီ၏အရွယ်မှာ နှစ်လက်မခန့်ရှိပြီး အမြင့်ပေ ၂၀၊ အလျား ၃၀ပေရှိသော ကျောက်စာချပ်ကြီးဖြစ်၍ မြန်မာနိုင်ငံတွင် အကြီးဆုံးသော ကျောက်စာပင် ဖြစ်သည်။ ထူးခြားချက်မှာ ကျောက်လွှာများ အချပ်လိုက်ကွာကျသွားတိုင်း နောက်ထပ်အက္ခရာများ ပြန်ပေါ်လာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မိုးကြိုးသွားဖြင့် ရေးထိုးခဲ့သည်ဟု ပြောစမှတ်ပြုကြသည်။

ထိုကောလိယမင်းသည် ခရာဇ်နှစ် ၁၁၂၃ခုနှစ်တွင် ပုရိန်မြို့က(သို့) လောင်းကြက်မြို့၏ အနောက်တောင် ထောင့် ၃မိုင်အကွာ၊ မြောက်ဦးမြို့မှ တောင်ဘက် ၇မိုင်အကွာ အရပ်ရှိ ပေ ၅၀ခန့်မြင့်သော တောင်ကုန်းပေါ်တွင် မဟာထီးဘုရားကို တည်ထားခဲ့သည်။ ဘုရားဆင်းထုတော်ကို ကျောက်သားဖြင့် ထုလုပ်ရာ ထိုဒေသအနီးရှိ ကျောက်တောင်မှဖြတ်ယူ၍ အလွယ်တကူရရှိခြင်း နေရာသန့်ပြန့်ခြင်း၊ အစစအဆင်ပြေသောကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ် ကာ **"ငါကောက်ရတကား"**ဟု ပြောဆိုလေသည်ကို အကြောင်းပြု၍ ထိုနေရာကို **"ငါကောက်ရ"**ဟုခေါ်သည်။ ၎င်းမှနောင်တွင် ရွေ့လာပြီး **"ငါရကောက်"**ဟုဖြစ်လာသည်။ ဤသို့ဘုရားတည် ကုသိုလ်ပြုကြောင်းကို ထို ၁၅

ရာစုအတွင်း ရေးစပ်ခဲ့သော ရခိုင်မင်းသမီးဧချင်းတွင် ဤသို့ပြည့်စုံစွာ ဖော်ပြထားပေသည်။ ငေးငေး--သာနိုး၊ အိပ်နား ခိုယော်၊ မင်းရိုးဆက်လျှာ၊ မင်းလက်ယာ၏၊ သည်းချာစည်ရှည်၊ ငါးဆတ်လည်တွင်၊ အမည်ကောလိယ၊ မင်းများအစွန်း၊ တေးစိုးမွန်ကား၊ ဆဒ္ဒန်ဆင်ဖြူ၊ ငွေဆူ၍လှူ၊ ဆယ်စီးရ၊ နတ်သလှံပျံ၊ တမန်စေသား၊ ငန်တာချချ၊ ဆည်ဝေရလျက်၊ ဒီပ ပတ်ကုံး၊ မင်းအားလုံးကို၊ သိမ်းရုမ်းယံအောက်၊ အကုန်ရောက်မှ၊ င/ရကောက်မော်၊ တောင်ကုန်းပေါ်ထက်၊ ရှင်တော်ရုပ်ကြီး၊ မဟာထီးကို၊ တောင်ရိုးနတ်လူ၊ ဘဝဂ်ထူမျှ အလှူကောင်းမှု၊ တည်ခဲ့ပြုသည် မဟုကုသိုလ်ထူး တဲ့လေ. . . ထူးတဲ့မောက်တော်၊ ဟုတ်ကဲ့သြော်၊ မင်းကောလယမင်းဓမ္မလျှင်၊ ဧ/ရကောက်မော်၊ တောင်ကုန်းပေါ်တက်၊ ကုသိုလ်မျက်သည်၊ ဘဝဂ်ကဲ့ပျံမွှေး၊ ညာဏ်ရောင်ပြေး၊ ငေးလည်း ယင်ယင် ငေးငေး. . . ငေး. . .

ရခိုင်ရာဇဝင်သစ်ကျမ်း ပထမတွဲ စာမျက်နှာ ၃၂၇ တွင်လည်း မဟာထီးဘုရား တည်ထားမှုနှင့် ဤသို့တွေ့ရပေသည်။

“ထိုကောလိယမင်း၌ ဆင်၊ မြင်း၊ ရဲမက်ဗိုလ်ပါ၊ လှေတက် လက်နက်ကိရိယာတို့သည် အလွန်များပြားစွာသော ကြောင့် အရပ်ရှစ်မျက်နှာမှ ခပ်သိမ်းသောရန်သူတို့သည် တုပပြိုင်ဆိုင်ခြင်းငှာ မဝံ့စွာသော ထိုထိုသော ပြည်ထောင်မင်းတို့သည် အခွန်ဘဏ္ဍာဆက်သလာကုန်၏။

အလိုတော်ပြည့်တော်မူလျှင် ကောင်းမှုတော်ဘုရားတည်အံ့ဟု နေရာရွေးတော်မူလတ်သော် မြို့တော်နှင့်မနီး မဝေးအရပ်ဝယ် စန္ဒပဗ္ဗတမည်သော တောင်ကို အလွယ်တကူရလေလျှင် မင်းကြီးက အထူးထူးသော ရတနာတို့ကို ကောက်၍ ရသည်ထက်လည်း အလွန်ဝမ်းမြောက်၏ဟူသောစကားကို အကြောင်းပြု၍ **“ငါရကောက်”**ဟု ယနေ့တိုင် တွင်၏။ ထိုသို့ အလွယ်တကူရသော စန္ဒပဗ္ဗတတောင်ထိပ်ဝယ် ဘုရားရုပ်တစ်ဆူ တည်တော်မူလေ၏။ တည်တော်မူသော အခါ ပိုင်တော်မူသော ပြည်အပေါင်းက မင်းအပေါင်းတို့ကို စုရုံးခေါ်ဆောင်လျှက် တာဝန်းချ၍ လုပ်စေတော်မူ၏။ လုပ်စေသောမင်းတို့ကား၊ ကလေးမင်း၊ မိုယ်ညှင်းမင်း၊ မိုယ်ကောင်းမင်း၊ ကသည်းမင်း၊ အုန်းပေါင်မင်း၊ ယွန်းမင်း၊ တလိုင်းမင်း၊ ဇင်းမယ်မင်း၊ သူရတန်မင်း၊ ဟစ်ရုံမင်းတို့ပေတည်း။ ထိုမင်းတို့ တာဝန်ခံ၍ လုပ်ကြသောအကြောင်းကို သမိုင်းမော်ကွန်းစိုက်ထူးလျက် ဘုရားတံတိုင်းဝန်းအတွင်း ယခုတိုင် တွေ့ရှိရပေသည်။

ကောလိယမင်းသည် ရုပ်ထုတော်ကြီးကို ထုလုပ်ပြီးနောက်တွင် ကျောက်ထီးကြီးကို ပြုလုပ်ပြန်၍ ဘုရားကြီး အား မိုးကာထားလေသည်။ ဤကျောက်ထီးကြီးကို အစွဲပြု၍ မဟာထီးဘုရားဟု တွင်သည်။ ဘုရားနှင့် ထီးတော်ကြီးကို တဖန် ဂူတော်ပြုလုပ်ကာ ကိုးကွယ်ခဲ့သည်။ သက္ကရာဇ် ၈၉၇ ခုနှစ်တွင် မြောက်ဦးဘုရင်မင်းဗာကြီးသည် မဟာထီး ဆင်းထုတော်ကြီးကို ထပ်မံတည်ထားခဲ့သည်။ သက္ကရာဇ် ၉၅၃ခုတွင် တဖန် မင်းဖလောင်းသည် ဘုရားကြီးအား ပြုပြင်သည့်အပြင် အဆိုပါဘုရားကြီးအတွက် အရှည်တည်တံ့စေရန် လယ်မြေ၊ ကျွန်၊ ဉယျာဉ်ခြံများ လှူခဲ့သည်။ ဤအကြောင်းကိုလည်း၊ မော်ကွန်းစားထိုးခဲ့သည်။ ဒေါက်တာဖော်ချီမား၏ ရခိုင်စာအုပ်ဓာတ်ပုံ ၃၂တွင် တွေ့နိုင်သည်။

ဂူတော်မှာ ၁၈၂၄ ခုနှစ် အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲအတွင်းက မြန်မာတပ်များ ဂူအတွင်းမှ ခုခံသည်ကို အင်္ဂလိပ်တို့က အမြောက်ဖြင့် လှမ်းပစ်၍ဆင်းထုတော်ကြီးနှင့်အတူ ထီးတော်၊ ဂူတော်တို့မှာ အပိုင်းပိုင်းပြတ်ကာ ပျက်စီးခဲ့ရလေသည်။ အင်္ဂလိပ်စစ်ဗိုလ် ဘော်ရော်စစ်စခန်းချရာနေရာတွင် တည်သောရွာကို ယနေ့တိုင် ဘော်ရော်ဈေး ဟု ခေါ်တွင်ကြသည်။

၁၈၄၀ခု ဝန်းကျင်လောက်တွင် စစ်တွေမြို့မှ ကုန်သည် ဦးမောင်သား မောင်ရွှေဘိုတို့ ဦးဆောင်၍ ပတ်ဝန်းကျင်မှ ရွာသားတို့သည် ပျက်စီးသွားခဲ့သော ဘုရားဆင်းတုတော်၏ အကျိုးအပဲ့များကို စုပေါင်းကာ သမိုင်းဝင် ဘုရားကြီးအား ပြန်လည်ပြုပြင်ခဲ့ကြသည်။ အကျိုးအပဲ့အားလုံး ရှာမရ၍ အင်္ဂတေစပ်၍ အသုံးပြုခဲ့ကြသည်။ မူလ လက်ရာအတိုင်း ဖြစ်မလာခဲ့ပေ။ မကြာမီက တောင်စောင်းနေရာအား မြေရှင်းလင်းရာမှ ဆင်းတုတော်၏ လက်မောင်းပိုင်းတစ်ခု ရရှိခဲ့ရာ ယခုဘုရားသိမ်အတွင်း သိမ်းဆည်းထားရှိသည်။

မဟာထီးစေတီတော်၏အောက်ခြေမှာ စတုရန်းပုံဖြစ်သည်။ တစ်ဘက်လျှင် ၂၅ပေခန့်စီရှိ၍ အမြင့် ၁၂ပေရှိ သော နံရံဖြင့် စေတီတော်၏ အောက်ခြေပိုင်းကို ဖွဲ့စည်းထားသည်။ အရှေ့ဘက်သို့ မျက်နှာပြု၍ ဂူပေါက်ဖွင့်ထားသည်။ အပေါ်တွင် စတုရန်းပုံ ပစ္စယံပုံသုံးဆင့်ကို အုတ်ဖြင့် အဆင့်ဆင့်စီထားသည်။ စေတီတော်၏ထိပ်ပိုင်း ဓာတုဂဗ္ဘမှ ထီးတော်ထိ စက်ဝိုင်းပုံတဖြည်းဖြည်း မြင့်တက်သွားသည်။

စေတီတစ်ခုလုံး၏ဥာဏ်တော်မှာ ၅၀ပေရှိသည်။ အောက်ခြေတစ်ဘက်လျှင် ၆၀ပေရှိသည်။ ကန္ဓကုဋိ တိုက်တော်သို့ အရှေ့ဘက်ဂူလမ်းမှ ဝင်ရောက်နိုင်သည်။ ဂူလမ်း ၁၅ပေရှည်၍၊ အမြင့် ၁၂ပေရှိသည်။ ကန္ဓကုဋိ

တိုက်တော်၏ အထွဋ်အထိပ်ပိုင်းထိ ၁၈ပေမြင့်သည်။ ကန္ဒကုဋိတိုက်၏ အနောက်ဘက်နံရံနှင့်ကပ်လျှက် ၂ပေ၊ အမြင့် ၁၄ ပေ၊ အကျယ် ၈ပေထု ရှိသော ကျောက်ပလ္လင်တစ်ခု ပြုလုပ်ထားသည်။ အလယ်တည့်တည့်တွင် ကျောက်ဆင်းထုတော်ရှိသည်။ ဉာဏ်တော် ၈ပေရှိပြီး ဒူးတော်တစ်ဖက်တစ်ချက်မှာ ၇ပေ ၉လက်မရှိသည်။ ရွှေသင်္ကန်းကပ်လှူပူဇော်ထားသည်။ တောင်ကုန်းထိပ်ပိုင်းအားလုံးကို ဘုရားရင်ပြင်တော်အဖြစ် မြေညှိထားသည်။ စည်၏မျက်နှာပြင်ကဲ့သို့ ပြင်ညီကို တွေ့ရသည်။ ဤပြင်ညီတွင် ကျောက်သားအုတ်များဖြင့် ရင်ပြင်တစ်ခုလုံး ဖုံးအုပ်ကာ ကျောက်တံတိုင်း ကာရံခဲ့ပေသည်။ ယခုနောက်ပိုင်း ကုသိုလ်ရှင်များ လှူဒါန်းထားသော အဆောက်အဦးအချို့ကိုလည်း ရင်ပြင်ပေါ်တွင် တွေ့ရသည်။

ရှေးဟောင်းသမိုင်းဝင် လက်ရာများအနေနှင့် မဟာထီးဘုရားသို့ ပုရိန်မြို့တော်မှ ဘုရားဖူးကြွရောက်သည့် ဘုရင်နှင့်မိသားစုတို့အတွက် မြစ်ထိပ်မှ ဘုရားထိတိုင်အောင် အုတ်များဖြင့် စနစ်တကျပြုလုပ်ထားသော တက်လမ်းရှိသည်။ တောင်ခြေရှိ မင်္ဂလာကန်တော်တွင်လည်း ရှေးဟောင်းလက်ရာ အကြွင်းအကျန်များ ရှိပေသေးသည်။ သွားရောက်လေ့လာနိုင်ကြပါသည်။

# မြန်မာဘာသာကျမ်းများ

**ကျောက်စာ**

| | | | |
|---|---|---|---|
| ၁။ | ကလုံတောင်ကျောက်စာ | (သက္ကရာဇ်-၉၄၇) | မြောက်ဦးပြတိုက် |
| ၂။ | ချတွင်းကျိုင်ကျောက်စာ | (သက္ကရာဇ်-၉၇၁) | မြောက်ဦးမြို့ |
| ၃။ | ဆင်ဝန်ကြီးဘုရားကျောက်စာ | (သက္ကရာဇ်-၉၁၈) | မြောက်ဦးမြို့ |
| ၄။ | ဇုန်းဒတ်လကျော်ပျံချီကျောက်စာ | (သက္ကရာဇ်-၉၈၄) | မြောက်ဦးပြတိုက် |

**ပေစာ**

၁။ ဆရာင/မည် ရာဇဝင်
၂။ ငလက်ရုံးရာဇဝင်
၃။ မဟာရာဇဝင်တော်ကြီး
၄။ မင်းရာဇာကြီးစာတမ်း
၅။ မင်းဖလောင်းထောင်တည်မော်ကွန်း
၆။ ဇာတိဝံသမော်ကွန်းစာ
၇။ အခြားသောပေ၊ ပုရပိုဒ်၊ ရခိုင်သမိုင်းပေမူများ

**စာအုပ်**

| | | |
|---|---|---|
| ၁။ | ကဝိသာရ၊ ဒွါရာဝတီ၊ | ရခိုင်အရေးတော်ပုံ |
| ၂။ | ကုလား၊ ဦး | မဟာရာဇဝင်တော်ကြီး |
| ၃။ | ခင်မောင်ညွှန့်၊ ဒေါက်တာ | ၁၇-ရာစု၊ ရခိုင်ပြည်ပရောင်းဝယ်ရေး၊ တက္ကသိုလ်ပညာပဒေသာ၊ တွဲ (၉)၊ အပိုင်း(၂) |
| ၄။ | ခင်မောင်ညွှန့်၊ ဒေါက်တာ | ပေါ်တူဂီမြန်မာဆက်ဆံရေး လူမှုသိပ္ပံဂျာနယ် တွဲ(၂) အပိုင်း(၂) |
| ၅။ | စံသာအောင်၊ ဦး | ရခိုင်ဒင်္ဂါးများ-၁၉၇၉ |
| ၆။ | စန္ဒမာလာလင်္ကာရ၊ ဦး | ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဟံသာဝတီ ၁၂၉၃ |
| ၇။ | စက္ကိန္ဒ၊ အသျှင် | ရခိုင်ယဉ်ကျေးမှုများ၊ ၁၉၆၉ ဇူလိုင် |
| ၈။ | ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) | ရခိုင်ရှေးဟောင်းမြို့တော်များ (၁၉၈၅) |
| ၉။ | ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) | ရခိုင်မင်းသမီးဧချင်း-၁၉၈၇ |
| ၁၀။ | ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) | ရခိုင်စာဆိုတော်များ-၁၉၈၇ |
| ၁၁။ | လှဒင်၊ ဦး | ရတနာရွှေမြေ ၁၉၆၆ |
| ၁၂။ | သာထွန်းအောင်၊ ဦး | ရခိုင်ရာဇဝင်တော်ကြီး၊ စစ်တွေ၊ ၁၉၂၆ |
| ၁၃။ | ဦးသာထွန်း၊ ဦး | မြောက်ဦးဘုရားများသမိုင်း-၁၉၄၀ |

# အင်္ဂလိပ်ဘာသာကျမ်းကိုးများ


1. Aung Thaw, U "Historical Sites in Burma." 1972.
2. Ali, S.M. "Arakan Rule in Chittagong" (1150-1666) JASP (1967). PP 333-351.
3. Bernier, Francois "Travels in the Mogul Empire" (1656-1668).
4. Compos, J.J "A History of the Portuguese in Bengal." Calcutta 1919.
5. Coedes, G. "The indianized States of South-East Asia" Honolulu-1968
6. Collis, M "The City of Golden Mrauk-U, "JBRS, Vol XIII (1923) III, pp 244-256
7. Collis, M "The land of the Great Image," London Faber and Faber, 1942
8. Danvers, F.C "The Portuguese in India," 2-Vol 1966.
9. Duroiselle. C. "Visit to Arakan, Report of the superintedent, Archaeological Sur vey, Burma, for the year" 1921, pp-14-20
10. Forchhammer, E. "Arakan, Mahamuni, Mrohaung Lounggyet," Yangon, Govt Press 1891.
11. Ghosh-J.M. "Magh Raider in Bengal," Calcutta Bookland, 1960.
12. Gutman, Pamela "Ancient Arakan," 5th and 11th centuries (Ph.D. Thesis). 1976
13. Hall DGE "Studies in Dutch Relations with King Thiri thudhama of Arakan" (1622-38)JBRS, Vol XXXVI PP-1-10
14. Harvey, G.E "The Fate of Shah Shujaa," 1661, JBRS Vol XII (192)II, pp. 107-155.
15. Min Nyunt Han "Third Season of Excavation at Vesali" WPD. (Sept 10, 1981)
16. Myint Aung, U. "A Gold Coin from Vesali," WPD. Nov 21, 1980.
17. Schouten "Voyage De Gautier Schouten Auscindes orientales (1658-1665)." Romen Excellent Account of arakan Vol 1, pp. 194-311 from October 1660 to beginning of 1661.
18. San Tha Aung, U. "The Buddhist Art of Ancient Arakan."
19. Shwe Zan, U. "The Golden Mrauk-U." 1995.
20. Tun Shwe Khine, M.A. "A Guide Mrauk-U".
21. Tun Shwe Khine, M.A. "Historical Sites in Mrauk-U."
22. Thin Kyi, Dr. "Arakanese Capitals, A Priliminary survey of their Geographical Siting. JBRS Vol XIII(1970). pp. 1-14.
23. RIIZVI, S.N.H "East Pakistan District gazetteers," 1970, Dacca.
24. Qanungo, S.B "A History of Chittagong" VI. One, Bengladesh.